
www.burmeseclassic.com

# ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ

## ပေါင်းချုပ်

## ( ဒု တိ ယ တွဲ )

ဓမ္မာစရိယဦးမောင်မောင်လေး



စတုတ္ထအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နာဂမယ်နှင့် လုလင်ပျို | ၁ |
| ၂။ | တန်ဖိုးကြီးသော ထမင်းတစ်နပ် | ၅ |
| ၃။ | ရောဟိနီ မင်းသမီး | ၁၀ |
| ၄။ | ပျောက်သောသားအား ပြန်တွေ့ခြင်း | ၁၃ |
| ၅။ | ဥပါဒါန် | ၁၆ |
| ၆။ | မိုးပျံနှန်းရှင် | ၁၉ |
| ၇။ | ဆိတ်ရုပ်သူဌေး | ၂၄ |
| ၈။ | မိခင့်မေတ္တာ | ၃၀ |
| ၉။ | ဝက်ပြိတ္တာ | ၃၅ |
| ၁၀။ | အဖြေမှန် | ၄၀ |
| ၁၁။ | အကာအကွယ် | ၄၄ |
| ၁၂။ | စိဉ္စမာဏ | ၄၈ |
| ၁၃။ | သုန္ဒရီ | ၅၄ |
| ၁၄။ | သားများအဖေ ဒုက္ခပွေ | ၅၉ |
| ၁၅။ | လူပျင်းလုံ့လ | ၆၅ |
| ၁၆။ | ဘုံခုနစ်ဆင့် တိုက်အိမ်ပေါ်မှ စစ်ပွဲ | ၇၁ |
| ၁၇။ | မကျသင့်သော မျက်ရည် | ၇၇ |
| ၁၈။ | ရွှေတောင်ကြီးသူဌေး | ၈၁ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ (ခ)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | တံလျှပ်ကို ရေထင်၍ | ၈၇ |
| ၂၀။ | ပတ္တမြားသူဌေး | ၉၂ |
| ၂၁။ | အဆိပ်ပြင်းသော မြွေ | ၁၀၁ |
| ၂၂။ | သဒ္ဓါလွန်သူ | ၁၀၅ |
| ၂၃။ | စိတ်ကြမ်း မာန်လျော့ | ၁၀၉ |
| ၂၄။ | ခေမာဒေဝီ | ၁၁၃ |
| ၂၅။ | သူဌေးသားနှင့် ကချေသည် | ၁၁၈ |
| ၂၆။ | ခုနစ်နှစ်အရွယ် တန်ခိုးရှင် | ၁၂၅ |
| ၂၇။ | မမြင်နိုင်သော အန္တရာယ် | ၁၃၄ |
| ၂၈။ | လရောင်ထွက်သည့် ပုဏ္ဏားပျို | ၁၃၈ |
| ၂၉။ | လက်ညှိုးပန်းနှင့် သော်င်းကျွန်းသူ | ၁၄၃ |
| ၃၀။ | လင်ထက်သာသော မယား | ၁၅၂ |
| ၃၁။ | ဘဝဟောင်းမှ မိခင် | ၁၅၆ |
| ၃၂။ | ဝေသာလီသို့ တစ်ခေါက် | ၁၆၀ |
| ၃၃။ | မင်းနှင့်ပြည်သူ အလှူပြိုင်ပွဲ | ၁၆၇ |
| ၃၄။ | ဓမ္မသေနာပတိ | ၁၇၁ |
| ၃၅။ | ပျောက်ဆုံးသွားသည့် သတို့သား | ၁၈၂ |
| ၃၆။ | တစ်လုပ်ကျွေးဖူး သူ့ကျေးဖူး | ၁၉၁ |


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ (ဂ)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | အလှူချင်းဖြင့် မတူပါ | ၂၀၀ |
| ၃၈။ | ခမည်းတော်၏ ဆန္ဒ | ၂၀၆ |
| ၃၉။ | ရှောင့်ရဲခြင်း | ၂၁၉ |
| ၄၀။ | စောင့်စည်းခြင်း | ၂၂၄ |
| ၄၁။ | ရွှေငါးကြီး၏ မျက်ရည် | ၂၃၂ |
| ၄၂။ | ဘဝငါးရာ အထုံပါ | ၂၃၆ |
| ၄၃။ | မီးနှင့်ရဲရဲ သံတွေခဲ | ၂၃၉ |
| ၄၄။ | နွားသတ်သမား | ၂၄၂ |
| ၄၅။ | မိထွေးတော် ဂေါတမီ | ၂၄၆ |
| ၄၆။ | ညီတော်အာနန္ဒာ | ၂၅၅ |
| ၄၇။ | အတောင်ကျိုးသည့် ကြိုးကြာငှက် | ၂၆၉ |
| ၄၈။ | သုံးဦးပန်းဝင် | ၂၇၄ |
| ၄၉။ | နောက်ဆုံးမှ ပန်းဝင်သူ | ၂၈၁ |
| ၅၀။ | နီးလျက်နှင့် ဝေးသူ | ၂၈၅ |
| ၅၁။ | မီးစတစ်ဖက် ရေမှုတ်တစ်ဖက် | ၂၉၂ |
| ၅၂။ | လယ်သမား၏သောက | ၂၉၇ |
| ၅၃။ | နွားကျောင်းသားနှင့် နွားပိုင်ရှင် | ၃၀၀ |
| ၅၄။ | ခန္တီဗလနှင့် ပြည့်စုံသူ | ၃၀၄ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ (ဃ)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅။ | အကြွားပိုသော ရဟန်း | ၃၁၀ |
| ၅၆။ | အပြစ်ရှာတတ်သော ရဟန်း | ၃၁၈ |
| ၅၇။ | ကောသလနှင့် မလ္လိကာ | ၃၂၂ |
| ၅၈။ | သားနှင့် တူ ပြဿနာ | ၃၃၄ |
| ၅၉။ | အခိုင်ဆုံး နှောင်ကြိုး | ၃၄၀ |
| ၆၀။ | သာကီဝင်မင်းသား ရဟန်းတစ်ပါး | ၃၄၄ |
| ၆၁။ | ထိတ်လန့်ဖွယ်ရာ ဘဝသံသရာ | ၃၅၅ |
| ၆၂။ | ရေစစ်ပွဲ | ၃၅၉ |
| ၆၃။ | အာကာပြင်မှ ငွေလမင်းပမာ | ၃၆၃ |
| ၆၄။ | ထူးဆန်းသော မန္တန်ရှင် | ၃၇၅ |
| ၆၅။ | လေထဲမှ ဖန်းဆိုင်းများ | ၃၇၉ |
| ၆၆။ | သူခိုးအား ဓားရိုးကမ်းသူ | ၃၈၃ |
| ၆၇။ | သားကောင်းမိခင် | ၃၈၉ |
| ၆၈။ | နွားကျောင်းသား | ၃၉၅ |
| ၆၉။ | အာရုံငါးပါး | ၃၉၉ |
| ၇၀။ | အသွင်မတူသော အိမ်သူ | ၄၀၄ |
| ၇၁။ | ဝက်သတ်သမား | ၄၀၈ |


www.burmeseclassic.com

www.burmeseclassic.com

# နာဂမယ်နှင့် လုလင်ပျို

ကဿပဘုရားရှင် သာသနာ၌ အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းငယ် တစ်ပါးရှိ၏။ တစ်နေ့သ၌ ထိုရဟန်းငယ်သည် ဂင်္ဂါမြစ်ကြောင်း ခရီးဖြင့် လှေစီး၍ သွားစဉ် မြစ်ကမ်း၌ ပေါက်ရောက်နေသည့် ပြိတ်မြက် ချုံတစ်ခုကို လက်ဖြင့် အမှတ်တမဲ့ လှမ်း၍ ဆွဲကိုင်လိုက်မိ၏။ လှေမှာ အရှိန်ကောင်းကောင်းဖြင့် သွားနေဆဲ ဖြစ်၍ ပြိတ်မြက်ရွက် တစ်ခုသည် ပြတ်၍ ရဟန်း၏ လက်ထဲသို့ ပါလာလေ၏။ ရဟန်းတို့၏ ဝိနည်းဥပဒေတွင် စိမ်းစိုသော သစ်ပင်သစ်ရွက်များကို ခုတ်ဖြတ် ဖျက်ဆီးခြင်း မပြုရ ဟူသော ပညတ်ချက်တစ်ခုရှိ၏။

ထိုရဟန်းငယ်သည် ပြိတ်မြက်ရွက်ကလေး တစ်ရွက်ကို ဖြတ်လိုက်မိခြင်းမှာ မပြောပလောက်သော ပြစ်မှုကလေးတစ်ခုသာ ဖြစ်သည်ဟု ယူဆ၍ ထိုအပြစ် 'အာပတ်' ကို ကုစားခြင်းမပြုဘဲ နေလေသည်။ သို့သော် ထိုပြစ်မှုကလေး တစ်ခုမှ လွဲ၍ အခြား မည်သည့် ငြိစွန်းမှုမျှ မရှိအောင် အသက်ထက်ဆုံး ရဟန်းသီလကို စောင့်စည်း နေထိုင်သွားလေသည်။

သေခါနီး အချိန်တွင်မှ ထိုရဟန်း၏စိတ်တွင် မသိုးမသန့် ဖြစ်လာ၏။ ဘဝ တစ်လျှောက်လုံး ဖြူစင်စွာ စောင့်ထိန်းလာခဲ့သည့် သူ၏ သီလတွင် ပြိတ်မြက်ရွက် တစ်ရွက်ကို ဖြတ်ခဲ့မိခြင်းဟူသော အမည်းစက်တစ်ကွက်က အထင်းသား ပေါ်လွင်၍ လာလေသည်။ အခြားရဟန်းတစ်ပါးပါးထံ၌ မိမိအပြစ်ကို ထုတ်ဖော်ပြောကြား၍ ကုစားလိုက်ပါက ပြေပျောက်သွားနိုင်သော အပြစ်လည်းဖြစ်၏။ သို့သော် ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် အနီးအနား၌ ရဟန်းတစ်ပါးမျှ မရှိဘဲဖြစ်နေရာ စိတ်မသိုးမသန့်ဖြင့် ကွယ်လွန်သွားလေသည်။

ကွယ်လွန် ပြီးနောက် သူ စိတ်စွဲလမ်းခဲ့သော ဂင်္ဂါမြစ်ထဲ၌ပင် 'ဧရကပတ္တ' အမည်ရှိသော နဂါးတစ်ကောင်အဖြစ်သို့ ရောက်လေသည်။ ထိုနဂါး၏ကိုယ်မှာ လှေငယ်ပမာဏရှိ၏။ ထိုနဂါးသည် အတိတ်ဘဝကို ပြန်၍မြင်နိုင်သော တန်ခိုးနှင့် ပြည့်စုံ၏။

ထိုနဂါးသည် သူ့ ကိုယ်ခန္ဓာကို ကြည့်၍ ''ဘယ်ကဲ့သို့သော မကောင်းမှုအကုသိုလ်ကြောင့် ဤအဟိတ်တိရစ္ဆာန်ဘဝကို ရရှိသနည်း'' ဟူ၍ ပြန်၍ဆင်ခြင်လေသည်။ ထိုအခါ နှစ်ပေါင်းများစွာ ရဟန်းသိက္ခာကို စောင့်စည်းခဲ့ပါလျက် ပြိတ်မြက်ရွက်တစ်ခုကြောင့် ဘဝကူး လွဲခဲ့ရပုံကို တွေ့ရသဖြင့် များစွာ စိတ်မချမ်းမသာ ဖြစ်လေသည်။

ထိုနဂါးသည် နောက်ဘုရားတစ်ဆူ ပွင့်တော်မူမှသာ နဂါးဘဝမှ လွတ်အောင် လုပ်ရန် လွယ်ကူမည်ဖြစ်ကြောင်း စဉ်းစားမိသောကြောင့် လူ့ပြည် ဘုရားပွင့်သည့် သတင်းကို အမြဲနားစွင့်၍ နေလေသည်။

နောက်အဖို့၌ ဧရကပတ္တ နဂါးမှာ သမီးတစ်ယောက်ရရှိလာ၏။ ထိုအခါ နဂါးမင်းသည် သမီးချောကို ဖန်းပြ၍ ဘုရားပွင့်သည့် သတင်းကို စုံစမ်းရန် အကြံရလေ၏။ ထို့ကြောင့် သူသည် သမီးပျို နဂါးမလေးအား ဓမ္မသီချင်းတစ်ပုဒ်ကို သင်ကြားပေးသည်။ ထိုသီချင်းမှာ လျှို့ဝှက်သော တရားသဘောများကို ပဟေဠိဆန်ဆန် စပ်ဆိုထားသော သီချင်းဖြစ်၏။ ဘုရားရှင်တို့၏ တရားကို နာကြားရသူများသာလျှင် ထိုသီချင်းကို အဓိပ္ပာယ်ဖော်နိုင်မည် ဖြစ်ပေသည်။

ထို့နောက် ဧရကပတ္တ နဂါးမင်းသည် လပြည့်နေ့၊ လကွယ်နေ့တိုင်း ဂင်္ဂါမြစ်ရေပြင်၌ ကပွဲသဘင်တစ်ခု ဆင်ယင်ကျင်းပသည်။ ထိုကပွဲသဘင်၌ နဂါးမလေးသည် အလွန်လှပတင့်တယ်သော မိန်းမပျိုတစ်ဦးအသွင်ဖြင့် ကပြသည်။ ဖခင် သင်ကြားပေးသော ဓမ္မသီချင်းကိုလည်း သာယာချိုအေးသော အသံဖြင့် သီဆို၏။

နဂါးမကလေး၏ အလှဂုဏ်သတင်းကို ကြားသိကြရသဖြင့် ဂင်္ဂါမြစ်အနီးပတ်ဝန်းကျင်ရှိ မြို့ရွာများမှလူတို့သည် ထိုကပွဲသို့ တစ်စုတစ်ဝေး လာရောက်ကြည့်ရှုကြသည်။ လာရောက် ကြည့်ရှုသူများတွင် လုလင်ပျိုများ အများဆုံး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တစ်စတစ်စ အချိန်ကုန်လွန်သွားခဲ့ရာ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသော အချိန်သို့ ရောက်လာသည်။ ထိုအချိန်တွင် ဗာရာဏသီမြို့မှ ဥတ္တရအမည်ရှိသော လုလင်ပျိုသည် နဂါးမ၏ကပွဲကို ကြည့်ရှုရန် ထွက်လာခဲ့ရာ လမ်းတွင် ဗုဒ္ဓမြတ်စွာနှင့် တွေ့လေသည်။

ဗုဒ္ဓမြတ်စွာသည် ဥတ္တရလုလင်ကိုခေါ်၍ တရားဟောပြီး နဂါးမသီဆိုမည့် သီချင်း၏အဓိပ္ပာယ်ကို ဖော်ပေးသော သီချင်းတစ်ပုဒ်ကိုလည်း သင်ကြားပေးတော်မူလိုက်သည်။ ဥတ္တရလုလင်သည် ထိုသီချင်းကို သင်ယူခဲ့ပြီး ကပွဲသို့ သွားလေသည်။ ကပွဲသို့ ရောက်၍ နဂါးမလေးက ဓမ္မသီချင်းကို သီဆိုသောအခါ ဥတ္တရလုလင်ကလည်း ပရိသတ်ထဲမှ ထ၍ ဗုဒ္ဓသင်ကြားပေးလိုက်သော သီချင်းကို တုံ့ပြန်သီဆိုလေသည်။

ဥတ္တရ၏ သီချင်းကို ကြားလျှင် ဧရကပတ္တ နဂါးမင်းသည် လူ့ပြည်၌ ဘုရားပွင့်နေပြီဖြစ်ကြောင်း ကောင်းစွာ သိရှိလေသည်။ ထို့ကြောင့် သူ့ကိုယ်ကို လူသားအသွင်ဖန်ဆင်းပြီး ဥတ္တရလုလင်ထံ ချဉ်းကပ်မေးမြန်းလေသည်။

"အို ... လုလင်၊ ယခု သင်၏ ဆရာ ဗုဒ္ဓမြတ်စွာသည် ဘယ်မှာ သီတင်းသုံးပါသလဲ"

"မြို့ပြင်က ကုက္ကိုပင်ကြီး တစ်ပင်အောက်မှာ သီတင်းသုံးနေပါတယ်"

ထိုစကားကို ကြားရလျှင် နဂါးမင်းသည် ဥတ္တရလုလင်ကိုခေါ်၍ ဗုဒ္ဓထံ သွားလေသည်။ ဗုဒ္ဓထံသို့ ရောက်သောအခါ ဗုဒ္ဓအား ရိုသေစွာ ရှိခိုးပြီး ငိုကြွေးနေလေသည်။

ထိုအခါ ဗုဒ္ဓက "နဂါးမင်း၊ ဘာကြောင့် ငိုကြွေးနေလဲ" ဟု မေးမြန်းရာ နဂါးမင်းက ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ကဿပဘုရား သာသနာ၌ နှစ်ပေါင်းများစွာ ရဟန်းတရားကို အားထုတ်ခဲ့ပါသည်။ သို့ပါသော်လည်း ပြိတ်မြက်ရွက်တစ်ရွက်ကို ဖြတ်ခဲ့မိသည့်အတွက် အဟိတ်တိရစ္ဆာန်ဖြစ်သော နဂါးဘဝသို့ ရောက်ခဲ့ရပါသည်။ နဂါးဘဝမှ လွတ်မြောက်လိုလှသဖြင့် ဗုဒ္ဓရှင်တော်မြတ်အား မျှော်လင့်စောင့်စားရခဲ့သည်မှာလည်း နှစ်ပေါင်း ထောင်သောင်းမက ကြာမြင့်ခဲ့ပါပြီ။ ဤအကြောင်းများကြောင့် ဝမ်းသာဝမ်းနည်း ဖြစ်ကာ တပည့်တော် ငိုကြွေးမိခြင်းဖြစ်ပါသည် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ နဂါးမင်းက လျှောက်ကြားသောအခါ ဗုဒ္ဓရှင်တော်မြတ်က ...

"လူ့ဘဝကို ရခဲဘိ၏။ လူ့ဘဝကို ရပြန်လျှင်လည်း အသက်ရှည်ရှည် နေရဖို့ရန် မလွယ်ကူ၊ သူတော်သူမြတ်တို့၏ အဆုံးအမ ဩဝါဒကိုလည်း အလွယ်တကူ ကြားနာခွင့် မရနိုင်၊ သစ္စာလေးပါး အမှန်တရားကို သိမြင်တော်မူကုန်သော ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာဖို့အရေးကား ဤလောက၌ အခက်ခဲဆုံးပင် ဖြစ်ပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

ထိုဒေသနာအဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါများ အကျွတ်တရားရရှိသွားကြသည်။ ဧရကပတ္တ နဂါးမင်းကား တိရစ္ဆာန်မျိုးဖြစ်သောကြောင့် မဂ်ဖိုလ်ကို မရရှာချေ။ သို့သော် ထိုနေ့မှစ၍ နဂါး အသွင်ကို စွန့်၍ လုလင် အသွင်ဖြင့် ပျော်ရွှင် ချမ်းသာစွာ နေနိုင်သည့်အဖြစ်သို့ ရောက်သွားလေသည်။ ဥတ္တရလုလင်မှာမူ ဗုဒ္ဓထံ၌ မွေ့သီချင်းကို သင်ယူစဉ်ကပင် သောတာပတ္တိဖိုလ်ကို ရရှိခဲ့လေသည်။

(၁၄။ ဗုဒ္ဓဝဂ်၊ ၃-ဧရကပတ္တ နာဂရာဇာ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# တန်ဖိုးကြီးသော ထမင်းတစ်နပ်

ဗာရာဏသီပြည် သူဌေးကြီးတစ်ဦးတွင် ဂန္ဓအမည်ရှိသော သားတစ်ယောက် ရှိ၏။ သူဌေးကြီး ကွယ်လွန်သောအခါ သားဖြစ်သူ ဂန္ဓသည် ဖခင် အရိုက်အရာကို ဆက်ခံရလေ၏။ သူဌေးကလေး ဂန္ဓသည် ဖခင် စုဆောင်းထားခဲ့သည့် ကုဋေ ကုဋာပေါင်းများစွာသော ပစ္စည်းဥစ္စာတို့ကို ကြည့်၍ "ငါ့ဖခင်ဟာ ဒီပစ္စည်းတွေကို ကုန်အောင် သုံးမသွားနိုင်ရှာဘူး၊ ငါ့လက်ထက်မှာတော့ ကုန်အောင် သုံးသွားမည်" ဟူ၍ စဉ်းစားမိလေသည်။

ဤသို့ စဉ်းစားပြီးနောက် သူဌေးကလေး ဂန္ဓသည် ငွေသိန်းပေါင်းများစွာ အကုန်အကျခံ၍ ရေချိုးရုံကြီး တစ်ခုနှင့် ထမင်းစားမဏ္ဍပ်တစ်ဆောင်ကို ဆောက်လုပ်စေသည်။ ရေချိုးရုံ၌ မွှေးကြိုင်သော နံ့သာရည်တို့ဖြင့် ရေချိုးပြီး မဏ္ဍပ်အလယ် တင့်တယ်ခမ်းနားသောနေရာ၌ ထိုင်လျက် ကြီးကျယ်သော ထမင်းစားပွဲကြီးကို နေ့စဉ် ကျင်းပလေသည်။ တစ်နပ်စာအတွက် တစ်ထောင်မျှသော ငွေအသပြာ တို့ဖြင့် ထမင်းဟင်းများကို စီမံ ချက်ပြုတ်စေသည်။ အနံ့ရော အရသာပါ ကောင်း မွန်သော ထမင်းဟင်းများကို ရွှေခွက် ငွေခွက် တို့ဖြင့် ထည့်၍ လှပတင့်တယ် နုနယ်ပျိုမျစ်သော ကချေသည် အမျိုးသမီးများ သူဌေးအား နေ့စဉ် ဆက်ကြရသည်။

ဗာရာဏသီ မြို့သူမြို့သားတို့သည် ဂန္ဓ သူဌေး၏ ထမင်းစားပွဲကို တအံ့တဩ ငေးမော ကြည့်ရှုကြရသည်။ ထမင်းစားမဏ္ဍပ်သို့ တကူးတက လာရောက် ကြည့်ရှုသော ပရိသတ်များ နေ့စဉ် စည်ကားလျက် ရှိလေသည်။ တစ်နေ့တွင် တောရွာသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် အရောင်းအဲဝယ်ကိစ္စဖြင့် မြို့ပေါ်သို့ ရောက်ခိုက်တွင် ဂန္ဓ သူဌေး၏ ထမင်းပွဲကို ဝင်ရောက်ကြည့်ရှုလေ၏။ ထိုတောသားသည် သူဌေး၏ ထမင်းပွဲကို မြင်လျှင် စားချင်စိတ်များ ပြင်းပြစွာ ပေါ်ပေါက်လာသောကြောင့် သူဌေးထံချဉ်းကပ်၍ သူ့အား ထမင်းတစ်နပ် ကျွေးရန် တောင်းပန်လေသည်။

ထိုအခါ သူဌေးက သူ့အိမ်၌ သုံးနှစ်တိုင်အောင် အစေအပါးခံလျှင် သူစားသည့် ထမင်းမျိုး ကျွေးမည်ဟု ပြောသည်။ တောသားသည် ဝမ်းမြောက်စွာဖြင့် ထိုနေ့မှစ၍ သူဌေးအိမ်၌ အစေအပါးခံ၍ အလုပ်ရှိသမျှကို မနိုမကပ် လုပ်ပေးလေသည်။ ထမင်းတစ်နပ် အတွက် သူဌေးအိမ်၌ အစေအပါး ခံနေခြင်းကို အကြောင်းပြု၍ ထိုတောသားကို 'ဘတ္တဘတိက' ဟု လူအများက ခေါ်ကြလေသည်။

သုံးနှစ်ပြည့်သောအခါ သူဌေးသည် ဘတ္တဘတိကအား သူစားသုံးသော ထမင်းဟင်းများ အခမ်းအနားဖြင့် ကျွေးမွေးရန် ညွှန်ကြားလေသည်။ ဘတ္တဘတိကသည် သုံးနှစ်သုံးမိုး တိုင်အောင် ဆင်းရဲ ပင်ပန်းခံခဲ့သည်ကို အတိုးချ၍ စားမည်ဟူသော စိတ်ဓာတ်ဖြင့် မဏ္ဍပ် အလယ်၌ ထည်ဝါခန့်ညားစွာ ထိုင်နေလေသည်။

သူဌေးကြီး၏ ကျေးကျွန်များသည် အဖိုးများစွာ ထိုက်တန်သော ထမင်းဟင်းတို့ကို ရွှေခွက်ငွေတို့ဖြင့် ထည့်၍ ယူဆောင်လာကြသည်။ ထိုအချိန်တွင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးသည် မဏ္ဍပ်အနီးသို့ ဘွားခနဲ ရောက်လာပြီး ဆွမ်းရပ်လေသည်။ သူ့ရှေ့မှောက်သို့ အဆင်သင့် ရောက်ရှိနေသော ထမင်းဟင်းများကို အားပါးတရ စားတော့မည်လုပ်နေသော ဘတ္တဘတိကသည် ထိုပစ္စေကဗုဒ္ဓကို ရုတ်တရက် မြင်လိုက်ရသောအခါ ဤသို့ စဉ်းစားမိလေသည်။

"ငါဟာ ရှေးဘဝက ကုသိုလ်ကံ နည်းခဲ့လို့ ခုဘဝမှာ ထမင်းတစ်နပ်အတွက် သုံးနှစ်သုံးမိုး အစေအပါး ခံခဲ့ရတယ်။ နောက်ဘဝတွေမှာ ဒီလိုဆင်းရဲဒုက္ခမရောက်အောင် ဒီထမင်းကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းလိုက်တော့မယ်"

ဤသို့ စဉ်းစားပြီးနောက် ဘတ္တဘတိကသည် ထမင်းအုပ်ကို ယူဆောင်သွားပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်၌ လောင်းထည့်လိုက်လေသည်။ ထို့နောက် အရှင်မြတ်အား ရိုသေစွာရှိခိုးပြီး "တပည့်တော် ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတိုင်း၌ ချမ်းသာ သုခနှင့် ပြည့်စုံ၍ အရှင်ဘုရားတို့ သိမြင်အပ်သော တရားကို သိမြင်ရပါစေသား" ဟူ၍ မြွက်ဆို ဆုတောင်းလေသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း "သင် တောင်းသည့်အတိုင်း ပြည့်စုံပါစေ" ဟု မြွက်ဆို ဆုပေးပြီး ကောင်းကင်ခရီးဖြင့် ဟိမဝန္တာတောသို့ ကြွသွားလေသည်။

မြို့သူမြို့သားတို့သည် ဘတ္တဘတိက၏ ရက်ရောမှုကို တွေ့မြင်ကြရလျှင် ဆူညံစွာ ကောင်းချီး ပေးကြသည်။ ဂန္ဓသူဌေးက ဘတ္တဘတိကအား သူ့စည်းစိမ် တစ်ဝက်ကို ခွဲပေးသည်။ ဗာရာဏသီ ဘုရင်ကလည်း များစွာသော ပစ္စည်းများနှင့် တကွ ဘတ္တဘတိကအား သူဌေးအရာကို ပေးလိုက်လေသည်။

(၂)

ဘတ္တဘတိကသည် ဂန္ဓသူဌေးနှင့် ချစ်ကြည်စွာ နေလျက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီး သေလွန်သောအခါ နတ်ပြည်သို့ ရောက်လေသည်။ ထို့နောက် လူ့ပြည် နတ်ပြည်တို့၌ တစ်လှည့်စီ ကျင်လည်ပြီး ဂေါတမ ဗုဒ္ဓလက်ထက်တွင် သာဝတ္ထိပြည်မှ ရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော သူကြွယ်တစ်ဦး၏ ဝမ်း၌ ပဋိသန္ဓေ နေလေသည်။ ထိုအခါ သူကြွယ်၏ ဇနီးအား ထူးဆန်းသော 'ချဉ်ခြင်း' တစ်ခု ဖြစ်ပေါ်လာသည်။ ထိုချဉ်ခြင်းမှာ ရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်းငါးရာအား ရသာစုံ ဟင်းလျာတို့ဖြင့် ဆွမ်းကပ်ပြီး ရဟန်းတို့၏ စားကြွင်း ထမင်းကို စားလိုခြင်း ဖြစ်လေသည်။ ထိုအကြောင်းကို သူကြွယ်အား ပြောပြသောအခါ သူကြွယ်က ဇနီးဖြစ်သူ ချဉ်ခြင်းပြေအောင် အမြန် ဆောင်ရွက် ပေးလေသည်။

သူကြွယ်၏ ဇနီးသည် ကိုးလလွန် ဆယ်လမြောက်သောအခါ သားယောကျ်ား လေး မွေးဖွားသည်။ ထိုသူငယ်အား မိဘနှစ်ပါး၏ ချမ်းသာမှုကို ဖြစ်စေသောကြောင့် မောင်သုခဟု နာမည်မှည့်ကြသည်။ မောင်သုခ အသက် (၇)နှစ်အရွယ် ရှိသော အခါ ရှင်သာရိပုတ္တရာထံ၌ ရှင်သာမဏေပြုလိုကြောင်း ပြောသည်။ မိဘများက ဝမ်းမြောက်ဝမ်းသာဖြင့် မောင်သုခကို မထေရ်မြတ်ထံ၌ ရှင်သာမဏေ ဝတ်ပေး လိုက်ကြသည်။

သုခ သာမဏေသည် သာမဏေဖြစ်ပြီး ရှစ်ရက်မြောက်နေ့တွင် ရှင်သာရိပုတ္တရာနှင့်အတူ မြို့ထဲသို့ ဆွမ်းခံလိုက်သွားသည်။ လမ်းတွင် လယ်ကွက် များထဲသို့ ရေသွင်းသော ဆည်မြောင်းများကို မြင်၍ "သက်မဲ့ဖြစ်တဲ့ရေကို မြောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သွယ်ပြီး လိုသလိုသုံးနိုင်ရင် သက်ရှိဖြစ်တဲ့လူဟာလဲ ကိုယ့်စိတ်ကို ဆုံးမပြီး တရားကို အားထုတ်နိုင်ရမှာပေါ့" ဟု စဉ်းစားမိသည်။

သုခသာမဏေသည် ရွာနားသို့ ရောက်သောအခါ မြားတံကို မီးကင်၍ ဖြောင့်အောင်လုပ်နေသော လေးသမားတစ်ယောက်ကို မြင်၍ "သက်မဲ့ဖြစ်တဲ့ မြားတံကို ဖြောင့်အောင် လုပ်နိုင်ရင် သက်ရှိဖြစ်တဲ့လူဟာလဲ ကိုယ့်စိတ်ကို ဆုံးမပြီး တရားကို အားထုတ်နိုင်ရမှာပေါ့" ဟု စဉ်းစားမိလေသည်။

သုခ သာမဏေသည် သစ်သားများကို ဖြတ်တောက်၍ လှည်းပစ္စည်းများ လုပ်နေသော လက်သမားတစ်ယောက်ကို မြင်သောအခါ၌လည်း "သက်မဲ့ဖြစ်တဲ့ သစ်သားကို ဖြတ်ပြီး လိုသလို သုံးနိုင်ရင် သက်ရှိဖြစ်တဲ့ လူဟာလဲ ကိုယ့်စိတ်ကို ဆုံးမပြီး တရားကို အားထုတ်နိုင်ရမှာပေါ့" ဟု စဉ်းစားမိသည်။

ထို့နောက် သုခ သာမဏေလေးသည် ရှင်သာရိပုတ္တရာထံ၌ ခွင့်တောင်း၍ ကျောင်းသို့ ပြန်ခဲ့ပြီး တိတ်ဆိတ်သော ကျောင်းခန်းထဲ၌ ကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများ၍ နေလေသည်။

ရှင်သာရိပုတ္တရာသည် သုခသာမဏေကို ပြန်လွှတ်လိုက်ပြီး ဆွမ်းခံဆက်၍ ကြွလေသည်။ ဒါယကာတစ်ဦးသည် ရှင်သာရိပုတ္တရာကို အိမ်ထဲသို့ ပင့်၍ ဆွမ်းကပ်၍ သုခသာမဏေအတွက်လည်း ရသာစုံပါသော ဆွမ်းများကို သပိတ်အပြည့် ထည့်ပေးလိုက်လေသည်။ မထေရ်သည် သာမဏေလေး ဆွမ်းစားမိစေရန် ကျောင်းသို့ ခပ်သုတ်သုတ် ပြန်ခဲ့သည်။ သို့သော် သာမဏေလေး တရားအားထုတ်နေသော ကျောင်းနားသို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာနှင့် တိုးမိလေသည်။ ဗုဒ္ဓက ရှင်သာရိပုတ္တရာအား အာဟာရနှင့် စပ်သော မေးပြဿနာ လေးရပ်ကို မေးမြန်းတော်မူသဖြင့် ရှင်သာရိပုတ္တရာက ဖြေကြားနေရလေသည်။

ကျောင်းခန်းထဲ၌ ကမ္မဋ္ဌာန်း အားထုတ်နေသော သုခသာမဏေလေးသည် ရှင်သာရိပုတ္တရာ ရောက်မလာမီကပင် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်။ ဗုဒ္ဓနှင့် ရှင်သာရိပုတ္တရာတို့၏ မေးရေးရာ အမေးအဖြေများကို ကြားနာရသောအခါတွင်မူ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

ရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာအား ရှိခိုးပြီး ဆွမ်းသပိတ်ကို သာမဏေလေးထံ အမြန်သွား၍ ပေးလေသည်။ သာမဏေလေး ဆွမ်းစားပြီးသည်နှင့် တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက် နေပူကျဲကျဲ ဖြစ်နေရာမှ ညနေစောင်းအချိန်သို့ လျှင်မြန်စွာ ရောက်သွားလေသည်။

ထိုအခါ ရဟန်းများက တအံ့တသြ ဤသို့ ပြောကြလေသည်။

"ငါ့ရှင်တို့ ... ဒီနေ့ ဘယ်လိုလဲ၊ နေပူကျဲကျဲကနေပြီး ချက်ချင်းပဲ မိုးချုပ်သွားပါကလား၊ ပြီးတော့ သုခဆိုတဲ့ ကိုရင်ကလေး ဆွမ်းစားပြီးတာလဲ မကြာသေးဘူး"

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့ ပြောဆိုကြသော စကားကို ကြားတော်မူ၍ "ရဟန်းတို့၊ ဘုန်းကံရှိသူများ တရားအားထုတ်နေတဲ့အခါ နေနတ်သား၊ လနတ်သားတို့က နေနှင့် လတို့ကို ဆိုင်းငံ့ထားကြရပေသည်" ဟု မိန့်ကြားတော်မူလေသည်။ ထို့နောက် သုခ သာမဏေလေး တရားထူးရခြင်းနှင့် ဆက်စပ်၍ အောက်ပါ ဒေသနာကို ဟောကြားတော်မူလေသည်။

"လယ်သမားတို့သည် ဆည်မြောင်းဖြင့် ရေကို လိုရာသို့ သွယ်ယူကြ၏၊ လေးသမားတို့သည် မြားတံကို မီးကင်၍ ဖြောင့်တန်းအောင် လုပ်ကြ၏၊ လက်သမားတို့ကလည်း သစ်တုံးများကို ဖြတ်တောက်၍ လိုသလို အသုံးချကြ၏၊ ထို့အတူပင် သူတော်ကောင်းတို့သည်လည်း မိမိစိတ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏"

(၁၀။ ဒဏ္ဍဝဂ်၊ ၁၁-သုခသာမဏေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ရောဟိနီ မင်းသမီး

## (၁)

အခါတစ်ပါး၌ ရှင်အနုရုဒ္ဓါမထေရ်သည် နောက်ပါ ရဟန်းငါးရာနှင့်အတူ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်။ မထေရ်၏ ဆွေတော်မျိုးတော်တို့သည် မထေရ် ကြွရောက်လာသည့် သတင်းကိုကြားလျှင် နိဂြောဓာရုံကျောင်းတော်သို့ စုဝေးရောက်ရှိလာကြသည်။

ရှင်အနုရုဒ္ဓါသည် မိမိထံ လာရောက် နှုတ်ဆက်ကြသူများတွင် နှမရင်းဖြစ်သော ရောဟိနီ မင်းသမီးတစ်ယောက် မပါဝင်ဘဲ ဖြစ်နေသည်ကို သတိပြုမိလေသည်။ ထို့ကြောင့် "နှမတော် ရောဟိနီ ဘာကြောင့် မလာသလဲ" ဟု မေးတော်မူသည်။

"အရှင်ဘုရား၊ နှမတော် ရောဟိနီမှာ ကိုယ်ရေပြားရောဂါ စွဲကပ်နေသောကြောင့် မလာရဲဘဲ ဖြစ်နေပါသည်"

ဆွေတော် မျိုးတော်များက ဤသို့ လျှောက်ကြားသောအခါ ရှင်အနုရုဒ္ဓါက လူတစ်ယောက်ကို စေလွှတ်၍ ရောဟိနီကို အခေါ်ခိုင်းလိုက်သည်။ ရောဟိနီမှာ မနေသာသဖြင့် သူ့ကိုယ်ကို အဝတ်အစားများဖြင့် လုံခြုံအောင် ဝတ်ဆင်ဖုံးလွှမ်းကာ ကျောင်းသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောဟိနီ၊ ဘာကြောင့် ငါ့ထံမလာဘဲ နေသလဲ"။

"ကိုယ်ရေပြားရောဂါ စွဲကပ်နေတာကြောင့်ပါ ဘုရား"

"သို့ဖြစ်လျှင် ကုသိုလ်ကောင်းမှုတစ်ခု မလုပ်သင့်ဘူးလား"

"ဘယ်လိုကုသိုလ်ကို ပြုသင့်ပါသလဲ ဘုရား"

"ဒီကျောင်းထဲမှာ ရဟန်းများရဲ့ ဆွမ်းစားဇရပ် တစ်ဆောင် ဆောက်ပေါ့"

ရောဟိနီ မင်းသမီးသည် ရှင်အနုရုဒ္ဓါ၏ ညွှန်ကြားချက်ဖြင့် သူမ၏ လက်ဝတ်ရတနာများကို ရောင်းချပြီး ရရှိသော အသပြာ ငွေတစ်သောင်းဖြင့် နှစ်ထပ်ရှိသော ဆွမ်းစားဇရပ်တစ်ဆောင် ဆောက်လုပ်လေသည်။ သူမသည် အပေါ်ထပ်၌ အခင်းများ ခင်းနေစဉ်မှာပင် အောက်ထပ်၌ တံမြက်လှည်းခြင်း၊ သောက်ရေ တည်ခြင်း စသော ဝေယျာဝစ္စတို့ကို ကိုယ်တိုင်လာ၍ ဆောင်ရွက်လေသည်။ ထိုစဉ်မှာပင် သူမ၏ ရောဂါမှာ တဖြည်းဖြည်း ညှိုးခြောက်လာလေ၏။

ဇရပ် ဆောက်လုပ် ပြီးစီးချိန်တွင် ဗုဒ္ဓမြတ်စွာသည်လည်း ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူလေ၏။ ရောဟိနီသည် ဇရပ်ရေစက်ချပွဲသို့ ဗုဒ္ဓမြတ်စွာနှင့်တကွ ရဟန်းငါးရာတို့ကိုပင့်၍ ဆွမ်းကပ်လေသည်။ သို့သော် သူမကိုယ်တိုင်မှာမူ ရောဂါ ရှင်းရှင်းမပျောက်သေးသောကြောင့် ကျောင်းသို့မလာဘဲ အိမ်မှာပင် နေလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ရောဟိနီကို လူလွှတ်၍ ခေါ်စေပြီး အမျက်ဒေါသကို အမှီပြု၍ သူမကိုယ်၌ အရေပြားရောဂါ စွဲကပ်နေခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက် ရောဟိနီက တောင်းပန်သဖြင့် အတိတ်ကို ဆောင်တော်မူလေသည်။

(၂)

ဗာရာဏသီပြည်၌ ဗြဟ္မာဒတ်မင်းကြီး ထီးနန်းစိုးစံလေသည်။ မင်းကြီးသည် သူ့မိဖုရားကြီးကို အလွန် ချစ်မြတ်နိုး၏။ သို့သော် ရုပ်အဆင်း နုနယ်လှပပြီး အဆို အက ကောင်းလှသော နန်းတွင်းသူ ကချေသည်တစ်ယောက်ကိုလည်း မင်းကြီးက မျက်နှာသာပေးနေသည်။ ဤသည်ကို မိဖုရားကြီးက မကျေနပ်။ ကချေသည် အပေါ်၌လည်း ကြီးစွာ အမျက်ဒေါသ ထားနေသည်။ တစ်နေ့တွင် မိဖုရားကြီးသည် ထိုကချေသည်မ၏ အိမ်ပေါ်၌ ခွေးလှေးယားသီးမှုန့်များ ဖြူးထားစေသည်။ ကစား



www.burmeseclassic.com

www.burmeseclassic.com



သလိုလိုဖြင့် သူမကိုလည်း ခွေးလှေးယားသီးမှုန့်များဖြင့် ကျဲပက်လေသည်။ ကချေသည်မသည် တစ်ကိုယ်လုံး ယားလာ၍ အိမ်အပေါ်သို့ သွားအိပ်သောအခါ ပို၍ပြင်းထန်သောဝေဒနာကို အလူးအလှိမ့်ခံစားရလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး ဗာရာဏသီမင်းကြီး မိဖုရားကြီးမှာ ရောဟိနီမင်းသမီး ဖြစ်လာကြောင်း မိန့်ကြားတော်မူလေသည်။ ထို့နောက် ...

"အမျက်ဒေါသကို စွန့်ရာ၏၊ မာနကိုလည်း စွန့်ရာ၏၊ သံယောဇဉ်မှန်သမျှကို လွန်မြောက်ရာ၏။ နာမ်နှင့် ရုပ်တို့၌ မကပ်ငြိသည်ဖြစ်၍ ကြောင့်ကြမှုမရှိသော ပုဂ္ဂိုလ်သို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။ ထိုဒေသနာအဆုံး၌ ရောဟိနီသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ သူမကိုယ်မှ ကိုယ်ရေပြားရောဂါ လုံးဝကင်းစင်သွားလေသည်။

(၁၇။ ကောဓဝဂ်၊ ၁၊ ရောဟိနီခတ္တိယကညာ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

## ပျောက်သောသားအား ပြန်တွေ့ခြင်း

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် သာကေတမြို့သို့ ကြွရောက်၍ မြို့အနီး ရှိ အဉ္စနတောအုပ်၌ သီတင်းသုံးနေတော်မူသည်။ နောက်တစ်နေ့ နံနက်တွင် ဗုဒ္ဓသည် ရဟန်းငါးရာနှင့်အတူ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ မြို့တံခါး အနီးသို့ ရောက် သောအခါ မြို့တွင်းမှ ထွက်လာသော ပုဏ္ဏားအိုကြီးတစ်ယောက်သည် ဗုဒ္ဓအား မြင်လျှင်မြင်ချင်း ခြေတော်အစုံကို လာရောက်ဖက်ကိုင်ပြီး ဝမ်းနည်းကြေကွဲသော အသံဖြင့် ဤသို့ လျှောက်တင်လေသည်။

"အို ချစ်သား၊ သင်သည် ကြာမြင့်စွာသော ကာလပတ်လုံး အဘယ်သို့ သွားနေဘိသနည်း၊ သားသမီးတို့မည်သည် အိုမင်းမစွမ်း ဖြစ်နေသော မိဘများကို လုပ်ကျွေးပြုစုရမည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မယ်တော် ခမည်းတော်တို့ အား မျက်နှာမပြဘဲ နေဘိသနည်း၊ ယခု မယ်တော်ကြီးနှင့်တွေ့ရန် အိမ်သို့ ကြွပါ ဦးလော့"

ဗုဒ္ဓသည် ပုဏ္ဏားကြီးအား မည်သို့မျှ တုံ့ပြန် မိန့်ကြားခြင်း မပြုဘဲ သူ ပင့်ခေါင်ရာသို့ လိုက်ပါသွားတော်မူသည်။ အိမ်သို့ရောက်လျှင် ရဟန်းများနှင့်အတူ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူသည်။ ထိုအခါ ပုဏ္ဏေးမကြီးကလည်း ဗုဒ္ဓ၏ ခြေတော်ရင်းသို့ ချဉ်းကပ်၍ ပုဏ္ဏားကြီးနည်းတူ လျှောက်ကြားလေသည်။ ထို့နောက် သားသမီးများကိုပါခေါ်၍ "သားတို့ သမီးတို့ရေ၊ မင်းတို့အစ်ကိုကြီး ပြန်လာပြီ၊ လာကန်တော့ကြ" ဟု ပြောဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ပုဏ္ဏားကြီးနှင့် ဇနီးတို့သည် ဗုဒ္ဓအား ပျောက်ဆုံးနေသည့် သားရင်းကို ပြန်တွေ့ဘိ သကဲ့သို့ ပြုမူ ပြောဆိုကြပြီး မွန်မြတ်သော ဆွမ်းဘောဇဉ်များကို ဆက်ကပ် လှူဒါန်းကြလေသည်။ မိမိတို့ အိမ်သို့သာ နေ့စဉ် ဆွမ်းခံကြွရန်လည်း လျှောက်ကြား တောင်းပန်ကြလေသည်။ ထိုအခါ ဗုဒ္ဓက "ဒါယကာ ပုဏ္ဏားကြီး၊ ငါ ဘုရားသည် တစ်ဦးတစ်ယောက်တည်းသော ပုဂ္ဂိုလ်၏ ဆွမ်းကိုသာ အမြဲ အလှူခံရန် မသင့်ပေ" ဟု မိန့်ကြားတော်မူ၏။ "သို့ဖြစ်လျှင် အခြားတစ်ပါးမှ ပင့်ဖိတ်မှု မရှိသည့်နေ့တိုင်း ကျွန်ုပ်တို့အိမ်သို့ ကြွတော်မူပါ" ဟု လျှောက်ကြားပြန်ရာ ဗုဒ္ဓက လက်ခံတော်မူလေသည်။

ထိုနေ့မှစ၍ ဗုဒ္ဓရှင်တော်မြတ်သည် သာကေတမြို့၌ သီတင်းသုံးနေသမျှ ကာလပတ်လုံး ပင့်ဖိတ်သူ မရှိသည့်နေ့တိုင်း ပုဏ္ဏားကြီး၏အိမ်သို့သာ ဆွမ်းခံကြွတော်မူ၏။ ပင့်ဖိတ်သူ ရှိသည့်နေ့များတွင်မူ ထိုသူတို့၏ ဆွမ်းကို လက်ခံပြီး ပုဏ္ဏားကြီးအား အကြောင်းကြားစေတော်မူ၏။ ဤသို့လျှင် ဗုဒ္ဓအား သားရင်းဟူသော အမှတ်ဖြင့် နေ့စဉ်လို ဆွမ်းကပ်၍ တရားနာနေကြသော ပုဏ္ဏားကြီးနှင့် ဇနီးတို့သည် မကြာမီပင် အနာဂါမ် အရိယာအဖြစ်သို့ ရောက်ကြလေသည်။

တစ်နေ့တွင် တရားသဘင်၌ စုဝေးနေကြသော ရဟန်းတို့သည် ဗုဒ္ဓနှင့် ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အကြောင်းကို ပြောဆိုနေကြ၏။

"ငါ့ရှင်တို့၊ ဤပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် ဗုဒ္ဓရှင်တော်မြတ်အား သားအရင်းဟု ဆိုကာ လုပ်ကျွေးပြုစုနေကြ၏။ ဗုဒ္ဓကလည်း သူတို့စကားကို လက်ခံနေတော်မူ၏။ အကြောင်း မည်သို့ ရှိလေသနည်း"

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ် ကြွလာ၍ ရဟန်းတို့၏ စကားကို ကြားလျှင် "ချစ်သားတို့၊ ဤပုဏ္ဏားကြီးသည် ငါဘုရား၏ ဖခင်အဖြစ် ဘဝငါးရာ၊ ဘထွေးအဖြစ် ဘဝငါးရာ၊ ဘကြီးအဖြစ် ဘဝငါးရာ ဖြစ်ခဲ့ဖူး၏။ ပုဏ္ဏေးမကြီးသည်လည်း ငါဘုရား၏ မိခင်အဖြစ် ဘဝငါးရာ၊ မိထွေး အဖြစ် ဘဝငါးရာ၊ မိကြီး အဖြစ် ဘဝငါးရာ ဖြစ်ခဲ့ဖူး၏။ ထို့ကြောင့် ငါဘုရားအား သားအရင်းကဲ့သို့ မှတ်ထင်နေကြခြင်း ဖြစ်ပေသည်" ဟု မိန့်ကြားတော်မူလေသည်။

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် သာကေတမြို့၌ သုံးလမျှ ဆက်လက် သီတင်းသုံးတော်မူ၏။ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့သည်လည်း နောက်ပိုင်းတွင် လူဝတ်ဖြင့်ပင် အရဟတ္တဖိုလ်သို့တိုင်အောင် ဆိုက်ရောက်၍ ကွယ်လွန်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူတို့သည် ပုဏ္ဏားကြီး ဓနီးမောင်နှံ နှစ်ယောက်တို့၏ အလောင်းများကို အလောင်းစင် ပြာသာဒ် တစ်ခုတည်းပေါ်၌ တင်၍ သုသာန်သို့ ပို့ဆောင်ကြသည်။ ဗုဒ္ဓမြတ်စွာသည်လည်း ရဟန်းငါးရာခြံရံလျက် သုသာန်သို့ လိုက်တော်မူသည်။ "မြတ်စွာဘုရား၏ ခမည်းတော် မယ်တော်တွေ ကွယ်လွန်သွားသတဲ့" ဟူ၍ သတင်းပျံ့နှံ့သွားသောကြောင့် သာကေတ မြို့သူမြို့သား များစွာတို့သည်လည်း သုသာန်သို့ ထွက်လာကြလေသည်။

ဗုဒ္ဓမြတ်စွာသည် သုသာန်သို့ ရောက်သောအခါ ထို သုသာန်အနီးရှိ ဇရပ် တစ်ခုထဲ၌ ဝင်၍ ရပ်နေတော်မူသည်။ ထိုစဉ်တွင် လူများက ဗုဒ္ဓမြတ်စွာထံ လာရောက် ရှိခိုးကြသည်။ ဗုဒ္ဓက ထိုလူတို့အား 'လူတို့၏ အသက်သည် တိုတောင်းလှ၏၊ နှစ်ပေါင်းတစ်ရာ အတွင်း၌ပင် သေရ၏၊ နှစ်ပေါင်းတစ်ရာထက် လွန်၍ အသက်ရှင်စေကာမူ နောက်ဆုံး၌ အိုရ၍သေရမည်သာ ဖြစ်၏' အစရှိသော ဇရာသုတ်ကို ဟောကြားတော်မူသည်။ ထိုသုတ်အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ အကျွတ်တရား ရရှိသွားကြလေသည်။ ထို့နောက် ကျောင်းသို့ ပြန်ရောက်သောအခါ ရဟန်းတို့က ဗုဒ္ဓအား ပုဏ္ဏားကြီး ဓနီးမောင်နှံတို့၏ လားရာဂတိကို မေးလျှောက်ကြသည်။ ဗုဒ္ဓက ထိုသူနှစ်ဦးတို့သည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်သွားကြပြီ ဖြစ်ကြောင်း မိန့်ကြားပြီး ...

"အကြင်ရဟန်းတို့သည် သူတစ်ပါးကို မညှဉ်းဆဲတတ်ကုန်၊ ကိုယ် နှုတ် စိတ် သုံးပါးဖြင့် အမြဲ စောင့်စည်းကုန်၏။ ထိုရဟန်းတို့သည် စိုးရိမ်ရခြင်း မရှိသော သေခြင်းကင်းရာ နိဗ္ဗာန်အရပ်သို့ ရောက်ကြရကုန်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၁၇။ ကောဓဝဂ်၊ ၅-ဗုဒ္ဓပိတုပြာဟ္မဏ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ဥပါဒါန်

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် တိဿအမည်ရှိသော ရဟန်းပျိုတစ်ပါးသည် ဇနပုဒ်ကျောင်း၌ ဝါဆိုသည်ဖြစ်၍ ထူထဲသော ပိတ်စတစ်ထည်ကို ဝါဆိုသင်္ကန်းအဖြစ် ရရှိလေသည်။ ရှင်တိဿသည် ထိုပိတ်စကို ရုတ်တရက် သင်္ကန်းမချုပ်သေးဘဲ အစ်မဖြစ်သူထံ၌ အပ်နှံထားလေသည်။

အစ်မဖြစ်သူသည် "ဤပိတ်စကား ထူထဲ ကြမ်းတမ်းလှ၏။ ငါ့မောင်နှင့် မသင့်လျော်" ဟု ကြံကာ ပိတ်စကို ထက်သော ဓားဖြင့် ခုတ်စဉ်း၍ ထောင်းထုပြီး သေးသွယ်သော ချည်မျှင်များ ဖြစ်အောင် ပြုလုပ်သည်။ ထို့နောက် ထိုချည်များကို ပြန်လည် ရက်လိုက်သောအခါ ပါးလွှာ နူးညံ့သော ပိတ်စတစ်ထည် ဖြစ်လာလေသည်။

သီတင်းဝါလကျွတ်သောအခါ ရှင်တိဿသည် အချုပ်အလုပ်ကျွမ်းကျင်သော ရဟန်းငယ် သာမဏေတို့ကို ဖိတ်ခေါ်ထားပြီး အစ်မဖြစ်သူထံသို့ သွား၍ သူ့ပိတ်စကို ပြန်တောင်းသည်။ အစ်မဖြစ်သူက သူ အသစ်ပြန်၍ ရက်လုပ်ထားသော ပိတ်စကို ထုတ်ပေးရာ ရှင်တိဿက "သူ့ပိတ်စ မဟုတ်" ဟု ဆိုကာ လက်မခံဘဲနေသည်။ အစ်မဖြစ်သူက "ပါးလွှာ နူးညံ့သော ပိတ်စဖြစ်အောင် အသစ် ပြန်၍ ရက်လုပ်ထားပုံ" ကို ရှင်းလင်း ပြောပြသောအခါတွင်မှ ရှင်တိဿသည် လွန်စွာ ကျေနပ်နှစ်သက်လျက် ထိုပိတ်စကို ပြန်ယူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရှင်တိဿသည် ရဟန်းငယ်သာမဏေတို့၏ အကူအညီဖြင့် သင်္ကန်းချုပ်လုပ်မှုကိစ္စကို ဆောင်ရွက်လေသည်။ ထိုနေ့တွင် သင်္ကန်းချုပ်သော ရဟန်းများအတွက် ဆွမ်း ဘောဇဉ်တို့ကို အစ်မဖြစ်သူက ကျောင်းသို့ ပို့ပေးလေသည်။

ရှင်တိဿသည် သင်္ကန်းချုပ်ပြီးသောအခါ ထိုသင်္ကန်းကို ကြည့်လျက် ကြီးစွာသော နှစ်သက်ကျေနပ်မှုဖြင့် "နက်ဖြန် ဒီသင်္ကန်းကို ငါဝတ်မည်" ဟု ကြံ၍ ကောင်းမွန် သေသပ်စွာ ခေါက်သိမ်း ထားလေသည်။

သို့သော် ရှင်တိဿသည် အစာမကြေသော ရောဂါဖြင့် ထိုနေ့ညတွင် ရုတ်တရက် ပျံလွန်သွားလေ၏။ ရဟန်းတို့သည် သူ့ဆွေမျိုးများအား အကြောင်းကြားပြီး ရှင်တိဿ၏ အလောင်းကို ကောင်းမွန်စွာ သဂြိုဟ်လိုက်ကြလေသည်။

ရှင်တိဿ၏ ကျန်ရစ်သော သင်္ကန်း ပရိက္ခရာ ပစ္စည်းများမှာ ပိုင်ရှင်မဲ့ဖြစ်၍ 'သံဃိက' ပစ္စည်းအဖြစ်သို့ ရောက်သွားလေသည်။ သို့ဖြစ်၍ ရဟန်းတို့သည် ထိုပစ္စည်းများကို ခွဲဝေရန် စုဆောင်း ပြင်ဆင်နေကြသည်။ ထိုအချိန်တွင် အဝတ်သန်းတစ်ကောင်သည် အော်ဟစ်မြည်တမ်းလျက် သင်္ကန်းသစ်ပေါ်၌ ထိုမှ ဤမှ ပြေးလွှားနေ၏။ ဇေတဝန်ကျောင်းတိုက် အတွင်း၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုအသံကို ကြားသိတော်မူသည်။

ထိုအခါ ရှင်အာနန္ဒကို ခေါ်၍ "ချစ်သား အာနန္ဒာ၊ ရဟန်းငယ်တိဿ၏ သင်္ကန်းပရိက္ခရာတို့ကို ယခု ခွဲဝေခြင်း မပြုသေးဘဲ ခုနစ်ရက်ခန့် ဆိုင်းငံ့ထားကြဦး" ဟု မိန့်ကြားတော်မူသည်။ ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ မိန့်ကြားချက်ကို ရဟန်းများထံ သွားရောက်ပြောကြားလေသည်။ ရဟန်းများလည်း ပစ္စည်း ခွဲဝေခြင်း အမှုကို ဆိုင်းငံ့ထားလိုက်ကြပြီး ခုနစ်ရက်မြောက်နေ့တွင်မှ ဆက်လက် ပြုလုပ်ကြလေသည်။

တစ်နေ့သ၌ တရားသဘင်၌ စုဝေးနေကြသော ရဟန်းတို့သည် ရဟန်းငယ် ရှင်တိဿအကြောင်းကို ပြောဆိုနေကြလေသည်။ "ငါ့ရှင်တို့၊ ဗုဒ္ဓရှင်တော်မြတ်သည် တိဿ၏ သင်္ကန်းပရိက္ခရာတို့ကို ခုနစ်ရက်ကျော်မှသာ ခွဲဝေခွင့် ပြုတော်မူခဲ့၏။ အကြောင်း မည်သို့ ရှိလေသနည်း"

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွလာပြီး ရဟန်းတို့အား အကြောင်းမှန်ကို ဖွင့်ဟမိန့်ကြားတော်မူလေသည်။

"ရဟန်းတို့၊ ရဟန်းငယ် တိဿသည် သေခါနီးဆဲဆဲ၌ သင်္ကန်းသစ်ကို စွဲလမ်းနေခဲ့၏။ ထို့ကြောင့် သေလျှင်သေချင်း ထိုသင်္ကန်း၌ အဝတ်သန်းဘဝသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့၏။ သူ့သက်နိုးကို ရဟန်းတို့က ခွဲဝေမည်ပြုသောအခါ 'ငါ့သင်္ကန်း၊ ငါ့သင်္ကန်း' ဟု အော်ဟစ်မြည်တမ်း၍ ထိုမှ ဤမှ ပြေးလွှားနေခဲ့၏။ ခုနစ်ရက်ပြည့်မြောက်သည့် နေ့၌ကား သန်းဘဝမှ စုတေ၍ တုသိတာ နတ်ပြည်သို့ ရောက်ခဲ့၏။ ထို့ကြောင့် သူ့ပစ္စည်းများ ခွဲဝေခြင်းကို ငါဘုရား ဆိုင်းငံ့ထားခြင်း ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ မိန့်ကြားချက်ကို ကြားရသောအခါ "ခွဲလမ်းမှ 'ဥပါဒါန်' ဟူသည့် ကြောက်မက်ဖွယ် ကောင်းလေစွ တကား" ဟူ၍ ရဟန်းများ သတိသံဝေဂ ရရှိသွားကြလေသည်။

ထိုအခါ ရဟန်းတို့က "အရှင်ဘုရား၊ ဤတဏှာသည် အလွန်ကြောက်မက်ဖွယ် ကောင်းလှပါသည်" ဟု လျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာကလည်း "ရဟန်းတို့၊ ဤသတ္တဝါတို့၏ တဏှာသည် အလွန်ကြောက်မက်ဖွယ် ကောင်း၏။ သံမှ ဖြစ်သော သံချေးသည် ထိုသံကိုပင် ဖျက်ဆီးသကဲ့သို့ သတ္တဝါတို့၏ အတွင်းသန္တာန်၌ ဖြစ်သော တဏှာသည်လည်း ထိုသတ္တဝါတို့ကိုပင် ဖျက်ဆီး၏" ဟု မိန့်ကြားပြီး -

"သံမှ ဖြစ်ပေါ်လာသော သံချေးသည် ထိုသံကိုပင် စားပစ်သကဲ့သို့ ထို့အတူ ပစ္စည်းလေးပါးကို မဆင်ခြင်ဘဲ သုံးဆောင်ပြီး လွန်ကျူး၍ ကျင့်သူကို သူ၏ မကောင်းမှု ကံတို့က ဒုဂ္ဂတိဘဝသို့ ပို့ဆောင်ကုန်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

ထိုဒေသနာ အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်သို့ ရောက်ကြလေ၏။

(၁၈။ မလဝဂ်၊ ၃-တိဿတ္ထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# မိုးပျံနန်းရှင်

## (၁)

ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ကို အုပ်ချုပ်သော ဗောဓိမင်းသားသည် စိတြဝမုကီ အမည်ရှိသော လက်သမားကို ခေါ်၍ မိမိအတွက် နန်းပြာသာဒ် အသစ်တစ်ဆောင်ကို ဆောက်လုပ်ပေးရန် စေခိုင်းလေ၏။ ထိုလက်သမားသည် သူ၏ အတတ်ပညာ စွမ်းရည်ကို အစွမ်းကုန် စိုက်ထုတ်၍ အလွန် လှပ ဆန်းသစ်သော နန်းပြာသာဒ်ဆောင်ကို ဆောက်လုပ်လေသည်။ ကုမုဒြာ ကြာပွင့်ကဲ့သို့ လှပတင့်တယ်၍ မိုးကောင်းကင်သို့ ပျံတက်တော့မည့် အသွင်ကို ဆောင်နေသော ထိုနန်းပြာသာဒ်ကို 'ကောကနဒ' နန်းဆောင်ဟူ၍ အမည်ပေးလေသည်။

ဗောဓိမင်းသားကား နန်းပြာသာဒ်ကို ဆောက်လုပ် မပြီးသေးမီကပင် အကြီးအကျယ် သဘောကျနေ၏။ ထို့ကြောင့် လက်သမားကိုခေါ်၍ "အလျှင်တုန်းကသင် ဒီလို ပြာသာဒ်ဆောင်မျိုး ဘယ်နှစ်ဆောင် ဆောက်ဖူးသလဲ" ဟု မေးလေသည်။

"အရှင်မင်းသား၊ ဒီပြာသာဒ်ဆောင်ဟာ ကျွန်ုပ်ရဲ့ အစာတ်ပညာ စွမ်းရည်ကို အစွမ်းကုန် စိုက်ထုတ်၍ အရှင်မင်းသားအတွက် အထူးတလည် ဆောက်လုပ်ခြင်းဖြစ်ပါတယ်၊ ဒီလို ပြာသာဒ်ဆောင်မျိုး တစ်ခါမှ ကျွန်ုပ် မဆောက်လုပ်ဖူးသေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လက်သမားက လျှောက်တင်သောအခါ ဗောဓိမင်းသားသည် 'ဒီလက်သမားဟာ တခြားသူတွေ အတွက် ဒီလို ပြာသာဒ်ဆောင်မျိုးတွေ ဆောက်လုပ်ပေးနေရင် ငါ့နန်းပြာသာဒ်ကို လူတွေက ချီးကျူးအံ့သြကြတော့မည် မဟုတ်၊ နောက်ထပ် ဒီလို ပြာသာဒ်မျိုး မဆောက်နိုင်အောင် လက်သမားကို တစ်နည်းနည်းနဲ့ အပြတ်ရှင်းမှ သင့်မည်' ဟူ၍ စဉ်းစားမိလေသည်။

ယင်းသို့ စဉ်းစားပြီးနောက် ဗောဓိမင်းသားသည် သူ့အကြံအစည်ကို သူနှင့်အလွန်ခင်မင်ရင်းနှီးသည့် သဉ္ဇိဝကပုတ္တ အမည်ရှိသော မင်းလုလင်အား ထုတ်ဖော်ပြောကြားလေသည်။ သဉ္ဇိဝကသည် အလွန် ထူးချွန် ပြောင်မြောက်သော ဗိသုကာပညာရှင်တစ်ဦး အကျိုးမဲ့ဆုံးရှုံးပျက်စီးခြင်း မဖြစ်စေရန် လက်သမားအား ကြိုတင်သတိပေးထားလေသည်။

သဉ္ဇိဝက၏ သတိပေးချက်အရ မင်းသားက "ဆောက်လုပ်ရေးအလုပ်များပြီးပြီလော" ဟု မေးသောအခါ "အရှင်မင်းသား၊ မပြီးသေးပါ၊ ဆက်လက်လုပ်ရန်ကျန်ပါသေးတယ်" ဟု လက်သမားက လျှောက်တင်သည်။ ထို့နောက် ဆက်လက်၍ "အရှင်မင်းသား၊ ယခု ကျွန်ုပ်ပြုလုပ်ရမည့် အလုပ်များမှာ အလွန်နုနယ်သိမ်မွေ့သော အစိတ်အပိုင်းများဖြစ်၍ အနှောင့်အယှက်ကင်းပြီး စူးစူးစိုက်စိုက် လုပ်ဆောင်ရန် လိုအပ်ပါတယ်၊ ဒါကြောင့် နေ့စဉ် ထမင်းလာပို့တဲ့ ကျွန်ုပ်ရဲ့ ဇနီးမှလွဲ၍ အခြားသူများအား နန်းတော်ဆောင်ထဲသို့ ဝင်ခွင့်မပြုပါနှင့်" ဟူ၍ လက်သမားက လျှောက်တင်ပြန်သည်။ ဗောဓိမင်းသားကလည်း လက်သမား၏ တောင်းဆိုချက်အတိုင်း "နန်းတော်ဆောင်တွင်းသို့ မည်သူမျှ မဝင်ရ" ဟု အမိန့်ထုတ်ထားလေသည်။

ထိုအခါ လယ်သမားသည် နန်းတော်ဆောင်အတွင်း၌ နေ့ရောညပါ နေထိုင်၍ ပေါ့ပါးသော သစ်သားများဖြင့် ဂဠုန်ရုပ်သဏ္ဌာန်ရှိသော ယာဉ်ပျံတစ်ခုကို တီထွင်ပြုလုပ်လေသည်။ ဇနီးသည် ထမင်းပို့လာသောအခါ အိမ်မှာရှိသော ပစ္စည်းဥစ္စာများကို ရောင်းချ၍ အဖိုးထိုက်တန်သော ရွှေငွေပစ္စည်းများကိုသာ ထုပ်ပိုးပြင်ဆင်ထားရန် မှာကြားလေသည်။ ယာဉ်ပျံ ပြုလုပ်ပြီးစီးလျှင် ယန္တရားစက် တပ်ဆင်၍ ဇနီးနှင့် သားသမီးများကို တင်ဆောင်ကာ တိတ်တဆိတ် မောင်းနှင်ထွက်ပြေးလေသည်။ ဟိမဝန္တာတောစပ်သို့ ရောက်သောအခါ မြေပြင်သို့ ဆင်း၍ မြို့တစ်မြို့ကို တည်ထောင်ပြီး 'ကဋ္ဌဝါဟနမင်း' ဟူသော အမည်ဖြင့် မင်းပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဇောဓိမင်းသားသည် ဆောက်လုပ်ပြီးစီးနေသော နန်းပြာသာဒ်သစ် ဖွင့်ပွဲကို တခမ်းတနား ကျင်းပလေသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည်လည်း သံသုမာရဂိရိမြို့သို့ ရောက်နေခိုက်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာငါးရာကို နန်းတော်သို့ ပင့်၍ ဆွမ်းကပ်သည်။ ဇောဓိမင်းသားနှင့် မိဖုရားမှာ သားသမီး တစ်ယောက်မျှ မရရှိကြသေးသဖြင့် သားသမီးကို အလွန် လိုချင်နေကြသည်။ ထို့ကြောင့် နန်းတော်ဆောင် တံခါးဝမှစ၍ ဗုဒ္ဓကြွလာမည့် လမ်းတစ်လျှောက်၌ သိုးမွေးထည် အခင်းများကို ခင်းထားကြပြီး "အကယ်၍ ငါတို့၌ သားသမီး ရရှိမည်ဖြစ်က ဗုဒ္ဓသည် ဤအခင်းများကို နင်း၍ ကြွပါစေ၊ သားသမီးမရမည် ဖြစ်ပါမူ ဤအဝတ် ပုဆိုးများကို မနင်းပါစေသား" ဟူ၍ အဓိဋ္ဌာန် ပြုထားကြလေသည်။

သံဃာ ငါးရာနှင့် အတူ ကြွလာသော ဗုဒ္ဓရှင်တော်မြတ်သည် ဇောဓိမင်းသား၏ နန်းတော် တံခါးဝသို့ ရောက်လျှင် ရှေ့သို့ ဆက်မကြွဘဲ ရပ်တန့်နေတော်မူသည်။ "အတွင်းသို့ ကြွတော်မူပါဘုရား" ဟု မင်းသားက လျှောက်တင်သော်လည်း ရှေ့သို့ တစ်လှမ်းမျှ မတိုးဘဲ နောက်တော်မှ လိုက်ပါလာသည့် ရှင်အာနန္ဒာကို စောင်းငဲ့၍ ကြည့်တော်မူသည်။ ထိုအခါ ရှင်အာနန္ဒာက ဗုဒ္ဓရှင်မြတ်၏ အလိုဆန္ဒကို သိရှိသဖြင့် "ဒကာတော် မင်းသား၊ သင် ခင်းထားသည့် သိုးမွေးထည် အခင်းများကို ရုပ်သိမ်းပါ" ဟု မိန့်ကြားလေသည်။ အခင်းများကို ရုပ်သိမ်းပေးသည့်အခါကျမှ ဗုဒ္ဓရှင်တော်မြတ်သည် နန်းဆောင်တွင်းသို့ ဝင်တော်မူလေသည်။

ဇောဓိမင်းသားသည် ဗုဒ္ဓနှင့် ရဟန်းငါးရာတို့အား ဆွမ်းကပ်ပြီးနောက် ဗုဒ္ဓအား ဤသို့ မေးလျှောက်လေသည်။

"အရှင်ဘုရား၊ တပည့်တော် ခင်းထားသည့် သိုးမွေးထည် အခင်းများကို အဘယ့်ကြောင့် ရုပ်သိမ်းခိုင်းပါသလဲ"

"ဒီအခင်းတွေကို ဘယ်လို ရည်ရွယ်ချက်နဲ့ ခင်းထားပါသလဲ ဒကာတော်"

"ငါတို့မှာ သားသမီး ထွန်းကားဖို့ရှိလျှင် ဗုဒ္ဓရှင်တော်မြတ်သည် ဒီအခင်းများပေါ်၌ နင်း၍ ကြွလိမ့်မည်၊ သားသမီး ရဖို့လမ်း မရှိပါမူကား ဖယ်ရှားခိုင်းလိမ့်မည်၊ ဤသို့သော ရည်ရွယ်ချက်ဖြင့် ခင်းထားခြင်း ဖြစ်ပါသည် ဘုရား"

"သင်တို့မှာ သားသမီး ထွန်းကားဖွယ် မမြင်သောကြောင့်ပင် ထိုအခင်းများပေါ်၌ ငါဘုရား နင်း၍ မကြွခြင်း ဖြစ်ပေသည် ဒကာတော်"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာက ထိုသို့မိန့်ကြားသောအခါ အဘယ့်ကြောင့် သားသမီး မရနိုင်ဖြစ်ကြောင်း ဗောဓိမင်းသားက ဗုဒ္ဓအား မေးလျှောက်သည်။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာက အတိတ်ဆောင်၍ ဟောကြားတော်မူလေသည်။

(၃)

တစ်ခါက မဇ္ဈိမဒေသမှ လူအမြောက်အမြား စီးနင်း လိုက်ပါလာသော ရွက်သင်္ဘောကြီး တစ်စင်းသည် ပင်လယ်ပြင်သို့ ခရီးထွက်ခဲ့လေသည်။ ပင်လယ်ပြင် တစ်နေရာသို့ ရောက်သောအခါ လေပြင်းမုန်တိုင်းမိသဖြင့် ရွက်သင်္ဘောကြီး ပျက်စီးနစ်မြုပ်လေသည်။ သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည် အားလုံးလိုပင် ရေနစ်သေဆုံးကြလေသည်။ သို့ရာတွင် အလွန် ကံထူးလှသော ခရီးသည် လင်မယားနှစ်ယောက်ကား ပျဉ်ချပ် တစ်ခုကို ဆွဲကိုင်မိကြသဖြင့် သေကံမရောက် သက်မပျောက်ဘဲ ပင်လယ်ပြင်၌ မျောပါနေကြသည်။

နောက်ဆုံးတွင် သူတို့နှစ်ဦးသည် ရေလယ်ကျွန်းတစ်ခုအနီးသို့ ဆိုက်ရောက်သွားကြသည်။ ထိုကျွန်းကို မြင်သောအခါ ဝမ်းပန်းတသာဖြင့် ကမ်းပေါ်သို့တက်၍ စားစရာသောက်စရာများကို ရှာဖွေကြသည်။ ထိုကျွန်းမှာ ငှက်မျိုးစုံတို့ နေထိုင်ပေါက်ဖွားရာ ဌာနဖြစ်၍ ငှက်ဥများ ပေါများလှသည်။ ငတ်ပြတ်နေသော လင်မယားနှစ်ဦးတို့သည် အလွယ်တကူ ရှာဖွေတွေ့ရှိသော ငှက်ဥတို့ကို မီးဖြင့် ဖုတ်ကင်၍ အားပါးတရ စားကြလေသည်။ ထို့နောက် ငှက်များကိုလည်း ဖမ်းဆီးသတ်ဖြတ်၍ စားကာ ထိုကျွန်း၌ပင် ရာသက်ပန် နေသွားကြလေသည်။

(၄)

ဗုဒ္ဓမြတ်စွာသည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီး ဗောဓိမင်းသားနှင့် မိဖုရားတို့သည် ထိုဘဝ၌ ငှက်ဥများနှင့် ငှက်တို့ကို သတ်ဖြတ်၍ စားခဲ့သော မကောင်းမှုကြောင့် ယခုဘဝ၌ သားသမီး မရခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက် -



www.burmeseclassic.com

www.burmeseclassic.com



"ပညာရှိသော သူသည် အကယ်၍ မိမိကိုယ်ကို ချစ်အပ်၏ ဟု သိခဲ့လျှင် မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသော အရွယ်၌ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရာ၏" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာ အဆုံး၌ ဗောဓိမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(၁၂။ အတ္တဝဂ်၊ ၁-ဗောဓိရာဇကုမာရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ဆိတ်ရုပ်သူဌေး

## (၁)

လွန်ခဲ့သော (၉၁) ကမ္ဘာထက်က ဗန္ဓုမတီပြည်၌ ဝိပဿီအမည်ရှိသော မြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ ထိုအခါ အဝရောဇ အမည်ရှိသော သူကြွယ်သည် ဗုဒ္ဓမြတ်စွာ သီတင်းသုံးရန် အတွက် ဂန္ဓကုဋိကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းရန် အားထုတ်လေသည်။ သူကြွယ်၏တူ 'စူဠအဝရောဇ' က ကျောင်းဆောက်လုပ် လှူဒါန်းရာတွင် သူ့အားလည်း ကုသိုလ်ပါဝင်ခွင့်ပြုရန် တောင်းပန်သည်။ သို့သော် သူကြွယ်က လက်မခံဘဲ သူတစ်ဦးတည်းသာ ဆောက်လုပ်လှူဒါန်းလေသည်။

စူဠအဝရောဇသည် ဦးရီးတော် ကျောင်းဆောင် ဆောက်လုပ်ရာ၌ ကုသိုလ်ပါဝင်ခွင့် မရသောအခါ ထိုကျောင်းတိုက် အတွင်း၌ပင် ဓမ္မသာလာ ဇရပ်တစ်ဆောင်ကို သူ့ဘာသာ ဆောက်လုပ်လေသည်။ ဇရပ်ကို အဖိုးတန်သော ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြား တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသည့်ပြင် ရွှေဆိတ်ရုပ် လေးရုပ်ခံသော တရားဟောပလ္လင်တစ်ခုကိုလည်း ဇရပ်အတွင်း၌ ပြုလုပ်စေသည်။ ဇရပ်ဆောက်လုပ်ပြီးစီးသောအခါ ရဟန်းသံဃာအပေါင်းနှင့်တကွ ဗုဒ္ဓရှင်တော်မြတ်အား လေးလတိုင်တိုင် အလှူကြီးပေးကာ ဇရပ် ရေစက်ချပွဲကို ဆင်ယင်ကျင်းပလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

စူဠအဝရောဇသည် အသက်အတိုင်းနေ၍ သေလွန်သောအခါ လှုပြည်နှတ်ပြည် ကျင်လည်၍ ဤဘဒ္ဒကမ္ဘာအတွင်း တစ်ခုသောဘဝ၌ ဗာရာဏသီပြည်တွင် သူဌေး ကြီး ဖြစ်လေ၏။ ထိုသူဌေးကြီးသည် တစ်နေ့သ၌ ဘုရင်ထံ အခစားဝင်ရန်အတွက် နန်းတော်သို့အသွား လမ်းခရီးတွင် ပုရောဟိတ် ပုဏ္ဏားကြီးနှင့် တွေ့သဖြင့် "ဆရာ၊ ပြိုဟ်နက္ခတ် အသွားအလာ ထူးခြားမှု တစ်စုံတစ်ရာ ရှိပါသလား" ဟု မေးမြန်း လေသည်။ ပုရောဟိတ် ပုဏ္ဏားကြီးက "သူဌေးကြီး၊ ထူးခြားမှု ရှိ၏၊ ယနေ့မှစ၍ သုံးနှစ်အတွင်း မိုးအကြီးအကျယ် ခေါင်၍ ဝတ်မွတ်ခေါင်းပါးမှုဘေးကြီး ကျရောက် လိမ့်မည်" ဟု ဖြေကြားလေသည်။

သူဌေးကြီးသည် ပုရောဟိတ်၏ စကားကို ကြားရလျှင် နောင်ရေးအတွက် စိုးရိမ်ကြောင့်ကြ ကြီးစွာဖြစ်လျက် ဆန်စပါး အမြောက်အမြားကို ဝယ်ယူ စုဆောင်း ပြီး သိုလှောင်ထားလေ၏။ ထို့နောက် ပုရောဟိတ် ဟောကိန်း ထုတ်သည့်အတိုင်းပင် ဗာရာဏသီ တစ်ပြည်လုံး၌ မိုးခေါင်၍ ဆန်ရေ စပါး ရှားပါးမှုကြီး ဖြစ်ပေါ်လာ၏။ သူဌေးကြီးသည် သူ သိမ်းဆည်းထားသော ဆန်စပါးများကို ချွေတာစားသုံးနေရာမှ ရက် လကြာသောအခါ တစ်စ တစ်စ ကုန်ခန်းလာ၏။ ထို့ကြောင့် နောက်ဆုံး၌ ကျေး ကျွန် ပရိသတ်များအား ဆက်လက်၍ ကျွေးမွေးစောင့်ရှောက်ထားရန် မတတ် နိုင်တော့ဖြင့် "သင်တို့သွားလိုရာသို့ သွား၍ သင့်သလို အသက်မွေးကြပါ" ဟု ပြောလွှတ်လိုက်ရလေသည်။ သူ့အိမ်တွင် သူဌေးကြီးဇနီးမောင်နှံ၊ သား၊ ချွေးမနှင့် ပုဏ္ဏအမည်ရှိသော ကျွန်တစ်ယောက်သာ ကျန်ရစ်လေသည်။

မိသားစုငါးယောက်ဖြစ်သလို စားသောက်နေထိုင်သော်လည်း မိုးမှာ ဆက်၍ ခေါင်နေသဖြင့် သိမ်းဆည်းထားသော ဆန်စပါးများ လုံးဝ ကုန်ခန်းသလောက် ဖြစ်သွားသည်။ သူဌေးကတော်ကြီးသည် နောက်ဆုံး အိုးထဲ၌ ကတ်သတ် ကျန်နေ သည့် စပါးများကို ခြစ်ခြုတ်ယူပြီး ထောင်းရာ ဆန်တစ်စလယ်စာမျှ ရလေ၏။ ထိုဆန်တစ်စလယ်ကို ထမင်းချက်၍ ငါးယောက်စာ အညီအမျှ ခွဲဝေပြီး စားသောက် ရန် ပြင်ဆင်နေကြစဉ် အိမ်ရှေ့သို့ ပစ္စေကဗုဒ္ဓါတစ်ပါး ရုတ်တရက် ရောက်လာသည်။ သူဌေးကြီးသည် အလွန် ဆာလောင်နေသော်လည်း ပစ္စေက ဗုဒ္ဓါကို မြင်လျှင် ဤသို့ စဉ်းစားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှေးဘဝက ဒါနမျိုးစေ့ နည်းပါးခဲ့၍သာ ယခုလို ငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့ရခြင်း ဖြစ်၏။ မဝ တဝ စားရမည့် ထမင်းတစ်နပ်ကို ပစ္စေကဗုဒ္ဓါအား လောင်းလှူ၍ နောင်ဘဝအတွက် ပါရမီ ဖြည့်တော့မည်"

ယင်းသို့ စဉ်းစားပြီးနောက် သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအား အိမ်ထဲသို့ ပင့်ဖိတ်၍ သူ့အတွက် ထမင်းတစ်နပ်စာကို အရှင်မြတ်၏ သပိတ်၌ လောင်းလှူသည်။ "တပည့်တော်သည် ဤကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ ငတ်မွတ်ခေါင်းပါးခြင်းဘေးမှ ကင်းလွတ်ရပါလို၏။ အလိုရှိသည့်အခါ ကောင်းကင်သို့ မော့ကြည့်ရုံမျှဖြင့် ဆန်စပါးများ မိုးကဲ့သို့ ရွာချ၍ ကျီအပြည့် ဖြစ်ပါစေ၊ ဤမယား၊ ဤသားတို့နှင့်လည်း ဘဝတိုင်း မကွဲမကွာ ဖြစ်ရပါလို၏" ဤသို့လည်း ဆုတောင်း ပတ္တနာ ပြုလေသည်။

သူဌေးကြီး၏ အပြုအမူကို မြင်လျှင် သူဌေးကတော်ကြီးကလည်း အားကျ၍ သူ့ဝေစုထမင်းကို ပစ္စေကဗုဒ္ဓါအား လှူဒါန်းသည်။ "ဤကောင်းမှုကြောင့် တစ်စလယ်ချက် ထမင်းအိုးမှ လာသမျှ လူတိုင်းအား ခူးခပ်ဝေငှသော်လည်း မကုန်မခန်းနိုင် ဖြစ်ပါစေသား" ဟူ၍လည်း ဆုတောင်းသည်။ သူဌေးသား ဖနီးမောင်နှံနှင့် ကျွန်ပုဏ္ဏတို့ကလည်း အားကျမခံ သူတို့ဝေစုများကို လှူဒါန်းကာ အသီးသီး လိုသောဆုကို တောင်းကြလေသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် "သင်တို့ တောင့်တသည့်အတိုင်း ပြည့်စုံပါစေ" ဟု မြွက်ဆို ဆုပေးပြီး ဂန္ဓမာဒနတောင်သို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွလေသည်။ ဂန္ဓမာဒနတောင်သို့ ရောက်သောအခါ ရရှိခဲ့သော ဆွမ်းကို သီတင်းသုံးဖော် ဖြစ်သော ပစ္စေကဗုဒ္ဓါ ငါးရာတို့အား ဝေငှ လှူဒါန်းလေသည်။ ပစ္စေကဗုဒ္ဓါ၏ တန်ခိုး အာနုဘော်ကြောင့် တစ်စလယ်ချက်ဆွမ်းကို ပစ္စေကဗုဒ္ဓါငါးရာလုံး ဘုဉ်းပေးကြရလေသည်။

ဗာရာဏသီ သူဌေးနှင့် မိသားစုတို့သည် မိမိတို့၏ ထူးကဲသော ဒါနအတွက် ဝမ်းမြောက် ကြည်နူး၍မဆုံး ဖြစ်နေကြသည်။ သို့သော် ထိုနေ့အဖို့ မိမိတို့ စားစရာ လုံးဝ မရှိတော့သဖြင့် အိမ်ထဲမှာပင် ငြိမ်သက်စွာ အိပ်နေကြလေသည်။

ညဉ့်ဦးပိုင်း အချိန်သို့ ရောက်သောအခါ သူဌေးကြီးသည် အိပ်ရာမှ နိုး၍ ဝမ်းထဲမှ ဆာဆာရှိသဖြင့် "ရှင်မရယ်၊ ထမင်းအိုးထဲမှာ ချီးကပ်ကလေးများ ရှိဦး မလား၊ ကြည့်ပါဦး" ဟူ၍ သူဌေးကတော်ကြီးအား ပြောလေသည်။ သူဌေးကတော်



www.burmeseclassic.com

www.burmeseclassic.com



သည် မိမိကိုယ်တိုင် ခမီစောစောက ဆေးကြောထားသော ထမင်းအိုးကို သူဌေးကြီး စိတ်ကျေနပ်စေရန် သွား၍ ဖွင့်ကြည့်ရာ ကိုယ့်မျက်လုံးကိုပင် မယုံနိုင်အောင် ဖြစ်သွားလေ၏။ အကြောင်းကား စပယ်ပန်းငုံကဲ့သို့ ဖြူဖွေးသော ထမင်းများ အိုးထဲ၌ ပြည့်နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

ထို့နောက် သူဌေးကတော်ကြီးသည် ထူးကဲသော အလှူဒါနက လက်တွေ့ အကျိုးပေးခြင်း ဖြစ်ကြောင်း တွေးမိသဖြင့် သူဌေးကြီးအား ဝမ်းမြောက်စွာ ခူးကျွေးလေသည်။ ကျန်သော မိသားစု လေးယောက်တို့လည်း အလိုရှိသလောက် ခူးစားကြသည်။ သို့သော် တစ်စလယ်ချက်အိုးမှ ထမင်းကား အရာပင် မယွင်းချေ။ ဘဒ္ဒိယမြို့လုံး၌ ကြွေးကြော်၍ လာရောက် တောင်းခံသူတိုင်းအား ဝေငှ ကျွေးမွေးသော်လည်း မကုန်မခန်းနိုင်အောင် ရှိလေသည်။

## (၃)

ဗာရာဏသီ သူဌေးကြီးသည် ထိုဘဝမှ သေလွန်လျှင် နတ်ပြည်သို့ ရောက်လေ၏။ ထို့နောက် လူ့ပြည် နတ်ပြည်တို့၌ တစ်လှည့်စီ ကျင်လည်ခဲ့ပြီး ဗုဒ္ဓရှင်တော်မြတ် လက်ထက်တွင် အင်္ဂတိုင်း ဘဒ္ဒိယမြို့၌ မေဏ္ဍက အမည်ရှိသော သူဌေးကြီး ဖြစ်လာသည်။ သူဌေးကတော်အား စန္ဒပဒုမာဟု အမည်တွင်လေသည်။

မေဏ္ဍက သူဌေးကြီးသည် ထူးခြားသော ဘုန်းကံရှိသူ ဖြစ်၍ အလွန်များပြားသော စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။ သူ့အိမ်နောက်ဖေးမှ ရှစ်ပယ်မျှ ကျယ်ဝန်းသော အရပ်၌ နွားလားဥသဘ ပမာဏရှိသည့် ရွှေဖြင့်ပြီးသော ဆိတ်ရုပ်များ ကျောချင်းထိမျှ ပေါ်လာသည်။ အလိုရှိ၍ ရွှေဆိတ်ရုပ်တို့၏ ပါးစပ်ထဲသို့ နှိုက်လိုက်သည့်အခါ အဝတ်အထည်၊ ဆီ၊ ပျားတင်လဲ၊ ရွှေ ငွေ စသည့် ပစ္စည်းများ လိုချင်သလောက် ထွက်လာသည်။

သူဌေးကတော်ကြီး စန္ဒပဒုမာသည် ဆန်တစ်စလယ်ကို ချက်၍လာသမျှ လူတိုင်းအား ပေးလျှင် တစ်နေကုန် ခူးပေးသော်လည်း မကုန်ချေ။

သူဌေးသား ဓနဥ္စယကား ကျေးကျွန်အလုပ်သမားတို့အား ပေးရန်ရှိသော လခ ရိက္ခာတို့ကို နေ့စဉ် တာဝန်ယူ၍ ထုတ်ပေးရသည်။ ယင်းသို့ ပေးသောအခါ အသပြာတစ်ထောင်အိတ်ကို ကိုင်၍ တစ်နေကုန်ပေးသော်လည်း ထိုအသပြာတစ်ထောင်မှာ ကုန်ခန်းသွားသည်ဟူ၍ မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



နေ့ညယံ၏ဇနီး သုမနဒေဝီမှာမူ လိုအပ်သူတို့အား မျိုးစပါးများ ထုတ်ပေးရသည်။ တောင်းတစ်လုံးထဲ၌ စပါးအပြည့်ထည့်၍ လာသမျှ လူတိုင်းအား တစ်နေကုန်ပေးသော်လည်း တောင်းထဲမှ စပါးများ ကုန်ခန်းသွားခြင်း မရှိဟု ဆိုလေသည်။

သူဌေးကျွန် ပုဏ္ဏ၏ ဘုန်းကံကား အဆန်းကျယ်ဆုံး ဖြစ်၏။ သူသည် နွားနှစ်ကောင် က,သော ထွန်ဖြင့် လယ်တစ်ခါ ထွန်ယက်တိုင်း မြေကြီး၌ ထွန်သုံးချောင်းစာ အရာထင်လေသည်။ ဤသည်မှာလည်း သူတောင်းခဲ့သော ဆုအတိုင်း ပြည့်စုံခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် မေဏ္ဍက သူဌေးနှင့် မိသားစု ငါးဦးတို့သည် ရှေးဘဝ ဆုတောင်းအတိုင်း အသီးသီး ထူးခြားသော ဘုန်းကံပါရမီတို့နှင့် ပြည့်စုံကြလျက် ဘဒ္ဒိယမြို့၌ ထင်ရှား ကျော်ကြားလျက် ရှိကြလေသည်။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်း သံဃာ များစွာတို့နှင့်အတူ ဘဒ္ဒိယမြို့သို့ ကြွရောက်လာ၏။ ဘဒ္ဒိယ မြို့သူမြို့သားတို့သည် ဝမ်းမြောက်ဝမ်းသာဖြင့် ဗုဒ္ဓအား ခရီးဦးကြိုပြုကြရာ မေဏ္ဍက သူဌေးကြီးနှင့် မိသားစုတို့လည်း ရှေ့တန်းမှ ပါဝင်ခဲ့ကြသည်။

ထိုအခါ တိတ္ထိတို့သည် မေဏ္ဍက သူဌေးကြီးကို ဗုဒ္ဓမြတ်စွာထံ မသွားရန် လမ်းမှ ဆီး၍ တားကြသည်။ "သင်သည် 'ကိရိယာဝါဒ' အယူရှိသူ ဖြစ်ပါလျက် အဘယ့်ကြောင့် 'အကိရိယဝါဒ' အယူရှိသော ရဟန်းဂေါတမထံ သွားချင်ဘိသနည်း" ဟု ဆိုကြသည်။ သို့သော် သူဌေးကြီးသည် တိတ္ထိတို့စကားကို လက်မခံဘဲ ဗုဒ္ဓမြတ်စွာထံ အရောက်သွားခဲ့လေသည်။ ဗုဒ္ဓမြတ်စွာသည် မေဏ္ဍက သူဌေးကြီးအား ဒါနကထာ၊ သီလကထာ အစရှိသော တရားစကားကို အစဉ်အတိုင်း ဟောကြားတော်မူသည်။ သူဌေးကြီးသည် တရားအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါ မေဏ္ဍက သူဌေးက ဗုဒ္ဓမြတ်စွာထံသို့ မသွားရန် တိတ္ထိတို့က သူ့ကို တားဆီးခဲ့ကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ကြားသည်။ ဗုဒ္ဓမြတ်စွာက "သူကြွယ်၊ သတ္တဝါတွေဟာ ကိုယ့်အပြစ် ဘယ်လောက်ပဲကြီးကြီး မမြင်တတ်ဘူး၊ သူများအပြစ်ကိုတော့ မရှိတာတောင် အရှိလုပ်ပြောတတ်ကြတယ်" ဟု မိန့်ကြားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးတို့၏ အပြစ်ကို မြင်လွယ်၏၊ မိမိအပြစ်ကိုမူ မြင်ခဲ၏၊ ဖွဲကို လွှင့်သကဲ့သို့ သူတစ်ပါးတို့၏ အပြစ်ကို လွှင့်တတ်၏၊ ငှက်ပစ်မုဆိုးသည် သူ့ကိုယ်ကို သစ်ခက်စသည်ဖြင့် ဖုံးထားသကဲ့သို့ မိမိ၏ အပြစ်ကို ဖုံးထားတတ်၏"

ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၁၈။ မလဝဂ်၊ ၁၀-မေဏ္ဍကသေဋ္ဌိ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# မိခင့်မေတ္တာ

ရာဇဗြိုဟ်ပြည်မှ သူဌေးသမီး တစ်ယောက်သည် ငယ်ရွယ်စဉ်အချိန်မှစ၍ အိမ်ထောင်သားမွေး လူမှုရေးကိစ္စများကို ရွံရှာစက်ဆုပ်လှသဖြင့် လူ့ဘဝကို စွန့်ပယ်၍ ဘိက္ခုနီမ ပြုလုပ်ရန် စိတ်အား ထက်သန်နေ၏။ ထိုအကြောင်းကို မိဘနှစ်ပါးအား ဖွင့်ဟပြောကြား၍ ဘိက္ခုနီမ ပြုလုပ်ခွင့်ပေးပါရန် ခွင့်တောင်းရာ တစ်ဦးတည်းသော သမီးဖြစ်၍ မိဘများက ခွင့်မပေးကြချေ။

အချိန်အရွယ် ရောက်သောအခါ ထိုသူဌေးသမီးကို တစ်ဦးသော သူဌေးသား နှင့် ထိမ်းမြားလက်ထပ်ပေးလိုက်ကြသည်။ 'သျှောင်နောက်ဆံထုံး ပါရစမြဲ' ဖြစ်၍ လင့်အိမ်သို့ လိုက်ခဲ့ရသော်လည်း သူဌေးသမီးကား အိမ်ထောင်သည်ဘဝ၌ ပျော်ပိုက်ခြင်းမရှိ၊ ဝတ်ကြောင်ကို စွန့်ပယ်၍ ဘိက္ခုနီ ဘဝသို့ ကူးပြောင်းခွင့် ရရှိရန်သာ အမြဲ စဉ်းစားနေသည်။

သူဌေးသားကား ညားခါစ ဇနီးချောကလေးအား ကြင်နာယုယစွာဖြင့် အရိပ်တကြည့်ကြည့်နေသည်။ သို့သော် ဇနီးသည်မှာ သူလို ရွှင်ရွှင်ပျပျ မရှိလှဘဲ ခပ်မှိုင်မှိုင် ဖြစ်၍ နေသည်ကို တွေ့ရသဖြင့် စိုးရိမ်မကင်း ဖြစ်နေလေသည်။ မိဘပေးစား၍ ယူခဲ့ရခြင်းဖြစ်၍ မိမိအပေါ် မေတ္တာမမျှနိုင်ဘဲ ဖြစ်နေသလောဟု တွေးတောပူပန်နေသည်။ သို့ရာတွင် ရုတ်တရက် ဖွင့်ဟ၍လည်း မမေးရက်သောကြောင့် တအုံနွေးနွေးဖြစ်ကာ အိမ်ထောင်ရေးသုခကို အပြည့်အဝ မခံစားရဘဲ အချိန်ကာလများ ကုန်လွန်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရက်ပိုင်းမှ လပိုင်းသို့ ကူးလာသောအခါ သူဌေးသားသည် မိမိ၏ ခံစားချက်ကို ဆက်လက် မျိုသိပ်၍ မထားနိုင်တော့ချေ။ ထို့ကြောင့် တစ်နေ့တွင် သူဌေးသမီးအား ဖွင့်ဟ မေးမြန်းလေသည်။

"ချစ်နှမ၊ လက်ထပ်တဲ့နေ့ကစပြီး ဒီနေ့အထိ နှမရဲ့ မျက်နှာဟာ တစ်နေ့ တစ်ရက်မျှ ကြည်ကြည်သာ မရှိခဲ့ပါလား။ ဒီလိုဖြစ်နေတာ ဘာကြောင့်လဲ၊ မောင့် အပေါ် မေတ္တာ မသက်ဝင်နိုင်လို့လား"

"မောင့်အပေါ် မေတ္တာမသက်ဝင်လို့တော့ မဟုတ်ပါဘူး မောင်ရယ်၊ ဒါပေမယ့် နှမဟာ အိမ်ထောင်သားမွေး အလုပ်ကို ငယ်ငယ်ကတည်းက အလွန် ရွံရှာစက်ဆုပ်ခဲ့သူ ဖြစ်ပါတယ်၊ ဒါကြောင့်မို့လဲ ခုလို အိမ်ထောင်သည်ဘဝမှာ တစ်နေ့တစ်ရက်မျှ မပျော်ပိုက်နိုင်ခြင်း ဖြစ်ပါတယ်၊ ဖြစ်နိုင်ရင်တော့ နှမဟာ ဒီနေ့ ပဲ အိမ်ကထွက်ပြီး ဘိက္ခုနီမ လုပ်ချင်ပါတယ် မောင်ရယ်"

သူဌေးသားက တော့တော့ဆိုင်ဆိုင် မေးမြန်းလာသောအခါ သူဌေးသမီးကလည်း သူမ၏ စိတ်ဆန္ဒကို ပွင့်ပွင့်လင်းလင်းပင် ဖွင့်ဟ ပြောကြားလိုက်လေသည်။ ထိုအခါ သူဌေးသားမှာ စဉ်းစားစရာ ဖြစ်လာသည်။ "လောကီအာရုံ ကာမဂုဏ်ကို မက်မော တွယ်တာခြင်း မရှိသော အမျိုးသမီးတစ်ဦးအား ဇနီးသည်အဖြစ် သိမ်းပိုက်ထားခြင်း သည် ကိုယ့်အတွက်လည်း အကျိုးမရှိ၊ သူ့အတွက်လည်း ဓမ္မအန္တရာယ်ပင် ဖြစ်နေ လိမ့်မည်။ သူ့အလိုသို့လိုက်၍ သူ့စိတ်ကြိုက်အတိုင်း ဘိက္ခုနီမ လုပ်ခွင့်ပေးလိုက်မည် ဆိုပါစို့ သူ့ပါရမီကို ကူညီ၍ ဖြည့်စွမ်းပေးရာပင် ရောက်မည်မဟုတ်ပါလား" သူဌေးသားသည် ဤသို့ စဉ်းစားမိသဖြင့် တစ်ထိုင်တည်းဖြင့်ပင် စိတ်ပိုင်းဖြတ်ကာ သူဌေးသမီးအား ဤသို့ ပြောလိုက်လေသည်။

"လူ့ဘဝမှာ နှမ ပျော်ဘူးဆိုရင်တော့ ဘိက္ခုနီမလုပ်ချင်တယ် ဆိုတာကို မောင် မတားလိုပါဘူး၊ တားလဲ မတားကောင်းပါဘူး ချစ်နှမ"

သူဌေးသားထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသောအခါ သူဌေး သမီးသည် အတိုင်းမသိ ဝမ်းမြောက်သွားလေ၏။ ထို့ကြောင့် အချိန်ဆွဲ မနေတော့ဘဲ နေ့ချင်း ရက်ချင်းပင် ဘိက္ခုနီမကျောင်းသို့ သွားရန် ပြင်ဆင်လေ၏။ သူဌေးသား ကလည်း လိုအပ်သော ပစ္စည်းပရိက္ခရာများနှင့်အတူ သူမကို ဘိက္ခုနီမကျောင်းသို့ ကောင်းမွန်စွာ ပို့ဆောင်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုကျောင်းမှာ ရှင်ဒေဝဒတ်၏ ဩဝါဒခံ ဘိက္ခုနီများနေသောကျောင်း ဖြစ်နေသည်။ ထိုအချိန်မှာ ရှင်ဒေဝဒတ်သည် ဗုဒ္ဓမြတ်စွာကို ဆန့်ကျင်ဘက် လုပ်ပြီး သံဃာ့ဂိုဏ်း သီးခြား ထောင်နေသော အချိန်ဖြစ်၏။ ဒေဝဒတ်နောက်သို့ ပါသွားသူများတွင် မသိမလိမ္မာသော ရဟန်းငယ်များအပြင် ၎င်းတို့နှင့် ခင်မင်ရင်းနှီးသော ဘိက္ခုနီမများလည်း ပါဝင်ခဲ့ကြလေသည်။

ရာဇဂြိုဟ် သူဌေးသမီးသည် ဘိက္ခုနီ အဖြစ်သို့ ရောက်၍ နှစ်လ သုံးလ ခန့် ကြာသောအခါ ကိုယ်လေးလက်ဝန် ရှိလာ၏။ ထိုအခြင်းအရာကို အခြားသော ဘိက္ခုနီတို့မြင်ကြလျှင် ထိတ်လန့်တကြားဖြစ်ကာ မိမိတို့ဆရာ ရှင်ဒေဝဒတ်ထံသို့ သွားရောက် တိုင်တန်းကြသည်။ ရှင်ဒေဝဒတ်သည် အကြောင်းခြင်းရာကို စုံစမ်း စစ်ဆေးခြင်း မပြုဘဲ သူ့ပရိသတ် နာမည်ပျက်မည်ကို စိုးရိမ်သောကြောင့် ဘိက္ခုနီမ လေးကို လူဝတ်လဲပေးစေဟု ဆုံးဖြတ်ချက် ချပေးလိုက်သည်။

ထိုအခါ ဘိက္ခုနီမလေးက ငိုကြီးချက်မဖြင့် "အရှင်မတို့၊ တပည့်တော် သည် ရှင်ဒေဝဒတ်ကို ရည်ညွှန်း၍ ဘိက္ခုနီ လုပ်ခဲ့သည်မဟုတ်၊ ဗုဒ္ဓရှင်တော်မြတ် ကိုသာ ရည်ညွှန်း၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်၊ ယခု တပည့်တော်ကို ဗုဒ္ဓရှင်တော် မြတ်ထံ ပို့ဆောင်ပေးကြပါ" ဟု တောင်းပန်လေသည်။ သို့ဖြစ်၍ ထိုဘိက္ခုနီမ ကလေးကို ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ခေါ်သွားကြသည်။ ဗုဒ္ဓရှင်တော်မြတ်သည် အဖြစ်အပျက်ကို မေးမြန်းတော်မူပြီး ဝိနည်းအရာ၌ လိမ္မာကျွမ်းကျင်သော ရှင်ဥပါလိ မထေရ်ကို ခေါ်၍ ပြဿနာကို စီရင်ဆုံးဖြတ်ရန် တာဝန်ပေးအပ်တော်မူလေသည်။

ထိုအခါ ရှင်ဥပါလိသည် ကောသလမင်းကြီးနှင့်တကွ အနာထပိဏ် သူဌေး ကြီး၊ ဝိသာခါ ကျောင်းအမကြီး စသော လူပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌ ပြဿနာကို ရှင်းလင်းမိန့်ကြားပြီး ထိုဘိက္ခုနီမ၏ ကိုယ်ဝန်ကို စိစစ်ရန် ဝိသာခါအား တာဝန်ပေး လိုက်သည်။ ဝိသာခါသည် ဘိက္ခုနီအား အခန်းငယ် တစ်ခုထဲသို့ ခေါ်သွားပြီး သူမ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးရာ ဘိက္ခုနီ မဖြစ်မီ လူဘဝ က ရခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း ကောင်းစွာ သိရှိလေ၏။ ထိုအကြောင်းကို ရှင်ဥပါလိအား လျှောက်ကြားလျှင် ရှင်ဥပါလိကလည်း သီလစင်ကြယ်သူဖြစ်ကြောင်း ဆုံးဖြတ်ချက် ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဘိက္ခုနီသည် လ, ရက်စေ့သောအခါ သားယောကျ်ားလေးတစ်ယောက်ကို မွေးဖွားလေ၏။ တစ်နေ့သ၌ ကောသလမင်းကြီးသည် ဘိက္ခုနီကျောင်း အနီးမှ ဖြတ်သန်းသွားစဉ် ကလေးငိုသံ ကြားသဖြင့် အမတ်တို့အား "ဘယ်က ကလေးငိုသံလဲ" ဟု မေးမြန်းလေ၏။ အမတ်တို့က အကြောင်းစုံကို လျှောက်တင်သောအခါ "ဘိက္ခုနီကျောင်း၌ ကလေးငယ်ရှိခြင်းသည် မလျောက်ပတ်၊ တရားဘာဝနာ ပွားရေးတွင်လည်း အနှောင့်အယှက်ဖြစ်၏" ဟု မိန့်ကြားပြီး ဘိက္ခုနီထံမှ ကလေးငယ်ကို တောင်းယူ၍ နန်းတွင်း၌ မွေးစားထားသည်။ 'ကုမာရ ကဿပ' ဟုလည်း နာမည်ပေးထားလေသည်။

ကုမာရကဿပသည် အရွယ်ရောက်လာသောအခါ သူ့မိဘအရင်းအချာများ မည်သူမည်ဝါဖြစ်ကြောင်း ပြောကြားရန် မင်းကြီးထံ၌ ပူဆာလေသည်။ မင်းကြီးလည်း အကြိမ်ကြိမ် ပူဆာသောအခါ မနေသာတော့သဖြင့် "ချစ်သား၊ သင့်မိခင်ကား ဘိက္ခုနီတစ်ပါးဖြစ်၏" ဟု ထုတ်ဖော် ပြောလိုက်လေသည်။ ထိုအခါ ကုမာရကဿပသည် နန်းတွင်းမှာ နေရသော်လည်း မိမဲ့ဖမဲ့ဖြစ်၍ မျက်နှာငယ်လှသောကြောင့် သာသနာ့ဘောင်သို့ဝင်၍ ရဟန်းပြုလေသည်။

ရှင်ကုမာရကဿပသည် ရဟန်းပြုပြီးနောက် တောကျောင်းသို့ သွား၍ ကမ္မဋ္ဌာန်းကို အားထုတ်ရာ တစ်ဆယ့်နှစ်နှစ်ကြာမှ အရဟတ္တဖိုလ်သို့ ရောက်လေသည်။ ထိုတစ်ဆယ့်နှစ်နှစ် အတွင်း၌ ရှင်ကုမာရ၏ မယ်တော်ဖြစ်သော ဘိက္ခုနီမသည် သားကို မမြင်မတွေ့ရသောကြောင့် မျက်ခွက်နှင့်မျက်ရည် မပြတ်အောင် ရှိလေသည်။

တစ်နေ့သ၌ ထိုဘိက္ခုနီသည် သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံလှည့်လည်စဉ် ရှင်ကုမာရကို လှမ်း၍မြင်လိုက်၏။ သူမသည် တစ်ဆယ့်နှစ်နှစ်ကြာအောင် ကွဲကွာနေသည့်သားကို ရုတ်တရက် မြင်တွေ့လိုက်ရခြင်း ဖြစ်သောကြောင့် ဣန္ဒြေသိက္ခာကို မထိန်းနိုင်တော့ဘဲ နောက်မှ အလျင်အမြန် လိုက်ပြေးပြီး ရှင်ကုမာရ၏ သင်္ကန်းကို ဆွဲကိုင်လေသည်။ ထိုအခါ ရှင်ကုမာရက မျက်နှာထား ခပ်တည်တည်ဖြင့် ...

"အို ... ဘိက္ခုနီ၊ သင်သည် ဘုရားသာသနာ၌ ရဟန်းပြုနေသူ ဖြစ်ပါလျက် တဏှာပေမကိုပင် ဖြတ်တောက်ခြင်း မပြုနိုင်ခဲ့၊ ဤမျှသော ကာလပတ်လုံး သင် ဘာလုပ်နေသလဲ" ဟူ၍ မိန့်ကြားလေသည်။ ဤသို့ သားအရင်းခေါက်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



က မိမိအပေါ်၌ သံယောဇဉ်မထားဘဲ ပြတ်ပြတ်တင်းတင်း ပြောဆိုခြင်း ခံရသောအခါ ထိုဘိက္ခုနီမသည် သားအပေါ်၌ ထားရှိသော ချစ်ခြင်းကို ဖြတ်တောက်၍ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ရာ နေ့ချင်းပင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

တစ်နေ့သ၌ တရားသဘင်၌ စုဝေးမိကြသော ရဟန်းတို့သည် ရှင်ကုမာရကဿပနှင့် သူ့မယ်တော် ထေရီမတို့၏ အကြောင်းကို ဆွေးနွေးပြောဆိုနေကြသည်။

"ငါ့ရှင်တို့၊ ပါရမီဝ ရင့်သန်သူများဖြစ်သည့် ရှင်ကုမာရကဿပနှင့် သူ့မယ်တော်တို့သည် ဒေဝဒတ်၏ ပယောဂကြောင့် ဘဝဆုံးရမည့်ဘေးမှ သီသီကလေး လွတ်ခဲ့ကြသည်၊ ဗုဒ္ဓရှင်တော်မြတ်နှင့် တွေ့ဆုံမိခြင်းကြောင့်သာ သူတို့နှစ်ဦးလုံး မဂ်ဖိုလ်သို့ ရောက်ခဲ့ကြခြင်း ဖြစ်ပေသည်၊ ဗုဒ္ဓရှင်တော်မြတ်ကား သတ္တဝါတို့၏ အားကိုးရာအစစ် ဖြစ်ပါပေ၏"

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် တရားသဘင်သို့ ကြွလာပြီး အဘယ်စကားကို ပြောဆိုနေကြသနည်းဟု ရဟန်းတို့ကို မေးတော်မူသည်။ ရဟန်းတို့က ရှင်ကုမာရကဿပနှင့် သူ့မယ်တော်အကြောင်းကို ပြောဆိုနေကြကြောင်း ဖြေကြားကြသည်။ ထိုအခါ ဗုဒ္ဓက "ရဟန်းတို့၊ ငါသည် ယခုအခါ၌သာ ထိုသူနှစ်ဦး၏ အားထားရာ ဖြစ်သည်မဟုတ်၊ ရှေး၌လည်း ဖြစ်ခဲ့၏" ဟု မိန့်ကြားပြီး နိဂြောဓ ဇာတ်ကို ဟောကြားတော်မူသည်။

ထို့နောက် တစ်ဖန် ကုမာရကဿပ၏ မယ်တော်သည် သားအပေါ်၌ ချစ်ခြင်းကိုဖြတ်ပြီး မိမိကိုယ်မိမိသာ အားကိုးရာဖြစ်ကြောင်း သိမြင်ခဲ့သဖြင့် အရဟတ္တဖိုလ်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း မိန့်ကြားပြီး ...

"မိမိသည်သာ မိမိ၏ ကိုးစားရာစင်စစ် ဖြစ်ပေ၏၊ သူတစ်ပါးသည် မိမိ၏ ကိုးစားရာ ဘယ်မှာ ဖြစ်နိုင်ပါမည်နည်း၊ မိမိကိုယ်မိမိ ကောင်းစွာ ဆုံးမခြင်းဖြင့်သာလျှင် ရနိုင်ခဲသော အရဟတ္တဖိုလ်ကို ရရှိနိုင်ပေ၏" ဟူသော ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မှတ်ချက်။ ။ နိဂြောဓဇာတ်ဟူသည် ငါးရာငါးဆယ် ဇာတ်နိပါတ် အမှတ်စဉ်-၁၂လာ နိဂြောဓမိဂ ဇာတ်ကို ဆိုလိုပါသည်။

(၁၂။ အတ္တဝဂ်၊ ၄-ကုမာရကဿပ မာတုထေရီ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# ဝက်ပြိတ္တာ

## (၁)

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်တွင် ရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် မြို့၏အရှေ့ဘက်ရှိ ဂိဇ္ဈကုဋ် တောင်ပေါ်သို့ တက်ရောက်သီတင်းသုံးနေလေသည်။ တစ်ခုသော နံနက်ခင်း၌ ရှင်မောဂ္ဂလ္လာန်သည် ရှင်လက္ခဏ မထေရ်နှင့်အတူ ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာသည်။ တောင်ခြေသို့ ရောက်သောအခါ ရှင်မောဂ္ဂလ္လာန် အမှတ်မထင် ပြုံးလိုက်သည်ကို ရှင်လက္ခဏက မြင်သည်။ ထို့ကြောင့် ...

"ငါ့ရှင် မောဂ္ဂလ္လာန်၊ ဘာအကြောင်းကြောင့် သင် ပြုံးပါသလဲ" ဟု မေးသည်။ ရှင်မောဂ္ဂလ္လာန်က ...

"ငါ့ရှင် လက္ခဏ၊ ဗုဒ္ဓမြတ်စွာရှေ့ကျမှ ဒီမေးခွန်းကို မေးပါ" ဟု ပြန်ပြောလေသည်။

ထို့နောက် မထေရ် နှစ်ပါးသည် ဆွမ်းခံရန် ခရီးဆက်ခဲ့ကြသည်။ ညနေပိုင်းသို့ ရောက်သောအခါ၌လည်း နှစ်ပါးအတူပင် ဗုဒ္ဓရှင်တော်မြတ်ထံသို့ သွားရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ ရှေ့မှောက်၌ ထိုင်နေကြစဉ် ရှင်လက္ခဏာက ရှင်မောဂ္ဂလ္လာန်အား နံနက်ပိုင်းက မေးခွန်းကို မေးလေသည်။ ထိုအခါ မောဂ္ဂလ္လာန်က သူ ပြုံးရယ်ခဲ့ခြင်း အကြောင်းကို ပြန်ပြောင်း ပြောပြလေသည်။

"ငါ့ရှင် လက္ခဏာ၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာတုန်းက ပြိတ္တာကြီး တစ်ကောင်ကို တပည့်တော် မြင်ခဲ့ရတယ်။ အဲဒီ ပြိတ္တာဟာ အလျား သုံးဂါဝုတ် လောက် ရှည်တယ်၊ ကိုယ်က လူကိုယ်၊ ခေါင်းကတော့ ဝက်ခေါင်းလိုပဲ၊ သူ့ ပါးစပ်ထဲက အမြီးကြီး ပေါက်နေတယ်၊ ပြီးတော့ ပိုးလောက်တွေလဲ ထွက်ကျနေ တယ်၊ အဲဒီလို ထူးဆန်းတဲ့ သတ္တဝါကြီးကို မြင်ရတဲ့အတွက် တပည့်တော် ပြုံးရယ် ခဲ့ခြင်း ဖြစ်ပါတယ်"

ရှင်မောဂ္ဂလ္လာန်က ထိုသို့ ပြောကြားသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် "ငါ့ တပည့်တို့သည် မျက်စိအမြင်နှင့် ပြည့်စုံကြပါပေသည်" ဟု ချီးကျူးစကား မိန့်ကြားတော်မူသည်။ ထို့နောက် ...

"ရဟန်းတို့၊ ငါသည် ဤပြိတ္တာကြီးကို ဘုရားဖြစ်စအချိန်ကပင် မြင်ခဲ့၏။ သို့သော် ငါ့စကားကို မယုံကြည်သူများ အကျိုးစီးပွား ဆုတ်ယုတ်ဖွယ်ရှိသောကြောင့် ထုတ်ဖော် ဟောကြားခြင်း မပြုခဲ့ပေ" ဟု ဗုဒ္ဓက ဆက်လက် မိန့်ကြားတော်မူ သည်။ ထိုအခါ ရဟန်းတို့က ဝက်ပြိတ္တာကြီး၏ အတိတ်ကံကို ထုတ်ဖော် ဟောကြား ရန် တောင်းပန်ကြသည်။ ထို့ကြောင့် ဗုဒ္ဓက အတိတ်ကို ဆောင်တော်မူလေသည်။

(၂)

ကဿပ မြတ်စွာဘုရား လက်ထက်က တောရွာကျောင်း တစ်ကျောင်း၌ မထေရ်နှစ်ပါး အညီအညွတ် နေကြလေသည်။ မထေရ်နှစ်ပါးတို့တွင် မထေရ်ကြီး သည် ဝါခြောက်ဆယ်၊ မထေရ်ငယ်က (၅၉)ဝါရှိပြီ ဖြစ်သော်လည်း မထေရ်ငယ် သည် မထေရ်ကြီး၏ သပိတ်သင်္ကန်းကိုယူ၍ နောက်မှ လိုက်သည်။ သာမဏေငယ် ကလေးနှင့်မခြား ဝတ်ကြီးဝတ်ငယ်ကို ပြုစုသည်။

ဤသို့ တစ်အူတုံဆင်း ညီအစ်ကိုရင်းကဲ့သို့ ချစ်ခင်စွာနေကြသော မထေရ် နှစ်ပါး၏ ကျောင်းသို့ တစ်နေ့တွင် ဓမ္မကထိက ရဟန်းတစ်ပါးရောက်လာသည်။ မထေရ်နှစ်ပါးတို့သည် ထို ဓမ္မကထိက ရဟန်းကို ချီးမြှောက်လိုကြသဖြင့် ဆွမ်း ခံရွာသို့ ခေါ်သွားကြပြီး ရွာသူရွာသားတို့အား တရားဟောခိုင်းကြသည်။ ရွာသူ



www.burmeseclassic.com

www.burmeseclassic.com

# ဝက်ပြိတ္တာ

(၁)

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်တွင် ရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် မြို့၏အရှေ့ဘက်ရှိ ဂိဇ္ဈကုဋ် တောင်ပေါ်သို့ တက်ရောက်သီတင်းသုံးနေလေသည်။ တစ်ခုသော နံနက်ခင်း၌ ရှင်မောဂ္ဂလ္လာန်သည် ရှင်လက္ခဏ မထေရ်နှင့်အတူ ရာဇဂြိုဟ် မြို့ထဲသို့ ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာသည်။ တောင်ခြေသို့ ရောက်သောအခါ ရှင်မောဂ္ဂလ္လာန် အမှတ်မထင် ပြုံးလိုက်သည်ကို ရှင်လက္ခဏာက မြင်သည်။ ထို့ကြောင့် ...

"ငါ့ရှင် မောဂ္ဂလ္လာန်၊ ဘာအကြောင်းကြောင့် သင် ပြုံးပါသလဲ" ဟု မေးသည်။ ရှင်မောဂ္ဂလ္လာန်က ...

"ငါ့ရှင် လက္ခဏ၊ ဗုဒ္ဓမြတ်စွာရှေ့ကျမှ ဒီမေးခွန်းကို မေးပါ" ဟု ပြန်ပြော လေသည်။

ထို့နောက် မထေရ် နှစ်ပါးသည် ဆွမ်းခံရန် ခရီးဆက်ခဲ့ကြသည်။ ညနေပိုင်းသို့ ရောက်သောအခါ၌လည်း နှစ်ပါးအတူပင် ဗုဒ္ဓရှင်တော်မြတ်ထံသို့ သွားရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ ရှေ့မှောက်၌ ထိုင်နေကြစဉ် ရှင်လက္ခဏက ရှင်မောဂ္ဂလ္လာန်အား နံနက်ပိုင်းက မေးခွန်းကို မေးလေသည်။ ထိုအခါ မောဂ္ဂလ္လာန်က သူ ပြုံးရယ်ခဲ့ခြင်း အကြောင်းကို ပြန်ပြောင်း ပြောပြလေသည်။

"ငါ့ရှင် လက္ခဏ၊ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာတုန်းက ပြိတ္တာကြီး တစ်ကောင်ကို တပည့်တော် မြင်ခဲ့ရတယ်။ အဲဒီ ပြိတ္တာဟာ အလျား သုံးဂါဝုတ် လောက် ရှည်တယ်၊ ကိုယ်က လူကိုယ်၊ ခေါင်းကတော့ ဝက်ခေါင်းလိုပဲ၊ သူ့ ပါးစပ်ထဲက အမြီးကြီး ပေါက်နေတယ်၊ ပြီးတော့ ပိုးလောက်တွေလဲ ထွက်ကျနေ တယ်၊ အဲဒီလို ထူးဆန်းတဲ့ သတ္တဝါကြီးကို မြင်ရတဲ့အတွက် တပည့်တော် ပြုံးရယ် ခဲ့ခြင်း ဖြစ်ပါတယ်"

ရှင်မောဂ္ဂလ္လာန်က ထိုသို့ ပြောကြားသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် "ငါ့ တပည့်တို့သည် မျက်စိအမြင်နှင့် ပြည့်စုံကြပါပေသည်" ဟု ချီးကျူးစကား မိန့်ကြားတော်မူသည်။ ထို့နောက် ...

"ရဟန်းတို့၊ ငါသည် ဤပြိတ္တာကြီးကို ဘုရားဖြစ်စအချိန်ကပင် မြင်ခဲ့၏။ သို့သော် ငါ့စကားကို မယုံကြည်သူများ အကျိုးစီးပွား ဆုတ်ယုတ်ဖွယ်ရှိသောကြောင့် ထုတ်ဖော် ဟောကြားခြင်း မပြုခဲ့ပေ" ဟု ဗုဒ္ဓက ဆက်လက် မိန့်ကြားတော်မူ သည်။ ထိုအခါ ရဟန်းတို့က ဝက်ပြိတ္တာကြီး၏ အတိတ်ကံကို ထုတ်ဖော် ဟောကြား ရန် တောင်းပန်ကြသည်။ ထို့ကြောင့် ဗုဒ္ဓက အတိတ်ကို ဆောင်တော်မူလေသည်။

(၂)

ကဿပ မြတ်စွာဘုရား လက်ထက်က တောရွာကျောင်း တစ်ကျောင်း၌ မထေရ်နှစ်ပါး အညီအညွတ် နေကြလေသည်။ မထေရ်နှစ်ပါးတို့တွင် မထေရ်ကြီး သည် ဝါခြောက်ဆယ်၊ မထေရ်ငယ်က (၅၉)ဝါရှိပြီ ဖြစ်သော်လည်း မထေရ်ငယ် သည် မထေရ်ကြီး၏ သပိတ်သင်္ကန်းကိုယူ၍ နောက်မှ လိုက်သည်။ သာမဏေငယ် ကလေးနှင့်မခြား ဝတ်ကြီးဝတ်ငယ်ကို ပြုစုသည်။

ဤသို့ တစ်အူတုံ့ဆင်း ညီအစ်ကိုရင်းကဲ့သို့ ချစ်ခင်စွာနေကြသော မထေရ် နှစ်ပါး၏ ကျောင်းသို့ တစ်နေ့တွင် ဓမ္မကထိက ရဟန်းတစ်ပါးရောက်လာသည်။ မထေရ်နှစ်ပါးတို့သည် ထို ဓမ္မကထိက ရဟန်းကို ချီးမြှောက်လိုကြသဖြင့် ဆွမ်း ခံရွာသို့ ခေါ်သွားကြပြီး ရွာသူရွာသားတို့အား တရားဟောခိုင်းကြသည်။ ရွာသူ



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတို့သည် ဓမ္မကထိကရဟန်းကို ကြည်ညို၍ နောက်နေ့တွင်လည်း သူတို့ရွာသို့ ဆွမ်းခံကြွရန် ပင့်ဖိတ်ကြသည်။

ဤသို့သောနည်းဖြင့် ကျောင်းပတ်ဝန်းကျင်ရှိ ရွာသူရွာသားများက သူ့အား အထူး ကြည်ညိုလာကြသည်ကို တွေ့မြင်ရသောအခါ ဓမ္မကထိက ရဟန်းအား ထိုကျောင်း၌ အမြဲတမ်း နေလိုစိတ် ဖြစ်ပေါ်လာသည်။ ထိုကျောင်း၌ သူ အမြဲတမ်း နေနိုင်ရန် ကျောင်းနေ မထေရ်နှစ်ပါးကို ပ,ထုတ်ပြီး ကျောင်းကို အပိုင်စီးရန် ကြံလေသည်။

ဓမ္မကထိက ရဟန်းသည် ကျောင်းနေ မထေရ်နှစ်ပါးကို ပ,ထုတ်နိုင်ရန် အတွက် မထေရ် နှစ်ပါး စိတ်ဝမ်းကွဲစေမည့် အပြုအမူများကို မသိမသာ ပြုလုပ်လေသည်။ မထေရ်ကြီးဖြစ်သော ရဟန်းနှင့် တစ်ပါးချင်း တွေ့သောအခါ မထေရ်ငယ် အပြစ်ကို မသိမသာ ပြောဆိုသည်။ မထေရ်ငယ်နှင့် တစ်ပါးချင်း တွေ့သောအခါ၌လည်း မထေရ်ကြီး၏ အပြစ်များကို ပြောလေသည်။ ယခင်က အမြဲတမ်း တပူးတွဲတွဲ နေခဲ့ကြသော မထေရ်နှစ်ပါးတို့သည် ဓမ္မကထိက ရဟန်း၏ သွေးခွဲမှုကြောင့် ဆွမ်းခံရာ၌ပင် တကွဲတပြားစီ သွားကြလေ၏။ တစ်ပါးနှင့်တစ်ပါး မျက်နှာချင်း မဆိုင်ကြတော့ချေ။

တစ်နေ့သည်၌ မထေရ်နှစ်ပါးသည် ဆွမ်းစားဇရပ်၌ ဆုံမိကြစဉ် တစ်ပါးနှင့် တစ်ပါး အချင်းများကြသည်။ ထိုအခါ မထေရ်ကြီးသည် "ဒီကျောင်းမှာ ငါ မနေလိုတော့" ဟု ဆို၍ သပိတ်သင်္ကန်းကို ယူကာ ကျောင်းမှ ထွက်ခွာသွားသည်။ မထေရ်ငယ်ကလည်း အရှုံးမပေးလိုသည့် စိတ်ဖြင့် "တပည့်တော်လဲ ဒီကျောင်းမှာ မနေပါဘူး" ဟု ဆိုကာ တခြားအရပ်သို့ ထွက်ခွာသွားလေသည်။

ဓမ္မကထိကရဟန်းကား အပေါ်ယံ ဟန်ဆောင်အားဖြင့် မထေရ်နှစ်ပါးကို အချင်း မများကြရန် တားဆီးသည်။ သို့သော် အတွင်းစိတ်ကမူ ကျိတ်၍ ဝမ်းသာနေသည်။ ကျောင်းမှ မထေရ်နှစ်ပါးလုံး ထွက်ခွာသွားသော အချိန်တွင်မူ သူ့ရည်မှန်းချက် လုံးဝ အောင်မြင်ပြီ ဖြစ်၍ ထိုကျောင်းကို အပိုင်စီးကာ တစ်ပါးတည်း ကြိုက်သလို နေလေတော့သည်။ ဆွမ်းခံရွာမှ လူများအားလည်း မထေရ်နှစ်ပါး အချင်းများ၍ ကျောင်းမှ ထွက်ခွာသွားကြကြောင်း၊ မိမိက တားသော်လည်း မရကြောင်းများကို ယုံကြည်အောင် လှည့်ပတ် သွယ်ဝိုက်၍ ပြောလေသည်။ သို့သော် စဉ်းစားဉာဏ်ရှိသူများကမူ ဓမ္မကထိက ရဟန်း၏ လက်ချက်ကြောင့် ဖြစ်ကြောင်း ရိပ်မိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး တစ်နေရာစီ ထွက်ခွာခဲ့ကြသော မထေရ်နှစ်ပါးတို့သည် ရောက်ရာ အရပ်၌ သင့်တော်သလို နေကြသည်။ ယင်းသို့ နေကြသော်လည်း ယခင်ကကဲ့သို့ စိတ်ချမ်းသာမှု မရတော့ချေ။ မိမိတို့၏ အဖြစ်အပျက်များကို မကြာခဏ ပြန်လည် သတိရပြီး စိတ်ထိခိုက်နေကြသည်။ နှစ်ပေါင်းများစွာ အတူနေခဲ့ကြသူများ ဖြစ်ပါ လျက် နာကျည်းဖွယ် စကားများကို ပြောရက်လေခြင်း ဟူ၍ တစ်ပါးအပေါ် တစ်ပါး စိတ်နာနေကြသည်။

ထိုမထေရ်နှစ်ပါးတို့သည် ဤသို့ တကွဲတပြားစီ လှည့်လည်နေကြရာမှ နှစ်ပေါင်းများစွာ ကြာသောအခါ ကျောင်းတစ်ကျောင်း၌ အမှတ်မထင် ဆုံဆည်း မိကြလေသည်။ ထိုကျောင်းသို့ မထေရ်ကြီးက ရှေးဦးစွာ ရောက်ရှိနေပြီး မထေရ် ငယ်က နောက်မှ ရောက်လာခြင်း ဖြစ်လေသည်။ ကျောင်းနေ ရဟန်းတို့က အာဂန္တုမထေရ်နှစ်ပါးအား ကျောင်းဆောင်တစ်ခုတည်း၌ တည်းခိုရန် နေရာချထား ကြသည်။ မထေရ်နှစ်ပါးတို့သည် တစ်ပါးနှင့်တစ်ပါး မမျှော်လင့်ဘဲ တွေ့ဆုံမိကြ သောအခါ ရုတ်တရက် စကားမဆိုနိုင်ဘဲ ငေးငိုင်နေကြသည်။ ထို့နောက် တစ်ချိန် က အလွန် ခင်မင်ရင်းနှီးခဲ့ပုံများကို ပြန်တွေးမိပြီး ဝမ်းနည်း ဝမ်းသာ ဖြစ်ကာ မျက်ရည်တွေတွေ စီးလာကြသည်။

အတန်ငယ်ကြာသောအခါကျမှ မထေရ်ငယ်က မထေရ်ကြီးကို ရှိခိုးပြီး စတင် စကားဆိုလေသည်။

"အရှင်ဘုရားနဲ့ တပည့်တော် နှစ်ပေါင်းများစွာ အတူနေခဲ့ကြရာမှာ တပည့် တော်ရဲ့ မသင့်တော်တဲ့ အပြုအမူ တစ်စုံတစ်ရာကို အရှင်ဘုရား တွေ့မြင်ခဲ့ဖူးပါ သလား"

"မတွေ့မြင်ခဲ့ပါဘူး ငါ့ရှင်"

"ဒီလို မတွေ့မမြင်ခဲ့ဖူးပါဘဲနဲ့ ဓမ္မကထိက ရဟန်းကို တပည့်တော်နဲ့ မပေါင်း နဲ့လို့ ဘာ့ကြောင့် ပြောဆိုခဲ့ပါသလဲ ဘုရား"

"သူ့ကို ငါ ဒီလို မပြောခဲ့ဘူး ငါ့ရှင်၊ သင်ကသာ ငါ့ကို ဒီလို ပြောတဲ့ အကြောင်း ဓမ္မကထိကဆီက သိရတယ်"

ဤမျှ စကားဆိုရုံမျှဖြင့်ပင် ဓမ္မကထိက၏ သွေးထိုးမှုကြောင့် တစ်ပါးနှင့် တစ်ပါး အထင်မှားခဲ့မိကြပုံမှာ ဘွားဘွား ပေါ်လာတော့၏။ ထို့ကြောင့် မထေရ် နှစ်ပါးတို့သည် အချင်းချင်း ဝန်ချတောင်းပန်ပြီး ချက်ချင်း ပြန်လည် သင့်မြတ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထို့နောက် နှစ်ပါးသဘောတူ တိုင်ပင်ပြီး မူလကျောင်းဟောင်းသို့ ပြန်သွားကြလေသည်။ ထိုကျောင်းကို အပိုင်စီးထားသော ဓမ္မကထိကရဟန်းမှာလည်း မထေရ်နှစ်ပါးကို မြင်လျှင် မနေဝံ့တော့ဘဲ ထိုကျောင်းမှ လျှင်မြန်စွာ ထွက်ခွာသွားလေသည်။

ဓမ္မကထိကရဟန်းသည် နှစ်ပေါင်း နှစ်သောင်းနီးပါးမျှ ရဟန်းတရားကို အားထုတ်ခဲ့သော်လည်း မထေရ် နှစ်ပါးကို သွေးခွဲခဲ့သော မကောင်းမှုကြောင့် သေလွန်သောအခါ အဝီစိငရဲသို့ ကျရောက်လေသည်။ အဝီစိငရဲ၌ ဘုရားနှစ်ဆူတို့၏ အကြား ကာလပတ်လုံး ခံစားပြီး စုတေသောအခါ ဂိဇ္ဈကုဋ်တောင်၌ ဝက်ပြိတ္တာဖြစ်၍ ကြီးစွာသော ဆင်းရဲဝေဒနာကို ခံစားရနေလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် ဝက်ပြိတ္တာကြီး၏ အတိတ်ကို ပြန်ပြောင်းဟောကြားပြီးနောက် -

"ရဟန်းသည် နှုတ်ကို အစဉ် စောင့်စည်းရာ၏၊ စိတ်အားဖြင့်လည်း ကောင်းစွာ ကောင်းစွာ စောင့်စည်းသူ ဖြစ်ရာ၏၊ ကိုယ်အားဖြင့်လည်း အကုသိုလ်ကို မပြုရာ၊ ရဟန်းသည် ဤကမ္မပထ တရားသုံးပါးတို့ကို စင်ကြယ်အောင် သုတ်သင်ရာ၏၊ ဤသို့ သုတ်သင်သည်ရှိသော် မြတ်စွာဘုရား ဟောကြားအပ်သော အရိယမဂ်ကို ပြီးမြောက်စေနိုင်ရာ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။ ထိုဒေသနာ၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသော တရားထူးများသို့ ရောက်ကြလေသည်။

(၂၀။ မဂ္ဂဝဂ်၊ ဗ-သူကရပေတ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## အပြေမှန်

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် အာဠဝီမြို့သို့ ကြွရောက်လာပြီး မြို့အနီးရှိ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူ၏။ အာဠဝီ မြို့သားတို့သည် ရဟန်းအပေါင်းနှင့်တကွ ဗုဒ္ဓမြတ်စွာအား ပင့်ဖိတ်၍ အလှူဒါနပြုလုပ်ကြသည်။ ဗုဒ္ဓသည် ထိုအလှူပွဲများ၌ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ထပ်တလဲလဲ ဟောကြားတော်မူသည်။ မွေးလာလျှင် သေကြရမည်။ သေဘေးကို မည်သူမျှ ရှောင်လွှဲ၍မရ။ ဤသဘောတရားကို လူတိုင်း ကိုယ်ပိုင်ဉာဏ်နှင့် ယှဉ်၍ ဆင်ခြင်ပွားများသင့်သည်။ သို့မှသာ သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်နိုင်မည်။ ဤကား ဗုဒ္ဓ ဟောကြားချက်၏ လိုရင်းအနှစ်သာရ ဖြစ်ပေသည်။

ဗုဒ္ဓ၏ ဟောကြားချက်ကို ကြားနာရသော မြို့သူမြို့သားတို့သည် ကြားနာရဆဲအချိန်၌ စိတ်ပါဝင်စားသလို ရှိကြသော်လည်း နောက်ပိုင်းတွင်မူ မိမိတို့ အလုပ်ကိစ္စဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။ ရက်ကန်းသည်တစ်ဦး၏ သမီးဖြစ်သော တစ်ဆယ့်ခြောက်နှစ်အရွယ် သတို့သမီးငယ် တစ်ယောက်ကား မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အထူး စိတ်ဝင်စားလျက် နေ့စဉ်မပြတ် ပွားများနေလေသည်။

နောက်သုံးနှစ်ခန့်ကြာသောအခါ ဗုဒ္ဓသည် အာဠဝီမြို့သို့ တစ်ဖန် ကြွရောက်လာပြန်သည်။ ရက်ကန်းသည်၏ သမီးပျိုသည် ထိုသတင်းကို ကြားသိလျှင် ဗုဒ္ဓထံသွားရောက် ဖူးမြင်ရန် ကြံလေသည်။ သို့သော် ထိုနေ့တွင် ဖခင်ဖြစ်သူက အထည်စတစ်ခုကို ရက်ရန် ရက်ဖောက်လုံးများ ယောက်ခိုင်းထားသောကြောင့် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



မသွားနိုင်ချေ။ သူမသည် ရက်ဖောက်လုံးများကို ယောက်ပြီးနောက် ဖခင်၏ ရက်ကန်းရုံသို့ ပို့ရန် ထွက်လာခဲ့ရာ မြို့သူမြို့သားများက ဗုဒ္ဓမြတ်စွာအား ခွမ်းကပ်သော မဏ္ဍပ်အနီးသို့ ရောက်လာသည်။

ထိုအချိန်တွင် ဗုဒ္ဓသည် ခွမ်းဘုဉ်းပေးပြီး၍ အနုမောဒနာတရား ဟောကြားရန် ပရိသတ်အလယ်၌ ထိုင်နေတော်မူ၏။ ရက်ကန်းသည်၏ သမီးပျိုသည် ရက်ဖောက်လုံးများကို ဖခင်ထံ ပို့ပြီးမှ ဗုဒ္ဓထံသွားရန် အကြံနှင့် အိမ်မှ ထွက်လာခြင်း ဖြစ်၏။ သို့သော် လမ်းပေါ်မှနေ၍ ဗုဒ္ဓမြတ်စွာအား လှမ်း၍ မြင်လိုက်သောအခါ မိမိ၏ အလုပ်ကိစ္စကို သတိမထားနိုင်တော့ဘဲ ဗုဒ္ဓထံသို့ ချက်ချင်း ခြေဦးလှည့်မိလေသည်။

ရက်ဖောက်တောင်းကိုရွက်၍ မဏ္ဍပ်ထဲသို့ ဝင်လာသော မိန်းမပျိုကလေးကို ပရိသတ်များက စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။ မိန်းမပျိုကား ကြောက်ရွံ့တွန့်ဆုတ်ခြင်း အလျဉ်းမရှိဘဲ ရက်ဖောက်တောင်းကို ခေါင်းမှချ၍ ပရိသတ်အစွန်၌ ထိုင်ပြီး ဗုဒ္ဓမြတ်စွာအား ရှိခိုးလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ရက်ကန်းသည်၏ သမီးပျိုအား ဤသို့ မေးတော်မူလေသည်။

"မိန်းကလေး၊ သင် ဘယ်ကလာသလဲ"

"တပည့်တော် မသိပါ ဘုရား"

"ဘယ်ကို သွားမလို့လဲ မိန်းကလေး"

"ဒါလဲ တပည့်တော် မသိပါ ဘုရား"

"သင် မသိဘူးလား"

"တပည့်တော် သိပါတယ် ဘုရား"

"သင် သိသလား"

"မသိပါ ဘုရား"

ဗုဒ္ဓမြတ်စွာ၏အမေးနှင့် မိန်းမပျို၏ ပဟေဠိဆန်သော အဖြေကို ကြားရသောအခါ တရားနာ ပရိသတ်များ သို့လော သို့လော ဖြစ်လာကြသည်။ "ဒီမိန်းကလေးဟာ စိတ်မှ နှံ့ပါလေစ" ဟူ၍ တချို့က တီးတိုးစကား ဆိုလာကြသည်။ ထို့ကြောင့် ဗုဒ္ဓက မိန်းမပျိုအား သူ့အဖြေကို ရှင်းလင်းရန် မိန့်ကြားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး၊ သင် ဘယ်က လာသလဲ၊ ဘယ်ကို သွားမလဲလို့ မေးတဲ့အခါ ဘာ့ကြောင့် တပည့်တော် မသိပါလို့ ဖြေကြားသလဲ"

"တပည့်တော် အိမ်ကလာပြီး ရက်ကန်းရုံသို့ သွားမည်ဆိုတာကို လူတိုင်း သိကြပါတယ် ဘုရား၊ ဘယ်ဘဝကနေပြီး လူ့အဖြစ် ရောက်လာတယ်၊ သေလျှင်လဲ ဘယ်ဘဝကို ရောက်မယ်ဆိုတာကိုတော့ တပည့်တော် မသိပါ၊ ဒါကြောင့်မို့ တပည့်တော် မသိပါလို့ ဖြေကြားခဲ့ခြင်း ဖြစ်ပါတယ် ဘုရား"

"သင် မသိဘူးလားလို့ မေးတဲ့အခါ 'တပည့်တော် သိပါတယ်' လို့ ဖြေပြီး၊ 'သင် သိသလား' လို့ မေးတဲ့အခါကျတော့ 'တပည့်တော် မသိပါ' လို့ ဖြေတာက ဘယ်လိုအဓိပ္ပာယ်လဲ"

"တစ်နေ့နေ့မှာ မလွဲမသွေ သေရမယ်ဆိုတာ တပည့်တော်သိလို့ 'တပည့်တော် သိပါတယ်' လို့ ဖြေကြားခဲ့ခြင်း ဖြစ်ပါတယ်ဘုရား၊ သို့ပေမယ့် ဘယ်နေ့ ဘယ်အချိန်မှာ ဘယ်လိုသေရမယ်ဆိုတာကိုတော့ မသိပါ၊ ဒါကြောင့် 'သင် သိသလား' လို့ မေးတဲ့အခါ 'မသိပါ' လို့ ဖြေကြားခဲ့ခြင်း ဖြစ်ပါတယ် ဘုရား"

ရက်ကန်းသည်မလေးက ဤသို့ ရှင်းလင်း ဖြေကြားသောအခါ ဗုဒ္ဓရှင်တော်မြတ်က "ဤမိန်းကလေးသည် ငါဘုရားမေးသော မေးခွန်းများကို မှန်ကန်စွာ ဖြေကြားနိုင်ပေ၏" ဟူ၍ ချီးကျူးတော်မူသည်။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်က ...

"အမိုက်မှောင် ဖုံးလွှမ်းနေသည့် ဤလောကကြီး အတွင်း၌ အနည်းငယ်သော သူများသည်သာလျှင် အမှန်တရားကို သိမြင်ကြ၏။ ပိုက်ကွန်အတွင်း၌ ဖမ်းမိသော ငှက်များတွင် မှဆိုးလက်မှ လွတ်သည့်ငှက် အနည်းငယ်သာ ရှိသကဲ့သို့ ထို့အတူ နတ်ပြည်သို့ သွားသော သတ္တဝါမှာလည်း အနည်းငယ်မျှသာ ရှိပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

ထိုဒေသနာ အဆုံး၌ ရက်ကန်းသည်မလေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထို့နောက် သူမသည် ဗုဒ္ဓမြတ်စွာအား ရှိသေစွာ ရှိခိုးပြီး ဖခင်၏ ရက်ကန်းရုံသို့ ဆက်လက် ထွက်ခွာခဲ့လေသည်။

ရက်ကန်းရုံသို့ သူမ ရောက်ရှိသွားချိန်တွင် သူမ၏ ဖခင်သည် ရက်ကန်းစင်၌ ထိုင်လျက်သား အိပ်ပျော်နေ၏။ သူသည် ရက်ဖောက်တောင်းချသကြောင့် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



လန့်နိုးလာပြီး လှွန်းကိုဆွဲလိုက်ရာ ထိုလွန်း၏ အဖျားသည် သမီး၏ ရင်ဘတ်ကို သွား၍ထိုးမိလေသည်။ သူမသည် ယင်းဒဏ်ရာဖြင့် သေလွန်၍ တုသိတာ နတ်ပြည်သို့ ရောက်သွားလေသည်။

ရက်ကန်းသည်မလေး၏ ဖခင်သည် မျက်စိဖွင့်၍ ကြည့်လိုက်သောအခါ တစ်ကိုယ်လုံး သွေးများပေကျံလျက် လဲကျသေဆုံးနေသော သမီးငယ်ကို တွေ့ရသဖြင့် သောကဝေဒနာကို ပြင်းပြစွာ ခံစားရလေသည်။ ထို့နောက် သူသည် "ငါ၏ သောကဝေဒနာကို မြတ်စွာဘုရားမှတစ်ပါး အခြား ဘယ်သူမျှ ငြိမ်းစေနိုင်မည် မဟုတ်" ဟု စဉ်းစားမိသဖြင့် ဗုဒ္ဓမြတ်စွာထံသို့ သွား၍ "တပည့်တော်ရဲ့ ခံစားနေရတဲ့ သောကဝေဒနာကို ငြိမ်းပေးတော်မူပါဘုရား" ဟု လျှောက်ကြားလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက "ဒါယကာ၊ သံသရာ ဘဝအဆက်ဆက်၌ သမီးသေ၍ ငိုကြွေးခဲ့ရသော သင့်မျက်ရည်တို့သည် သမုဒ္ဒရာရေမျှပင် မကတော့ပြီ" စသည်ဖြင့် ဖြေသိမ့်စကား မိန့်ကြားတော်မူသည်။

ရက်ကန်းသည်လည်း ဗုဒ္ဓမြတ်စွာ၏ တရားစကားဖြင့် စိတ်သက်သာရာရရှိပြီး ဗုဒ္ဓမြတ်စွာထံ၌ ရဟန်းပြုလေသည်။ ထို့နောက် ကမ္မဋ္ဌာန်းတရားကို အားထုတ်သဖြင့် မကြာမီ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသည်။

(၁၃။ လောကဝဂ်၊ ၃-ပေသကာရဓိတာ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# အကာအကွယ်

ရာဇဂြိုဟ်ပြည်၌ တိဿနှင့် ဒတ္တ အမည်ရှိသော သူငယ်နှစ်ယောက်တို့သည် အိမ်နီးချင်း ကစားဖော် ကစားဖက်များ ဖြစ်ကြသည်။ အသက်အရွယ်အားဖြင့် နှစ်ယောက်လုံး ဆယ်နှစ်ကျော်မျှသာ ရှိကြသေးသည်။ တိဿ၏ မိဘများသည် ဗုဒ္ဓမြတ်စွာအား ကိုးကွယ် ဆည်းကပ်သူများဖြစ်ပြီး ဒတ္တ၏ မိဘများမှာမူ တိတ္ထိ ရဟန်းတို့၏ တပည့်သာဝကများ ဖြစ်ကြသည်။

တိဿသည် ဒတ္တနှင့်အတူ ခုံညင်းကစားသည့်အခါ "နမောဗုဒ္ဓဿ=ဗုဒ္ဓအား ရှိခိုးပါ၏" ဟု နှုတ်မှ မြွက်ဆို၍ ကစားလေ့ရှိ၏။ ဒတ္တကမူ "နမော အရဟန္တာနံ=ရဟန္တာကြီးများအား ရှိခိုးပါ၏" ဟု ဆို၍ ကစားလေ့ရှိသည်။ ကစားသည့်အခါတိုင်းလည်း တိဿကသာ အနိုင်ရလေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ဒတ္တကလည်း "နမော ဗုဒ္ဓဿ" ဂါထာကို ရွတ်ဆို၍ ကစားလေသည်။

တစ်နေ့သ၌ ဒတ္တသည် ဖခင်ဖြစ်သူနှင့်အတူ တောထဲသို့ ထင်းခုတ်ရန် လိုက်သွားသည်။ တစ်နေ့တာ ခုတ်၍ ရရှိသော ထင်းများကို လှည်းဖြင့် တင်ဆောင်၍ သားအဖနှစ်ယောက် ပြန်လာကြရာ မြို့ပြင်ဘက် သုသာန် အနီးသို့ ရောက်လျှင် အရိပ်ကောင်းသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့မြင်ကြသည်။

ထိုအခါ လှည်းကို ရပ်တန့်၍ ညောင်ပင်အောက်၌ ထမင်းစားရင်း အနားယူကြသည်။ နွားနှစ်ကောင်ကိုလည်း ရေသောက်၊ မြက်စားရန် လွှတ်ထားကြသည်။

www.burmeseclassic.com



ထမင်းစားပြီးနောက် သားအဖ နှစ်ယောက်လုံး မောမောပန်းပန်းဖြင့် အိပ်ပျော်သွားကြသည်။

အိပ်ရာမှ နိုးသောအခါ နေအတော် စောင်းနေလေပြီ။ နွားနှစ်ကောင်ကိုလည်း အနီးအနားတွင် မတွေ့ရသောချေ။ ထို့ကြောင့် ဒုဗ္ဗ၏ ဖခင်သည် စိုးရိမ်တကြီးဖြင့် နွားများကို လိုက်လံရှာဖွေလေသည်။ သူ့နွားများမှာ နွားအုပ်တစ်အုပ်နှင့် ရောၿပီး မြို့ထဲသို့ လိုက်ပါသွားကြောင်း သိရှိရသဖြင့် သူသည်လည်း မြို့ထဲသို့ လိုက်သွားလေသည်။ မြို့ထဲ၌ သူ့နွားများကို ဖမ်းဆီး ရမိခဲ့သော်လည်း မြို့တံခါး ပိတ်ထားပြီဖြစ်၍ ထိုနေ့ည မြို့ပြင်သို့ မထွက်နိုင်တော့ချေ။

ညောင်ပင်အောက်၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော ဒုဗ္ဗမှာမူ ဖခင်လာနိုးလာနိုးဖြင့် တမျှော်မျှော် ဖြစ်နေရှာသည်။ နေဝင်၍ အမှောင်ထု လွှမ်းမိုးလာသည့်တိုင်အောင် သူ့ဖခင်က ပေါ်မလာ။ လရောင်ကင်းသောညဖြစ်၍ ညောင်ပင်ကြီးအောက်၌ ဘာကိုမျှ မမြင်ရအောင် မှောင်မိုက်နေ၏။ အနီးရှိ သုသာန်မှ တောခွေးတို့၏ အူသံများကိုလည်း အတိုင်းသား ကြားနေရ၏။ ဤသို့ တုန်လှုပ် ချောက်ချားဖွယ်ကောင်းလှသော အခြေအနေတွင် တစ်ယောက်တည်း ဖြစ်နေပါက လူကြီးများပင် အသည်းမယားဘဲ နေနိုင်မည်မဟုတ်။ သို့သော် အသက်နှစ်ဆယ်မျှသာ ရှိသေးသော ဒုဗ္ဗကား ကြောက်ရ လန့်ရမှန်းမသိ။ အပူအပင် ကင်းမဲ့စွာဖြင့် လှည်းအောက်၌ ပုဆိုးတစ်ထည်ကို ခင်း၍ အိပ်လေသည်။

တစ်ယောက်တည်း အိပ်နေသော ဒုဗ္ဗကို ညအခါ သုသာန်၌လှည့်လည်၍ အစာရှာသော ဘီလူးနှစ်ကောင်တို့ တွေ့မြင်သွားကြသည်။ ဘီလူးတစ်ကောင်က "ဒီကလေးကို ဖမ်း၍စားကြစို့" ဟု ဆိုလျှင် သူ့အဖော်က မလုပ်ရန် တားသည်။ သို့သော် ထိုဘီလူးသည် အဖော်၏ စကားကို နားမထောင်ဘဲ ဒုဗ္ဗ၏ခြေထောက်ကို သွား၍ ဆွဲလေသည်။ ဒုဗ္ဗသည် ရုတ်တရက် လန့်နိုးလာပြီး နှုတ်မှ "နမော ဗုဒ္ဓဿ၊ နမော ဗုဒ္ဓဿ" ဟု ထပ်တလဲလဲ ရွတ်ဆိုသည်။ ခြေထောက်ကို ဆွဲမိသော ဘီလူးသည် ထိတ်လန့်တကြားဖြစ်ပြီး နောက်သို့ ချက်ချင်း ဆုတ်သွားသည်။

ထိုအခါ အဖော် ဘီလူးက "သင်သည် မပြစ်မှားသင့်သူကို ပြစ်မှား၏။ ထိုအပြစ် ပြေပျောက်စေရန် ဒဏ်ဆောင်ရမည်" ဟု ဆိုလေသည်။ "မည်သည့် ဒဏ်ကို ဆောင်ရမည်နည်း" ဟု မေးလျှင် "ဤကလေး စားရန်အတွက် ဘုရင့်



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်တွင်းမှ ပွဲတော်အုပ်ကို ယူဆောင်ပေးရမည်'' ဟု ပြောလေသည်။ ထိုဘီလူးသည် မိမိတန်ခိုးဖြင့် ဘုရင့်နန်းတော်တွင်းသို့ ဝင်၍ ပွဲတော်အုပ်ကို ယူဆောင်လာပြီး ဒတ္တအား ကျွေးလေ၏။ ဒတ္တကား ထိုအကြောင်းများကို မသိ။ မိဘနှစ်ပါးက သူ့အား လာရောက် ကျွေးမွေးသည်ဟုသာ မှတ်ထင်လေသည်။

နောက်နေ့ နံနက်တွင် ဘုရင့်နန်းတော်ထဲမှ ပွဲတော်အုပ် ပျောက်သွားသဖြင့် ပွက်ပွက်ညံ၍ နေလေသည်။ မင်းချင်း ယောကျ်ားတို့သည် နန်းတွင်း၌ အနှံ့အပြား ရှာဖွေကြသော်လည်း အစ အနမျှပင် မတွေ့သောကြောင့် မြို့ထဲသို့ ထွက်၍ ရှာကြသည်။ ဒတ္တ၏ ဖခင်မှာ နံနက်စောစောကပင် နွားနှစ်ကောင်နှင့် အတူ ဒတ္တထံသို့ ပြန်ရောက်လာခဲ့သည်။ ဒတ္တသည် ညက အဖြစ်အပျက်ကို သူ့ဖခင်အား ပြောပြရာ ဖခင်မှာ အံ့သြမဆုံး ရှိလေသည်။

ထို့နောက် သားအဖ နှစ်ယောက် ထင်းလှည်းကို မောင်းကာ မြို့ထဲသို့ ဝင်လာကြသည်။ ပွဲတော်အုပ်ရှာသော မင်းချင်း ယောကျ်ားတို့သည် မြို့တံခါးဝ၌ စောင့်၍ ဝင်သူ ထွက်သူများကို ရှာဖွေစစ်ဆေးကြသည်။ ဒတ္တတို့ လှည်းကို ရှာဖွေသောအခါ လှည်းပေါ်၌ ပါလာသော ပွဲတော်အုပ်ကို အလွယ်တကူ တွေ့ရှိသွားကြသည်။ ထို့ကြောင့် သားအဖနှစ်ယောက်လုံးကို ဖမ်းဆီး၍ ဗိမ္ဗိသာရ မင်းကြီးထံ ခေါ်ဆောင် သွားကြလေသည်။

''ဒီပွဲတော်အုပ်ကို သင်တို့ ဘယ်က ရသလဲ''

ဤသို့ မင်းကြီးက မေးသောအခါ ဒတ္တက ညက အဖြစ်အပျက်ကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ လျှောက်တင်လေသည်။

''အရှင်မင်းကြီး၊ ညက သြောင်ပင် အောက်မှာ ကျွန်ုပ်တစ်ယောက်တည်း အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်က ခြေထောက်ကို လာ၍ ဆွဲသောကြောင့် လန့်နိုးခဲ့ပါသည်။ 'နမော ဗုဒ္ဓဿ၊ နမော ဗုဒ္ဓဿ' ဟု ရွတ်ဆိုလိုက်သောအခါ ထိုသူ ပျောက်ကွယ် သွားပါသည်။ ထို့နောက် မကြာမီ လူနှစ်ယောက် ရောက်လာပြီး ဤပွဲတော်အုပ်ဖြင့် ကျွန်ုပ်အား ထမင်းကျွေးကြပါသည်။ ကျွန်ုပ်မှာ အိပ်ချင်မူးတူး ဖြစ်နေသောကြောင့် မိဘများကပင် လာရောက် ကျွေးမွေးသည်ဟု မှတ်ထင်ခဲ့ပါသည်။ ထမင်းစားပြီးနောက် ကျွန်ုပ်လည်း ချက်ချင်း အိပ်ပျော် သွားခဲ့ပါသည်''



www.burmeseclassic.com

www.burmeseclassic.com



ပိဋကသာရ မင်းကြီးကား သောတာပန် အဆင့်သို့ ရောက်ပြီးသော ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝက တစ်ဦး ဖြစ်ပေသည်။ ထို့ကြောင့် ဒတ္တ၏ လျှောက်တင်ချက်ကို ကြားရလျှင် အဖြစ်မှန်ကို ကောင်းစွာ နားလည်သဘောပေါက်သွားလေသည်။ ထို့ကြောင့် ဒတ္တတို့သားအဖကို အပြစ်ပေးခြင်းမပြုဘဲ ဝေဠုဝန်ကျောင်းတော်သို့ ခေါ်သွားသည်။ သူတို့နောက်မှ ဒတ္တ၏ မိဆင်လည်း လိုက်လာသည်။ ကျောင်းတော်သို့ ရောက်သောအခါ မင်းကြီးက ဗုဒ္ဓမြတ်စွာအား လျှောက်ကြားပြီး "ဘုရားကို အောက်မေ့ခြင်း 'ဗုဒ္ဓါနုဿတိ' သည်သာလျှင် အကာအကွယ် ဖြစ်ပါသလား၊ သို့မဟုတ် 'ဓမ္မာနုဿတိ' တရားကို အောက်မေ့ခြင်း၊ 'သံဃာနုဿတိ' စသည်တို့ သည်လည်း အကာအကွယ် ဖြစ်ပါကုန်သေးသလား" ဟု မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက "အကြင် သူတို့သည် ...

(၁) ဘုရားကို အောက်မေ့ခြင်း-ဗုဒ္ဓါနုဿတိ

(၂) တရားကို အောက်မေ့ခြင်း-ဓမ္မာနုဿတိ

(၃) သံဃာကို အောက်မေ့ခြင်း-သံဃာနုဿတိ

(၄) ကိုယ်ခန္ဓာကို ဆင်ခြင် အောက်မေ့ခြင်း-ကာယဂတာသတိ၊

(၅) သတ္တဝါတို့ကို မညှင်းဆဲ မနှိပ်စက်ခြင်း-အဟိံသာတိ၊

(၆) သတ္တဝါတို့ကို ချစ်ခင် ကြင်နာခြင်း-မေတ္တာဘာဝနာ၊

ဟူသော တရားခြောက်ပါးကို နေ့ည မပြတ် ပွားများကုန်၏။ ထိုသူတို့သည် ကောင်းစွာ အိပ်ကြရကုန်၏။ ကောင်းစွာ အိပ်ရာမှ နိုးကြရကုန်၏။ ထိုသူတို့မှာ တစ်ပါးသော အစောင့်အရှောက် မလို၊ မန္တာန် ဆေးဝါးများလည်း မလို၊ ဗုဒ္ဓါနုဿတိ စသော တရားခြောက်ပါးသည်ပင် လုံလောက်သော အကာအကွယ်ဖြစ်ပေ၏" ဟူသော တရားဒေသနာကို ဟောကြားတော်မူလေသည်။

ထိုဒေသနာအဆုံး၌ ဒတ္တသည် မိဘနှစ်ပါးနှင့်အတူ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထို့နောက် သူတို့ သုံးဦးလုံး ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်သွားကြလေသည်။

(၂၁။ ပကိဏ္ဏကဝဂ်၊ ၅-ဒါရုသာကဋိကပုတ္တ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## စိဥ္စမာဏာ

(၁)

"စိဥ္စမာဏာ"

သူမကား အမည်အားဖြင့် လူပဘိသကဲ့သို့ ရုပ်အဆင်းအားဖြင့်လည်း ဆွဲဆောင်မှုအပြည့်ရှိသော သာဝတ္ထိ၏ သမီးပျိုတစ်ဦးဖြစ်သည်။ သို့သော် သူမ၏ ဘဝဇာတ်ကြောင်းကား များစွာမကောင်းလှချေ။

သူမတွင် မိဘအရင်းအချာ မရှိ။ မွေးစားမိဘများသာ ရှိသည်။

သာဝတ္ထိမြို့မှ အတော်အတန် ကြွယ်ဝချမ်းသာသော သူကြွယ်လင်မယားတို့သည် အစိရဝတီ မြစ်ဆိပ်သို့ ရေချိုးသွားကြစဉ် လမ်းဘေးရှိ မန်ကျည်းပင်ကြီး တစ်ပင်အောက်၌ မွေးကင်းစ ကလေးငယ်တစ်ယောက်ကို အမှတ်မထင် တွေ့ရှိကြလေသည်။ ကလေးငယ်ကား မိန်းကလေးတည်း။ သူကြွယ်လင်မယားမှာ သားသမီး တစ်ယောက်မျှ မရှိသူများဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြင့် ထိုမိန်းကလေးကို ကောက်ယူမွေးစားကြသည်။ မန်ကျည်းပင်အောက်မှ ကောက်ယူ ရရှိခဲ့သည်ကို အကြောင်းပြု၍ ကလေးမလေးအား 'စိဥ္စမာဏာ' ဟု နာမည်ပေးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိဥ္စမာဏာသည် အချိန်တန် အရွယ်ရောက်၍ အပျိုပေါက် ဖြစ်လာသောအခါ ထူးခြားသော အလှပိုင်ရှင်တစ်ဦး ဖြစ်လာသည်။ အချို့က သူမသည် မန်ကျည်းပင်တွင် သန္ဓေယူခဲ့သည့် 'သန္ဓေသူလေး' ဖြစ်ခြင်းကြောင့် သာမန်မိန်းမပျိုများထက် အလှပိုခြင်းဖြစ်သည်ဟု ပြောကြလေသည်။

စိဥ္စမာဏာ အလှဂုဏ်အားဖြင့်သာ ထူးခြား ထင်ပေါ်သည်မဟုတ်။ ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ယောဂီအရောင်အဝတ်ကို ဝတ်ဆင်လျက် ဘာသာတရားကို ရှိသေကိုင်းရှိုင်းသူကလေးတစ်ဦး အဖြစ်ဖြင့်လည်း လူသိများလာလေသည်။

စိဥ္စမာဏာ ဆည်းကပ် ကိုးကွယ်သော ဘာသာတရားကား ထိုအချိန်က သာဝတ္ထိပြည်၌ တန်ခိုးကြီးနေသော တိတ္ထိဂိုဏ်းကြီး (၆) ခု အနက်မှ တစ်ခုသော တိတ္ထိဂိုဏ်းကြီး ဖြစ်လေသည်။

စိဥ္စမာဏာသည် မွေးစားမိဘများမှ ဆက်နွယ်၍ ထိုတိတ္ထိရဟန်းများနှင့် ငယ်စဉ်ကပင် ရင်းနှီးခဲ့ အကျွမ်းဝင်ခဲ့သည်။ သူမတို့ အိမ်မှာလည်း တိတ္ထိရဟန်းတို့၏ စားအိမ်သောက်အိမ် ဖြစ်လေသည်။ တိတ္ထိတို့နှင့် နေ့စဉ် ထိတွေ့နေရသော စိဥ္စမာဏာသည် တိတ္ထိရဟန်းတို့၏ 'တပည့်မလေး' အဖြစ်သို့ စောစီးစွာ ရောက်ရှိခဲ့လေသည်။

နီးစပ်မှုကို အကြောင်းပြု၍ ဆရာရင်း တပည့်ရင်းအဖြစ်သို့ ရောက်ရှိလာသူဖြစ်သည့်အတိုင်း စိဥ္စမာဏာသည် တိတ္ထိတို့၏ တရားဓမ္မ မှားသည် မှန်သည်ကို ဝေဖန်စစ်ကြောခြင်း မပြုခဲ့ချေ။ တစ်ဖက်သတ် အယုံကြည်မှုဖြင့်သာ ကိုးကွယ်ဆည်းကပ်၍ နေခဲ့လေသည်။ သူမသည် တိတ္ထိတို့၏ကျောင်းသို့ နေ့စဉ်သွား၍ ပြုဖွယ်ရှိသည့် ဝေယျာဝစ္စများကို မညည်းမညူ ပြုလုပ်ဆောင်ရွက်လေ့ရှိ၏။ ငယ်ရွယ်နုပျိုသူဖြစ်၍ တက်တက်ကြွကြွရှိလှသော တပည့်မတစ်ဦးအား တိတ္ထိတို့ကလည်း အထူး အရေးပေးကြသည်။ အားကိုးအားထားလည်း ပြုကြလေသည်။

တစ်ခုသော ညနေခင်း၌ စိဥ္စမာဏာသည် တိတ္ထိကျောင်းသို့သွား၍ တိတ္ထိတို့အား ရှိခိုးလေသည်။ အခါတိုင်း ပျူပျူငှာငှာရှိလှသော တိတ္ထိတို့သည် ထိုနေ့တွင်မူ သူမအား နှုတ်ဆက်စကားပင်မဆိုကြဘဲ သုန်သုန်မှုန်မှုန်ဖြစ်နေသည်ကို တွေ့ရှိရလေသည်။ ထို့ကြောင့် "မိမိတွင် အပြစ်တစ်စုံတစ်ခု ရှိလေသလော" ဟူသော သံသယဖြင့် စိဥ္စမာဏာက မေးလျှောက်လေသည်။

"အရှင်မြတ်တို့၊ တပည့်တော်မအပေါ်မှာ ဘယ်လို မကျေနပ်စရာများ ရှိပါသလဲ၊ ဘာ့ကြောင့် စကားမဆိုဘဲ နေကြပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နမ၊ ရဟန်းဂေါတမဟာ ငါတို့အပေါ်မှာ အနိုင်ယူပြီး ငါတို့ကို ဒုက္ခရောက်အောင် လုပ်နေတာ သင် မသိဘူးလား၊ ဒါကို မသိကျိုးကျွန်ပြုနေတာဟာ သင့်အပြစ်ပဲပေါ့"

"ဒီကိစ္စမှာ တပည့်တော်မက ဘာ်ယ်လိုလုပ်ပေးရမယ်ဆိုတာ အမိန့်ရှိကြစေချင်ပါတယ်ဘုရား"

"ရဟန်းဂေါတမကို လူတွေ အကြည်ညိုပျက်အောင် လုပ်နိုင်မှ တို့သက်သာမယ်၊ ဒီကိစ္စကိုလဲ နမပဲ တတ်နိုင်လိမ့်မယ်လို့ တို့ ယုံကြည်ပါတယ်"

"ဒီလောက်ဆိုရင် တပည့်တော်မ နားလည်ပါပြီ၊ အရှင်ဘုရားတို့ စိတ်အေးလက်အေး နေကြပါ"

အကင်းပါသော စိဥ္စမာဏာသည် တစ်ထွာပြုံရုံဖြင့် တစ်တောင်မြင်လေသည်။ တိတ္ထိတို့၏ အရိပ်အမြွက် စကားဖြင့်ပင် သူမ ဘာလုပ်ရမည်ကို ကောင်းစွာ သူဘောပေါက်ပြီး ဖြစ်လေသည်။ သို့ဖြစ်၍ တိတ္ထိတို့အား နှစ်သိမ့်စကား ပြောကြားပြီး အိမ်သို့ အေးဆေးစွာ ပြန်ခဲ့လေသည်။

(၂)

ဗုဒ္ဓရှင်တော်မြတ်သည် အနာထပိဏ်သူဌေး၏ ပင့်ဖိတ်ချက်ဖြင့် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်ကာလ၌ သာဝတ္ထိပြည်သို့ ကြွရောက်တော်မူခဲ့သည်။ သာဝတ္ထိပြည်၌ တစ်ချိန်က တန်ခိုးကြီးခဲ့သော တိတ္ထိရဟန်းတို့မှာ ဗုဒ္ဓ ကြွရောက်လာသောအချိန်မှစ၍ တဖြည်းဖြည်း တန်ခိုးမှိန်လာကြသည်။ ကောသလ မင်းကြီးနှင့်တကွ အနာထပိဏ်၊ ဝိသာခါ စသော သူဌေး သူကြွယ်များကလည်း ဗုဒ္ဓကိုသာ ကိုးကွယ်ဆည်းကပ်လာကြသည်။ တိတ္ထိတို့မှာ နေထွက်လာသောအချိန်၌ ပိုးစုန်းကြူးများ အရောင်မတောက်နိုင်တော့သကဲ့သို့ ရှိကြလေသည်။

ထိုအခါ တိတ္ထိတို့သည် နေ့စဉ် စားရေးသောက်ရေးအတွက်ပင် အခက်ကြုံလာကြသဖြင့် ဗုဒ္ဓအပေါ်၌ မနာလို ဝန်တိုစိတ်များ တိုးပွားလာကြသည်။ ဗုဒ္ဓ၏ ဂုဏ်သိက္ခာကို ချိုးဖျက်ရန်လည်း ကြံစည်အားထုတ်လာကြသည်။ အကြံပက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



သော တိတ္ထိ ရဟန်းတစ်ပါးက ဗုဒ္ဓ၏ ဂုဏ်သိက္ခာကို ဖျက်ဆီးရာတွင် မိမိတို့၏ တပည့်မတစ်ဦးဖြစ်သော စိဉ္စမာဏကို အသုံးချရန် အကြံပေး တင်ပြလေသည်။ ယင်းအကြံကို အားလုံးကပင် သဘောတူကြသဖြင့် စိဉ္စမာဏအား အထက်ပါ အတိုင်း ပြောဆိုကြခြင်း ဖြစ်ပေသည်။

စိဉ္စမာဏသည် အရွယ်ဂုဏ်၊ အလှဂုဏ်နှင့် ပြည့်စုံသူ ဖြစ်သည့်အတိုင်း မိမိ၏စွမ်းအားကို အကြွင်းမဲ့ ယုံကြည်သည်။ သို့ဖြစ်၍ တိတ္ထိတို့ထံ၌ အာမခံခဲ့ပြီး သူမ၏တာဝန်ကို မဆိုင်းမတွ အကောင်အထည်ဖော်လေသည်။

သူမသည် နောက်နေ့ညနေတွင် သူ့ကိုယ်သူ အစွမ်းကုန် ဆင်ယင်ခြယ်သပြီး ဇေတဝန်ကျောင်းတော်ဘက်ဆီသို့ တစ်ယောက်တည်း ထွက်ခဲ့သည်။ မြို့တံခါးပြင်သို့ ရောက်လျှင် ကျောင်းတော်မှ တရားနာပြီး ပြန်လာသော မြို့သူမြို့သားများနှင့် ရင်ဆိုင်တွေ့လေသည်။ ထိုသူများတွင် သူမနှင့် သိကျွမ်းသူအချို့က "နေဝင်မိုးချုပ်ကြီးမှာ တစ်ယောက်တည်း ဘယ်သွားမလို့လဲ ညီမ" ဟု မေးကြသည်။

စိဉ္စမာဏကား မပွင့်တပွင့်ဖြင့် "ကျွန်မကိစ္စနဲ့ ကျွန်မ သွားတာပါ၊ ပြောလို့တော့ ဘယ်ဖြစ်မလဲ" ဟု ပြန်ပြောလေသည်။ မေးသူများ ထင်ယောင်ထင်မှား ဖြစ်စေရန် လုပ်ခြင်းပင် ဖြစ်၏။ သူမသည် ဇေတဝန်ကျောင်းအနီးရှိ တိတ္ထိတို့ကျောင်း၌ ညအိပ်နေပြီး နံနက်စောစောတွင် မြို့ထဲသို့ ပြန်လာသည်။ ထိုအခါ နံနက်စောစော ဗုဒ္ဓမြတ်စွာအား ဖူးမြင်ရန် ထွက်လာကြသော မြို့သူမြို့သားများနှင့် မြို့တံခါးအနီးတွင် ဆုံမိပြန်လေသည်။ "ဘယ်က လာသလဲ" ဟု မေးသောအခါ ရှေးနည်းတူ မတင်မကျ ဖြေလေသည်။

ဤသို့ နေ့စဉ် ရက်ဆက် ပြုလုပ်လာပြီး ဆယ်ရက်၊ ဆယ့်ငါးရက်ခန့် ကြာသောအခါ မေးမြန်းသူများအား "ဇေတဝန် ကျောင်းတော်မှာ ရဟန်းဂေါတမနဲ့ အတူ ညအိပ်ခဲ့ပါတယ်" ဟု ဖြေလေသည်။ သူမ၏ စကားကို လူများစုက မယုံကြည်ကြသော်လည်း အသိဉာဏ် ခေါင်းပါးသူ အချို့ကား အနည်းငယ် သံသယ ရှိလာကြသည်။

သုံးလကျော် လေးလပိုင်းသို့ရောက်လာသောအခါတွင်မူ စိဉ္စမာဏသည် ဝမ်းဗိုက်ကို အဝတ်ကြမ်းများဖြင့် ရစ်ပတ်၍ ကိုယ်ဝန်ဆောင်မိန်းမအသွင်ကို ဆောင် ကာ သွားလာလေသည်။ ရဟန်းဂေါတမနှင့် ရသော ကိုယ်ဝန်ဖြစ်သည်ဟူ၍လည်း



www.burmeseclassic.com

www.burmeseclassic.com



သတင်းလွှင့်လေသည်။ ထိုသတင်းကို လူမိုက်များက ယုံသလိုလို ဖြစ်လာကြသော်လည်း မြို့သူ မြို့သားအများစုတို့ အနေဖြင့်မူ လုံးဝ အခြေအမြစ် မရှိသော သတင်းဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်ကြသည်။ ထို့ကြောင့် ယင်းသတင်းကို ရေးကြီးခွင်ကျယ်လုပ်၍ ဝေဖန်ပြောဆိုခြင်းပင် မပြုကြချေ။ ဗုဒ္ဓရှင်တော်မြတ်အား တမင်သက်သက် မဟုတ်မမှန် စွပ်စွဲခြင်းသာဖြစ်၍ နောက်ဆုံးတွင် အမှန်တရား ပေါ်လာလိမ့်မည်ဟု မျှော်လင့်နေကြလေသည်။

ဤသို့ဖြင့် ရှစ်လကျော် ကိုးလပိုင်းသို့ ရောက်လာသည်။ ထိုအခါ စိဉ္စမာဏသည် ဝမ်းဗိုက်ကို သစ်သားစများခံ၍ အဝတ်ဖြင့် ရစ်ပတ်ကာ ပူသည်ထက် ပူအောင် ပြုလုပ်လာသည်။ လက်ဖမိုးခြေဖမိုးများကိုလည်း ဖူးဖူးယောင်အောင် ပြုလုပ်ပြီး ကိုယ်ဝန်ရင့်သော မိန်းမတစ်ဦးအသွင်ဖြင့် ဇေတဝန်ကျောင်းတော်သို့ ထွက်လာလေသည်။

ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓမြတ်စွာသည် ပရိသတ် လေးပါးတို့အား တရား ဟောတော်မူလျက် ရှိသည်။ စိဉ္စမာဏသည် ဗုဒ္ဓ ရှေ့မှောက်သို့ ရောက်အောင် သွားပြီး ဗုဒ္ဓအား လက်ညှိုးထိုးကာ စွပ်စွဲပြောဆိုလေသည်။

"အို … ရဟန်းကြီး၊ သင်သည် ပရိသတ် အလယ်၌ ခန့်ခန့်ညားညား တရားဟောနေဘိ၏။ ကျွန်ုပ်မှာမူ သင့်ကို အကြောင်းပြု၍ ကိုယ်ဝန် အရင့်အမာ ဖြစ်နေပါပြီ၊ သားဖွားရန် အစီအစဉ်များ အမြန် ပြုလုပ်ပေးပါဦး"

ဤသို့ ရဲရဲရင့်ရင့် ဝံ့ဝံ့စားစားဖြင့် အများပရိသတ်၏ ရှေ့မှောက်၌ စွပ်စွဲပြောဆိုလာသောအခါ တရားနာ ပရိသတ်များမှာ အံ့သြ ငေးမော၍ နေကြသည်။ ဗုဒ္ဓရှင်တော်မြတ်ကမူ အနည်းငယ်မျှ ဂရုဇောပျက်ခြင်းမရှိဘဲ တည်ငြိမ်သော အသံတော်ဖြင့် ဤသို့ မိန့်ကြားတော်မူလေသည်။

"နှမ၊ သင်ဆိုသောစကား မှားသည် မှန်သည်ကို သင်နှင့်ငါသာ သိပေ၏"

"ရဟန်းကြီး၊ မှန်ပေ၏၊ ဒီကိစ္စကို သင်နှင့် ကျွန်ုပ်မှတစ်ပါး တခြား ဘယ်သူ သိနိုင်ပါအံ့နည်း"

စိဉ္စမာဏက ယင်းသို့ ပြောဆိုနေစဉ်မှာပင် အခြေအနေ ရုတ်တရက် ပြောင်းလဲသွားသည်။ ဘယ်က ရောက်လာသည်ဟု မသိရသော ကြွက်ကလေး လေးကောင်တို့သည် စိဉ္စမာဏ၏ ကိုယ်ပေါ်သို့ တက်လာပြီး သူမ၏ ဝမ်းဗိုက်၌ ရစ်ပတ်ချည်နှောင်ထားသော ကြိုးများကို ကိုက်ဖြတ်ပစ်လိုက်ကြသည်။ အထဲတွင် ခံထား



www.burmeseclassic.com

www.burmeseclassic.com



သော အဝတ်နှင့် သစ်သားစများ ပြုတ်ကျပြီး လုပ်ကြံမှုကြီး ဘူးပေါ်သလို ပေါ်လာလေသည်။ အမှန်စင်စစ် ယုတ်မာလှသော အဖျက် လုပ်ငန်းကြီးကို နတ်သိကြားများက ဝင်ရောက် ဖော်ထုတ်လိုက်ကြခြင်း ဖြစ်ပေသည်။

လုပ်ကြံမှုကြီး ဘူးပေါ်သလို ပေါ်လာသောအခါ တရားနာ ပရိသတ်များက စိဉ္စမာဏကို ရိုက်နှက်ပုတ်ခတ်ပြီး ကျောင်းပြင်သို့ နှင်ထုတ်လိုက်ကြလေသည်။ ဗုဒ္ဓမြတ်စွာ မျက်ကွယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မဟာပထဝီ မြေကြီးသည် ကွဲအက်၍ စိဉ္စမာဏကို အဝီစိငရဲသို့ ရောက်အောင် ဝါးမျိုလိုက်လေသည်။

အထက်ပါ လုပ်ကြံမှုနှင့် ပတ်သက်၍ နောက်ပိုင်းမှ နေ၍ စိဉ္စမာဏကို ကြိုးကိုင်ခဲ့သူများမှာ တိတ္ထိရဟန်းတို့ဖြစ်ကြောင်း သာဝတ္ထိမြို့တွင် သတင်းပေါက်ကြားသွားလေ၏။ ထို့ကြောင့် တိတ္ထိတို့အပေါ်၌ အကြည်အညို ပျက်သူများ ယခင်ကထက်ပင် တိုးတက် များပြားလာလေသည်။ တိတ္ထိတို့၏ သာသနာမှာ ရှေးကထက်ပင် ပို၍ ညှိုးမှိန်သွားလေသည်။

(၃)

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးနေကြစဉ် "စိဉ္စမာဏသည် မြတ်စွာဘုရားကို မဟုတ်မမှန် လုပ်ကြံ စွပ်စွဲသဖြင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရရှာ၏" ဟု ပြောဆိုနေကြသည်။ ထိုစဉ်တွင် ဗုဒ္ဓမြတ်စွာက ကြွလာပြီး "စိဉ္စမာဏသည် ယခု ဘဝ၌သာ မဟုတ်မမှန် စွပ်စွဲသည် မဟုတ်။ ရှေးဘဝ၌လည်း စွပ်စွဲခဲ့ဖူးပေသည်" ဟု မိန့်ကြားပြီး မဟာပဒုမ ဇာတ်ကို ဟောကြားတော်မူသည်။ ထို့ပြင် ...

"သစ္စာဟူသော တရားတစ်ပါးကို ကျော်လွန်၍ မုသားစကားပြောဆိုသော၊ တမလွန်ရေးကို မျှော်တွေးမှု အလျဉ်းမရှိသော သူမှာ မပြုအပ်သော မကောင်းမှု ဟူ၍ မရှိတော့ပေ" ဟူသော ဒေသနာကိုလည်း ဟောကြားတော် မူလေသည်။

မှတ်ချက်။ ။ မဟာပဒုမ ဇာတ်ကို ငါးရာငါးဆယ် ဒွါဒသက နိပါတ်၌ရှုပါ။

(၁၃။ လောကဝဂ်၊ ၉-စိဉ္စမာဏ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# သုန္ဒရီ

စိဉ္စမာဏာ မိန်းမပျိုကို အသုံးချလျက် ဗုဒ္ဓမြတ်စွာအား နာမည်ပျက် အရှက်ရစေရန် ကြံဆောင်ခဲ့သော တိတ္ထိရဟန်းတို့သည် ထိုအကြံ မအောင်မြင်သောအခါ အခြားနည်းလမ်း တစ်မျိုးကို စဉ်းစား ရှာဖွေကြပြန်၏။ သို့သော် ထိုနည်းလမ်းမှာလည်း ပထမနည်းနှင့် ထူးမခြားနားပင် ဖြစ်လေသည်။

တိတ္ထိ၏ တပည့်သာဝကများတွင် သုန္ဒရီ အမည်ရှိသော ပရိဗိုဇ်မကလေး တစ်ဦးလည်း ပါဝင်၏။ သူမသည် ရုပ်ဆင်းအင်္ဂါ ချောမောလှပရုံသာမက ယဉ်ရွယ်နုပျို၍ ထက်မြက်တက်ကြွသော တပည့်မကလေးဖြစ်ပေသည်။ ထို့ကြောင့် တိတ္ထိတို့သည် တစ်နေ့တွင် သူတို့ထံ လာရောက်ဝတ်ပြုသော ပရိဗိုဇ်မကလေး သုန္ဒရီကို စိဉ္စမာဏာနည်းတူ ပြောဆို သိမ်းသွင်းကြပြန်သည်။ သူမကလည်း မိမိဆရာများပေးအပ်သော တာဝန်ကို ရှောရှောရှူရှူဖြင့်ပင် လက်ခံလိုက်လေသည်။

ယင်းသို့ လက်ခံခဲ့ပြီးနောက် သုန္ဒရီသည် ဇေတဝန်ကျောင်းတော်သို့ နေ့စဉ် ဝင်ထွက် သွားလာ နေလေသည်။ ညနေပိုင်းတွင် ကျောင်းတော်ဆီသို့ ရှေ့ရှု ထွက်လာခဲ့ပြီး ကျောင်းတော်အနီးရှိ တိတ္ထိတို့ကျောင်း၌ ညအိပ်သည်။ နံနက်လင်းသောအခါ အိပ်ရာမှ ထခဲ့ပြီး ဇေတဝန်ကျောင်းတော်မှ ပြန်လာဟန် ဆောင်ကာ မြို့ထဲသို့ ဝင်လာလေသည်။

လမ်း၌ တွေ့သူများက မေးလျှင်လည်း စိဉ္စမာဏာ ကဲ့သို့ပင် မတင်မကျ အဖြေပေး၍ ယုန်ထင် ကြောင်ထင် ဖြစ်အောင် လုပ်လေသည်။ မြို့သူမြို့သား



www.burmeseclassic.com

www.burmeseclassic.com



တို့သည် စိဥ္စမာဏာကိစ္စ၌ တိတ္ထိတို့၏ မသမာမှုကို သိရှိခဲ့ကြရပြီး ဖြစ်၍ သူမ၏ စကားကို ယုံကြည်သူ အလွန် နည်းပါးလေသည်။ "တိတ္ထိတွေတော့ နောက်တစ်ချီ ကြံကြပြန်ပြီ" ဟူ၍ များစွာသော လူတို့က ရိပ်မိနေကြလေသည်။

သို့ရာတွင် ဇေတဝန်ကျောင်းတော်သို့ သုန္ဒရီ ပရိဗိုဇ်မကလေး ဝင်ထွက်သွားလာနေ၍ ရက်အတန်ကြာသောအခါ သာဝတ္ထိတစ်မြို့လုံးအား ချောက်ချားစေသော သတင်းတစ်ရပ် ထွက်ပေါ်လာလေသည်။

"သုန္ဒရီဆိုတဲ့ ပရိဗိုဇ်မလေး တစ်ယောက် ပျောက်ဆုံးနေသတဲ့"

ဤသတင်းကို အကျယ်ဆုံး အသံလွှင့်သူများမှာ တိတ္ထိရဟန်းတို့၏ တပည့် ပရိသတ်များ ဖြစ်လေသည်။ တိတ္ထိတို့သည် ဤသတင်းကို မြို့လုံးပျံ့အောင် အလွှင့် နိုင်းပြီး သူတို့ကိုယ်တိုင် ကောသလမင်းကြီးထံ ဝင်ရောက် တိုင်ကြားကြသည်။

"ဒကာတော်မင်းကြီး၊ ကျုပ်တို့ရဲ့ တပည့်မဖြစ်တဲ့ သုန္ဒရီ ပရိဗိုဇ်မလေး ပျောက်ဆုံးနေပါတယ်၊ အမြန်ဆုံး တွေ့ရှိအောင် စုံစမ်း ရှာဖွေပေးပါ"

"သူမ ဘယ်နေရာမှာ ရှိမယ်လို့ အရှင်ဘုရားတို့ ထင်မြင်ကြပါသလဲ"

"ဒကာတော် မင်းကြီး၊ လွန်ခဲ့တဲ့ ရက်အတော်ကြာက စပြီး သုန္ဒရီဟာ ဇေတဝန်ကျောင်းကို ဝင်ထွက်သွားလာနေတယ်လို့ ကြားသိရပါတယ်၊ ဒါကြောင့် ကျုပ်တို့ကတော့ ဂေါတမရဲ့ ဇေတဝန်ကျောင်းကို သံသယမကင်း ရှိနေကြပါတယ်"

"သို့ဖြစ်လျှင် ဇေတဝန်ကျောင်းတော်သို့ သွားရောက် ရှာဖွေကြပါ"

ကောသလမင်းကြီးသည် ယင်းသို့ ခွင့်ပြုလိုက်ပြီး မင်းချင်းယောကျ်ားအချို့ကို တိတ္ထိတို့နှင့်အတူ ထည့်ပေးလိုက်သည်။ တိတ္ထိတို့သည် မင်းကြီး၏အမိန့်ကို ရရှိခဲ့ပြီးဖြစ်၍ မျက်နှာထားတင်းတင်းဖြင့် ဇေတဝန်ကျောင်းပရိဝုဏ်အတွင်းသို့ ဝင်ရောက် ရှာဖွေကြလေသည်။

မင်းချင်းယောကျ်ား တစ်စုနှင့် တိတ္ထိရဟန်းများက ကျောင်းပရိဝုဏ်အတွင်း၌ တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေကြသည်ကို မြင်လျှင် အချို့သော ရဟန်းသာမဏေတို့သည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ တစ်ဆင့်စကားဖြင့် ထိုသတင်းကို ချက်ချင်းပျံ့နှံ့ကာ ရာပေါင်းများစွာသော ရဟန်းတို့ စုဝေးလာကြပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။ အချို့သော ရဟန်းငယ်တို့ကမူ "ဗုဒ္ဓမြတ်စွာအား အန္တရာယ်ပြုလေမည်လော" ဟူသော စိုးရိမ်စိတ်ဖြင့် လိုအပ်သလို ခုခံကာကွယ်ရန်ပင် ကြံတင် စဉ်းစားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် ဂန္ဓကုဋိတိုက်ခန်း၌ တစ်ပါးတည်း သီတင်းသုံးတော်မူလျက်ရှိ၏။ ရင့်ကျက်သော သီလ သမာဓိ ရှိတော်မူကြသည့် ထေရ်ကြီး ဝါကြီး အရှင်မြတ်များမှာလည်း မိမိတို့လုပ်ငန်းကို ဣန္ဒြေမပျက် ဆောင်ရွက်နေကြပေသည်။

ရှာဖွေရေးအဖွဲ့ဝင်များသည် ကျောင်းတိုက်တွင်း၌ လှည့်လည်ကြည့်ရှုနေရာမှ ပရိဝုဏ် အစွန်၌ရှိ အမှိုက်ပုံ တစ်ခု အနီးသို့ ရောက်လာကြသည်။ ထိုအခါ အဖွဲ့ဝင် တစ်ဦး၏ နှုတ်မှ ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာလေသည်။

"တွေ့ပြီ ... ဒီမှာ တွေ့ပြီ"

အဖွဲ့ဝင်များအားလုံး အသံရှင် လက်ညှိုး ညွှန်ရာသို့ ဝိုင်းဝန်းကြည့်ရှုကြရာ အမှိုက်သရိုက်များအကြား၌ သုန္ဒရီ၏အလောင်းကို အထင်အရှား တွေ့မြင်ကြလေသည်။ ထိုအခါ တိတ္ထိတို့၏ မျက်နှာများမှာ ပို၍ တင်းမာခက်ထန်လာကြသည်။ အလွန် နာကျည်းခံပြင်းသော အမူအရာဖြင့် "တကယ် ယုတ်မာ ရက်စက်တဲ့ ကြောင်သူတော်တွေပဲ" စသော စကားများကို နှုတ်မှ ဖွင့်၍ ဆိုလာကြလေသည်။

ထို့နောက် သူတို့သည် သုန္ဒရီ၏အလောင်းကို ထမ်းစင်ဖြင့်တင်၍ ဘုရင့်နန်းတော်သို့ ယူဆောင်သွားကြသည်။ "အရှင်မင်းကြီး ရှုပါလော့၊ ရဟန်းဂေါတမ၏ တပည့်တို့သည် မိမိတို့ဆရာ၏ မကောင်းမှုကို ဖုံးဖိရန်အတွက် သုန္ဒရီကို သတ်၍ စွန့်ပစ်ထားကြပါသည်" ဤသို့ အစရှိသော စကားများကို ကောသလ မင်းကြီးအား ပြောကြားကြလေသည်။

ကောသလမင်းကြီးသည် တိတ္ထိတို့၏ စကားကိုကြားလျှင် မည်သို့မျှ အဆုံးအဖြတ် မပေးဘဲ "အချင်းတို့၊ သုန္ဒရီ၏ အလောင်းကို မြို့တွင်း၌ လှည့်လည်ပြသပြီး သုသာန်သို့ ပို့ဆောင်ကြကုန်လော့" ဟု မင်းချင်းယောကျာ်းတို့အား မိန့်ကြားလေသည်။

ထိုအခါ တိတ္ထိတို့သည် အလောင်းစင်နောက်မှ ခြံရံလိုက်ပါလျက် မြို့တွင်း၌ လှည့်လည်ကာ ကြွေးကြော်ကြလေသည်။

"အချင်းတို့၊ သာကီဝင်မင်းသား ရဟန်းများ၏ အမှုကို ရှုကြပါကုန်လော၊ သူတို့ဆရာ ရဟန်းဂေါတမသည် ပရိဗိုဇ်မကလေး သုန္ဒရီနှင့် တိတ်တဆိတ် ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်နေခဲ့၏။ ဤအကြောင်းကို လူအများ မသိအောင် ဖုံးဖိရန်အတွက် တပည့်များက သုန္ဒရီကို ဖျောက်ဖျက်ပစ်ခဲ့ကြ၏၊ ယခုကား သူတို့၏ ယုတ်မာမှုကြီး ဘူးပေါ်သလို ပေါ်လေပြီ''

တိတ္ထိတို့၏ ကြွေးကြော် ကြေညာချက်ကို ကြားရသောအခါ အရိယာ မဟုတ်သော မြို့သူမြို့သားတို့က အဟုတ်ထင်သွားကြသည်။ ရဟန်းများကို မြင်လျှင် ရင့်သီးသော စကားလုံးများဖြင့် ဆဲဆိုရှုတ်ချကြသည်။ ရဟန်းတို့က ဤအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်တင်ကြသည်။

ထိုအခါ ဗုဒ္ဓက ''ရဟန်းတို့၊ သင်တို့အား ကဲ့ရဲ့ရှုတ်ချသူများကို သင်တို့က ဤသို့ တုံ့ပြန်၍ ဆိုကြကုန်လော'' ဟု မိန့်ကြားပြီး ပြန်ပြောရမည့် စကားကို သင်ကြားပေးလေသည်။

''မဟုတ်မမှန် ပြောဆိုသောသူသည် လည်းကောင်း၊ မိမိပြုလျက် မပြုဟု ဆိုသော သူသည် လည်းကောင်း၊ သေလွန်သောအခါ ငရဲသို့ ရောက်ရ၏။ ထိုသူနှစ်ဦးတို့သည် ယုတ်မာသော မကောင်းမှု ရှိကုန်သည်ဖြစ်၍ နောင်ဘဝ၌ တူညီသောအကျိုးကို ခံစားကြရကုန်၏''

ဗုဒ္ဓမြတ်စွာ သင်ကြားပေးသည့်အတိုင်း ရဟန်းတို့က တုံ့ပြန်ချေပကြသောအခါ လူတို့၏ ဆဲဆိုစွပ်စွဲသံများ တဖြည်းဖြည်း တိတ်ဆိတ်သွားလေသည်။

ကောသလမင်းကြီးကား ဗုဒ္ဓကို ကိုးကွယ် ဆည်းကပ်နေသူ ဖြစ်သော်လည်း အမြော်အမြင် များစွာရှိသူ မဟုတ်။ သို့ဖြစ်၍ တိတ္ထိတို့၏ စကားကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ အမှုမှန်ကို ဖော်ထုတ်ပေးရန်ကား သူ့တာဝန် ဖြစ်ပေသည်။ ထို့ကြောင့် မင်းချင်းယောကျ်ားများကို စေလွှတ်၍ စုံစမ်းထောက်လှမ်းစေသည်။

မြို့တွင်း၌ လှည့်လည်၍ လျှို့ဝှက်စွာ စုံစမ်းထောက်လှမ်းသော မင်းချင်းတစ်ယောက်သည် သေရည်ဆိုင်သို့ ရောက်သွား၏။ ထိုအချိန်တွင် သေရည်ဆိုင်၌ သေသောက်နေကြသော သေသောက်ကြူးတစ်စုတို့ အချင်းချင်း ရန်ဖြစ်နေကြသည်။ တစ်ယောက်သော သေသောက်ကြူးက မူးမူးရူးရူးဖြင့် ''သုန္ဒရီကို သတ်တာ ငါကွ'' ဟု ထုတ်ဖော်ဝင့်ကြွားရာ အခြားသူများက မခံမရပ်နိုင် ဖြစ်နေကြလေသည်။

ထိုအခါ မင်းချင်းတို့သည် သေသောက်ကြူးများကို ဝင်ရောက်ဖမ်းဆီးပြီး မင်းကြီးထံ ခေါ်ဆောင်သွားကြသည်။ မင်းကြီးက မေးမြန်းစစ်ဆေးလျှင် တိတ္ထိ



www.burmeseclassic.com

www.burmeseclassic.com



တို့က ငွေပေး၍ အသတ်ခိုင်းခြင်းဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံကြသည်။ မင်းကြီးသည် တိတ္ထိတို့ကို ဖမ်းဆီးစေပြီး "သုန္ဒရီကို သတ်သူများမှာ မိမိတို့သာဖြစ်ကြောင်း" မြို့တွင်း၌ လှည့်လည် ကြွေးကြော်ခိုင်းလေသည်၊ ထို့နောက် စေခိုင်းသူ တိတ္ထိတို့နှင့်တကွ သုန္ဒရီကို သတ်သော သေသောက်ကြူးတို့အား သေဒဏ်ချမှတ်လိုက်လေသည်။

(၂၂။ နိရယဝဂ်၊ ပ-သုန္ဒပရိဗ္ဗာဇိကာ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

၅

# သားများအဖေ ဒုက္ခပွေ

သာဝတ္ထိပြည်မှ ပုဏ္ဏားကြီးတစ်ယောက်မှာ သားလေးယောက်ရှိသည်။ ပုဏ္ဏားကြီးသည် ယင်းသားများ အရွယ်ရောက်လာသောအခါ သင့်တော်သော မိန်းကလေးများနှင့် ထိမ်းမြားလက်ထပ်၍ ပေးလိုက်သည်။ သူ့မှာရှိသော အသပြာ ရှစ်သိန်းအနက်မှ လေးသိန်းကို တစ်ယောက်လျှင် တစ်သိန်းကျစီလည်း အမွေခွဲ၍ ပေးလိုက်သည်။

နောင်အခါတွင် ပုဏ္ဏားကြီး၏ဇနီး ပုဏ္ဏေးမ ကွယ်လွန်သွားလေ၏။ ထိုအခါ သားလေးယောက်တို့သည် "ငါတို့ဖခင် နောက်အိမ်ထောင်ပြုလျှင် သူ့မှာရှိနေတဲ့ ပစ္စည်းတွေကို ငါတို့ရမည်မဟုတ်" ဟု တွေး၍ စိုးရိမ်လာကြသည်။ ထို့ကြောင့် ဖခင်ကြီး ကျေနပ်နှစ်သက်အောင် အမျိုးမျိုး ပြောဆိုပြုစုကြပြီး ကျန်သော ပစ္စည်းများကို သူတို့အား အမွေခွဲပေးရန် တောင်းဆိုကြလေသည်။

ပုဏ္ဏားကြီးလည်း "ငါ့တစ်ဝမ်းတစ်ခါးတော့ ပူစရာမရှိ၊ သားလေးယောက်က တစ်လှည့်စီ တာဝန်ယူကြလိမ့်မည်" ဟု ယုံကြည်သွားသည်၊ ထို့နောက် ကျန်နေသော အသပြာလေးသိန်းကို တစ်ယောက်တစ်သိန်းစီ ခွဲပေးလိုက်သည်။ အိမ်နှင့်တကွ အသုံးအဆောင် ပစ္စည်းများကိုလည်း လေးပုံခွဲ၍ ပေးလိုက်သည်။

ပစ္စည်းအားလုံးကို အမွေခွဲပေးလိုက်ပြီးနောက် ပုဏ္ဏားကြီးသည် သားကြီးဖြစ်သူအိမ်တွင် နေသည်။ အမွေရပြီးစဖြစ်၍ ရွှင်ပျနေသော သားကြီးနှင့် ချွေးမတို့က ကြည်ကြည်ဖြူဖြူဖြင့်ပင် ကျွေးမွေးပြုစုနေကြသည်။ "ငါတို့ဖခင်သည် ငါတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ၄-၅ ရက်နေပြီး တခြား သားများအိမ်သို့ သွားလိမ့်မည်'' ဟု သူတို့ တွက်ဆထားကြပုံရသည်။ သို့သော် ခုနစ်ရက်တစ်ပတ်ခန့် ကြာလာသည့်တိုင်အောင် ပုဏ္ဏားကြီးက တခြား သားများအိမ်သို့ သွားလိုဟန် မပြချေ။

ထိုအခါ သားရော ချွေးမပါ မျက်နှာမသာကြတော့ပေ။ အထူးအားဖြင့် အဘိုးကြီး မကြားတကြားတွင် ချွေးမပါးစပ်မှ မကျေနပ်သံများ စတင်ထွက်ပေါ်လာသည်။ သားကြီးကလည်း ''အဖေ့ သားငယ်တွေက အဖေ့ကို မျှော်နေကြမှာပေါ့'' စသည်ဖြင့် ရေလာမြောင်းပေးစကား ပြောလာသည်။

သို့တိုင်အောင် ပုဏ္ဏားကြီးက မတုန်မလှုပ်ပင်ရှိနေရာ ချွေးမဖြစ်သူမှာ အလွန်အမင်း မကျေမနပ်ဖြစ်လာသည်။ ''ဤအဘိုးကြီးကို မိမိတို့အိမ်၌ တစ်သက်လုံး ကျွေးမွေး၍ ထားရတော့မည်လော'' ဟူ၍ ပူပန်စိုးရိမ်လာသည်။ ထို့ကြောင့် သူမသည် ''ဤအဘိုးကြီးသည် ရိပ်ဖမ်း သံဖမ်း ပြောရုံဖြင့် ရိပ်မိမည်မဟုတ်။ ပြောင်ဖွင့်၍ပြောမှ ဖြစ်တော့မည်'' ဟု စဉ်းစားလျက် အခွင့်အခါကို စောင့်နေလေသည်။

တစ်နေ့သ၌ ပုဏ္ဏားကြီးသည် နံနက်စောစော အိမ်မှ ထွက်သွားရာ နေအတော်မြင့်သည့်တိုင်အောင် ပေါ်မလာချေ။ ထိုအခါ သားငယ်များအိမ်သို့ သွားပြီသို့ မှတ်ထင်သဖြင့် ချွေးမလုပ်သူမှာ ကျိတ်၍ဝမ်းသာနေသည်။ အမှန်စင်စစ် အဘိုးကြီးသည် မြစ်ဆိပ်သို့သွား၍ ရေချိုးနေခြင်းဖြစ်၏။ ရေချိုးပြီးနောက် မိမိတို့အိမ်သို့ပင် တန်း၍ ပြန်လာသည်ကို တွေ့မြင်ရသောအခါ ချွေးမဖြစ်သူက အိမ်ဝမှဆီး၍ ဤသို့ ပြောလေသည်။

''အဘိုးကြီး ပြန်လာပြီလား၊ သားငယ်တွေရဲ့အိမ်ကို သွားနေဖို့ စိတ်မကူးတော့ဘူးလား၊ သားကြီးဖြစ်လို့မို့ ကျွန်မတို့ကို အမွေပစ္စည်း ဘယ်လောက်များ ပိုပေးထားလို့လဲ''

ပုဏ္ဏားကြီးသည် ရှိသမျှ ပစ္စည်းအားလုံးကို အမွေပေးခဲ့သည်မှာ လပိုင်းပင် မကြာသေးပါဘဲလျက် ဤမျှ စော်ကားမော်ကား ပြောရက်သော ချွေးမ၏စကားကို ကြားရသောအခါ အကြီးအကျယ် စိတ်ပျက်သွားသည်။ ရှက်လည်းရှက်သွားသည်။ ထို့ကြောင့် အိမ်ပေါ်သို့ပင် မတက်တော့ဘဲ ချက်ချင်း လှည့်ထွက်ပြီး ဒုတိယမြောက် သားအိမ်သို့လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသားနှင့် ချွေးမတို့က ရောက်စ ၄-၅ ရက်တွင် ပုဏ္ဏားကြီးကို ကောင်းမွန်စွာ ကျွေးမွေးပြုစုကြသည်။ သို့သော် ထိုမှနောက်ပိုင်းတွင်မူ သားကြီးနှင့် ချွေးမတို့ နည်းတူပင် ပြုမူလာကြသောကြောင့် ပုဏ္ဏားကြီးခမျာ တတိယသားအိမ်သို့ ရောက်ခဲ့ရပြန်သည်။ တတိယသားနှင့် စတုတ္ထသားတို့ကလည်း အစ်ကိုကြီးများ၏ ခြေရာကို နင်းလာကြပြန်ရာ နောက်ဆုံးတွင် ပုဏ္ဏားကြီးသည် နေစရာ နေရာမရှိသော အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်ရှိလေတော့သည်။

ထိုအခါ သူသည် ပရိဗိုဇ်ရဟန်းတို့၏ ကျောင်းတစ်ကျောင်းသို့ သွား၍ခိုကပ်နေလေသည်။ ပရိဗိုဇ်ရဟန်းအသွင်ဖြင့် အိမ်စဉ်လှည့်လျှောက်၍ ဆွမ်းခံကာ တစ်ဝမ်းတစ်ခါးကို ထိန်းကျောင်းနေရသည်။ ယင်းသို့ ဆင်းရဲပင်ပန်းစွာ နေထိုင်စားသောက်ရသောအခါ သူ၏ရုပ်မှာ နွေးချင်း ညချင်း အိုမင်းရင့်ရော်လာသည်။ သူ့ကို အဖက်လုပ်၍ ဆက်ဆံမည့်သူပင် မရှိတော့သောကြောင့် စိတ်ဓာတ်လည်း အလွန်အမင်းကျဆင်းလာသည်။

တစ်နေ့သ၌ သူသည် ကြုံလှီချည့်နဲ့သော ကိုယ်ခန္ဓာနှင့် အားကိုးရာမဲ့ဖြစ်နေသော ဘဝအခြေအနေကို ကြည့်ရှုသုံးသပ်လျက် "အဘယ်သူသည် ငါ၏ဒုက္ခကို သက်သာအောင် ပြုနိုင်ပါအံ့နည်း" ဟု စဉ်းစားမိလေ၏။ ထိုအခါ သူသည် ဗုဒ္ဓမြတ်စွာကို သတိရလာသည်။ ဗုဒ္ဓဂေါတမသည် သူ့ထံ ရောက်လာသူတိုင်းအား ချစ်ခင်ကြင်နာစွာ ဆက်ဆံလေ့ရှိကြောင်း၊ ထိုသူတို့၏ ဒုက္ခအမျိုးမျိုးကိုလည်း သက်သာပျောက်ကင်းအောင် ပြုလုပ်ပေးလေ့ရှိကြောင်း ပြောဆိုကြသည်များကို သူ မကြာခဏ ကြားခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓကို သတိရလာခြင်း ဖြစ်ပေသည်။

ထိုအခါ ပုဏ္ဏားကြီးသည် ညစ်နွမ်းစုတ်ပြတ်သော အဝတ်အစားများကို တတ်နိုင်သမျှ သေသေသပ်သပ်ဖြစ်အောင် ပြင်ဝတ်ပြီး တောင်ဝှေးတစ်ချောင်းအားဖြင့် ဇေတဝန်ကျောင်းတော်သို့ သွားလေသည်။

ဗုဒ္ဓမြတ်စွာသည် မိမိထံပါးသို့ ရောက်လာသော ပုဏ္ဏားကြီးအား ပျူငှာစွာ ဆီးကြိုနှုတ်ဆက်တော်မူသည်။

"အို ... ပုဏ္ဏားကြီး၊ သင်၏ ကိုယ်သည် ကြုံလှီချည့်နဲ့လှဘိ၏၊ သင်၏ အဝတ်အစားများလည်း ညစ်နွမ်းလှဘိ၏၊ အဘယ်သို့ ဖြစ်လာသနည်း"



www.burmeseclassic.com

www.burmeseclassic.com



"အို … ရှင်ဂေါတမ၊ ကျွန်ုပ်မှာ သားလေးယောက်ရှိပါသည်၊ သို့သော် ယခု ထိုသားလေးယောက်တို့က အိမ်မှ နှင်ချထားသောကြောင့် ကျွန်ုပ် အားကိုးရာမဲ့ ဖြစ်နေပါသည်"

"ပုဏ္ဏားကြီး၊ သို့ဖြစ်လျှင် သင့်ကို ဂါထာငါးပုဒ် သင်ကြားပေးမည်၊ ဗြာဟ္မဏာတို့ စည်းဝေးရာ မဏ္ဍပ်သို့ဝင်၍ ထိုဂါထာတို့ကို သင် ရွတ်ဆိုနိုင်အံ့လော"

"ကျွန်ုပ် ရွတ်ဆိုနိုင်ပါသည် ရှင်ဂေါတမ၊ ယခုပဲ သင်ကြားပေးပါ"

ဗုဒ္ဓမြတ်စွာသည် သားဆိုးသားမိုက်တို့၏ ဖခင်တစ်ဦး ဆင်းရဲဒုက္ခရောက်နေပုံကို ဖွဲ့ဆိုထားသော ဂါထာငါးပုဒ်ကို ပုဏ္ဏားကြီးအား သင်ကြားပေးတော်မူလိုက်သည်။ ပုဏ္ဏားကြီးသည် ထိုဂါထာတို့ကို သင်ယူခဲ့ပြီး ဗြာဟ္မဏာတို့ စည်းဝေးရာ မဏ္ဍပ်သို့ သွားလေ၏။ ထိုအစည်းအဝေး၌ သူ့သားလေးယောက်လုံး တက်ရောက်နေကြောင်းလည်း သူသိသည်။

ပုဏ္ဏားကြီးသည် မဏ္ဍပ်သို့ရောက်လျှင် အထဲသို့ဝင်သွားပြီး ဗုဒ္ဓသင်ကြားပေးလိုက်သော ဂါထာများကို ရွတ်ဆိုလေသည် ထိုဂါထာတို့ကို ကြားကြရသောအခါ ပရိသတ်ကြီးတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ဗြာဟ္မဏာတို့၏ ထုံးတမ်းစဉ်လာမှာ မိဘ ပစ္စည်းကို စားသုံးခဲ့သော သားသမီးသည် မိဘများကို ကောင်းစွာ လုပ်ကျွေးပြုစုရသည်၊ မပြုစုပါက ပြင်းထန်စွာ အပြစ်ဒဏ် ခတ်ရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားပေသည်။ ထို့ကြောင့် ဤကဲ့သို့ လှုပ်လှုပ်ရွရွ ဖြစ်လာခြင်း ဖြစ်ပေသည်။

ထိုအခါ ပုဏ္ဏားကြီး၏ သားလေးယောက်တို့သည် ထိုင်နေရာမှ ထလာပြီး ဖခင်၏ ခြေကို ဖက်ကာ သူတို့အပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်ကြသည်။ "ကျွန်ုပ်တို့သည် ယနေ့မှစ၍ အသက်ထက်ဆုံး ဖခင်ကို ကောင်းမွန်စွာ လုပ်ကျွေးပြုစုကြပါတော့မည်" ဟူ၍ ပရိသတ်အလယ်၌ ထုတ်ဖော်ပြောကြသည်။

ထို့နောက် သူတို့သည် ဖခင်ကို ထမ်းစင်ဖြင့် တင်၍ အိမ်သို့ ခေါ်ခဲ့ကြသည်။ အိမ်သို့ရောက်လျှင် ရေချိုး၍ အဝတ်သစ်၊ အစားသစ်များ လဲလှယ်ပေးပြီး ကောင်းမွန်သော အစားအစာများ ကျွေးမွေးကြသည်။ သူတို့ ဇနီးများကိုလည်း ဖခင်ကို ရိုသေလေးစားစွာ ပြုစုဆက်ဆံကြရန် ပြောဆို ဆုံးမကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်းသာသာ နေရသောအခါ ပုဏ္ဏားကြီး၏ ကိုယ်ခန္ဓာမှာ ၄-၅ ရက် အတွင်း၌ပင် ပြည့်ဖြိုးတောင့်တင်းလာသည်။ ပုဏ္ဏားကြီးသည် သူ့ကိုယ်ကို ကြည့်၍ 'ငါသည် ဤသို့သော ချမ်းသာမှုကို ရဟန်းဂေါတမကြောင့်သာ ရရှိခြင်းဖြစ်၏' ဟု ကြံလျက် ဖြူစင်သော အဝတ်တစ်စုံကိုယူကာ ဇေတဝန် ကျောင်းတော်သို့သွား လေသည်။

ကျောင်းတော်သို့ ရောက်လျှင် ဗုဒ္ဓမြတ်စွာအား ရှိသေစွာရှိခိုးပြီး "အရှင် ဂေါတမ၊ အရှင်သည် ကျွန်ုပ်၏ ဆရာဖြစ်ပါသည်။ ဤဝတ်စုံကို အလှူခံပါ" ဟု လျှောက်တင်လေသည်။ ဗုဒ္ဓသည် ဝတ်စုံကို အလှူခံပြီး ပုဏ္ဏားကြီးအား တရားဟောကြားလေသည်။ တရားနာရသောအခါ ပုဏ္ဏားကြီးသည် သရဏဂုံ သုံးပါး၌တည်၍ "အရှင် ဂေါတမ၊ ကျွန်ုပ်သည် နေ့စဉ် သားလေးယောက်တို့ထံ မှ ထမင်းအိုး လေးလုံးရရှိပါသည်၊ ထိုထမင်းအိုးများ အနက်မှ နှစ်လုံးကို အရှင့် ဂေါတမအား လှူပါသည်" ဟု လျှောက်ကြားလေသည်။ ဗုဒ္ဓကမူ "ကောင်းပေ ၏ ပုဏ္ဏားကြီး၊ သို့သော် ငါဘုရားသည် သင့်လျော်သော အရပ်သို့သာ ဆွမ်းခံကြွ ပေအံ့" ဟု မိန့်ကြားတော်မူလေသည်။

ပုဏ္ဏားကြီးသည် အိမ်ပြန်ရောက်သောအခါ သားလေးယောက်လုံးကို ခေါ်၍ "ချစ်သားတို့၊ ငါသည် ဂေါတမအား နေ့စဉ် ထမင်းအိုးနှစ်လုံး လှူခဲ့၏။ သင်တို့ သည် ရဟန်းဂေါတမ ကြွလာသည့်အခါ မမေ့မလျော့ကြကုန်လင့်" ဟု မှာ ကြားထားလေသည်။

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွသည့် နေ့များ၌ ရံခါ ပုဏ္ဏား ကြီး၏ သားကြီးအိမ်သို့လည်းကောင်း၊ ရံခါ သားလတ်၊ သားငယ်တို့၏ အိမ်သို့ လည်းကောင်း ကြွတော်မူသည်။ ထိုသားလေးယောက်လုံးသည် ဗုဒ္ဓမြတ်စွာအား ကောင်းစွာ ကြိုဆို၍ မွန်မြတ်သော ဆွမ်းဘောဇဉ်များကို လောင်းလှူကြလေသည်။

တစ်နေ့သ၌ သားကြီး၏ အိမ်တွင် မင်္ဂလာပွဲတစ်ခု ကျင်းပရာ ဗုဒ္ဓမြတ်စွာ နှင့်တကွ ရဟန်းငါးရာကို ပင့်ဖိတ်၍ နို့ယနာဆွမ်း ဆက်ကပ်လေသည်။ ဆွမ်းဘုဉ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးသောအခါ ဗုဒ္ဓမြတ်စွာက မိဘကို လုပ်ကျွေးခြင်းသည် ကောင်းမြတ်သော အကျင့်ဖြစ်ကြောင်း မိန့်ကြားပြီး ငါးရှင်ငါးဆယ် ဧကာဒသက နိပါတ်လာ မာတုပေါသက ဇာတ်ကို ဟောကြားတော်မူသည်။ ပုဏ္ဏားကြီးသည် သားလေးယောက်၊ ချွေးမလေးယောက်တို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်လေသည်။

(၂၃။ နာဂဝင်၊ ၃-ပရိဇ္ဇ ဗြာဟ္မဏပုစ္ဆာ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## လူပျင်း လုံ့လ

(၁)

သာဝတ္ထိပြည်မှ ငါးရာသော အမျိုးကောင်းသားတို့သည် ဗုဒ္ဓမြတ်စွာ၏ တရားကို ကြားနာရလေသဖြင့် သဒ္ဓါတရားပေါက်ကာ စိတ်တူကိုယ်တူဖြင့် တစ်စုတဝေးတည်း ရဟန်းပြုကြလေသည်။ ထို့နောက် ထိုရဟန်းငါးရာတို့သည် ဗုဒ္ဓထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီး တောကျောင်းသို့ သွား၍ တရားအားထုတ်ရန် တိုင်ပင်ကြသည်။ ထိုအခါ တိဿ အမည်ရှိသော ရဟန်းငယ် တစ်ပါးသည် တရားအားထုတ်လိုစိတ်လည်း မရှိ၊ ဆင်းရဲပင်ပန်းမည်ကိုလည်း ကြောက်သံဖြင့် အဖော်ရဟန်းများနှင့်အတူ လိုက်ပါမသွားဘဲ ဇေတဝန်ကျောင်းတော်၌ နေရစ်လေသည်။

တောကျောင်းသို့ သွားသော ရဟန်းတို့သည် ဝါတွင်း သုံးလပတ်လုံး ကမ္မဋ္ဌာန်းကို မနေမနား အားထုတ်ကြရာ အားလုံး အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။ ဝါကျွတ်သောအခါ ထိုရဟန်းတို့သည် မိမိတို့ရရှိသော တရားထူးကို ဗုဒ္ဓမြတ်စွာအား လျှောက်ကြားရန် သာဝတ္ထိပြည်သို့ ပြန်လာကြသည်။ ယင်းသို့ ပြန်လာကြစဉ် သာဝတ္ထိမြို့တော်အနီးရှိ ရွာငယ်တစ်ခုသို့ ဆွမ်းခံချိန်တွင် ရောက်ရှိသဖြင့် ရွာတွင်းသို့ စီတန်းကာ ဆွမ်းခံဝင်ကြလေသည်။

ရွာသူရွာသားတို့သည် ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော ရဟန်းတို့ကို မြင်လျှင် ကြည်ညိုလှသောကြောင့် တစ်အိမ်လျှင် နှစ်ပါးသုံးပါးစီ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူကြသည်။ ထို့နောက် ဤကဲ့သို့ တစ်နေ့မျှသာ ဆွမ်းလောင်းရသည်ကို အားရ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ခြင်း မရှိကြသဖြင့် ရဟန်းတို့အား မိမိတို့ရွာ၌ ရက်အနည်းငယ်မျှ ဆက်လက်သီတင်းသုံးရန် ပင့်ဖိတ်ကြသည်။ ရဟန်းများကား ဗုဒ္ဓရှင်တော်မြတ်အား ဖူးမြင်လိုသော ဆန္ဒပြင်းပြလှပြီ ဖြစ်သောကြောင့် တစ်နေ့ တစ်ရက်မျှ ဆိုင်းငံ့ရမည်ကိုပင် ဝန်လေးလျက် ရှိကြသည်။ သို့ရာတွင် ဒါယကာတို့၏ သဒ္ဓါတရားကို ငဲ့ညှာထောက်ထားရမည့် ဝတ္တရားကလည်း တစ်ဖက်တွင် ရှိနေသောကြောင့် လုံးလုံးကြီး ငြင်းပယ်ရန်လည်း ခက်နေသည်။ သို့ဖြစ်၍ နောက်ဆုံးတွင် နှစ်ဦးနှစ်ဖက် အဆင်ပြေမည့် အစီအစဉ်တစ်ရပ်ကို သတ်မှတ်လိုက်ကြသည်။

ထိုအစီအစဉ်မှာ ရဟန်းများသည် ထိုနေ့တွင် သာဝတ္ထိမြို့တော်သို့ ခရီးဆက်ကြပြီး နောက်တစ်နေ့ နံနက်တွင် စောစောထ၍ ရွာငယ်သို့ ဆွမ်းခံကြွလာကြရန် ဖြစ်ပေသည်။ မြို့တော်နှင့် ရွာငယ်မှာ တစ်ယူဇနာခရီးပျော့ပျော့သာ ရှိပေရာ နံနက်စောစောထ၍ ကြွလာပါက ဆွမ်းချိန်ကောင်းကောင်း မီနိုင်ပေသည်။

ဤသို့ဖြင့် ရဟန်းများသည် သာဝတ္ထိသို့ ခရီးဆက်ခဲ့ကြပြီး ညနေပိုင်းတွင် ဗုဒ္ဓရှင်တော်မြတ်ထံ ဝင်ရောက်ဖူးမြော်ကြလေသည်။ မိမိတို့ ရရှိခဲ့သော တရားထူးများကိုလည်း ဗုဒ္ဓအား ဝမ်းမြောက် ဝမ်းသာ လျှောက်ကြားကြသည်။ ဗုဒ္ဓရှင်မြတ်စွာကလည်း ထိုရဟန်းတို့အား ချီးကျူးစကား မြွက်ကြားတော်မူလေသည်။ ထို့နောက် ရဟန်းတို့သည် လမ်းခရီးရှိ ရွာငယ်မှ ဒါယကာတို့၏ ပင့်ဖိတ်ချက်အရ နောက်တစ်နေ့တွင် ထိုရွာငယ်သို့ ဆွမ်းခံသွားကြရမည် ဖြစ်ကြောင်းကို ဗုဒ္ဓအား လျှောက်ကြားပြီး တည်းခိုရာကျောင်းသို့ ပြန်လာကြလေသည်။

တောကျောင်းသို့ မလိုက်ဘဲ မြို့မှာနေရစ်သော ရဟန်းငယ် ရှင်တိဿသည် အဖော်ရဟန်းများ ပြန်ရောက်လာကြောင်း သတင်းကြားလျှင် လာ၍ နှုတ်ဆက်သည်။ ဗုဒ္ဓထံ သွားရောက် ဖူးမြင်သောအခါ၌လည်း ရောရောယောင်ယောင်ဖြင့် သူပါလိုက်ပါသွားသည်။ သို့ဖြစ်၍ တောပြန် ရဟန်းတို့အား ဗုဒ္ဓက ချီးကျူးစကား မြွက်ကြားသည်ကို ကြားရလျှင် အားကျလာသည်။ ထို့ကြောင့် "ငါလဲပဲ ဒီရဟန်းများလို ဗုဒ္ဓမြတ်စွာ ချီးကျူးခံရအောင် လုပ်မည်" ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

ယင်းသို့ စိတ်ပိုင်းဖြတ်ပြီး ထိုညတွင် ရှင်တိဿသည် ကမ္မဋ္ဌာန်းကို မနားမနေ အားထုတ်လေသည်။ ညဥ့်သုံးယံပတ်လုံး တစ်ရေးမျှမအိပ်ဘဲ ထိုင်လိုက်၊ စင်္ကြံလျှောက်လိုက်ဖြင့် အချိန်ကို ကုန်လွန်စေသည်။ သို့သော် သန်းခေါင်ယံ ကျော်လွန်၍ နံနက်ပိုင်းသို့ ရောက်လာသောအခါ ငိုက်မျဉ်းလာသဖြင့် သူ ထိုင်မနေတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စကြႋလျှောက်လျက်ဖြင့်သာ ဆက်၍ ကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများရာ စကြႋဦးရှိ ကျောက်တုံးတစ်ခုကို တိုက်မိသဖြင့် ကျောက်တုံးပေါ်သို့ လဲကျပြီး ပေါင်တစ်ဖက် ကျိုးသွားလေ၏။

လဲကျ၍ အော်ဟစ်လိုက်သော အသံကြောင့် အဖော်ရဟန်းများသည် အိပ်ရာမှ နိုးလာကြပြီး ရှင်တိဿကို ဝိုင်းဝန်းပြုစုကြလေသည်။ သို့ဖြင့်ပင် မိုးစင်စင်လင်းခဲ့လေရာ ထိုရဟန်းများမှာ ရွာငယ်သို့ ဆွမ်းခံကြွရန် အချိန်နောက်ကျ သွားလေတော့သည်။ ရွာငယ်မှ ဒါယကာတို့သည် ဆွမ်းခဲဖွယ်တို့ကို စီမံချက်ပြုတ်၍ ရဟန်းများကို စောင့်မျှော်နေကြသည်။ အချိန်ကုန်သည့်တိုင်အောင် ရဟန်းများ ပေါ်မလာသော အခါ များစွာ စိတ်ပျက်သွားကြလေသည်။

ထိုနေ့ နံနက်တွင် ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းဝင်းအတွင်းရှိ ကျောင်းများကို အစဉ်အတိုင်း လှည့်လည်၍ ကြည့်ရှုတော်မူသည်။ ထိုရဟန်းများ တည်းခိုရာ ကျောင်းသို့ ရောက်သောအခါ ရဟန်းများကို တွေ့၍ "သင်တို့ ယနေ့ နံနက် ရွာငယ်သို့ ဆွမ်းခံသွားရန် ရှိသည် မဟုတ်လား၊ ဘာကြောင့် မသွားကြသလဲ" ဟု မေးတော်မူသည်။ ရဟန်းများကလည်း ရှင်တိဿ၏ အဖြစ်အပျက်ကြောင့် မိမိတို့ အစီအစဉ် ပျက်သွားရပုံကို လျှောက်ထားကြလေသည်။

ထိုအခါ ဗုဒ္ဓရှင်မြတ်စွာက "ရဟန်းတို့၊ ဤတိဿသည် ယခုမှသာ သင်တို့အား အနှောင့်အယှက်ပေးသည်မဟုတ်၊ ရှေးကလည်း အနှောင့်အယှက် ပေးဖူးသည်သာဖြစ်၏" ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

(၂)

တစ်ခါက ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီး တစ်ယောက်ရှိ၏။ ထိုဆရာကြီးထံတွင် အတိုင်းတိုင်း အပြည်ပြည်မှ လာရောက်၍ ပညာသင်ယူနေကြသည့် တပည့် လုလင်ပေါင်း ငါးရာမျှရှိသည်။ သူတို့သည် အများအားဖြင့် ဘုရင့်သားတော်များနှင့် သူဌေး သူကြွယ် သားသမီးများသာ ဖြစ်ကြသည်။ သို့ဖြစ်သော်လည်း သူတို့သည် ဆရာကြီး၏ အမှုကြီးငယ်တို့ကို ရိုသေ ကျိုးနွံစွာ ပြုလုပ်ဆောင်ရွက်လေ့ ရှိကြပေသည်။

တစ်နေ့သ၌ လုလင်တို့သည် ဆရာကြီး၏ အမိန့်အရ ထင်းခွေရန် တောသို့ ထွက်ခဲ့ကြသည်။ တောသို့ ရောက်သောအခါ လုလင်တို့သည် မိမိတို့ အစွမ်းရှိ



www.burmeseclassic.com

www.burmeseclassic.com



သလောက် ကြိုးစား အားထုတ်၍ ထင်းများကို ရှာဖွေစုဆောင်းကြသည်။ ထိုလုလင်တို့အထဲ၌ အလွန် အပျင်းကြီးသော လုလင်တစ်ယောက် ပါရှိရာ သူသည် ဘာကိုမျှ ကြိုးကြိုးစားစား မလုပ်ချင်ဘဲ နေရာတကာ၌ အစွမ်းကုန် အချောင်ခိုလေ့ရှိသည်။

သူသည် မလွှဲသာ၍ တောထဲသို့ လိုက်ပါခဲ့ရသော်လည်း အခြားလုလင်များကဲ့သို့ ထင်းရှာရန် စိတ်မပါချေ။ ပင်ပင် ပန်းပန်း ရှာဖွေစုဆောင်းခြင်း မပြုရဘဲ သက်သက်သာသာဖြင့် ထင်းရနိုင်မည့် နည်းလမ်းကို စဉ်းစားနေသည်။

သူသည် အခြား လုလင်များနှင့်အတူ တောထဲ၌ လှည့်လည်စဉ် အရွက်များကြွေကျ၍ အကိုင်းအခက်မျှသာ ကျန်နေသော ရေခံတက်ပင် တစ်ပင်ကို တွေ့မြင်လေသည်။ နေရာတကာ၌ အချောင်ကြိုက်တတ်သော လုလင်သည် ရေခံတက်ပင်ကို မြင်လျှင် ''ငါတော့ ထင်းတောတွေ့ပြီ'' ဟု တွေးမိပြီး ဝမ်းအသာကြီးသာသွားသည်။ ထို့ကြောင့် အဖော်များနှင့်အတူ ဆက်၍လိုက်မသွားတော့ဘဲ သူတစ်ယောက်တည်း မသိမသာ နောက်ချန်နေခဲ့ပြီး ခံတက်ပင်ရင်းတွင် အားပါးတရ အိပ်စက်လေသည်။ သူ့အကြံကား ပြန်ခါနီးတွင်မှ ခံတက်ကိုင်း ခြောက်များကို ချိုး၍ သယ်ဆောင်သွားရန် ဖြစ်လေသည်။

အခြား လုလင်တို့သည် တစ်နေ့တာပတ်လုံး ထင်းများကို ရှာဖွေစုဆောင်းကြပြီး ညနေစောင်းသောအခါ ထင်းစည်းကိုယ်စီဖြင့် ပြန်လာကြသည်။ ထိုအခါ သူတို့သည် ခံတက်ပင်ရင်း၌ အိပ်နေဆဲဖြစ်သော လုလင်ကိုမြင်ကြ၍ ခြေဖြင့်ကန်ကျောက်ကာ နှိုးခဲ့ကြပြီး မြို့သို့အရောက် ပြန်ခဲ့ကြသည်။ အိပ်ပျော်နေသော လုလင်သည် ရုတ်တရက် လန့်နိုးပြီး ရေခံတက်ပင်ပေါ်သို့ ကပျာကသီ တက်၍ အကိုင်းအခက်များကို ချိုးလေသည်။ ရေခံတက် ကိုင်းများကား သူထင်သလို အခြောက်များ မဟုတ်ဘဲ အစိုများ ဖြစ်နေသောကြောင့် အလွယ်တကူ ချိုး၍ မရဘဲ ရှိလေသည်။

သို့သော် အချိန်မရှိတော့ပြီဖြစ်၍ လုလင်သည် ကိုင်းစိုများကိုပင် မရအရချိုးယူလေ၏။ ယင်းသို့ ချိုးယူစဉ် သစ်ကိုင်းတစ်ခု၏ အဖျားဖြင့် သူ၏ မျက်စိတစ်ဘက်ကို ထိုးမိသောကြောင့် မျက်စိကိုလက်ဖြင့်ပိတ်ကာ ခံတက်ပင်ပေါ်မှ ဆင်းခဲ့ရလေသည်။ ထို့နောက် သူသည် မိမိချိုးယူရရှိသည့် ထင်းစိုများကို စုစည်းသယ်ဆောင်၍ တစ်ယောက်တည်း ပြန်ခဲ့လေသည်။ လုလင် ငါးရာတို့အနက်



www.burmeseclassic.com

www.burmeseclassic.com



ထိုလုလင်မှာ နောက်ဆုံးမှ ပြန်ရောက်သူဖြစ်၍ ထင်းများကို စုပုံသည့်နေရာ၌ သူ့ထင်းများသည် အပေါ်ဆုံးသို့ ရောက်ရှိလေသည်။

ထိုနေ့တွင် ဒိသာပါမောက္ခ ဆရာကြီးသည် ဇနပုဒ်တစ်ခုမှ ဖိတ်ကြားချက်ကို လက်ခံထားသဖြင့် တပည့် လုလင်ငါးရာတို့အား နောက်တစ်နေ့ နံနက်တွင် ထိုကျေးရွာသို့ စေလွှတ်ရန် စီစဉ်ထားလေသည်။

တပည့်တို့ ခရီးမသွားမီ သောက်သွားရန်အတွက် နံနက်စောစောထ၍ ဆန်ပြုတ်ကျိုပေး ကြရန်လည်း ကျွန်မတို့ကို စေခိုင်း ထားသည်။

ဆရာကြီး စေခိုင်းသည့်အတိုင်း နောက်တစ်နေ့ နံနက်တွင် ကျွန်မတို့သည် အိပ်ရာမှ စောစောထ၍ ဆန်ပြုတ်ရန် ပြင်ဆင်ကြသည်။ သို့ရာတွင် ထင်းပုံမှ ထင်းများကို ယူသည့်အခါ အပေါ်ဆုံး၌ရှိသော ထင်းစိုများကို ယူမိကြသဖြင့် မီးမွေးမရဘဲ ရှိကြလေသည်။ လုလင်များ ဆန်ပြုတ်သောက်ရန် စောင့်ဆိုင်းနေကြစဉ် ပင် မိုးစင်စင်လင်းကာ အချိန်လင့်သွားလေသည်။ ဖိတ်ကြားသည့် ရွာမှာ တစ်မနက် ခရီး နီးပါးမျှရှိသောကြောင့် အချိန်မီ ရောက်နိုင်တော့မည် မဟုတ်သဖြင့် လုလင် များ မသွားဖြစ် ကြတော့ချေ။

ဆရာကြီးက တပည့်တို့ကို "မင်းတို့ ဘာ့ကြောင့် မသွားကြသလဲ" ဟု မေးသည်။ တပည့်တို့က အပျင်းကြီးသော လုလင်တစ်ယောက်ကြောင့် မိမိတို့ အစီအစဉ် ပျက်ရပုံကို ပြန်ပြော ကြသည်။ ထိုအခါ ဆရာကြီးက "တပည့်တို့၊ စောစောလုပ်ရမည့် အလုပ်ကို နောက်ကျမှ လုပ်သူတိုင်းဟာ ဒီလုလင်လိုပင် နောင်တ တစ်ဖန် ပူပန်ရတတ်ပေ၏" ဟူ၍ ဆုံးမစကား ပြောကြားလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး "ထိုအခါ လုလင်ငါးရာ တို့သည် ယခုအခါ ရဟန်း ငါးရာ ဖြစ်လာကြသည်။ ထိုအခါက အပျင်းကြီးသော လုလင်သည် ယခု အပျင်းကြီးသော ရဟန်း ဖြစ်လာ၏။ ထိုအခါက ဒိသာပါမောက္ခ ဆရာသည် ယခု ငါဘုရားဖြစ်လာ၏" ဟု ဇာတ်ကို ပေါင်းတော်မူသည်။ ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



"အကြင် လူပျင်းသည် ပျိုမျစ်နုထွား ခွန်အားဗလနှင့် ပြည့်စုံပါလျက် ထကြွ လုံ့လပြုသင့်သောအခါ ထကြွလုံ့လမပြုဘဲ ပျင်းရိခြင်းသို့ ရောက်နေ၏။ စိတ်အကြံများလျက် တွန့်ဆုတ်နေ၏။ ထိုလူပျင်းသည် ပညာဖြင့် သိမြင်အပ်သော အရိယာမဂ်ကို မရနိုင်ပေ" ဟူသော ဝေဒနာကို ဟောကြားတော်မူလေသည်။

(၂၀။ မဂ္ဂဝဂ်၊ ၅-ပဓာနကမ္မိက တိဿထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ဘုံခုနစ်ဆင့် တိုက်အိမ်ပေါ်မှ စစ်ပွဲ

သာဝတ္ထိပြည်မှ ကုဋေ လေးဆယ် ကြွယ်ဝသော သူဌေးကြီးတစ်ဦးတွင် သုန္ဒရသမုဒ္ဒ အမည်ရှိသော သားတစ်ယောက် ရှိ၏။ သူဌေးကြီးသည် တစ်ဦးတည်း သောသားအား အစွမ်းကုန် အလိုလိုက် အကြိုက်ဆောင်၍ ကျေးမွေးပြုစုထားလေသည်။ အချိန်တန် အရွယ်ရောက်လျှင် သားနှင့် လက်ဆက်ပေးရန်အတွက် ဂုဏ်ရည်တူသော သူဌေးသမီး တစ်ယောက်ကိုလည်း ချွေးမလောင်းအဖြစ် လျာထားပြီး ဖြစ်လေသည်။

သို့ရာတွင် သူဌေးကြီး၏ ရည်ရွယ်ချက်ကို ပျက်ပြားစေမည့် ဖြစ်ရပ်တစ်ခု မမျှော်လင့်ဘဲ ဖြစ်ပေါ်လာလေ၏။ တစ်နေ့သ၌ ဇေတဝန်ကျောင်းတော်သို့ တရားနာ သွားကြသော မြို့သူမြို့သားများကို သူဌေးသားသုန္ဒရ မြင်လျှင် အားကျ၍ သူပါ တရားနာ လိုက်သွားလေ၏။

ထိုနေ့တွင် ဗုဒ္ဓရှင်တော်မြတ်က ပရိသတ်များအား တရားဟောကြားရာတွင် ဟောရိုးဟောစဉ်အပြင် သုန္ဒရ၏ စရိုက်နှင့် သင့်လျော်မည့် တရားခမ္ဘကိုလည်း အထူးပြု၍ ဟောကြားတော်မူသည်။ လောကီအာရုံကာမဂုဏ်တို့၏ အပြစ်ကို ထင်ရှားအောင် ထုတ်ဖော် ညွှန်ပြတော်မူသည်။

သုန္ဒရမှာ ပစ္စည်းဥစ္စာကုံလုံကြွယ်ဝသော သူဌေးသားတစ်ယောက်ဖြစ်လင့်ကစား လူ့ဘဝ လူ့စည်းစိမ်ကို တွယ်တာ မက်မောခြင်း မရှိလှ။ အိမ်ထောင်ပြုရန်ပင် စိတ်မပါလှဘဲ တစ်ကိုယ်တည်း အေးအေးချမ်းချမ်း နေလိုသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ၏ တရားကို ကြားနာရသောအခါ လောကီစည်းစိမ်များ အပေါ်၌ ပို၍ အပြစ်မြင်လာပြီး ဤသို့ စဉ်းစားမိလေသည်။

"ဗုဒ္ဓမြတ်စွာ၏တရားတော်သည် နူးညံ့သိမ်မွေ့လှ၏၊ ဖြူစင်သန့်ရှင်းလှပေ၏။ အိမ်ရာထောင်သော လူ့ဘောင်၌နေပါက ဤဖြူစင်မြင့်မြတ်သောတရားကို ကျင့်ကြံအားထုတ်ရန်မလွယ်။ ရဟန်းပြုမှသာ ဤတရားကို ကျင့်ကြံအားထုတ်နိုင်ပေမည်။ ငါသည် ယနေ့ပင် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုတော့အံ့"

သုန္ဒရသည် ဤသို့စဉ်းစားပြီး တရားပွဲသိမ်းသောအခါ ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ သူ့ကို ရဟန်းပြုပေးရန် တောင်းပန်လေသည်။ "မိဘ နှစ်ပါး၏ ခွင့်ပြုချက်ရသူကိုသာ ငါဘုရား ရဟန်းပြုပေးနိုင်မည်" ဟူ၍ ဗုဒ္ဓက မိန့်ကြားသဖြင့် အိမ်ပြန်လာပြီး မိဘနှစ်ပါးထံ ခွင့်တောင်းသည်။

မိဘများက တစ်ဦးတည်းသောသားကို ရဟန်းပြုခွင့် မပေးလိုကြချေ။ "ချစ်သား၊ ငါတို့သည် သင့်ကို သေမှသာ မတတ်သာ၍ ခွဲခွာသွားကြရပါမည်။ အသက်ရှင်ပါလျက် ခွဲခွာရမည့်အလုပ်ကို ငါတို့ လုံးဝ သဘောမတူနိုင်ပါ" ဟု ပြောဆိုတားမြစ်ကြသည်။

သို့ရာတွင် သုန္ဒရကလည်း အလျှော့မပေးချေ။ "ရဟန်းပြုခွင့်မရလျှင် လူ့ဘဝမှာ မနေလိုတော့ပါ" ဟု ဆို၍ အစာငတ်ခံကာ ဆန္ဒပြလေသည်။ မတတ်သာသည့်အဆုံး၌ မိဘများက သား၏ဆန္ဒကို လိုက်လျောလိုက်ကြရပေသည်။

ထိုအခါ သုန္ဒရသည် ဗုဒ္ဓထံသို့သွား၍ ရဟန်းပြုလေ၏။ မိဘများက သားရဟန်းကို အိမ်သို့ နေ့စဉ်ပင့်ဖိတ်၍ ဆွမ်းလောင်းကြသည်။ သားတော်မောင်အား တစ်နေ့တွင် စိတ်လည်လာပြီး သင်္ကန်းဝတ်ကို ချွတ်စေရန် ရည်ရွယ်၍ နှောင်ကြိုး တည်းထားကြခြင်း ဖြစ်ပေသည်။ သုန္ဒရကလည်း မိဘတို့၏ ရည်ရွယ်ချက်ကို ရိပ်စားမိသည်။ မိဘများ၏ သံယောဇဉ်နှောင်ကြိုးကို ဖြတ်နိုင်မှသာ ရဟန်းတရားကို လွတ်လွတ်ကျွတ်ကျွတ် အားထုတ်နိုင်မည် ဖြစ်ကြောင်းလည်း စဉ်းစားမိသည်။ ထို့ကြောင့် သာဝတ္ထိပြည်မှ ၄၅ ယူဇနာဝေးသော ရာဇဂြိုဟ်ပြည်သို့ သွား၍ နေလေသည်။

မိဘများမှာ သား၏မျက်နှာကိုပင် မမြင်ကြရတော့သဖြင့် မျက်ရည်နှင့် မျက်ခွက် မခြောက်အောင် ရှိကြလေသည်။ အထူးအားဖြင့် ပွဲလမ်းသဘင် ဆင်ယင် ကျင်းပသောအခါများ၌ သား၏သူငယ်ချင်း အပေါင်းအသင်းများ သွားလာပျော်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကြပုံကို မြင်ကြရလျှင် သားကို ပိုရ၍ လွမ်းဆွတ် သတိရကြသည်။ ငါတို့သားရှိရင် သူတို့လိုပဲ ပျော်ရွှင်နေလိမ့်မည်'' ဟု တွေး၍ တနုံ့နုံ့ ခံစားနေကြရလေသည်။

တစ်ခု နံနက်ခင်း၌ အလွန်တရာ ချောမောလှပသော မိန်းမပျိုတစ်ယောက် သူဌေးကြီးအိမ်သို့ ရောက်လာသည်။ သူမကား သာဝတ္ထိတစ်မြို့လုံး၌ ထင်ရှားကျော်ကြား ရေပန်းစားသော ပြည့်တန်ဆာမ ရူပဝတီ ဖြစ်သည်။ သူမသည် သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့၏ အကြောင်းကိုကြား၍ သတင်းမေးရန် ဝင်ရောက်လာခြင်း ဖြစ်သည်။ အကြောင်းစုံကို ပြောဆိုပြီးနောက် သူမက မေးခွန်းတစ်ခု ထုတ်လိုက်သည်။

''သူဌေးကြီးတို့ရဲ့သားကို လူထွက်အောင် ကျွန်မ လုပ်ပေးပါမည်။ ဒီအတွက် ကျွန်မကို ဘယ်လိုများ တုံ့ပြန်ချီးမြှင့်ပါမည်လဲ''

''ချစ်သမီး၊ ဒီလိုသာ သမီးစွမ်းဆောင်နိုင်မယ်ဆိုရင် ဒီအိမ်မှာရှိတဲ့ စည်းစိမ် အားလုံးကို သမီးလက်ထဲ အပ်ပါ့မယ်''

ဤဝန်ခံချက်ကိုရရှိလျှင် ရူပဝတီသည် သူဌေးအိမ်မှ ရွှေငွေပစ္စည်းများ လုံလောက်အောင် တောင်းယူပြီး ရာဇဂြိုဟ်ပြည်သို့ ထွက်ခဲ့လေသည်။ ရာဇဂြိုဟ်သို့ ရောက်သောအခါ ရဟန်းတော် ရှင်သုန္ဒရ နေသော ကျောင်းနှင့် ဆွမ်းခံသောလမ်းကို ရှေးဦးစွာ စုံစမ်းသည်။ ထို့နောက် ရှင်သုန္ဒရ နေ့စဉ် ဆွမ်းခံသွားလေ့ရှိသော လမ်းမှ ဘုံခုနစ်ဆင့်ရှိသော တိုက်အိမ်ကြီးတစ်ဆောင်ကို ငှားယူလိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် ရှင်သုန္ဒရ ကြိုက်တတ်သော စားဖွယ်သောက်ဖွယ် များကို ကောင်းစွာ ချက်ပြုတ်စီမံသည်။ ထို့နောက် သူ့ကိုယ်သူ အစွမ်းကုန် မွမ်းမံ ခြယ်သပြီး ဆွမ်းခံကြွလာသော ရှင်သုန္ဒရအား ဆီးကြို၍ဆွမ်းလောင်းသည်။ နှစ်ရက် သုံးရက် ဆွမ်းလောင်းပြီးသောအခါ ''အရှင်ဘုရား၊ တပည့်တော်မ အိမ်မှာ ဆွမ်းဘုဉ်း ပေးတော်မူပါ'' ဟု ပင့်ဖိတ်သည်။ ရဟန်းက ထိုပင့်ဖိတ်ချက်ကိုလက်ခံပြီး အိမ်ထဲ သို့ဝင်၍ ဆွမ်းဘုဉ်းပေးလေသည်။ သူမကလည်း ကောင်းမွန်သော စားဖွယ်သောက် ဖွယ်တို့ဖြင့် ရဟန်းတော် နှစ်သက်အောင် လုပ်ကျွေးပြုစုသည်။ နောက်နေ့များတွင် လည်း သူမအိမ်၌ပင် ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်ရာ ရှင်သုန္ဒရက ကျေနပ်စွာ လက်ခံလေသည်။

သို့ဖြင့် အရှင်မြတ်သည် ရူပဝတီအိမ်၌ပင် နေ့စဉ် ဆွမ်းဘုဉ်းပေးသည်။ ရူပဝတီကလည်း အရှင်မြတ် ကြိုက်တတ်သော အစားအစာများဖြင့် တရင်းတနှီး



www.burmeseclassic.com

www.burmeseclassic.com



ပြုစုလုပ်ကျွေးသည်။ ရှသ တရားာ၏ ဆွဲဆောင်မှုကို ခံရသော အရှင်မြတ်သည် သူမ၏ ပြုစုမှုကို သာယာကျေနပ်၍ နေလေသည်။

ရက်အတန်ကြာသောအခါ၌ကား ရူပဝတီသည် ရှေသို့တစ်ဆင့်တိုးရန် ကြံလေသည်။ လမ်းထဲမှ ကလေးများကို သူမအိမ်သို့လာ၍ ဆော့ကစားကြရန် သွေးဆောင်စည်းရုံးသည်။ အရှင်မြတ်ကြွရောက်၍ ဆွမ်းဘုဉ်းပေးနေချိန်တွင် ကလေးများက ဆူညံစွာ ဆော့ကစားနေကြရာ အိမ်အောက်ထပ်၌ မြူမှုန်များ တသောသော ထနေသည်။ သူမက တားမြစ်သော်လည်း ကလေးများက ဂရုမစိုက်ကြချေ။

ထိုအခါ သူမက အရှင်သုန္ဒရအား ...

"အရှင်ဘုရား၊ ဒီအိမ်အောက်ထပ်မှာ ကလေးတွေ လာဆော့ကြလို့ ဆူညံနေပါတယ်၊ နက်ဖြန် အိမ်အပေါ်ထပ်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု လျှောက်လေသည်။

ဤနည်းဖြင့် သူမသည် နောက်တစ်နေ့တွင် အရှင်မြတ်ကို ဘုံခုနစ်ဆင့်ရှိသော တိုက်အိမ်ကြီး၏ အပေါ်ထပ်သို့ ပင့်ခေါ်ပြီး အခန်းတံခါးကို မသိမသာ ပိတ်ထားလိုက်သည်။ အမွှေးနံ့သာတို့ဖြင့် ထုံမွှမ်းလျက် အထူးတလည် ခင်းကျင်းပြင်ဆင်ထားသော နေရာ၌ အရှင်မြတ်ကို ထိုင်စေသည်။ သူမကိုယ်တိုင်လည်း ကာသိတိုင်းဖြစ် နူးညံ့ချောအိသော အဝတ်အစားများဝတ်ဆင်ပြီး မွှန်နံ့သာခြယ်သကာ အလှဆုံးဖြစ်အောင် ဖြီးလိမ်းပြင်ဆင်ထားလေသည်။

ထို့နောက် ရူပဝတီသည် အရှင်မြတ်အား ဆွမ်းကပ်ပြီး ယပ်ခတ်လျက် အနားတွင် ထိုင်နေသည်။ ချိုသာသောအသံဖြင့် တီတီတာတာ စကားများကိုလည်း တတွတ်တွတ် ပြောနေသည်။ မက်မောဖွယ်ကောင်းသော အမူအရာ၊ ကြည်သာသော အပြုံးတို့ဖြင့် ရဟန်းငယ် စိတ်ဖောက်ပြားအောင် ဖြားယောင်း သွေးဆောင်နေလေသည်။

ရဟန်းငယ်ကား အမှန်စင်စစ် 'သပဒါနစရိက' ခေါ် အိမ်စဉ်အတိုင်း ဆွမ်းခံသော 'ဓုတင်' အကျင့်ကို ဆောက်တည်နေသူ ဖြစ်၏။ သို့သော် ရှသ တရားာဖြင့် နှောင်ဖွဲ့မှုကို ခံရသဖြင့် ထိုအကျင့်ကို ဖောက်ဖျက်ပြီး ဘုံခုနစ်ဆင့်ရှိသော တိုက်အိမ်ကြီးပေါ်သို့ပင် တက်မိခဲ့ချေပြီ။ ဆိတ်ငြိမ်သောနေရာ၌ မိန်းမပျိုတစ်ဦး၏ အာရုံငါးပါးဖြင့် ဖြားယောင်းသွေးဆောင်မှုကိုလည်း ရင်ဆိုင်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ယခုအချိန်အထိမူ သူ့စိတ်မှာ ယိမ်းယိုင်ဖောက်ပြားခြင်း အနည်းငယ်မျှ မရှိသေး။ မိန်းမပျို၏ အမူအရာများကို မမြင်ဟန် မသိဟန်ပြုလျက် တည်ငြိမ်စွာ ဆွမ်းစားနေလေသည်။

ဤသို့ သူမ၏ ဖြားယောင်း သွေးဆောင်မှုကို ရဟန်းပျိုက မသိကျိုးကျွန် ပြုနေသောအခါ ရူပဝတီက ပွင့်ပွင့်လင်းလင်းပင် ထုတ်ပြောလိုက်လေသည်။

"ရဟန်းငယ်၊ သင်သည် ပျိုမျစ်နုနယ် တင့်တယ်သော အဆင်းရှိသူ ဖြစ်ပါသည်။ ပျိုမျစ်နုနယ်သောဘဝကို သင်္ကန်းဝတ်ဖြင့် အချည်းနှီး မကုန်လွန်စေသင့်ပါ။ သင်္ကန်းကိုစွန့်ပြီး ကျွန်ုပ်နှင့်အတူ ပျော်ပျော်ပါးပါး နေစမ်းပါ"

ဤသို့ ရဲရဲတင်းတင်း ပွင့်လင်းစွာ ပြောဆိုလိုက်သော ရူပဝတီ၏ စကားကို ကြားရသောအခါ ရဟန်းငယ်မှာ တုန်လှုပ်ချောက်ချားလျက် သတိတရား သက်ဝင်လာသည်။ "ငါသည် ရသတဏှာ၏ အလိုသို့ လိုက်ပါမိသဖြင့် ဝိသဘာဂ နယ်နိမိတ်အတွင်းသို့ သက်ဆင်းခဲ့မိချေပြီတကား" ဟု တရားသက်ဝင်လာသဖြင့် ထို အန္တရာယ်စက်ကွင်းမှ ရုန်းထွက်ရန် အားယူ ပြင်ဆင်လိုက်လေ၏။

ထိုအချိန်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် အရှင်သုန္ဒရ၏အဖြစ်အပျက်ကို ဒိဗ္ဗစက္ခုဖြင့် ပြက်ပြက်ထင်ထင် မြင်တော်မူသည်။ ထို့ကြောင့် အနည်းငယ် ပြုံးတော်မူလိုက်ရာ အပါးတော်၌ ခ, စားနေသော ညီတော်အာနန္ဒာက ရုတ်တရက် မြင်လိုက်သဖြင့် "အရှင်ဘုရား၊ အဘယ့်ကြောင့် ပြုံးရယ်တော်မူပါသနည်း" ဟု မေးလျှောက်လေသည်။

"အာနန္ဒာ၊ ရာဇဂြိုဟ်ပြည် ဘုံခုနစ်ဆင့်ရှိသော တိုက်အိမ်ကြီးပေါ်မှာ ရဟန်းငယ် သုန္ဒရသမုဒ္ဒနှင့် ပြည့်တန်ဆာမတို့ စစ်ခင်းနေကြသည်။ ဤသည်ကို မြင်၍ ငါဘုရား ပြုံးရယ်ခြင်း ဖြစ်ပေသည်"

"အရှင်ဘုရား၊ အဘယ်သူက အောင်ပွဲဆင်ရန် ရှိပါသနည်း"

"အာနန္ဒာ၊ ရဟန်းငယ် သုန္ဒရသမုဒ္ဒက အောင်ပွဲ ဆင်ရန် ရှိပေ၏"

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက်ပင် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်ပေးလိုက်ပြီး ရှင်သုန္ဒရသမုဒ္ဒအား ...

"ဤလောက၌ အကြင်သူသည် လောကီအာရုံ ကာမဂုဏ်တို့ကို စွန့်ပယ်ပြီး အိမ်ရာထောင်မှုမရှိသော ရဟန်းဘဝသို့ ကပ်ရောက်ပြီ၊ ဤသို့ ရဟန်းပြုပြီး၍



www.burmeseclassic.com

www.burmeseclassic.com



ကာမတဏှာ၊ ဘဝတဏှာ၊ ကုန်ခန်းပြီးသော ပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏ ဟူ၍ ငါ ခေါ်ဆိုပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

ထိုဒေသနာအဆုံး၌ ရှင်သုန္ဒရသမုဒ္ဒသည် အရဟတ္တဖိုလ်သို့ ရောက်သွားလေ၏။ ထို့နောက် ထိုအရှင်သည် အဘိညာဉ်တန်ခိုးဖြင့် တိုက်အိမ်ကြီး၏ အမိုးကို ဖောက်ထွက်ခဲ့ပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ အရောက်သွားလျက် ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ဦးခိုက်ရှိခိုးလေသည်။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြလျက် "ငါ့ရှင်တို့၊ သုန္ဒရသမုဒ္ဒ မထေရ်သည် ရသတဏှာ၏အလိုသို့ လိုက်ပါမိသဖြင့် ပျက်စီးလုနီး အခြေအနေသို့ပင် ရောက်ခဲ့၏။ မြတ်စွာဘုရား၏ စောင့်ရှောက်မှုကြောင့်သာ ပျက်စီးမှုမှ လွတ်မြောက်ခဲ့ပေ၏" ဟူ၍ ပြောဆိုနေကြသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွလာပြီး "ရဟန်းတို့၊ ငါသည် ယခုအခါ၌သာ ရသတဏှာသို့ လိုက်ပါသော သုန္ဒရသမုဒ္ဒ၏ အားကိုးရာဖြစ်သည် မဟုတ်၊ ရှေးအခါ၌လည်း အားကိုးရာ ဖြစ်ခဲ့ဖူးပေ၏" ဟု မိန့်ကြားပြီး (ငါးရာငါးဆယ် ဧကကနိပါတ်လာ) ဝါတမိဂ ဇာတ်ကို ဟောကြားတော်မူလေသည်။

(၂၆။ ဗြာဟ္မဏဝဂ်၊ ၃၂-သုန္ဒရသမုဒ္ဒတ္ထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# မကျသင့်သော မျက်ရည်

(၁)

သာဝတ္ထိပြည်၌ တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်၍ အမြဲတမ်း သွားအတူ လာအတူ နေကြသော သူကြွယ် ငါးယောက်ရှိသည်။ သူတို့သည် တစ်နေ့တွင် ဗုဒ္ဓမြတ်စွာ တရားတော်ကို နာကြား ကြရသဖြင့် "ငါတို့ အသက်ကြီးပြီ၊ လူ့ဘောင်၌ နေ၍ အကျိုးမရှိ၊ ဗုဒ္ဓထံ၌ ရဟန်းပြုကြကုန်အံ့" ဟု တိုင်ပင်မိကြလေသည်။ ထို့နောက် ပစ္စည်းဥစ္စာများကို သားမယားတို့အား ပေးအပ်ခဲ့ပြီး မျက်ရည် စက်လက်ဖြစ်နေသော ဆွေမျိုးတို့ကို စွန့်ကာ သာသနာ့ဘောင်သို့ ဝင်ရောက်ကြလေသည်။

ထိုတောထွက် ရဟန်းကြီး ငါးပါးတို့သည် ရဟန်းဘဝသို့ ရောက်လာကြသော်လည်း အချင်းချင်း မခွဲနိုင်ကြချေ၊ ထို့ကြောင့် ဇေတဝန်ကျောင်းတိုက်၏ အစွန်ကျသော နေရာ တစ်နေရာ၌ သစ်ရွက်မိုးသော တဲကျောင်းတစ်ခု ဆောက်လုပ်၍ အတူတကွ နေကြလေသည်။ သူတို့သည် အသက်ကြီးရင့် သူများဖြစ်၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားကိုလည်း သင်ယူလေ့လာခြင်း မပြုနိုင်ကြ။ ကမ္မဋ္ဌာန်း ပွားများခြင်း အလုပ်ကိုလည်း မည်မည်ရရ မလုပ်ကြဘဲ ပျော်ပျော် ပါးပါး စားစား သောက်သောက်ဖြင့်သာ အချိန်ဖြုန်း၍ နေကြလေသည်။

ထိုရဟန်းကြီးများသည် ဆွမ်းခံသွားသောအခါ အများအားဖြင့် သူတို့ သားမယားများ အိမ်သို့သာ သွားလေ့ရှိကြသည်။ ရဟန်းကြီးတစ်ပါး၏ မယားဟောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ အလွန် အချက်အပြုတ် ကောင်းသူဖြစ်ရာ ရဟန်းကြီးများသည် သူမ၏အိမ်၌ နေ့စဉ်လို ဆွမ်းဘုဉ်းပေးကြသည်။ သူမကလည်း အစွမ်းကုန် စီမံချက်ပြုတ်၍ လုပ်ကျွေးပြုစုလေသည်။ ထို့ကြောင့် ကိုယ်တော်ကြီးများသည် သူမ၏ လက်ရာကို တစ်နေ့မျှ လက်မလွှတ်နိုင်အောင် ဖြစ်နေကြလေသည်။

တစ်နေ့တွင်မူ အဆိုပါ ဟင်းချက်ကောင်းသော မိန်းမသည် ရောဂါတစ်ခုဖြင့် မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန် သွားလေသည်။ သူမ ကွယ်လွန်သွားကြောင်း ကြားသောအခါ ကိုယ်တော်ကြီး ငါးပါးတို့သည် အချင်းချင်း လည်ပင်းဖက်ကာ အော်ဟစ် ငိုကြွေးကြလေသည်။

တောထွက် ရဟန်းကြီး ငါးပါး ငိုကြွေးနေကြသည်ကို အနီးပတ်ဝန်းကျင်ရှိ ရဟန်းများကြားလျှင် စုဝေးရောက်ရှိလာကြပြီး အကျိုးအကြောင်းကို မေးမြန်းကြသည်။

"အရှင်ဘုရားတို့၊ ဘာကြောင့် ယခုလို ဝမ်းပန်းတနည်း ငိုကြွေးနေကြပါသလဲ"

"တပည့်တော်တို့ရဲ့ ဆွမ်းကွမ်း အစ်မတစ်ယောက် သေသွားလို့ ငိုနေကြခြင်း ဖြစ်ပါတယ်၊ သူလို ဆွမ်းချက်ကောင်းတဲ့ ဒကာမကတော့ တပည့်တော်တို့ နောက်ထပ် အစားရနိုင်တော့မှာ မဟုတ်ပါဘူး"

သားမယားကို စွန့်၍ ရဟန်းပြုလာကြပါလျက် ဆွမ်းအစ်မတွက် မျက်ရည်ဖြိုင်ဖြိုင် စီးနေကြသည်ကို တွေ့မြင်ကြရသောအခါ ထိုရဟန်းများ တအံ့တသြ ဖြစ်သွားကြသည်။ ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ ဇေတဝန်ကျောင်းတိုက်ကြီး အတွင်း၌ "ကြား၍မျှ မလျော်သည့် အဖြစ်ဆန်း တစ်ခုပေတကား" ဟု ဝေဖန်ပြောဆိုကြလေသည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာကြွလာ၍ "ရဟန်းတို့၊ အဘယ်စကားကို သင်တို့ ပြောဆိုနေကြပါသနည်း" ဟု မေးမြန်းတော်မူသည်။ ရဟန်းတို့က ထိုအကြောင်းကို လျှောက်တင်ကြသောအခါ ဗုဒ္ဓက "ရဟန်းတို့၊ ဤရဟန်းကြီးများသည် ယခုမှသာ ဤသို့ ငိုကြွေးသည် မဟုတ်၊ ရှေးကလည်း ငိုကြွေးဖူး၏" ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

တစ်ခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်။ ထိုအခါ ကျီးဖို နှင့် ကျီးမ နှစ်ကောင်တို့သည် အစာရှာသွားကြစဉ် သမုဒ္ဒရာနား၌ လူတို့က နဂါးအား ပူဇော်ပသထားသော နို့ဃနာ၊ အသားငါး၊ သေအရက် စသော စားသောက်ဖွယ်ရာ တို့ကို တွေ့မြင်၍ အလိုရှိတိုင်း စားသောက်ကြသည်။

သေအရက်ကို သောက်မိကြသဖြင့် မူးယစ်လာသောကြောင့် ကျီးဖို ကျီးမ တို့သည် သမုဒ္ဒရာ ရေစပ်သို့ ဆင်း၍ ရေကစားကြသည်။ ရေကစားနေကြစဉ် ကျီးမသည် လှိုင်းတံပိုးအရှိန်ဖြင့် သမုဒ္ဒရာ အတွင်းသို့ မျောပါရေနစ် သေဆုံး လေသည်။

ထိုအခါ ကျန်ရစ်သော ကျီးဖိုက "ငါ့ ကျီးမ သေသွားပြီ ... သေသွားပြီ" မြည်တမ်းလျက် ပြင်းပြစွာ ငိုကြွေးလေသည်။ ထိုအသံကို ကြားလျှင် အခြား ကျီးများလည်း စုဝေးလာကြပြီး ဝိုင်းဝန်း ငိုကြွေးကြသည်။ ထို့နောက် ကျီးများသည် "ဤသမုဒ္ဒရာ ရေကို ငါတို့ ကျီးအားလုံး၏ အင်အားဖြင့် သွန်ထုတ်၍ ကျီးမကို ဆယ်ယူကြအံ့" ဟု ကြံကြလေသည်။ ယင်းသို့ ကြံပြီး ကျီးများသည် သမုဒ္ဒရာရေ ကို နှုတ်သီးဖြင့် စုပ်ယူလာပြီး ကုန်းပေါ်၌ သွန်ချကြသည်။ ဤသို့ ခေါက်တုံ့ခေါက် ပြန် ပြုလုပ်ကြသောအခါ ဆားနံ့ရေကြောင့် ကျီးများ အာခေါင် ခြောက်လာကြ သည်။ မေးရိုးများညောင်း၍ မျက်စိများလည်း နီလာကြသည်။ ထိုအခါ ကျီးတစ် ကောင်က ဤသို့ ပြောလေသည်။

"အဆွေတို့၊ ငါတို့၏ မေးရိုးများသည် ညောင်းလှပြီ၊ အာခေါင်များလည်း ခြောက်လှပြီ၊ သို့သော် ဤသမုဒ္ဒရာရေကား အနည်းငယ်မျှ မလျော့၊ ပြည့်မြဲတိုင်း သာ ပြည့်၏။ ငါတို့သည် သမုဒ္ဒရာရေကို ကုန်ခန်းအောင် ပြုလုပ်နိုင်ကြမည် မဟုတ်"

ထိုကျီး၏ စကားကို ကြားလျှင် ကျီးအုပ်ကြီးသည် သမုဒ္ဒရာရေကို သယ်ယူ သွန်ထုတ်ခြင်း အလုပ်ကို ဆက်မလုပ်ကြတော့ဘဲ လက်လျှော့လိုက်ကြသည်။ ထို့နောက် ကျီးအုပ်ကြီးသည် "ငါတို့၏ ချစ်စွာသော ကျီးမသည် ယုတ်မာဆိုးရွား သော ဤသမုဒ္ဒရာကြောင့် ပျက်စီးခဲ့ရလေပြီ" စသည်ဖြင့် ကျီးမကို တမ်းတ၍ ငိုကြွေးမြည်တမ်း နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျီးများ ငိုကြွေးနေကြသည်ကို သမုဒ္ဒရာစောင့်နတ်မြင်၍ "ဤကျီးများသည် တစ်အုပ်လုံး ပျက်စီးရှာတော့မည်၊ ငါကယ်မှ ဖြစ်တော့မည်" ဟု ကြံ၍ ကြောက်မက်ဖွယ် ကောင်းသော အသွင်ဖြင့် ကျီးများကို ခြောက်လှန့်လေသည်။ ထိုအခါမှ ကျီးများ ကြောက်လန့်၍ ထွက်ပြေးကြလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီးနောက် တောထွက်ရဟန်းကြီးငါးပါးတို့အား "ကိလေသာ ဟူသော တောကိုမှီ၍ အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဘေးဒုက္ခများ ဖြစ်ပေါ်လာသည်။ ထိုဘေးဒုက္ခများမှ လွတ်မြောက်လိုလျှင် ကိလေသာတောကို ခုတ်ထွင် ရှင်းလင်းပစ်ကြရမည်" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာအဆုံး၌ ရဟန်းကြီး ငါးပါးလုံး သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

(၂၀။ မဂ္ဂဝဂ်၊ ၈-ပဉ္စမဟာလ္လက ထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတောင်ကြီး သူဌေး

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံသောအခါ ဗာရာဏသီ မြို့သူမြို့သားတို့သည် ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာရန် တစ်ဆူတည်းသော ရွှေစေတီကြီးကို တည်ဆောက်ကြသည်။ စေတီတော်ကြီးကို ရွှေအုတ်တို့ဖြင့် စီ၍ တည်ဆောက်ကြခြင်းဖြစ်ရာ မြောက်ဘက်မုခ်အတွက် ရွှေများ မလုံမလောက် ဖြစ်နေလေသည်။ ထိုအခါ ရဟန္တာ မထေရ်တစ်ပါးသည် မြို့ထဲ၌လှည့်လည်လျက် စေတီတော်အတွက် ရွှေလိုအပ်နေကြောင်း လူတို့အား ပြောကြားလေသည်။ မထေရ်သည် အိမ်စဉ်အတိုင်း ပြောကြားရာ ရွှေပန်းထိမ်သည် တစ်ဦးအိမ်သို့ ရောက်သွားလေသည်။ ထိုအချိန်တွင် ရွှေပန်းထိမ်သည်မှာ သူ့မယားနှင့် ရန်ဖြစ်နေသည်။ မထေရ်က ဘုရားရှင်၏ စေတီတော်အတွက် ရွှေလိုအပ်နေကြောင်း ပြောသောအခါ စိတ်ဆိုးနေသော ရွှေပန်းထိမ်သည်က "ရွှေလိုအပ်နေရင် စေတီ ဆက်မတည်ဘဲ ဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ရေထဲ မျှောလိုက်ကြပါလား" ဟု ပြောလိုက်လေသည်။

ထိုစကားကို မယားဖြစ်သူက ကြားလျှင် "ရှင် ကျွန်မကို စိတ်ဆိုးရင် ကျွန်မကို ရိုက်ပါ၊ ဘုရားရှင်ကိုတော့ မထိပါးကောင်းပါဘူး" ဟု ဆိုလေသည်။ ထိုအခါ ရွှေပန်းထိမ်သည်သည် သူ့အမှားကိုမြင်ပြီး မထေရ်၏ခြေရင်း၌ ဝပ်စင်းတောင်းပန်သည်။ မထေရ်က "ဒါယကာ သင်သည် ငါ့ကို ပြစ်မှားသည် မဟုတ်၊ ဘုရားရှင်ကို ပြစ်မှား၏။ ထို့ကြောင့် ဘုရားရှင်ကိုသာ ကန်တော့ပါ" ဟု မိန့်ဆိုသည်။ ထို့နောက် ရွှေပန်းထိမ်သည်သည် ရဟန္တာမထေရ် ညွှန်ကြားသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အိုးသုံးလုံးနှင့် တကွ တစ်ထွာစီ အရွယ်ရှိသော ရွှေပန်းခိုင် သုံးခိုင် ပြုလုပ်ပြီး ဘုရားရှင်၏ ခေတ်တော်တိုက်၌ ထည့်သွင်း ပူဇော်ကာ ဘုရားရှင်ကို ကန်တော့လေသည်။ ရွှေပန်းထိမ်သည်သည် သားသုံးယောက်တို့အားလည်း သူ့အပြစ်ကို ပြောပြပြီး ရွှေပန်းခိုင်များ ပြုလုပ်ရာတွင် ကုသိုလ်ပါဝင်ကြရန် တိုက်တွန်းလေသည်။ ထိုအခါ သားကြီးနှင့် သားလတ်တို့က "အဖေ့အပြစ်နဲ့ အဖေပဲ၊ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး" ဟု ဆိုကြသည်။ သားငယ်ကသာလျှင် "အဖေ့ကိစ္စ သားကိစ္စ၊ သားတို့တာဝန်ပေါ့" ဟု ဆိုကာ ရွှေပန်းခိုင်များ ပြုလုပ်ပူဇော်ရာတွင် စိတ်ထက်သန်စွာဖြင့် ပါဝင်ကူညီခဲ့လေသည်။

ရွှေပန်းထိမ်သည် ထိုဘဝမှစုတေလျှင် လှပြည် နတ်ပြည်တို့တွင် ကံအားလျော်စွာ ကျင်လည်၍ ဂေါတမဗုဒ္ဓ၏ လက်ထက်တွင် ဗာရာဏသီပြည် သူဌေးသမီး တစ်ယောက်၏ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ထိုသူဌေးသမီးကား ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ပေါ်၌တင်၍ မိဘတို့က ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ထားရာမှ ဝိဇ္ဇာဓိုရ် တစ်ယောက်နှင့် ယဉ်ပါးကာ ကိုယ်ဝန်ရရှိလာခြင်းဖြစ်၏။

သို့ဖြစ်၍ သူဌေးသမီးသည် ကလေးမွေးဖွားလာသောအခါ ထိုကလေးကို အိုးတစ်လုံး၌ထည့်၍ ဂင်္ဂါမြစ်ထဲသို့မျှောလိုက်ရန် အိမ်စေကျွန်မအား စေခိုင်းလေသည်။ မြစ်ထဲ၌ မျောလာသောအိုးကို မြစ်ဆိပ်၌ ရေချိုးနေသည့် မိန်းမနှစ်ယောက် တွေ့မြင်ကြလျှင် တစ်ယောက်က "ငါ့အိုး" ဟု ဆိုလေ၏။ ကျန်တစ်ယောက်လည်း "အိုးထဲမှာပါတဲ့ ပစ္စည်း ငါ့ပစ္စည်း" ဟု ဆိုလေသည်။

ထိုအိုးကိုဆယ်ယူ၍ ကြည့်သောအခါ ကလေးငယ်ကို တွေ့မြင်ကြ၍ သူ့ရထိုက်၊ ငါရထိုက် အငြင်းပွားကြပြီး တရားရုံးသို့ ရောက်သွားကြလေသည်။ တရားရုံးက "အိုးထဲမှာပါတဲ့ပစ္စည်း ငါ့ပစ္စည်း" ဟု ဆိုခဲ့သော မိန်းမအား ကလေးကို ပေးလိုက်လေသည်။

ကလေးရသော မိန်းမသည် ကလေးကို 'ဧဋ္ဌိလ' ဟု အမည်ပေး၍ ကောင်းစွာ ကျွေးမွေးပြုစုထားလေသည်။ ဧဋ္ဌိကလေး ခုနစ်နှစ် ရှစ်နှစ်အရွယ်သို့ ရောက်သောအခါ မွေးစားမိခင်က သူ ကိုးကွယ် ဆည်းကပ်နေသော ရှင်မဟာကစ္စည်းထံတွင် ကလေးကို ရှင်ပြုပေးရန် အပ်နှံလေသည်။

ရှင်မဟာကစ္စည်းသည် "ဤကလေးသည် ဘုန်းရှင်ကံရှင်တစ်ဦး ဖြစ်၏။ ယခုရွယ်စဉ် လောကီချမ်းသာကို ခံစားစေဦးအံ့" ဟု ကြံ၍ တက္ကသိုလ်ပြည်သို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားပြီး မိမိ၏ ဒကာရင်းဖြစ်သော သူကြွယ်တစ်ဦးထံ၌ အပ်နှံထားသည်။ ထိုသူကြွယ်ကလည်း ဇဋိလ ကလေးအား ဂရုတစိုက် ကျွေးမွေးပြုစုသည်။ အတတ်ပညာများလည်း သင်ကြားပေးလေသည်။

ဇဋိလသည် အရွယ်ရောက်လာသောအခါ လိမ္မာရေးခြားရှိလှပြီး မွေးစားဖခင်၏ ရောင်းရေးဝယ်တာလုပ်ငန်းများ၌ ကူဖော်လောင်ဘက် ရလာသည်။ အရွယ်နှင့်မလိုက်အောင်ပင် ဖခင်၏ ယုံကြည်အားကိုးမှုကို ရရှိခဲ့သည်။

တစ်နေ့သ၌ ဖခင်သူကြွယ်သည် အိမ်၌ရောင်းချရန်ရှိသော ကုန်ပစ္စည်းများကို ဇဋိလအား လွှဲအပ်ခဲ့ပြီး အလုပ်ကိစ္စဖြင့် ခရီးထွက်သွားလေသည်။ ကိစ္စပြီးစီး၍ အိမ်ပြန်လာသောအခါ သူကြွယ်မှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် အိမ်နှင့် အပြည့် ဝယ်ယူစုဆောင်းထားသော ပစ္စည်းများ ကုန်လုနီးပါး ဖြစ်နေသည်ကို တွေ့ရသောကြောင့် ဖြစ်ပေသည်။

ဇဋိလကိုခေါ်၍ "ချစ်သား၊ အိမ်မှာထားခဲ့တဲ့ ကုန်ပစ္စည်းတွေ ဘယ်ရောက်ကုန်သလဲ" ဟု မေးသောအခါ သူက ...

"ဖခင် မှာထားခဲ့တဲ့ဈေးနဲ့ အားလုံးရောင်းလိုက်ပါတယ်" ဟု ဖြေလေသည်။

ထို့နောက် ဇဋိလက ကုန်ရောင်းရသော အသပြာငွေတို့ကို ထုတ်ပေးလေသည်။ ၁၂ နှစ်မျှ စုဆောင်းထားသော ပစ္စည်းများကို ၂ ရက် ၃ ရက် အတွင်း ကုန်အောင် ရောင်းချခဲ့ရကြောင်း တွေ့ရသဖြင့် သူကြွယ်အလွန်ကျေနပ်သွားသည်။ ထို့ကြောင့် ထူးခြားသော ဘုန်းကံရှင်တစ်ဦး လက်လွှတ်မသွားစေရန် သူ့သမီးရင်းနှင့် ပေးစားလိုက်လေသည်။

ထို့နောက် သမီးနှင့် သမက်အတွက် အိမ်သစ်တစ်လုံး ဆောက်လုပ်စေသည်။ ထိုအိမ်သစ်ကို ဇဋိလတို့ ဖနီးမောင်နှံ တက်ရောက်နေထိုင်သောနေ့တွင် အိမ်နောက်၌ အတောင်ရှစ်ဆယ်ခန့်ရှိသော ရွှေတောင်ကြီး ထူးဆန်းစွာ ပေါ်လာလေသည်။ ထိုနေ့မှစ၍ တက္ကသိုလ်ပြည်၌ ဇဋိလသူဌေးဟူသောအမည် ထင်ရှားလာလေသည်။

(၂)

ဗုဒ္ဓရှင်မြတ်စွာ ဂန္ဓာရတိုင်းသို့ ကြွလာသောအခါ ဇဋိလသူဌေးသည် ဗုဒ္ဓထံ ချဉ်းကပ်၍ တရားနာသည်။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုကုသိုလ်တို့ကိုလည်း ပြုလုပ်သည်။ သားသုံးယောက် ရရှိ၍ အရွယ်ထောက် လာသောအခါ ဇင္ဒီလသည် လူ့စည်းစိမ်၌ ငြီးငွေ့၍ ရဟန်းပြုရန် စိတ်ဆန္ဒ ဖြစ်ပေါ် လာသည်။

ထိုအခါ "ဤဇမ္ဗူဒိပ်ကျွန်း၌ ငါကဲ့သို့ ချမ်းသာကြွယ်ဝသူ ရှိပါ၏လော၊ ထိုကဲ့သို့သောသူ ရှိမှသာ ငါ ရဟန်းပြုရန် သင့်ပေမည်" ဟု စဉ်းစားမိသည်။ ထို့ကြောင့် အမှုထမ်း ၅ ယောက်တို့အား ရွှေအုပ်၊ ရွှေခြေနင်း၊ ရွှေနှင်တံ စသော ပစ္စည်းများပေး၍ "သင်တို့သည် ဇမ္ဗူဒိပ်ကျွန်း၌ လှည့်လည်၍ ငါကဲ့သို့ ကြွယ်ဝ ချမ်းသာသူကို စုံစမ်းရှာဖွေကြချေလော့" ဟု စေခိုင်းလိုက်လေသည်။

ထိုအမှုထမ်းတို့သည် ရွှေအုပ်၊ ရွှေခြေနင်း စသည်တို့ကို ရောင်းချဟန်ဖြင့် တစ်မြို့မှတစ်မြို့ လှည့်လည်စုံစမ်းကြရင်း အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့သို့ ဆိုက်ရောက် သွားကြသည်။ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီးသည် အလွန် ကြွယ်ဝချမ်းသာ ကြောင်း သတင်းကြားသိရသဖြင့် ထိုသူဌေးကြီးအိမ်သို့ ဝင်၍စုံစမ်းကြလေသည်။ သူဌေးကြီး၏ အိမ်နောက်ဖေး၌ နွားလားခန့် ပမာဏရှိသော ရွှေဆိတ်ရုပ်တို့ ကျောချင်း ထိမျှ တည်ရှိနေသည်ကို မြင်ကြလျှင် အလွန်အံ့သြကြလျက် တက္ကသိုလ်ပြည်သို့ ပြန်ပြီး ဇင္ဒီလသူဌေးကြီးအား ထိုအကြောင်းကို အစီရင်ခံကြလေသည်။

သူဌေးကြီးသည် တစ်သိန်းတန် ကမ္ဗလာအထည်တစ်ခုကိုပေး၍ "အခြား မြို့များသို့လည်း လှည့်လည် စုံစမ်းကြဦးလော" ဟု ပြော၍ အမှုထမ်းတို့ကို ဒုတိယအကြိမ် လွှတ်လိုက်ပြန်သည်။ ဤတစ်ကြိမ်တွင် အမှုထမ်းတို့သည် ရာဇဂြိုဟ် ပြည်သို့ ရောက်သွားကြလေသည်။ ရာဇဂြိုဟ်ပြည်၌ ဇောတိကသူဌေးသည် အချမ်းသာဆုံးဖြစ်ကြောင်း ကြားသိကြသဖြင့် ဇောတိကအိမ်သို့သွား၍ တစ်သိန်းတန် ကမ္ဗလာထည်ကို ရောင်းချကြသည်။ ဇောတိကသည် တစ်သိန်းတန်ကမ္ဗလာထည်ကို ဝယ်၍ တံခါးမုခ်ဝ၌ အမှိုက်လှည်းနေသော ကျွန်မအား ခြေသုတ်အဝတ်လုပ်ရန် ပေးလိုက်လေသည်။

ဇင္ဒီလ၏ အမှုထမ်းတို့သည် ထိုအခြင်းအရာကို မြင်လျှင် အလွန့်အလွန် အံ့သြကာ မိမိတို့သူဌေးထံ ပြန်၍ သတင်းပို့ကြသည်။ ထိုအခါ ဇင္ဒီလသည် သား သုံးယောက်ကို ခေါ်၍ သူ ရဟန်းပြုတော့မည်ဖြစ်ကြောင်း ပြောကြားလေသည်။ ထို့နောက် "ချစ်သား၊ အိမ်နောက်ဖေးရှိ ရွှေတောင်မှ ရွှေတုံးများကို ထုခွဲ၍ ယူချေ လော့" ဟုဆို၍ သားကြီးအား ပေါက်တူးတစ်လက် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးသည် ဖခင် စေခိုင်းသည့်အတိုင်း သွား၍ ရွှေတောင်ကို ပေါက်တူးဖြင့် ပေါက်သည်။ သို့သော် ကျောက်တုံး ကျောက်ပြင်ကဲ့သို့ မာကျော၍ နေသဖြင့် ရွှေတုံး တစ်ပိုင်းတစ်စမျှ မရရှိချေ။

ဤအကြောင်းကို ဖခင်ထံ ပြန်၍ပြောသောအခါ ဖခင်က သားလတ်ကို စေခိုင်းပြန်သည်။ သားလတ် သွား၍ပေါက်သောအခါ၌လည်း ရှေးနည်းတူပင်ဖြစ်နေသောကြောင့် နောက်ဆုံးတွင် သားငယ်၏အလှည့်ရောက်လာသည်။ သားငယ် သွား၍ ပေါက်သောအခါ၌မူ မြေစိုင်ခဲကို ပေါက်ဘိသကဲ့သို့ ရွှေတုံး ရွှေခဲများ ပဲ့ထွက်လာလေသည်။

ထိုအခါ သူဌေးကြီးက ''ချစ်သားတို့၊ ဤရွှေတောင်သည် ငါနှင့် ငါ့သားငယ်အတွက်သာ ပေါ်လာခြင်း ဖြစ်၏၊ သင်တို့ နှစ်ယောက်အတွက် မဟုတ်ပေ'' ဟု ပြောကြား၍ သားငယ်အား အမွေပေးခဲ့ပြီး ဗုဒ္ဓထံသို့သွားကာ ရဟန်းပြုလေသည်။ ရဟန်းပြုပြီးနောက်လည်း ရက်အနည်းငယ်အတွင်းမှာပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

(၃)

အခါတစ်ပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် ရှင်ဇမ္ဗိလ အပါအဝင် နောက်လိုက်ရဟန်း ငါးရာနှင့်တကွ တက္ကသိုလ်ပြည်သို့ ကြွရောက်လာသည်။ ရှင်ဇမ္ဗိလ၏ သားတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား လဝက် ပတ်လုံး မိမိတို့အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူကြသည်။

ဆွမ်းခံရာမှ အပြန်တွင် အချို့သော ရဟန်းတို့က ရှင်ဇမ္ဗိလအား ''ငါ့ရှင်၊ လူ့ဘဝတုန်းက စည်းစိမ်တွေကို ပြန်တွေ့ရတော့ သင့်စိတ်ထဲမှာ ဘယ်လို နေပါသလဲ'' ဟု မေးကြသည်။ ရှင်ဇမ္ဗိလက ''တပည့်တော်ထဲမှာ ဒီလို တွယ်တာမှုတွေ မရှိတော့ပါ'' ဟူ၍ ပြန်ပြောလေသည်။ ရဟန်းများက ရှင်ဇမ္ဗိလ၏ စကားကို မယုံကြသဖြင့် ဗုဒ္ဓအား လျှောက်ကြပြန်သည်။

ထိုအခါ ဗုဒ္ဓက ''ဇမ္ဗိလသည် တဏှာ မာန ကင်းကွာသော အရိယာသူတော်စင်အဖြစ်သို့ ရောက်သွားပြီ ဖြစ်ကြောင်း'' မိန့်ကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်္ဂီလသည် ရွှေပန်းထိမ်သည် ဖြစ်စဉ်က ရဟန္တာအရှင်မြတ်အား "ဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ရေထဲသို့ ပစ်ချလိုက်ပါလော" ဟု ပြောခဲ့မိသည်။ ဤဝစီကံကြောင့် သူသည် ယခုဘဝ မွေးခါစ အရွယ်၌ မြစ်ထဲတွင် အမျှောခံခဲ့ရ၏။ ဇနီးသည်၏ ပြောစကားဖြင့် နောင်တတရားရကာ စေတီတော်အား ရွှေပန်းခိုင်ဖြင့် ပူဇော် ကန်တော့ခဲ့သည်။ ဤကောင်းမှုကြောင့် ယခုဘဝ၌ ရွှေတောင်ကြီး ပေါက်လာရခြင်း ဖြစ်သည်။ စေတီတော်အား ပူဇော်ကန်တော့ရန်အတွက် ရွှေပန်းခိုင် ပြုလုပ်ရာတွင် သားငယ် တစ်ယောက်တည်းသာ ပါဝင် ကူညီခဲ့သည်။ ထို့ကြောင့် သူတစ်ယောက်တည်းသာ အမွေ ရရှိခဲ့ခြင်းဖြစ်သည်။ ဤအကြောင်းများကိုလည်း ဗုဒ္ဓမြတ်စွာက ထုတ်ဖော် ဟောကြားတော်မူလေသည်။

(၂၆။ မြဟ္မဏဝဂ်၊ ၃၃-ဇင်္ဂီလတ္ထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# တံလျှပ်ကို ရေထင်၍

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုအချိန်တွင် ရှင်မဟာကဿပ မထေရ်သည်လည်း တပည့်ရင်းဖြစ်သော ရဟန်းငယ်တစ်ပါးနှင့် အတူ ရာဇဂြိုဟ်ပြည်၌ပင် သီတင်းသုံး လျက် ရှိလေသည်။

ရှင်မဟာကဿပ၏ တပည့် ရဟန်းငယ်မှာ ကျင့်ဝတ် သိက္ခာနှင့် ပြည့်စုံ၍ လိမ္မာရေးခြားရှိလှ၏။ ဆရာ၏ ဆုံးမဩဝါဒကို မြေဝယ်မချလိုက်နာ၍ ပရိယတ်၊ ပဋိပတ်၊ နှစ်ပါးကို ကြိုးစားအားထုတ်၏။ ထို့ကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် ဈာန်လေးပါးကို ပေါက်ရောက်ခဲ့လေသည်။

ရှင်မဟာကဿပသည် မြို့တွင်းသို့ ဆွမ်းခံကြွသည့်အခါ အများအားဖြင့် ရဟန်းငယ်ကိုလည်း မိမိနှင့်အတူ ခေါ်ဆောင်သွားလေ့ရှိ၏။ ထူးခြားသော အကြောင်း ကိစ္စ ရှိသည့်နေ့များတွင်မူ ရဟန်းငယ်ကို ခေါ်မသွားဘဲ တစ်ပါးတည်း ကြွလေ့ ရှိပေသည်။ တစ်ခါတရံ ရှင်မဟာကဿပသည် ခုနစ်ရက်ပတ်လုံး တစ်ထိုင်တည်း ဖြင့် နိရောဓသမာပတ်ကို ဝင်စားနေတတ်သည်။ ထိုအခါမျိုး၌လည်း ရဟန်းငယ် သည် တစ်ပါးတည်း ဆွမ်းခံကြွရလေသည်။

တစ်နေ့တွင် ရှင်မဟာကဿပမထေရ် နိရောဓသမာပတ် ဝင်စားနေသဖြင့် ရဟန်းငယ်သည် တစ်ပါးတည်း သပိတ်ပိုက်ကာ မြို့တွင်းသို့ ဆွမ်းခံထွက်ခဲ့လေ၏။ တစ်လမ်းဝင် တစ်လမ်းထွက် လှည့်လည်ရာမှ ရွှေပန်းထိမ် အလုပ်ကို လုပ်ကိုင်သော



www.burmeseclassic.com

www.burmeseclassic.com



သူ့ဦးရိုးတော် တစ်ယောက်၏ အိမ်ရှေ့သို့ရောက်လာသဖြင့် အိမ်ထဲသို့ဝင်ပြီး ခင်းထားအပ်သောနေရာ၌ ထိုင်နေလေသည်။ ထိုအချိန်တွင် ဦးရိုးနှင့် ဓနီးတို့မှာ အလုပ်ကိစ္စဖြင့် အပြင်သို့ သွားနေကြသဖြင့် အိမ်တွင် မရှိကြ။ အရွယ်ရောက်စ ဖြစ်သော သမီးပျိုတစ်ယောက်သာ အိမ်၌ ကျန်ရစ်နေသည်။

ထိုသမီးပျိုသည် ရဟန်းငယ် ကြွလာသည်ကို မြင်လျှင် မိဘများ မှာထားခဲ့သည့်အတိုင်း ဆွမ်းဟင်းများကို ခူးခပ်ပြင်ဆင်၍ ရဟန်းငယ်၏ သပိတ်၌ လောင်းလှူသည်။ ထိုစဉ်တွင် မိန်းမပျို၏ လက်သည် ရဟန်းငယ်၏ လက်နှင့် အမှတ်မထင် ထိခိုက်မိသွားလေသည်။ ရဟန်းငယ်သည် နုနယ်သော အတွေ့အထိကြောင့် စက္ခုန္ဒြေကိုဖျက်၍ မိန်းမပျိုအား ခြေဆုံး ခေါင်းဆုံး ကြည့်မိလေသည်။ မိန်းမပျို၏ ပြည့်ဖြိုးသော ကိုယ်ကာယနှင့် လှပသော မျက်နှာတို့ကို နီးကပ်စွာ မြင်တွေ့လိုက်ရသောအခါ သမာဓိ အစွမ်းအားဖြင့် ငုပ်လျှိုးနေသော ရဟန်းငယ်၏ တဏှာရာဂစိတ်သည် ထောင်းခနဲ ထ၍ လာလေသည်။

အမှန်စင်စစ် ရဟန်းငယ်သည် ဆရာကောင်း ဆရာမြတ်၏ ဆုံးမဩဝါဒကို နာခံ၍ ဆိတ်ငြိမ်သော တောရကျောင်း၌ ရဟန်းတရားဖြင့် ပျော်မွေ့နေခဲ့သူဖြစ်၏။ ထို့ကြောင့် ဤကဲ့သို့သော ဝိသဘာဂ အာရုံနှင့် တစ်ကြိမ်တစ်ခါမျှ နဖူးတွေ့ဒူးတွေ့ မကြုံခဲ့ရဘူးပေ။ ယင်းသို့ မကြုံတွေ့ရအောင်လည်း အမြဲ သတိထား၍ ရှောင်ရှားခဲ့ပေသည်။

ယနေ့တွင်မူ ဦးရိုးတော်၏အိမ်သို့ ဆွမ်းခံဝင်ရင်း မမျှော်လင့်ဘဲ သူနှင့်သက်တူရွယ်တူ မိန်းမပျိုကလေးနှင့် နှစ်ဦးချင်း ဆုံစည်းမိခဲ့သည်။ သို့တိုင်အောင် မျက်လွှာကိုချ၍ ဣန္ဒြေရရ ထိုင်နေစဉ်ဝယ် တစ်စုံတစ်ရာ စိတ်လှုပ်ရှားမှု၊ စိတ်ဖောက်ပြန်မှု မရှိခဲ့ပေ။ သူမ ဆွမ်းလာလောင်း၍ ရုတ်တရက် လက်ချင်းထိခိုက်မိသောအခါ၌ကား နူးညံ့သော အတွေ့အထိကြောင့် သတိလက်လွတ်ဖြစ်ကာ စောင့်စည်းထိန်းချုပ်မှုများ ဒလဟော ကျိုးပေါက်ပျက်စီး သွားလေသည်။ ယင်းနှင့်တစ်ပြိုင်တည်းမှာပင် နှစ်ပေါင်းများစွာ လေ့ကျက်တင်စားခဲ့သော ဈာန်အဘိညာဉ်များလည်း ပျက်ပြားသွားလေသည်။

ဆွမ်းခံရာမှ ကျောင်းသို့ ပြန်ရောက်သောအခါ ရဟန်းငယ်သည် ဆွမ်းကိုပင် ကောင်းစွာ မစားနိုင်တော့ပေ။ တမှိုင်မှိုင် တတွေတွေဖြင့် အခန်းအောင်း၍သာ နေလေသည်။ ရှင်မဟာကဿပသည် နိရောဓသမာပတ် ဝင်စားရာမှ ထ,သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ပြုနေကျ ဝတ်ကြီးဝတ်ငယ်ကိုပင် မှန်မှန်မပြုတော့ဘဲ အမူအရာ ပျက်ပြားနေသော ရဟန်းကို မြင်လျှင် ခေါ်၍ မေးမြန်းစုံစမ်းလေသည်။ ရဟန်းငယ်က "အရှင်ဘုရား၊ တပည့်တော် ရဟန်းဘောင်၌ မပျော်မွေ့တော့ပါ၊ လူထွက်ပါတော့မည်" ဟူ၍ ဖွင့်ဟ လျှောက်ကြားလေသည်။

ရှင်မဟာကဿပသည် ရဟန်းငယ်၏အဖြစ်ကို ကောင်းစွာရိပ်စားမိသည်။ ထို့ကြောင့် ရဟန်းငယ်အား ကာမဂုဏ်တို့၏ အပြစ်ကို ဖော်ပြ၍ ဆုံးမဩဝါဒ ပေးတော်မူသည်။

"ငါ့တပည့်၊ လောကီအာရုံ ကာမဂုဏ်တို့သည် စင်စစ် နှစ်သက်တွယ်တာ ဖွယ်မရှိ၊ ဒုက္ခအတိသာ ဖြစ်ကုန်၏။ ကာမဂုဏ်ငါးပါး၌ တွယ်တာမက်မော သူသည် တံလျှပ်ကို ရေထင်၍ လိုက်သော သမင်မိုက်ကဲ့သို့ ဒုက္ခဖြင့်သာ အဆုံးသတ်ရ လိမ့်မည်"

ကိလေသာ မြားချက် မှူးဝင်နေပြီ ဖြစ်သော ရဟန်းငယ်ကား မထေရ်၏ အဆုံးအမကို လုံးဝ နားမဝင်တော့ချေ။ ထို့ကြောင့် ရှင်မဟာကဿပမှာ ရဟန်းငယ် အား ဥပေက္ခာ ပြုလိုက်ရတော့သည်။

ရဟန်းငယ်သည် လူဝတ်လဲပြီး သူ့ဦးရီးအိမ်သို့ သွားလေသည်။ ဦးရီးကလည်း သူ့တူကို ကောင်းမွန်စွာလက်ခံပြီး သမီးငယ်နှင့်ထိမ်းမြားပေးလိုက်သည်။ လိုအင် ဆန္ဒ ပြည့်ဝသွားသဖြင့် သူသည် ကာလအတန်ကြာမျှ လူ့ဘဝစည်းစိမ်ကို ပျော်ရွှင် စွာ ခံစားနေလေသည်။

ရက်ပိုင်းမှ လပိုင်းသို့ ကူးလာသောအခါ၌မူ လူ့ဘဝ၏ အတွင်းသရုပ်မှာ တဖြည်းဖြည်း ပေါ်လာသည်။ ငယ်ရွယ်စဉ်မှစ၍ ရဟန်းဘဝ၌ နေခဲ့သော မောင်လူထွက်သည် လူ့အလုပ် လူ့ကိစ္စများကို ကျွမ်းကျွမ်းကျင်ကျင် မလုပ်တတ်။ လုပ်ချင်စိတ်လည်း မရှိ။ ထို့ကြောင့် ယောက္ခမများကလည်း မကြည်ဖြူ၊ မိန်းကလေး လည်း ငြူစူသဖြင့် အနေရ အထိုင်ရ ခက်လာလေ၏။

အိမ်တွင် မနေလိုသဖြင့် အပြင်သို့ထွက်၍ သွားလာလည်ပတ်ရာမှ အရက် သမား၊ ဖဲသမား လူဆိုး သူခိုးများနှင့် အပေါင်းအသင်း ဖြစ်လာသည်။ နောက်ဆုံး တွင် ယောက္ခမက "အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ရင် အိမ်မှာ မနေနဲ့" ဟု ဆို၍ အိမ်မှ နှင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မောင်လူထွက်မှာ အိုးမဲ့အိမ်မဲ့ဖြစ်လျက် မကောင်းသော အပေါင်းအသင်းများနှင့် လေလွင့်ကာ အစွမ်းကုန်ပျက်စီးနေလေသည်။ တစ်နေ့သ၌ သူကြွယ်တစ်ဦး၏အိမ်ကို ဖောက်ထွင်း ခိုးယူမှု ဖြစ်ပွား၍ ခိုးသူတို့ကို မင်းချင်း ယောကျ်ားတို့က ဝိုင်းဝန်းဖမ်းဆီးကြရာ အခြားသူများလွတ်မြောက်သွားကြပြီး မလည် မဝယ်ဖြစ်သော မောင်လူထွက်ကို လက်ရ ဖမ်းဆီးမိကြလေသည်။ သူ့ကို တရားရုံး သို့တင်၍ စစ်ဆေးရာ ပြစ်မှုထင်ရှားသဖြင့် တရားသူကြီးက သေဒဏ် ချမှတ်လိုက် လေသည်။

မင်းချင်းယောကျ်ားတို့သည် တရားခံကို လက်ပြန်ကြိုး တုပ်ပြီး ကြိမ်လုံးဖြင့် ရိုက်နှက်ကာ သုသာန်သို့ ခေါ်သွားကြသည်။ ဤသို့ သေဘေးနှင့် ရင်ဆိုင်တွေ့ကြုံ ရသောအခါ ထိုသူသည် ဆရာသခင် ရှင်မဟာကဿပ မိန့်ကြားလိုက်သော ဆုံးမ စကားကို နားတွင် ကြားယောင်လာသည်။ "ဆရာ့စကားကို နားမထောင်ခဲ့မိခြင်း မှာ မှားခြင်းကြီး မှားလေစွ" ဟူ၍လည်း ယူကျုံးမရ ဖြစ်လာသည်။

ဤသို့ မင်းချင်းယောကျ်ားတို့၏ ရိုက်နှက်ခေါ်ဆောင်ရာသို့ လိုက်ပါလာရာ မှ လမ်းထောင့်တစ်နေရာသို့ ရောက်သောအခါ သူ အံ့အားသင့်သွားသည်။ အကြောင်းမှာ မမျှော်လင့်ဘဲ သူ့ဆရာ ရှင်မဟာကဿပကို ဖူးတွေ့လိုက်ရသော ကြောင့် ဖြစ်ပေသည်။ မထေရ်သည် ဆွမ်းခံ လှည့်လည်ရင်း သူ့ကို မြင်သဖြင့် သူ့ရှေ့သို့ ကြွရောက်လာခြင်း ဖြစ်သည်။ သူ့အနားသို့ ရောက်လာသောအခါ မထေရ်က မင်းချင်းယောကျ်ားတို့အား ချည်နှောင်ထားသော ကြိုးကို အနည်းငယ် လျှော့ပေးရန် မိန့်ကြားတော်မူသည်။ ကြိုးကို လျှော့လိုက်သောအခါ သူက ရီဝေ သောမျက်လုံးအစုံဖြင့် မထေရ်ကိုကြည့်လျက် လက်အုပ်ချီလိုက်သည်။ "ကျေးဇူးရှင် ဆရာသခင်ဘုရား၊ တပည့်မိုက်ကို သနားတော်မူပါ" ဤသို့လည်း နှုတ်မှ မြွက်၍ တောင်းပန်လိုက်သည်။

မထေရ်က တပည့်၏ အဖြစ်ဆိုးကို ကြည့်ကာ ကရုဏာပြည့်လျှမ်းသော အသံဖြင့် ဤသို့ မိန့်ကြားတော်မူသည်။

"ငါ့တပည့်၊ သင်သည် ရှေ့က လေ့လာဖူးသော ကသိဏ်းပရိကံကို ပြန်၍ နှလုံးသွင်းလော့"

ဆရာမြတ်၏ သတိပေးချက်ကို ကြားရသောအခါ သူသည် ယခင်က ပွားများ ခဲ့ဖူးသော ကသိဏ်းပရိကံကို ပြန်၍ သတိရလာသည်။ ထို့ကြောင့် ခန္ဓာကိုယ်၏



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုကို ဂရုမစိုက်ဘဲ ကသိဏ်းပရိကံကို စူးစိုက်ပွားများရာ တစ်ခဏချင်း အတွင်းမှာပင် ယခင်က ရရှိခဲ့ဖူးသော လောကီဈာန်ကို ပြန်လည် ရရှိလာသည်။

ဤသို့ လောကီဈာန်ကို ပြန်လည်ရရှိလာလျှင် ဈာန်ဝင်စားလျက်ဖြင့်သာ မင်းချင်းယောကျ်ားတို့ ခေါ်ဆောင်ရာသို့ လိုက်ပါလာလေသည်။ သုသာန်သို့ ရောက်လျှင် သူသတ်ယောကျ်ားတို့က သူ့ကို သတ်ရန် ကားစင်သို့တင်၍ ဓား၊ လှံ လက်နက်များကို ပြင်ဆင်နေကြသည်။ သို့သော် သူကား အနည်းငယ်မျှ တုန်လှုပ် ကြောက်ရွံ့ခြင်းမရှိ၊ ပကတိ တည်ငြိမ်လျက်သာ ရှိလေသည်။

သူသတ်ယောကျ်ားတို့သည် ထိုအခြင်းအရာကို တွေ့မြင်ကြရသောအခါ လွန်စွာ အံ့သြကြကုန်လျက် မင်းကြီးထံ ပြန်၍ လျှောက်တင်ကြသည်။ မင်းကြီးက ထိုသူကို လွှတ်လိုက်ကြရန် အမိန့်ပေးပြီး ဗုဒ္ဓမြတ်စွာထံသို့လည်း ထိုအကြောင်းကို သွားရောက် လျှောက်ကြားလေသည်။ ဗုဒ္ဓမြတ်စွာသည် ကားစင်ဘက်၌ရှိနေသော ထိုသူ့ထံသို့ ရောင်ခြည်တော်ခြောက်သွယ်ကို ဖြန့်လွှတ်တော်မူပြီး အောက်ပါဒေသနာ ကို ဟောကြားတော်မူလေသည်။

"အကြင်သူသည် လူ့ဘဝ၌ တွယ်တာမှုဟူသော တောကို စွန့်ပြီး ဈာန် သမာပတ် ဟူသော တော၌ သက်ဝင်သည်ဖြစ်၍ တဏှာ ဟူသော တောမှ လွတ်မြောက်ခဲ့ပြီး ဖြစ်ပါလျက် တစ်ဖန် ထိုတဏှာတောသို့ ပြေးသွားခဲ့၏။ ထိုသူ ကို သင်တို့ ရှုကြကုန်လော့။ ထိုသူကား လူ့ဘဝ အနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့ပြီး ဖြစ်ပါလျက် တစ်ဖန် ထို အနှောင်အဖွဲ့ထံသို့ပင် ပြေးသွားခဲ့ရှာ၏"

ဤဒေသနာကို ကြားနာရသောအခါ ထိုသူသည် ကားစင်ထက်၌ တည်လျက် ပင် သင်္ခါရ တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးသို့ တင်၍ ဆင်ခြင်သုံးသပ်ကာ သောတာပတ္တိဖိုလ်သို့ ရောက်သွားလေသည်။ ထိုအခါ သူသည် ဈာန်အဘိညာဉ် တန်ခိုးဖြင့် ကောင်းကင်သို့ပျံတက်ပြီး ဗုဒ္ဓမြတ်စွာထံသို့ ရောက်သွားသည်။ ထို့နောက် မင်းနှင့်တကွသော ပရိသတ်အလယ်၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး ရဟန်းအဖြစ်သို့ ပြန်ရောက်သွားလေသည်။

(၂၄။ တဏှာဝဂ်၊ ၃-ဝိဗ္ဘန္တ ဘိက္ခု ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ပတ္တမြား သူဌေး

(၁)

ဗာရာဏသီပြည်၌ မဟာသာလနှင့် စူဠသာလ အမည်ရှိသော သူကြွယ်ညီအစ်ကို နှစ်ယောက် ရှိသည်။ သူတို့သည် ကြံစိုက်ပျိုး၍ အသက်မွေးသူများ ဖြစ်ကြ၏။ တစ်နေ့သ၌ ညီဖြစ်သူ စူဠသာလသည် ကြံခင်းသို့ သွား၍ ကြည့်ရှုရာမှ ရင့်သော ကြံနှစ်ချောင်းကို ညီအစ်ကိုနှစ်ယောက် စားသုံးရန် ခုတ်ယူလာခဲ့သည်။

ထိုအချိန်က အသီးအပင်များ လွန်စွာ အဆီဩဇာ ပြည့်ဝခဲ့သည်။ ကြံချောင်းမှ အရည်ကို ယခုခေတ်မှာကဲ့သို့ ညှစ်၍ယူရန် မလိုပေ။ ခုတ်ဖြတ်ပြီး ထောင်လိုက်ရုံဖြင့်ပင် ရေစစ်မှ ရေများ ထွက်လာသကဲ့သို့ ကြံရည်များ ယိုကျလာပေသည်။

ထို့ကြောင့် စူဠသာလသည် ကြံရည်များ ယိုထွက်မကျစေရန် ကြံနှစ်ချောင်းကို ဖက်ရွက်ဖြင့် လုံခြုံအောင် ထုပ်စည်း၍ ပြန်လာသည်။ ယင်းသို့ ပြန်လာစဉ် လမ်း၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ပါးကို တွေ့မြင်၍ ကြည်ညိုသောစိတ်များ တဖွားဖွား ပေါ်လာသည်။

ထိုအခါ သူသည် အပေါ်ရုံဝတ်ကို လမ်းဘေး၌ ဖြန့်ခင်းပြီး ရှင်ပစ္စေကဗုဒ္ဓါအား ထိုင်ရန်လျှောက်ကြားသည်။ ထို့နောက် အရှင်မြတ်ထံမှ သပိတ်ကို ယူ၍ မိမိ အလှူငှာ ပါသော ကြံချောင်းမှ အရည်တို့ဖြင့် ပြည့်စေပြီး ရှင်ပစ္စေကဗုဒ္ဓါအား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကပ်လေသည်။ အရှင်မြတ်လည်း တစ်ထိုင်တည်းဖြင့်ပင် ကြံရည်ကို ဘုဉ်းပေး သုံးဆောင်တော်မူသည်။

ပစ္စေကဗုဒ္ဓ အရှင်မြတ် ဘုဉ်းပေး သုံးဆောင်သည်ကို မြင်လျှင် စူဠသာလ သည် ပို၍ ကြည်ညိုလာ၏။ သို့ဖြစ်၍ အစ်ကိုကြီးအတွက် ယူခဲ့သော ကြံချောင်းမှ ကြံရည်များကိုလည်း အရှင်မြတ်၏ သပိတ်၌ လောင်းလှူလိုက်သည်။ ရှင်ပစ္စေကဗုဒ္ဓ သည် ထိုကြံရည်များကို သပိတ်ဖြင့် ခံယူသွားပြီး မိမိ၏ သီတင်းသုံးဖော်တို့အား တစ်ဆင့် ပေးလှူလေသည်။

စူဠသာလသည် အိမ်သို့ ပြန်ရောက်သောအခါ ရှင်ပစ္စေကဗုဒ္ဓအား ကြံရည်လှူ ခဲ့ရပုံကို အစ်ကိုဖြစ်သူအား ပြောပြသည်။ အစ်ကိုဖြစ်သူကလည်း ညီနှင့်ထပ်တူပင် ကြည်ဖြူဝမ်းမြောက်ခဲ့လေသည်။ ထိုနေ့မှစ၍ ညီအစ်ကိုနှစ်ဦး၌ စည်းစိမ်ဥစ္စာများ တစ်နေ့တခြား တိုးပွားလာလေသည်။

(၂)

မဟာသာလတို့ ညီအစ်ကိုနှစ်ဦးသည် သက်တမ်းစေ့၍ သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြလေ၏။ ဝိပဿီမြတ်စွာဘုရား လက်ထက်၌ကား ဗန္ဓုမတီ ပြည် သူကြွယ်တစ်ဦးအိမ်၌ ညီအစ်ကိုနှစ်ယောက် ဖြစ်လာကြပြန်သည်။ အစ်ကိုမှာ သေန၊ ညီကား အပရာဇိတဟု အမည်တွင်လေသည်။

ဗန္ဓုမတီပြည်သို့ ဝိပဿီ မြတ်စွာဘုရား ကြွလာသောအခါ, အစ်ကိုကြီး သေနသည် မြတ်စွာဘုရားထံသွား၍ တရားနာယူခဲ့သည်။ ထို့နောက် မြတ်စွာဘုရား ၏တရားကို နှစ်သက်လှသဖြင့် ရှိသမျှပစ္စည်းအားလုံးကို ညီအား လွှဲအပ်ခဲ့ပြီး ရဟန်းပြုရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ညီငယ် အပရာဇိတကား ကာမဂုဏ်စည်းစိမ်ကို မစွန့်လွှတ်နိုင်သောကြောင့် လူ့ဘောင်၌ပင် ဆက်လက်နေထိုင်သည်။ ယင်းသို့နေထိုင်ရင်း သံသရာ အကျိုးစီးပွား အတွက် တစ်စုံတစ်ခုသော ကောင်းမှုကို ပြုလုပ်လိုကြောင်း သူ့အစ်ကိုအား လျှောက် ကြားသည်။ အစ်ကိုဖြစ်သော ရဟန်းတော် ရှင်သေနက မြတ်စွာဘုရား သီတင်းသုံး ရာဖြစ်သော ဂန္ဓကုဋီကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းရန် ညွှန်ကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အပရာဇိတသည် ကြီးကျယ်ခန့်ညားသော ဂန္ဓကုဋိကျောင်းဆောင် တစ်ခုကို ဆောက်လုပ်သည်။ ထိုကျောင်းဆောင်၏ တိုင်၊ အမိုး၊ အကာ စသည်တို့ကို ရတနာ ခုနစ်ပါးဖြင့် စီခြယ်၍ ပြုလုပ်သည် ဖြစ်ကုန်၏။ ကျောင်းပရိဝုဏ်ကို တံတိုင်းလေးဘက်ကာရံ၍ အတွင်း၌ အုတ်အင်္ဂတေဖြင့် ညီညာစွာ ခင်းကျင်းထားသည်။ ရေတွင်းရေကန် ပန်းမန်သစ်ပင် စသည်တို့ကိုလည်း လိုလေသေးမရှိအောင် ပြုစေသည်။

ကျောင်းဆောင်လုပ်ပြီးစီးသောအခါ အပရာဇိတသည် ကျောင်းပရိဝုဏ်အတွင်း၌ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတို့ကို နေရာအနှံ့ ကြဲဖြန့်ထားစေသည်။ ဘုရားရှင် သီတင်းသုံးမည့် နေရာအနီးတွင် ထူးခြားစွာ အရောင်ထွက်သော ပတ္တမြားလုံးများ ကို ချထားစေသည်။

ထို့နောက် အပရာဇိတသည် နောင်တော် အရှင်သေနမှတစ်ဆင့် ဘုရားရှင်ကို ကျောင်းဆောင်သို့ ကြွရောက်သီတင်းသုံးရန် ပင့်ဖိတ်သည်။ နောက်ပါ ရဟန်းသံဃာ တို့နှင့်အတူ ကျောင်းဆောင်သို့ ကြွလာသော ဘုရားရှင်သည် ပရိဝုဏ်အတွင်း၌ ဖြန့်ကြဲထားသော ကျောက်မျက်ရတနာတို့ကိုမြင်လျှင် တံခါးဝ၌ ရပ်တန့်နေတော်မူ သည်။ အပရာဇိတက "အရှင်ဘုရား၊ ဤကျောက်မျက်ရတနာများကို တပည့်တော် တို့ စောင့်ရှောက်ပါမည်" ဟု လျှောက်ထားမှ အထဲသို့ ဝင်တော်မူလေသည်။

အပရာဇိတသူကြွယ် ဆောက်လုပ်လှူဒါန်းသော ဂန္ဓကုဋိကျောင်းဆောင်၌ ဘုရားရှင် သီတင်းသုံးတော်မူသောအခါ များစွာသော ရဟန်းရှင် လူတို့သည် နေ့ည မပြတ် လာရောက် ဖူးမြော်ကြသည်။ အပရာဇိတသည် ထိုသူတို့အား ပရိဝုဏ်တွင်း၌ ကြဲဖြန့်ထားသော ရတနာတို့ကို မိမိတို့လက်ဖြင့် နိုင်သလောက် ကောက်ယူခွင့်ပြုထား သည်။ အိတ်၊ ခွက် စသည်တို့ဖြင့် ထည့်ယူမှုသာ တားမြစ်ခြင်း ပြုစေသည်။

တစ်နေ့သ၌ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတစ်ယောက်သည် ဘုရားဖူးလိုဟန်ဖြင့် ကျောင်း တော်သို့ လာရောက်ပြီး ဘုရားရှင် အနီး၌ ချထားသော ပတ္တမြားလုံးကြီးကို ခိုးယူ သွားလေသည်။ ဤအကြောင်းကို ကျောင်းဒကာ အပရာဇိတသိလျှင် "ပရိဝုဏ် အတွင်း၌ ဖြန့်ကြဲထားသော အခြားရတနာတို့ကိုမယူဘဲ ဘုရားရှင်အနီး၌ထားသည့် ပတ္တမြားလုံးကိုမှ ယူရက်လေခြင်း" ဟူ၍ စိတ်မကောင်းဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘုရားရှင်ထံချဉ်းကပ်၍ "အရှင်ဘုရား၊ ယနေ့မှစ၍ ဖြစ်လေရာ ဘဝတိုင်း၌ တပည့်တော်၏ ပစ္စည်းကို မည်သူမျှ ခိုးဝှက်လုယက်၍ မယူနိုင်ပါစေသား" ဟု ဆုတောင်းသည်။ ဘုရားရှင်ကလည်း "သင်တောင်းသည့်ဆု ပြည့်ပါစေ" ဟု မိန့်မြွက်တော်မူသည်။

(၃)

အပရာဇိတသည် အသက်ထက်ဆုံး များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး သေလွန်သောအခါ နတ်ပြည်သို့ ရောက်လေသည်။ ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူအံ့နီးသောအချိန်တွင် ရာဇဂြိုဟ်ပြည် သူဌေးတစ်ဦး၏အိမ်၌ ပဋိသန္ဓေနေလာသည်။ သူ့ကို မွေးဖွားသောအချိန်တွင် သူဌေးကြီး၏ အိမ်သူအိမ်သားများ ဝတ်ဆင်ထားသော လက်ဝတ်ရတနာတို့သည် ထူးခြားစွာ အရောင်တောက်လာသည်ကို တွေ့မြင်ကြရသည်။ ယင်းသို့ အရောင်တောက်လာခြင်းကို အကြောင်းပြု၍ ထိုကလေးအား 'ဇောတိက' ဟု အမည်မှည့်ကြလေသည်။

ဇောတိကသတို့သား အရွယ်ရောက်လာသောအခါ ဖခင်သူဌေးကြီးက လက်သမားများကိုခေါ်၍ သားနေထိုင်ရန်အိမ်သို့ ဆောက်စေသည်။ ထိုအခါ သိကြားမင်းသည် လက်သမားဆရာအသွင်ဖြင့်လာ၍ အလွန်ဆန်းပြားတင့်တယ်သောအိမ်ကို စီမံဆောက်လုပ်ပေးလေသည်။

သိကြားမင်းသည် ရှေးဦးစွာ ညီညာပြန့်ပြူးသော မြေအပြင်၌ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကို ဆောက်လုပ်သည်။ ထိုပြာသာဒ်မှာ အတွင်းရော အပြင်ပါ ရတနာ ခုနစ်ပါးတို့ဖြင့် စီခြယ် မွမ်းမံအပ်သည်ဖြစ်၍ အရောင်တဖိတ်ဖိတ် ထွက်၍ နေလေသည်။ ထို့နောက် တံတိုင်းခုနစ်ထပ်နှင့်တကွ ဥယျာဉ်ရေကန် ပန်းမန် သစ်ပင်တို့ကိုလည်း သူ့နေရာနှင့်သူ အစီအစဉ်တကျ ဖန်တီးထားလေသည်။ ပြာသာဒ်ဆောင်၏ ထောင့်လေးထောင့်တို့၌ ရွှေအိုးကြီးလေးလုံး ဖြစ်ပေါ်လာလေသည်။

တံတိုင်း ခုနစ်ထပ်တို့၏ အကြား၌လည်း များစွာသော သီးမျိုးစုံ ပဒေသာပင်များ အလိုအလျောက် ဖြစ်ပေါ်လာကြသည်။ တံခါးမုခ် ခုနစ်ထပ်တို့၌လည်း နတ်ဘီလူး တစ်ယောက်စီလာ၍ စောင့်ရှောက်နေကြသည်။ ဤသည်တို့မှာ သူဌေးသားကလေး ဇောတိက၏ ထူးခြားသော ဘုန်းကံကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင် သူဌေးကြီးသည် ခမ်းနား ဆန်းကြယ် အံ့သြဖွယ် ကောင်းသော အဆောက်အအုံတို့ကို မြင်လျှင် လွန်စွာ ဝမ်းမြောက်လျက် ဇောတိကအား ခေါ်၍ ပြသည်။ ထို့နောက် 'သတုလကာယီ' အမည်ရှိသော ဥတ္တရကုရု ကျွန်းသူကလေး နှင့် လက်ထပ်ထိမ်းမြား၍ သူဌေးကြီးရာထူး အဆောင်အယောင်များကို လွှဲအပ် ပေးလိုက်လေသည်။

သူဌေးကတော်ကလေး သတုလကာယီကား ဘဝဟောင်းမှ ဇောတိက၏ ပါရမီဖြည့်ဖက်ဖြစ်သည်။ ထို့ကြောင့်ပင် သူမကို နတ်တို့က တန်ခိုးဖြင့် ဆောင်ယူ ပေးကြခြင်း ဖြစ်ပေသည်။ သတုလကာယီသည် သူမနှင့်အတူ ဆန်တစ်စလယ်နှင့် ပတ္တမြား ဖိုခုံလောက် သုံးလုံးယူလာသည်။ ထမင်းဟင်းချက်လိုသည့်အခါ ထိုပတ္တမြား ဖိုခုံလောက်ပေါ်၌ အိုးကို တင်လိုက်လျှင် အချိန်အနည်းငယ် အတွင်း၌ ပင် ကျက်သွားသည်။ သူမ ယူဆောင်လာသော သလေးဆန်မှာလည်း မည်မျှပင် ထုတ်ယူချက်ပြုတ်သော်လည်း ကုန်ခမ်းသွားသည် ဟူ၍ မရှိပေ။

ဤသို့ဖြင့် ဇောတိက ဇနီးမောင်နှံတို့သည် ပတ္တမြား ဖိုခုံလောက်ဖြင့် ချက်သော ထမင်း ဟင်းများကိုသာ နေ့စဉ် စားသောက်နေကြသည်။ ညအခါ၌လည်း မီးခွက် မီးတိုင်တို့ကို ညှိထွန်းခြင်း မပြုကြရ။ ကျောက်မျက် ရတနာတို့၏ အလင်း ရောင်ဖြင့်သာ နေထိုင်ကြလေသည်။

ဇောတိက၏ စည်းစိမ်ကို တကူးတက လာရောက် ကြည့်ရှုသူများမှာ နေ့စဉ် မပြတ် ရှိနေကြသည်။ ဇောတိကသည် ထိုသူတို့အား ထမင်း ဟင်း ကျွေးမွေး၍ ဧည့်ခံသည်။ ရွှေ၊ ငွေ၊ အဝတ်အထည် စသော ပစ္စည်းဥစ္စာများကိုလည်း ထိုက် သင့်သလောက် ပေးကမ်းလိုက်သည်။ ယင်းသို့ ကျွေးမွေးပေးကမ်းဖြားသော်လည်း ပစ္စည်းဥစ္စာတို့မှာ လျော့ပါးသွားခြင်းမရှိ။ တစ်နေ့ထက်တစ်နေ့ တိုးပွား၍သာ လာလေသည်။

တစ်နေ့သ၌ ဗိမ္ဗိသာရ မင်းကြီးကိုယ်တိုင် ဇောတိက၏ အိမ်ကို လာရောက် ကြည့်ရှုသည်။ ဇောတိကသည် မင်းကြီးအား ခရီးကြို၍ပြီး အိမ်တွင်း၌ လှည့်လည် ပြသည်။ ပတ္တမြား ကျောက်တို့ဖြင့် ခင်းထားသော အခန်းတစ်ခုသို့ ရောက်သောအခါ မင်းကြီးသည် အလွန်နက်သော ချောက်ကြီးဟု မှတ်ထင်၍ ရှေ့သို့ ခြေမလှမ်းဝံ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ ဇောတိကက ချောက် မဟုတ်ကြောင်း လျှောက်တင်၍ ရှေ့ဆောင်သွားသော အခါတွင်မှ မင်းကြီးလည်း နောက်မှ လိုက်ဝံ့လေသည်။

အိမ်တွင်း၌ လှည့်လည်ပြသပြီးနောက် ဇောတိကသည် မင်းကြီးအား မနက်စာ ပွဲတော်ဆက်သသည်။ ဇောတိက၏ သလေးဆန်ထမင်းမှာ အလွန်အရသာ ရှိလှသဖြင့် မင်းကြီးမှာ စားမဝအောင်ဖြစ်နေသည်။

ဇောတိကကား မင်းကြီး အစားလွန်၍ တစ်စုံတစ်ခု ဖြစ်လျှင် သူ့မှာ တာဝန် ရှိကြောင်း စဉ်းစားမိသည်။ ထို့ကြောင့် "အရှင်မင်းကြီး၊ မျှတရုံ သုံးဆောင်တော်မူပါ" ဟု သတိပေး လျှောက်တင်သည်။ ထိုအခါ မင်းကြီးသည် မချင့်မရဲဖြင့်ပင် ထမင်းပွဲကို မျက်နှာလွှဲလိုက်ရလေသည်။

မင်းကြီးသည် နံနက်စာသုံးဆောင်ပြီး အာလာပ သလ္လာပ စကားပြောဆိုလျက် ချမ်းသာစွာ နေထိုင်သည်။ ထိုအခါ သူဌေးကတော် သတုလကာယိက အနီး၌ ထိုင်လျက် မင်းကြီးအား ယပ်ခတ်ပေးနေသည်။ ယင်းသို့ ယပ်ခတ်နေစဉ် မင်းကြီး၏ ဖောင်းတော်မှ လွင့်လာသော အနံ့က သူမ၏ မျက်စိကို ခတ်မိသဖြင့် မျက်ရည်များ ယိုစီးလာသည်။ မင်းကြီးသည် ထိုအခြင်းအရာကို မြင်လျှင် ဇောတိကအား ဤသို့ မိန့်ကြားလေသည်။

"အချင်း ဇောတိက၊ သင့်ဇနီးသည် သင်တို့စည်းစိမ်ကို ငါလုယူလိမ့်မည် ဟူ၍ စိုးရိမ်နေဟန်ရှိ၏"

"အရှင်မင်းကြီး၊ ဤသို့မဟုတ်ပါ၊ ကျွန်ုပ်၏ ဇနီးသည်မှာ ဆီမီးရောင်ကို မမြင်ဘူးဘဲ ပတ္တမြားရောင်ဖြင့်သာ အမြဲနေထိုင်သူ ဖြစ်ပါသည်။ ဆီမီးရောင်ဖြင့် အရှင်မင်းကြီး၏ ကိုယ်မှ လွင့်လာသော အနံ့ကြောင့် သူမ၏ မျက်စိမှ မျက်ရည်ယိုခြင်း ဖြစ်ပါသည်"

ထို့နောက် ဇောတိကသည် "အရှင်မင်းကြီး၊ ယနေ့မှစ၍ အရှင်မင်းကြီးသည် ပတ္တမြားရောင်ဖြင့်သာ နေတော်မူပါ" ဟု လျှောက်တင်ပြီး သခွားသီးခန့် ရှိသော ပတ္တမြားလုံးကို ဆက်သလိုက်သည်။

ဗိမ္ဗိသာရ မင်းကြီးလည်း "ငါ့မိတ်ဆွေ ဇောတိကရဲ့ စည်းစိမ်ကား ကြီးကျယ်လှပါပေတယ်" ဟု ချီးကျူးပြီး နန်းတော်သို့ ပြန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓမြတ်စွာ ကြွရောက်လာသောအခါ ဇောတိကသူဌေးသည် ကျောင်းတော်သို့ သွား၍ တရားနာယူသည်။ ဉပါသကာအဖြစ် ခံယူ၍ အလှူ ပေးခြင်း၊ သီလ ဆောက်တည်ခြင်းများကိုလည်း ပြုလုပ်သည်။

ထို့နောက် နှစ်ပေါင်း နှစ်ဆယ်ခန့်ကြာသောအခါ ဗိမ္ဗိသာရမင်းကြီးသည် သားတော် အဇာတသတ်မင်းသား လုပ်ကြံသဖြင့် နတ်ရွာစံသည်။ အဇာတသတ် မင်းသား နန်းတက်လာသည်။ ထိုမင်းသားကား ဇောတိကအိမ်သို့ ဗိမ္ဗိသာရမင်းကြီး ကြွရောက် ကြည့်ရှုစဉ်အခါက ခမည်းတော်နှင့်အတူ လိုက်ပါခဲ့သည်။ ထိုစဉ်ကပင် သူသည် "ငါ့ခမည်းတော်သည် လွန်စွာ ညံ့ဖျင်း၏၊ ငါသာ ဘုရင်ဖြစ်ရင် ဒီသူဌေးရဲ့ စည်းစိမ်ကို လုယူမည်" ဟူ၍ ကြံလေသည်။

ဘုရင်အဖြစ်သို့ ရောက်လာသောအခါ အဇာတသတ်သည် မင်းသား ဘဝက အကြံအစည်ကို အကောင်အထည်ဖော်ရန် အားထုတ်လေသည်။ တစ်နေ့သ၌ သူသည် ရဲမက်စစ်သည် မြောက်မြားစွာနှင့်အတူ ဇောတိက၏ စည်းစိမ်ကို လုယူရန် နန်းတော် မှ ထွက်ခဲ့လေသည်။ ဇောတိက၏ နေအိမ်သို့ရောက်လျှင် စစ်သည်များကို လေးဘက် လေးတန်မှ ဝိုင်းရံပိတ်ဆို့စေပြီး သူကိုယ်တိုင် အိမ်ထဲသို့ ဝင်ရန် ကြိုးစားလေသည်။

သို့သော် ထိုစဉ်မှာပင် မင်းနှင့်တကွ ရဲမက်စစ်သည် အားလုံးထိတ်လန့် တုန်လှုပ်ကာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။ အကြောင်းကား စစ်အင်္ဂါလေးပါး နှင့် ပြည့်စုံသော စစ်တပ်ကြီးတစ်ခုက သူတို့ရှေ့မှ ဆီးကာနေသည်ကို တွေ့မြင်ရ သောကြောင့် ဖြစ်လေသည်။

အမှန်စင်စစ် ထိုစစ်တပ်ကြီးမှာ ဇောတိက၏ ပတ္တမြား တံတိုင်း၌ သူတို့အရိပ် များ ထင်ဟပ်နေခြင်းသာ ဖြစ်၏။ အဇာတသတ်နှင့် သူ့စစ်သည်တို့မှာ ဇောတိက၏ ဘုန်းအရှိန်ကို နဂိုကပင် လန့်နေကြသူများ ဖြစ်၏။ ဘုရင်ဖြစ်လျက်နှင့် တိုင်းသူ ပြည်သားတစ်ဦး၏ စည်းစိမ်ကို လုယူခြင်းမှာ မတရားသော အလုပ်ဖြစ်ကြောင်းလည်း မှူးကြီးမတ်ရာ သေနာပတိများက ကောင်းစွာ သဘောပေါက်နေကြသည်။ ဒေဝဒတ် နှင့် ပေါင်းမိနေသော အဇာတသတ်မင်းမှာမူ မိုက်စိတ် မွန်နေချိန် ဖြစ်၍ မည်သူ့ စကားကိုမျှ နားမထောင်ဘဲ ထင်ရာစိုင်းခဲ့ခြင်း ဖြစ်လေသည်။

တံတိုင်းတွင် အရိပ် ထင်နေသော စစ်တပ်ကြီးကို မြင်လျှင် အဇာတသတ် မင်း၏စစ်သည်တို့သည် ရှေ့မတိုးဝံ့တော့ဘဲ ခပ်လှမ်းလှမ်းသို့ ဆုတ်ခွာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် တံခါးမုစ်၌စောင့်သော နတ်ဘီလူးက ကြောက်မက်ဖွယ်သော အသွင်ဖြင့် ထွက်လာပြီး ခြိမ်းခြောက်လေရာ မင်းနှင့်တကွ စစ်သည် အားလုံး ကြောက်လန့်စွာ ဆုတ်ခွာ ထွက်ပြေးကြလေသည်။

မြင်းစီး၍ ဆုတ်ခွာလာသော အဇာတသတ်မင်းသည် လမ်းတွင် သူ့စစ်သည်များနှင့် ကွဲသွားပြီး ဝေဠုဝန် ကျောင်းတော်သို့ တစ်ကိုယ်တည်း ရောက်သွားလေသည်။ ထိုနေ့တွင် ဇောတိကသူဌေးသည်လည်း နံနက်စောစောကပင် အိမ်မှ ထွက်ခဲ့ပြီး ကျောင်းတော်၌ ဥပုသ်စောင့်၊ တရားနာနေသည်။ ဇောတိကသည် ကျောင်းတော်အတွင်းသို့ ဝင်လာသော မင်းကြီးကို မြင်လျှင် ခရီးဦးကြိုပြု၍ အရိုအသေ ပေးလေသည်။ ထိုအခါ မင်းကြီးက ဇောတိကအား ဤသို့ အပြစ်ဆိုလေသည်။

"အချင်း ဇောတိက၊ သင်သည် ကျေးကျွန်တို့ကို ငါနှင့် စစ်ထိုးရန် စီစဉ်မှာထားခဲ့ပြီး ဤကျောင်းတော်၌ ရှောင်ရှား နေဘိသလော"

"အရှင်မင်းကြီး၊ ဤအကြောင်းကို ကျွန်ုပ် လုံးဝမသိပါ၊ အရှင်မင်းကြီးသည် အဘယ်ကြောင့် ကျွန်ုပ်နှင့် စစ်ထိုးလိုပါသနည်း"

"သင်၏ နေအိမ်ဗိမာန်ကို လိုသောကြောင့်ပင် ဖြစ်ပေသည်"

"အရှင်မင်းကြီး၏၊ ကျွန်ုပ် နေအိမ်ကို အရှင်မင်းကြီး ကဲ့သို့သော မင်းပေါင်း တစ်ရာ လာရောက် တိုက်သော်လည်း ရမည် မဟုတ်ပါ"

ဤစကားကို ကြားလျှင် အဇာတသတ်မင်း လွန်စွာ စိတ်ဆိုးသွားသည်။ သူ၏ တန်ခိုးအာဏာကို စော်ကားခြင်း ဖြစ်သည်ဟု ယူဆလျက် မခံမရပ်နိုင်ဖြစ်သွားလေသည်။ ထိုအခါ ဇောတိက က လက်တွေ့ ပြလိုသဖြင့် "အရှင်မင်းကြီး မယုံလျှင် ယခု ကျွန်ုပ် လက်မှာ ဝတ်ထားတဲ့ လက်စွပ်များကို ချွတ်ယူစမ်းပါ" ဟု လျှောက်တင်သည်။

အဇာတသတ်မင်းကား ထိုင်၍ ခုန်လျှင် (၁၈)တောင်၊ ရပ်၍ ခုန်လျှင် အတောင် (၈၀) မြင့်အောင် ခုန်နိုင်သည်။ ဤမျှ ခွန်အားဗလကောင်းသော မင်းကြီးသည် ပြင်းပြသော မခံချင်စိတ်ဖြင့် အစွမ်းကုန် အားထုတ်၍ ဇောတိက၏ လက်စွပ်တို့ကို ချွတ်ယူရန် ကြိုးစားသည်။ ချွေးများပင် တပြိုက်ပြိုက် ကျလာသည်။ သို့သော် လက်စွပ်တို့မှာ တစ်ကွင်းမျှ ကျွတ်မလာပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဓောတိကသည် "အရှင်မင်းကြီး၊ မင်းကြီး၏ ဝတ်လဲတော်ကို ဖြန့်ပါလော" ဟု ဆို၍ သူ့လက်ချောင်းများကို အောက်စိုက်လိုက်ရာ အကွင်း နှစ်ဆယ်သော လက်စွပ်တို့သည် အလိုလို ကျွတ်ကျလာကြလေသည်။ အဓာတသတ် လည်း မည်သို့မျှ ပြန်မပြောနိုင်တော့ဘဲ အံ့သြ၍ နေလေသည်။

ဓောတိက သူဌေးသည်လည်း အဓာတသတ်မင်း၏ အပြုအမူကြောင့် သံဝေဂ ဉာဏ် ဖြစ်ပေါ်လာသဖြင့် သူ့ကို ရဟန်းပြုခွင့်ပေးရန် အဓာတသတ်မင်းထံ၌ တောင်း ပန်သည်။ "သူ ရဟန်းပြုသွားရင်တော့ သူ ပစ္စည်းတွေ ငါ ရမှာပဲ" ဟူသော အတွေးဖြင့် အဓာတသတ်မင်းက ချက်ချင်း ခွင့်ပြုလိုက်သည်။ ဓောတိကသည် သူ့စည်းစိမ်များကို ရက်ရောစွာ စွန့်ထားခဲ့ပြီး ဗုဒ္ဓမြတ်စွာထံ၌ ရဟန်းပြုလိုက်သည်။ ရဟန်းပြုပြီး မကြာမီတွင် ဝိပဿနာကို အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်သွား သည်။ ဓောတိက အရဟတ္တဖိုလ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်ကြီးနှင့်တကွ သူ့ပစ္စည်း အားလုံး အလိုလို ပျောက်ကွယ်သွားသည်။ ဇနီးဖြစ်သူ 'သတုလကာယီ' ကိုလည်း နတ်တို့က ဥတ္တရကုရုကျွန်းသို့ ပြန်ပို့လိုက် ကြလေသည်။

(၅)

တစ်နေ့တွင် အရှင်ဓောတိကမထေရ်ကို သီတင်းသုံးဖော် ရဟန်းတို့က "ငါ့ရှင် ဓောတိက၊ လူ့ဘဝတုန်းက သင်နေခဲ့ရတဲ့ ဘုံခုနစ်ဆင့် ပြာသာဒ်ဆောင်ကြီးနှင့် ဇနီး ဖြစ်သူ သတုလကာယီတို့ အပေါ်မှာ တပ်မက် စွဲလမ်းမှု မရှိတော့ဘူးလား" ဟု မေးကြသည်။ ဓောတိကမထေရ်က "တပည့်တော်မှာ ဒီလို စွဲလမ်းတပ်မက်မှု မရှိတော့ပါဘူး" ဟု ဖြေသည်။ ရဟန်းတို့က ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာက ဓောတိကမထေရ်မှာ တဏှာ မရှိတော့ကြောင်း မိန့်ကြားပြီး ...

"အကြင်သူသည် ဤလောက၌ တပ်မက်မှု တဏှာကိုပယ်ပြီး အိမ်ရာထောင် မှုမရှိသော ရဟန်းအဖြစ်သို့ ဝင်ရောက်၏။ တဏှာနှင့်ဘဝ ကုန်ခမ်းပြီးသောထိုသူ ကို သူတော်စင် ဗြာဟ္မဏဟု ငါဆို၏" ဟူသော ဒေသနာကို ဟောကြားတော်မူ လေသည်။

(၂၆။ ဗြာဟ္မဏဝဂ်၊ ၃၄-ဓောတိကဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# အဆိပ်ပြင်းသောမြွေ

အရှေ့လောကဓာတ်မှ နေရောင်ခြည်ထွက်ပြူစ နံနက်စောစောအချိန်ကာလဝယ် သာဝတ္ထိမြို့တော်၏ တောင်ဘက် တစ်ခုသော လယ်ကွင်းပြင်၌ လယ်သမားကြီးတစ်ယောက် လယ်ထွန်လျက်ရှိသည်။ သူသည် မိုးဦးလေဦး ကျလာပြီဖြစ်၍ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် အိပ်ရာမှ စောစောစီးစီးထကာ အားကြိုးမာန်တက် ထွန်ယက်နေခြင်း ဖြစ်လေသည်။

ထိုအချိန်တွင် လယ်ကန်သင်းတစ်ဖက် ခပ်လှမ်းလှမ်းအရပ်မှ ရဟန်းတော်နှစ်ပါး ကြွလာသည်ကို တွေ့မြင်ရလေသည်။ လယ်သမားကြီးသည် လယ်ထွန်မှုကို ခေတ္တရပ်တန့်၍ ကြည့်ရှုနေစဉ် ရဟန်းတော်များသည် သူ့အနီးသို့ ရောက်လာကြသည်။ အနီးကပ်၍ ကြည့်ရှုသောအခါ ဗုဒ္ဓရှင်တော်မြတ်နှင့် ရှင်အာနန္ဒာတို့ ခရီးကြွချီလာခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

လယ်သမားကြီးသည် ဗုဒ္ဓအား မကြာခဏ ဖူးမြင်ဘူး၏။ ဗုဒ္ဓတရားကိုလည်း အတန်အသင့် ကြားနာဖူးသူဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓအား လေးစားကြည်ညိုမှု ရှိသူဖြစ်သည်နှင့်အညီ လယ်ကန်သင်းပေါ်သို့ တက်လာပြီး ဗုဒ္ဓအား ရိုသေစွာ ရှိခိုးကန်တော့လေသည်။ ဗုဒ္ဓသည် လယ်သမားကြီးအား တစ်စုံတစ်ရာ ပြောဆိုမိန့်ကြားခြင်းမပြုဘဲ ရှေ့သို့ ခရီးဆက်၍ ကြွတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းသို့ ရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်က လမ်းဘေးတစ်နေရာသို့ လက်ညှိုးညွှန်တော်မူလျက် "အာနန္ဒာ၊ အဆိပ်ပြင်းသော မြွေကို မြင်ရဲ့လား" ဟု မိန့်ကြားတော်မူသည်။ ရှင်အာနန္ဒာကလည်း "မြင်ပါသည်ဘုရား" ဟု လျှောက်ကြားလေသည်။

ထိုစကားကို လယ်သမားကြီးကြားလျှင် လမ်းခရီး၌ရှိနေသော မြွေကို ဖယ်ရှားရှင်းလင်းပစ်ရန်အတွက် ဗုဒ္ဓ လက်ညှိုးညွှန်ခဲ့သောနေရာသို့ သွားရောက် ကြည့်ရှုသည်။ ထိုနေရာသို့ ရောက်သောအခါ မြွေကိုမတွေ့ရဘဲ အထုပ်တစ်ခုကိုသာ တွေ့ရသောကြောင့် ဖွင့်လှစ်ကြည့်ရှုရာ များစွာ အံ့အားသင့်သွားလေ၏။ အကြောင်းမူကား အထုပ်ထဲ၌ မြောက်မြားစွာသော ငွေအသပြာတို့ကို တွေ့ရှိရသောကြောင့်ဖြစ်သည်။ ဤမျှ များပြားသော ငွေအသပြာတို့ကို သူ့တစ်သက်တာ၌ မကိုင်တွယ်ဖူးသဖြင့် ဝမ်းသာလုံး ဆို့သွားသည်။ "အဆိပ်ပြင်းသောမြွေ" ဟူ၍ ဗုဒ္ဓ မိန့်ကြားခဲ့သော စကားကိုပင် မေ့လျော့သွားလေသည်။ အမှန်စင်စစ် ထိုငွေထုပ်ကား သူခိုးများ ကျကျန်ရစ်ခဲ့သည့် ပစ္စည်းဖြစ်လေသည်။

လယ်သမားသည် ငွေထုပ်ကို ယူလာခဲ့ပြီး သူ လယ်ထွန်သော နေရာအနီးရှိ သစ်ပင်အောက်၌ ဝှက်ထားလိုက်သည်။ ထို့နောက် ဘာမျှမဖြစ်သကဲ့သို့ လယ်ကိုဆက်၍ ထွန်နေသည်။ သူ့အကြံကား အိမ်ပြန်သည့်အခါကျမှ ငွေထုပ်ကို မသိမသာ ယူသွားရန် ဖြစ်ပေသည်။

ထိုအချိန်တွင် သာဝတ္ထိမြို့တော်တွင်းရှိ သူဌေးကြီး တစ်ဦး၏ နေအိမ်၌ လူအများ ယောက်ယက်ခတ်လျက် ရှိကြလေသည်။ အကြောင်းမှာ လွန်ခဲ့သော ညက အဖိုးတန် ရွှေငွေရတနာတို့ကို လူဆိုးများ ဖောက်ထွင်းခိုးယူသွားကြသောကြောင့် ဖြစ်ပေသည်။ သူဌေးကြီးသည် ဤအကြောင်းကို နံနက်လင်းမှပင် သိရှိ၍ ကျွေးကျွန် အစောင့်အရှောက်တို့အား သူခိုးနောက်သို့ ခြေရာခံလိုက်ကြရန် စေခိုင်းလေသည်။ ကျွေးကျွန်တို့သည် မင်းချင်းယောကျ်ားတို့နှင့်အတူ ခြေရာခံ၍ လိုက်ကြသည်။ သူခိုးများသည် မြို့တော်၏ တောင်ဘက်မြို့ရိုးရှိ ရေပြွန်ပေါက်မှ ထွက်ပြေးသွားကြောင်း တွေ့ရှိရလေသည်။

မြို့ပြင်ဘက်အထိ ဆက်၍လိုက်ကြသောအခါ လယ်ကွင်းအနီး၌ သူခိုးများ ပစ္စည်းခွဲဝေသည့် နေရာကိုလည်းကောင်း၊ လယ်သမားကြီး၏ ခြေရာကိုလည်းကောင်း တွေ့ရှိကြသည်။ နောက်ဆုံး၌ လယ်သမားကြီး ဝှက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ငွေထုပ်ကိုပါ တွေ့ရှိ၍ လယ်သမားကြီးကို ဖမ်းဆီးကြလေသည်။ မင်းချင်းယောကျ်ားတို့သည် လယ်သမားကြီးအား သူခိုးဟု စွပ်စွဲ၍ မင်းထံသို့ ခေါ်ဆောင်သွားကြသည်။ ကောသလမင်းကြီးကလည်း ခိုးထုပ် ခိုးထည်ပါ တွေ့နေပြီဖြစ်၍ အထူးတလည် စစ်ဆေးခြင်း မပြုတော့ဘဲ မင်းချင်း ယောကျ်ားတို့၏ စကားကိုပင် အတည်ပြုကာ သေဒဏ်ချမှတ် လိုက်လေသည်။

ထိုအခါ ပါးကွက်အာဏာသားတို့က လယ်သမားကို လက်ပြန်ကြိုးတုပ်ကာ သုသာန်သို့ ခေါ်ဆောင်သွားကြ၏။ ဤသို့ သေဘေးနှင့် ရင်ဆိုင် ကြုံတွေ့ရသော အခါကျမှ လယ်သမားကြီးသည် ဗုဒ္ဓမြတ်စွာ မိန့်ကြားခဲ့သော စကားကို ပြန်ပြောင်း သတိရလာသည်။

"ငါသည် မိုက်မဲလှဘိ၏၊ ဗုဒ္ဓက 'အဆိပ်ပြင်းသောမြွေ' ဟု သတိပေး မိန့်ကြားပါလျက်နှင့် ဤငွေထုပ်ကို ကောက်ယူမိခဲ့ပေ၏"

ဤသို့လျှင် သူ့ကိုယ်ကို အပြစ်တင်၍မဆုံး ရှိလေသည်။

ပါးကွက် အာဏာသားတို့သည် လယ်သမားကြီးကို လမ်းတစ်လျှောက်လုံး မညှာမတာ ရိုက်နှက် နှိပ်စက်ကြသည်။ ဤသို့ ရိုက်နှက် နှိပ်စက်သော်လည်း လယ်သမားကြီးက တောင်းပန်ခြင်းမပြု။ "အဆိပ်ပြင်းသော မြွေ၊ အဆိပ်ပြင်းသော မြွေ" ဟူ၍သာ နှုတ်မှ ထပ်တလဲလဲ မြည်တမ်းနေလေသည်။ တစ်ခါတစ်ရံတွင်မူ "ဗုဒ္ဓ" "ရှင်အာနန္ဒာ" ဟူသော စကားလုံးများလည်း သူ့နှုတ်ဖျားမှ ထွက်ပေါ် လာလေသည်။

ဤသို့ ထူးထူးဆန်းဆန်း မြည်တမ်းသော စကားများကို ကြားရသောအခါ ပါးကွက် အာဏာသားတို့က "အဆိပ်ပြင်းသော မြွေဆိုတာ ဘာလဲ၊ ဗုဒ္ဓနှင့် ရှင်အာနန္ဒာ တို့က သင်နဲ့ ဘာဆိုင်သလဲ" စသည်ဖြင့် မေးမြန်းကြလေသည်။ သို့သော် လယ်သမားကြီးက အဖြေမပေး။ "ကောသလမင်းကြီးနဲ့တွေ့မှသာ ဒီအကြောင်းကို ငါပြောနိုင်မည်" ဟု ပြန်ပြောလေသည်။

သို့ဖြစ်၍ အာဏာသားတို့က လယ်သမားကြီးကို မင်းကြီးထံ ပြန်ခေါ်သွားကြသည်။ မင်းကြီးရှေ့သို့ ရောက်သောအခါ လယ်သမားက အကြောင်းစုံကို ထုတ်ဖော်လျှောက်တင်လေသည်။ ထိုအခါ မင်းကြီးက "သင်သည် လောက၌ အမြတ်ဆုံး ပုဂ္ဂိုလ်ကို သက်သေ ထူဘိ၏" ဟု ဆို၍ ဗုဒ္ဓရှင်တော်ထံသို့ လယ်သမားကို ခေါ်ဆောင်သွားလေသည်။ မင်းကြီး၏ လျှောက်ကြားချက်အရ ဗုဒ္ဓမြတ်စွာက အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှန်ကို ရှင်းလင်း မိန့်ကြားရာ မင်းကြီး သံသယ ရှင်းသွားလေသည်။ ထို့ကြောင့် လယ်သမားကို အပြစ်မှ လွှတ်ပေးလိုက်သည်။


ထို့နောက် ဗုဒ္ဓမြတ်စွာက လယ်သမားနှင့်တကွ ပင်းပရိသတ်အား ...

"အကြင်အမှုကို ပြုလုပ်ခြင်းကြောင့် နောင်တတစ်ဖန် ပူပန်ရ၏။ မျက်ရည် စက်လက် ငိုကြွေးလျက် ဆင်းရဲသော အကျိုးကို ခံစားရ၏။ ထိုအမှုကို ပြုခြင်းသည် မကောင်း" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ လယ်သမား သောတာပန် တည်လေသည်။

(၅။ ဗာလဝဂ်၊ ၈-ကဿကဥပါသက ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## သဒ္ဓါလွန်သူ

သာဝတ္ထိပြည်မှ ဝက္ကလိအမည်ရှိသော ဗြာဟ္မဏအနွယ်ဝင် လုလင်ပျိုတစ်ဦးသည် မြို့ထဲသို့ ဆွမ်းခံကြွလာသော ဗုဒ္ဓရှင်တော်ကို ဖူးတွေ့ရလျှင် အလွန်ပင်မြတ်နိုးကြည်ညိုလှသဖြင့် ဆွမ်းခံခြင်းကိစ္စ ပြီးစီး၍ ဗုဒ္ဓမြတ်စွာ ကျောင်းတော်သို့ ပြန်ကြွသောအခါ ကျောင်းတော်အထိ လိုက်ပါသွားလေသည်။

ရဟန်းများကမူ "ဤလုလင်သည် ဗုဒ္ဓမြတ်စွာအား အရေးကြီးသော ပြဿနာတစ်ရပ်ရပ်ကို မေးမြန်းလို၍ လိုက်လာခြင်းပေလော" ဟု ထင်နေကြသည်။ စင်စစ်အားဖြင့် ဝက္ကလိက ဤသို့ မဟုတ်။ ယောက်ျားမြတ်တို့၏ လက္ခဏာအပေါင်းနှင့် ပြည့်စုံလျက် တင့်တယ်မှု၏ အထွတ်အထိပ်သို့ ရောက်နေသော ဗုဒ္ဓမြတ်စွာ၏ ရုပ်အဆင်းတော်ကို ဖူးမြင်၍ မဝနိုင်အောင် ရှိနေသောကြောင့် ကျောင်းတော်အထိ လိုက်ပါခဲ့ခြင်းဖြစ်ပေသည်။

ကျောင်းတော်သို့ ရောက်သောအခါ၌လည်း ဝက္ကလိသည် ဗုဒ္ဓဟောကြားသော တရားစကား၌ စိတ်ပါဝင်စားခြင်း မရှိ။ ပြဿနာတစ်ရပ်ရပ်ကို မေးမြန်းခြင်းလည်း မပြု။ ဗုဒ္ဓ၏ မျက်နှာတော်ကိုသာ မမှိတ်မသုန်သော မျက်စိဖြင့် တစိမ့်စိမ့် ဖူးမြော်၍ နေလေသည်။

ဤသို့ဖြင့် ဝက္ကလိသည် ဗုဒ္ဓ မြတ်စွာအား မျက်စိအောက်မှ အပျောက်မခံလို။ ဗုဒ္ဓထံပါးမှ မခွဲမခွာလို ဖြစ်နေလေသည်။ ထို့ကြောင့် အိမ်သို့ပင် မပြန်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာထံ၌ ရဟန်း ပြုလိုက်လေသည်။ ရှင်ဝက္ကလိသည် ရဟန်း ဖြစ်လာသော အခါ၌လည်း ကမ္မဋ္ဌာန်းကိုလည်း အားမထုတ်၊ တရားဒေသနာ သင်ယူ လေ့ကျက် ခြင်းလည်း မပြုဘဲ ဗုဒ္ဓမြတ်စွာကိုသာ တစိမ့်စိမ့် ဖူးမြင်ကြည်ညို၍ နေလေသည်။

ဗုဒ္ဓမြတ်စွာကား ရှင်ဝက္ကလိ ဤကဲ့သို့ အချည်းနှီး နေသည်ကို နှစ်သက်တော် မမူ။ သို့သော် ယခုကဲ့သို့ အသိဉာဏ် နုနယ်သေးသော အချိန်တွင် တစ်စုံတစ်ရာ မိန့်ကြားရန် မသင့်သေး။ သဒ္ဓါစိတ် ထက်သန်လွန်းသူတို့၏ စိတ်ဓာတ်သည် ဖူးပွင့်စ ပန်းကလေးများပမာ လွန်စွာ နုနယ်သိမ်မွေ့၏။ အနည်းငယ်သော ဆန့်ကျင် ဘက်နှင့် ထိတွေ့ရုံမျှနှင့် ကြေမွ ပျက်စီးတတ်၏။ အသိဉာဏ် ရင့်ကျက်လာသော အချိန်အထိ စောင့်ဆိုင်းပြီးမှ ဝက္ကလိ၏ အစွဲကို ချွေချွတ်တော့မည်။ ဗုဒ္ဓက ဤသို့ စဉ်းစားတော်မူခဲ့လေသည်။

ဤသို့ဖြင့် အချိန်သာ တရွေ့ရွေ့ ကုန်သွားသည်။ ရှင်ဝက္ကလိ၏ အပြုအမူ တို့ကား ထူးခြားပြောင်းလဲ၍ မလာချေ။ ဗုဒ္ဓ၏အဆင်းတော်ကို ဖူးမြော် ကြည်ညို ခြင်းဖြင့်သာ ပျော်မွေ့၍ နေလေသည်။ သို့ရာတွင် ဝက္ကလိသည် ရဟန်းဘဝ၌ ရက်, လ အတော်ကြာခဲ့ပြီး ဖြစ်၍ နူးညံ့ပျော့ပျောင်းစွာ ပြောဆိုဆုံးမမှုကိုမူ ခံယူနိုင်သောအခြေသို့ ရောက်လာပြီဖြစ်ကြောင်း ဗုဒ္ဓက ပိုင်းခြား သိမြင်တော်မူသည်။

သို့ဖြစ်၍ ရှင်ဝက္ကလိအား ဆုံးမစကား မိန့်ကြားတော်မူလေသည်။

"ချစ်သား ဝက္ကလိ၊ အပုပ်ကောင်ဖြစ်သော ဤခန္ဓာကိုယ်ကို ကြည့်ရှုနေခြင်း ဖြင့် အကျိုးမရှိ၊ တရားကိုမြင်အောင်ရှုမှသာ ငါဘုရားကို မြင်သည် မည်၏၊ တရားကို မမြင်သူသည် ငါဘုရားကိုလည်း မျက်ကွယ်ပြုရာ ရောက်ပေ၏"

ဗုဒ္ဓသည် ရှင်ဝက္ကလိအား ဤသို့သော စကားဖြင့် အကြိမ်ကြိမ် သတိပေး ဆုံးမတော်မူသည်။ သို့သော် ရှင်ဝက္ကလိအား အသိတရား မသက်ဝင်ခဲ့။ သူ၏ ထက်သန်လွန်းသော သဒ္ဓါစိတ်ကိုလည်း ဖြတ်တောက် ချိုးနှိမ်ပစ်ရန် မစွမ်းနိုင်ခဲ့။ ထို့ကြောင့် ဗုဒ္ဓက အကြိမ်ကြိမ် သတိပေး ဆုံးမနေသည့်ကြားမှာပင် ဗုဒ္ဓရှင်တော် မြတ်ကို စွန့်ခွာသွားရန် မစွမ်းနိုင်ဘဲ ဖြစ်၍နေလေသည်။

ထိုစဉ်အတွင်း ဝါဆိုရန် အချိန် နီးကပ်လာသဖြင့် ဗုဒ္ဓသည် သာဝတ္ထိပြည်မှ ထွက်ခွာ၍ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူသည်။ ရှင်ဝက္ကလိကလည်း ဗုဒ္ဓနှင့် အတူပင် လိုက်ပါလာသည်။ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာအား ဝါဆိုမည့်နေ့တွင် ...

စယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝက္ကလိကို သိမ်မွေ့သောနည်းဖြင့် ဆုံးမ၍ ရမည်မဟုတ်၊ မာမာတင်းတင်း ပြောဆိုမှသာ သဒ္ဓါစိတ် လျော့ပါး၍ အသိတရား ဝင်လာပေမည်" ဟု အကြံ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ရှင်ဝက္ကလိအား ဤသို့ မိန့်ကြားတော်မူလေသည်။

"ဝက္ကလိ၊ သင်သည် ငါဘုရား အပါးမှ ထွက်သွားတော့"

"ဝက္ကလိ၊ သင်သည် ငါဘုရား အပါးမှ ထွက်သွားတော့"

ပြတ်ပြတ်သားသား မိန့်ကြားသော ဗုဒ္ဓ၏ စကားကို ရှင်ဝက္ကလိ မလွန်ဆန်ဝံ့တော့ချေ။ ထို့ကြောင့် မကြည်သောမျက်နှာ၊ မသာသောနှလုံးဖြင့် ဗုဒ္ဓထံပါးမှ ထွက်ခွာခဲ့ရလေသည်။

"ဗုဒ္ဓက ငါ့ကို နှင်ထုတ်လိုက်လေပြီ၊ ယခု ငါ့မှာ အားကိုးရာ ကင်းမဲ့ခဲ့လေပြီ"

ဤသို့သော စိုးရိမ်ပူပန်မှုဖြင့် ရှင်ဝက္ကလိခမျာ ဆောက်တည်ရာမရ ဖြစ်သွားလေသည်။ ဗုဒ္ဓကို ပုဂ္ဂိုလ်စွဲဖြင့် ကြည်ညိုသူဖြစ်၍ အားကိုးရာ အစစ်ဖြစ်သော တရားဓမ္မကို ရှာကြံအားထုတ်ရန် သူ စိတ်ကူးမထည့်မိချေ။

"တရားကိုမြင်အောင် ရှုနိုင်မှသာ ငါဘုရားကိုမြင်သည် မည်၏"

"တရားကို မမြင်သူသည် ငါဘုရားကိုလည်း မျက်ကွယ်ပြုရာ ရောက်ပေ၏"

ပုဂ္ဂိုလ်စွဲကို စွန့်ခွာ၍ သစ္စာလေးပါး အမှန်တရားကို သိမြင်အောင် အားထုတ်စေလိုသော ရည်ရွယ်ချက်ဖြင့် မိန့်ကြားခဲ့သော ဗုဒ္ဓ၏ ဆုံးမ စကားကို ယခုတိုင် သူ သဘောမပေါက်သေးချေ။ ထို့ကြောင့် တစ်နေရာတည်း၌ အတည်တကျ မနေနိုင်ဘဲ ရောက်ရာပေါက်ရာကို လျှောက်၍သွားနေသည်။ သုံးလတာမျှသော ဝါတွင်းကာလကို အချည်းနှီးဖြင့် ကုန်လွန်စေခဲ့လေသည်။

နောက်ဆုံးတွင်မူ ရှင်ဝက္ကလိသည် စိတ်ပျက်ပျက်ဖြင့် တောင်ချောက်ကြားထဲသို့ လှိမ့်ချပြီး ဘဝကို အဆုံးသတ်ရန်ကြံလျက် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်လာလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဝေဠုဝန်ကျောင်း၌ နေတော်မူလျက်ဖြင့်ပင် ရှင်ဝက္ကလိ၏အကြံကို သိမြင်တော်မူသည်။ ထို့ကြောင့် ရောင်ခြည်တော် ခြောက်သွယ်ကို ဖြန့်လွှတ်လျက် ကိုယ်တော်မြတ်ကို ထင်ရှားပြတော်မူသည်။ ဗုဒ္ဓမြတ်စွာကို



www.burmeseclassic.com

www.burmeseclassic.com



ဖူးမြင်လိုက်ရသောခဏ၌ပင် ရှင်ဝက္ကလိ၏ စိတ်သောကများ ကင်းပျောက်သွားလေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် ခြောက်သွေ့နေသောရေကန်ကို ရေအလျှံဖြင့် ပြည့်စေသကဲ့သို့ ရှင်ဝက္ကလိအား နှစ်သက်ဝမ်းမြောက်မှု ကြီးစွာဖြစ်စေရန် ရည်ရွယ်တော်မူလျက် ...

"မြတ်စွာဘုရား သာသနာ၌ ကြည်ညိုသည်ဖြစ်၍ များသော ဝမ်းမြောက်မှု ရှိသောရဟန်းသည် သင်္ခါရတရားများငြိမ်းရာ အေးချမ်းသော နိဗ္ဗာန်ချမ်းသာကို ရနိုင်ပေရာ၏" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။

"ဝက္ကလိ ... ငါ့ဆီလာခဲ့၊ ဝက္ကလိ ... ငါ့ဆီလာခဲ့" ဟူ၍လည်း လက်တော်ကို ဆန့်တားကာ လှမ်းခေါ်တော်မူလိုက်သည်။ ထိုအခါ ရှင်ဝက္ကလိသည် ဝမ်းမြောက်နှစ်သက်မှု ပီတိအဟုန်ဖြင့် ကောင်းကင်သို့ မြောက်တက်လာပြီး ကောင်းကင်၌ တည်စဉ်မှာပင် သင်္ခါရတရားတို့ကို ဆင်ခြင်သုံးသပ်၍ ပဋိသမ္ဘိဒါ ဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သွားလေသည်။ ထို့နောက် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ကောင်းကင်မှဆင်းပြီး ဗုဒ္ဓမြတ်စွာအား ရှိသေစွာ ဦးခိုက်ရှိခိုးလေသည်။

ဤအရှင်ဝက္ကလိ မထေရ်ကား သဒ္ဓါလွန်ကဲသော ပုဂ္ဂိုလ်ဖြစ်၏။ အခြားသူများမှာ သဒ္ဓါတရား အားနည်းနေ၍ သဒ္ဓါတရားတိုးပွားအောင် လုပ်ကြသည်။ အရှင်ဝက္ကလိမှာမူ သဒ္ဓါတရားလွန်ကဲနေ၍ သဒ္ဓါတရားလျော့သွားအောင်ပင် လုပ်ယူရလေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ထူးချွန်သော တပည့်သာဝကတို့အား ဧတဒဂ် ဘွဲ့ထူးများဖြင့် အသီးသီး ချီးမြှင့်သောအခါ အရှင်ဝက္ကလိမထေရ်အား လွန်ကဲသော သဒ္ဓါရှိသော ပုဂ္ဂိုလ်အဖြစ်ဖြင့် 'သဒ္ဓါဓိမုတ္တ ဧတဒဂ်' ဘွဲ့ထူး ပေးတော်မူလေသည်။

(၂၅။ ဘိက္ခုဝဂ်၊ ၁၁-ဝက္ကလိတ္ထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကြမ်း မာန်လျော့

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ပိဋကတ် သုံးပုံကို နှုတ်ငုံဆောင်သည့် ရှင်ပေါဋ္ဌိလ မည်သော မထေရ်တစ်ပါး ရှိသည်။ ထိုမထေရ်သည် ငါးရာသော ရဟန်းတို့အား ပိဋကတ် သုံးပုံကို ပို့ချနေသည်။ ကမ္မဋ္ဌာန်းအလုပ်ကိုမူ အားထုတ်ခြင်း မပြုချေ။ သူ့ထံ၌ ပိဋကတ်သင်ယူခဲ့သော ရဟန်းများစွာတို့သည် ကမ္မဋ္ဌာန်းကို အားထုတ်ကြသဖြင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်သွားကြသည်။ ရှင်ပေါဋ္ဌိလကား ထိုရဟန်းများကို မြင်သော်လည်း သတိသံဝေဂမရ။ "ငါသည် ပိဋကတ် သုံးပုံကို ဆောင်နိုင်သူတည်း" ဟူသော မာနဖြင့် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်ကူးမျှမထည့်ဘဲ ပိဋကတ်ကိုသာ ပို့ချ၍ နေလေသည်။

ဗုဒ္ဓမြတ်စွာသည် ဤအကြောင်းကို သိမြင်တော်မူသဖြင့် ရှင်ပေါဋ္ဌိလနှင့် တွေ့သောအခါ "အချည်းနှီးသော ပေါဋ္ဌိလ၊ အချည်းနှီးသော ပေါဋ္ဌိလ" ဟု ခေါ်တော်မူလေသည်။ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ပြီး ရဟန်းငါးရာတို့အား ပိဋကတ် ပို့ချနေသော သူ့အား ဗုဒ္ဓက "အချည်းနှီးသော ပေါဋ္ဌိလ" ဟု ခေါ်သည်ကို ကြားရသောအခါ ရှင်ပေါဋ္ဌိလ ထိတ်လန့်လာသည်။ ဈာန် မဂ်ဖိုလ်တရားများကို မရသေးသောကြောင့် ဗုဒ္ဓက ဤသို့ခေါ်ဝေါ်ခြင်း ဖြစ်ကြောင်းလည်း တွေးမိလာသည်။

ထို့ကြောင့် ပိဋကတ် ပို့ချခြင်း အလုပ်ကို စွန့်ပြီး ကမ္မဋ္ဌာန်းတရားကို အားထုတ်ရန် ဆုံးဖြတ်လိုက်သည်။ ယင်းသို့ဆုံးဖြတ်ပြီး နောက်တစ်နေ့ နံနက်စောစောတွင်



www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်ကျောင်းတော်မှ မထင်ရှားသော ရဟန်းတစ်ပါးအသွင်ဖြင့် ထွက်ခဲ့ရာ ယူဇနာ(၁၂၀) ဝေးသော တောကျောင်းတစ်ခုသို့ ရောက်သွားလေသည်။ ထိုကျောင်း၌ သုံးကျိပ်သော အရိယာရဟန်းများ နေထိုင်လျက်ရှိရာ ရှင်ပေါဋ္ဌိလက မထေရ်ကြီးဖြစ်သော ရဟန်းထံ ချဉ်းကပ်၍ တောင်းပန်လေသည်။

"အရှင်ဘုရားသည် တပည့်တော်၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါ၊ တပည့်တော်အား ကမ္မဋ္ဌာန်း ပေးတော်မူပါ"

"ငါ့ရှင်၊ သင်သည် ပိဋကတ်သုံးပုံကိုပင် နှုတ်ငုံဆောင်နိုင်သူ ဖြစ်ပါသည်၊ ထို့ကြောင့် တပည့်တော်တို့က သင့်အား တစ်စုံတစ်ရာ ညွှန်ကြားပြသရန်မရှိပါ၊ သင့်ကိုသာ တပည့်တော်တို့က မှီခို အားထားရပါမည်"

မထေရ်ကြီးက ဤသို့ ပြောဆိုလေသည်။ ထိုအခါ ရှင်ပေါဋ္ဌိလက ဒုတိယမြောက် မထေရ်ထံသို့ ချဉ်းကပ်၍ ရှေးနည်းတူ တောင်းပန်သည်။ ထိုမထေရ်ကလည်း အလားတူပင် ငြင်းဆိုသဖြင့် နောက်တစ်ပါးထံသို့ သွားပြန်သည်။ ဤနည်းအားဖြင့် ရှင်ပေါဋ္ဌိလသည် နောက်ဆုံးတွင် အငယ်ဆုံးဖြစ်သော သာမဏေကလေးထံသို့ ရောက်သွားလေသည်။

အသက်အားဖြင့် ခုနစ်နှစ်အရွယ်မျှသာရှိသော သာမဏေလေးမှာ ရှင်ပေါဋ္ဌိလ ရောက်သွားချိန်၌ သင်္ကန်းချုပ်နေသည်။ ရှင်ပေါဋ္ဌိလက ထိုသာမဏေကလေးအား လက်အုပ်ချီ၍ "ငါ့ရှင်၊ သင်သည် ငါ၏ မှီခိုအားထားရာ ဖြစ်ပါ" ဟု ဆိုလေသည်။

"အရှင်ဘုရား၊ အရှင်သည် တပည့်တော်ထက် အသက် သိက္ခာအားဖြင့် များစွာကြီးပါသည်။ အကြားအမြင် ဗဟုသုတလည်း အလွန်များပါသည်။ ထို့ကြောင့် တပည့်တော်ကသာ အရှင့်ကို မှီခိုအားထားရပါမည်၊ အရှင့်ကိုမူ တပည့်တော်က တစ်စုံတစ်ရာ ညွှန်ကြား ပြသရန် မရှိပါ"

ယင်းသို့ သာမဏေက ဆိုသော်လည်း ရှင်ပေါဋ္ဌိလက အလျှော့မပေးဘဲ ထပ်၍တောင်းပန်သည်။ ထိုအခါ သာမဏေက "အရှင်ဘုရားတပည့်တော် ညွှန်ကြားသည့်အတိုင်း လိုက်နာနိုင်မည်ဆိုလျှင် တပည့်တော် ကမ္မဋ္ဌာန်း ပေးပါမည်" ဟု လျှောက်တင်လေသည်။ ရှင်ပေါဋ္ဌိလကလည်း "ငါ့ရှင်၊ သင်က မီးပုံထဲသို့ အဆင်းခိုင်းလျှင်ပင် မတွန့်မဆုတ်ဆင်းပါမည်" ဟု ဝန်ခံလေသည်။

ထိုအခါ သာမဏေက အနီး၌ရှိသော ရေအိုင်တစ်ခုကို ညွှန်ပြလျက် "အရှင်ဘုရား၊ ဤရေအိုင်ထဲသို့ အမြန်သက်ဆင်းပါ" ဟု ပြောဆိုသည်။ ရှင်ပေါဋ္ဌိလ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မဆိုင်းမတွပင် ဆင်းလေသည်။ မထေရ်၏ သက်နိုးစွန်းကို ရေစွတ်ရုံမျှ ရှိသောအခါ "အရှင်ဘုရား၊ ပြန်၍ တက်ခဲ့ပါတော့" ဟု သာမဏေကဆိုရာ မထေရ်သည် ချက်ချင်း ပြန်တက်လာလေ၏။

ဤသို့ လက်တွေ့ စမ်းသပ်ပြီးနောက် သာမဏေက ရှင်ပေါဋ္ဌိလအား ကမ္မဋ္ဌာန်းတရားကို ဟောကြား ညွှန်ပြလေသည်။

"အရှင်ဘုရား၊ အပေါက် ခြောက်ခုရှိသော တောင်ပို့ထဲသို့ ဖွတ်တစ်ကောင် ဝင်သွားသည် ဆိုပါစို့။ ထိုဖွတ်ကို ဖမ်းလိုလျှင် အခြားသော အပေါက်ငါးခုကို ပိတ်ပြီး ကျန်အပေါက် တစ်ခုတည်းမှသာ စောင့်၍ ဖမ်းရပါမည်၊ သို့မှသာ ထိုဖွတ်ကို မိနိုင်မည် ဖြစ်ပါသည် အရှင်ဘုရား၊ ဤဥပမာအတိုင်းပင် တပည့်တော်တို့ ကိုယ်၌လည်း မျက်စိ၊ နား၊ နှာခေါင်း စသော အပေါက်ခြောက်ခု ရှိပါသည်။ ယင်းအပေါက် ခြောက်ခုမှပင် အဆင်း၊ အသံ၊ အနံ့ စသော အာရုံခြောက်ပါးတို့ လည်း အမြဲမပြတ် ဝင်ရောက်လျက်ရှိကြပါသည်။ ထို့ကြောင့် အရှင်သည် အာရုံ ခြောက်ပါးတို့ မဝင်နိုင်အောင် မျက်စိ၊ နား၊ နှာခေါင်း စသည့် ပဉ္စဒွါရ အပေါက် ငါးခုကို ပိတ်ပြီး မနောဒွါရဖြင့် ပြုသင့်ပြုထိုက်သော ဆင်ခြင်ပွားများမှုကို ပြုတော် မူပါ"

အကြားအမြင် ဗဟုသုတ များပြားလှသော ရှင်ပေါဋ္ဌိလကား သာမဏေ၏ အကျဉ်းအားဖြင့် ဟောကြားလမ်းညွှန်မှုကို ကြားနာရလျှင် အမှောင်ထဲ၌ မီးအိမ်ကြီး တစ်ခုကို ထွန်းပေးလိုက်ဘိသကဲ့သို့ ဉာဏ်အမြင်ရှင်း၍ ထင်းခနဲ ဖြစ်သွားလေသည်။ ထို့ကြောင့် ယင်းလမ်းညွှန်ချက်ကို အခြေခံလျက် မိမိကိုယ်ခန္ဓာပေါ်၌ အသိဉာဏ် စေစားကာ ရဟန်းတရားကို အားထုတ်လေသည်။

ရှင်ပေါဋ္ဌိလ တရားအားထုတ်နေသည်ကို ယူဇနာတရာနှစ်ဆယ်ဝေးသော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓရှင်တော်မြတ်က ဒိဗ္ဗစက္ခုဉာဏ် ဖြင့် လှမ်း၍ မြင်တော်မူသည်။ သို့ဖြစ်၍ ရောင်ခြည်တော်ခြောက်သွယ်ကို ဖြန့်လွှတ် တော်မူပြီး ရှင်ပေါဋ္ဌိလအား ကြိုးစားအားထုတ်မှုရှိလျှင် အသိဉာဏ် တိုးပွား၏။ ကြိုးစားအားထုတ်မှုမရှိလျှင် အသိဉာဏ် ခန်းခြောက်၏။ ပညာတိုးပွားခြင်းနှင့် ပညာဆုတ်ယုတ်ခြင်း၏ အကြောင်းဖြစ်သော ဤလမ်းနှစ်သွယ်ကို သိမြင်သော



www.burmeseclassic.com

www.burmeseclassic.com

၁၁၂ * မျှောစရိယ ဦးမောင်မောင်လေး

ရဟန်းသည် ပညာတိုးပွားကြောင်းဖြစ်သောလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏ ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။ ထိုဒေသနာအဆုံး၌ အရှင်ပေါဋ္ဌိလ မထေရ်သည် အရဟတ္တဖိုလ်၌ တည်လေ၏။

(၂၀။ မဂ္ဂဝဂ်၊ ၇-ပေါဋ္ဌိလတ္ထေရ ဝတ္ထု၊)

www.burmeseclassic.com

www.burmeseclassic.com

# ခေမာဒေဝီ

ခေမာဒေဝီသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ မိဖုရားကြီးဖြစ်၏။ မိန်းမချော မိန်းမလှတို့ ပေါ်ထွက်ရာ မဒ္ဒရာဇ်တိုင်း သာဂလမြို့သူဖြစ်၍ ပြိုင်ဘက်ကင်းသော အလှဘုရင်မတစ်ဦးအဖြစ် ထင်ရှားလျက် ရှိသည်။ မိဖုရားကြီးတစ်ပါး၏ အခမ်းအနား အဆောင်အယောင်များကလည်း သူမ၏အလှကို ပို၍ပေါ်လွင်ထင်ရှားစေလျက်ရှိသည်။

အလှပိုင်ရှင်တို့၏ သဘာဝအတိုင်း သူမသည် မိမိကိုယ်ကို အစွမ်းကုန် ပြုပြင်ခြယ်သလျက် အလှအပဖြင့်သာ ထာဝစဉ် ပျော်မွေ့နေလေသည်။ ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓမြတ်စွာကို ပထမဆုံးအကြိမ် စတင်ဖူးတွေ့ရသည့်အချိန်မှစ၍ ဗုဒ္ဓ၏တပည့်သာဝကတစ်ဦးအဖြစ်ဖြင့် စွဲမြဲစွာ ရပ်တည်ခဲ့သည်။ ဝေဠုဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း၍ ဘုရားသွား ကျောင်းတက် မပျက်အောင်နေခဲ့သည်။

ဘုရင်မင်းမြတ်သည် ခေမာဒေဝီကို လွန်စွာ ချစ်ခင်မြတ်နိုးသည်။ အရာရာတွင် အလိုလိုက်၍ အကြိုက်ကိုဆောင်ခဲ့သည်။ သို့သော် မိဖုရားကြီးကို ဘုရားဘက် တရားဘက်သို့ ဆွဲဆောင်သိမ်းသွင်း၍ မရခြင်းအတွက်ကား များစွာ စိတ်မကောင်းလှချေ။

ဘုရင်မင်းမြတ်သည် ဝေဠုဝန်ကျောင်းတော်သို့ တရားနာ သွားသည့်အခါတိုင်း မိဖုရားကြီးကို ခေါ်သည်။ သို့သော် မိဖုရားကြီးက အကြောင်းအမျိုးမျိုးပြကာ ရှောင်ရှားနေလေ့ရှိသည်။ ဗုဒ္ဓနှင့် ရဟန်းသံဃာအပေါင်းအား ရွှေနန်းတော်သို့



www.burmeseclassic.com

www.burmeseclassic.com



ပင့်ဖိတ်၍ ဆွမ်းကပ်သည့်အခါများ၌လည်း မိဖုရားကြီးသည် သူ့အဆောင်တော်မှ ထွက်၍ ဗုဒ္ဓမြတ်စွာအား ဖူးမြင်ခြင်း ပြုလေ့မရှိချေ။

အမှန်စင်စစ် ခေမာမိဖုရားကြီးက ဗုဒ္ဓမြတ်စွာကို ရှောင်ရှားနေခြင်းမှာ ဗုဒ္ဓအပေါ် အမျက်မာန်ပွား၊ ရန်ငြိုးထားစရာ ရှိနေသောကြောင့် မဟုတ်ပေ။ သူမ၏ အလှဂုဏ်ကို အထိ မခံလိုသောကြောင့်သာ ဖြစ်ပေသည်။ သူမသည် ဗုဒ္ဓထံသို့ ကိုယ်တိုင်ကိုယ်ကြပ် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသော်လည်း ဗုဒ္ဓ၏ ဂုဏ်သတင်းများကို နားမဆံ့အောင် ကြားနေရပေသည်။

သူမ ကြားသိရသော သတင်းစကားများ အနက်မှ "ဗုဒ္ဓသည် ကိုယ်ခန္ဓာ၏ မတင့်မတယ် စက်ဆုပ်ဖွယ်ကောင်းပုံကို ဖော်ထုတ်ဟောကြားလေ့ရှိသည်" ဟူသော စကားတစ်ရပ်လည်း ပါရှိခဲ့၏။ ထိုသတင်းစကားကြောင့်ပင် သူမသည် ဗုဒ္ဓထံ မချဉ်းကပ်လိုခြင်း ဖြစ်၏။ ဗုဒ္ဓက ပရိသတ်အလယ်၌ သူမ၏ ခန္ဓာကိုယ်ကို ပြစ်တင် ရှုတ်ချစကား ပြောကြားလိုက်လျှင် သူမ အရှက်ကွဲမည်ကို တွေးတော စိုးရိမ်သဖြင့် ဗုဒ္ဓမြတ်စွာကို ရှောင်ရှားနေခြင်း ဖြစ်ပေသည်။

ဗိမ္ဗိသာရ မင်းကြီးသည် ခေမာမိဖုရားအား ဗုဒ္ဓထံသို့ ချဉ်းကပ်စေရန် နည်းလမ်းများကို အစဉ်မပြတ် ရှာကြံနေသည်။ 'တစ်နည်းမဟုတ် တစ်နည်း ဒီမိဖုရားကို ဗုဒ္ဓရှေ့မှောက်သို့ ရောက်စေမည်' ဟူ၍ စိတ်ပိုင်းဖြတ်ထားသည်။ နောက်ဆုံး သူရှာကြံ စဉ်းစား၍ ရရှိချက်အရ နန်းတွင်းအဆိုတော်များအား ဝေဠုဝန် ဥယျာဉ်အကြောင်း သီချင်းကဗျာများ သီကုံးစပ်ဆိုရန် တိုးတိုးတိတ်တိတ် ညွှန်ကြားလေသည်။

မင်းကြီး၏ ညွှန်ကြားချက်အရ နန်းတွင်းအဆိုတော်တို့သည် ဝေဠုဝန်ဥယျာဉ်၏ သာယာစိုပြည်ပုံ၊ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းပုံတို့ကို သီချင်းဖြင့်တစ်မျိုး၊ ကဗျာ လင်္ကာဖြင့်တစ်ဖုံ ဖွဲ့ဆိုကြသည်။ နန်းတွင်းသူ မောင်းမပျိုတို့၏ နှုတ်၌ ရေပန်းစား နေသော ထို သီချင်းကဗျာများကို ကြားရသောအခါ ခေမာမိဖုရားအား ဝေဠုဝန် ဥယျာဉ်သို့ သွားရောက် ကြည့်ရှုလိုသောစိတ် ဖြစ်ပေါ်လာလေသည်။

သို့အားဖြင့် ခေမာဒေဝီသည် သာယာသော နေ့တစ်နေ့၏ နံနက်ပိုင်းအချိန် တွင် ဗိမ္ဗိသာရမင်းကြီးထံ ခွင့်ပန်ပြီး အခြွေအရံများနှင့်အတူ ဝေဠုဝန်ဥယျာဉ်သို့ ထွက်ခဲ့လေသည်။ ဗုဒ္ဓမြတ်စွာနှင့်တွေ့ရန် ကြောက်ရွံ့နေသော မိဖုရားသည် ဗုဒ္ဓ ဆွမ်းခံကြွမည့် နံနက်ပိုင်းအချိန်ကို တမင်ရွေး၍ ထွက်လာခြင်း ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ဗိမ္ဗိသာရမင်းကြီးမှာမူ ခေမာဒေဝီ ဝေဠုဝန်သို့ သွားမည် ဆိုကတည်း က ဝမ်းသာ၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဠုဝန်ဥယျာဉ်သည် ရာဇဂြိုဟ်မြို့တော်၏ မြောက်ဘက် မနီးမဝေး အရပ်၌ တည်ရှိ၏။ စိမ်းစိုသော ဝါးပင်များ အစီရရီ ပေါက်ရောက်နေသောကြောင့် 'ဝေဠုဝန်-ဝါးတောဥယျာဉ်' ဟု အမည်တွင်ခြင်း ဖြစ်၏။ ထိုဥယျာဉ် အတွင်း၌ သစ်ပင် ပန်းပင်များ စုံလင်စွာ စိုက်ပျိုးထားလေသည်။ ဥယျာဉ်၏ သစ်ပင် ပန်းပင်များ စုံလင်စွာ စိုက်ပျိုးထားလေသည်။ ဥယျာဉ်၏ တစ်နေရာ၌ ကြာမျိုး ငါးပါးတို့ဖြင့် ဝေဆာနေသည့် ရေကန်တစ်ကန်လည်း ရှိသည်။ ထိုရေကန်အနီးရှိ သစ်ပင်များပေါ်၌ တစ်ပင်မှ တစ်ပင်သို့ ကူးခုန်ပြေးလွှား ကစားနေကြသော ရှဉ့်သတ္တဝါကလေးများကို စိတ်ဝင်စားဖွယ် မြင်တွေ့ကြရသည်။

အမှန်စင်စစ် ဝေဠုဝန်ဥယျာဉ်ကို မင်းညီမင်းသား မိဖုရားများအား ပျော်မြူးရာ ဌာနအဖြစ်ဖြင့် စီစဉ်ဖန်တီးထားခြင်း ဖြစ်၏။ သို့သော် ယခုအခါတွင် ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာများ သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်ကြီးတစ်ခု ဖြစ်၍နေပေပြီ။ သို့တိုင်အောင် သီးသန့် တစ်နေရာမှာမူ သစ်ပင်ပန်းမန် ရေတွင်း ရေကန်တို့ဖြင့် စိမ်းလန်းသာယာသော ဥယျာဉ်တစ်ခုအဖြစ်ဖြင့် ဆက်လက် တည်ရှိနေပေသည်။ ထို့ပြင် ကျောင်းဆောင် ပရိဝုဏ်တို့၏ အကြားအကြား၌လည်း အရိပ်ကောင်းသော သစ်ပင်ကြီးများနှင့် ပန်းပင် ပန်းခြံများ လှပသပ်ရပ်စွာ တည်ရှိနေပေသည်။

ခေမာဒေဝီသည် ဥယျာဉ်တော် အတွင်းရှိ သစ်ပင် ပန်းမန်များနှင့် ကျောင်းပရိဝုဏ်များကို စိတ်ဝင်စားစွာ လှည့်လည် ကြည့်ရှုနေသည်။

ထိုသို့ ကြည့်ရှုနေစဉ်မှာပင် အချိန်ကုန်မှန်း မသိ ကုန်သွားပြီးနောက် ညနေပိုင်းအချိန်သို့ ရောက်လာသည်။ သို့ဖြစ်၍ နန်းတော်သို့ ပြန်ရန် ပြင်ဆင်ကြရန် မိဖုရားကြီးက သူ့အခြွေအရံများအား ပြောလေသည်။ ထိုအခါ အစောင့်အရှောက် အဖြစ် လိုက်ပါလာသော မင်းချင်းယောကျ်ားတို့က ဗုဒ္ဓမြတ်စွာ သီတင်းသုံးသော ဂန္ဓကုဋီကျောင်းနားသို့ ရောက်နေပြီဖြစ်၍ ဗုဒ္ဓမြတ်စွာအား ဝင်ရောက် ဖူးမြင်ရန် မိဖုရားကြီးကို တိုက်တွန်းကြသည်။ သို့အားဖြင့် မိဖုရားကြီးသည် စိတ်မပါတပါဖြင့်ပင် ဗုဒ္ဓမြတ်စွာ၏ ရှေ့တော်မှောက်သို့ ရောက်လာရလေသည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် ကျောင်းပြင်ရှိ သလွန်ပေါ်တွင် ထိုင်တော်မူလျက် ပရိသတ်လေးပါးအား တရားဟောကြားတော်မူလျက် ရှိ၏။ ခေမာဒေဝီသည် ခပ်ရွံ့ရွံ့ဖြင့် လာခဲ့ရသော်လည်း လပြည့်ဝန်းကဲ့သို့ တင့်ရှန်းကြည်လင်သော ဗုဒ္ဓမြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာတော်ကို ဖူးမြင်လိုက်ရသောအခါ စိုးရွံ့ပြေပျောက် သွားသည်။ တစ်ပြိုင်တည်းမှာပင် ဗုဒ္ဓမြတ်စွာအား ယပ်ခတ်ပေးနေသော မိန်းမပျိုလေးဆီသို့ စိတ်ရောက်သွားလေသည်။ မိန်းမပျိုလေးမှာ အသက် (၁၆)နှစ် လောက်သာ ရှိသေးပြီး မိမိထက်အဆတစ်ရာမက လှပနုနယ်နေသည်ကို တွေ့ရသဖြင့်လည်း ခေမာဒေဝီမှာ အလွန်အံ့ဩ သွားလေသည်။ စင်စစ် ထိုမိန်းမပျိုလေးမှာ ခေမာဒေဝီ၏ အလှမာန်ကို ချေချွတ်ရန် ဗုဒ္ဓမြတ်စွာ၏ နိမိတ်ပုံအဖြစ် ဖန်ဆင်းထားခြင်း ဖြစ်လေသည်။

ခေမာဒေဝီသည် မိန်းမပျိုလေးကို စိတ်ဝင်စားနေသဖြင့် ဗုဒ္ဓမြတ်စွာ ဟောကြားနေသော တရားကိုပင် အာရုံမစိုက်နိုင်ဘဲ ရှိနေသည်။ ထိုစဉ်တွင် မိန်းမပျိုလေးသည် အသက် (၁၆)နှစ်အရွယ်မှ အသက်(၂၀)အရွယ်များသို့ ပြောင်းသွားသည်။ ထို့နောက် အသက် ၃၀၊ ၄၀၊ ၅၀ စသော အရွယ်များသို့ လျှင်မြန်စွာ ပြောင်းသွား၍ပြီး နောက်ဆုံးတွင် ခံဖြူသွားကျိုး အလွန်အရုပ်ဆိုးသော အဘွားအိုကြီး အဖြစ်သို့ ရောက်သွားလေသည်။ ထိုအခါ ခေမာဒေဝီအား ဤမျှ နုပျိုလှပသော ရုပ်အဆင်းသည်ပင် ခဏတာအတွင်း၌ ပျက်စီးရာဘိ၏။ ဤရုပ်အဆင်း၌ အနှစ်သာရ ဘာမှမရှိပါတကား" ဟူ၍ သံဝေဂဉာဏ်ဖြစ်ပေါ်လာသည်။ ဗုဒ္ဓမြတ်စွာသည် ခေမာဒေဝီ၏ စိတ်အကြံကို သိတော်မူ၍ -

"ခေမာ၊ ၃၂-ကောဋ္ဌာသတို့၏ အစုအဝေးဖြစ်သော ဤခန္ဓာကိုယ်သည် အမြဲမပြတ် နာကြင်ခြင်းသဘော ရှိ၏။ မစင်မကြယ် ရွံ့ရှာယ်အပြည့် အသုပ်ကောင်အတိဖြစ်၏။ ဤခန္ဓာကိုယ်မှ အညစ်အကြေးတို့သည် အထက်သို့လည်း အန်ထွက်ကုန်၏။ အောက်သို့လည်း ယိုစီးကျကုန်၏။ အသိကင်း လူဖျင်း လူမိုက်တို့သည် နှစ်သက်မြတ်နိုးအပ်သော ဤခန္ဓာကိုယ်ကို ဉာဏ်မျက်စိဖြင့် အမှန်သိအောင် ကောင်းစွာကြည့်ရှုပါလော" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာအဆုံး၌ ခေမာဒေဝီ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထို့နောက် ဗုဒ္ဓက ...

"ပင့်ကူသည် သူပြုလုပ်သော ဗင့်ကူအိမ်ထဲ၌ ကျရောက်နေသကဲ့သို့ ထို့အတူ ရာဂဖြင့် မြင်းစွာ တပ်မက်နေသော သတ္တဝါတို့သည် မိမိပြုအပ်သော တဏှာရေအလျဉ်ထဲ၌ ကျရောက်နေကြကုန်၏။ ပညာရှိသူတို့ကား ငဲ့ကွက်မှုမရှိဘဲ တဏှာအလျဉ်ကို ဖြတ်တောက်ပြီး ဒုက္ခအားလုံးကို စွန့်သွားကြကုန်၏" ဟူသော ဒေသနာကို ထပ်မံဟောကြားတော်မူရာ ခေမာဒေဝီ အရဟတ္တဖိုလ်သို့ ရောက်သွားလေသည်။ ထိုအခါ ခေမာဒေဝီ အရဟတ္တဖိုလ်သို့ ရောက်သွားလေသည်။ ထိုအခါ ခေမာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးသည် ဗိမ္ဗိသာရမင်းကြီးအား ပန်ကြားပြီး ဘိက္ခုနီတို့၏ ကျောင်းသို့ သွား၍ ဘိက္ခုနီ ပြုလုပ်လိုက်လေသည်။ ခေမာထေရီကား လူဝတ်ကြောင် အဖြစ်ပင် အရဟတ္တဖိုလ်၌ တည်ခဲ့သဖြင့် ပညာကြီးသော ဘိက္ခုနီတို့တွင်အမြတ်ဆုံးဟူသော ဧတဒဂ်ဘွဲ့ထူးကို ရရှိခဲ့လေသည်။

(၂၄။ တဏှာဝဂ်၊ ၅-ခေမာထေရီ ဝတ္ထုနှင့်
၂၆။ ဗြာဟ္မဏဝဂ်၊ ၂၀-ခေမာဘိက္ခုနီ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# သူဌေးသားနှင့် ကချေသည်

(၁)

လရောင် ရွှန်းသော ညတစ်ညတွင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီး၏ နန်းရင်ပြင်၌ ဇာတ်သဘင်ပွဲကြီး ခြိမ့်ခြိမ့်သဲမျှ ကျင်းပနေသည်။ ပွဲခင်း အတွင်းမှ ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည့် တူရိယာသံများကလည်း ရာဇဂြိုဟ် တစ်မြို့လုံးကို ဖုံးလွှမ်းလျက်ရှိသည်။

မြို့သူမြို့သားတို့သည် လှပတင့်တယ်စွာ ဝတ်စားဆင်ယင်ကြလျက် ပွဲခင်းသို့ အလုအယက် လာရောက်နေကြသည်။ သူတို့သည် ထိုင်ခုံ ညောင်စောင်း အဆင့်ဆင့် ခင်းကျင်းလျက် ပွဲခင်းအတွင်း၌ စောစောကပင် နေရာယူထားကြပြီး ဖြစ်ပေသည်။ ဘုရင်မင်းမြတ်နှင့် မင်းညီမင်းသားများအတွက်မူ ရှေ့တန်း၌ အထူးသီးသန့် နေရာများ ခင်းကျင်းထားပေသည်။

ယနေ့ည ကပြမည့် ဇာတ်သဘင်ကြီးမှာ အဖွဲ့သား ငါးရာခန့်ပါဝင်သော နယ်လှည့် ဇာတ်အဖွဲ့ကြီး ဖြစ်သည်။ တစ်နှစ်မှ တစ်ကြိမ်လောက်သာ ရောက်လာ တတ်သော အဖွဲ့ဖြစ်၍ တစ်မြို့လုံးကပင် မျှော်လင့်အားထားနေကြသည်။ အဖွဲ့သား အင်အား များပြားတောင့်တင်းသည်နှင့်အမျှ ကကြိုးကကွက်လည်း အလွန် စုံလင် သော အဖွဲ့ကြီး ဖြစ်ပေသည်။ သို့ရာတွင် ထိုအဖွဲ့ကြီး၏ နာမည်အကြီးဆုံး ကကွက် မှာ ကျွမ်းဘားအက ဖြစ်သည်။

www.burmeseclassic.com



ခုနစ်ပျံကျော်လွှား ဘားကျွမ်းအက အမျိုးမျိုး၌ ကျွမ်းကျင်သော ကချေသည် လုလင်ပျို၊ လုံမပျိုပေါင်းများစွာ ဇာတ်အဖွဲ့ကြီး၌ ပါဝင်သည်။ သူတို့အထဲတွင် ဇာတ်ဆရာကြီး၏သမီးပျို 'စိတြလီလာ' မှာ ပွဲကြည့်ပရိသတ်၏ အသည်းစွဲ ဖြစ်ပေသည်။

ပွဲစထွက်ချိန် ရောက်သည်နှင့် တစ်ပြိုင်နက် ဇာတ်အဖွဲ့ဝင်များ တစ်ဦးပြီး တစ်ဦး ထွက်လာကာ မိမိတို့ဆိုင်ရာ ကကြိုး ကကွက်တို့ကို အသီးသီး တင်ဆက်ကြသည်။ တစ်ဦးချင်းအကနှင့် အုပ်စုလိုက်အက၊ စုံတွဲအက စသည်များကို တစ်လှည့်စီ တင်ဆက်သွားရာ ပရိသတ်များ ကြည့်ရှုမငြီး ဖြစ်နေကြသည်။

ထိုစဉ်တွင် စိတြလီလာ၏ အလှည့်သို့ ရောက်လာသည်။ သူမ ထွက်လာသည်နှင့် တစ်ပြိုင်နက် အစ်ကိုကာလသားတို့၏ လက်ခုပ်သြဘာသံကြီးများ ရှည်လျားစွာ ထွက်ပေါ်လာသည်။ သူမကလည်း ကြည်လင်ဝိုင်းစက်သော မျက်လုံး၊ ရွှင်ပြုံးချိုသာသော မျက်နှာဖြင့် ပရိသတ်ကို နှုတ်ဆက်လိုက်သည်။

ထို့နောက် သူမသည် အတောင်နှစ်ဆယ်ခန့်မြင့်သော ဝါးတန်းပေါ်သို့ တက်၍ လမ်းလျှောက်ပြသည်။ မြူးကြွသော သီချင်းကိုဆို၍ နွဲ့နှောင်းဖျတ်လတ်စွာ ကပြဖြေဖျော်သည်။ တစ်ခါတစ်ရံတွင်မူ ဝါးတန်းပေါ်မှနေ၍ ရှေ့ကျွမ်း နောက်ကျွမ်းများ နှစ်ပတ်သုံးပတ် ထိုးပြလိုက်ရာ ပွဲကြည့်ပရိသတ်တစ်ခုလုံး ဟာခနဲ ဖြစ်သွားလေသည်။

အချိန်စေ့၍ ဝါးတန်းပေါ်မှ စိတြလီလာ ဆင်းလာသည့်အခါတွင်မူ ဘုရင် မင်းမြတ်နှင့်တကွ မင်းညီမင်းသား၊ သူဌေးသူကြွယ်တို့ထံမှ ဆုတော် လာဘ်တော်များ အတောမသတ် ထွက်ပေါ်လာလေသည်။

ရာဇဂြိုဟ်ပြည်၌ စိတြလီလာတို့ ဇာတ်အဖွဲ့ကြီး ကပြ၍ ခုနစ်ညပြည့်မြောက်သည့်နေ့တွင် မဟာသေနသူဌေးကြီးနှင့် သူဌေးကတော်တို့ ခေါင်းချင်းရိုက်နေကြသည်။ သူတို့၏ တစ်ဦးတည်းသောသား ဥဂ္ဂသေနသည် ခုနစ်ညလုံး ဆက်တိုက် ပွဲကြည့်ခဲ့သည်။ နောက်ဆုံးည ပွဲမှ ပြန်လာသောအခါ တစ်နေ့ကုန် အိပ်ရာမှ မထဘဲနေသည်။ 'အိပ်ရေးပျက်၍ နေမကောင်း ထိုင်မကောင်း ဖြစ်လေသလော' ဟူသော စိုးရိမ်ကြောင့်ကြစိတ်ဖြင့် သူဌေးကတော်ကြီးက သူ့ အိပ်ရာဆောင်သို့ လာ၍ ကြည့်ရှု မေးမြန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား၊ ဘာကြောင့် အိပ်ရာမှ မထသလဲ၊ နေမကောင်း ဖြစ်နေသလား"

"သား နေကောင်းပါတယ် မေမေ"

"သို့ဖြစ်လျှင် အိပ်ရာကထပြီး ထမင်းစားပါဦး သားရယ်"

"ကျွန်တော် ထမင်း မစားချင်ဘူး၊ အိပ်ရာကလဲ မထချင်တော့ဘူး"

"ဘာကြောင့်လဲ သားရယ်"

"ကျွန်တော် ကချေသည်မ စိတြလီလာကို စွဲနေပါတယ်၊ သူမကို မရလျှင် လူ့ပြည်မှာ မနေချင်တော့ဘူး"

ဥဂ္ဂသေန၏ စကားကို ကြားလျှင် သူဌေးကတော်ကြီး လွန်စွာ စိုးရိမ် ပူပန်သွားသည်။ ထို့ကြောင့် သူဌေးကြီးအား ချက်ချင်း အကြောင်းကြားပြီး သားကို တိုးတိုးတိတ်တိတ် ချော့မော့ ပြောဆိုကြသည်။

"ချစ်သား၊ ကချေသည်မဆိုတာ တို့သူဌေးမျိုးနဲ့ လားလားမှ မတန်ပါဘူး၊ ကိုယ်နဲ့ အဆင့်အတန်းတူတဲ့ မိန်းကလေးတွေထဲက သားကြိုက်ရာကို ပြောပါ၊ ဖေဖေတို့ ချက်ချင်း ထိမ်းမြားပေးပါ့မယ်"

မည်သို့ပင် ချော့မော့ပြောဆိုကြစေကာမူ ဥဂ္ဂသေနကား မိဘတို့စကားကို နားမဝင်တော့။ စိတြလီလာ၏ ရုပ်သွင်ကိုသာ သူ့စိတ်ထဲ၌ ထင်မြင် စွဲလမ်းနေတော့၏။

ထို့ကြောင့် သူဌေးကြီးသည် နောက်ဆုံး၌ သားအကြိုက်ကို လိုက်လျောရတော့သည်။ မိတ်ဆွေတစ်ဦးအား အသပြာ တစ်ထောင်ပေး၍ ဇာတ်ဆရာကြီးထံ သမီးတောင်း စေလွှတ်လိုက်ရသည်။

ထိုအခါ ဇာတ်ဆရာကြီးက "ကျွန်ုပ်ရဲ့ သမီးကို အသပြာ တစ်ထောင်ဖြင့် မပေးနိုင်ပါ၊ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါနိုင်မှသာ သမီးနှင့် ပေးစားနိုင်ပါမည်" ဟူ၍ စကားပြန်လိုက်သည်။

ယင်းစကားကို ဥဂ္ဂသေန ကြားလျှင် မိဘနှစ်ပါးအား ထောက်ထားငဲ့ညှာခြင်း လုံးဝမပြုတော့ဘဲ စိတြလီလာ၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားသည်။ သူတို့ ဇာတ်အဖွဲ့ကြီးသည်လည်း အခြားမြို့ကြီးများသို့ လှည့်လည် ကပြရန် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာခဲ့လေသည်။

စယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂)

သူဌေးသားဘဝကို စွန့်၍ ဓာတ်သဘင်ထဲသို့ လိုက်ပါခဲ့သော ဥဂ္ဂသေနသည် သဘင်ပညာကို တစ်လုံးတစ်ပါဒမျှ တတ်ကျွမ်းနားလည်းသူမဟုတ်။ ထို့ကြောင့် သွားလေရာ၌ လူပိုတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။ သူဌေးသားဟူသောအရှိန်ဖြင့် အစပိုင်း၌ စိတြလီလာက ချစ်ခင်မြတ်နိုးဟန် ပြခဲ့သည်။ ယောက္ခမကြီးကလည်း အရေးပေးခဲ့သည်။

သို့သော် နောက်ပိုင်းတွင်မူ သူဌေးသား၏ အရှိန်အဝါများသည် တစ်စတစ်စ ကျဆင်းလာသည်။ လူစေ့တက်စေ့ အလုပ်လုပ်ရသော ဓာတ်အဖွဲ့ကြီးထဲ၌ သူဌေးသား ဟူ၍ သူ့ကို အပိုကျွေးမထားနိုင်ကြတော့ချေ။ ရှေ့ပိုင်းသို့ထွက်၍ က,တတ်၊ ဆိုတတ် သူ မဟုတ်သဖြင့် ထမင်းဟင်းချက်ခြင်း၊ အထုပ်အပိုးသယ်ခြင်း စသော နောက်ပိုင်း အလုပ်များကို သူ့အား စေခိုင်းလာကြသည်။ လှည်းမောင်းခြင်း၊ နွားကျောင်းခြင်း စသော လုပ်ငန်းများကိုလည်း သူ လုပ်လာရသည်။

ဤသို့ တစ်မြို့မှတစ်မြို့ လှည့်လည် က,ပြနေစဉ်မှာပင် စိတြလီလာသည် သားတစ်ယောက်ကို ဖွားမြင်လေ၏။ ဥဂ္ဂသေနကား သားတစ်ယောက်အဖေ ဖြစ်လာ သည့်တိုင်အောင် သဘင်ပညာကို တတ်ကျွမ်းနားလည်မှု မရှိသေး။ ထို့ကြောင့် ထမင်းချက်၊ နွားကျောင်း စသည့် အလုပ်ကြမ်းများကိုသာ ပင်ပန်းကြီးစွာ လုပ်နေရလေသည်။

ဤအခြေအနေတွင် စိတြလီလာကလည်း သူ့လင်အပေါ် တစ်နေ့တခြား အထင်အမြင် သေးလာသည်။ မထီမဲ့မြင် ပြုလာသည်။ သားကို သိပ်သည့်အခါ၌ပင် ရိုးရိုးတန်းတန်း မသိပ်ဘဲ "နွားကျောင်းသားရဲ့သား အိပ်ပါတော့လား" "လှည်းသမားရဲ့သား အိပ်ပါတော့လား" စသည်ဖြင့် စောင်းမြောင်း နှိမ့်ချသော စကားများကို ဆို၍ သိပ်လေသည်။

ထိုစကားများကို ကြားရဖန်များသောအခါ ဥဂ္ဂသေန များစွာ စိတ်ဓာတ်ကျ လာသည်။ ထိုဓာတ်အဖွဲ့ထဲ၌ ဆက်လက် လိုက်ပါနေရမည်ကိုပင် ခပ်ရှက်ရှက် ဖြစ်လာသည်။ သို့သော် သူ့အဖို့ အခြားသို့ ထွက်ပြေးရန်လမ်းမရှိ။ အမွေဖြတ်ထား သော မိဘတို့ကလည်း သူ့ကိုပြန်၍ လက်ခံရန် မလွယ်။

ဇနီးဖြစ်သူက သူ့အပေါ် မောက်မာစော်ကားနေခြင်းမှာ အနုပညာ မာန်ကြောင့် ပင်ဖြစ်သည်။ အက,ပညာကို သူမထက်သာအောင် တတ်မြောက်လျှင် ဤကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



စော်ကားဝံ့တော့မည်မဟုတ်။ ဤသို့ စဉ်းစားမိသော ဥဂ္ဂသေနသည် ယောက္ခမဖြစ်သူ ဇာတ်ဆရာကြီးထံ၌ အကပညာကို တိတ်တဆိတ် သင်ယူခြင်းပြုလေသည်။

မစံချင်သောစိတ်ထား၊ ကြီးမားသောဇွဲမာန်ဖြင့် အားထုတ်သင်ယူခဲ့ရာ မကြာမီပင် အက, ပညာ၌ သူ မတူအောင် တတ်မြောက်လာသည်။ ထိုအခါ သူသည် စိတြလီလာကို ကျော်၍ ဇာတ်အဖွဲ့ကြီး တစ်ခုလုံး၏ ခေါင်းဆောင်နေရာသို့ ရောက်ရှိလာသည်။ စိတြလီလာနှင့်တကွ ဇာတ်အဖွဲ့ကြီးတစ်ခုလုံး၏ ချစ်ခင်လေးစားမှုကိုလည်း ပြန်လည်ရရှိလာသည်။

(၃)

ဥဂ္ဂသေနကို အကြောင်းပြု၍ ရေးကထက်ပို၍ နာမည်ကြီးလာသော ဇာတ်အဖွဲ့ကြီးသည် ရာဇဂြိုဟ်သို့ နောက်တစ်ကြိမ် ရောက်ရှိခဲ့ပြန်သည်။ ဤအကြိမ်တွင်မူ မိမိတို့မြို့သား သူဌေးသား ပါဝင်လာသည့်အတွက် မြို့သူမြို့သားများက ပို၍ စိတ်ဝင်စားကြသည်။ ပွဲကြည့်ပရိသတ် ပို၍ များပြားလာလေသည်။

ဥဂ္ဂေသေနသည် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပထမဦးဆုံးနေ့တွင် နံနက်ပိုင်း၌ သူတစ်ဦးတည်း က,ပြရန် စီစဉ်သည်။ ပရိသတ်များမှာ နံနက်မိုးမလင်းမီကပင် ပြည့်ကျပ်၍နေလေသည်။ ပွဲခင်းအလယ်၌ အတောင်ခြောက်ဆယ်ခန့်မြင့်သော ဝါးတိုင်တစ်လုံး စိုက်ထူထားလေသည်။

ငြိမ့်ညောင်းသောတူရိယာသံနှင့်အတူ ဥဂ္ဂသေနသည် ဝါးတိုင်ရင်းသို့ ရောက်ရှိလာသည်။ ထို့နောက် ဝါးတိုင်ထိပ်သို့တက်၍ အကြိမ်ကြိမ်လှည့်ပတ်ကာ မတ်တတ်ရပ်ပြသည်။ ဝါးတန်းပေါ်၌ လမ်းလျှောက်၍ ကကြိုးကကွက် အမျိုးမျိုးဖြင့် ကပြသည်။ ပရိသတ်တို့၏ လက်ခုပ်သြဘာသံများ မစဲနိုင်အောင်ရှိလေသည်။

ထိုစဉ်မှာပင် ပွဲကြည့်ပရိသတ်တို့၏ မျက်လုံးများသည် ရုတ်တရက် သူ့ဆီမှ လွှဲဖယ်ပြီး အေးတစ်နေရာသို့ ရောက်ရှိသွားသည်ကို ဥဂ္ဂသေန တွေ့မြင်လိုက်ရသည်။ ထိုနေရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ဗုဒ္ဓရှင်တော်မြတ် အမှူးရှိသော ရဟန်းသံဃာများ ဆွမ်းခံကြွလာသည်ကို သူ တွေ့မြင်ရလေသည်။

သက်စွန့်ဆံဖျား က,ပြနေသူကို ဥပေက္ခာပြုလျက် ဗုဒ္ဓထံသို့ အာရုံရောက်နေသော ပရိသတ်ကိုမြင်လျှင် ဥဂ္ဂသေနသည် များစွာ စိတ်ပျက်သွားသည်။ အက,ကို ရပ်လိုက်ပြီး ငေးမောနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် ဗုဒ္ဓရှင်တော်မြတ်က ရှင်မဟာမောဂ္ဂလ္လာန်အား "မောဂ္ဂလ္လာန်၊ ဥဂ္ဂသေနကို အတတ်ပညာ ဆက်ပြရန် ပြောလိုက်ပါ" ဟု စေခိုင်းတော်မူသည်။ ရှင်မောဂ္ဂလ္လာန်ကလည်း ဝါးတိုင်ရင်းသို့သွား၍ ဥဂ္ဂသေနအား အတတ်ပညာဆက်ပြရန် တိုက်တွန်းတော်မူလေသည်။

ရှင်မောဂ္ဂလ္လာန်၏စကားကို ကြားရသောအခါ ဥဂ္ဂသေနသည် အားတက်လာပြီး ဆက်၍ က,သည်။ လေထဲ၌ အကြိမ်ကြိမ် ခုန်ပျံလှည့်ပတ်ပြီးနောက် တိုင်ထိပ်ပေါ်တွင် ပြန်၍ မတ်တတ်ရပ်လိုက်သည်။ ထိုအချိန်တွင် ဗုဒ္ဓက ထူးခြားသောစကားတစ်ရပ်ကို လှမ်း၍မိန့်ကြားတော်မူလိုက်သည်။

"ဥဂ္ဂသေန၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် သုံးပါးလုံး၌ တွယ်တာမှုကို စွန့်လော၊ အားလုံးအပေါ်၌ လွတ်လွတ်ကျွတ်ကျွတ် စိတ်ထားနိုင်မှသာ အိုခြင်း၊ သေခြင်းကင်းရာ ဘဝတစ်ဖက်ကမ်းသို့ ရောက်လိမ့်မည်"

ဗုဒ္ဓမြတ်စွာ၏ စကားမှာ တိုတောင်းသော်လည်း သိမ်မွေ့နက်နဲလှ၏။ သာမန်လူတစ်ယောက် သဘောပေါက်ရန် မလွယ်။ ဥဂ္ဂသေနကား ဇာတ်သဘင်သည်တစ်ဦးဖြစ်လင့်ကစား ပါရမီဓာတ်ခံ ရင့်သန်သူ ဖြစ်သည်။ ဘဝ အတွေ့အကြုံလည်း ကြွယ်ဝပြီးသူ ဖြစ်သည်။ သူဌေးသားဘဝမှ ဇာတ်သဘင်ထဲသို့လိုက်ပါ၍ ထမင်းချက်နွားကျောင်းလုပ်ခဲ့ရသည်။ ထို့နောက် အက,ပညာကို သူ မတူအောင် ကျွမ်းကျင်တတ်မြောက်၍ သဘင်လောက၏သရဖူကို ဆောင်းနိုင်ခဲ့သည်။ သူ့ဘဝတွင် အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တစ်လှည့်စီ တွေ့ကြုံခံစားခဲ့ရပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏စကားကို မိမိဘဝနှင့်ယှဉ်၍ ဆင်ခြင်သုံးသပ်လိုက်ရာ ဝါးတိုင်ထိပ်၌ တည်လျက်ပင် ပဋိသမ္ဘိဒါဉာဏ် လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သွားလေသည်။

ထိုအခါ ဥဂ္ဂသေနသည် ဝါးတိုင်ထိပ်မှဆင်းလာပြီး ဗုဒ္ဓမြတ်စွာအား ရိုသေစွာ ရှိခိုးသည်။ သူ့ကို ရဟန်းပြုပေးရန်လည်း တောင်းပန်သည်။ ဗုဒ္ဓက လက်တော်ကို ဆန့်တန်းလျက် "ရဟန်း လာလော" ဟု မိန့်ကြားတော်မူလိုက်ရာ ဥဂ္ဂသေနသည် သဘင်သည်တို့၏ အဝတ်တန်ဆာများ ဝတ်ဆင်ထားသော လူ့အသွင်မှ သင်္ကန်း သပိတ် ပရိက္ခရာ ရှစ်ပါးကို ဆောင်ထားသော ရဟန်းအသွင်သို့ ချက်ချင်း ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

တစ်နေ့တွင် ရှင်ဥဂ္ဂသေနကို သီတင်းသုံးဖော်ရဟန်းတို့က "ငါ့ရှင် ဥဂ္ဂသေန၊ အတောင်ခြောက်ဆယ်မြင့်တဲ့ ဝါးတိုင်ထိပ်က ဆင်းလာတုန်းက သင် မကြောက်ဘူးလား" ဟု မေးကြရာ ရှင်ဥဂ္ဂသေနက "တပည့်တော် မကြောက်ပါဘူး" ဟု ဖြေသည်။ ရှင်ဥဂ္ဂသေနသည် ရဟန္တာဖြစ်သွားမှန်းမသိသော ရဟန်းတို့က ထိုစကားကို မယုံကြ။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက -

"အကြင်ပုဂ္ဂိုလ်သည် သံယောဇဉ်အားလုံးကို ဖြတ်တောက်ပြီး သည်ဖြစ်၍ ထိတ်လန့်မှုမရှိ၊ ကပ်ငြိတွယ်တာမှုကို လွန်မြောက်ပြီးသည်ဖြစ်၍ ကိလေသာတို့မှ ကင်းကွာသောစိတ်ရှိ၏၊ ထိုပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါ ဆိုပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၅)

ဥဂ္ဂသေနနှင့် စိတြလီလာတို့သည် ပရိနိဗ္ဗာန်စံတော်မူသွားသော ကဿပမြတ်စွာဘုရား၏ ရွှေစေတီတော်ကြီးကို တည်ဆောက်စဉ်က ဥဂ္ဂသေနနှင့် စိတြလီလာတို့သည် ကဿပမြတ်စွာဘုရား လက်ထက်က ဗာရာဏသီမြို့၌ လင်မယား ဖြစ်ခဲ့သည်။ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံသွား၍ ထိုဘုရားရှင်၏ ဓာတ်တော်များဖြင့် ရွှေစေတီတော်ကြီး တည်ဆောက်ရာတွင် မြို့သူမြို့သားများသည် စားဖွယ်သောက်ဖွယ်များနှင့်တကွ သွား၍လုပ်အားပေးကြသည်။ ထိုအထဲတွင် ဥဂ္ဂသေနတို့လင်မယားလည်း ပါဝင်ခဲ့ကြသည်။ သူတို့လင်မယားသည် မိမိတို့ယူဆောင်လာသော ခဲဖွယ်ဘောဇဉ်တို့ကို လမ်းတွင် တွေ့သော မထေရ် တစ်ပါးအား စေတနာ ထက်သန်စွာ လောင်းလှူခဲ့ကြသည်။ ဤကောင်းမှုကြောင့် ဂေါတမဘုရားရှင်လက်ထက်၌ အရဟတ္တဖိုလ်ကို ရရှိကြခြင်း ဖြစ်သည်။ သို့သော် ထိုမထေရ် အနည်းငယ် ပြုံးလိုက်သည်ကိုမြင်၍ "ဒီကိုယ်တော်က ကချေသည်နဲ့ တူတယ်" ဟု ပြောဆိုခဲ့ကြသည်။ ယင်း ဝစီကံကြောင့် နောက်ဆုံးဘဝ၌ပင် ကချေသည် ဖြစ်ခဲ့ကြရခြင်း ဖြစ်လေသည်။ ဤအကြောင်းများကိုလည်း ဗုဒ္ဓမြတ်စွာက ထုတ်ဖော် ဟောကြားတော်မူခဲ့လေသည်။

(၂၄။ တဏှာဝဂ်၊ ၆-ဥဂ္ဂသေန သေဋ္ဌိပုတ္တ ဝတ္ထုနှင့်
၂၆။ ဗြာဟ္မဏဝဂ်၊ ၁၄-ဥဂ္ဂသေန သေဋ္ဌိပုတ္တ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်နှစ်အရွယ် တန်ခိုးရှင်

## (၁)

ဗာရာဏသီပြည်၌ အန္နဘာရ အမည်ရှိသော ဆင်းရဲသားတစ်ယောက် ရှိ၏။ သူသည် သုမန အမည်ရှိသော သူဌွေးကြီးကို အမှီပြု၍ မြက်ရိတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူ ဖြစ်သည်။

တစ်နေ့သ၌ အန္နဘာရသည် မြက်ရိတ်ရာမှအပြန် အိမ်ရှေ့၌ ဆွမ်းရပ်နေသည့် ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါတစ်ပါးကိုမြင်၍ မိမိအတွက် ချက်ပြုတ်ထားသော ထမင်းကို ရက်ရောစွာ လောင်းလှူလိုက်သည်။ "ဤကောင်းမှုကြောင့် တပည့်တော်သည် ဖြစ်လေရာ ဘဝတိုင်း၌ 'မရှိ' ဟူသော စကားကိုပင် မကြားရပါစေသား" ဟူ၍လည်း ဆုတောင်းလိုက်သည်။

အန္နဘာရသည် မိမိစားမည့်ထမင်းကို မစားဘဲ ပစ္စေကဗုဒ္ဓါအား လှူလိုက်သည့် အကြောင်းကို သုမန သူဌွေးကြီး ကြားသိလျှင် ဤသို့ခေါ်၍ ပြောလေသည်။

"အဆွေ အန္နဘာရ၊ သင့်ရဲ့ ကုသိုလ်အဖို့ကို ငါ့အား ခွဲဝေပေးပါ"

အန္နဘာရသည် မိမိပြုသည့်ကုသိုလ်ကောင်းမှုကို အခြားသူတို့အား အမျှဝေပေးရကောင်းမှန်းပင် သိသူ မဟုတ်။ ထို့ကြောင့် ပစ္စေကဗုဒ္ဓါနောက်သို့ လိုက်၍ မေးလျှောက်ပြီးမှ သုမနသူဌွေးသား အမျှပေးဝေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သုမနသူဋ္ဌေးသည် အလွန် ဝမ်းမြောက်၍ အန္တာဘာရအား များစွာသော ပစ္စည်းဥစ္စာတို့နှင့်တကွ အိမ်တစ်လုံး ဆောက်လုပ်ပေးသည်။ အိမ်ဆောက်ရန် တွင်းတူးသောအခါ မြေကြီးထဲမှ ရွှေအိုးများ တွေ့ရှိရသည့်မြင် ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်ကြီးကလည်း ချီးမြှောက်ပြန်သောကြောင့် အန္တာဘာရသည် နေ့ချင်းညချင်း သူဋ္ဌေးဖြစ်သွားလေသည်။ အန္တာဘာရသည် သုမနသူဋ္ဌေးနှင့် ချစ်ခင်ရင်းနှီးစွာ နေလျက် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး သေလွန်သောအခါ နတ်ပြည်သို့ ရောက်လေသည်။

(၂)

ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒန၏ ညီတော် အမိတောဒနမင်းသားကြီးမှာ သားနှစ်ယောက်ရှိသည်။ မဟာနာမ်နှင့် အနုရုဒ္ဓါတို့ ဖြစ်သည်။ မင်းသားငယ် အနုရုဒ္ဓါကား အလွန်နုနယ်သူဖြစ်၏။ လူမှုရေးကိစ္စများကို ဘာမျှ နားမလည်။ ထမင်းကို ဘယ်ကရသည် ဟူ၍ပင် မသိချေ။

တစ်နေ့သ၌ အနုရုဒ္ဓါသည် သူငယ်ချင်းများဖြစ်သော ဘဒ္ဒိယ၊ ကိမိလတို့နှင့် စကားပြောရင်း "ထမင်း ဘယ်ကဖြစ်သလဲ" ဟူသော အကြောင်းသို့ ရောက်သွားသည်။ ထိုအခါ ကျီထဲသို့ စပါးထည့်နေသည်ကို မြင်ဖူးသော ကိမိလက "ထမင်းဆိုတာ ကျီက ဖြစ်တာပေါ့" ဟု ဆိုလေသည်။

ဘဒ္ဒိယ မင်းသားကား စပါးကိုပင် မြင်ဖူးသူမဟုတ်။ ထမင်းအိုးထဲမှ ထမင်းခူးသည်ကိုသာ မြင်ဖူး၏။ ထို့ကြောင့် "ထမင်းဆိုတာ ထမင်းအိုးထဲက ဖြစ်တာပေါ့" ဟု ဆိုပြန်သည်။

သူတို့နှစ်ဦးလုံး၏ စကားကိုပင် အနုရုဒ္ဓါသည် နားမလည်ရှာပေ။ အဘယ့်ကြောင့် ဆိုသော် သူသည် စပါးကိုလည်းကောင်း၊ ထမင်းချက်သည်ကို လည်းကောင်း မမြင်ဘူးပေ။ အိုးထဲမှ ခူးခပ်၍ ပွဲတော်အုပ်တွင် အဆင်သင့် ထည့်ပေးသည့် ထမင်းကိုသာမြင်ဖူး၏။ ထို့ကြောင့် သူက "သင်တို့ နှစ်ယောက် ပြောတဲ့ စကားတွေဟာ အဓိပ္ပာယ်မရှိဘူး၊ အမှန်တော့ ထမင်းဆိုတာ ပွဲတော်အုပ်ထဲက ဖြစ်တာပါ" ဟု ပြောကာ အနိုင်ယူခဲ့လေသည်။

တစ်နေ့တွင်လည်း အနုရုဒ္ဓါသည် သူငယ်ချင်းများ ဖြစ်သော မင်းသား ငါးယောက်နှင့် မုန့်များကို အလောင်းအစားပြု၍ ဂေါ်လီကစားရာ သူကချည်း ရှုံးနေလေ၏။ သူ့မယ်တော်ထံသို့ လူလွှတ်၍ မုန့်များကို အခေါက်ခေါက် အခါခါ



www.burmeseclassic.com

www.burmeseclassic.com



တောင်းသည်။ နောက်ဆုံး အခေါက်တွင်မူ မယ်တော်က "မုန့်မရှိ" ဟု ပြောလွှတ်လိုက်လေသည်။

အနုရုဒ္ဓါကား "မရှိ" ဟူသော စကားကို မကြားဖူးသည် ဖြစ်၍ မယ်တော်ပြောလိုက်သည့် "မုန့်မရှိ" ဆိုသည်မှာလည်း မုန့်တစ်မျိုးပင် ဖြစ်လိမ့်မည်ဟု မှတ်ထင်ခဲ့၏။ ထို့ကြောင့် ယင်း "မုန့်မရှိကိုပင် ပေးလိုက်ပါ" ဟု မယ်တော့်ထံ အတောင်းခိုင်းလိုက်လေသည်။

ထိုအခါ မယ်တော်သည် "ငါ့ သားငယ်ကား 'မရှိ' ဟူသော စကားကိုပင် မသိရှာသေး၊ ယခုမူ သိအောင် ပြရတော့အံ့" ဟု ကြံ၍ ဘာမျှမပါသော ရွှေခွက်ကို အပေါ်မှ ဖုံးအုပ်ကာ သားထံသို့ ပို့လိုက်သည်။

အနုရုဒ္ဓါက ရွှေခွက်ကို ဖွင့်လိုက်ရာ ထူးကဲသော အနံ့အရသာနှင့် ပြည့်စုံသည့် မုန့်တို့ကို တွေ့ရှိရသောကြောင့် မင်းသားတစ်စု စားမဝအောင် ရှိကြလေသည်။

အိမ်ပြန်ရောက်သောအခါ အနုရုဒ္ဓါက သူ့မယ်တော်အား "မယ်မယ်၊ ရှေးအခါက ကျွန်တော့်အား ဘာ့ကြောင့် မုန့်မရှိကို မပေးခဲ့ပါသလဲ" ဟု မေးလေသည်။ မယ်တော်လည်း လွှန်စွာအံ့အား သင့်လျက် မင်းစေလုလင်ကို မေးကြည့်ရာ အချည်းနှီး ပေးလိုက်သော ရွှေခွက်၌ မုန့်အပြည့် ပါလာကြောင်း သိရှိရလေသည်။ မင်းသားငယ်၏ ဘုန်းကံကြောင့် နတ်တို့က ထည့်ပေးလိုက်သော မုန့်ဖြစ်ဖွယ်ရာ ရှိကြောင်းကိုလည်း မှန်းဆမိလေသည်။ ထို့ကြောင့် ထိုနေ့မှစ၍ အနုရုဒ္ဓါက မုန့်တောင်းလျှင် ရွှေခွက်ချည်းကိုသာ အပို့ခိုင်းလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်၍ (၁)နှစ်ခန့် ကြာသောအခါ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးက ဆွေတော်မျိုးတော်များကို ခေါ်၍ ပြောလေသည်။ "သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လျှင် မင်းညီမင်းသား ရဟန်းပရိသတ်ဖြင့် ခြံရံလျက် နိုင်ငံအနှံ့ လှည့်လည်စေကုန်အံ့ဟု သင်တို့ ဆိုခဲ့ကြသည်။ ယခု ငါ့သား ဘုရားဖြစ်ပြီ၊ ဆွေတော်မျိုးတော်ထဲက ရဟန်းတစ်ပါးမျှ မရှိသေး၊ ဒါ့ကြောင့် တစ်အိမ် တစ်ယောက်ထွက်၍ ရဟန်းပြုကြပါ"

အထက်ပါ သုဒ္ဓေါဒနမင်းကြီး၏ စကားကြောင့် သာကီဝင် မင်းသားများ တစ်ယောက်ပြီး တစ်ယောက် ရဟန်းပြုကြသည်။ ထိုအခါ မဟာနာမ်မင်းသားက



www.burmeseclassic.com

www.burmeseclassic.com



ညီဖြစ်သူ အနုရုဒ္ဓါနှင့် တိုင်ပင်သည်။ "ငါ့ညီ အနုရုဒ္ဓါ၊ ယခု သာကီဝင် မင်းသား တွေ တစ်ယောက်ပြီး တစ်ယောက် ရဟန်းပြုနေကြပြီ၊ ဒီအိမ်မှာ တို့ညီအစ်ကို နှစ်ယောက်ပဲရှိတယ်၊ သင် ရဟန်းပြုမလား၊ ငါ ရဟန်းပြုရမလား"

"နောင်တော်၊ ရဟန်းဆိုတာ ဘယ်လို နေရပါသလဲ"

ဤသို့ မေးသော အနုရုဒ္ဓါအား မဟာနာမ်က "ရဟန်းဆိုတာ ဖန်ရည်စွန်း သော အဝတ်ကို ဝတ်ရတယ်၊ တောထဲမှာ တစ်ကိုယ်တည်း နေရတယ်၊ ထမင်း တစ်နပ်သာ စားရတယ်" စသည်ဖြင့် ရှင်းပြသည်။ ထိုစကားကို ကြားရလျှင် အနုရုဒ္ဓါသည် ရဟန်းပြုရန် တွန့်ဆုတ်နေလေ၏။

ထိုအခါ မဟာနာမ်က "ညီငယ်၊ သို့ဖြစ်လျှင် ငါပဲ ရဟန်းပြုပါ့မယ်၊ သင်သည် မိဘများကို လုပ်ကျွေး၍ နေခဲ့ပါ" ဟု ဆိုလေသည်။ ထို့နောက် စားဝတ်နေရေးအတွက် လယ်ထွန်ခြင်း၊ စပါးစိုက်ခြင်းစသော လုပ်ငန်းကိစ္စများ ဆောင်ရွက်ရပုံတို့ကို ရှင်းလင်း ပြောပြသည်။ ထမင်းဖြစ်ရာကိုပင် မသိခဲ့သော အနုရုဒ္ဓါမင်းသားကား လူ့ဘဝ၌ စားစရာ၊ ဝတ်စရာတို့ကို လွယ်လွယ်ကူကူဖြင့်ပင် ရရှိသည်ဟု မှတ်ထင်နေခဲ့၏။ ယခုကဲ့သို့ ကြောင့်ကြကြီးစွာ စိုက်ထုတ်လုပ်ကိုင်ရ ပုံတို့ကို ကြားသိရသောအခါ လူ့အောင်၌လည်း နေလိုစိတ် မရှိတော့ချေ။ ထို့ကြောင့် မဟာနာမ်အား "နောင်တော်၊ ညီငယ်ပင် ရဟန်းပြုပါတော့မည်" ဟု ကတိ ပြုလိုက်လေသည်။

ထို့နောက် အနုရုဒ္ဓါက မယ်တော့်ထံသွား၍ ရဟန်းပြုခွင့်တောင်းသည်။ မယ်တော်က ခွင့်မပြုလိုသဖြင့် အကြိမ်ကြိမ် ငြင်းပယ်နေသည်။ သို့တိုင်အောင် အနုရုဒ္ဓါက အလျှော့မပေးသောအခါ "သားတော်ရဲ့ သူငယ်ချင်း ဘဒ္ဒိယမင်းသား ရဟန်းပြုရင် သားတော်ကိုလည်း မယ်မယ် ရဟန်းပြုခွင့်ပေးမယ်" ဟု မယ်တော်က ဆိုသည်။

ဘဒ္ဒိယမင်းသားကား ထိုအချိန်က ကပိလဝတ်ပြည်၏ အုပ်ချုပ်ရေးကို တာဝန်ယူနေရသူ ဖြစ်၏။ သို့ဖြစ်၍ သူသည် မည်သည့်နည်းနှင့်မျှ ရဟန်းပြုနိုင် လိမ့်မည်မဟုတ်ဟု ယူဆသောကြောင့် အနုရုဒ္ဓါ၏မယ်တော်က အထက်ပါအတိုင်း ပြောဆိုခြင်း ဖြစ်ပေသည်။

အမှန်အားဖြင့်လည်း ဘဒ္ဒိယသည် ရဟန်းပြုရန် စိတ်ဆန္ဒ လုံးဝမရှိ။ အနုရုဒ္ဓါက လာ၍ အဖော်ညှိသောအခါတွင်မူ သူငယ်ချင်းအပေါ် အားနာသော စိတ်ဖြင့် "ပြုတာပေါ့" ဟု ခပ်ပေါ့ပေါ့ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနုရုဒ္ဓါကား ထိုစကားကို အရအမိ ဆွဲကိုင်၍ အပါခေါ်လေတော့သည်။ "တစ်နှစ်လောက် စောင့်ပါဦး" "ခြောက်လလောက် စောင့်ပါဦး" ဟု အချိန်ဆွဲသော်လည်း မရ။ "ခုနစ်ရက်အတွင်းမှာပင် သူနှင့်အတူ လိုက်၍ ရဟန်းပြုပါမည်" ဟု သဘောတူညီချက် ပေးလိုက်ရတော့သည်။

ဤသို့ဖြင့် နောက်ဆုံးတွင် ဘဒ္ဒိယနှင့် အနုရုဒ္ဓါတို့ ပါဝင်သော သာကီဝင်မင်းသား (၆)ယောက်တို့သည် ဗုဒ္ဓမြတ်စွာ၏ နောက်တော်သို့ လိုက်ပါ၍ ရဟန်းပြုကြရန်အတွက် ကပိလဝတ်ပြည်မှ ထွက်ခဲ့ကြသည်။ သူတို့နှင့်အတူ ဥပါလိ အမည်ရှိသော ဆတ္တာသည်ကိုလည်း ခေါ်ခဲ့ကြလေသည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်ပြည်မှ ယူဇနာသုံးဆယ်ကျော်ဝေးသည့် အနုပိယအမည်ရှိသော တောမြို့ကလေးကို ဆိုက်ရောက်နေပြီဖြစ်၏။ မင်းညီမင်းသားတို့၏ အဆောင်အယောင်များဖြင့် ခမ်းနားကြီးကျယ်စွာ ထွက်လာခဲ့ကြသော မင်းသား ၆ ယောက်တို့သည် ကပိလဝတ်ပြည် နယ်နိမိတ်ကို ကျော်လွန်၍ တောအုပ်တစ်ခုအတွင်းသို့ ဆိုက်ရောက်လာကြသောအခါ "ငါတို့သည် ဤတောအုပ်အတွင်း၌ အဖိုးထိုက် အဖိုးတန် ဝတ်စားတန်ဆာများဖြင့် သွားရန် မသင့်၊ ခိုးသားဓားပြတို့၏ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေသည်" ဟု စဉ်းစားမိကြလေသည်။

ထို့ကြောင့် မိမိတို့၏ ဝတ်စားတန်ဆာတို့ကို ချွတ်၍ ဥပါလိအား အပ်နှံကြလေသည်။

"အချင်း ဥပါလိ၊ သင်သည် ဤအရပ်မှပင် နေပြည်တော်သို့ ပြန်ပါတော့၊ ဤအဝတ်တန်ဆာတို့ကို ရောင်းချ၍ အသက်မွေးရစ်ပါ"

မင်းသားတို့က ဤသို့ ပြောကြသော်လည်း ဥပါလိကား မပြန်လိုချေ။ "အရှင့်သားတို့နှင့် ကောင်းတူဆိုးဖက် လိုက်ပါရစေ" ဟူ၍ ထပ်တလဲလဲ တောင်းပန်သည်။ နောက်ဆုံးတွင် မင်းသားတို့၏အာဏာကို မလွန်ဆန်ဝံ့၍ တစ်ယောက်တည်း ပြန်ခဲ့ရာ ခရီးအတန်ငယ် ရောက်သောအခါ ဤသို့ စဉ်းစားမိလေ၏။

"သာကီဝင်မင်းမျိုးတို့သည် ခက်ထန်ကြမ်းကြုတ်သူများ ဖြစ်၏။ မင်းသားတို့ကိုသတ်၍ အဝတ်တန်ဆာတို့ကို ယူဆောင်လာ၏ဟု မှတ်ထင်သဖြင့် ငါ့ကို သတ်ကြလိမ့်မည်။ မင်းသားများပင် စည်းစိမ်ကို စွန့်၍ ရဟန်းပြုနိုင်ကြလျှင် ကျေးကျွန်းမျှသာ ဖြစ်သော ငါသည် အဘယ့်ကြောင့် ရဟန်းမပြုနိုင်ဘဲ ရှိအံ့နည်း"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဥပါလိသည် ပစ္စည်းထုပ်ကို သစ်ပင်တစ်ပင်၌ ဆွဲချိတ်ခဲ့ပြီး မင်းသားတို့နောက်သို့ ပြန်၍ လိုက်ခဲ့လေသည်။ မင်းသားတို့လည်း ဥပါလိကို ခေါ်၍ ခရီးဆက်ခဲ့ကြရာ ဗုဒ္ဓထံသို့ ဆိုက်ရောက်သွားကြ၏။

ထိုအခါ မင်းသားတို့က ဗုဒ္ဓအား "အရှင်ဘုရား၊ တပည့်တော်တို့ သာကီဝင် မင်းမျိုးများသည် ဇာတိမာန် အလွန်ကြီးသူများ ဖြစ်ကြပါသည်။ ရဟန်းဖြစ်သော အခါ ရိုသေရာဖြစ်အောင် ဥပါလိကို ပထမဦးဆုံး ရဟန်းပြုပေးတော်မူပါ"

ဗုဒ္ဓမြတ်စွာသည် မင်းသားတို့ လျှောက်ကြားသည့် အတိုင်း ဥပါလိကို ပထမဦးစွာ ရဟန်းပြုပေးတော်မူသည်။ ထို့နောက်တွင်မှ မင်းသား ၆ ယောက်တို့ကို ရဟန်းပြုပေးလေသည်။

ဗုဒ္ဓမြတ်စွာသည် ဆတ္တာသည်ဥပါလိနှင့်အတူ သာကီဝင်မင်းသားခြောက် ယောက်တို့ကို ရဟန်းပြုပေးတော်မူပြီး ရာဇဂြိုဟ်ပြည်သို့ ခရီးဆက်တော်မူသည်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝါဆိုတော်မူလေသည်။ ဥပါလိ အစရှိသော ရဟန်းခုနစ်ပါးတို့သည်လည်း ထိုဝါတွင်း၌ပင် အသီးသီးသော တရားထူးများကို ရရှိကြသည်။ ရှင်အနုရုဒ္ဓါကား ဝိဇ္ဇာသုံးပါးကို ရရှိပြီး ဒိဗ္ဗစက္ခု အဘိညာဉ်အရာ၌ ထူးချွန်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေသည်။

(၄)

တစ်နေ့သည်၌ ရှင်အနုရုဒ္ဓါသည် မိမိ၏ အတိတ်ဘဝကို ပြန်ပြောင်းဆင်ခြင် တော်မူလေသည်။ ထိုအခါ ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားထံ၌ မဟာသာဝကဆု ပန်ခဲ့ပုံကိုလည်းကောင်း၊ ဗာရာဏသီပြည် အန္နဘာရ မြက်ရိတ် သမားဘဝက ဥပရိဋ္ဌ မည်သော ပစ္စေကဗုဒ္ဓအား ဆွမ်းတစ်နပ် လောင်းလှူခဲ့ပုံကို လည်းကောင်း သိမြင်လေသည်။ ထို့နောက် အန္နဘာရ မြက်ရိတ်သမားဘဝက မိမိ၏ ကျေးဇူးရှင် ဖြစ်ခဲ့သော သုမန သူဌေးသည် ယခု ဘယ်ဘဝသို့ ရောက်နေ သနည်း" ဟု ဆင်ခြင်ပြန်ရာ ဝိဉ္ဈာငှုဝိ တောအုပ် အနီးရှိ မုဏ္ဍ အမည်ရှိသော ရွာ၌ စူဠသုမန အမည်ရှိသော သတို့သားငယ် ဖြစ်ကြောင်း မြင်လေသည်။

ထိုအခါ အနုရုဒ္ဓါသည် စူဠသုမနသူငယ်ကို သာသနာ့ဘောင်သို့ ဝင်လာ အောင် ဆွဲဆောင်ရန်အတွက် မုဏ္ဍရွာကြီးသို့ ကြွသွားသည်။ စူဠသုမန၏ ဖခင် ဖြစ်သော မဟာမုဏ္ဍ ဥပါသကာကြီးမှာ ရှင်အနုရုဒ္ဓါအား ယခင်ကပင် သိကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



နေသူဖြစ်၍ မထေရ်ကို အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူသည်။ ဝါတွင်း သုံးလ ပတ်လုံး မုဏ္ဍာရွာကြီး၌ သီတင်းသုံးရန်လည်း တောင်းပန်သည်။ ထိုအချိန်တွင် စူဠသုမနမှာ အသက် ၇ နှစ်မျှသာ ရှိသေး၏။

ရှင်အနုရုဒ္ဓါသည် မုဏ္ဍာရွာကြီး၌ ဝါဆိုလျက် မဟာမုဏ္ဍ ဥပါသကာ၏ အိမ်သို့ နေ့စဉ် ဆွမ်းခံကြွသည်။ ဆွမ်းခံကြွရင်း ပိုမိုရင်းနှီးလာသောအခါ ဥပါသကာ ကြီးထံမှ စူဠသုမနသူငယ်ကို တောင်းယူ၍ ရှင်ပြုပေးသည်။ ရှင်ပြုရန်အတွက် ဆံပင်ရိတ်နေစဉ် မထေရ်သည် သူငယ်အား (၃၂)ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို သင်ကြား ပေးလေ၏။ ယင်းသင်ကြား ပေးချက်အရ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း စသည်တို့ကို ဆင်ခြင်သုံးသပ်နေသော စူဠသုမနသည် ခေါင်းရိတ်ပြီးသည်နှင့် တစ်ပြိုင်နက် သစ္စာလေးပါးကို ထိုးထွင်းသိမြင်လျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက် သွားလေသည်။

ဝါကျွတ်သောအခါ ရှင်အနုရုဒ္ဓါသည် စူဠသုမန သာမဏေကလေးကိုခေါ်ပြီး ဟိမဝန္တာ တောအတွင်း၌ တဲကျောင်းကလေးတစ်ခုဆောက်၍ နေထိုင်၏။ ထိုသို့ နေစဉ်အတွင်း မထေရ်အား လေနာရောဂါ ထလေရာ သာမဏေက "အရှင်ဘုရား၊ ယခင်က လေနာရောဂါထလျှင် အဘယ်ဆေးဖြင့် ပျောက်ကင်းခဲ့ပါသလဲ" ဟု မေးလျှောက်လေ၏။

"ငါ့ရှင် သာမဏေ၊ အနဝတတ်အိုင်မှ ရေကို သောက်ရသဖြင့် ငါ့ရောဂါ သက်သာခဲ့ဖူး၏"

"သို့ဖြစ်လျှင် အနဝတတ်ရေကို တပည့်တော်သွား၍ ဆောင်ယူပါမည်"

သာမဏေသည် ဤသို့ လျှောက်ထားပြီး အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင် သို့ ပြန်တက်၍ အနဝတတ် ရေအိုင်သို့ ကြွချီခဲ့လေသည်။

အနဝတတ် ရေအိုင်ကို စောင့်ရှောက်နေသည့် ပန္နက အမည်ရှိသော နဂါးမင်း သည် သာမဏေကိုမြင်လျှင် ရေမပေးလိုသဖြင့် ကြီးစွာသော ပါးပျဉ်ကို ဖန်ဆင်း လျက် ရေအိုင်တစ်ခုလုံးကို ဖုံးအုပ်ထားလေသည်။ သာမဏေက မိမိဆရာဖြစ်သော ရှင်အနုရုဒ္ဓါမထေရ်အတွက် ရေသောက်တစ်အိုးမျှပေးရန် တောင်းပန်သော်လည်း နဂါးမင်းက မပေး၊ "သင့်အစွမ်းသတ္တိဖြင့် ယူနိုင်လျှင် ယူသွားပါ" ဟုသာ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သာမဏေက ကြီးစွာသော ဖြပ်ရွှာမင်း၏ ကိုယ်ကို ဖန်ဆင်း၍ နဂါးမင်း၏ ကိုယ်ပေါ်၌ ဖိချလိုက်ရာ အိုင်တွင်းမှ ရေတို့သည် အပေါ်သို့ ပန်းထွက်လာကုန်၏။ သာမဏေသည် ပန်းထွက်လာသည့် ရေတို့ကို အိုးဖြင့်ခံယူပြီး ထိုနေရာမှ လျှင်မြန်စွာ ထွက်လာလေသည်။

နဂါးမင်းသည် စိတ်ဆိုးမာန်ဆိုးဖြင့် သာမဏေနောက်သို့ ဒလကြမ်းလိုက်ခဲ့ရာ ကျောင်းသို့ရောက်မှ မီလာ၏။ ကျောင်းသို့ ရောက်၍ ရှင်အနုရုဒ္ဓါ မထေရ်ကို တွေ့လျှင် "အရှင်ဘုရား၊ ဤသာမဏေသည် တပည့်တော်၏ ရေအိုင်မှရေကို တပည့်တော်မပေးဘဲ ယူသွားပါသည်။ သောက်သုံးခြင်း မပြုပါလင့်" ဟု တိုင်တန်းလျှောက်တင်၏။ သာမဏေကလည်း "အရှင်ဘုရား၊ ဤနဂါးမင်းက သင့်အစွမ်းသတ္တိဖြင့် ယူနိုင်လျှင် ယူသွားပါဟု ဆိုသောကြောင့် တပည့်တော် ယူခဲ့ခြင်းဖြစ်ပါသည်။ သောက်သုံးတော်မူပါ" ဟု လျှောက်တင်သည်။ သာမဏေမှာ မုသားပြောမည့်သူ မဟုတ်ကြောင်း ကောင်းစွာ သိရှိတော်မူသဖြင့် မထေရ်က အနဝတတ်ရေကို သောက်လေရာ ချက်ချင်းပင် လေနာရောဂါ ပျောက်သွားလေသည်။ ထို့နောက် မထေရ်က နဂါးမင်းအား သုမန သာမဏေသည် အသက်အားဖြင့် ငယ်သော်လည်း အလွန်ကြီးမားသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံကြောင်း ထုတ်ဖော် မိန့်ကြားလေ၏။ နဂါးမင်းလည်း ထိုအခါမှ သာမဏေအား ဝန်ချတောင်းပန်ပြီး မိမိနေရာသို့ ပြန်သွားလေသည်။

ရှင်အနုရုဒ္ဓါမထေရ်သည် ဟိမဝန္တာတော အတွင်း၌ ရက်အနည်းငယ်နေပြီးနောက် သာဝတ္ထိပြည်သို့ ဆက်လက် ကြွချီတော်မူသည်။ ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူလျက်ရှိ၏။ ရှင်အနုရုဒ္ဓါသည် သာမဏေငယ်နှင့်အတူ ဗုဒ္ဓရှင်တော်မြတ်ထံ သွားရောက်ဖူးမြင်လေ၏။ အချို့သော ရဟန်းငယ်များနှင့် သာမဏေတို့သည် ရှင်အနုရုဒ္ဓါနှင့်အတူ ပါလာသော စူဠသုမန သာမဏေကလေးကို မြင်လျှင် ခေါင်းပုတ် ခြေပုတ် ပြု၍ နောက်ပြောင်ကျီစယ်ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ထိုအခြင်းအရာကိုမြင်လျှင် "ဤရဟန်းသာမဏေတို့သည် သာမဏေငယ်၏ အရည်အချင်းကို မသိကြသဖြင့် မထီမဲ့မြင် ပြုကြကုန်၏။ ယခု ငါသိအောင် ပြုရတော့အံ့" ဟု ကြံ၍ ရှင်အာနန္ဒာအား ဤသို့ မိန့်ကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ၊ ငါဘုရားသည် အနဝတတ်အိုင်မှ ရေကို သောက်သုံးလို၏။ သာမဏေတို့အား ဆောင်ယူခိုင်းပါလော"

ရှင်အာနန္ဒာသည် ကျောင်းတိုက် အတွင်းရှိ သာမဏေပေါင်းငါးရာကျော်တို့ကို စည်းဝေးစေပြီး အကြီးဆုံး သာမဏေမှ စ၍ အနဝတတ်အိုင်မှ ရေကို ယူဆောင်ပေးရန် စေခိုင်းရာ ထိုသာမဏေများက မိမိတို့ မစွမ်းဆောင်နိုင်ကြောင်း ပြန်လျှောက်ကြသည်။ နောက်ဆုံးတွင် အငယ်ဆုံးဖြစ်သော သုမန သာမဏေ၏ အလှည့်သို့ ရောက်သောအခါတွင်မူ သုမနသာမဏေက "တပည့်တော် သွားရောက်ယူဆောင်ပါမည်" ဟူ၍ အလွယ်တကူပင် လက်ခံလိုက်လေ၏။

ထို့နောက် သုမန သာမဏေသည် ကြီးမားသော ရေအိုး တစ်လုံးကို လက်ဖြင့် ဆွဲကိုင်၍ ကောင်းကင်သို့ ပြန်တက်ကာ ဟိမဝန္တာတောသို့ ထွက်ခဲ့လေသည်။ ပန္နက နဂါးမင်းသည် သာမဏေငယ်ကို မြင်လျှင် ခရီးဦးကြိုပြု၍ အနဝတတ်ရေကို သူကိုယ်တိုင် ခပ်ယူပေးလေသည်။ သာမဏေငယ်လည်း ရေအိုးကိုယူ၍ ကောင်းကင်ခရီးဖြင့်ပင် ပြန်ခဲ့ပြီး ဗုဒ္ဓအား ဆက်ကပ်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက အသက်(၇)နှစ်သာ ရှိသေးသော သုမန သာမဏေလေးအား "ရဟန်းအဖြစ်သို့ရောက်စေ" ဟု မိန့်ကြားပြီး အမွေခံ ရဟန်းအဖြစ် (ဒါယဇ္ဇ ဥပသမ္ပဒါ) ပေးတော်မူလိုက်လေသည်။

တစ်နေ့တွင် ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကုန်လျက် သုမန သာမဏေလေး၏ တန်ခိုးကြီးပုံကို ချီးကျူးနေကြသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွလာပြီး ...

"အကြင် ရဟန်းသည် ငယ်ရွယ်သော်လည်း မြတ်စွာဘုရားသာသနာတော်၌ အမှန်တကယ်ပင် ကြိုးစားအားထုတ်၏။ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သော လမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

မှတ်ချက်။ ။ အသက်(၇)နှစ် အရွယ်မျှဖြင့် အမွေခံရဟန်းအဖြစ် (ဒါယဇ္ဇဥပသမ္ပဒါ) ကို ရရှိသူများမှာ ဤသုမနသာမဏေနှင့် သောပါကသာမဏေ နှစ်ပါးသာရှိ၏ဟု ဓမ္မပဒအဋ္ဌကထာ၌ ဆိုပါသည်။

(၂၅။ ဘိက္ခုဝဂ်၊ ၁၂-သုမနသာမဏေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# မမြင်နိုင်သော အန္တရာယ်

ဗာရာဏသီပြည်မှ မဟာနေ အမည်ရှိသော ကုန်သည်ကြီးသည် လှည်းငါးရာတို့ဖြင့် ရောင်းချရန် ကုန်ပစ္စည်းများကို တင်ဆောင်၍ သာဝတ္ထိပြည်သို့ ထွက်လာသည်။ သူ တင်ဆောင်လာသည့် ကုန်ပစ္စည်းများကား ကာသိတိုင်းဖြစ် အဝတ်အထည်များ ဖြစ်၏။ ကာသိတိုင်း၏ မြို့တော်မှာ ဗာရာဏသီဖြစ်ပေရာ အဝတ်ကောင်း အထည်ကောင်းမှန်သမျှ ဗာရာဏသီမှပင် အများဆုံး ထွက်ရှိလေသည်။

မဟာနေကုန်သည်ကြီးသာဝတ္ထိပြည်သို့ ထွက်ခဲ့ခြင်းမှာအကြောင်းထူးတစ်ရပ်ရှိပေသည်။ ထိုအချိန်တွင် သာဝတ္ထိ၌ ကြီးကျယ်သော နက္ခတ်ပွဲသဘင်တစ်ခု ဆင်ယင်ကျင်းပရန် အချိန်နီးကပ်လျှက်ရှိ၏။ သာဝတ္ထိမြို့သူမြို့သားတို့သည် ကာသိတိုင်းဖြစ် အဝတ်အထည်တို့ကို အလွန်ကြိုက်နှစ်သက်ကြသည်။ ပွဲလမ်းသဘင် သွားသည့်အခါ ကာသိတိုင်းဖြစ် အဝတ်အထည်တို့ကို ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လေ့ရှိကြသည်။ နက္ခတ်ပွဲသဘင် အမီသာ ရောက်ရှိသွားပါက မဟာနေ၏ အဝတ်အထည်များမှာ နေ့ချင်း ရက်ချင်းပင် ကုန်သွားနိုင်ဖွယ်ရာ ရှိပေသည်။ ထို့ကြောင့်လည်း လှည်းငါးရာဖြင့် အဝတ်အထည်များ အပြည့်တင်ကာ သာဝတ္ထိသို့ ထွက်ခဲ့ခြင်း ဖြစ်ပေသည်။

ဤသို့ အချိန်ကောင်းနှင့် ကိုက်၍ ကတိုက်ကရိုက် ထွက်ခဲ့ရသဖြင့် ဤတစ်ခေါက် ခရီးကား အစကတည်းကပင် အဆင်မပြေလှ။ ရရာ နွားနှင့်လှည်းများကို ငှားရမ်းခဲ့ရသဖြင့် ချည့်နဲ့သော နွားများနှင့် မခိုင်ခံ့သော လှည်းများ ပါဝင်နေရာ မှန်းသလောက် ခရီးမတွင်ဘဲ ဖြစ်နေသည်။ ထို့ပြင် တန်ခူးကုန်၍ ကဆုန်

www.burmeseclassic.com

www.burmeseclassic.com



ဆဲန်းစသော ရှိသေးသော်လည်း မိုးဦးက စောစောကျလာသည်။ လမ်းတစ်လျှောက် လုံးတွင် ရွှံ့ညွှန်ဗွက်တောများ ထူပြောကာ ခရီး ပို၍ နှောင့်နှေးနေရပြန်သည်။

ဗာရာဏသီနှင့် သာဝတ္ထိမှာ ပုံမှန်အားဖြင့် ခုနစ်ရက်ခရီး ဖြစ်၏။ သို့ရာတွင် ယခုတစ်ခေါက်ကား ခြောက်ရက်ကျော် ခုနစ်ရက်မြောက်လာသော်လည်း ခရီး တစ်ဝက်မျှသာ ပေါက်သေးသည်။

ယင်းသို့ စိတ်ပျက်ဖွယ်ရာ အခြေအနေများနှင့် ရင်ဆိုင်နေရစေကာမူ မဟာဓန ကုန်သည်ကြီးမှာ စိတ်အားမလျှော့။ ကြီးမားသော ဖွဲ့မာန်ဖြင့် အစွမ်းကုန် ခရီးပြင်း နှင်ခဲ့ရာ နောက်ဆုံးတွင် သာဝတ္ထိသို့ ဆိုက်ရောက်လာလေသည်။

သူရောက်ချိန်တွင် သာဝတ္ထိ၏နက္ခတ်ပွဲအား ပြီးစီးသွားလေပြီ။

သူ့အဖို့ 'အလာကောင်းသော်လည်း အခါနှောင်းသွားပြီ' ဖြစ်၏။ ပွဲသဘင် ပြီးစအချိန်တွင် အဝတ်ကောင်း အထည်ကောင်း ဝယ်မည့်သူ ရှားပါးလှဘိ၏။ သို့စေကာမူ မည်သို့မျှမတတ်နိုင်ချေ။ ကုန်သည်ဟူသည် အရှုံးနှင့် အမြတ် တစ်လှည့်စီ ကြုံရမည်သာဖြစ်၏။ ဒီတစ်မြို့၌ ရောင်းကွက်မရှိလျှင် နောက်တစ်မြို့သို့ ပြောင်းရ မည်သာဖြစ်၏။

မဟာဓနသည် လူနှင့်နွားများခရီးအပန်းပြေကြစေရန် သာဝတ္ထိ၌ တစ်ရက် နှစ်ရက်သာ ရပ်နားမည်။ ထို့နောက် တစ်မြို့တစ်နိုင်ငံသို့ ခရီးထွက်၍ ဈေးကွက်ကို ရှာဦးမည်ဟု စိတ်ကူးသည်။ သို့ရာတွင် ပြဿဒါးမလွတ်သော သူ့ခရီးမှာ ကြံတိုင်း မအောင် ဆောင်တိုင်းမမြောက် ဖြစ်ရပြန်သည်။

တစ်ရက်နှစ်ရက် နားနေစဉ်အတွင်း၌ပင် မိုးသည် နေ့မစဲ ညမစဲ ရွာလာ၏။ အစိရဝတီ မြစ်ရေကလည်း လျှံတက်လာ၏။ ထို့ကြောင့် ရှေ့သို့ ရတ်တရက် ခရီးဆက်ရန်အရေးမှာ မျှော်လင့်ချက်နှင့် ဝေးရပြန်တော့သည်။

ဤအခြေအနေတွင်မူ ကုန်သည်ကြီးလည်း စိတ်မပူတော့ချေ။ ဖြစ်သမျှ အကြောင်း အကောင်းချည်းဟုသာ သဘောထားလိုက်တော့သည်။ "ဘယ်ကိုမျှ ဆက်မသွားတော့ဘဲ သာဝတ္ထိ၌ပင် တစ်မိုးတွင်းလုံး ခိုနားနေမည်၊ အဝတ်အထည် များကိုလည်း တဖြည်းဖြည်းဆွဲ၍ ရောင်းနေမည်၊ မိုးကုန်၍ ဆောင်းဦးပေါက်လာ သောအခါ၌မူ ပွဲလမ်းသဘင်များ တစ်ခုပြီးတစ်ခု ရှိလာမည်၊ ထိုအခါ မိမိ၏အထည် များ ရောင်း၍ပင် လောက်မည်မဟုတ်" ဤသို့ အကောင်းဘက်ကိုတွေး၍ စိတ်အေး အေး ထားလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ စဉ်းစား ဆုံးဖြတ်ပြီးနောက် ကုန်သည်ကြီးသည် လှည်းငါးရာဖြင့် ရက်ရှည် စခန်းချနေထိုင်ရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်သည်။ ယာယီ တဲအိမ်များထိုး၍ လူနှင့်ပစ္စည်းများကို နေရာချထားပေးသည်။ စားရေရိက္ခာ ပြည့်စုံရေးအတွက်လည်း တပည့်တို့အား လိုအပ်သလို ညွှန်ကြားသည်။

ထိုအချိန်တွင် မြို့တွင်းသို့ ဆွမ်းခံကြွလာသော ဗုဒ္ဓရှင်တော်မြတ်သည် စခန်းချရန် စီမံဆောင်ရွက်နေသော မဟာဓနကုန်သည်ကြီးကိုမြင်လျှင် ပြုံးတော်မူလေသည်။ နောက်တော်မှ လိုက်ပါလာသော ရှင်အာနန္ဒာက ပြုံးခြင်း၏အကြောင်းကို မေးလျှောက်ရာ ဗုဒ္ဓက "အာနန္ဒာ၊ ဤကုန်သည်ကြီးသည် ဤအရပ်၌ ရက်ရှည် စခန်းချနေထိုင်၍ အဝတ်အထည်များကို ရောင်းချရန် ကြံစည် စိတ်ကူးနေ၏၊ မိမိ၏ အသက်အန္တရာယ်ကိုမူ စဉ်းစားမိဟန်မတူချေ" ဟု မိန့်ကြားတော်မူလေသည်။

"အရှင်ဘုရား၊ ဤကုန်သည်ကြီးမှာ အသက်အန္တရာယ်ဖြစ်ဖွယ်ရှိပါသလား"

"အာနန္ဒာ၊ မှန်၏၊ ခုနစ်ရက်အတွင်း၌ ဤကုန်သည်ကြီး၏ အသက်အန္တရာယ်ကို ငါမြင်၏"

ထိုအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓထံ၌ ခွင့်တောင်းပြီး လှည်းစခန်းအနီးသို့ တစ်ပါးတည်း ကြွရောက်၍ ဆွမ်းရပ်လေသည်။ မဟာဓန ကုန်သည်ကြီးက မထေရ်အား မွန်မြတ်သောဘောဇဉ်တို့ကို လောင်းလှူသည်။ မထေရ်က ဆွမ်းခံယူပြီးနောက် ချက်ချင်းကြွမသွားသေးဘဲ ကုန်သည်ကြီးအား ပဋိသန္ထာရစကား ပြောကြားသည်။

"ဒါယကာ၊ ဤအရပ်၌ ဘယ်မျှကြာအောင် သင်တို့နေမှာလဲ"

"မိုးကုန်၍ ဆောင်းဦးပေါက်သည်အထိနေရန် ကြံရွယ်ပါသည်ဘုရား"

"ဒါယကာ၊ အသက်အန္တရာယ်ဟူသည် သိနိုင်ခဲဘိ၏၊ မမေ့မလျော့ နေထိုင်ပါလော"

ရှင်အာနန္ဒာသည် ဤသို့သတိပေးစကားမိန့်ကြားပြီး ကျောင်းသို့ပြန်ကြွလာသည်။ မဟာဓနကုန်သည်ကြီးသည် ရှင်အာနန္ဒာ၏ သတိပေးစကားကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်။ "ငါသည် စီးပွားရေးကိုသာ စိတ်စော၍ သံသရာရေးကို မေ့လျော့နေခဲ့၏။ ရှင်အာနန္ဒာ၏ ကျေးဇူးကား ကြီးမားလှပေ၏" ဤသို့စဉ်းစားကာ ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းအပေါင်းကိုပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီး ပေးသည်။ ခုနစ်ရက်မြောက်သောနေ့၌ ဗုဒ္ဓမြတ်စွာက ကုန်သည်ကြီးအား ဆွမ်းအနုမောဒနာစကား မြွက်ကြားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာ၊ အသိပညာနှင့် ပြည့်စုံသောသူသည် ဤအရပ်၌ ဤမျှနေထိုင်၍ ဤမည် ဤမည်သောကိစ္စကိုပြုအံ့ ဟု မိမိကိစ္စကိုသာ စဉ်းစား၍မနေသင့်၊ အသက်အန္တရာယ်ကိုလည်း သတိပြုသင့်၏"

ဗုဒ္ဓမြတ်စွာသည် ကုန်သည်ကြီးအား ဩဝါဒစကား မြွက်ကြားပြီး ...

အသိဉာဏ်နည်းပါးသော လူဗာလသည် ဤအရပ်၌ မိုးရာသီပတ်လုံး ငါနေမည်၊ ဤအရပ်၌ ဆောင်းရာသီ၊ နွေရာသီပတ်လုံး ငါနေမည်ဟူ၍ အမျိုးမျိုးအဖုံဖုံ စဉ်းစားနေ၏၊ 'ဘယ်အချိန်၊ ဘယ်အရပ်၌ ငါသေမည်' ဟူ၍ မိမိ၏ အသက်အန္တရာယ်ကိုမူ မသိရှာချေ" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာအဆုံး၌ မဟာဓနသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မဟာဓနကုန်သည်ကြီးသည် ဗုဒ္ဓမြတ်စွာကို ကျောင်းသို့လိုက်ပို့ပြီးနောက် ရုတ်တရက် ဖြစ်ပေါ်လာသော ဦးခေါင်းရောဂါဖြင့် ထိုနေ့ညမှာပင် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ ရောက်သွားလေသည်။

(၂၀။ မဂ္ဂဝဂ်၊ ၁၀-မဟာဓနဝါဏိဇ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

## လရောင်ထွက်သည့် ပုဏ္ဏားပျို

ရာဇဂြိုဟ်ပြည်၌ ပစ္စည်းဥစ္စာ အတော်အတန် ချမ်းသာကြွယ်ဝသော ပုဏ္ဏားကြီးတစ်ဦးအိမ်တွင် ထူးဆန်းသော သားတစ်ယောက် မွေးဖွားလာသည်။ ထိုကလေးငယ် မွေးဖွားပြီးစ အချိန်မှစ၍ သူ၏ ချက်မှ လဝန်းသဏ္ဌာန်ရှိသော အလင်းရောင်တစ်ခု မသိမသာ ထွက်ပေါ်နေ၏။ ထိုအလင်းရောင်သည် မွေးကင်းစ အရွယ်၌ မသိသာလှသော်လည်း ရက်ရလာသည်နှင့်အမျှ တဖြည်းဖြည်း ပို၍ ပို၍ ထင်ရှားလာလေသည်။

မိဘတို့သည် ကလေးငယ်၏ ထူးဆန်းသော အခြင်းအရာကို မြင်ကြလျှင် လက္ခဏာဗေဒင် ကျွမ်းကျင်တတ်မြောက်သူများကို ဖိတ်ခေါ်၍ ပြသကြသည်။ "ကလေးငယ်သည် အလွန် ထူးခြားသော ဘုန်းရှင်ကံရှင်တစ်ဦး ဖြစ်သည်။ ကြီးမားသော တန်ခိုး သိဒ္ဓိနှင့် ပြည့်စုံသူ ဖြစ်လိမ့်မည်" စသည်ဖြင့် လက္ခဏာ ဆရာတို့က ဟောကိန်း ထုတ်ကြသည်။ ယင်းသို့ ဟောကိန်းများကြောင့်လည်း မိဘများသည် ကလေးကို ပို၍ ဂရုစိုက်ကာ ကျွေးမွေးပြုစုခဲ့ကြသည်။ ချက်မှ လရောင် ထွက်ခြင်းကို အကြောင်းပြု၍ ကလေး၏နာမည်ကိုလည်း 'စန္ဒာဘ' ဟု မှည့်ခေါ်ကြသည်။

ပုဏ္ဏားငယ်ကလေး စန္ဒာဘ၏သတင်းမှာ တစ်စတစ်စ အရပ်ထဲ၌ ပျံ့နှံ့သွားရာ အိမ်သို့ လာရောက် ကြည့်ရှုသူများ နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။ ထိုသူများသည် စားဖွယ်သောက်ဖွယ် အမျိုးမျိုးနှင့် အဝတ်အထည်တို့ကို ယူဆောင်၍ လာကြသောကြောင့် ပုဏ္ဏားကြီး၏အိမ်၌ အလွန်ပင် လာဘ်လာဘ ရွှင်လျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့်ပင် 'စန္ဒာဘ' ကလေးသည် ၄-၅နှစ်သားအရွယ်သို့ ရောက်လာ၏။ ထိုအချိန်တွင် သူ့ထံသို့ လာရောက်သူများ ယခင်ကထက်ပင် ပို၍ များပြားလာလေသည်။ အကြောင်းကား 'စန္ဒာဘကလေး၏ ချက်ကို ကိုင်တွယ် သုံးသပ်ရသူများသည် အန္တရာယ်ကင်းသည်။ စည်းစိမ် ဥစ္စာတိုးပွားသည်'' ဟူသော ပါးစပ်သတင်း တစ်ရပ် ထွက်ပေါ်လာသောကြောင့် ဖြစ်ပေသည်။

ထိုသတင်းကြောင့် ရောဂါ ပျောက်ကင်းလိုသည့် ဝေဒနာရှင်များ၊ ရာထူး တိုးတက်လိုသည့် မှူးမတ်များ၊ နေ့ချင်းရက်ချင်း ချမ်းသာကြွယ်ဝလိုသည့် ကုန်သည်များ စသူတို့သည် ပုဏ္ဏားကြီး၏အိမ်သို့ နေ့မစဲညမစဲ ရောက်လာကြသည်။ စန္ဒာဘ၏ ချက်ကို ကိုင်တွယ် သုံးသပ်ခွင့်ရရှိရန်လည်း ပုဏ္ဏားကြီးအား တောင်းပန် တိုးလျှိုးခြင်း ပြုကြသည်။ ပစ္စည်းဥစ္စာ အသပြာ ကြေးငွေ စသည်တို့ကိုလည်း မိမိတို့ စွမ်းအားရှိသလောက် ယူဆောင်လာကြပြီး ပုဏ္ဏားကြီးအား လက်ဆောင်အဖြစ် ပေးကြသည်။

ယင်းသို့ စန္ဒာဘထံ တကူးတကလာရောက်ကြသူများမှာ ရာဇဂြိုဟ်မြို့တွင်းမှ လူများသာမက ရာဇဂြိုဟ်မှ အတော်အတန် ခရီးကွာလှမ်းသော မြို့ရွာတို့မှ လူများလည်း တစ်ခါတစ်ရံ ရောက်လာကြသည်။ ထိုကဲ့သို့ ခရီးဝေးမှ လာကြသူများကား လမ်းပန်း အခက်အခဲကြောင့် များစွာပင် ဆင်းရဲပင်ပန်းကြလေသည်။

ဤအခြေအနေတွင် အရိုးသောသူများက စန္ဒာဘ၏ဖခင် ပုဏ္ဏားကြီးအား အကြံတစ်ခု ပေးကြသည်။ ထိုအကြံကား စန္ဒာဘကို ခေါ်ဆောင်၍ နယ်လှည့်ခရီးထွက်ရန် ဖြစ်သည်။ ယင်းသို့ ခရီးထွက်ပါက အခြားသော မြို့ရွာတို့မှ စန္ဒာဘ၏ ချက်ကို ကိုင်တွယ်သုံးသပ်လိုသူများ အလွယ်တကူ ဆန္ဒပြည့်ဝမည်။ မိမိတို့လည်း ငွေကြေးပစ္စည်း ပိုမိုရရှိမည်။ စန္ဒာဘသည်လည်း ယခုအချိန်တွင် အသက်(၂၀)နည်းပါး ရှိနေပြီဖြစ်သည်။

ထိုအကြံကို ပုဏ္ဏားကြီးကသဘောတူသဖြင့် ခရီးထွက်ရန် ပြင်ဆင်သည်။ စန္ဒာဘကို လှည်းယာဉ်တစ်စီးဖြင့်တင်ဆောင်၍ အစောင့်အရှောက်အဖြစ် ပုဏ္ဏားရှစ်ယောက် လိုက်ပါလျက် ရာဇဂြိုဟ်ပြည်မှ ခရီးထွက်ခဲ့လေသည်။

စန္ဒာဘတို့ အဖွဲ့သည် တစ်မြို့မှတစ်မြို့ လှည့်လည်ကြသည်။ ရောက်လေရာ မြို့ရွာတို့၌ တစ်နေရာတွင် ရပ်နားတည်းခိုပြီး မိမိတို့ သတင်းကို ဖြန့်ဝေကြသည်။ ထိုအခါ မြို့ခံလူတို့သည် သူတို့ထံသို့လာ၍ စန္ဒာဘ၏ချက်ကို ကိုင်တွယ် သုံးသပ်ခွင့် ရရှိရန် တောင်းဆိုကြသည်။ ယင်းသို့ တောင်းဆိုသူများထံမှ တစ်ရာနှစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် အဖိုးအခ သတ်မှတ် တောင်းယူကြသည်။ ဤသို့ဖြင့် တစ်မြို့ တစ်မြို့၌ ငွေကြေး မြောက်မြားစွာ ရရှိကြလေသည်။

နယ်လှည့်စီးပွားရှာနေသော စန္ဒာဘတို့အဖွဲ့သည် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာသည်။ သာဝတ္ထိမြို့တော်၏ တောင်ဘက် တံခါးအနီး၌ စခန်းချနေကြစဉ် ဇေတဝန် ကျောင်းတော်သို့ တရားနာလိုက်လာကြသော မြို့သူမြို့သားများကို သူတို့ တွေ့မြင်ကြသည်။

ထိုအခါ သူတို့သည် မြို့သူမြို့သားများအား စန္ဒာဘ၏အကြောင်းကို ပြောကြားကြသည်။ "ရောဂါပျောက်လိုသူ၊ ရာထူးစည်းစိမ် တိုးလိုသူများသည် ထူးဆန်းသော ဤပုဏ္ဏားပျို၏ ချက်ကို ကိုင်တွယ် သုံးသပ်ကြပါကုန်လော" ဟူ၍ ကြွေးကြော်လေသည်။

မြို့သူမြို့သားများကား သူတို့ စကားကို စိတ်ပါဝင်စားခြင်း မရှိကြ။ ဇေတဝန်ကျောင်းတော်ဆီသို့သာ ခြေလှမ်းမပျက် ဆက်၍ သွားနေကြသည်။ အချို့ကမူ "သင်တို့ စန္ဒာဘပုဏ္ဏားသည် ငါတို့၏ ဗုဒ္ဓရှင်တော်မြတ်လောက် ထူးခြား ဆန်းကြယ်မည် မဟုတ်ပါ" ဟူ၍ တုံ့ပြန် ပြောဆိုကြလေသည်။

ထိုစကားကို ကြားလျှင် စန္ဒာဘနှင့် သူ့အဖော် ပုဏ္ဏားတို့သည် ဗုဒ္ဓ၏ ထူးခြားဆန်းကြယ်ပုံကို တွေ့မြင်လိုကြသဖြင့် ဇေတဝန် ကျောင်းတော်သို့ လိုက်သွားကြသည်။ ဗုဒ္ဓရှင်တော်မြတ်အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် စန္ဒာဘ၏ချက်မှ ထွက်မြဲဖြစ်သော အရောင်အလင်းသည် ချက်ချင်း ပျောက်ကွယ်သွားလေ၏။ မိမိ၏ ချက်မှ အလင်းရောင် ပျောက်ကွယ်သွားသည်ကို မြင်လျှင် စန္ဒာဘသည် နောက်သို့ ပြန်ဆုတ်သည်။ ထိုအခါ အလင်းရောင်သည် ယခင်အတိုင်း ထွက်လာမြန်သည်။

ယင်းသို့ သုံးကြိမ်တိုင်တိုင် ရှေ့တိုးနောက်ဆုတ် ပြုလုပ်၍ စုံစမ်းကြည့်ပြီး ဗုဒ္ဓ၏ တန်ခိုးအာနုဘော်ကြောင့် မိမိ၏အလင်းရောင် ကွယ်ပျောက်သွားခြင်း ဖြစ်ကြောင်း သိလျှင် စန္ဒာဘသည် ဗုဒ္ဓအား မေးလျှောက်လေသည်။

"အရှင် ဂေါတမ၊ အရှင်သည် အလင်းရောင်ကို ကွယ်ပျောက်နိုင်စေသည့် ဂါထာမန္တန်ကို တတ်မြောက်ပါသလော"

"တတ်မြောက်ပေသည် စန္ဒာဘ"

"ထိုမန္တန်ကို ကျွန်ုပ်အား သင်ကြားပေးနိုင်ပါမည်လော"

"ငါကဲ့သို့ ရဟန်းဝတ်လျှင် သင်ကြားပေးနိုင်ပေ၏ စန္ဒာဘ"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားလျှင် စန္ဒာဘသည် မန္တန်ကို လိုချင်သည့် အခါဖြင့် ဗုဒ္ဓထံ၌ ရဟန်းပြုလေသည်။ မိမိ၏အဖော်ပုဏ္ဏားတို့ကိုမူ "သင်တို့ နှစ်ရက် သုံးရက်မျှ စောင့်နေကြပါဦး၊ ရှင်ဂေါတမ ထံမှ မန္တန်ကို ရလျှင် ကျွန်ုပ်ပြန်ခဲ့ပါ မည်" ဟု မှာထားခဲ့လေသည်။

ဗုဒ္ဓသည် ပုဏ္ဏားမျိုး စန္ဒာဘအား ရဟန်းပြုစေပြီး ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း ကို သင်ကြားပေးတော်မူသည်။ "သင် လိုချင်တဲ့ မန္တန်ကို မသင်ယူမီ ရှေးဦးစွာ ဤကမ္မဋ္ဌာန်းကို သင်ယူ လေ့လာပါဦး" ဟူ၍ စန္ဒာဘအား မိန့်ကြားတော်မူသည်။ စန္ဒာဘသည် ဗုဒ္ဓသင်ကြားပေးသည့်အတိုင်း "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ" စသည်ဖြင့် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ရာ ၂ရက်၊ ၃ ရက် အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ခုနစ်ရက်ခန့် ကြာသောအခါ စန္ဒာဘ၏ အဖော် ပုဏ္ဏားတို့သည် စန္ဒာဘကို ပြန်ခေါ်ရန် ဇေတဝန်ကျောင်းတော်သို့ လိုက်လာကြသည်။ ထိုပုဏ္ဏားတို့အား ရှင်စန္ဒာဘက "ပုဏ္ဏားတို့၊ သင်တို့သာ ပြန်ကြကုန်လော၊ ကျွန်ုပ်တော့ ရဟန်းဘဝ ကို မစွန့်နိုင်တော့ပါဘူး" ဟု ပြန်ပြောလေသည်။

ထိုစကားကို ကြားသော ရဟန်းတို့က ဗုဒ္ဓမြတ်စွာထံ သွား၍ လျှောက်ကြား ကြသည်။

"ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ အလင်းရောင်ကို ပျောက်ကွယ်စေနိုင်တဲ့ မန္တန် ကို သင်ယူလို၍ ရဟန်းပြုနေတဲ့ စန္ဒာဘက ရဟန်းဘဝကို သူ မစွန့်နိုင်တော့ဘူး လို့ ပြောနေပါတယ်။ ဟုတ်နိုင်ပါမည်လား ဘုရား"

"ရဟန်းတို့၊ စန္ဒာဘ၏စကားသည် အမှန်ပင် ဖြစ်ပေ၏။ စန္ဒာဘသည် ဘဝတဏှာကင်းသော ရဟန်းအဖြစ်သို့ ရောက်လေပြီ"

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား ဤသို့ ဖြေကြားပြီး ...

"အကြင် ပုဂ္ဂိုလ်သည် အညစ်အကြေးကင်းသော လမင်းကဲ့သို့ ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်၏။ အပြစ်ကင်းစင် ကြည်လင်သောစိတ်ရှိ၏။ ဘဝ၌ သက်မှု တဏှာ ကုန်ခန်းပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါ ဆို၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လာရောက် လျှောက်တင်သော ရဟန်းများ သံသယကင်းရှင်းသွားကြသည်။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်က စန္ဒာဘာသည် အတိတ်ဘဝက ကဿပမြတ်စွာဘုရား၏ စေတီတော်အတွင်း၌ စန္ဒကူးနံ့သာဖြင့် လဝန်းသဏ္ဌာန်ပြုလုပ်၍ ပူဇော်ခဲ့ဖူးသော ကောင်းမှုကြောင့် ယခုဘဝတွင် သူ၏ ချက်မှ လဝန်းသဏ္ဌာန်ရှိသော အလင်းရောင် ထွက်ပေါ်ခြင်း ဖြစ်ကြောင်း ထုတ်ဖော် ဟောကြားတော်မူလေသည်။

(၂၆။ ဖြာဟွာဏဝဂ်၊ ၃၀-စန္ဒာဘာထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# လက်ညှိုးပန်းနှင့် သောင်းကျန်းသူ

## (၁)

ဘဂ္ဂဝ ပုဏ္ဏားကြီးသည် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလ၏ ပုရောဟိတ်ဆရာကြီးဖြစ်သည်။ တစ်နေ့တွင် ပုရောဟိတ်ကတော် မန္တာနီပုဏ္ဏေးမသည် ညသန်းခေါင်အချိန်၌ သားယောကျ်ားကလေးကို ဖွားမြင်လေ၏။ ဖွားမြင်ချိန်တွင် အိမ်၌ရှိသော ဓားလှံ လက်နက်များသည် ထူးဆန်းစွာ အရောင်ထွက်၍ တလက်လက် တောက်ပသည်ကို တွေ့မြင်ကြရသောကြောင့် အိမ်သူအိမ်သားများ တအံ့တသြ ဖြစ်သွားကြလေသည်။

ပုရောဟိတ် ပုဏ္ဏားကြီးသည် ထူးဆန်းသော အခြင်းအရာကိုမြင်လျှင် အိမ်ပြင်သို့ထွက်၍ ကောင်းကင်၌ ဂြိုဟ်နက္ခတ် အသွားအလာကို ကြည့်ရှုရာ စောရနက္ခတ်နှင့် ယှဉ်နေကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ မိမိသားငယ်သည် ကြီးပြင်းသောအခါ ခိုးသား ဓားပြတစ်ဦး ဖြစ်လာမည်ဟု သိရှိလေသည်။

နံနက်လင်းသောအခါ ပုဏ္ဏားကြီးသည် နေ့စဉ်ပြုနေကျ ဝတ်အတိုင်း ဘုရင်မင်းမြတ်အား ခစားရန် နန်းတော်သို့ ဝင်လေ၏။

"အရှင်မင်းမြတ်၊ ချမ်းသာစွာ အိပ်ရပါ၏လော" ဟု မင်းကြီးအား မေးလျှောက်လျှင် မင်းကြီးက နန်းတော်တွင်းမှ ဓားလှံလက်နက်များ အရောင်တလက်လက် ထွက်သည်ကို မြင်ရသောကြောင့် စိတ်ချောက်ချားနေကြောင်း မိန့်ကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာပုဏ္ဏား၊ ငါ၏ ထီးနန်းစည်းစိမ် အန္တရာယ်သော်လည်းကောင်း၊ တိုင်းပြည်၏ အန္တရာယ်သော်လည်းကောင်း ဖြစ်ဖွယ်ရာ မြင်ပါသလော"

"အရှင်မင်းမြတ်၊ ယင်းသို့သော အန္တရာယ်များ ဖြစ်ဖွယ်ရာမရှိပါ၊ ကျွန်ုပ်၏ အိမ်၌ ခိုးသားဓားပြဖြစ်မည့် ကလေးသူငယ်တစ်ဦး မွေးဖွားသောကြောင့် ဓားလှံ လက်နက်များ အရောင်တောက်ခြင်းဖြစ်ပါသည်"

"ဆရာ၏သားသည် တစ်ကိုယ်တည်းသော ခိုးသားဓားပြဖြစ်မည်လော၊ သို့တည်းမဟုတ် တိုင်းပြည်ကို ပုန်ကန်မည့် သူပုန်ခေါင်းဆောင်ဖြစ်မည်လော"

"တစ်ကိုယ်တည်းသော ခိုးသားဓားပြသာ ဖြစ်ပါလိမ့်မည် အရှင်မင်းမြတ်"

"သို့ဖြစ်လျှင် ကိစ္စမရှိပါ၊ သင့်သားကို ကောင်းစွာ ကျွေးမွေးပြုစုပါလော"

ဘုရင်မင်းမြတ်၏ မိန့်ကြားချက်ကို ကြားရသောအခါ ပုရောဟိတ်ဆရာကြီးသည် ဝမ်းမြောက်စွာ အိမ်သို့ပြန်လာပြီး သားငယ်ကို ကောင်းမွန်စွာ ကျွေးမွေးပြုစုထားသည်။ အခြားသူတို့အား ညှဉ်းဆဲနှိပ်စက်သူ ဖြစ်မလာစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် သားငယ်ကို "အဟိံသက" ဟု မှည့်ခေါ်ထားလေသည်။

အဟိံသက အရွယ်ရောက်လာသောအခါ ပညာသင်ရန် တက္ကသိုလ်ပြည်သို့ စေလွှတ်လိုက်သည်။ အဟိံသကသည် ဉာဏ်ထက်မြက်သူဖြစ်၍ အတတ်ပညာကို ကြိုးကြိုးစားစား သင်ယူအားထုတ်ရုံသာမက ဆရာ၏ဝေယျာဝစ္စကိုလည်း တက်ကြွဖျတ်လတ်စွာ ဆောင်ရွက်လေ၏။ ထို့ကြောင့် ဆရာကတော်နှင့်တကွ ဒိသာပါမောက္ခကြီး၏ အရေးပေးခြင်းကို ခံရလေသည်။

ထိုအခါ အခြားသော တပည့်လုလင်တို့က အဟိံသက အပေါ်၌ မနာလိုဝန်တို ဖြစ်လာကြသည်။ ထို့ကြောင့် ဆရာကြီး၏ အထင်အမြင် လွဲမှားမှုကို ဖြစ်ပေါ်စေရန် အမျိုးမျိုးသော နည်းဖြင့် ကြံဆောင်ကြလေသည်။ ပညာလည်းတော်၊ တာဝန်လည်း ကျေပွန်လှသူဖြစ်၍ အခြားနည်းဖြင့် အဟိံသက၏ ဂုဏ်သိက္ခာကို ပျက်ပြားစေရန် မစွမ်းဆောင်နိုင်ကြသောအခါ ဆရာကြီးကတော်နှင့် ဖောက်ပြားနေသည်ဟု သတင်းလွှင့်ကြသည်။

ဆရာကြီးကား အစပိုင်းတွင် ထိုတပည့်တို့၏ ကုန်းချောစကားကို မယုံကြည်ခဲ့။ မိမိအား ထိုအကြောင်းကို လာပြောသည့် တပည့်များအား မာန်မဲ၍ လွှတ်လိုက်သည်။ အကြိမ်ကြိမ်လာ၍ ပြောသည့်အခါတွင်မူ သံသယ ဝင်လာသောကြောင့် အဟိံသက၏ အနေအထိုင်ကို ဂရုစိုက်၍ လေ့လာအကဲခတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဟိံသကနှင့် ဆရာကတော်တို့ တရင်းတနှီး နေထိုင်ဆက်ဆံပုံကို မြင်ရလျှင် တပည့်တို့၏စကားကို ယုံကြည်သွားလေသည်။ ထိုအခါ ဆရာကြီးသည် အဟိံသက၏ မျက်နှာကိုပင် မကြည့်လို မမြင်လိုတော့ဘဲ တစ်စုံတစ်ခုသော နည်းပရိယာယ်ဖြင့် ဖျောက်ဖျက်ပစ်ရန် ကြံစည်လေသည်။

တစ်နေ့သ၌ ဆရာကြီးသည် အဟိံသကကို ခေါ်၍ ဤသို့ ပြောလေသည်။

"ချစ်သား အဟိံသက၊ သင်သည် ပညာလည်းတော်၏၊ လိမ္မာရေးခြားလည်း ရှိ၏၊ ထို့ကြောင့် သင့်အား ထူးခြားသော အတတ်ပညာ တစ်ရပ်ကို ငါ သင်ကြားပေးအံ့၊ သို့သော် ထိုပညာကို အလွယ်တကူ သင်ကြားပေး၍ မဖြစ်၊ လူ့ညာလက်ညှိုး တစ်ထောင်ဖြင့် ယဇ်ပူဇော်မှသာ တတ်မြောက်နိုင်သော ပညာဖြစ်၏၊ သို့ဖြစ်၍ သင်သည် လူ့လက်ညှိုးတစ်ထောင်ကို ရအောင်ရှာချေလော့"

ဒီသာပါမောက္ခ ဆရာကြီး၏ စကားကိုကြားလျှင် အဟိံသကသည် ဓားလှံလေးမြား စသော လက်နက်များကို ယူဆောင်၍ တက္ကသိုလ်ပြည်မှ ထွက်ခဲ့သည်။ တိုင်းပြည်၏ အစွန်အဖျားဖြစ်သော တောအုပ်ကြီး တစ်ခုသို့ ရောက်သောအခါ ထိုတောကြီးအတွင်း၌ ခိုအောင်းနေထိုင်လျက် လာသမျှလူတို့ကို ဖမ်းဆီးသတ်ဖြတ်ပြီး ညာလက်ညှိုးတစ်ချောင်းစီကို ဖြတ်ယူထားလေသည်။

ဖြတ်ယူရရှိသောလက်ညှိုးများကို အဟိံသကသည် မိမိနေထိုင်သည့်သစ်ပင်၌ ချိတ်ဆွဲထားလေ့ရှိရာ ကျီးငှက်များစားသဖြင့် ပျက်စီးကုန်ကြသည်။ ထို့ကြောင့် သူသည် နောက်ပိုင်းတွင် ရရှိသည့်လက်ညှိုးများကို ကြိုးဖြင့်သီ၍ လည်ပင်း၌ဆွဲထားသည်။ ဤသို့ လက်ညှိုးများကို ပန်းကုံးကဲ့သို့ ကြိုးဖြင့်သီ၍ လည်ပင်းတွင် ဆွဲထားသည့်အချိန်မှစ၍ သူသည် "အင်္ဂုလိမာလ ခိုးသားကြီး" ဟူသော အမည်ဖြင့် ထင်ရှားလာလေသည်။

အင်္ဂုလိမာလ ခိုးသားကြီး၏ သတင်းသည် တစ်နေ့တခြား ပျံ့နှံ့လာခဲ့ရာ သူနေသည့် တောအုပ်အတွင်းသို့ ဖြတ်သန်းသွားဝံ့သူ မရှိသလောက်ဖြစ်လာသည်။ ထိုအခါ သူသည် တခြားတောအုပ်တစ်ခုသို့ ပြောင်းရွှေ့ပြန်သည်။ ဤနည်းအားဖြင့် သူသည် နောက်ဆုံးတွင် ကောသလတိုင်းအတွင်းမှ ဇာလိနီ မည်သော တောအုပ်သို့ ရောက်လာသည်။

သူရောက်သည့်အချိန်မှစ၍ ထိုတောအုပ်အတွင်းသို့လည်း လူများမလာကြတော့ချေ။ ထိုအခါ သူသည် အစွန်အဖျားရှိရွာများသို့ ညအချိန်တွင် ဝင်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com



ရရာလူကို ဖမ်းဆီးသတ်ဖြတ်လေသည်။ အင်္ဂုလိမာလမှာ သုံးယူဇနာခရီးကို တစ်ရှိန်တည်း ပြေးနိုင်သူဖြစ်၍ မည်သူမျှ သူ့ကိုမီအောင် မလိုက်နိုင်ကြ။ ထို့ကြောင့် ရွာသိမ်ရွာငယ်တို့မှ လူများသည် မိမိတို့ရွာ၌မနေဝံ့ကြတော့ဘဲ သာဝတ္ထိနေပြည်တော်သို့ ထွက်ပြေးခိုလှုံကြရသည်။

တစ်နေ့သည်၌ ကျေးရွာတို့မှ ထွက်ပြေးလာကြရသူများ စုဝေးပြီး ဘုရင့်နန်းတော်ရှေ့သို့သွားကာ ကြွေးကြော်အော်ဟစ်ကြလေသည်။

“အရှင်မင်းကြီး၊ ကျွန်ုပ်တို့တိုင်းပြည်၌ ခိုးသားကြီး အင်္ဂုလိမာလ ထကြွသောင်းကျန်းနေပါသည်၊ အမြန်ဆုံး ဖမ်းဆီးနှိမ်နင်းတော်မူပါလော”

ထိုသူတို့၏ အော်ဟစ်တောင်းဆိုမှုကြောင့် ကောသလမင်းကြီးသည် အေးအေးမနေသာတော့ချေ။ “အင်္ဂုလိမာလ ခိုးသားကြီးကို နက်ဖြန်ပင် ဘုရင်မင်းမြတ်ကိုယ်တိုင် မြင်းသည်တော် ငါးရာဖြင့် ထွက်၍ လက်ရဖမ်းမည်” ဟု ကြေညာချက်ထုတ်ပြန်ရလေတော့သည်။

ကြေညာချက် ထွက်ပေါ်လာသောအခါ ပုရောဟိတ်ပုဏ္ဏားကြီးသည် ဖနီးဖြစ်သူ မန္တာနီ ပုဏ္ဏေးမအား ဤသို့ပြောလေသည်။ –

“ရှင်မ၊ ယခု ထကြွသောင်းကျန်းနေသည့် ခိုးသားကြီး အင်္ဂုလိမာလဟူသည် အခြားသူမဟုတ်၊ ငါတို့သား အဟိံသကပင်ဖြစ်၏”

ထိုစကားကိုကြားသိရလျှင် ပုဏ္ဏေးမက စိုးရိမ်ပူပန်ခြင်းကြီးစွာဖြင့် ပုဏ္ဏားကြီးအား သားကိုသွားခေါ်ရန် တိုက်တွန်းသည်။ သို့သော် ပုဏ္ဏားကြီးက သူ မသွားလိုဟုဆိုကာ တွင်တွင်ကြီး ငြင်းဆန်နေလေသည်။

ကြီးမားသော မိခင်တို့၏ မေတ္တာဖြင့် လှုံ့ဆော်တိုက်တွန်းအပ်သော ပုဏ္ဏေးမသည် “ရှင့် မသွားရင် ကျွန်မပဲ သွားပါမည်။ သားအတွက် ကျွန်မအသက်ကို အသေခံပါမည်” ဟု ဆို၍ နောက်တစ်နေ့ နံနက်တွင် အိမ်မှ စောစီးစွာ ထွက်ခဲ့လေသည်။

အင်္ဂုလိမာလသည် တောထဲ၌နေရသည်မှာ ကာလကြာခဲ့ပြီဖြစ်၍ ငြီးငွေ့လာပြီဖြစ်သောကြောင့် မိမိရရှိထားသော လက်ညှိုးများကို ရေတွက်ကြည့်ရာ တစ်ထောင်ပြည့်ရန် တစ်ချောင်းမျှသာလိုတော့ကြောင်း တွေ့ရှိရလေသည်။ ထို့ကြောင့် “ယနေ့ ပထမဦးဆုံးတွေ့ရှိသူကို လက်ရဖမ်းပြီး လက်ညှိုးပေါင်းတစ်ထောင် ပြည့်စေမည်” ဟု ကြံလျက် တောအုပ်ဝတွင် စောင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူ့မိခင်ဖြစ်သော မန္တာနီ ပုဏ္ဏေးမသည် ''ချစ်သား အဟိံသက၊ ကောသလမင်းကြီးသည် ယနေ့ သင့်ကို လာ၍ဖမ်းလိမ့်မည်၊ အသက်မသေစေရန် မိခင်ထံသို့ အမြန်လာခဲ့လော'' ဟု အော်ဟစ်လျက် တောအုပ်ဝသို့ ရောက်လာသည်။ အင်္ဂုလိမာလသည် ပုဏ္ဏေးမလာသည်ကို အဝေးမှလှမ်း၍မြင်လျှင် ''မိခင်ကိုပင် သတ်၍ လက်ညှိုးနှစ်ချောင်းကို ဖြတ်ယူတော့အံ့'' ဟူသောအကြံဖြင့် တောအုပ်ထဲမှ ပြေးထွက်လာသည်။

ထိုသို့ ထွက်ပြေးလာစဉ် အခြားတစ်ဖက်မှ ခပ်သွက်သွက် လျှောက်လာသော ရဟန်းတစ်ပါးကို အင်္ဂုလိမာလ တွေ့မြင်လိုက်ရသည်။ ထိုအခါတွင်မူ သူသည် ''မိခင်ကိုလွှတ်ပြီး ဤရဟန်းကိုပင် ဖမ်းတော့မည်'' ဟု ကြံ၍ ထိုရဟန်းနောက်သို့ အပြေးလိုက်လေသည်။

နောက်မှ လိုက်လာသော အင်္ဂုလိမာလသည် အားကုန်ထုတ်၍ ပြေးလာသော်လည်း ရှေ့မှသွားသောရဟန်းကား ဣန္ဒြေမပျက် တစ်လှမ်းချင်းသာ လျှောက်နေသည်ကို တွေ့ရသည်။ သို့ရာတွင် သူသည် ချွေးသီးချွေးပေါက်များ ယိုစီးထွက်ကျလာသည့်တိုင်အောင် ရဟန်းကိုမမီ။ မြေအပြင်သည် လှိုင်းတံပိုးထသကဲ့သို့ နိမ့်တုံမြင့်တုံဖြစ်နေသောကြောင့် သူ့ခြေလှမ်းမှာ ရှေ့မတိုးဘဲ ဖြစ်နေလေသည်။

ထိုအခါ အင်္ဂုလိမာလသည် ''အလွန်လျှင်မြန်လှသော သမင်ဒရယ် စသော သတ္တဝါများပင် ငါ့လက်မှမလွတ်နိုင်။ ဖြည်းဖြည်းသာသွားသော ဤရဟန်းကို ငါမမီနိုင်သည်မှာ အံ့ဩစရာပဲ'' ဟု စဉ်းစားမိသည်။ ထို့ကြောင့် အပြေးရပ်လိုက်ပြီး ''အို အရှင်ရဟန်း၊ ရပ်ပါဦး ရပ်ပါဦး'' ဟု လှမ်း၍ဆိုသည်။

''အချင်း အင်္ဂုလိမာလ၊ ငါသည် ရပ်၏၊ သင်သာ မရပ်ဘဲ သွားနေသူဖြစ်၏''

''အို ရှင်ရဟန်း၊ သင် မရပ်မနား သွားနေသည်ကို ကျွန်ုပ် မျက်မြင်ပင်ဖြစ်ပါသည်။ သို့ပါလျက် 'ငါသည် ရပ်၏၊ သင်သာ မရပ်' ဟု အဘယ့်ကြောင့် ဆိုဘိသနည်း။ ရဟန်းဖြစ်ပါလျက် မုသားဆိုခြင်းသည် မသင့်လျော်ပါ''

''အချင်း အင်္ဂုလိမာလ၊ ငါသည် သူ့အသက်ကိုသတ်ခြင်း စသော မကောင်းမှုတို့ကို ပယ်ရှားပြီးသူဖြစ်၍ အပါယ်သို့လားရန်မရှိ၊ နိဗ္ဗာန်တံခါးဝ၌ ရပ်တည်နေသူဖြစ်၏။ သင်ကား ထိုကဲ့သို့သော မကောင်းမှုဒုစရိုက်တို့ကို ပြုလုပ်နေသူဖြစ်၍ စစ်စစ် အပါယ်သို့ သွားရမည့်သူ ဖြစ်၏။ ထို့ကြောင့် ငါသည်ရပ်၏၊ သင်သာ မရပ်ဟုဆိုခြင်း ဖြစ်ပေသည်''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလျှင် အင်္ဂုလိမာလသည် "ဤမျှ လေးနက်သောစကားကို ဆိုတတ်သူကား သာမန်လူ မဟုတ်တန်ရာ၊ ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒန၏ သား ဘုရားဂေါတမ ဆိုသူပင် ဖြစ်ပေလိမ့်မည်" ဟု စဉ်းစားမိလေသည်။

ယင်းသို့ စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် သူသည် လည်၌ဆွဲထားသော လက်ညှိုးများကို လည်းကောင်း၊ လက်၌ စွဲကိုင်ထားသည့် ဓား၊ လုံ၊ လေးမြားတို့ ကို လည်းကောင်း ပစ်ချပြီး ဗုဒ္ဓမြတ်စွာအား ဦးခိုက်ရှိခိုးသည်။ သူ့ကို ရဟန်းပြု ပေးရန်လည်း တောင်းပန်သည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက အင်္ဂုလိမာလကို ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုပေးပြီး ရှင်အင်္ဂုလိမာလနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။ မန္တာနီ ပုဏ္ဏေးမသည်လည်း သားဖြစ်သူ အင်္ဂုလိမာလမှာ ရဟန်းအဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာနောက်သို့ ပါသွားပြီ ဖြစ်ကြောင်း သိရသဖြင့် ဝမ်းမြောက် စွာ အိမ်သို့ ပြန်ခဲ့လေသည်။

(၂)

ကောသလမင်းကြီးသည် လူဆိုးကြီး အင်္ဂုလိမာလကို ဖမ်းမည်ဟုဆို၍ မြင်းစီးသူရဲ ငါးရာဖြင့် မြို့တော်မှ ထွက်လာသည်။ မင်းကြီးသည် မြို့ပြင်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာကို ဖူးမြင်သွားဦးမည် ဟူသော အကြံဖြင့် ဇေတဝန် ကျောင်းတော်သို့ ဝင်သွားသည်။ "မင်းကြီး ဘယ်သွားမလို့လဲ" ဟု ဗုဒ္ဓက မေးတော်မူသဖြင့် အင်္ဂုလိမာလကို ဖမ်းဆီးရန် ထွက်လာခြင်း ဖြစ်ကြောင်း ဖြေကြား သည်။ ထိုအခါ ဗုဒ္ဓက မနီးမဝေးတွင် ထိုင်နေသော ရဟန်းတစ်ပါးကို ညွှန်ပြလျက် "အင်္ဂုလိမာလ ဆိုတာ သူပဲ" ဟု မိန့်ကြားတော်မူသည်။

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားရသောအခါ ကောသလမင်းကြီး အလွန်ထိတ် လန့် တုန်လှုပ်သွားသည်။ အင်္ဂုလိမာလမှာ ရဟန်းဖြစ်သွားပြီဖြစ်၍ ဘေးအန္တရာယ် ပြုမည့်သူ မဟုတ်တော့ကြောင်း မိန့်ကြားမှ မင်းကြီး အကြောက်ပြေသွားလေသည်။

ထိုအခါ ကောသလမင်းကြီးသည် အရှင်အင်္ဂုလိမာလထံချဉ်းကပ်၍ ပစ္စည်း လေးပါးဖြင့် ဖိတ်ကြားသည်။ အရှင်အင်္ဂုလိမာလကား အာရညကင်ဓုတင်၊ ပံ့သကူ ဓုတင် စသော ဓုတင်အကျင့်များကို ကျင့်နေသည်။ ထို့ကြောင့် သူ့မှာ ပစ္စည်းလေးပါး ပြည့်စုံကြောင်း မိန့်ကြားပြီး မင်းကြီး၏ ဖိတ်ကြားချက်ကို လက်မခံဘဲ ငြင်းပယ် လိုက်သည်။ ထို့နောက် မင်းကြီးသည် ဗုဒ္ဓမြတ်စွာထံ ပြန်သွားပြီး "တပည့်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် တုတ် ဓား လက်နက်တို့ဖြင့် မဆုံးမ၊ နိုင်သူကို မြတ်စွာဘုရားသည် တုတ် ဓား လက်နက် မပါဘဲ ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေသည်" ဟု ချီးကျူးစကား လျှောက်ကြား၍ နန်းတော်သို့ ပြန်သွားလေသည်။

(၃)

တစ်နေ့တွင် အရှင်အင်္ဂုလိမာလသည် မြို့ထဲသို့ ဆွမ်းခံသွားစဉ် မီးမဖွားနိုင်၍ ဝေဒနာ ခံစားနေရသော မိန်းမတစ်ယောက်ကို မြင်ရသဖြင့် ပြင်းစွာ ကရုဏာ သက်မိသည်။ ကျောင်းသို့ ပြန်ရောက်သောအခါ ဗုဒ္ဓမြတ်စွာအား ထိုအကြောင်းကို လျှောက်ကြားသည်။ ဗုဒ္ဓမြတ်စွာက သူ့အား သစ္စာပြုသော ပရိတ်ဂါထာတစ်ပုဒ်ကို သင်ကြားပေးပြီး ထိုမိန်းမအနီးသို့ သွား၍ ရွတ်ဆိုရန် ညွှန်ကြားတော်မူလိုက်သည်။

အရှင်အင်္ဂုလိမာလက ထိုမိန်းမအနီးသို့ သွား၍ "နှမ၊ ငါသည် အရိယာ ဇာတ်အားဖြင့် ဖြစ်သည့် အချိန်မှစ၍ သတ္တဝါကို သေစေလိုသော စိတ်ဖြင့် လုံ့လ ပြု၍ မသတ်ခဲ့ပါ၊ ဤမှန်သော သစ္စာစကားကြောင့် သင့်အား ချမ်းသာခြင်း ဖြစ်ပါစေ၊ ကလေးငယ်အားလည်း ချမ်းသာခြင်း ဖြစ်ပါစေ" ဟူ၍ သစ္စာပြုသည်။ ထိုခဏမှာပင် ကိုယ်ဝန်ဆောင် မိန်းမသည် ချမ်းသာစွာ မီးဖွားလေသည်။ ထိုအချိန် မှ စ၍ မိန်းမများ မီးမဖွားနိုင်သည့်အခါ ရှင်အင်္ဂုလိမာလကို လာပင့်ကြသည်။ အချို့ကလည်း ကိုယ်ဝန်ဆောင်မိန်းမကို ရှင်အင်္ဂုလိမာလထံ ခေါ်လာပြသည်။

လူပေါင်း တစ်ထောင်နီးပါးကို သတ်ခဲ့သော ရှင်အင်္ဂုလိမာလသည် ဆိတ်ငြိမ် ရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည့်အခါ ယခင် လူသတ်ခဲ့စဉ်က အာရုံများ သူ့စိတ်၌ပေါ်လာသည်။ ထို့ကြောင့် စိတ်နှလုံး မသာမယာဖြစ်ကာ ကမ္မဋ္ဌာန်းကို နှလုံးမသွင်းနိုင်ဘဲ ရှိခဲ့သည်။ သစ္စာဆိုခြင်းဖြင့် ကိုယ်ဝန်ဆောင် မိန်းမတို့အား ချမ်းသာအောင် ပြုလုပ်ပေးနိုင်သော အချိန်မှစ၍ နောက်ပိုင်းတွင်မူ စိတ်နှလုံး မသာယာမှု မဖြစ်တော့ဘဲ ကမ္မဋ္ဌာန်းကို ကောင်းစွာ နှလုံးသွင်းနိုင်လာ သည်။ သို့အားဖြင့် မကြာမီ အရဟတ္တဖိုလ်သို့ ရောက်သွားလေသည်။

အရဟတ္တဖိုလ်သို့ ရောက်သွားသော်လည်း အရှင်အင်္ဂုလိမာလမှာ ဆွမ်းခံ သွားသည့်အခါတိုင်း အခက်အခဲနှင့် ကြုံတွေ့နေရသည်။ သူ့ကို မြင်လျှင် အချို့လူများ က "တို့အဖေကို သတ်တဲ့လူပဲ၊ တို့သားကို သတ်လူပဲ" စသည်ဖြင့် ပြောဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းမလောင်းဘဲ ရှောင်နေကြသည်။ အချို့ကမူ ခဲများ တုတ်များဖြင့် ပစ်ပေါက်ကြသည်။ တစ်ခါတစ်ရံတွင်မူ ခွေးကိုမောင်းရန်ဖြစ်စေ၊ ကျီးကိုခြောက်ရန်ဖြစ်စေ၊ ပစ်လိုက်သော ခဲများ၊ တုတ်များက မထေရ်၏ ကိုယ်ပေါ်သို့ ကျလာတတ်လေသည်။ တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာသည် သပိတ်လည်းကွဲ၊ သင်္ကန်းလည်း စုတ်ပြဲရှိသောမက ခေါင်းတွင်လည်း သွေးသံရဲရဲဖြင့် ဆွမ်းခံရာမှ ပြန်လာသော ရှင်အင်္ဂုလိမာလကို မြင်တော်မူ၍ "သူတော်ကောင်း သည်းခံလော၊ ငရဲ၌ နှစ်ပေါင်းများ ခံစားရမည့် အကုသိုလ်ကံ၏ အကျိုးကို သင် ယခု ခံစားနေရ၏" ဟု မိန့်ကြားတော်မူလေသည်။

(၄)

အခါတစ်ပါး၌ ကောသလမင်းကြီးသည် သာဝတ္ထိပြည်သူတို့ အလှူပြိုင်ပွဲကြီး ကျင်းပသည်။ ကောသလမင်းကြီးသည် ပြည်သူတွေ လိုက်မမီနိုင်စေရန် ရဟန်းငါးရာကို တစ်ပါးလျှင် ဆင်တစ်စီးကျစီ ခြံရံ၍ ဆွမ်းကပ်သည်။ ထိုအခါ ဆင်တစ်စီး လိုနေသဖြင့် ရှင်အင်္ဂုလိမာလမထေရ်ကို ဆင်ရိုင်း တစ်ကောင်ဖြင့် ခြံရံ၍ ဆွမ်းကပ်သည်။ ဆွမ်းစားရာမှ ပြန်လာသောအခါ အချို့ ရဟန်းများက "ငါ့ရှင်အင်္ဂုလိမာလ၊ ဆင်ရိုင်းကြီးနားမှာ နေရတာ မကြောက်ဘူးလား" ဟု မေးကြသည်။ ရှင်အင်္ဂုလိမာလက "တပည့်တော်မှာ ကြောက်ခြင်းဆိုတာ မရှိတော့ပါဘူး" ဟု ဖြေသည်။ ထိုစကားကို မယုံသဖြင့် ရဟန်းများက ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာက ရဟန္တာပုဂ္ဂိုလ်တို့မှာ ကြောက်လန့်ခြင်း မရှိတော့ကြောင်း မိန့်ကြားပြီး -

"အကြင်ပုဂ္ဂိုလ်သည် နွားလားဥသဘကဲ့သို့ ကြံ့ခိုင်သောစိတ်ရှိ၏။ မြတ်သောအကျင့်ရှိ၏။ စွဲမြဲသောဝီရိယ ရှိ၏။ သီလ စသော ဂုဏ်ကျေးဇူးကို ရှာမှီးလေ့ရှိ၏။ မာရ်သုံးပါးကို အောင်မြင်ပြီး ဖြစ်၏။ ကင်းပြီးသောတဏှာရှိ၏။ ကိလေသာ အညစ်အကြေးကို ဆေးလျှော်ပြီးဖြစ်၏။ သစ္စာလေးပါးကို သိမြင်၏။ ထိုပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါ ဆို၏" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အာယုသင်္ခါရကုန်၍ အရှင်အင်္ဂုလိမာလ မထေရ်ကို ပရိနိဗ္ဗာန် စံသွားသော အခါ၌လည်း မထေရ်၏ ဖြစ်ရာဘဝကို မေးလျှောက်သော ရဟန်းတို့အား "အင်္ဂုလိမာလသည် ပရိနိဗ္ဗာန် ပြုသွားပြီ" ဟု မိန့်ကြားပြီး "အကြင်သူသည် မိမိပြုအပ်သောမကောင်းမှုကံကို အရဟတ္တမဂ်ကုသိုလ်ဖြင့် ပိတ်အပ်၏။ ထိုသူသည် တိမ်တိုက်မှ လွတ်သော လမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၁၃။ လောကဝဂ်၊ ၆-အင်္ဂုလိမာလတ္ထေရ ဝတ္ထုနှင့်
၂၆။ ဗြာဟ္မဏဝဂ်၊ ၃၉-အင်္ဂုလိမာလတ္ထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# လင်ထက်သာသော မယား

ရာဇဂြိုဟ်ပြည်၌ ဝိသာခနှင့် ဓမ္မဒိန္နာဟူသော သူဌေးဇနီးမောင်နှံနှစ်ဦး ရှိသည်။ ထိုဇနီးမောင်နှံသည် တစ်ဦးနှင့် တစ်ဦး အလွန် ချစ်ခင်ကြင်နာလျက် ပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းသင်းနေထိုင်ခဲ့ကြသော်လည်း သားသမီး တစ်ဦးတစ်ယောက်မျှ ထွန်းကားခြင်း မရှိချေ။ သားသမီး သံယောဇဉ်လည်း မရှိ။ စည်းစိမ် ဥစ္စာကလည်း အပြည့် ဖြစ်နေသောကြောင့်လည်း သူတို့ဘဝမှာ ပို၍ အေးချမ်း ဖြောင့်ဖြူးလျက် ရှိလေသည်။

သူဌေး ဝိသာခသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရနှင့် တက္ကသိုလ်ပြည်၌ အတူ ပညာသင်ခဲ့သူ ဖြစ်၏။ ထို့ကြောင့် ဘုရင်မင်းမြတ်က ဝိသာခအား များစွာ အရေးပေးသည်။ ဝိသာခမှာလည်း ဘုရင်၏ ယုံကြည်အားထားခြင်း ခံရသူ ဖြစ်၍ နန်းတော်သို့ နေ့စဉ် ဝင်ထွက်ခွင့် ရရှိနေပေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် ဘုရင် ဗိမ္ဗိသာရ၏ ကြိုတင် ပင့်လျှောက်ထားချက်အရ ရာဇဂြိုဟ်သို့ ရှေးဦးစွာ ကြွရောက်တော်မူလာသည်။ ဘုရင်ဗိမ္ဗိသာရသည် များစွာသော မှူးမတ်ပြည်သူတို့နှင့်အတူ ဗုဒ္ဓထံ ချဉ်းကပ်၍ တရားနာယူခဲ့သည်။ ဘုရင်မင်းမြတ်နှင့်တကွ တစ်သိန်းနှစ်သောင်းသော ပြည်သူတို့ သောတာပန်အဖြစ်သို့ ရောက်ခဲ့ကြသည်။ ထိုသူတို့တွင် ဘုရင်မင်းမြတ်၏ မိတ်ဆွေရင်းဖြစ်သော သူဌေး ဝိသာခသည်လည်း ရှေ့တန်းမှ ပါဝင်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ဗိမ္ဗိသာရသည် ရာဇဂြိုဟ်ပြည်၏ မြောက်ဘက်တွင် တည်ရှိနေသော ဝေဠုဝန်ဥယျာဉ်ကို ဗုဒ္ဓနှင့် ရဟန်း သံဃာများ သီတင်းသုံးရန် ရေစက်ချ လှူဒါန်းသည်။ ဗုဒ္ဓရှင်တော်မြတ်သည်လည်း ဝေဠုဝန်ကျောင်းတော်၌ ကာလကြာမြင့်စွာ သီတင်းသုံးနေတော်မူသည်။

သူဌေးဝိသာခသည် သောတာပန်အဖြစ်သို့ ရောက်သည့်နေ့မှစ၍ ဗုဒ္ဓမြတ်စွာထံသို့ အမြဲမပြတ် ဆည်းကပ်သည်။ မိမိအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူခြင်း၊ ကျောင်းတော်သို့ သွား၍ တရားနာခြင်းများကို အမြဲမပြတ် ပြုလုပ်သည်။ သူဌေးကတော်ဓမ္မဒိန္နာမှာမူ အိမ်မှုကိစ္စများကို စီမံဆောင်ရွက်နေရသူ ဖြစ်၍ တစ်ခါတစ်ရံမျှသာ တရားနာ လိုက်နိုင်လေသည်။

တစ်ခုသော ညနေချမ်းအချိန်တွင် ဓမ္မဒိန္နာသည် ညနေစာ ထမင်းဟင်းများ စီမံချက်ပြုတ်ပြီး ဖြစ်၍ မိမိကိုယ်ကို ပြင်ဆင် ခြယ်သလျက် အိမ်အပေါ်ထပ်မှနေ၍ တရားနာသွားသော ခင်ပွန်းသည်ကို စောင့်မျှော်နေလေသည်။ သူဌေးသည် ယနေ့ အခါတိုင်းထက် ပို၍ အိမ်ပြန်နောက်ကျနေသလော ဟူ၍ သူမ၏စိတ်တွင် မှတ်ထင်နေသည်။

ထိုစဉ်အတွင်း နောက်လိုက် လုလင်ငယ်တစ်ဦးနှင့်အတူ ကျောင်းတော်မှ ပြန်လာသည့် သူဌေးဝိသာခကို ပြတင်းပေါက်မှ လှမ်း၍ တွေ့မြင်ရသည်။ သို့သော် သူဌေး၏ အမူအရာမှာ အခါတိုင်းနှင့်မတူ တစ်မူထူးခြားလျက်ရှိသည်ကို သူမ ချက်ချင်း အကဲခတ်မိသည်။ အခါတိုင်းဆိုလျှင် သူဌေးသည် သူမကို မြင်သည်နှင့် တစ်ပြိုင်နက် ကြည်လင်သော အပြုံးဖြင့် အဝေးမှနေ၍ နှုတ်ဆက်စမြဲ ဖြစ်၏။ ယနေ့ကား သူမ၏မျက်နှာကိုပင် လှမ်း၍ မကြည့်ဘဲ ခပ်တည်တည် အမူအရာဖြင့်သာ အိမ်ထဲသို့ ဝင်လာလေသည်။

နေ့စဉ် ပြုနေကြထုံးစံအတိုင်း ဓမ္မဒိန္နာသည် လှေကားတစ်ဝက်သို့ ဆင်း၍ သူဌေးအား လက်ကမ်းကြိုဆိုသည်။ ထိုအခါတွင်လည်း သူဌေးသည် သူမ ကမ်းပေးသည့် လက်ကို မဆွဲမကိုင်ဘဲ သူ့ဘာသာသူ တက်လာသည်။

ထို့နောက် ဓမ္မဒိန္နာသည် အဆင်သင့် စီမံချက်ပြုတ်ထားသော ထမင်းဟင်းများကို ခူးခပ် ပြင်ဆင်၍ သူဌေးအား ကျွေးမွေးသည်။ သူမကိုယ်တိုင်လည်း အနီး၌ ထိုင်၍ ယပ်ခတ်ပေးနေသည်။ သူဌေးကား စကားတစ်ခွန်းမျှ လှစ်ဟပြောဆိုခြင်းမပြု၊ တိတ်ဆိတ်စွာ စားသောက်၍ နေရာမှ ထသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မေ့ဒီန္နာမှာ မျိုသိပ်၍ မနေနိုင်တော့ချေ။ သူ့ခြေနောက်သို့ ချက်ချင်းလိုက်သွားပြီး ဖွင့်ဟမေးမြန်းလေသည်။

"အရှင်၊ ကျွန်မကို ဘာ့ကြောင့် စကားမဆိုပါသလဲ၊ ကျွန်မ အပေါ်မှာ ဘယ်လို မကျေနပ်စရာများ ရှိနေလို့ပါလဲ"

"နှမ၊ သင့်အပေါ်၌ မကျေနပ်စရာ တစ်စုံတစ်ခုမျှ မရှိပါ၊ ငါသည် ထူးကဲသောတရားကို နာခဲ့ရသဖြင့် ကာမဂုဏ်စည်းစိမ်၌ မပျော်မွေ့နိုင်တော့ပြီ၊ ဤအိမ်ရှိ စည်းစိမ်ဥစ္စာတို့ကို နှမပင် လက်ခံ သိမ်းပိုက်ပါလော့"

ဝိသာခ၏စကားများသည် မေ့ဒီန္နာ၏ မီးခဲပြာဖုံးနေသောစိတ်ကို နှိုးဆွပေးသကဲ့သို့ ဖြစ်သွားသည်။ ထိုစကားများကိုကြားလျှင် သူမက "အရှင် သူတစ်ပါး ထွေးသည့် တံတွေးပေါက်ကို ကျွန်မ ကောက်၍ မမျိုလိုပါ၊ အရှင် ခွင့်ပေးမည်ဆိုပါက ကျွန်မလဲ ယနေ့ပင် ရဟန်းပြုလိုပါသည်" ဟု ပြောဆိုလေသည်။

ဝိသာခမှာ ဇနီးသည်ထံမှ ဤကဲ့သို့သောစကားများ ထွက်ပေါ်လာလိမ့်မည်ဟူ၍ လုံးဝ မျှော်လင့် မထားခဲ့ချေ။ သူမသည်လည်း အခြားသော အမျိုးသမီးများကဲ့သို့ပင် လောကီစည်းစိမ်ကို တွယ်တာမက်မောနေသူတစ်ဦး ဖြစ်သည်ဟု မှတ်ထင်နေခဲ့သည်။ ယင်းသို့ မှတ်ထင်နေရာမှ သူမလည်း ရဟန်းပြုလိုပါသည်ဟု ဖွင့်ဟပြောဆိုလာသောအခါ သူမ၏ မွန်မြတ်သောစိတ်ဆန္ဒကို ပိတ်ပင်တားဆီးရန် မသင့်တော့ပေ။ ထို့ကြောင့် "နှမ ရဟန်းပြုမည်ဆိုလျှင် မောင် ဝမ်းမြောက်စွာ ခွင့်ပေးပါသည်" ဟု အလိုက်သင့် ပြောဆိုရလေတော့သည်။

ဤသို့ဖြင့် ဝိသာခနှင့် မေ့ဒီန္နာတို့ ဇနီးမောင်နှံနှစ်ဦးတွင် ဇနီးသည်ဖြစ်သူ မေ့ဒီန္နာက မထင်မှတ်ဘဲ ဘိက္ခုနီမအဖြစ်သို့ ရောက်ရှိလာ၏။ ဝိသာခမှာ အနာဂါမ် အရိယာအဖြစ်သို့ ရောက်ရှိနေပြီးသူဖြစ်လင့်ကစား ဇနီးသည်ကို ဦးစားပေးလိုက်ရသဖြင့် ရဟန်းပြုရန် အခွင့်အရေးကို လက်လွှတ်လိုက်ရတော့သည်။ မိမိတို့အား မှီခို စားသောက်နေကြရသည့် ကျေးကျွန် သင်းပင်းတို့ကို ငဲ့ညှာထောက်ထားလျက် မိမိ၏ အိုးအိမ်စည်းစိမ်ကို အခြေမပျက်အောင် ဦးစီးလုပ်ကိုင်၍ နေရလေသည်။

ဘိက္ခုနီဘဝသို့ ရောက်ရှိလာသော မေ့ဒီန္နာ ထေရီမသည် မြို့ကျောင်း၌ ရက်အနည်းငယ်သာနေပြီး ဆိတ်ငြိမ်သော တောကျောင်းသို့ သွား၍ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်သည်။ ရှေးရှေးသော ဘဝတို့၌ ဖြည့်ကျင့် ဆည်းပူးအပ်သော ပါရမီရှိသူဖြစ်၍ တစ်လကျော် နှစ်လခန့်အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သဖြင့် မြို့ကျောင်းသို့ ပြန်လာခဲ့လေသည်။

ဃယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူဌေး ဝိသာခသည် ဓမ္မဒိန္နာထေရီမ ပြန်လာကြောင်း ကြားသိလျှင် "ဤအရှင်မသည် တစ်လကျော်နှစ်လအတွင်း၌ပင် တောကျောင်းမှ ပြန်လာ၏။ သာသနာ့ဘောင်၌ မပျော်ပိုက်၍ ပြန်လာခြင်းပေလော" ဟု စဉ်းစားမိသဖြင့် ဤအကြောင်းကို စုံစမ်းလေ့လာရန် ဝေဠုဝန်ကျောင်းတော်သို့ သွားလေသည်။ ကျောင်းတော်သို့ ရောက်လျှင် အရိယာပုဂ္ဂိုလ်များသာဖြေနိုင်မည့် ခက်ခဲနက်နဲသော တရားပြဿနာတို့ကို ထေရီမအား မေးလျှောက်လေသည်။ ထိုပြဿနာတို့ကို ထေရီမက ကောင်းစွာ ရှင်းလင်းဖြေဆိုလိုက်ရာ ဝိသာခ၏သံသယစိတ်များ ကင်းပျောက်သွားလေသည်။

ထို့နောက် ထေရီမက "ဒါယကာ ဝိသာခ၊ ကျွန်ုပ်ရဲ့ ရှင်းလင်းဖြေဆိုချက်များ အပေါ် သံသယ ကင်းရှင်းစေရန် သင့်ရဲ့ ပြဿနာတို့ကို ဗုဒ္ဓမြတ်စွာအားလည်း မေးလျှောက်ပါဦး" ဟူ၍ ပြောကြားလေသည်။

ဝိသာခက ဗုဒ္ဓထံသွား၍ မေးလျှောက်ရာ ဗုဒ္ဓ၏ ဖြေကြားချက်တို့မှာ ထေရီမ၏ ဖြေကြားချက်တို့နှင့် တစ်ထပ်တည်း ကျနေလေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာက ဝိသာခ ဥပါသကာအား ...

"အကြင် ပုဂ္ဂိုလ်မှာ အတိတ်ခန္ဓာ၌ လည်းကောင်း၊ အနာဂတ်ခန္ဓာ၌ လည်းကောင်း၊ ပစ္စုပ္ပန် ခန္ဓာ၌ လည်းကောင်း၊ ကြောင့်ကြမှုမရှိ၊ ဤသို့ ကြောင့်ကြမှုကင်း၍ စွဲလမ်းခြင်းမရှိတော့သော ပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါဆို၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

ဓမ္မဒိန္နာထေရီသည် တရားကို ရှင်းလင်း ပြတ်သားစွာ ဟောကြားတတ်သော ကြောင့် ဓမ္မကထိက ဧတဒဂ်ကို ရရှိခဲ့လေသည်။

(၂၆။ ဗြာဟ္မဏဝဂ်၊ ၃၈-ဓမ္မဒိန္နာထေရီ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# ဘဝဟောင်းမှမိခင်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သာနု အမည်ရှိသော သာမဏေကလေး တစ်ပါး ရှိ၏။ ထိုသာမဏေကလေးသည် အကျင့်သိက္ခာနှင့် လွန်စွာပြည့်စုံ၏။ တံမြက်လှည်းခြင်း၊ သောက်ရေ သုံးရေ ခပ်ခြင်း၊ ဆီမီးညှိထွန်းခြင်း စသော ကျောင်း၏ ဝေယျာဝစ္စများကိုလည်း မလစ်ဟင်းအောင် ဆောင်ရွက်လေ့ရှိ၏။

ဇေတဝန်ကျောင်းတော်၌ နေ့စဉ်မပြတ် တရားပွဲများ ကျင်းပ၍ ဓမ္မကထိက ရဟန်းတော်များက တစ်လှည့်စီ တရားဟောပြောကြသည်။ သာနု သာမဏေကလေးသည် ထိုတရားပွဲများအတွက် ကျောင်းတိုက်တွင်း၌ လှည့်လည်၍ ကြွေးကြော်ခြင်း ပြုလေ့ရှိလေသည်။

တစ်နေ့သ၌ တရားပွဲတွင် အလှည့်ကျတရားဟောမည့် ဓမ္မကထိကပုဂ္ဂိုလ် အဆင်သင့် မရှိသဖြင့် သာနုသာမဏေကလေးကိုပင် တရားဟောရန် ပရိသတ်က ဝိုင်း၍ တိုက်တွန်းကြလေသည်။ သာနုကား အသက်အရွယ်အားဖြင့် ငယ်ရွယ်သူ ဖြစ်လင့်ကစား ကြောက်ရွံ့တွန့်ဆုတ်ခြင်း လုံးဝမရှိ၊ ပလ္လင်ပေါ်သို့ ရဲရဲစွာတက်၍ မိမိ သင်အံလေ့ကျက်ထားသော သုတ္တန်ဒေသနာကို ပီပြင်ပြတ်သားစွာ ရွတ်ဆို ဟောပြောလေသည်။

တရားအဆုံးတွင် ပရိသတ်၏သာဓုခေါ်သံကြီးသည် ပွဲတင်ထပ်မျှထွက်ပေါ် လာသည်။ ရဟန်းတော်များသာမက အနီးပတ်ဝန်းကျင်ရှိ နတ်တို့ကလည်း ဝမ်းမြောက် ဝမ်းသာ ကောင်းချီးပေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တစ်ခုသော အတိတ်ဘဝက သာမဏေ၏ မိခင်ဖြစ်ခဲ့ဖူးသော ဘီလူးမသည်လည်း တရားနာရန် ရောက်ရှိနေသည်။ ထိုဘီလူးမသည် သာမဏေ၏ တရားကို ကြားနာရလျှင် အလွန်ဝမ်းမြောက်လျက် မိမိသည် ထိုသာမဏေ၏ ဘဝဟောင်းက မိခင် ဖြစ်ကြောင်း ထုတ်ဖော် ကြွေးကြော်လေသည်။

ထိုအချိန်မှစ၍ နတ်တို့သည် သာမဏေအား လည်းကောင်း၊ ဘီလူးမအား လည်းကောင်း ရိုသေလေးစားလာကြသည်။ တန်ခိုးကြီးသော နတ်ဘီလူးတို့ကပင် ထိုဘီလူးမအား ခရီးဦးကြိုပြုကာ အရိုအသေပေးလာကြသည်။ သား၏ အရှိန်အဝါကြောင့် ဘီလူးမမှာ လွန်စွာ မျက်နှာကြီးလျက် ရှိလေသည်။

တစ်ကျောင်းလုံး၏ ကြည်ညိုလေးစားမှုကို ရရှိနေသော သာနု သာမဏေကလေးသည် တစ်စတစ်စဖြင့် အသက် ၂၀ အရွယ်သို့ ရောက်လာသည်။ အရွယ်ရောက်လာသည်နှင့်အမျှ သူ၏ စိတ်များမှာလည်း ဖောက်ပြန်ထွေပြား၍လာတော့၏။ ယခင်ကကဲ့သို့ ပရိယတ် ပဋိပတ်လုပ်ငန်းတို့၌ မွေ့လျော် ပျော်ပိုက်ခြင်း မရှိဘဲ လောကီအာရုံ ကာမဂုဏ်ဘက်သို့ စိတ်ရောက်၍နေသောကြောင့် ပဋ္ဌင်းဘဝသို့ တက်လှမ်းရန် စိတ်ပါတော့ချေ။

ထို့ကြောင့် သူသည် ကျောင်းတော်မှ တစ်ပါးတည်းထွက်ခဲ့ပြီး မိခင်အိမ်သို့ သွားကာ လူထွက်လိုကြောင်း ပြောကြားလေသည်။

မိခင်ကား "ငါ့သားသည် သက်န်းဝတ်ဖြင့် ရာသက်ပန် အရိုးထုတ်သွားလိမ့်မည်" ဟု ယုံကြည်နေခဲ့ရာမှ ယခုကဲ့သို့ မမျှော်လင့်သော စကားကို ရုတ်တရက် ကြားလိုက်ရသောကြောင့် များစွာ အံ့အားသင့် သွားသည်။

သာမဏေအား အမျိုးမျိုးအဖုံဖုံ ဖျောင်းဖျပြောဆို၍ လူမထွက်ရန် တောင်းပန်သည်။ သို့သော် သာမဏေက နားမဝင်။ အဝတ်အစားများ စောလျင်စွာ စီမံချုပ်လုပ်ပေးရန်သာ တွင်တွင်ကြီး နားပူနေလေသည်။

ထိုအခါ မိခင်က "ချစ်သား ... သို့ဖြစ်လျှင် ဆွမ်းစားပြီးအောင် ဆိုင်းပါဦး၊ သားအတွက် ဆွမ်းဟင်းများကို မိခင် စီမံချက်ပြုတ်ပါဦးမည်" ဟု ဆို၍ ဆွမ်းချက်နေလေသည်။

မိခင်ဟောင်းဖြစ်သော ဘီလူးမသည် "ယခု ငါ့သား သာမဏေ ဘယ်ရောက်နေပါလိမ့်" ဟု ဆင်ခြင်စဉ်းစားရာ လူထွက်ရန်အတွက် မိခင်ရင်းအိမ်သို့ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိမြင်လေသည်။ ထိုအခါ မိခင်ရင်း၏ အိမ်ရှေ့၌ ထိုင်နေသော သာမဏေ၏ ကိုယ်၌ ဝင်ပူးလေသည်။

ဆွမ်းချက်နေသော မိခင်ကြီးသော အိမ်ရှေ့ခန်းသို့ ထွက်လာသောအခါ ပါးစပ်မှ အမြှုပ်တစီစီထွက်လျက် ကြမ်းပြင်ပေါ်သို့ လဲကျနေသော သာမဏေကို မြင်၍ အလန့်တကြား အော်ဟစ်လေ၏။ အိမ်နားနီးပါးမှလူများသည် ဝိုင်း၍လာကြပြီး သာမဏေအား ပြုစုကြသည်။ သို့သော် သာမဏေမှာ ခေါင်းမထူနိုင်ချေ။

မိခင်ကြီးသည် သာမဏေအား ဘီလူး ဝင်ပူးနေမှန်း သိလျှင် "သီလရှိသူများကို နတ်ဘီလူးကို မနှောင့်ယှက်ဟု ကြားဖူးပါသည်။ ငါ့သား သာမဏေကိုမူ အဘယ့်ကြောင့် နတ်ဘီလူးတို့ ပူးဝင်ကြကုန်ဘိသနည်း" ဟူ၍ မြည်တမ်းငိုကြွေး လေသည်။

ထိုအခါ သာမဏေ၏ကိုယ်၌ ပူးဝင်နေသော ဘီလူးမက "သီလရှိကိုများကို နတ်ဘီလူးတို့ မနှောင့်ယှက်ကြပါ၊ ဤသာမဏေကား မကောင်းသောအကြံကို ကြံစည်ခြင်းကြောင့် ဘီလူး ဝင်ပူးခြင်း ဖြစ်ပါသည်" ဟူ၍ တုံ့ပြန်ပြောဆိုလေသည်။

ယင်းသို့ ပြောဆိုပြီးနောက် ဘီလူးမသည် သာမဏေ၏ကိုယ်မှ ထွက်ခွာသွား လေ၏။ ထိုအခါ သာမဏေသည် ပြန်လည်သတိရလာပြီး မိခင်ကြီး ငိုကြွေးနေသည် ကို မြင်၍ အကျိုးအကြောင်း မေးမြန်းလေသည်။

"အို ... မိခင်၊ ကျွန်ုပ်သည် အသက်သေဆုံး သွားသည်လည်း မဟုတ်၊ ပျောက်ဆုံးသွားသည်လည်း မဟုတ်၊ သင့်မျက်မှောက်၌ပင် ထင်ရှားနေပါ၏။ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ငိုကြွေးနေပါသလဲ"

"ချစ်သား၊ ကာမဂုဏ်တို့ကိုစွန့်ပြီးမှ လူ့ဘောင်သို့ တစ်ဖန်ပြန်ဆင်းလာသူကို လဲ အသက်ရှင်ပါလျက် သေသူဟုပင် ဆိုထိုက်၏။ ထို့ကြောင့် မိခင် ငိုကြွေးနေခြင်း ဖြစ်ပေသည်"

ထို့နောက် မိခင်ကြီးသည် ဘီလူး ပူးဝင်ခဲ့ပုံကိုလည်းကောင်း၊ ဘီလူးမက ပြောခဲ့သည့် စကားကိုလည်းကောင်း သာမဏေအား ပြန်၍ ပြောပြလေသည်။

သာမဏေသည်လည်း "ငါ့အကြောင်းကို လူရေနတ်ပါ သိကုန်ကြလေပြီ" ဟု ဆင်ခြင်လျက် လူထွက်ရန်အကြံကိုစွန့်ကာ ပဥ္စင်းဘဝကို ခံယူလိုက်လေသည်။ မိခင်ကြီးသည် အတိုင်းမသိသော ဝမ်းမြောက်ခြင်းဖြင့် သာမဏေအား လိုအပ်သော သင်္ကန်းပရိက္ခရာတို့ကို လှူဒါန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စင်းအဖြစ် ရောက်ရှိလာသော ရှင်သာနုကို ဗုဒ္ဓရှင်တော်မြတ်က တရားပြ၍ ဆုံးမတော်မူသည်။ "စိတ်ကို ပေါက်လွှတ်ပဲစား မထားသင့်ကြောင်း၊ မုန့်ယိုသောဆင်ကို ချွန်းဖြင့်အုပ်သကဲ့သို့ စိတ်ကိုလဲ သတိပညာဖြင့် အမြဲထိန်းကျောင်းထားသင့်ကြောင်း" များကို ဟောကြားတော်မူသည်။ တရားအဆုံး၌ ရှင်သာနုသည် သစ္စာလေးပါး အမှန်တရားကို ထိုးထွင်းသိမြင် သွားလေသည်။

(၂၃။ နာဂဝဂ်၊ ၅-သာနုသာမဏေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ဝေသာလီသို့ တစ်ခေါက်

(၁)

ဝေသာလီသည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ တစ်ချိန်က ထင်ရှားခဲ့သော ဝဇ္ဇီတိုင်း၏မြို့တော်ဖြစ်သည်။ ဝဇ္ဇီတိုင်းသည် လိစ္ဆဝီတို့၏ လွတ်လပ်သော သမ္မတနိုင်ငံဖြစ်၏။ လိစ္ဆဝီ မင်းတို့သည် မိမိတို့နိုင်ငံကို တစ်ဦးတည်း ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခြင်းမပြု။ မင်းညီမင်းသား အားလုံး ပါဝင်သော လွှတ်တော်အစည်းအဝေးမှ အများသဘောတူ ချမှတ်ပေးလိုက်သော ဆုံးဖြတ်ချက်ဖြင့်သာ တိုင်းရေးပြည်ရာများကို စီရင်ဆောင်ရွက်ကြသည်။ အကြီးအကဲဖြစ်သူ 'သမ္မတ' ကိုလည်း လွှတ်တော်မှပင် အလှည့်ကျ ရွေးချယ်ခန့်ထားကြလေသည်။

ဝေသာလီသည် လူဦးရေ ထူထပ်များပြား၏။ ကြီးကျယ်ခမ်းနားသော အိမ်ခြေတိုက်တာများနှင့်လည်း ပြည့်စုံ၏။ လူဦးရေ ဆင့်ကဲဆင့်ကဲ တိုးတက်လာမှုကြောင့် မြို့ရိုးတံတိုင်းတို့ကိုပင် သုံးကြိမ်တိုင် ချဲ့ထွင်ခဲ့ရသည်။ တိုင်းပြည်၏ အုပ်ချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ရသော လိစ္ဆဝီမင်းသားများသည်ပင် (၇၇၀၇)ယောက်မျှရှိ၏။ အခြားသော သူဌေးသူကြွယ် ကုန်သည်လယ်လုပ်စသည်တို့နှင့် ပေါင်းသော် ဝေသာလီ၏ လူဦးရေမှာ သန်းနှင့်ချီ၍ ရှိပေသည်။

ကျူးမြောင်း၊ မြို့ရိုး၊ ပြအိုး၊ ပစ္စင် စသည့် မြို့တော်၏ အင်္ဂါရပ်များ အားလုံး ဝေသာလီ၌ရှိသည်။ ဥယျာဉ်၊ ရေကန်၊ ပန်းခြံ၊ ပွဲရုံစသော အဆောက်အအုံများကိုလည်း မြို့တွင်း မြို့ပြင်၌ လိုလေသေးမရှိအောင် ဆောက်ထားသည်။ လိစ္ဆဝီမင်းသား

www.burmeseclassic.com



တို့ နေထိုင်ရာ (၇၇၀၇)ဆောင်သော ပြာသာဒ်ဘုံဆောင်တို့ကြောင့် ဝေသာလီသည် ပိုမို၍ခန့်ညားနေသည်။ သို့သော်လည်း မြို့တော် တစ်ခုလုံး၏ အဓိက ကျက်သရေဆောင်ကား မြို့လယ်ရှိ လွှတ်ရုံး အဆောက်အအုံ ဖြစ်ပေသည်။

အခါတစ်ပါး၌ ဝေသာလီပြည်တွင် မိုးဆက်တိုက်ခေါင်သဖြင့် ဆန်ရေစပါးရှားပါးလာသည်။ ဆင်းရဲသားတို့မှာ ထမင်းနပ်မှန် မစားကြရသောကြောင့် ရောဂါအမျိုးမျိုး စွဲကပ်၍ သေကြေပျက်စီးကြသည်။ ထိုအခါ ဘီလူးတို့ကလည်း ဝင်ရောက်နှိပ်စက်ကြပြန်ရာ တိုင်းပြည်ပျက်လုနီးပါးအခြေသို့ ဆိုက်ရောက်လာလေသည်။

ထိုအခါ မြို့သူမြို့သားတို့က လွှတ်ရုံးအဆောက်အအုံရှေ့၌ စုဝေးကာ ကြွေးကြော်ကြသည်။

"အရှင်မင်းသားတို့၊ ယခုအခါ ကျွန်ုပ်တို့တိုင်းပြည်၌ ကပ်ကြီးသုံးပါး ဆိုက်ရောက်လျက်ရှိပါသည်။ ဤကဲ့သို့ ကပ်သုံးပါးဆိုက်ခြင်းမှာ တိုင်းပြည်အုပ်ချုပ်သောမင်းတို့ တရားမစောင့်ခြင်းကြောင့်သာ ဖြစ်ပါသည်။ ထို့ကြောင့် အရှင်မင်းသားတို့သည် ယခုအချိန်မှစ၍ မင်းကျင့်တရားနှင့်အညီ စီမံအုပ်ချုပ်ကြပါကုန်လော"

လိစ္ဆဝီမင်းသားတို့သည် မြို့သူမြို့သားတို့၏ ကြွေးကြော်တောင်းဆိုချက်ကို ကြားလျှင် လွှတ်တော် အစည်းအဝေးကို ချက်ချင်း ခေါ်ယူလိုက်ကြသည်။ ထိုအစည်းအဝေးသို့ မြို့သူမြို့သားတို့၏ ကိုယ်စားလှယ်များကိုလည်း ဖိတ်ခေါ်၍ တိုင်ပင်ဆွေးနွေးကြသည်။ မိမိတို့၏ ဆောင်ရွက်ချက်များတွင် 'ရာဇဓမ္မ' နှင့် ဆန့်ကျင်သည့်အမှု တစ်စုံတစ်ရာ ရှိ မရှိ ဝေဖန်သုံးသပ်ကြသည်။

ထိုအခါ လိစ္ဆဝီမင်းသားတို့၌ အပြစ်တစ်စုံတစ်ရာကိုမျှ မတွေ့ရှိကြချေ။ လိစ္ဆဝီမင်းသားတို့သည် အမြဲမပြတ် စည်းဝေးကြသည်။ အညီအညွတ် ဆွေးနွေးတိုင်ပင်၍ အမှုကိစ္စများကို စီရင်ဆောင်ရွက်ကြသည်။ ဥပဒေနှင့် ဆန့်ကျင်သော စီရင်ဆုံးဖြတ်ချက်ကိုလည်း တစ်ခါတစ်ရံမျှ မပြုလုပ်ခဲ့ကြ။ အသက်သိက္ခာကြီးသူများအား ရိုသေလေးစားကြသည်။ မြို့စောင့်နတ် ရွာစောင့်နတ်တို့အားလည်း အခါအားလျော်စွာ ပူဇော်ပသကြသည်။ အမျိုးသမီးများကို ဗလက္ကာယပြု၍ သိမ်းပိုက်ခြင်းလည်း မရှိခဲ့။ မိမိတို့တိုင်းပြည်၌ သူတော်သူမြတ်များ နေနိုင်အောင်လည်း ကာကွယ်စောင့်ရှောက်မှု ပေးခဲ့ကြသည်။

ဤသို့လျှင် လိစ္ဆဝီမင်းသားတို့သည် အပရိဟာနိယတရား ခုနစ်ပါးနှင့်အညီသာ စီရင်အုပ်ချုပ်ခဲ့သည်ကို တွေ့ရှိကြရသည်။ ထို့ကြောင့် ယခု ကပ်သုံးပါးဆိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ မင်းသားတို့၏ အပြစ်ကြောင့်မဟုတ်။ အခြားသော အကြောင်းတစ်ခုကြောင့် သာ ဖြစ်သည်ဟု ယုံကြည်သွားကြလေသည်။

ထိုအခါ အချို့သော သူများက ဗလိနတ်စာ ကျွေးလျှင် ကပ်ရောဂါ ပျောက် ပါလိမ့်မည်ဟု အကြံပေးကြသည်။ သို့သော် သူတို့ အကြံပေးသည့်အတိုင်း ဗလိ နတ်စာ ကျွေးသော်လည်း ကပ်ရောဂါကား မပျောက်ချေ။

ထိုအချိန်တွင် ပုရာဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ဂိုဏ်းဆရာ ကြီး ခြောက်ယောက်တို့သည် ရဟန္တာဟု ကျော်ကြားလျက် အမြို့မြို့ အနယ်နယ်၌ ထင်ရှားနေကြသည်။ ဗုဒ္ဓ ရှင်တော်မြတ်ကား ဝေသာလီနှင့် နယ်နိမိတ်ချင်း ဆက်စပ် နေသည့် ရာဇဂြိုဟ်ပြည်သို့ ရောက်နေတော်မူသည်။ ဝေသာလီ ပြည်သူ ပြည်သား တို့သည် ဗုဒ္ဓ၏ ဂုဏ်သတင်းကိုလည်း ကြားသိနေကြပြီး ဖြစ်ပေသည်။

ထို့ကြောင့် ကပ်ရောဂါ ပျောက်ငြိမ်းရေးအတွက် ဆက်လက်တိုင်ပင်ကြသော အခါ ဂိုဏ်းဆရာကြီး ခြောက်ယောက်ကို ပင့်ဖိတ်ရန် အချို့က တင်ပြကြသည်။ အချို့ကလည်း ဗုဒ္ဓမြတ်စွာကို ပင့်ရန် အကြံပြုကြသည်။ နောက်ဆုံးတွင်မှ ဗုဒ္ဓ မြတ်စွာကိုပင့်ရန် အကြံကို အများသဘောတူကြသဖြင့် မဟာလိ အမည်ရှိသော လိစ္ဆဝီမင်းသား ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့ကို ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လိုက် ကြသည်။

မဟာလိမှာ ဗုဒ္ဓမြတ်စွာ ပထမဆုံး ကြွလာချိန်က ရာဇဂြိုဟ်ပြည်၌ ရှိနေ ခဲ့သူဖြစ်သည်။ ဘုရင်ဗိမ္ဗိသာရနှင့် အတူ ဗုဒ္ဓ၏ တရားကို ကြားနာရ၍ သောတာ ပန် အဖြစ်သို့ပင် ရောက်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း ဗုဒ္ဓမြတ်စွာကို ပင့်ဆောင် ရန် တာဝန်ကို သူ့အား ပေးလိုက်ကြခြင်း ဖြစ်ပေသည်။

(၂)

မဟာလိသည် ရာဇဂြိုဟ်ပြည်သို့ ရောက်လျှင် ရှေးဦးစွာ ဗိမ္ဗိသာရမင်းကြီးထံ ချဉ်းကပ်၍ ဗုဒ္ဓကို ဝေသာလီသို့ ပင့်ဆောင်လိုကြောင်း ခွင့်တောင်းသည်။ မင်းကြီး၏ ခွင့်ပြုချက်အရ ဗုဒ္ဓထံ သွားရောက် လျှောက်တင်သောအခါ ဗုဒ္ဓက အလွယ်တကူ ဖြင့်ပင် လက်ခံတော်မူလိုက်သည်။

ဗုဒ္ဓရှင်တော်မြတ် ဝေသာလီပြည်သို့ ကြွတော်မူမည့် အကြောင်းကို ဗိမ္ဗိသာရ မင်းကြီး ကြားသိလျှင် လမ်းခရီးကို ပြုပြင် ရှင်းလင်းစေသည်။ ရာဇဂြိုဟ်မှ ငါးယူဇနာ



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်၌ ဂင်္ဂါမြစ်တည်ရှိ၍ ဂင်္ဂါမြစ်မှ သုံးယူဇနာ ဆက်၍သွားလျှင် ဝေသာလီသို့ ရောက်သည်။ ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်ပြည်မှ ဂင်္ဂါမြစ်အထိ ငါးယူဇနာခရီးကို ကောင်းစွာ သုတ်သင် ရှင်းလင်းစေပြီး တစ်ယူဇနာလျှင် တစ်ကျောင်း တစ်ကျောင်းကျစီ ဆောက်လုပ်ရန်လည်း ညွှန်ကြားလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းငါးရာ ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာတော်မူသည်။ ဗိမ္ဗိသာရ မင်းကြီးလည်း မှူးမတ် ပရိသတ်များနှင့်အတူ လိုက်ပါပို့ဆောင်သည်။ လမ်းတစ်လျှောက်တွင် တံခွန် ကုက္ကားစိုက်ထူ၍ ပန်းများ ဖြန့်ကြဲခြင်း၊ ထီးဖြူမိုးပေးခြင်း စသည့် ပူဇော်မှုများကို ကြီးကျယ်စွာ ပြုလုပ်ကြသည်။ တစ်ယူဇနာခရီးသို့ ရောက်သည့်အခါ အဆင်သင့် ကြိုတင်ဆောက်လုပ်ထားသော တည်း‌ကျောင်း၌ ဗုဒ္ဓနှင့် ပရိသတ်များ ရပ်နားတည်းခိုကြသည်။ ဗုဒ္ဓမြတ်စွာသည် နောက်တစ်နေ့ နံနက်တွင် လူတို့ ဆက်ကပ်သောဆွမ်းကို ခံယူသုံးဆောင်ပြီး ရှေ့သို့ ခရီးဆက်တော်မူသည်။

ဤနည်းအားဖြင့် ငါးရက်မြောက်သော နေ့၌ ဂင်္ဂါမြစ်ကမ်းသို့ ဆိုက်ရောက်လာသည်။ ထိုအခါ ဘုရားအမှူးရှိသော ရဟန်းငါးရာတို့သည် အဆင်သင့် ပြင်ဆင်ထားသော လှေများပေါ်သို့ တက်ရောက်တော်မူကြသည်။ ဗိမ္ဗိသာရမင်းကြီးသည် လည်ပင်းတိုင်ခန့် နက်သော ရေသို့ သက်ဆင်းပြီး "အရှင်ဘုရား၊ တပည့်တော်သည် ဗုဒ္ဓရှင်တော်မြတ် ပြန်ကြွလာသည် အထိ ဤမြစ်ကမ်း၌ စောင့်ဆိုင်း နေပါမည်" ဟု လျှောက်ကြားလေသည်။

လှေများ ဝေသာလီပြည်ဘက် ဆိပ်ကမ်းသို့ ရောက်လျှင် လိစ္ဆဝီမင်းသားတို့က ခမ်းနားကြီးကျယ်စွာ ကြိုဆိုပင့်ဆောင်ကြသည်။ ဗုဒ္ဓရှင်တော်မြတ် မြေပေါ်သို့ ခြေချသည်နှင့် တစ်ပြိုင်နက်မှာပင် မိုးကြီး သည်းထန်စွာ ရွာချသည်။ ဝေသာလီမြို့တွင်းမြို့ပြင်ရှိ အညစ်အကြေးမှန်သမျှ မြစ်တွင်းသို့ မျောပါသွားကြလေသည်။ ဗုဒ္ဓရှင်တော်မြတ်သည် သန့်ရှင်းစင်ကြယ်သော ခရီးဖြင့် လိစ္ဆဝီမင်းသားတို့၏ ပူဇော်မှုကို ခံယူလျက် ဆက်လက်ကြွချီတော်မူရာ သုံးရက်အကြာတွင် ဝေသာလီမြို့သို့ ဆိုက်ရောက်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာ ဝေသာလီသို့ဆိုက်ရောက်သည်နှင့် တစ်ပြိုင်နက် တန်ခိုးကြီးသော သိကြားမင်း၊ နတ်မင်းများလည်း စုဝေးရောက်ရှိ လာကြသည်။ ထိုအခါ လူတို့အား အနှောင့်အယှက် ပေးနေကြသော ဘီလူး၊ သဘက်တို့သည် လွတ်ရာသို့ ရှောင်ရှား ထွက်ပြေးကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရှင်တော်မြတ်သည် မြို့တံခါး အနီး၌ ရပ်တန့်တော်မူလျက် ရှင်အာနန္ဒာအား ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို ဖွဲ့ဆိုသီကုံးထားသည့် ရတနသုတ် ပရိတ်ဂါထာများကို သင်ကြားပေးတော်မူသည်။ ထို့နောက် "အာနန္ဒာ၊ သင်သည် ဝေသာလီမြို့ကို လှည့်ပတ်လျက် ဤရတနသုတ် ပရိတ်ကို ရွတ်ဆိုချေလော" ဟု မိန့်ကြားတော်မူသည်။

ရှင်အာနန္ဒာသည် ဗုဒ္ဓ၏ ကျောက်သပိတ်တွင် ရေအပြည့်ထည့်၍ ယူဆောင်ခဲ့ပြီး မြို့ရိုးတံတိုင်း သုံးထပ်တို့အကြား၌ ညဥ့်သုံးယံပတ်လုံး လှည့်ပတ်ကာ ရတနသုတ်ကို ရွတ်ဆိုသည်။ ယင်းသို့ ရွတ်ဆိုရင်း ကျောက်သပိတ်မှ ရေဖြင့် ဘေးပတ်ဝန်းကျင်သို့ ပက်ဖျန်းသည်။ အကြိုအကြား၌ ခိုအောင်းနေသော ဘီလူး သဘက်တို့သည် ထိုရေပေါက်ဖြင့် ထိမှန်ခြင်းခံရလျှင် ဆက်လက် ခိုအောင်းခြင်း မပြုနိုင်တော့ဘဲ မြို့ပြင်သို့ ဒရောသောပါး ထွက်ပြေးကြသည်။ ရောဂါဝေဒနာ ခံစားနေရသူများမှာလည်း ပရိတ်ရေဖြင့် ထိရှုမှုဖြင့်ပင် ချက်ချင်း ရောဂါပျောက်ကင်း၍ ရှင်အာနန္ဒာ၏ နောက်သို့ စုရုံးလိုက်ပါလာကြသည်။

ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည် လိစ္ဆဝီမင်းတို့ ပင့်ဆောင်ရာသို့ လိုက်ပါ၍ မြို့လယ်ရှိလွှတ်ရုံးအဆောက်အအုံ၌ သီတင်းသုံးနေတော်မူသည်။ လိစ္ဆဝီမင်းတို့နှင့်တကွ များစွာသော လူထုပရိသတ်ကြီးသည် ဗုဒ္ဓအား ခြံရံ၍ ထိုင်နေကြသည်။ ဗုဒ္ဓသည် ထိုပရိသတ်အား ရတနသုတ်ကိုပင် ထပ်မံဟောကြားတော်မူရာ ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တို့သည် သစ္စာလေးပါးကို ထိုးထွင်း သိမြင်သွားကြသည်။

ဗုဒ္ဓရှင်တော်မြတ်သည် လွှတ်ရုံးအဆောက်အအုံ၌ ခုနစ်ရက်ပတ်လုံး ဆက်လက် သီတင်းသုံးတော်မူသည်။ ထိုခုနစ်ရက်ပတ်လုံးလည်း ရတနသုတ်ကိုပင် ထပ်ပြန်တလဲလဲ ပြန်၍ ဟောကြားတော်မူသည်။

သို့အားဖြင့် ဝေသာလီပြည်၌ ရောဂါဘယ အားလုံး ကင်းရှင်းသွားသည်။ ဘီလူး သဘက်တို့လည်း တစ်ကောင် တစ်မြီးမျှပင် မကျန်အောင် ထွက်ပြေးသွားကြပြီ ဖြစ်သည်။ သည်းထန်စွာ ရွာချလိုက်သော မိုးကြောင့် လူ၊ တိရစ္ဆာန်၊ ပန်းမန်၊ သစ်ပင်အားလုံး စိုပြည်လန်းဆန်းလာကြပြီ ဖြစ်ပေသည်။ မြို့သူမြို့သား အားလုံးတို့လည်း ကြည်လင်ရွှင်ပျတက်ကြွသော စိတ်ဓာတ်ဖြင့် လှုပ်ရှားသွားလာနေကြပြီ ဖြစ်၍ ဝေသာလီမြို့မှာ ပုံမှန်အခြေအနေသို့ ပြန်ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် လိစ္ဆဝီ မင်းတို့အား ပန်ကြား၍ ဝေသာလီမှ ပြန်လည် ထွက်ခွာတော်မူသည်။ လိစ္ဆဝီမင်းတို့ကလည်း ကြီးကျယ်သော အခမ်းအနား ဖြင့် ဂင်္ဂါမြစ်ကမ်းသို့ ရောက်အောင် ပို့ဆောင်ပေးကြသည်။

ဂင်္ဂါမြစ်ကိုဖြတ်ကူးရန်အတွက် ဗုဒ္ဓနှင့် ရဟန်းငါးရာတို့ လှေများပေါ်သို့ ရောက်သောအခါ ထိုမြစ်တွင်းမှ နတ်နဂါးတို့ကလည်း ပူဇော်မှုအမျိုးမျိုးကို ပြုလုပ်ကြသည်။ ရတနာခုနစ်ပါးဖြင့်ပြီးသော လှေတို့ကို ဖန်ဆင်း၍ ထိုလှေများ အပေါ်သို့ ဗုဒ္ဓအား ပင့်ဆောင်ကြသည်။ မြစ်ရေပြင်တစ်ခုလုံးကိုလည်း ကြာမျိုးငါးပါးဖြင့် လှပအောင် တန်ဆာဆင်ကြသည်။ ဗုဒ္ဓသည် နိမ္မိတ ရုပ်ပွားတော်များကို ဖန်ဆင်းကာ ထိုနတ်နဂါး အသီးသီးတို့၏ လှေများပေါ်သို့ ကြွရောက်၍ ပူဇော်ကန်တော့ခြင်းကို ခံယူတော်မူသည်။ ရောင်စုံ ပန်းကုံး ပန်းဆိုင်းတို့ဖြင့် လှပ တင့်တယ်စွာ ဆင်ယင်ထားသော ရတနာလှေပေါ်၌ ထီးဖြူဖြင့် မိုးကာပေးခြင်းကို ခံယူလျက် တည်ငြိမ် ခန့်ညားစွာ နေတော်မူသော ဗုဒ္ဓရှင်တော်မြတ်ကို နတ် နဂါး အပေါင်းတို့သည် ဖူးမြော် ကြည်ညို၍ မဆုံးအောင် ရှိကြလေသည်။

ဤသို့ နတ်နဂါးတို့၏ ပူဇော်မှုကို ခံယူပြီးနောက် ဗုဒ္ဓနှင့် ရဟန်းငါးရာ စီးနင်းလိုက်ပါလာသောလှေများသည် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ဆိုက်ရောက်လာ ကြသည်။ ထိုအခါ အသင့်စောင့်ကြိုနေသော ဗိမ္ဗိသာရမင်းကြီးသည် ကြီးကျယ်သော အခမ်းအနားဖြင့်ပင် ဗုဒ္ဓအား ရာဇဂြိုဟ်ပြည်သို့ ပြန်လည် ပင့်ဆောင်ခဲ့လေသည်။

(၃)

ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓမြတ်စွာ ပြန်ရောက်လာသောအခါ ရဟန်းတို့လည်း တရားသဘင်၌ စည်းဝေးကြကုန်လျက် ဝေသာလီပြည်သို့ ကြွသွားသောခရီး၌ ဗုဒ္ဓမြတ်စွာအား နှစ်ပြည်ထောင်သား လူအများနှင့်တကွ နတ်နဂါးတို့ကပါ ကြီးကျယ် ခမ်းနားစွာ ပူဇော်ခဲ့ကြပုံကို ချီးကျူးပြောဆိုနေကြသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွလာပြီး "ရဟန်းတို့၊ ဤသို့ လူ နတ် နဂါးတို့၏ ကြီးမားသော ပူဇော်မှုကို ခံရခြင်းသည် ငါဘုရား၏ တန်ခိုး အာနုဘော်ကြောင့်လည်း မဟုတ်၊ နတ်နဂါးတို့၏ တန်ခိုး အာနုဘော်ကြောင့်လည်း မဟုတ်၊ တက္ကသိုလ်ပြည်၌ သင်္ခ မည်သော ပုဏ္ဏားဖြစ်စဉ်က ပရိနိဗ္ဗာန်ပြုသွားသော ပစ္စေကဗုဒ္ဓါ၏ စေတီ၌ မြက်ရှင်းခြင်း၊ သဲဖြူးခြင်း စသော အမှုကို ပြုခဲ့သော ကောင်းမှုကြောင့်သာ ဖြစ်ပေသည်" ဟု မိန့်ကြားတော်မူသည်။ ထိုနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစား ဆင်ခြင် ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အနည်းငယ်သော ချမ်းသာကို စွန့်ခြင်းဖြင့် ကြီးကျယ် ပြန့်ပြောသော ချမ်းသာကို ရလိမ့်မည်ဟု မြင်ခဲ့လျှင် ထိုကြီးကျယ်ပြန့်ပြောသော ချမ်းသာကို မျှော်မြင်လျက် အနည်းငယ်သာ ချမ်းသာကို စွန့်လွှတ်ရာ၏" ဟူသော ဒေသနာကိုလည်း ဟောကြားတော်မူသည်။ ထိုဒေသနာအဆုံး၌ များစွာသောသူတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိကြလေသည်။

(၂၁။ ပကိဏ္ဏကဝဂ်၊ ၁-အတ္တနော ပုဗ္ဗကမ္မ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# မင်းနှင့်ပြည်သူ အလှူပြိုင်ပွဲ

(၁)

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်လည်ကြွချီရာမှ သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ဗုဒ္ဓ ကြွရောက်လာကြောင်း ကြားသိလျှင် ကောသလမင်းကြီးသည် ရဟန်းငါးရာနှင့်တကွ ဗုဒ္ဓမြတ်စွာကို နန်းတော်သို့ ပင့်ဖိတ်၍ ဆွမ်းကပ်သည်။ သက်န်းပရိက္ခရာ စသော ပစ္စည်းများကိုလည်း ထိုက်တန်စွာ လှူဒါန်းသည်။

သာဝတ္ထိ မြို့သူမြို့သားတို့သည် မင်းကြီး၏အလှူကို မြင်ကြလျှင် အားကျ၍ နောက်တစ်နေ့တွင် မိမိတို့ဘာသာ စုပေါင်း၍ အလှူပွဲကြီးတစ်ခု ပြုလုပ်ကြသည်။ ထိုအလှူမှာ တစ်မြို့လုံး စုပေါင်း၍ ပြုလုပ်သည့် အလှူဖြစ်ခြင်းကြောင့် မင်းကြီး၏ အလှူထက်ပင် ပို၍ ကြီးကျယ် စည်ကားလေသည်။

ထိုအကြောင်းကို ကြားသိလျှင် ကောသလမင်းကြီးသည် မခံချင်စိတ်ဖြင့် နောက်တစ်နေ့တွင် ပြည်သူပြည်သားတို့၏ အလှူထက် ကြီးကျယ်သော အလှူပွဲကြီးကို ပြုလုပ်ပြန်လေသည်။ ဤသို့ဖြင့် သာဝတ္ထိပြည်၌ မင်းနှင့်ပြည်သူတို့ တစ်ဖက်နှင့်တစ်ဖက် မည်သူကမျှ အနိုင်မခံအရှုံးမပေးဘဲ အလှူပြိုင်ပွဲကြီး ကျင်းပလာခဲ့ရာ ခြောက်ကြိမ်လွန်၍ ခုနစ်ကြိမ်မြောက်သို့ပင် ရောက်ရှိလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကောသလမင်းကြီးသည် မိမိ၏အလှူကို မြို့သူမြို့သားတို့ မမီနိုင်အောင် မည်ကဲ့သို့ ခင်းကျင်း စီစဉ်ရပါမည်နည်းဟူ၍ အကြံထုတ်လျက် စားမဝင် အိမ်မပျော် ဖြစ်နေသည်။ ဤအကြောင်းကို မလ္လိကာမိဖုရားကြီးသိလျှင် "အရှင်မင်းကြီး၊ ဒီကိစ္စအတွက် စိုးစဉ်းမျှ ကြောင့်ကြပူပင်တော်မမူပါလင့်။ နှမတော် အားလုံး တာဝန်ယူ၍ စီစဉ်ပါမည်" ဟု လျှောက်တင်လေသည်။

ထို့နောက် မလ္လိကာ မိဖုရားသည် ရွှေနန်းတော်ရင်ပြင်၌ ကြီးကျယ်သော မဏ္ဍပ်ကြီးတစ်ခုကို နေ့ချင်းပြီး ဆောက်လုပ်စေသည်။ ထိုမဏ္ဍပ်ကြီးအတွင်း၌ ဗုဒ္ဓနှင့်တကွ ရဟန်းငါးရာတို့ ထိုင်ရန် နေရာ ပလ္လင်များကို ခင်းကျင်းစေပြီး မဏ္ဍပ်အလယ်တွင်မူ ရွှေနီပုစွန်ခွံအုပ်ထားသော လှေတော်ဆယ်စီးကို နံ့သာရေများထည့်၍ ထားရှိစေသည်။

မလ္လိကာမိဖုရားသည် ဆင်းတင်းကုတ်မှ ဆင်ငါးရာတို့ကို ယူဆောင်စေပြီး ရဟန်းတစ်ပါး တစ်ပါးထိုင်မည့် ပလ္လင်အနီး၌ ဆင်တစ်စီးကျစီကို ထီးဖြူတစ်စင်းစီ ဆောင်းမိုးလျက် ရပ်နေစေသည်။ ဆင်တင်းကုတ်၌ ဆင်ယဉ်ငါးရာမပြည့်ဘဲ တစ်စီးလိုနေသောကြောင့် အခက်ကြုံနေရသည်ကို မလ္လိကာ မိဖုရားက ဖြတ်ထိုးဉာဏ်ဖြင့် ဖြေရှင်းပေးလိုက်သည်။ မလ္လိကာဖြေရှင်းပေးလိုက်ပုံကား ရှင်အင်္ဂုလိမာလ ကိုယ်တော်ကြီးနေရာ၌ ဆင်ရိုင်းတစ်စီးကို နေရာချပေးလိုက်ခြင်း ဖြစ်သည်။

နောက်တစ်နေ့ နံနက် ဆွမ်းစံချိန် ကျရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်း ငါးရာနှင့်အတူ အလှူမဏ္ဍပ်သို့ ကြွရောက်လာသည်။ ဗုဒ္ဓနှင့် ရဟန်းငါးရာတို့သည် ဆင်တစ်စီးကျစီက ထီးဖြူတစ်စင်းကျစီဖြင့် ဆောင်းမိုးပေးခြင်းကို ခံယူလျက် ပလ္လင်ငါးရာတို့၌ အသီးသီး ထိုင်နေကြသည်။ ရှင်အင်္ဂုလိမာလ၏ အနီး၌ထားသော ဆင်သည် ဆင်ရိုင်းပင်ဖြစ်သော်လည်း မထေရ်၏ အရှိန်အဝါဖြင့် ဆင်ယဉ်များကဲ့သို့ပင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေလေသည်။

ထိုအချိန်တွင် နှစ်ပါး နှစ်ပါးသော ရဟန်းတို့၏ကြား၌ တစ်ယောက်စီ တစ်ယောက်စီသော မင်းသမီးတို့က ယပ်ခတ်ပေးနေကြသည်။ တစ်ယောက်စီ တစ်ယောက်စီသော မင်းသမီးတို့ကား နံ့သာတုံးများကို သွေးနေကြလေသည်။ ထို့မှ တစ်ပါး အခြားသော မင်းသမီးတို့အနက် အချို့က နံ့သာရေတို့ကို မဏ္ဍပ်အလယ်ရှိ လှေများအတွင်းသို့ လောင်းထည့်နေကြသည်။ အချို့ကမူ လှေဝမ်းထဲမှ နံ့သာရေတို့ကို ကြာညိုစည်းတို့ဖြင့် မွှေနှောက်ပေးနေကြသည်။ သို့အားဖြင့် မဏ္ဍပ်တစ်ခုလုံး သင်းပျံ့မွှေးကြိုင်၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မလ္လိကာမိဖုရားကြီး၏ ဆန်းပြားသော အစီအစဉ်မဖြင့် ခမ်းနားကြီးကျယ်စွာ ကျင်းပသော ဤအလှူပွဲကြီးကိုမြင်လျှင် မြို့သူမြို့သားတို့သည် အံ့သြချီးကျူး၍ မဆုံးအောင် ရှိကြလေသည်။ "ဤတစ်ချီမှာဖြင့် ကျွန်ုပ်တို့ဘက်က အရှုံးကြီးရှုံး ပါပြီ" ဟူ၍လည်း ဝန်ခံစကား ပြောကြားကြလေသည်။

မြို့သူမြို့သားတို့သည် မိမိတို့၏ စုပေါင်းအင်အားဖြင့် များပြားသော ငွေကြေး ပစ္စည်းတို့ကို အကုန်အကျ ခံနိုင်ကြသည်။ သို့သော် ဆင်ငါးရာ၊ ထီးဖြူ ငါးရာတို့ကို မူ ရရှိနိုင်ဖို့ မလွယ်၊ ငါးရာမကသော မင်းသမီးတို့ကို ရရှိဖို့အရေးကား ပို၍ပင် ဝေးလေသည်။ ထို့ကြောင့်လည်း ဤကဲ့သို့ အတည့်အလင်း အရှုံးပေးကြခြင်း ဖြစ်ပေသည်။

(၂)

ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့သည် အတိုင်းမသိသော ကြည်နူး ဝမ်းမြောက်ခြင်းဖြင့် ဘုရားအမှူးရှိသော သံဃာအား မွန်မြတ်သော ဆွမ်းဘောဇဉ် တို့ကို ဆက်ကပ်ကြသည်။ အဖိုးများစွာ ထိုက်တန်သော သက်န်းပရိက္ခရာ အမျိုးမျိုး ကိုလည်း လှူဒါန်းကြလေသည်။

ထိုအလှူပွဲကိုကြည့်၍ မှူးမတ်အပေါင်းနှင့်တကွ သာဝတ္ထိပြည်သူတစ်ရပ်လုံး ရွှင်ပြုံးကြည်နူးနေကြသည်။ ဇုဏှအမည်ရှိသော အမတ်ကြီးကား "ဤကဲ့သို့သော အလှူကို ဘုရင်မင်းမြတ်တို့သာ ပြုနိုင်ပေသည်၊ အံ့ဖွယ်ရှိပေစွတကား" ဟု တွေးလျက် အထူးဝမ်းသာနေလေသည်။

သို့ရာတွင် ယင်းအလှူနှင့် ပတ်သက်၍ မကြည်မဖြူ ငြူစူစိတ်ပွား၍ မကျေမနပ်ဖြစ်နေသူတစ်ဦး ထူးခြားစွာရှိနေသည်။ ထိုသူကား အခြားမဟုတ်၊ ဘုရင် မင်းမြတ်၏ ကာဠအမည်ရှိသော အမတ်ကြီးပင်ဖြစ်၏။ ထိုအမတ်ကြီးသည် "ဤမင်းကား တစ်နေ့ချင်းဖြင့် ၁၄-ကုဋေသော ပစ္စည်းဥစ္စာတို့ကို ဖြုန်းတီးပစ်၏၊ မိုက်မဲလေစွတကား" ဟု တွေးတောလျက် နှမြောတသ၍ နေလေသည်။

ဘုရင်နှင့်မိဖုရားတို့သည် မိမိတို့၏ အတုမဲ့အလှူတွင် ဗုဒ္ဓရှင်တော်မြတ်ကိုယ် တိုင် ထူးခြားသော တရားဒေသနာကို ဟောကြားချီးမြှင့်လိမ့်မည်ဟု မျှော်လင့်နေကြ သည်။ သို့သော် ဗုဒ္ဓမြတ်စွာသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ လေးပါဒရှိသော ဂါထာတစ်ပုဒ်မျှကိုသာ ဟောကြား၍ ကျောင်းတော်သို့ ပြန်ကြွလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ထိုအခါ ကောသလဘုရင်မှာ စိတ်မချမ်းမသာ ဖြစ်သွားလေသည်။

"ဗုဒ္ဓမြတ်စွာသည် အဘယ်ကြောင့် အလှူနှင့် ထိုက်တန်သော တရားကို ဟောကြားတော်မမူသလဲ"

"ငါသည် ဤအလှူပွဲ၌ အဘယ်သို့သော အမှားအယွင်းကို ပြုလုပ်မိလေသနည်း"

"မလှူသင့်သောပစ္စည်းကို လှူခဲ့မိလေသလော ..."

ဤသို့ စသည်ဖြင့် တွေးတောပူပန်နေလေသည်။

ထို့ကြောင့် ကောသလဘုရင်သည် ကျောင်းတော်သို့ လိုက်သွားပြီး ဗုဒ္ဓမြတ်စွာအား မေးလျှောက်လေသည်။

"အရှင်ဘုရား၊ ဒကာတော်၏ အလှူပွဲ၌ အဘယ့်ကြောင့် ထိုက်တန်စွာ တရားဟောကြားတော်မမူပါသနည်း"

"မြတ်သောမင်းကြီး၊ သင်၏အလှူပွဲ၌ ပရိသတ်သည် မစင်ကြယ်ခဲ့၊ ထို့ကြောင့် ငါဘုရားသည် တရားကို အကျယ်တဝင့် မဟောကြားခဲ့ခြင်းဖြစ်၏"

ဗုဒ္ဓမြတ်စွာသည် ဤသို့ ဖြေကြားပြီး ကာဠအမတ်နှင့် ဇုဏှအမတ်တို့အား အသီးအသီး စိတ်အကြံ ဖြစ်ကြပုံကို ထုတ်ဖော် မိန့်ကြားတော်မူသည်။ ထို့နောက် ...

"နှမြောဝန်တိုသူတို့သည် နတ်ပြည်သို့မရောက်ကုန်၊ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကုန်၊ ပညာရှိသည်ကား အလှူဒါနကို ဝမ်းမြောက်၏၊ ထို့ကြောင့်ပင် သူသည် တမလွန်ဘဝ၌ ချမ်းသာစွာနေရ၏" ဟူသော ဝေဒနာကို ဟောကြားတော်မူလေသည်။

ထိုဒေသနာအဆုံး၌ ဇုဏှအမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ကောသလမင်းကြီးသည် မိမိ၏အလှူဒါန၌ မနာလိုဝန်တို ဖြစ်ခဲ့သော ကာဠအမတ်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်သည်။ မိမိ၏အလှူဒါန၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သော ဇုဏှအမတ်ကိုမူ မင်းစည်းစိမ် ခုနစ်ရက်ပေး၍ ချီးမြှောက်လေသည်။

(၁၃။ လောကဝဂ်၊ ၁၁-အသဒိသဒါန ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မသေနာပတိ

### ပညာတော်ဒေဂ် ရရှိခြင်း

ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်သို့ ရှေးဦးစွာ ကြွရောက်၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပတိဿနှင့် ကောလိတ အမည်ရှိသော ပရိဗိုဇ်နှစ်ပါးတို့သည် ရှင်အဿဇိနှင့် တွေ့၍ ဗုဒ္ဓထံသို့ ဆိုက်ရောက်လာပြီး ရဟန်းအဖြစ်ကို ခံယူခဲ့ကြသည်။ ရဟန်းဖြစ်ပြီး၍ မကြာမီကာလ အတွင်း၌ပင် ထိုအရှင်နှစ်ပါးလုံး ရဟန္တာဖြစ်ကြ၍ ဥပတိဿအား 'ရှင်သာရိပုတ္တရာ' ဟူသော အမည်ဖြင့် လက်ယာရံ အဂ္ဂသာဝကကြီးအဖြစ် ချီးမြှင့်တော်မူသည်။ ကောလိတအား 'ရှင်မဟာမောဂ္ဂလ္လာန်' ဟူသော အမည်ဖြင့် လက်ဝဲရံ အဂ္ဂသာဝကကြီးအဖြစ် ချီးမြှင့်တော်မူသည်။

ဤသို့ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့အား အမြတ်ဆုံးဖြစ်သော အဂ္ဂသာဝက အရာကို ပေးလိုက်သောအခါ အချို့သော ရဟန်းများက မကျေနပ်ကြ။ "ပထမဦးစွာ ရဟန်းပြုသော ပဉ္စဝဂ္ဂီငါးပါးတို့အား သော်လည်းကောင်း၊ ရှင်ယသ၊ ရှင်ဥရုဝေဠကဿပ အစရှိသော ပုဂ္ဂိုလ်တို့အား သော်လည်းကောင်း အဂ္ဂသာဝက အရာကိုမပေးဘဲ နောက်မှ ရောက်လာသည့် ပုဂ္ဂိုလ်နှစ်ပါးအား ပေးခြင်းသည် မျက်နှာလိုက်ရာ မကျပါသလော" ဟူ၍ ကဲ့ရဲ့စကားဆိုကြသည်။

ထိုအခါ ဗုဒ္ဓက မျက်နှာလိုက်၍ ပေးခြင်းမဟုတ်၊ ရှေးရှေးဘဝတို့၌ ဆုတောင်းပတ္ထနာပြု၍ ဖြည့်ကျင့် ဆည်းပူးခဲ့ကြသော ကုသိုလ်ပါရမီအား လျော်ညီစွာသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂသာဝက အရာကိုပေးခြင်း ဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားတော်မူသည်။ ထိုပုဂ္ဂိုလ် နှစ်ပါးတို့တွင် ရှင်သာရိပုတ္တရာသည် ပညာအရာတွင် ဗုဒ္ဓရှင်တော်မြတ်မှ လွဲ၍ အသာလွန်ဆုံး ဟူသော "ဓမ္မသေနာပတိ" ဘွဲ့ထူးနှင့် "ဓမ္မသေနာပတိ" "တရားစစ်သူကြီး" ဟူသော ဘွဲ့ထူးများဖြင့်လည်း ချီးကျူးဂုဏ်ပြုခြင်း ခံရပေသည်။

## လက်ဦးဆရာ

ဤသို့ ဗုဒ္ဓ၏ တပည့်သာဝက အပေါင်းတွင် အမြင့်မြတ်ဆုံး ဖြစ်သော အဂ္ဂသာဝကကြီး အဖြစ်ဖြင့် ချီးမြှင့်ခြင်း ခံရပြီးသော်လည်း ရှင်သာရိပုတ္တရာသည် မိမိ၏ လက်ဦးဆရာဖြစ်သော ရှင်အဿဇိအား လွန်စွာ ရိုသေလေးစားသည်။ ညအိပ်စက်သည့် အခါတိုင်း ရှင်အဿဇိရှိရာ အရပ်ကို လက်အုပ်ချီပြီး ထိုအရပ်ကို ခေါင်းပြု၍သာ အိပ်လေ့ရှိပေသည်။

ရှင်သာရိပုတ္တရာသည် အိပ်စက်သည့်အခါတိုင်း အရပ်မျက်နှာတစ်ခုခုသို့ လက်အုပ်ချီ၍ အိပ်သည်ကို အချို့သော ရဟန်းတို့က အထင်အမြင် မှားကြလေသည်။ "ရှင်သာရိပုတ္တရာသည် ပုဏ္ဏားမျိုးဖြစ်၍ ပုဏ္ဏားတို့၏ အယူဝါဒကို မစွန့်နိုင်သောကြောင့် အရပ်မျက်နှာကို ရှိခိုးသည်" ဟု ဝေဖန် ပြောဆိုကြသည်။

ထိုရဟန်းတို့၏ စကားကိုကြား၍ ဗုဒ္ဓက ရှင်သာရိပုတ္တရာကို ခေါ်ယူ မေးမြန်းတော်မူသည်။ ရှင်သာရိပုတ္တရာက "တပည့်တော်သည် ပုဏ္ဏားတို့၏ အယူဝါဒကို မစွန့်နိုင်သောကြောင့် အရပ်မျက်နှာကို ရှိခိုးသည်မဟုတ်ပါ၊ တပည့်တော်၏ ကျေးဇူးရှင်ဖြစ်သော ရှင်အဿဇိ ရှိရာအရပ်ကို ရည်မှန်း၍ လက်အုပ်ချီခြင်းသာ ဖြစ်ပါသည်" ဟု ရှင်းလင်း လျှောက်ကြားသည်။ ထိုအခါ ဗုဒ္ဓရှင်တော်မြတ်က "အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ တရားစစ် တရားမှန်ကို သိမြင်၏၊ ထိုပုဂ္ဂိုလ်အား အမြဲပင် မြတ်နိုးကော်ရော် ပူဇော်သင့်ပေသည်" ဟူ၍ ဟောကြားမိန့်မြွက်တော်မူလေသည်။

## ပထဝီမြေကြီးကဲ့သို့

ရှင်သာရိပုတ္တရာသည် မိမိ၏ ဆရာသမားအပေါ်၌ ရိုသေကျိုးနွံမှု ရှိသည်နှင့် အမျှ သီတင်းသုံးဖော်ဖြစ်သော ရဟန်းသံဃာတို့ အပေါ်လည်း ထူးကဲသော သည်းခံမှု



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြည့်စုံတော်မူသည်။ အခါတစ်ပါး၌ မထေရ်သည် မိမိ၏ နောက်လိုက်နောက်ပါ တပည့်သံဃာတို့နှင့်အတူ ဗုဒ္ဓအား ပူဇော်ကန်တော့ပြီး အရပ်တစ်ပါးသို့ ခရီးထွက်မည် ပြုရာ အခြားသော ရဟန်းများစွာတို့ကလည်း လိုက်၍ ပို့ဆောင်ကြသည်။ လိုက်၍ ပို့ဆောင်ကြသော ရဟန်းတို့အား မထေရ်က အမည်နာမဖြင့် တစ်ပါးစီတစ်ပါးစီ လိုက်၍ နှုတ်ဆက်သည်။ ယင်းသို့ နှုတ်ဆက်ရာတွင် အမည် မမှတ်မိသော ရဟန်း တစ်ပါးကို နှုတ်မဆက်မိဘဲ ကျန်နေသည်။ ထိုရဟန်းသည် သူ့အား ဂရုမစိုက်ဟု ထင်၍ မထေရ်အပေါ်တွင် မကျေမနပ် ဖြစ်သွားသည်။

တစ်ဖန် မထေရ်၏ သင်္ကန်းစွန်းက သူ့ကို တိုက်မိသွားရာ ထိုရဟန်းသည် ဗုဒ္ဓထံသို့ ချက်ချင်းသွား၍ "အရှင်ဘုရား ... ရှင်သာရိပုတ္တရာသည် တပည့်တော်ကို ကိုယ်ဖြင့် တိုက်သွားပြီး မတောင်းပန်ဘဲ ထွက်သွားပါသည်" ဟု တိုင်တန်း လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓက ရဟန်းတစ်ပါးကို စေလွှတ်၍ ရှင်သာရိပုတ္တရာကို ပြန်ခေါ်စေသည်။ ဤသတင်းမှာ ဇေတဝန်ကျောင်းတော် တစ်ခုလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသဖြင့် ရဟန်းအများ စုဝေးလာကြသည်။

ထိုရဟန်း၏ စွပ်စွဲချက်ဖြင့် မှန်မမှန် မေးမြန်းသည့်အခါ ရှင်သာရိပုတ္တရာက "တပည့်တော်သည် ဤရဟန်းကို တိုက်မသွားပါ" ဟု တိုက်ရိုက်မဖြေ။ "အရှင်ဘုရား၊ အကြင်ရဟန်းသည် အမြဲ သတိနှင့်ယှဉ်သော စိတ်ရှိ၏။ ထိုရဟန်းသည် သီတင်းသုံးဖော် တစ်ပါးပါးအား ထိခိုက် ပြစ်မှားမိလျှင် မတောင်းပန်ဘဲ ထွက်သွားပါမည်လော" စသည်ဖြင့် သွယ်ဝိုက်၍ လျှောက်ထားလေသည်။

ရှင်သာရိပုတ္တရာ၏ လျှောက်ထားချက်များကို ကြားရသောအခါ စွပ်စွဲသော ရဟန်းမှာ တစ်ကိုယ်လုံးပူလောင်၍ မနေနိုင်မထိုင်နိုင် ဖြစ်လာသည်။ ထို့ကြောင့် ဗုဒ္ဓ၏ခြေတော်ရင်း၌ ဝပ်ဆင်း၍ မိမိ၏အပြစ်ကို ဖော်ထုတ်ဝန်ခံကာ တောင်းပန်ရ တော့သည်။ ဗုဒ္ဓကလည်း "သာရိပုတ္တရာ၊ ဤရဟန်းမိုက်အား သည်းခံလိုက်ပါ" ဟု မိန့်ကြားတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာသည် ဗုဒ္ဓရှေ့တော်မှောက်၌ ထိုင်၍ လက်အုပ်ချီပြီး "အရှင်ဘုရား၊ တပည့်တော်သည် ထိုအရှင်မြတ်အား သည်းခံ ပါ၏၊ တပည့်တော်မှာ အပြစ်ရှိလျှင်လည်း ထိုအရှင်မြတ်က သည်းခံရန် တပည့်တော် တောင်းပန်ပါသည်" ဟု ဆိုလေသည်။

ထိုအခြင်းအရာကို မြင်ကြသော ရဟန်းတို့သည် "ငါ့ရှင်တို့ ... ရှင်သာရိပုတ္တရာ မထေရ်မြတ်ကား အံ့ဩဖွယ်ကောင်းပေစွ၊ မိမိအား မဟုတ်မမှန် စွပ်စွဲသော



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းအား အနည်းငယ်မျှ အမျက်ဒေါသမထားသည့်ပြင် ထိုင်၍ပင် ကန်တော့နေသေး၏'' ဟု ချီးကျူးပြောဆိုကြသည်။ ထိုစကားကိုကြားလျှင် ဗုဒ္ဓက ''မဟာပထဝီမြေကြီးကဲ့သို့ တည်တံ့ကြံ့ခိုင်သော စိတ်ဓာတ်ရှိသည့် ပုဂ္ဂိုလ်သည် အကောင်းနှင့်ကြုံသည်ဖြစ်စေ၊ အဆိုးနှင့် ကြုံသည်ဖြစ်စေ တုန်လှုပ်ချောက်ချားခြင်းမရှိပေ'' ဟု မိန့်ကြားတော်မူလေသည်။

## ရိုက်နှက်သူကို သည်းခံခြင်း

တစ်နေ့သ၌ အလှူမဏ္ဍပ်တစ်ခုတွင် စုဝေးမိကြသော သာဝတ္ထိမြို့သူမြို့သားတို့သည် ရှင်သာရိပုတ္တရာအား ချီးကျူးပြောဆိုနေကြသည်။

''အချွေတို့ … ရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် သည်းခံခြင်းတရားနှင့် လွန်စွာပြည့်စုံပေ၏။ မိမိအား ဆဲဆိုသူကိုသော်လည်းကောင်း၊ ရိုက်နှက် ပုတ်ခတ်သူကိုသော်လည်းကောင်း အနည်းငယ်မျှ အမျက်ဒေါသ ထားခြင်းမရှိ''

မိစ္ဆာဒိဋ္ဌိပုဏ္ဏားတစ်ယောက်သည် ထိုစကားကိုကြားလျှင် ''အချွေတို့၊ သင်တို့မထေရ်က အမျက်ထွက်အောင်ပြုသူ မရှိသေး၍ အမျက်မထွက်ခြင်း ဖြစ်ပါလိမ့်မည်၊ မထေရ် အမျက်ထွက်အောင် ကျွန်ုပ် ပြုလုပ်ပါမည်'' ဟု ပြောလေသည်။ ယင်းသို့ပြောဆိုပြီး နောက်တစ်နေ့တွင် မြို့တွင်း၌ ဆွမ်းခံလှည့်လည်နေသော ရှင်သာရိပုတ္တရာအား ထိုပုဏ္ဏားသည် နောက်မှနေ၍ ကျောကုန်းလယ်၌ လက်ဖြင့် ပြင်းထန်စွာ ရိုက်နှက်လေ၏။ ဤသို့ အမှတ်တမဲ့ ရိုက်နှက်လိုက်သော်လည်း မထေရ်ကား နောက်သို့ တစ်ချက်မျှပင် လှည့်မကြည့်၊ ရှေ့သို့သာ ဣန္ဒြေမပျက် ဆက်လက်ကြွတော်မူသည်။

မိမိအား အကြောင်းမဲ့ ရိုက်နှက်သူကို လှည့်၍ပင် မကြည့်ဘဲ ကြွသွားသည်ကို မြင်လျှင် ရိုက်နှက်သော ပုဏ္ဏားသည် ''အပြစ်မဲ့သော သူတော်မြတ်အား ငါပြစ်မှားမိလေပြီ'' ဟု တွေးမိကာ ထိတ်လန့် တုန်လှုပ်သွားလေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း တစ်ခဏချင်း ပူလောင်လာလေသည်။ ထိုအခါ ပုဏ္ဏားသည် ရှင်သာရိပုတ္တရာနောက်သို့ ချက်ချင်းလိုက်သွားပြီး ခြေရင်း၌ဝပ်ကာ ''အရှင်ဘုရား … တပည့်တော်ကို သည်းခံတော်မူပါ'' ဟု ဝန်ချ တောင်းပန်သည်။ ရှင်သာရိပုတ္တရာကလည်း ''အချင်းပုဏ္ဏား … သင့်အား ငါသည်းခံ၏'' ဟု မိန့်ကြားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားသည် မထေရ်အား ဝန်ချတောင်းပန်ပြီး သူ့အိမ်သို့ပင့်ကာ ဆွမ်းလောင်းလှူလေသည်။ ထိုအချိန်တွင် ရှင်သာရိပုတ္တရာအား ရိုက်နှက်သည်ဟု ကြားသဖြင့် မြို့သူမြို့သားအချို့သည် တုတ်၊ ဓား၊ လက်နက်များဖြင့် ပုဏ္ဏား၏အိမ်သို့ ဝိုင်းရံနေကြသည်။ ဆွမ်းဘုဉ်းပေးပြီး၍ မထေရ်အိမ်မှ ထွက်လာသောအခါ ပုဏ္ဏားက နောက်မှ သပိတ်ပိုက်၍ လိုက်လာသည်။ အိမ်ရှေ့မှ စောင့်နေသူများက မထေရ်အား "အရှင်ဘုရား ... ဤပုဏ္ဏား၏လက်မှ သပိတ်ကို ယူတော်မူပါ၊ အရှင်ဘုရားအား စော်ကားသော ပုဏ္ဏားကို တပည့်တော်တို့ ဆုံးမလိုပါသည်" ဟု လျှောက်တင်ကြသည်။

"ဒါယကာတို့ ... ဤပုဏ္ဏားသည် သင်တို့ကို စော်ကားသလော၊ ငါ့ကို စော်ကားသလော"

"အရှင်ဘုရားကို စော်ကားခြင်း ဖြစ်ပါသည်ဘုရား"

"သို့ဖြစ်လျှင် ငါ့ကိုကန်တော့ပြီးဖြစ်သည်၊ သင်တို့ ဆုံးမရန်မလို၊ သင်တို့ သွားကြပါတော့"

မထေရ်က ဤသို့ မိန့်ကြားသောအခါ မြို့သူ မြို့သားများမှာ ပုဏ္ဏားအား မည်သို့မျှ မပြုဝံ့ကြတော့ဘဲ လူစု ခွဲသွားကြလေသည်။ ထိုအကြောင်းကို ဇေတဝန်ကျောင်းတော်မှ ရဟန်းများ ကြားသိကြလျှင် "ငါ့ရှင်တို့ ... ရှင်သာရိပုတ္တရာသည် မိမိကို ရိုက်နှက်သော ပုဏ္ဏား၏အိမ်သို့ပင် ဆွမ်းခံကြွတော်မူ၏၊ ရှင်သာရိပုတ္တရာကိုပင် ရိုက်နှက်ဝံ့သော ပုဏ္ဏားသည်လည်း ဘယ်သူ့ကိုမှ ကြောက်လန့်မည်မဟုတ်၊ အခြားရဟန်းများကိုလည်း ရိုက်နှက်ဦးမည်သာဖြစ်၏" ဟူ၍ ဝေဖန်ပြောဆိုလေသည်။

ထိုရဟန်းတို့၏စကားကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် "ဒေါသစိတ်ကို၊ တားဆီးနိုင်ခြင်းသည် အကောင်းဆုံးဖြစ်၏၊ ဒေါသစိတ်ကို တားဆီးနိုင်လျှင် ဆင်းရဲဒုက္ခ ငြိမ်းအေးလိမ့်မည်" ဟု မိန့်ကြားတော်မူလေသည်။

## ကျေးဇူးမမေ့

ရှင်သာရိပုတ္တရာသည် ခန္တီစိတ်ဓာတ် ပြည့်ဝရုံသာမက တစ်ပါး သူတို့၏ ကျေးဇူးကိုလည်း အထူး သိတတ်ပေ၏။ တစ်ခါက ရာဓအမည်ရှိသော ပုဏ္ဏားအိုကြီးသည် စားရမဲ့သောက်ရမဲ့ ဖြစ်နေသဖြင့် ဇေတဝန်ကျောင်းတော်၌ ကပ်နေရရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းပြုချင်သော်လည်း မည်သူကမျှ ရဟန်းပြုမပေးကြချေ။ ထိုပုဏ္ဏားအိုကြီးကို ဗုဒ္ဓမြတ်စွာမြင်တွေ့တော်မူလျှင် "ချစ်သားတို့ … မည်သူသည် ဤပုဏ္ဏားကြီး၏ ကျေးဇူးပြုမှုကို ခံယူဖူးသနည်း" ဟု ရဟန်းများကို မေးမြန်းတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာသည် ပရိသတ်ထဲမှ ထ၍ "အရှင်ဘုရား တပည့်တော်သည် ဤပုဏ္ဏားကြီးထံမှ ဆွမ်းတစ်လုတ်စာမျှ ခံယူခဲ့ဖူးပါသည်" ဟု လျှောက်တင်ပြီး ကျေးဇူးရှင် ရာဓပုဏ္ဏားကို ရဟန်းပြုပေးခဲ့လေသည်။

## အထင်မှားခံရခြင်း

ရှင်သာရိပုတ္တရာသည် ဤသို့ မြင့်မြတ်သော စိတ်ဓာတ်နှင့် ပြည့်ဝသော ပုဂ္ဂိုလ်ကြီး ဖြစ်သော်လည်း တစ်ခါတစ်ရံ တချို့သော ရဟန်းတို့၏ အထင်အမြင် လွဲမှားခြင်းကို ခံခဲ့ရ၏။ အထင်မှား ခံရခြင်းတွင် အယူအစွဲ သန်သော ပုဏ္ဏားမျိုးမှ ရဟန်းပြုလာသူ ဖြစ်ခြင်းသည် အကြောင်းတစ်ရပ်ဖြစ်သည်။ အချို့သော ပုဏ္ဏားမျိုးတို့သည် ဗုဒ္ဓထံ၌ ရဟန်းအဖြစ်ကို ခံယူခဲ့ကြသော်လည်း မိမိတို့၏ မိရိုးဖလာ အယူဝါဒကို ကင်းစင်အောင် မစွန့်နိုင်ဘဲ ရှိခဲ့ကြသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ရှင်သာရိပုတ္တရာ မထေရ်ကြီးကိုပင် ရဟန်းများက အထင်မှားခဲ့ကြလေသည်။

တစ်နေ့သ၌ တောကျောင်းနေ ရဟန်းသုံးကျိပ်တို့သည် ဗုဒ္ဓမြတ်စွာအား လာရောက် ဖူးမြင်ကြသည်။ ထိုရဟန်းတို့၏ ရှေ့မှောက်၌ ဗုဒ္ဓက ရှင်သာရိပုတ္တရာ အား ပြဿနာတစ်ရပ်ကို မေးမြန်းတော်မူသည်။

"သာရိပုတ္တရာ၊ ဣန္ဒြေငါးပါးကို ပွားများခြင်းဖြင့် နိဗ္ဗာန်သို့ သက်ဝင်နိုင်ကြောင်း သင် ယုံကြည်ပါ၏လော"

"အရှင်ဘုရား … ဣန္ဒြေငါးပါးကို ပွားများခြင်းဖြင့် နိဗ္ဗာန်သို့ သက်ဝင်နိုင်သည် ဟူသော အချက်ကို တပည့်တော် လက်ခံပါ၏၊ သို့ရာတွင် မြတ်စွာဘုရားအား ယုံကြည်သဖြင့် ဤသို့ လက်ခံခြင်း မဟုတ်ပါ"

ထိုအဖြေကို တောကျောင်းနေ ရဟန်းများကြားလျှင် ရှင်သာရိပုတ္တရာအပေါ်၌ သံသယဝင်သွားကြသည်။ "ဤအရှင်သည် ယနေ့တိုင်အောင် မိစ္ဆာအယူကို မစွန့်သေး၊ ဘုရားရှင်အား နှစ်နှစ်ကာကာ သက်ဝင် ယုံကြည်မှု မရှိသေး" ဟု ဝေဖန်ပြောဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဗုဒ္ဓက "ရဟန်းတို့ … သာရိပုတ္တရာကို သင်တို့ အထင်မမှားကြလင့်၊ သာရိပုတ္တရာသည် ဣန္ဒြေငါးပါးကို ပွားများသဖြင့် နိဗ္ဗာန်သို့ သက်ဝင်နိုင်သည် ဟူသော အချက်ကို ငါဘုရား၌ ယုံကြည်၍ လက်ခံခြင်းမဟုတ်၊ မိမိကိုယ်တိုင်သိမြင်ပြီးဖြစ်၍ လက်ခံခြင်းသာ ဖြစ်ပေ၏" ဟူ၍ ရှင်းလင်းမိန့်ကြားကာ တရားဟောတော်မူရလေသည်။

အခါတစ်ပါး၌လည်း ရှင်သာရိပုတ္တရာသည် တပည့်ငါးရာတို့နှင့်အတူ ဇနပုဒ်ကျောင်း တစ်ကျောင်း၌ ဝါဆိုတော်မူသည်။ ဝါကျွတ်သောအခါ ထိုဇနပုဒ်မှ လူများသည် ရဟန်းရာနှင့်အတူ မထေရ်အား သင်္ကန်းကပ်လှူရန် စီစဉ်ကြသည်။ ဤသို့စီစဉ်နေစဉ် မထေရ်သည် အကြောင်းကိစ္စ တစ်ခုကြောင့် တပည့်ငါးရာနှင့်အတူသာဝတ္ထိပြည်သို့ ကြွသွားလေသည်။ မကြွသွားမီ မိမိ၏ တပည့်များအတွက် သင်္ကန်းလှူလာပါက သာဝတ္ထိပြည်သို့ ပို့လိုက်ရန် ကျောင်းနေ ရဟန်းများကို မှာကြားခဲ့လေသည်။ ❧

ဤအကြောင်းကို ရဟန်းများကြားသိကြလျှင် အချို့သော ရဟန်းများက တီးတိုးစကား ဆိုကြသည်။

"ရှင်သာရိပုတ္တရာသည် ပစ္စည်းလေးပါး၌ မက်မောမှု မကင်းသေးချေ။ ခရီးကြွရာ၌ပင် ဖြောင့်ဖြောင့်တန်းတန်း မကြွနိုင်ဘဲ သင်္ကန်းအတွက် နောက်ဆံတင်းနေတော်မူ၏"

ထိုစကားကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် "ရဟန်းတို့ … သာရိပုတ္တရာသည် ပစ္စည်းလေးပါး၌ တွယ်တာမက်မောခြင်းမရှိ၊ လူတို့အား ကုသိုလ်ကောင်းမှုမဆုတ်ယုတ်ပါစေလင့်၊ ရဟန်းသာမဏေတို့အားလည်း တရားသဖြင့်ရသော လာဘ်လာဘ မပျက်စီးပါစေလင့်ဟူသော သဘောဖြင့် ခရီးမထွက်မီ သင်္ကန်းကိစ္စကို မှာထားခဲ့ခြင်းဖြစ်၏" ဟူ၍ ရှင်းလင်းမိန့်ကြားတော်မူလေသည်။

## ဦးရှီးတော်အား ဆုံးမခြင်း

ရှင်သာရိပုတ္တရာမှာ မိမိနှင့်တကွ မွေးချင်း ခုနစ်ယောက်ရှိသည်။ မိမိကိုယ်တိုင် ဗုဒ္ဓထံ၌ အမှန်တရားကို သိမြင်ပြီးနောက်တွင် နှမ သုံးယောက်နှင့် ညီသုံးယောက်ကို သာသနာ့ဘောင်သို့ ဆွဲဆောင် သိမ်းသွင်းခဲ့ရာ အသက်ခုနစ်နှစ် ရွယ်မျှသာ ရှိသေးသည့် ညီငယ်ကလေး ရေဝတပင် မကျန်တော့ပေ။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဗြာဟ္မဏာဝါဒ၌ အယူအစွဲ သန့်လွန်းလှသော မိဘနှစ်ပါးကိုမူ တော်တော်နှင့် ချေချွတ်၍ ရနိုင်မည်မဟုတ်ကြောင်း သိတော်မူသဖြင့် မိဘနှစ်ပါးကို ချန်ထားပြီး ကျန်သော ဆွေမျိုးများထဲမှ ထိုက်တန်သူများကိုသာ အခါအားလျော်စွာ ချေချွတ်တော်မူခဲ့သည်။

ဗုဒ္ဓ၏အဂ္ဂသာဝကကြီးတစ်ပါးဖြစ်လာပြီး မကြာမီ တစ်နေ့တွင် ရှင်သာရိပုတ္တရာသည် နာလက ရွာနေ ဦးရိုးတော် ပုဏ္ဏားကြီး၏အိမ်သို့ ကြွသွားလေသည်။ ပုဏ္ဏားကြီးသည် မိမိတို့၏ မျိုးရိုးအစဉ်အလာ အယူဝါဒကို စွန့်ပယ်၍ ဗုဒ္ဓဂေါတမထံ၌ တပည့်ခံသွားသော တူတော်ဥပတိဿအား မကျေနပ်လှသော်လည်း ဆွေမျိုးတို့၏ ဝတ္တရားရှိသဖြင့် ရိုရိုသေသေပင် ကြိုဆိုဧည့်ခံလေသည်။ မထေရ်သည် အာလာပ သလ္လာပ စကားများကို ပြောဆိုပြီးနောက် ပုဏ္ဏားကြီးအား ဤသို့မေးမြန်းလေသည်။

"ဦးရိုးတော်၊ ပုဏ္ဏားကြီး ... အသို့နည်း၊ သင်သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုလုပ်ပါ၏လော"

"ပြုလုပ်ပါသည် တူတော်"

"ဘယ်လို ကုသိုလ်ကောင်းမှုကို ပြုလုပ်ပါသလဲ"

"လစဉ် တက္ကတွန်းတို့အား အသပြာ တစ်ထောင် စွန့်၍ အလှူကို ပြုလုပ်ပါသည် တူတော်"

"ဘယ်လို အကျိုးကျေးဇူးကို ရည်မျှော်၍ ထိုအလှူဒါနကို ပြုလုပ်ပါသလဲ"

"ဗြဟ္မာ့ပြည်သို့ရောက်ရန် ရည်ရွယ်၍ ထိုအလှူဒါနကို ပြုလုပ်ပါသည် တူတော်"

"တက္ကတွန်းတို့အား အလှူဒါနပြုလုပ်လျှင် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ပါသလော"

"ကျွန်ုပ်တို့၏ဆရာများက ရောက်နိုင်သည်ဟု ပြောကြပါသည်"

"ဦးရိုးတော် ပုဏ္ဏားကြီး ... သင်သည်လည်းကောင်း၊ သင့်ဆရာများသည် လည်းကောင်း ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းတရားကို သိသူများ မဟုတ်ကြ၊ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းတရားကိုသိသော ပုဂ္ဂိုလ်ထံသို့ သင့်အား ငါပို့ဆောင် ပေးမည်၊ လိုက်ခဲ့ပါ"

ရှင်သာရိပုတ္တရာသည် ဤသို့မိန့်ကြားပြီး ဦးရိုးတော်ပုဏ္ဏားကြီးကို ဗုဒ္ဓထံသို့ ခေါ်ဆောင်ခဲ့သည်။ ဗုဒ္ဓရှေ့မှောက်သို့ ရောက်သောအခါ အကြောင်းစုံကို လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး "အရှင်ဘုရား ... ဤပုဏ္ဏားကြီးအား ဗြဟ္မာပြည်သို့ ရောက်ကြောင်းတရားကို ဟောကြားတော်မူပါ" ဟု တောင်းပန်လေသည်။ ထိုအခါ ဗုဒ္ဓက "ပုဏ္ဏားကြီး ... တဏ္ဍုလပါလန်ကို တတ္တွတွန်းတို့အား အလှူဒါန ပြုလုပ်ခြင်းသည် ဗြဟ္မာပြည်သို့ ရောက်ကြောင်းတရားမဟုတ်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်များအား လစဉ် အသပြာ တစ်ထောင် စွန့်လွှတ်လှူဒါန်းခြင်းထက် အရိယာ သူတော်စင်တို့အား တစ်ခဏမျှ ပူဇော်ကန်တော့ခြင်းက ပို၍ ကောင်းမြတ်၏" ဟူ၍ ဟောကြားတော်မူရာ ပုဏ္ဏားကြီး အကျွတ်တရားရသွားလေသည်။

ရှင်သာရိပုတ္တရာသည် ဗြဟ္မာပြည်သို့ ရောက်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် အမြဲ မီးပူဇော်နေသော တူတစ်ယောက်နှင့် ယဇ်ပူဇော်ပွဲကြီးများကို အခါမလပ် ပြုလုပ်နေသော မိတ်ဆွေပုဏ္ဏား တစ်ယောက်တို့ကိုလည်း အထက်ပါနည်းအတိုင်းပင် ဗုဒ္ဓထံ ခေါ်ဆောင်ခဲ့သည်။ ဗုဒ္ဓက မီးပူဇော်ခြင်း၊ ယဇ်ပူဇော်ခြင်းများ အကျိုးမရှိပုံကို ဟောကြားသဖြင့် ထိုပုဂ္ဂိုလ်များလည်း အကျွတ်တရား ရရှိသွားကြသည်။

## မယ်တော်၏ ဆဲဆိုမှုကို ခံရခြင်း

အခါတစ်ပါး၌လည်း ရှင်သာရိပုတ္တရာသည် ရဟန်းငါးရာနှင့်အတူ မိမိ၏ မွေးဖွားရာဇာတိဖြစ်သော နာလကရွာသို့ ဆွမ်းခံကြွလာသည်။ ထိုရွာမှလူတို့သည် အများအားဖြင့် မထေရ်၏ ဆွေမျိုးများသာ ဖြစ်ကြသဖြင့် ဗုဒ္ဓဝါဒကို ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဆွေမျိုးသံယောဇဉ်ဖြင့် အိမ်တိုင်းမှထွက်၍ ဆွမ်းလောင်းကြသည်၊ အိမ်စဉ်အတိုင်း လှည့်လည်၍ မယ်တော်ကြီး ရူပသာရီ၏အိမ်ရှေ့သို့ ရောက်သောအခါ မယ်တော်ကြီးသည် ဝမ်းနည်းဝမ်းသာဖြင့် ရဟန်းငါးရာနှင့် တကွ သားတော်ကြီးကို အိမ်ထဲသို့ပင့်ဆောင်လေသည်။

အမှန်စင်စစ် မိမိတို့၏ မျိုးရိုးစဉ်လာဖြစ်သော ဗြာဟ္မဏဝါဒကို ပစ်ပစ်ခါခါ စွန့်ပစ်၍ ဗုဒ္ဓဂေါတမ၏ တပည့်ခံသွားသော သားကြီးဥပတိဿကို မိဘနှစ်ပါးလုံး ကပင် မကျေနပ်ကြ။ ညီငယ်နှမငယ်များကိုပါ သူ့နောက်သို့ ဆွဲခေါ်သွားသောအခါ တွင်မူ ပို၍ ဒေါသထွက်ခဲ့ကြသည်။ ယောကျ်ားသားဖြစ်သော ပုဏ္ဏားကြီးက အလွန် အမင်း မတုန်လှုပ်သော်လည်း မိန်းမသားဖြစ်သော ပုဏ္ဏေးမကြီးမှာမူ ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့သည်။ ထို့ကြောင့် သားတော်ရဟန်းထံသို့ မိမိတို့က မသွားသကဲ့သို့ မိမိတို့အိမ်သို့လည်း သားရဟန်းကို တစ်ကြိမ်တစ်ခါမျှ ဖိတ်ကြားခြင်း မပြုခဲ့ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မိမိတို့က ဖိတ်ကြားခြင်း မပြုဘဲ သားတော်ရဟန်းက အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်လာသောအခါတွင်မှ မသိကျိုးကျွန်ပြု၍ မနေနိုင်ကြတော့ချေ။ ရူပသာရီ ပုဏ္ဏေးမကြီးက ရှေ့ဆောင်၍ နောက်ပါရဟန်းများနှင့်အတူ မထေရ်အား အိမ်ထဲသို့ ပင့်ဆောင်ပြီး ဆွမ်းဘောဇဉ်များ လောင်းလေသည်။ ဤသို့ ဆွမ်းဘောဇဉ်များကို အားရပါးရ လောင်းနေသော်လည်း ပုဏ္ဏေးမကြီးကား စိတ်ထဲမှ ကျေနပ်လှသည်မဟုတ်။ "တစ်သက်လုံး သုံးစွဲ၍မကုန်နိုင်သော စည်းစိမ်ဥစ္စာတို့ကိုစွန့်ပစ်ပြီး ခွက်လက်စွဲ၍ တောင်းရမ်းစားသောက်နေဘိသည်" ဟူ၍ သားရဟန်းအပေါ် ကရုဏာဒေါသောဖြင့် ပါးစပ်မှ တတွတ်တွတ် မြည်တွန်ရေရွတ်နေလေသည်။ မိခင်ကြီးက မည်သို့ပင် မြည်တွန်ရေရွတ်သော်လည်း ရှင်သာရိပုတ္တရာကမူ မည်သို့မျှ တုံ့ပြန်ပြောဆိုခြင်း မပြု။ ဆွမ်းသပိတ်ကို ပွေ့ပိုက်လျက် ကျောင်းသို့သာ ပြန်ကြွလာခဲ့လေသည်။

ရှင်သာရိပုတ္တရာနှင့်အတူ လိုက်ပါသွားသောရဟန်းငါးရာတို့တွင် သာမဏေ ရှင်ရာဟုလာ သည်လည်း တစ်ပါး အပါအဝင်ဖြစ်၏။ ရှင်ရာဟုလာသည် ကျောင်းတော်သို့ရောက်လျှင် ရူပသာရီ ပုဏ္ဏေးမကြီးအိမ်မှ ရရှိခဲ့သော ဆွမ်းကို ဗုဒ္ဓရှင်တော်မြတ်ထံ သွားရောက်ဆက်ကပ်လေသည်။

"ချစ်သား ရာဟုလာ ... ဤဆွမ်းကို အဘယ်မှ ရခဲ့သနည်း"

ဗုဒ္ဓက ဤသို့ မေးမြန်းတော်မူရာ ရှင်ရာဟုလာက ရူပသာရီပုဏ္ဏေးမကြီး အိမ်သို့ ဆွမ်းခံရောက်ခဲ့ပုံမှ အစပြု၍ မိခင်ကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် မည်တွန်ရေရွတ်သော်လည်း ရှင်သာရိပုတ္တရာက တစ်လုံးတစ်ပါဒမျှ မတုံ့ပြန်ဘဲ ခေါင်းငုံ့ခံခဲ့ပုံများကို စုံလင်စွာ လျှောက်တင်သည်။ ရဟန်းများကလည်း ဤအကြောင်းနှင့်စပ်၍ ရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ချီးကျူးပြောဆိုကြလေသည်။

"ငါ့ရှင်တို့ ... ရှင်သာရိပုတ္တရာ မထေရ်သည် အလွန် ချီးကျူးထိုက်သော ပုဂ္ဂိုလ်ဖြစ်၏၊ မိခင်ကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် တတွတ်တွတ် မြည်တွန်ရေရွတ်သော်လည်း အနည်းငယ်မျှ စိတ်ဆိုးခြင်း မရှိချေ"

ထိုရဟန်းတို့၏ စကားကို ဗုဒ္ဓရှင်တော်မြတ် ကြားတော်မူလျှင် ရဟန္တာပုဂ္ဂိုလ်တို့မည်သည် ဘယ်အခါမျှ အမျက်ထွက်ခြင်း မရှိကြောင်း မိန့်ကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကျေးဇူး

ရှင်သာရိပုတ္တရာနှင့်တကွ သား လေးယောက် သမီး သုံးယောက်တို့သည် ဗုဒ္ဓ၏ တပည့် အရိယာ သာဝကများ ဖြစ်သွားကြသော်လည်း မယ်တော် ရူပသာရီ ပုဏ္ဏေးမကြီးကား ဗြဟ္မာ ဝါဒကိုသာ ကာလကြာမြင့်စွာ စွဲလမ်းယုံကြည်နေသည်။ ရှင်သာရိပုတ္တရာသည် မယ်တော်ကြီး၏ လွဲမှားသောအယူကို ချေချွတ်လိုသော်လည်း အခါအခွင့်မသင့်သေးသဖြင့် စောင့်ဆိုင်းနေတော်မူသည်။ နောက်ဆုံး ဘဝ ဇာတ်ချုပ် ငြိမ်းရန် အချိန် နီးကပ်လာသောအခါ၌ကား မထေရ်သည် ရောဂါ ဝေဒနာ ဖိစီးနေသည့်ကြားကပင် မယ်တော်၏နေအိမ်သို့ အရောက် ကြွလာသည်။ ထိုအချိန်တွင် အသက်ရာကျော်၍ အဘွားကြီး လုံးလုံးဖြစ်နေပြီဖြစ်သော မယ်တော်ကြီးသည် သားကြီး ဩရသအပေါ် ယခင်ကလို မာန်မဲမြည်တွန်ခြင်း မပြုနိုင်တော့ဘဲ ချစ်ခင် ကြင်နာခြင်း အပြည့်အဝဖြင့် နေရာထိုင်ခင်းများကို ခင်းကျင်း စီစဉ်ပေးလေသည်။


မထေရ်သည် မယ်တော်ကြီး၏ နေအိမ်၌ တစ်ညတာ ကျိန်းစက်ခြင်းပြုရာ ထိုညတွင် မထေရ်၏ သွေးအန်သော ဝေဒနာမှာလည်း အပြင်းထန်ဆုံး အခြေအနေသို့ ရောက်လာလေသည်။ ထိုညတွင် တန်ခိုးကြီးသော နတ်ဗြဟ္မာများလည်း မထေရ်အား နောက်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်ကန်တော့ရန် ရောက်လာကြသည်။ မယ်တော်ကြီး သည် သားတော် ဥပတိဿမှာ မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဗြဟ္မာကြီးထက်ပင် ကြီးကျယ်မြင့်မြတ်သူ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် များစွာ အံ့ဩသွားသည်။ ထိုအခါ မထေရ်က ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်ကျေးဇူးများကို အခြေခံပြီး လျော်ကန်သင့်မြတ် သော တရားကို ဟောကြားတော်မူရာ မယ်တော်ကြီး သောတာပန်ဖြစ်သွားလေသည်။

ရှင်သာရိပုတ္တရာမထေရ်သည် ဤသို့ မယ်တော်ကြီးအား အကျွတ်တရားရစေ ခြင်းဖြင့် နောက်ဆုံး ကျေးဇူးဆပ်တော်မူပြီး နံနက်မလင်းမီမှာပင် ဝိညာဉ် ချုပ်ငြိမ်း ၍ ဘဝ ဇာတ်သိမ်းတော်မူသည်။ နောက်ဆုံးအချိန်တွင်မှ သားတော်ကြီး၏ ဂုဏ်ကျေးဇူးကို သိမြင်ခဲ့ရသော မယ်တော်ကြီးကား မငြိမ်းနိုင်သေးသော သောကမီး ကို တရားအသိဖြင့် လျှော့ပါးစေပြီး သားတော်ကြီး၏ အလောင်းကိုသာ ထိုက်တန် သော အခမ်းအနားဖြင့် ပူဇော်ကန်တော့ခြင်း ပြုရရှာလေတော့သည်။

(၇။ အရဟန္တဝဂ်၊ ၆-သာရိပုတ္တရာ ထေရ ဝတ္ထုနှင့်အခြား သက်ဆိုင်ရာ ဝတ္ထုများကို ပေါင်းစပ် ရေးသားသည်။)

www.burmeseclassic.com

www.burmeseclassic.com



# ပျောက်ဆုံးသွားသော သတို့သား

(၁)

ရာဇဂြိုဟ်မြို့တော်၏အနီး ဥပတိဿ ရွာကြီး၌ ဘိုးဘွားမိဘများ လက်ထက်မှစ၍ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော ဝဏ္ဏ ပုဏ္ဏားနှင့် ရူပသာရီအမည်ရှိသော ပုဏ္ဏေးမတို့ ပေါင်းဖက်နေထိုင်ခဲ့ကြသည်။ ထိုဇနီးမောင်နှံတွင် သားသုံးယောက်နှင့် သမီးသုံးယောက် အစဉ်အတိုင်း မွေးဖွားပြီး နောက်ဆုံးတွင် ရေဝတ အမည်ရှိသော သားတစ်ယောက် ရရှိပြန်လေသည်။

သား၊သမီး ခုနစ်ယောက်အနက် သားကြီး၏အမည်မှာ ဥပတိဿဖြစ်၏။ ဥပတိဿသည် သားကြီးဖြစ်၍ မိဘများက အစွမ်းကုန် အလိုလိုက် အကြိုက်ဆောင်ကာ မြှောက်စားထားခြင်း ခံရသော်လည်း လောကီလူ့ဘောင်၌ မပျော်မွေ့ဘဲ ရဟန်းဘ၀သို့ ကူးပြောင်းသွားခဲ့သည်။

'သေခြင်းကင်းသော တရားကိုရှာမည်' ဟူသော ရည်ရွယ်ချက်ဖြင့် ပရိဗိုဇ် ရဟန်းအသွင်ကို ယူခဲ့သော ဥပတိဿသည် ရာဇဂြိုဟ်ပြည် သိဥ္စည်း ပရိဗိုဇ်ကြီးထံ၌ မှီခိုနေစဉ် ပဥ္စဝဂ္ဂီ ရဟန်းငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ရှင်အဿဇိနှင့် တွေ့ဆုံရာမှ အစပြု၍ ဗုဒ္ဓရှင်တော်မြတ်၏ ခြေတော်ရင်းသို့ ခိုဝင်မိလေသည်။ ထို့နောက် မကြာမီပင် အကျွတ်တရား ရရှိ၍ ပညာအရာတွင် အမြတ်ဆုံးဟူသော ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်း ခံရသည်။ ''ဓမ္မသေနာပတိ'' တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ဟူသော အမည်ဖြင့်လည်း ထင်ရှားလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားကြီးဖြစ်သူ တစ်ယောက်လုံး ဗုဒ္ဓ၏လက်ထောက် သာဝကကြီး တစ်ပါး အဖြစ်သို့ ရောက်ရှိသွားသော်လည်း ဝက်ဋ္ဌပုဏ္ဏားကြီးနှင့် ရူပသာရီ ပုဏ္ဏေးမတို့ကား ဗုဒ္ဓနှင့် အလှမ်းဝေးလျက်သာ ရှိနေကြသည်။ အလှမ်းဝေးရုံသာမက ဗြာဟ္မဏ ဝါဒကို အစွဲသန်သူများဖြစ်၍ မိဘရိုးရာကို ဖောက်ဖျက် သွားသော သားကြီး ဥပတိဿ အပေါ်၌ပင် မကျေမချမ်း ဖြစ်နေကြလေသည်။

ရှင်သာရိပုတ္တရာသည် မိဘနှစ်ပါး၏ အစွဲအလမ်းကြီးပုံကို ကောင်းစွာ သိမြင်သဖြင့် သူတို့၏ အစွဲကိုချွတ်ရန် ကြိုးစားခြင်း မပြုခဲ့၊ သို့သော်လည်း အသက်အရွယ် အားဖြင့် လည်းကောင်း၊ အသိဉာဏ်အားဖြင့်လည်းကောင်း နုနယ်သေးသူများဖြစ်သည့် ညီငယ်၊ ညီမငယ်တို့ကမူ မိမိတို့ အစ်ကိုကြီးအပေါ်ဝယ် သံယောဇဉ် ကြီးမား လျက်သာ ရှိနေကြသည်။

ရှင်သာရိပုတ္တသည် ယင်းအခြေအနေကို ကောင်းစွာ အသုံးချလျက် ညီငယ် ညီမငယ်တို့ကို ဗုဒ္ဓသာသနာဘက်သို့ သက်ဝင်လာအောင် ဆွဲဆောင်သိမ်းသွင်းခဲ့သည်။ အစ်ကိုကြီး သံယောဇဉ်ဖြင့် ဗုဒ္ဓဝါဒနှင့် ယဉ်ပါးလာသော ညီငယ် ညီမငယ်တို့သည် အစ်ကိုကြီး ဆွဲဆောင်ရာသို့ အလွယ်တကူပင် လိုက်ပါလာကြသည်။ ရှေးဦးစွာ ညီတော်စုန္ဒနှင့် ဥပသေနတို့သည် တစ်ယောက်နှင့်တစ်ယောက် မရှေးမနှောင်းပင် ရဟန်းဘောင်သို့ ဝင်လာကြသည်။ ထို့နောက် ညီမငယ်များဖြစ်သော စာလာ၊ ဥပစာလာနှင့် သီသူပစာလာတို့သည်လည်း ဘိက္ခုနီဘဝသို့ ရောက်ရှိလာကြပြန်သည်။

ဤသို့ သားကြီး သုံးယောက်နှင့် သမီးသုံးယောက်လုံး ဗုဒ္ဓသာသနာတွင်းသို့ ဝင်သွားသောအခါ လူမမည် အရွယ်မျှသာရှိ သေးသည့် သားငယ် ရေဝတ တစ်ယောက်သာ အိမ်၌ ကျန်တော့သည်။ ထိုအခါ မိဘတို့သည် မိမိတို့၏ပစ္စည်း ဉစ္စာများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မျိုးရိုးစဉ်ဆက် မပျက်စေရန်အတွက် သားငယ် ရေဝတကို အရအမိ ဆွဲထားဖို့လိုကြောင်း သဘောပေါက်လာကြသည်။

ထို့ကြောင့် သူတို့သည် ရေဝတအား စောစောစီးစီးပင် အိမ်ထောင်ချထားရန် စီစဉ်ကြလေသည်။ ယင်း အစီအစဉ်အရ ရေဝတနှင့် နေရာချထားရန် ရွေးချယ်ထားသော သတို့သမီးကား ရာဇဂြိုဟ်မြို့မှ ဖြစ်၏။ သို့ဖြစ်၍ သတ်မှတ်ထားသော မင်္ဂလာနေ့ရက်သို့ ရောက်သောအခါ လှည်းပေါင်းများစွာဖြင့် ရာဇဂြိုဟ်မြို့သို့ သတို့သမီးတောင်း ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်သို့ ရောက်လျှင် နှစ်ဖက်သော မိဘဆွေမျိုး အစုံအညီဖြင့် မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပကြသည်။ ထိုမင်္ဂလာပွဲ၌ အသက်တစ်ရာနှစ်ဆယ် ရှည်သော သတို့သမီး၏ အဘွားမကြီးလည်း ရှိနေ၏။ သတို့သားနှင့် သတို့သမီးတို့သည် ထုံးတမ်း စဉ်လာအတိုင်း လူကြီးမိဘများကို ရှိခိုးကန်တော့ကြသည်။ ထိုအခါ ကန်တော့ခံ သူတို့ကလည်း "သင်တို့သည် ဤအဘွားမကြီးကဲ့သို့ အသက်တစ်ရာနှစ်ဆယ် ရှည်စေသောဝ်" ဟူ၍ ဆုပေးကြလေသည်။

အသက်အားဖြင့် ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသော ရေဝတသည် ထိုစကားကို ကြားလျှင် အဘွားအိုကြီးကို ကြည့်၍ ရုတ်တရက် ဤသို့ မေးမြန်းလိုက်သည်။

"ကျွန်တော့်ခနီး သတို့သမီးလဲ ဒီအဘွားကြီးလိုပဲ အိုရမင်းရဦးမှာလား ခင်ဗျာ"

"အိုရမှာပဲပေါ့ သားရယ်၊ လူဆိုတာ မအို မသေတဲ့ လူရယ်လို့ ဘယ်မှာ ရှိပါ့မလဲ"

သူ့အရွယ်နှင့် စာလျှင် ကြီးကျယ်လွန်းလှသော ရေဝတကလေး၏ စကားကြောင့် လူကြီးမိဘများ ထိတ်လန့်တကြား ဖြစ်သွားခဲ့ကြသည်။ နှုတ်လျှာ သွက်လက်သော လူကြီးတစ်ဦးက ချက်ချင်းဝင်၍ အဖြေပေးလိုက်သောကြောင့်သာ သက်သာခွင့် ရရှိသွားကြသည်။

သို့သော်လည်း ရေဝတ လေးကား ထိုအဖြေမျှဖြင့် ကျေနပ်ခြင်းမရှိ။ ဘဝအဆက်ဆက်က ဆည်းပူးခဲ့သော ပါရမီ ဓာတ်ခံကြောင့် ထူးခြားသော သံဝေဂ ဉာဏ် ရုတ်တရက် ဖြစ်ပေါ်လာသည်။ "လူတိုင်း အိုရ သေရမည်ဆိုလျှင် သားမယားနှင့် ပျော်ပါးခြင်းသည် ဘာအဓိပ္ပာယ် ရှိမည်နည်း၊ ငါ့အစ်ကိုကြီး ဥပတိဿသည် ဤအကြောင်းကို မြင်၍သာ ရဟန်းပြုသွားခြင်း ဖြစ်ပေရာ၏၊ ငါသည်လည်း အစ်ကိုကြီးများ နောက်သို့ အမြန်လိုက်မှသာ ဤဆင်းရဲမှ လွတ်မြောက်ပေတော့မည်"

ရေဝတ ကလေးသည် ဤသို့ စဉ်းစားမိသော်လည်း မိမိ၏ အကြံကို မိဘများ မရိပ်မိစေရန်အတွက် ဣန္ဒြေမပျက်ပင် နေလေသည်။ မင်္ဂလာပွဲ ပြီးစီးလျှင် သတို့သမီးကိုပါ ခေါ်ဆောင်၍ လှည်းတပ်ကြီးဖြင့် ဥပတိဿ ရွာသို့ ပြန်ခဲ့ကြသည်။

မြို့မှထွက်ခဲ့၍ အနည်းငယ် ခရီးကွာလှမ်းသော နေရာသို့ ရောက်သောအခါ ရေဝတသည် တပိုတပါး သွားလိုဟန်ဖြင့် လှည်းပေါ်မှ ဆင်း၍ လမ်းဘေး၌ ချုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု၏ နောက်ကွယ်သို့ ဝင်သွားသည်။ ခဏမျှကြာသောအခါ ရပ်၍စောင့်နေသော လုည်းများရှိရာသို့ ပြန်လာလေသည်။

ဤနည်းဖြင့် ခရီးဆက်၍ သွားကြရာ ရေဝတသည် ရှေးနည်းတူပင် နှစ်ကြိမ် သုံးကြိမ် ဆင်းသွားသည်၊ အမှန်စင်စစ် တကယ်ဗိုက်နာခြင်း မဟုတ်ဘဲ လူကြီးများအား အယုံသွင်းခြင်းသာ ဖြစ်လေသည်။ နောက်ဆုံးအကြိမ် ဆင်းသွားသည့်အခါ တွင်မူ ရွာနှင့် နီးနေပြီဖြစ်၍ လှည်းများအား စောင့်မနေရန် မှာကြားခဲ့သည်။ ထို့ကြောင့် လှည်းများသည် အိမ်အရောက် ဆက်၍ မောင်းခဲ့ကြလေသည်။

အချိန်တန်၍ ရေဝတကလေး ပြန်ရောက်မလာသောအခါ မိဘတို့သည် ရွာမှ ထွက်၍ အပူတပြင်း တောနင်းရှာဖွေကြသည်။ သို့သော် အစအနမျှကိုပင် ရှာမတွေ့ သောကြောင့် မည်သို့မျှ မတတ်နိုင်ဘဲ လက်မှိုင်ချကာ နေကြရလေသည်။

ရေဝတကလေးသည် ခြေဦးတည့်ရာသို့ အားကုန်သုတ်၍ ပြေးခဲ့ရာ ရွာနှင့် အတော်ကွာလှမ်းသော တောအုပ်အတွင်းသို့ ရောက်၍ တောကျောင်းကလေး တစ်ခု ကို တွေ့ရှိလေသည်။ ထိုအခါ သူသည် နီးရာ ရဟန်းတစ်ပါးထံ ချဉ်းကပ်၍ "တပည့်တော်အား ရှင်ရဟန်းအဖြစ် ချီးမြှင့်တော်မူပါဘုရား" ဟု တောင်းပန် လေသည်။

တောကျောင်းနေ ရဟန်းတို့သည် မင်းဝတ်တန်ဆာများ ဝတ်ဆင်လျက် တောကြီးမျက်မည်းအတွင်းသို့ တစ်ဦးတည်း ရောက်လာသော ရေဝတကလေးကို တွေ့၍ များစွာ အံ့ဩနေကြသည်။ ထို့ကြောင့် မည်သူ မည်ဝါ ဖြစ်ကြောင်း မေးမြန်း စုံစမ်းကြသည်။ ရေဝတက သူသည် ရှင်သာရိပုတ္တ၏ ညီငယ်ဖြစ်ကြောင်း ထုတ်ဖော် ပြောကြားလေသည်။

အမှန်စင်စစ် ထိုအချိန်တွင် မိဘနှစ်ပါးတို့က အနုးအညွှတ် ခွင့်လွှတ်သူကို သာ ရှင်ရဟန်းပြုပေးရမည်ဟူ၍ ဗုဒ္ဓက ညွှန်ကြားထားပြီး ဖြစ်လေသည်။ သို့သော် ရှင်သာရိပုတ္တရာက အနီးပတ်ဝန်းကျင်ရှိ ရဟန်းတို့အား "ငါ့ရှင်တို့၊ မိဘခွင့်ပြုသူကို သာ ရဟန်းပြုပေးရမည်ဟု ဗုဒ္ဓ၏ မိန့်ကြားချက် ရှိသော်လည်း ငါ့ညီငယ် ရေဝတ အဖို့မူ ငါသာလျှင် မိဘဖြစ်ပေသည်။ ထို့ကြောင့် ရေဝတ ရောက်လာလျှင် အချိန် မရွေး ရှင်ရဟန်း ပြုပေးလိုက်ကြပါ" ဟူ၍ မှာကြားထားလေသည်။

တောကျောင်းနေ ရဟန်းတို့သည် ထိုမှာကြားချက်ကို ကြားသိထားကြပြီး ဖြစ်၍ ရေဝတ သတို့သားကို ရှင်ပြုပေးလိုက်ကြသည်။ အရှင်သာရိပုတ္တရာထံသို့ လည်း လျင်မြန်စွာ သတင်းပို့လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရေဝတသည် သာမဏေဘဝသို့ ရောက်ရှိပြီးနောက် ထိုတောကျောင်း၌ ကြာမြင့်စွာ နေထိုင်ခြင်းမပြု။ မိဘတို့၏ အနှောင့်အယှက်မှ ကင်းလွတ်ရန်အတွက် ရာဇဂြိုဟ်မှ ယူဇနာသုံးဆယ်ဝေးသော ရှားတောကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံး ကာ ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်နေလေသည်။

(၂)

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော ရှင်သာရိပုတ္တရာသည် ညီငယ် ရေဝတ၏ သတင်းကိုကြားသိလျှင် ညီငယ်ရှိရာသို့ သွားရောက်လိုသဖြင့် ဗုဒ္ဓထံ၌ ခွင့်ပန်လေသည်။ ဗုဒ္ဓရှင်တော်မြတ်စွာက တရားအားထုတ် နေသော ရေဝတ သာမဏေအား အနှောင့်အယှက် မဖြစ်စေရန်အတွက် "သာရိပုတ္တရာ ဆိုင်းပါဦး၊ အချိန်အခါ မဟုတ်သေး" ဟု တားမြစ်တော်မူသည်။ ရက်အတန်ကြာ၍ ဒုတိယ အကြိမ် လျှောက်တင်သောအခါ၌လည်း ဗုဒ္ဓက ရှေးနည်းတူပင် တားမြစ်တော်မူပြန် ရာ ရှင်သာရိပုတ္တရာမှာ ဝါတွင်း သုံးလပတ်လုံး ဆိုင်းငံ့နေရလေသည်။

သီတင်းကျွတ်သောအခါတွင်မူ ဗုဒ္ဓက ရှင်သာရိပုတ္တရာအား ရေဝတထံသို့ ကိုယ်တော်တိုင် လိုက်ပါမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ ရှင်သာရိ ပုတ္တရာသည် ဝမ်းမြောက်ဝမ်းသာဖြင့် ခရီးထွက်ရန် အစီအစဉ်များကို ဆောလျင်စွာ ပြုလုပ်တော်မူသည်။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် နောက်ပါ ရဟန်းငါးရာဖြင့် သာဝတ္ထိပြည်မှ ထွက်တော်မူလေသည်။

သာဝတ္ထိပြည်မှ ခရီးအတော်ကွာလှမ်းသော တောလမ်း တစ်နေရာသို့ ရောက် သောအခါ နှစ်ခွသော ခရီးလမ်းကို တွေ့မြင်၍ ဗုဒ္ဓရှင်တော်မြတ်က ခေတ္တရပ်တန့် တော်မူပြီး ရှင်အာနန္ဒာကို မေးမြန်းတော်မူသည်။

"အာနန္ဒာ ... ဤလမ်းနှစ်သွယ်တွင် အဘယ်လမ်းဖြင့် သွားလျှင် သင့်မည် ဟု ထင်သနည်း"

"အရှင်ဘုရား၊ ဤလမ်းနှစ်သွယ်တွင် လက်ယာဘက် လမ်းဖြင့် လိုက်လျှင် ရှားတောသို့ ယူဇနာခြောက်ဆယ်မျှ ကွာလှမ်းပါသည်။ သို့သော် လူနေအိမ်ခြေ မပြတ်ဘဲ လမ်းခရီး သာယာပါသည်။ လက်ဝဲဘက်လမ်းမှာမူ ယူဇနာသုံးဆယ်မျှ သာဝေး၍ ခရီးတိုသော်လည်း လမ်းခရီးကား ကြမ်းတမ်းလှပါသည်၊ လူနေမြို့ရွာ လဲ မရှိပါ"



www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ ... ငါတို့ပရိသတ်တွင် သီဝလိ ပါပါ၏လော"

"ပါပါသည် ဘုရား"

"သီဝလိပါခဲ့သော် လက်ဝဲခရီးဖြင့်သာ ငါတို့ သွားကြမည်"

ဤသို့လျှင် ဗုဒ္ဓရှင်တော်မြတ်သည် လက်ဝဲဘက် ခရီးကြမ်းဖြင့် ဆက်လက်ကြွလှမ်းတော်မူလေသည်။ ယင်းသို့ ကြွလှမ်းခဲ့၍ ခရီးအတန်ငယ် ထောက်လာသောအခါ တောအုပ်ကြီးအလယ်၌ ကြီးကျယ် စည်ကားသော ရွာကြီးတစ်ရွာနှင့်တကွ ရဟန်းငါးရာတို့ တည်းခိုလောက်သည့် ကျောင်းကန် ဇရပ်များကိုပါ တခမ်းတနား တွေ့မြင်ကြရသည်။ သို့အတွက် ရဟန်းများ အလွန်အံ့အားသင့်သွားကြလေသည်။ လူခြေပြတ်လှသည်ဆိုသော ခရီးကြမ်း၌ ကျောင်းကန်ဇရပ်များ အဆင်သင့် ရှိနေခြင်းမှာ "ဗုဒ္ဓ၏ ဘုန်းတန်ခိုးတော်ကြောင့် ဖြစ်လေသလော" ဟူ၍ အချို့သော ရဟန်းများက တွေးမိကြလေသည်။

ဗုဒ္ဓမြတ်စွာနှင့် ရဟန်းငါးရာတို့ ထိုကျောင်းများ၌ တည်းခိုနားနေကြစဉ် ထိုရွာမှ များစွာသော ဒကာ ဒကာမတို့သည် ထောပတ်၊ ပျားရည်၊ တင်လဲ၊ အဖျော်ယမကာ စသော လှူဖွယ်ဝတ္ထု အမျိုးမျိုးဖြင့် ကျောင်းသို့ ရောက်လာကြသည်။ ကျောင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက်ပင် "ရှင်သီဝလိဘယ်မှာ သီတင်းသုံးပါသလဲ၊ ရှင်သီဝလိ ဘယ်မှာ သီတင်းသုံးပါသလဲ" ဟူ၍ မေးမြန်းပြီး ရှင်သီဝလိထံ ချဉ်းကပ်၍ လှူဖွယ်များကို လှူဒါန်းကြလေသည်။

ရှင်သီဝလိသည် ထိုလှူဖွယ်ဝတ္ထုတို့ကို ဗုဒ္ဓမြတ်စွာနှင့် ရဟန်းငါးရာတို့အား ဖြန့်ဝေလှူဒါန်းစေသည်။ နံနက်လင်းသောအခါ၌လည်း ဆွမ်းဘောဇဉ်များ အဆင်သင့်ပင် ဖြစ်ပေါ်လာလေသည်။ အမှန်စင်စစ် ကျောင်းကန်ဇရပ်များနှင့်တကွ ထိုလှူဖွယ်ဝတ္ထုများသည် ရှင်သီဝလိ၏ ဘုန်းကံကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။ ဘုံဝဟောင်းမှ အလှူပြုဖက်ဖြစ်သောနတ်များက တောလမ်းခရီးမှ ကြိုဆို၍ လိုအပ်သလို လှူဒါန်း ပြုစုကြခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ရဟန်းများလည်း သိရှိသွားသောကြောင့် ထိုအချိန်မှစ၍ ရှင်သီဝလိ၏ ဂုဏ်သတင်းမှာ အထူးပင် ထင်ရှားကျော်ကြားသွားလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရေဝတ သာမဏေကလေး သီတင်းသုံးရာ ရှားတောသို့ ယူဇနာသုံးဆယ်ဝေးသော တောလမ်းခရီးဖြင့် ကြွသွားရာတွင် ရဟန်းများ ခရီးမပန်းစေရန်အတွက် တစ်နေ့လျှင် တစ်ယူဇနာမျှသာ ကြွသွားပြီး ညအချိန်၌



www.burmeseclassic.com

www.burmeseclassic.com



ခရီးရပ်နားတော်မူသည်။ ခရီးရပ်နားသည့်အခါတိုင်း၌လည်း ရှင်သီဝလိ၏ ပါရမီဖြည့်ဖက်ဖြစ်သော နတ်တို့က လိုလေသေးမရှိအောင် လှူဒါန်းပြုစုကြလေသည်။

ဤနည်းအားဖြင့် ဗုဒ္ဓသည် တစ်လမျှ ကြာသောအခါ ရေဝတ သာမဏေကလေး နေထိုင်ရာ ရှားတောဆီသို့ ဆိုက်ရောက်တော်မူလေသည်။ ထိုအချိန်တွင် ရေဝတ သာမဏေကလေးမှာ တရားအားထုတ်မှုကိစ္စ ပြီးမြောက်၍ ရှဉ်အဘိညာဉ် တန်ခိုးနှင့် ပြည့်စုံသော ရဟန္တာအဖြစ်သို့ပင် ရောက်ရှိနေပြီဖြစ်၏။ ထို့ကြောင့် ရေဝတသည် နောင်တော်ကြီး ရှင်သာရိပုတ္တရာအပါအဝင် ဗုဒ္ဓနှင့် ရဟန်းငါးရာတို့ ကြွရောက်လာမည်ကို ကြိုတင်သိရှိသဖြင့် တည်းခိုနေထိုင်ရန် ကျောင်းကန် အဆောက်အအုံများကို မိမိ၏ တန်ခိုးအာနုဘော်ဖြင့် အလှအလောက် စီမံဖန်တီးထားလေသည်။ ဗုဒ္ဓ ရှင်တော်မြတ်အားလည်း ဝမ်းပန်းတသာ ကြိုဆို၍ အားပါးတရ ပူဇော်ကန်တော့လေသည်။

ရှင်သာရိပုတ္တရာမထေရ်မှာ ညီငယ်၏အခြေအနေကို တွေ့မြင်ရလျှင် အလွန်ပင် ကျေနပ်ဝမ်းမြောက်သွားသည်။ ဗုဒ္ဓမြတ်စွာကလည်း တောကြီးမျက်မည်းအတွင်း၌ တစ်ပါးတည်းနေသော ရေဝတ သာမဏေကလေးအား ချီးမြှောက်သည့်အနေဖြင့် ထိုအရပ်၌ တစ်လကြာမျှ သီတင်းသုံးတော်မူသည်။ ယင်းသို့ သီတင်းသုံးနေစဉ်အတွင်း ရှင်သီဝလိ၏ ဘုန်းကံကိုမှီ၍ နတ်တို့က ဆက်ကပ်လှူဒါန်းသော ဆွမ်းဘောဇဉ်ကိုသာ နေ့စဉ် ဘုဉ်းပေးတော်မူရလေသည်။

ထိုအခါ ရဟန်းငါးရာထဲတွင် ပါလာသော တောထွက်ရဟန်းကြီးနှစ်ပါးတို့က အချင်းချင်း ဤကဲ့သို့ ဝေဖန်ပြောဆိုကြလေသည်။ "ဒီ ရေဝတ သာမဏေကလေးသည် တောထဲ၌ တစ်ပါးတည်းနေပြီး ရဟန်းတရားကို အားမထုတ်၊ ကျောင်းဆောက်ခြင်း စသော နဝကမ္မကိုသာ ပြုလုပ်နေ၏၊ မြတ်စွာဘုရားကလည်း ရှင်သာရိပုတ္တရာ၏ မျက်နှာကိုကြည့်ပြီး ဒီသာမဏေလေးဆီသို့ တကူးတက ကြွလာတာပဲ ဖြစ်ပါလိမ့်မယ်"

ဗုဒ္ဓမြတ်စွာသည် ထိုရဟန်းကြီးနှစ်ပါး ဝေဖန်ပြောဆိုကြသည်ကို ကြားသိတော်မူသော်လည်း မည်သို့မျှ မိန့်ကြားခြင်းမပြု။ "အချိန်တန်မှ အကြောင်းမှန်ကို သိစေမည်" ဟူသော အကြံဖြင့် တိတ်ဆိတ်စွာ နေတော်မူလေသည်။

တစ်လခန့်ကြာသောအခါ ဗုဒ္ဓနှင့်ရဟန်းငါးရာတို့သည် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွရန် ရှားတောမှ ထွက်ခွာတော်မူကြသည်။ ရေဝတသာမဏေကလေးက တောအုပ်ဝအထိ လိုက်လံပို့ဆောင်ပြီး တစ်ပါးတည်း ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် တောထွက်ရဟန်းကြီး နှစ်ပါးတို့သည် မိမိတို့၏ ရေဘူးနှင့် ဖိနပ်များ မေ့ကျန်နေခဲ့သောကြောင့် တောအုပ်အတွင်းသို့ အပြေးအလွှားပြန်ခဲ့ကြသည်။ ထိုအခါ လွန်ခဲ့သော အချိန်ပိုင်း ကာလအတွင်းက ရဟန်းငါးရာ နေထိုင်ခဲ့သော ကျောင်းကန် အဆောက်အအုံကြီးများမှာ အရိပ်အရောင်မျှပင် မရှိတော့ချေ။ ယင်းတို့၏ နေရာတွင် ရှားပင်၊ ရှားငုတ်၊ ဆူးချုံပုတ်များသာ ပြည့်လျက် ရှိနေလေသည်။ ရဟန်းကြီးများ မေ့ကျန်ခဲ့သော ရေဘူးနှင့် ဖိနပ်များမှာမူ ရှားပင်တစ်ပင်၌ ချိတ်ဆွဲလျက်ရှိသည်ကို တွေ့မြင်ကြရလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် ရှားတောမှ အပြန် ခရီးတွင်လည်း လမ်းတစ်လျှောက်လုံး သီဝလိ မထေရ်၏ ကောင်းမှုကို ခံစားတော်မူလျက်သာ ကြွတော်မူလေသည်။ သာဝတ္ထိပြည်သို့ ပြန်ရောက်၍ ပုဗ္ဗာရုံကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေတော်မူသောအခါ အထက်တွင် ဖော်ပြခဲ့သော တောထွက် ရဟန်းကြီး နှစ်ပါးတို့သည် နံနက်စောစောထ၍ ကျောင်းအစ်မကြီး ဝိသာခါအိမ်သို့ ဆွမ်းခံသွားကြသည်။ ဝိသာခါသည် ထိုရဟန်းကြီးနှစ်ပါးအား ယာဂုနှင့် ခဲဖွယ်များ ကပ်လှူပြီး "အရှင်ဘုရားတို့ ရောက်ခဲ့တဲ့ ရေဝတ သာမဏေလေးရဲ့ နေရာအရပ်က သာသာယာယာ ရှိပါရဲ့လား ဘုရား" ဟု မေးလျှောက်သည်။ ရဟန်းကြီးနှစ်ပါးက "ဘယ် သာယာမှာလဲ ဒကာမကြီးရယ်၊ ဆူး ချုံပုတ်တွေ တင်းကျမ်း ပြည့်နေတဲ့ ရှားငုတ်တောကြီးပဲပေါ့" ဟု ဖြေကြသည်။

ထို့နောက် ရဟန်းငယ်နှစ်ပါး ရောက်လာကြပြန်ရာ ထိုရဟန်းငယ်နှစ်ပါးကိုလည်း ဝိသာခါက ရှေးနည်းတူ မေးလျှောက်သည်။ ထိုရဟန်းငယ်နှစ်ပါးကမူ ရေဝတ သာမဏေလေး၏ နေရာအရပ်မှာ တာဝတိံသာနတ်ပြည်မှ သုဓမ္မာ ဇရပ်ကဲ့သို့ ကြီးကျယ်ခမ်းနားလှကြောင်း ချီးကျူးပြောဆိုကြသည်။

ဝိသာခါကား ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်၍ ရေဝတ သာမဏေနေရာအရပ်နှင့် ပတ်သက်၍ အဖြေ နှစ်မျိုးထွက်နေသော အခြေအနေမှန်ကို ရိပ်စားမိသည်။ ရဟန်းငယ်နှစ်ပါးမှာ ရေဝတ သာမဏေက တန်ခိုးဖြင့် ဖန်ဆင်းထားသော ကျောင်းများကို မြင်ခဲ့ရသဖြင့် သာယာလှကြောင်း ချီးမွမ်းကြခြင်းဖြစ်သည်။ တောထွက် ရဟန်းကြီးနှစ်ပါးမှာမူ တန်ခိုးဖြင့် ဖန်ဆင်းထားသော ကျောင်းများ ပျောက်ကွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် မူလအခြေအနေအတိုင်း ဖြစ်နေသော အရပ်ကို မြင်ခဲ့ရသဖြင့် မသာယာဟု ပြောခြင်းဖြစ်သည်ဟူ၍ စဉ်းစားမိလေသည်။

ဆွမ်းခံချိန် ကျရောက်သောအခါ ဗုဒ္ဓမြတ်စွာသည်လည်း ရဟန်းအပေါင်း ခြံရံလျက် ဝိသာခါ၏ အိမ်သို့ ကြွရောက်တော်မူလာသည်။ ဝိသာခါသည် ဘုရား အမှူးရှိသော သံဃာအား မွန်မြတ်သော ဆွမ်းခဲဖွယ်တို့ဖြင့် လုပ်ကျွေးပြီး ဗုဒ္ဓ မြတ်စွာအား မေးလျှောက်ပြန်လေသည်။

"အရှင်ဘုရား၊ ရေဝတ သာမဏေရဲ့ နေရာအရပ်ဟာ ရှားငုတ်တောပဲလို့ ပြောကြပါတယ်၊ အချို့ကတော့ အင်မတန် သာယာတယ်လို့ ပြောကြပါတယ်၊ ဘယ်စကားက မှန်ပါသလဲ ဘုရား"

ထိုအခါ ဗုဒ္ဓမြတ်စွာက ဝိသာခါ ဥပါသိကာမကြီးအား -

"ရွာ၌ဖြစ်စေ၊ တော၌ ဖြစ်စေ၊ နိမ့်သောအရပ်၌ ဖြစ်စေ၊ မြင့်သောအရပ်၌ ဖြစ်စေ၊ အကြင်အရပ်၌ ရဟန္တာပုဂ္ဂိုလ်တို့သည် နေကုန်၏၊ ထိုအရပ်သည် မွေ့လျော် ဖွယ်ရှိပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

တစ်နေ့တွင်လည်း ရေဝတ သာမဏေ၏ ကောင်းမှုကို ချီးမွမ်းနေကြသော ရဟန်းတို့အား ဗုဒ္ဓမြတ်စွာက -


"ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကုသိုလ်ကံ၊ အကုသိုလ်ကံနှစ်ပါးစုံကို လည်းကောင်း၊ ထိုနှစ်ပါးစုံ၌ ကပ်ငြိတတ်သော တဏှာကို လည်းကောင်း လွန်မြောက် ပြီးဖြစ်၏၊ စိုးရိမ်ခြင်းလည်းမရှိ၊ ကိလေသာ အညစ်အကြေးမှလဲ ကင်းကွာပြီး ဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါဆို၏" ဟူသော ဒေသနာတော် ကို ဟောကြားတော်မူလေသည်။

❖

(၇။ အရဟန္တဝဂ်၊ ၉-ခဒိရ ရေဝတ ဝတ္ထုနှင့်
၂၆။ ဗြာဟ္မဏဝဂ်၊ ၂၉-ရေဝတဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး

## (၁)

သာဝတ္ထိပြည်၌ ရာဓ အမည်ရှိသော သူဆင်းရဲ ပုဏ္ဏားကြီးတစ်ယောက်ရှိသည်။ ထိုပုဏ္ဏားကြီးသည် ဇနီးသည် ပုဏ္ဏေးမကြီး ကွယ်လွန်သောအခါ မှီခိုအားထားစရာ သားသမီး မရှိသောကြောင့် ဇေတဝန် ကျောင်းတော်သို့ သွား၍ ရဟန်းများကို မှီခိုကပ်ရပ်ကာ နေလေသည်။

ယင်းသို့ နေစဉ် ရာဓသည် ကျောင်းပရိဝုဏ်အတွင်း၌ တံမြက်လှည်းခြင်း၊ မြက်သစ်ပင်တို့ကို ရှင်းလင်းခြင်း စသည့် ဝေယျာဝစ္စ အမှုတို့ကို ပြုလုပ်သည်။ ရဟန်းများအတွက် သောက်ရေ သုံးရေများကိုလည်း ခပ်ပေးသည်။ သို့အတွက် ရဟန်းများက မိမိတို့၏ ဆွမ်းကျန် ဟင်းကျန်များကို ကြည်ဖြူစွာ ပေးကြလေသည်။

ဤသို့ ရဟန်းတို့၏ ဆွမ်းကျန် ဟင်းကျန်များကို ဝဝ လင်လင် စားသောက်နေရသော်လည်း ပုဏ္ဏားကြီး ရာဓမှာ ပျော်ရွှင်ခြင်း မရှိလှချေ။ အဘယ့်ကြောင့်ဆိုသော် ရဟန်းဝတ်ချင်ပါလျက် ဝတ်ခွင့်မရသောကြောင့် ဖြစ်ပေသည်။ အမှန်စင်စစ် သူသည် ခင်မင်ရင်းနှီးသော ရဟန်းများထံ၌ ရဟန်းဝတ်လိုကြောင်း အကြိမ်ကြိမ် လျှောက်ကြားခဲ့၏။ သို့ရာတွင် မည်သည့် ရဟန်းကမျှ သူ့အား ရဟန်းဝတ်ပေးရန် လိုလားသည့် အမူအရာကို မပြခဲ့ကြချေ။ ဤသို့ လိုအင်ဆန္ဒ မပြည့်ဝဘဲ ဖြစ်နေသောကြောင့် ဆွမ်းကျန် ဟင်းကျန်များကို ဝဝလင်လင် စားနေရလင့်ကစား သူ၏ ကိုယ်ခန္ဓာမှာ ဝဝဖြိုးဖြိုး ဖြစ်မလာဘဲ တစ်နေ့တခြား ပိန်ချုံး၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဗုဒ္ဓရှင်မြတ်စွာသည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ လှည့်လည်ကြည့်ရှုတော်မူစဉ် ရာဓ ပုဏ္ဏားကြီးကို တွေ့မြင်တော်မူသဖြင့် နှုတ်ဆက်စကားမြွက်ကြားတော်မူသည်။

"ပုဏ္ဏားကြီး ... သင် ဘာလုပ်သလဲ"

"ရဟန်းတို့၏ ဝတ်ကြီး ဝတ်ငယ်ကို ပြုလုပ်ပါသည် ဘုရား"

"ရဟန်းတို့ထံမှ ထိုက်တန်သော ထောက်ပံ့ချီးမြှင့်မှုကို ရပါရဲ့လား"

"စားဖွယ် သောက်ဖွယ်ဖြင့် ချီးမြှင့်ခြင်းကို ရပါသည်၊ သို့သော် တပည့်တော်အား ရဟန်းပြုပေးရန်ကိုမူ မည်သည့် ရဟန်းကမျှ မလိုလားကြပါဘုရား"

ဤသို့ လျှောက်ကြားသောအခါ ဗုဒ္ဓသည် ရာဓ ပုဏ္ဏားကြီးကို နောက်တော်မှ တစ်ပါတည်း ခေါ်သွားပြီး ဂန္ဓကုဋီတိုက်သို့ ကြွတော်မူသည်။ ထို့နောက် ရှင်အာနန္ဒာအား ဇေတဝန်ကျောင်းတိုက် အတွင်းရှိ ရဟန်းများကို အမြန်စည်းဝေးကြစေရန် မိန့်ကြားတော် မူလေသည်။

ရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ လှည့်လည်လျက် ရဟန်းများကို ဖိတ်ခေါ်သည်။ မကြာမီ အချိန်အတွင်း အစည်းအဝေး ခန်းမဆောင်၌ ရဟန်းများ အစုံအညီ စုဝေး ရောက်ရှိကြလေသည်။ ထိုအခါ ဗုဒ္ဓက ရဟန်းတို့အား ရာဓ ပုဏ္ဏားကြီး၏အကြောင်းကို မိန့်ကြားတော်မူလေသည်။

"ရဟန်းတို့၊ ဤရဟန်းပရိသတ်အတွင်း၌ ရာဓ ပုဏ္ဏားကြီး၏ ကျေးဇူးကို သတိရသူ တစ်စုံတစ်ယောက် ရှိပါသလော"

ထိုအခါ ပရိသတ်အတွင်းမှ ရှင်သာရိပုတ္တရာက ထ၍ ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဘုရား ... ဤ ရာဓ ပုဏ္ဏားကြီးသည် တစ်ခါက တပည့်တော်အား ဆွမ်းတစ်ဇွန်းမျှ လောင်းလှူခဲ့ဖူးပါသည်"

"သာရိပုတ္တရာ ... သို့ဖြစ်လျှင် သင်သည် ဤကဲ့သို့သော ကျေးဇူးရှင်ကို ဆင်းရဲဒုက္ခမှ လွတ်ကင်းအောင် ကယ်တင်သင့်သည် မဟုတ်ပါလော"

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ ရှင်သာရိပုတ္တရာက ရာဓပုဏ္ဏားကို ရဟန်းပြုပေးရန် တာဝန်ကို ယူလိုက်သည်။ ထို့နောက် ချက်ချင်းပင် ရဟန်းပြုပေးလိုက်ရာ ရာဓ ပုဏ္ဏားကြီး လိုအင်ဆန္ဒ ပြည့်ဝသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းအဖြစ်သို့ ရောက်ရှိလာသော ပုဏ္ဏားကြီး ရာဓသည် အသက် အရွယ်ပင် ကြီးလင့်ကစား ဝါစဉ်အားဖြင့် ငယ်သောကြောင့် ဆွမ်းခံသွားသည့်အခါ သံဃပရိသတ်၏ နောက်ဆုံးမှ လိုက်ပါရသည်။ ဆွမ်းလောင်းသည့် လူများသည် ရှေ့ပိုင်းမှ မထေရ်ကြီးများကိုသာ ဂရုစိုက်၍ လောင်းကြသဖြင့် နောက်ပိုင်းမှ ရဟန်းများ ဆွမ်း အရနည်းကြသည်။ သို့ဖြစ်၍ ရဟန်းအိုကြီး ရှင်ရာဓမှာ မျှတလောက် အောင် ဆွမ်းမရဘဲ ပင်ပန်းဆင်းရဲလျက် ရှိလေသည်။

ဤအခြေအနေကို သိမြင်သော ရှင်သာရိပုတ္တရာက ဆွမ်းခံသွားသည့်အခါ ရှင်ရာဓကို မိမိနှင့်အတူ ခေါ်သွားသည်။ ယင်းသို့ ခေါ်သွားခြင်းဖြင့် ဆွမ်း အခက် အခဲကို ပြေလည် စေရုံသာမက ရဟန်းတို့၏ ကျင့်ဝတ် သိက္ခာများကိုလည်း နီးနီးကပ်ကပ် သွန်သင်ဆုံးမရန် အခွင့်အလမ်း ရရှိသွားလေသည်။

ရဟန်းကြီး ရာဓသည် ရှင်သာရိပုတ္တရာ၏ ဆုံးမသြဝါဒကို မြေဝယ်မကျ လိုက်နာသည်။ ရဟန်းတို့၏ နေထိုင်သွားလာပုံမှ စ၍ တရားဘာဝနာ ပွားများ အားထုတ်ပုံ နည်းများကိုပါ ရှင်သာရိပုတ္တရာ ညွှန်ပြသည့်အတိုင်း တစ်သဝေမတိမ်း ကျင့်ကြံအားထုတ်သည်။ ထို့ကြောင့် ရှင်ရာဓသည် မကြာမီအတွင်း၌ပင် ရဟန္တာ အဖြစ်သို့ ရောက်သွားလေသည်။

တစ်နေ့သ၌ ဗုဒ္ဓရှင်မြတ်က ရှင်သာရိပုတ္တရာကို မေးမြန်းတော်မူသည်။

"သာရိပုတ္တရာ ... သင့်တပည့် ရဟန်းကြီးသည် ဆိုဆုံးမ လွယ်ပါ၏လော"

"မှန်ပါ၊ အလွန်ပင် ဆိုဆုံးမ လွယ်ပါသည်ဘုရား၊ မည်သို့ပင် ဆိုဆုံးမစေကာ မူ အမျက်ဒေါသထွက်ခြင်း အနည်းငယ်မျှ မရှိပါဘုရား"

"သာရိပုတ္တရာ ... ဤကဲ့သို့ ဆိုဆုံးမ လွယ်သော တပည့်များကို ရမည် ဆိုလျှင် သင်သည် မည်မျှလောက်သောတပည့်တို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင် မည်နည်း"

"ရာပေါင်းများစွာသော တပည့်တို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါသည် ဘုရား"

"သာရိပုတ္တရာ ... ကောင်းပေစွ၊ ကောင်းပေစွ"

ဤသို့ဖြင့် ရှင်သာရိပုတ္တရာသည် ရှင်ရာဓကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာ၏ ချီးကျူးခြင်းကို ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကုန်လျက် ရှင်သာရိပုတ္တရာ၏ဂုဏ်ကို ချီးကျူးပြောဆိုနေကြသည်။ "ငါ့ရှင်တို့၊ ရှင်သာရိပုတ္တရာသည် မိမိအား ဆွမ်း တစ်ဇွန်း လောင်းဖူးသော ပုဏ္ဏားအိုကြီးကိုပင် ရဟန်းပြု ပေးတော်မူသည်၊ သူ့ကျေးဇူးကို အလွန် သိတတ်ပါပေ၏"

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာကြွလာ၍ "သာရိပုတ္တရာသည် ယခုမှသာ ကျေးဇူး ကို သိတတ်သည်မဟုတ်၊ ရှေးအခါကလည်း သိတတ်ခဲ့ပေ၏" ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်။ ဗာရာဏသီပြည် မှ အနည်းငယ်ဝေးသော မြစ်ညာအရပ်၌ လက်သမားတစ်စုတို့သည် အိမ်ဆောက်ရန် သစ်များကို ခုတ်၍ ရောင်းချ အသက်မွေးကြသည်။ ထိုအခါ ဆင်ကြီးတစ်ကောင် သည် ခြေထောက်၌ ရှားငုတ်စူးသဖြင့် ကောင်းစွာမသွားနိုင်သောကြောင့် လက်သမား တို့အနီးသို့ လာ၍ ဝပ်နေလေသည်။

လက်သမားများသည် ဆင်ကြီးအား သနားကြင်နာကြသဖြင့် အနာကို ဆေးလိမ်း ကုပေးကြရာ ရက်ပိုင်းအတွင်း၌ပင် လုံးဝ ပျောက်ကင်းသွားလေသည်။ ထိုအခါ ဆင်ကြီးသည် ကျေးဇူးတုံ့ပြန်သောအနေဖြင့် လက်သမားတို့ သစ်ခုတ်ရာ၌ သစ်တုံးများကို မ, ပေးခြင်း၊ သယ်ပေးခြင်း စသည့် အမှုများကို ဆောင်ရွက်ပေး လေသည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကြာခဲ့ပြီး တစ်နေ့သ၌ ဆင်လိမ္မာကြီး ရုတ်တရက် ပျောက်သွားသဖြင့် လက်သမားများ စိတ်မကောင်းဖြစ်နေကြသည်။ သို့ရာတွင် သုံးရက်ခန့်ကြာလျှင် ဖြူဖွေးလှပသော ဆင်ပေါက်ကလေးတစ်စီးနှင့်အတူ ဆင်လိမ္မာ ကြီး ပြန်ရောက်လာလေသည်။ အမှန်စင်စစ် ဆင်ကြီးသည် သူကိုယ်တိုင်မှာ အိုမင်း လှပြီဖြစ်၍ လက်သမားတို့၏ အလုပ်ကို အားစိုက်ခွန်စိုက် မလုပ်နိုင်တော့သော ကြောင့် သူ့သားငယ်ကို သွားရောက်ခေါ်ငင်ခဲ့ခြင်း ဖြစ်လေသည်။

ဆင်ပေါက်ကလေးကို ခေါ်လာပြီးနောက် သုံးရက်မြောက်သောနေ့၌မူ ဆင်ကြီးသည် တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားရာ နောက်တစ်ဖန် ပြန်၍ ပေါ်မလာတော့ချေ။ လက်သမားများလည်း ဆင်ကြီး၏ စေတနာကို ကောင်းစွာ နားလည်သဘောပေါက်ကြပြီး ဆင်ပေါက်ကလေးအား အထူးဂရုစိုက်၍ ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ထားကြသည်။ ဆင်ပေါက်ကလေးကလည်း သူ့ဖခင်ကဲ့သို့ပင် သစ်တုံးများ မ,ပေးခြင်း၊ သယ်ပေးခြင်း စသည့် အမှုများကို နေ့စဉ်မပျက် ဆောင်ရွက်ပေးလေသည်။ အားလပ်သည့်အချိန်များတွင်မူ ဆင်ပေါက်ကလေးသည် လက်သမားတို့၏ သားငယ် သမီးငယ်များနှင့် တပျော်တပါး ကစားလေ့ရှိလေသည်။

(၃)

လက်သမားတို့၏ ဆင်ပေါက်ကလေးမှာ သာမန်ဆင်မဟုတ်၊ ထူးခြားသော အာဇာနည် ဆင်ဖြူကလေးဖြစ်သည်။ အာဇာနည်မျိုး ဖြစ်သော ဆင်မြင်း စသည်တို့သည် ရေထဲ၌ ကျင်ကြီးကျင်ငယ် စွန့်လေ့မရှိကြ။ ဆင်ပေါက်ကလေးသည် ဂင်္ဂါမြစ်သို့ဆင်း၍ ရေချိုးခြင်း ရေသောက်ခြင်းပြုသော်လည်း ကျင်ကြီးကျင်ငယ်တို့ကိုမူ ရေထဲ၌ တစ်ခါတစ်ရံမျှ မစွန့်ချေ။

သို့ဖြစ်သော်လည်း မိုးကြီးသည်းစွာ ရွာသော နေ့တစ်နေ့တွင် ကုန်းပေါ်၌ စွန့်ထားသည့် ဆင်ပေါက်ကလေး၏ ချေးများသည် မိုးရေဖြင့် မျောပါ၍ ဂင်္ဂါမြစ်ထဲသို့ ရောက်သွားလေ၏။ ထိုဆင်ချေးများသည် မြစ်ရေအလျဉ်ဖြင့် အစဉ်အတိုင်း မျောပါသွားရာ ဗာရာဏသီမြို့တော် မြစ်ဆိပ်အနီး ချုံတစ်ခုတွင် ကပ်ငြိနေလေသည်။

ဂင်္ဂါမြစ်ဆိပ်၌ ဗြဟ္မဒတ်မင်းကြီး၏ ဆင်တို့ကို နေ့စဉ်ရေချလေ့ရှိရာ ထိုနေ့တွင်ကား ဆင်များသည် တစ်စီးမျှ ရေသို့ မဆင်းဝံ့ဘဲ အမြီးထောင်၍ ပြေးကြလေသည်။ ဤထူးဆန်းသော အခြင်းအရာကိုမြင်လျှင် ဆင်ထိန်းတို့က အနီးပတ်ဝန်းကျင်၌ ဘေးအန္တရာယ် တစ်ခုခုရှိမည်ထင်၍ ရှာဖွေစူးစမ်းကြရာ ချုံတစ်ခုတွင် ငြိတွယ်နေသော အာဇာနည် ဆင်ချေးများကို မြင်တွေ့ကြလေသည်။ ထိုအခါ ဆင်ထိန်းတို့သည် အာဇာနည် ဆင်ချေးနံ့ရသဖြင့် ကြောက်လန့်ပြီး ဘုရင့်ဆင်များ ထွက်ပြေးကြခြင်းဖြစ်ကြောင်း သဘောပေါက်သွားကြသည်။

ဆင်အကြောင်းကို နောကျေအောင် ကျွမ်းကျင်နားလည်နေသော ဆင်ထိန်းတို့သည် အာဇာနည် ဆင်ချေးများကို အရည်ဖျော်၍ ဘုရင့်ဆင်များ၏ ကိုယ်ပေါ်၌ ပက်ဖျန်းကြသည်။ ထိုအခါမှ ဘုရင့်ဆင်များလည်း အကြောက်ပြေကာ မြစ်ထဲသို့ ဆင်းဝံ့ကြတော့သည်။

ဆင်ထိန်းတို့၏ လျှောက်တင်ချက်အရ မြစ်ညာ တစ်နေရာ၌ အာဇာနည် ဆင်ဖြူတစ်စီးရှိကြောင်း ဗြဟ္မဒတ်မင်းကြီး သိရှိသွားလေသည်။ ဆင်ဖြူတော်ရှိလျှင်

www.burmeseclassic.com



တိုင်းပြည်ပို၍ စည်ပင်ဝပြောပြီး ဘုရင်လည်း ဘုန်းတန်ခိုး တိုးတက်သည်ဟု အဆို ရှိရကား ဖြူဟွဒတ်မင်းကြီးသည် မှူးမတ် ဗိုလ်ပါပေါင်း မြောက်မြားစွာတို့နှင့်အတူ ရေလမ်းခရီးဖြင့် ဆင်ဖြူတော် အရှာထွက်လေသည်။

လက်သမားတို့သည် မိမိတို့၏ သစ်ထုတ်လုပ်ရေးစခန်းသို့ ဆိုက်ရောက်လာသော ဖြူဟွဒတ်မင်းကြီးကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။

"အရှင်မင်းကြီး ... ဘယ်အလို့ငှာ ဤတောလမ်းခရီးသို့ ကိုယ်တော်တိုင် ကြွချီတော်မူလာပါသလဲ"

လက်သမားတို့၏ အကြီးအကဲဖြစ်သူက ဤသို့ လျှောက်တင်ရာ မင်းကြီးက ဆင်ဖြူတော်ကို အလိုရှိ၍ ထွက်လာခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ လက်သမားများက မိမိတို့၏ ဆင်ပေါက်ကလေးကို မင်းကြီးအား ပြသကြသည်။ မင်းကြီးသည် ဆင်ထိန်းတို့အား ထိုဆင်ကလေးကို သေချာစွာ ကြည့်ရှုစစ်ဆေးစေပြီး ဆင်အာဇာနည် အစစ်ဖြစ်ကြောင်း သိရှိလျှင် လက်သမားတို့ထံမှ တောင်းယူသည်။ လက်သမားတို့ကလည်း ကြည်ကြည်ဖြူဖြူဖြင့်ပင် မင်းကြီးအား ဆက်သလိုက်ကြသည်။

သို့ရာတွင် ဆင်ကလေးကို မြစ်ဆိပ်သို့ ဆောင်ယူရန်အတွက် ဆင်ထိန်းတို့က မောင်းနှင်သည့်အခါ ဆင်ကလေးသည် အသာတကြည်ဖြင့် မလိုက်ပါဘဲ ငြင်းဆန်နေလေသည်။ "အဘယ့်ကြောင့် ဤသို့ ငြင်းဆန်နေသလဲ" ဟု မင်းကြီးက မေးလျှင် မိမိ၏ ကျေးဇူးရှင်များအား ကျေးဇူးဆပ်လိုခြင်းကြောင့် ဖြစ်ကြောင်း လက်သမားတို့က လျှောက်တင်ကြသည်။

ထိုအခါ မင်းကြီးက များစွာသော ရွှေငွေပစ္စည်းများကို ဆင်ကလေးအား ပြသ၍ လက်သမားတို့အား ပေးစေသည်။ ထိုအခါတွင်မှ ဆင်ကလေးသည် ဆင်ထိန်းတို့ ခေါ်ဆောင်ရာသို့ အသာတကြည် လိုက်ပါသွားလေသည်။ နေပြည်တော်သို့ ရောက်လျှင် ဖြူဟွဒတ်မင်းကြီးသည် ဆင်ဖြူကလေးအား ကြီးကျယ်ခမ်းနားသော အဆောင်အယောင်များဖြင့် မင်္ဂလာဆင်တော်အရာ၌ ထားလေသည်။ ထိုမင်္ဂလာဆင်တော်ရောက်လာသည့်အချိန်မှစ၍ ဖြူဟွဒတ်မင်းကြီးသည် တစ်နေ့တခြား ဘုန်းတန်ခိုး တိုးတက်လာသည်။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးတွင် ဖြူဟွဒတ်မင်းကြီးအား အန်တုဝံ့သူ မရှိဘဲ ပြည့်ရှင်မင်း အားလုံးတို့ကပင် ဗာရာဏသီပြည်ကို ဦးညွှတ်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

တစ်ရာ့တစ်ပါးသော ထီးဆောင်းတို့၏ ဦးညွှတ်ရာဖြစ်သော ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် နှစ်ပေါင်းများစွာ ထီးနန်းစည်းစိမ်ကို ခံစားနေပြီး သက်တမ်းစေ့သောအခါ နတ်ရွာစံသွားလေသည်။ မင်းကြီး နတ်ရွာစံသွားချိန်တွင် ထီးနန်းကိုဆက်ခံမည့် သားတော် သမီးတော် တစ်ပါးမျှ မကျန်ခဲ့။ သို့သော် မိဖုရားကြီးမှာမူ ကိုယ်ဝန်အရင့်အမာရှိနေပြီး 'ခုနစ်ရက်မြောက်တွင် သားယောကျ်ား မွေးဖွားလိမ့်မည်' ဟု ပုဏ္ဏားတော်တို့က ဟောကိန်း ထုတ်ထားကြသည်။ ထို့ကြောင့် ဘုရင်သစ် တင်မြှောက်ရေးကိစ္စကို မိဖုရားကြီး မီးဖွားပြီးမှ စီစဉ်ဆောင်ရွက်ရန် မှူးမတ်တို့က စောင့်ဆိုင်းနေကြသည်။

သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီးသည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံသွားကြောင်း ကြားသိရလျှင် ဗာရာဏသီပြည်ကို သိမ်းပိုက်ရန် စစ်အင်္ဂါလေးပါးဖြင့် ချီတက်လာသည်။ ဗာရာဏသီမြို့တော်အနီးသို့ ရောက်သောအခါ "တိုင်းပြည်ကို အသာတကြည်ပေးအပ်မည်လော၊ သို့မဟုတ် စစ်ပြိုင်ဆိုင်တိုက်ခိုက်မည်လော" ဟု ဗာရာဏသီ မှူးမတ်တို့ထံ ရာဇသံတစ်စောင် ပို့လိုက်သည်။ ထိုရာဇသံကို ရရှိသောအခါ ဗာရာဏသီ မှူးမတ်တို့သည် မြို့တံခါးများကို လုံခြုံအောင် ပိတ်ထားကြပြီး ကောသလမင်းကြီးထံ သဝဏ်လွှာတစ်စောင် ပြန်လိုက်ကြသည်။

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့ မိဖုရားကြီးသည် ခုနစ်ရက်အတွင်း မီးဖွားရန်ရှိနေပါသည်။ မိဖုရားကြီးမှ သားတော် မွေးဖွားလျှင် ကျွန်ုပ်တို့ တိုင်းပြည်ကို မအပ်နိုင်ပါ၊ အရှင်မင်းကြီးနှင့် စစ်ပြိုင်တိုက်ရပါလိမ့်မည်၊ သို့အတွက် နောက်ထပ် ခုနစ်ရက်မျှ ဆိုင်းငံ့တော်မူပါ"

မှူးမတ်တို့၏ သဝဏ်လွှာအရ ကောသလမင်းကြီးနှင့် စစ်သည်ဗိုလ်ပါတို့သည် မြို့ပြင်၌ စောင့်ဆိုင်းနေကြသည်။ ဗာရာဏသီ မိဖုရားကြီးသည် ခုနစ်ရက်မြောက်သောနေ့၌ သားတော်လေးတစ်ပါးကို ချောမောစွာ ဖွားမြင်လေသည်။ တိုင်းတစ်ပါး စစ်တပ်တို့၏ ဝိုင်းရံထားခြင်းကို ခံနေရသဖြင့် စိတ်အားငယ်နေကြသော ဗာရာဏသီ ပြည်သူအပေါင်းတို့သည် မိမိတို့၏ ထီးနန်းကို ဆက်ခံမည့် မင်းသားကလေး ဖွားမြင်လာပြီဖြစ်ကြောင်း ကြားသိကြရလျှင် ကြည်နူးဝမ်းသာ စိတ်ဓာတ် တက်ကြွလာကြသည်။ ဤသို့ ပြည်သူတို့အား စိတ်အားမလျှော့ဘဲ တက်ကြွ ရဲရင့်မှုကို ဖြစ်စေသောကြောင့် မင်းသားလေးကို "အလိနစိတ္တ" ဟု အမည်မှည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလီနစိတ္တမင်းသားလေး ဖွားမြင်ပြီး နောက်တစ်နေ့တွင် ဗာရာဏသီ ပြည်သူတို့သည် ကောသလမင်းနှင့် စစ်ပြိုင် တိုက်ခိုက်ကြသည်။ တိုင်းတစ်ပါးလက်အောက်သို့ မကျရောက်လိုသော စိတ်ဓာတ်ဖြင့် ရှုပ်ရှုပ်ရှဲရှဲ တိုက်ခိုက်ကြသော်လည်း စီမံအုပ်ချုပ်မှုမှာ ညံ့ဖျင်းမှုကြောင့် ဗာရာဏသီဘက်မှ တဖြည်းဖြည်း စစ်ရေး နိမ့်လာသည်။ မိဖုရားကြီးသည် မိမိတို့ဘက်မှ စစ်ရေးနိမ့်နေသည့် အကြောင်းကို ကြားသိလျှင် သားငယ်ကလေးကို ပွေ့ချီပြီး ဆင်တင်းကုပ်သို့ သွားလေသည်။ ဆင်တင်းကုပ်သို့ ရောက်သောအခါ သားငယ်ကို မင်္ဂလာဆင်တော်၏ ရှေ့၌ ချထားကာ ဤသို့ ပြောကြားလေသည်။

"အဆွေဆင်မင်း ... သင်၏အဆွေတော်ဖြစ်သော ဗြဟ္မဒတ်မင်း ကွယ်လွန်သွားပါပြီ၊ ဤသူငယ်သည် သင့်အဆွေတော်၏ သားဖြစ်ပါသည်၊ ဗြဟ္မဒတ်မင်း ကွယ်လွန်ကြောင်း ကြားသိ၍ ကောသလမင်းသည် ဗာရာဏသီ ထီးနန်းကို သိမ်းပိုက်ရန် ယခု ဆိုက်ရောက်နေပါသည်။ နှစ်ပြည်ထောင် စစ်ထိုးကြရာတွင်လည်း ကျွန်ုပ်တို့ဘက်မှ စစ်ရေးနိမ့်နေပါသည်၊ သို့ဖြစ်၍ သင့်အဆွေတော်၏ ထီးနန်းကို သင်ကိုယ်တိုင် ထွက်၍ ကာကွယ်စောင့်ရှောက်မှ ဖြစ်ပါတော့မည်"

ဤသို့ မိဖုရားကြီးက ပြောကြားသောအခါ မင်္ဂလာဆင်တော်သည် အလွန်ဝမ်းနည်း ကြေကွဲသော အမူအရာဖြင့် မင်းသားလေးကို နှာမောင်းဖြင့် ပွေ့ချီ၍ ဦးကင်းပေါ်၌ တင်ထားသည်။ ထို့နောက် မင်းသားငယ်ကို မိဖုရားကြီးလက်သို့ ပြန်ပေးပြီး ပြင်းစွာ အရှိန်အဟုန်ဖြင့် ဆင်တင်းကုပ်မှ ထွက်သည်။ ထိုအခါ စစ်သူကြီးသည် မင်္ဂလာဆင်တော်ကိုစီး၍ မြို့တံခါးမှ ထွက်လေသည်။ များစွာသော စစ်သည်ရဲမက်အပေါင်းတို့က နောက်မှ ခြံရံ၍ လိုက်ကြသည်။

ဆင်တော်သည် ကြိုးကြာသံနှင့်တူသော အသံကိုပြု၍ ကောသလမင်း၏ တပ်တွင်းသို့ ဖောက်ထွင်း ဝင်ရောက်သည်။ "မင်္ဂလာဆင်တော်ကြီး ထွက်လာပြီတဲ့" ဟူသော စကားကို ကြားရုံဖြင့်ပင် ချောက်ချားတုန်လှုပ်နေသော ကောသလမင်း၏ စစ်သည် ရဲမက်တို့သည် ဖရိုဖရဲ ပြိုကွဲကာ ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးကြလေသည်။ မင်္ဂလာဆင်တော်သည် ကောသလမင်းကို အရှင်ရအောင် ဖမ်းဆီးနဲ့ပြီး မြို့တွင်းသို့ ယူဆောင်လာလေသည်။

ထိုအခါ မှူးမတ်တို့က ကောသလမင်းကို အလီနစိတ္တမင်းသားငယ်၏ ခြေရင်း၌ ဝပ်စင်းစေပြီး နောက်နောင်တွင် ဤကဲ့သို့ ကျူးကျော်စော်ကားခြင်းမပြုရန် သတိပေး ဆုံးမကာ ပြန်လွှတ်လိုက်ကြလေသည်။

ဇယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၅)

ဗုဒ္ဓမြတ်စွာသည် အဝိတ်ကို ဆောင်တော်မူပြီး ထိုအခါက ကျေးဖူးသိတတ်သော ဆင်ကြီးမှာ ရှင်သာရိပုတ္တရာ၏ အလောင်းပင်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက်တစ်ဖန် ရဟန်းမည့်သည် ရဟန်းအိုကြီး ရာဇကဲ့သို့ ဆိုဆုံးမလွယ်သူ ဖြစ်သင့်ကြောင့် ဆုံးမစကားမြွက်ကြားတော်မူပြီး - "အပြစ်မြင်လျှင် မထောက်မညှာ ဖိနှိပ်ဆုံးမတတ်သော ပညာရှိကိုတွေ့လျှင် မြှုပ်ထားသော ရွှေအိုးကို ပြောပြသူကဲ့သို့ ထင်မှတ်လျက် ထိုပညာရှိကို ဆည်းကပ်သင့်၏။ ထိုကဲ့သို့သော ပညာရှိကို ဆည်းကပ်သူအား ကောင်းမြတ်ခြင်းသည်သာ ဖြစ်၏။ ယုတ်ညံ့ခြင်းသည် မဖြစ်" ဟူသော ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

(ဓ။ ပဏ္ဍိတဝဂ်၊ ၁ - ရာဓတ္ထေရဝတ္ထုနှင့်
ဒုကနိပါတ် အလီနစိတ္တဇာတ်)

www.burmeseclassic.com

www.burmeseclassic.com

# အလျှုချင်းဖြင့် မတူပါ

## ညီနောင်ဆယ်ပါး တိုင်းပြည်ခွဲကြခြင်း

ဥတ္တရာပထတိုင်း အသိတဥ္စနမြို့ကို အစိုးရသော ဥပသာဂရ မင်းကြီး၏ သမီးတော် အဥ္စနဒေဝီနှင့် သားတော်ဆယ်ပါး ထွန်းကားလေသည်။ ဝါသုဒေဝ၊ ဗလဒေဝ စသော သားတော်ဆယ်ပါးတွင် အင်္ကုရမင်းသားကား အငယ်ဆုံးဖြစ်၏။

ထိုသားတော်များ အရွယ်ရောက်လာသောအခါ ခွန်အားဗလနှင့် လွန်စွာ ပြည့်စုံကြသည့်ပြင် မင်းသားတို့ တတ်အပ်သည့် တစ်ဆယ့်ရှစ်ရပ်သော အတတ် ပညာများကိုလည်း တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ကြလေသည်။ ထို့ကြောင့် မင်းသားများသည် လက်ရုံးအားကိုးဖြင့် ဇမ္ဗူဒိပ်မြေပြင်ရှိ တိုင်းတစ်ပါးမြို့များကို တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်သိမ်းယူကြရာ နောက်ဆုံးတွင် ခြောက်သောင်းသုံးထောင် သော မြို့များ မင်းသားတို့၏ လက်အောက်သို့ ကျရောက်လေသည်။

ထိုအခါ မင်းသားတို့သည် မိမိတို့ သိမ်းပိုက်ရရှိသော မြို့များကို တစ်ဦးစီ ခွဲ၍ အုပ်ချုပ်ရန်အတွက် ဆယ်ပုံပုံ၍ ဝေစုခွဲကြသည်။ ဝေစုခွဲပြီးသည့်အခါကျမှ မိမိတို့၏ အစ်မတော် အဥ္စနဒေဝီကို သတိရကြသဖြင့် ဆယ်ပုံတစ်ပုံ ပြန်၍ခွဲရန် တိုင်ပင်ကြသည်။ ထိုအခါ ညီအငယ်ဆုံးဖြစ်သော အင်္ကုရမင်းသားက "နောင်တော် တို့ ... ပြန်မခွဲကြပါနဲ့တော့ ကျွန်ုပ်ရဲ့ဝေစုအား အစ်မအား ပေးပါမည်။ ကျွန်ုပ် ကတော့ ကုန်ကူးသန်းရောင်းဝယ်၍ အသက်မွေးပါမည်"ဟု ပြောဆိုလေသည်။ ထို့နောက် အင်္ကုရက နောင်တော်များ၏ ပိုင်နက်အတွင်း မိမိ ကုန်ကူးသန်းရောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ခြင်း ပြုသည့်အခါ အကောက်ခွန် ကင်းလွတ်ခွင့်ပြုရန် ဟူသော လိုလားချက် တစ်ရပ်ကို တောင်းဆိုလေသည်။

အကိုရ၏ တင်ပြချက်ကို မင်းသားအားလုံးကပင် သဘောတူကြသည်။ ထို့ကြောင့် အစ်မတော် အဥ္စနဒေဝီနှင့် နောင်တော်မင်းသားကိုးပါးတို့က ဇမ္ဗူဒီပ် မြေပြင်ရှိ မြို့နိုင်ငံများကို အသီးသီးခွဲဝေ အုပ်ချုပ် မင်းလုပ်နေကြချိန်တွင် အကိုရ မင်းသားကား လှည်းယာဉ်ပေါင်း ငါးရာဖြင့် မြို့ရွာအနှံ့ လှည့်လည်၍ ကုန်ကူးသန်း ရောင်းဝယ်ခြင်း ပြုကာ အသက်မွေးနေလေသည်။

## အကိုရမင်းသား ကုန်ရောင်းသွား

တစ်ရံရောအခါ ကုန်သည်ကြီး အကိုရသည် တခြားသော မိတ်ဆွေကုန်သည် ကြီးတစ်ဦးနှင့်အတူ လှည်းယာဉ်ပေါင်း ငါးရာစီဖြင့် ကမ္ဘောဇတိုင်းသို့ ကုန်ရောင်း သွားရန် ထွက်လာရာ ကြီးမားကျယ်ပြန့်သော သဲကန္တာရကြီးတစ်ခုအတွင်းသို့ ရောက် လာကြလေသည်။ ထိုသဲကန္တာရအတွင်း၌ နေပူရှိန်ပြင်းလှသောကြောင့် နေ့အချိန်တွင် သစ်ပင်သစ်ရိပ်ရှိသောနေရာ၌ စခန်းချအနားယူပြီး ညအချိန်ကျမှသာ နက္ခတ် ကြယ်တာရာတို့ကို အမှတ်အသားပြုကာ ခရီးသွားကြရသည်။ အကိုရတို့၏ လှည်းအုပ်စုကြီးသည် တစ်ညတွင် မျက်စိလည် လမ်းမှား၍ သဲကန္တာရထဲတွင် တဝဲလည်လည် ဖြစ်နေလေသည်။ လမ်းမှန်ကို ကြိုးစားရှာဖွေကြသော်လည်း ရက် ပေါင်းများစွာ ကြာသည့်တိုင်အောင် မတွေ့နိုင်ဘဲ ဖြစ်နေသောကြောင့် လူများအတွက် သာမက နွားများအတွက်ပါ စားရေရိက္ခာ ပြတ်လုနီးပါးအခြေအနေသို့ ရောက်လာ လေသည်။

ဤသို့ လှည်းပေါင်းတစ်ထောင်နှင့်အတူ ပါရှိသော လူနှင့်နွားများအားလုံး အစာရေစာပြတ်၍ အသက်ဆုံးရှုံးရတော့မည်ဟု စိုးရိမ်နေကြသည့်အချိန်တွင် ဝမ်း မြောက်အားတက်ဖွယ် သတင်းတစ်ခု လှည်းစခန်းသို့ ရောက်လာသည်။ ထိုသတင်း ကား အခြားမဟုတ်၊ လှည်းစခန်းမှ လမ်းရှာရန် စေလွှတ်လိုက်သော အထောက်တော် တစ်ဦး ပြန်ရောက်လာပြီး ၎င်းက လှည်းစခန်းနှင့် အလှမ်း မဝေးလှသောအရပ်၌ အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးတစ်ပင်ရှိကြောင်း၊ ညောင်ပင်ကြီးအောက် တွင် စမ်းရေများ တသွင်သွင် စီးထွက်နေရုံသာမက ဆန်၊ ဆီ၊ ဆား၊ စားနပ်ရိက္ခာများ ကိုလည်း တစ်ပုံကြီး တွေ့ရှိရကြောင်း ပြောကြားလာခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသတင်းမှာ သာမန်အားဖြင့် ယုံကြည်နိုင်ဖွယ်ရာပင် မရှိလှသော်လည်း သေဘေးနှင့် ရင်ဆိုင်နေရသော ခရီးသည် တစ်ထောင်ကျော်မှာမူ အတိုင်းမသိ ဝမ်းမြောက်လျက် ချက်ချင်းထ၍ ကခုန်ပျော်မြူးကြလေသည်။ ညနေပိုင်း ကျရောက်၍ နေပူရှိန်လျော့ပါးသွားသောအခါ အကုံရ၏ လှည်းတန်းကြီးသည် အထောက်တော်ညွှန်ပြသည့်လမ်းအတိုင်း ညောင်ပင်ကြီးရှိရာသို့ တအိအိမောင်းနှင်လာကြသည်။

ညဥ့်ဦးယံအချိန်မှာပင် ညောင်ပင်ကြီးရှိရာသို့ ချောမောစွာ ဆိုက်ရောက်ကြသောအခါ အထောက်တော် ပြောသည့်အတိုင်း ညောင်ပင်ရင်း၌ တသွင်သွင်စီးထွက်နေသော စမ်းရေနှင့် စားနပ်ရိက္ခာပုံကြီးကို တအံ့တဩ တွေ့ရှိကြရသည်။ ထိုစားနပ်ရိက္ခာများကို အခြားသောလှည်းအုပ်စုက ပစ်ထားခဲ့လေသလောဟူ၍လည်း တွေးမိကြသည်။

ညောင်ပင်ကြီးအောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် လှည်းသမားများသည် လှည်းများကိုချွတ်၍ စမ်းရေကို ဝအောင်သောက်ကြ ချိုးကြသည်။ နွားများကိုလည်း တိုက်ကျွေးကြသည်။ ထို့နောက် အဆင်သင့်တွေ့ရှိရသော ဆန်၊ ဆီ၊ ဆားများဖြင့် တပျော်တပါး ထမင်းဟင်း ချက်၍ စားသောက်ကြပြီး နွားများကိုလည်း ညောင်ရွက်ညောင်သီးနှင့် အနီးပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော မြက်ပင်များကို စားစေကြသည်။

## ရက္ခစိုးနတ်၏ တန်ခိုး

ခေါင်းဆောင်ကုန်သည်ကြီး နှစ်ယောက်နှင့် လှည်းသမားများ ထမင်းစားပြီး၍ အိပ်စက်အနားယူနေကြစဉ် ညောင်ပင်စောင့် ရက္ခစိုးနတ်သည် လူသား‌အသွင် ဖန်ဆင်း၍ အကုံရထံ လာရောက်နှုတ်ဆက်လေသည်။

"မိတ်ဆွေတို့ ... ဘယ်မြို့ကလာ၍ ဘယ်မြို့သို့ သွားကြမလို့လဲ"

"ကျွန်ုပ်တို့သည် ဥတ္တရပထတိုင်း ဒွါရဝတီမြို့မှ လာကြပါသည်။ ကမ္ဗောဇတိုင်းသို့ ကုန်ရောင်းရန် သွားကြမည်ဖြစ်ပါသည်။ မိတ်ဆွေကကော ဘယ်ကပါလဲ"

"ကျွန်ုပ်ကတော့ ဒီညောင်ပင်မှာနေတဲ့ ရက္ခစိုးနတ်ဖြစ်ပါတယ်"

ထို့နောက် ရက္ခစိုးနတ်က သူသည် ရှေးဘဝက အကုံရ၏ဘဏ္ဍာစိုးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပြီး ရောရုဝ မြို့၌ နေစဉ် ခရီးသွားဧည့်သည်များအား ထမင်းရိက္ခာ ပေးလှူသော အသယှာသူဌေးကြီး၏အိမ်ကို လက်ညှိုးညွှန်၍ ပြသခဲ့ကြောင်း၊ ထို့ကြောင့် ယခုဘဝ၌ သူ၏လက်ယာလက်ကို ဆန့်တန်းလိုက်လျှင် အလိုရှိသည့် ပစ္စည်းများ ဖြစ်ပေါ်လာကြောင်း၊ အင်္ကုရ၏ ကျေးဇူးကို တုံ့ပြန်လိုသဖြင့် လှည်းကုန်သည်တို့အား ညောင်ပင်ရှိရာကို ညွှန်ပြ၍ စားရေရိက္ခာများကို ဖန်တီးပေးခဲ့ခြင်း ဖြစ်ကြောင်းများကို ရှင်းလင်းပြောပြလေသည်။

ထိုစကားကို ကြားရသောအခါ ကုန်သည်ကြီးနှစ်ဦးနှင့်တကွ လှည်းသမားများမှာ ရက္ခစိုးနတ်အား ကျေးဇူးတင်၍မဆုံးအောင် ရှိကြသည်။ ထို့နောက် ရက္ခစိုးနတ်က ကုန်သည်တို့အား ညောင်ပင်ခြေရှိ ကျောက်ဖျာကြီးအောက်တွင် များစွာ အဖိုးတန်သည့် ကျောက်မျက်ရတနာများရှိကြောင်း ပြောကြားပြန်သည်။ ကုန်သည်များသည် ကျောက်ဖျာကြီးအောက်၌ တူးဖော်ကြရာ ရက္ခစိုးနတ်ပြောသည့်အတိုင်း များစွာသော ကျောက်မျက်ရတနာတို့ကို တွေ့ရှိသဖြင့် ဝမ်းပန်းတသာဖြင့် လှည်းများပေါ်သို့ ခွဲဝေတင်ဆောင်ကြသည်။

ညနေချမ်းအချိန်သို့ရောက်သောအခါ ကုန်သည်ကြီးနှစ်ဦးတို့သည် ရက္ခစိုးနတ်အား နှုတ်ဆက်ပြီး ညောင်ပင်ကြီးမှထွက်ခွာခဲ့ကြသည်။ ကုန်ရောင်းဝယ်ခြင်းကိစ္စ ပြီးစီး၍ ဒွါရဝတီမြို့သို့ ပြန်ရောက်သောအခါ အင်္ကုရသည် မိမိအိမ်ရှေ့၌ မဏ္ဍပ်ကြီးထိုး၍ လာသမျှလူတိုင်းအား စားဖွယ်သောက်ဖွယ် အထည်အဝတ်မှ စ၍ လိုသမျှပစ္စည်းကို နေ့စဉ်မပြတ် ပေးကမ်းလှူဒါန်းနေလေသည်။

ဤသို့ အင်္ကုရက လာသမျှလူတိုင်းအား လိုသမျှပစ္စည်းကို နေ့စဉ်လှူဒါန်းနေသောအခါ များစွာသောလူတို့သည် အဆင်းရဲအပင်ပန်းခံ၍ ထွန်ယက်စိုက်ပျိုးခြင်း၊ ရောင်းဝယ်ကုန်သွယ်ခြင်း စသောအမှုကို မပြုလုပ်ကြတော့ဘဲ အင်္ကုရထံမှ အလှူခံ၍သာ စားသောက်နေကြလေသည်။ ထိုအခါ တိုင်းသူပြည်သားတို့ထံမှ အခွန်အတုတ် ကောက်ခံရရှိမှု လျော့ပါးလာသဖြင့် ဘုရင့်ဘဏ္ဍာတိုက်၌လည်း ဘဏ္ဍာငွေများ တစ်နေ့တခြား ဆုတ်ယုတ်လာသည်။

ဒွါရဝတီပြည့်ရှင် ဘုရင်သည် ဤအကြောင်းကို သိရသဖြင့် အင်္ကုရကိုခေါ်၍ သတိပေးစကား ပြောကြားလေသည်။

"အချင်းအင်္ကုရ ... သင်နေ့စဉ် အလှူကြီးပေးနေသည်ကို ငါတို့ဝမ်းသာလှပါ၏။ သို့သော် သင့်အလှူကြောင့် တိုင်းသူပြည်သားများ မိမိတို့အလုပ်ကို စွန့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ထားကြသဖြင့် တိုင်းပြည်၏ဘဏ္ဍာများ တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်နေပါသည်။ ဤအကြောင်းကို သင် ဆင်ခြင်စဉ်းစားပါဦးလော့"

ဒွါရဝတီဘုရင်၏ စကားကို ကြားရသောအခါ အကုံရသည် မိမိ၏ပစ္စည်းဥစ္စာများကို ယူဆောင်၍ ဒွါရဝတီမြို့မှ ဒက္ခိဏာပထတိုင်းသို့ ထွက်ခဲ့သည်။ ဒက္ခိဏာပထတိုင်းသို့ရောက်လျှင် ပင်လယ်ကမ်းခြေအနီး ၁၂ ယူဇနာ ရှည်သော ကဏ္ဍာပ်ကြီးဆောက်လုပ်၍ လှုတ်လပ်စွာ အလှူပြုလုပ်နေပြီး သက်တမ်းစေ့၍ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ အကုံရအမည်ရှိသော နတ်သားဖြစ်လာလေသည်။

## နတ်သားနှစ်ပါး တရားနာကြရာဝယ်

ဗုဒ္ဓရှင်တော်မြတ်သည် ဘုရားအဖြစ်သို့ရောက်၍ ခုနစ်ဝါမြောက်သောအခါ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြားတော်မူသည်။ ထိုတရားပွဲသို့ မြောက်မြားစွာသော နတ်ဗြဟ္မာတို့လာရောက်၍ တရားနာကြရာ အကုံရနတ်သားနှင့် သူ့မိတ်ဆွေ ဣန္ဒကနတ်သားတို့လည်း ပါဝင်ကြသည်။ ထိုနတ်နှစ်ပါးသည် တရားပွဲစချိန်တွင် ဗုဒ္ဓမြတ်စွာ၏ ဝဲယာနှစ်ဖက်မှ မလှမ်းမကမ်းသော အရပ်၌ တရားနာနေကြသည်။ သို့ရာတွင် အကုံရသည် သူ့ထက်တန်ခိုးကြီးသော နတ်များ တစ်ပါးပြီးတစ်ပါး ရောက်လာကြသဖြင့် တရွေ့ရွေ့ နောက်ဆုတ်ပေးနေရလေရာ နောက်ဆုံးတွင် ဗုဒ္ဓနှင့် တစ်ဆယ့်နှစ်ယူဇနာကွာသော အရပ်သို့ရောက်သွားလေသည်။

ဣန္ဒကနတ်သားကား အကုံရကဲ့သို့ နောက်ဆုတ်ပေးရခြင်းမရှိဘဲ မူလနေရာ၌ပင် ရှိနေသည်။ ထိုအခြင်းအရာကို မြင်တော်မူလျှင် ဗုဒ္ဓက အကုံရနတ်သားကို မေးတော်မူသည်။

"အချင်းအကုံရ ... သင်သည် နှစ်ပေါင်းများစွာ ထမင်းရည်ချောင်းစီး အလှူကြီးပေးခဲ့ဖူးသည် မဟုတ်လော၊ အဘယ့်ကြောင့် ငါဘုရားနှင့် တစ်ဆယ့်နှစ်ယူဇနာ ကွာသောအရပ်သို့ ရောက်နေဘိသနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် လူ့ဘဝက နှစ်ပေါင်းများစွာ အလှူကြီးပေးခဲ့ဖူးသော်လည်း မြင့်မြတ်စင်ကြယ်သော အလှူခံပုဂ္ဂိုလ် တစ်ပါးတလေကိုမျှ မတွေ့ခဲ့ရပါ။ ထို့ကြောင့် တန်ခိုးအာနုဘော် နည်းပါးသော နတ်သားဖြစ်ပြီး တန်ခိုးကြီးသော နတ်များအတွက် နေရာဖယ်ပေးနေရခြင်း ဖြစ်ပါသည်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဗုဒ္ဓက ဣန္ဒကနတ်သားကိုလည်း မေးတော်မူပြန်သည်။

"အချင်းဣန္ဒက ... သင်သည် သင့်မိတ်ဆွေ အင်္ကုရကဲ့သို့ နောက်ဆုတ်ပေးရခြင်း မရှိဘဲ မိမိနေရာ၌ စွဲမြဲစွာ အဘယ့်ကြောင့် နေနိုင်သနည်း"

"အရှင်ဘုရား၊ တပည့်တော်သည် လူ့ဘဝက ရှင်အနုရုဒ္ဓမထေရ်မြတ်အား မိမိစားမည့် ဆွမ်းတစ်ဇွန်းမျှကိုသာ လောင်းလှူခဲ့ဖူးပါသည်။ ဤသို့ မပြောပလောက်သော ကုသိုလ်ဒါနကိုသာ ပြုခဲ့သော်လည်း စင်ကြယ်မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်နှင့် တွေ့ကြုံခွင့်ရသည့်အတွက် တန်ခိုးကြီးသော နတ်သားဖြစ်လာရပါသည်။ ထို့ကြောင့် အင်္ကုရကဲ့သို့ နောက်ဆုတ်ပေးရခြင်းမရှိဘဲ မိမိနေရာ၌ စွဲမြဲစွာ နေနိုင်ခြင်းဖြစ်ပါသည် ဘုရား"

ဤသို့လျှင် အင်္ကုရနှင့်ဣန္ဒက နတ်သားတို့၏ မတူသော ဒါနအကျိုးများကို ကြားသိရသောအခါ ဗုဒ္ဓက "ဒါနပြုလုပ်ရာတွင် အလှူခံပုဂ္ဂိုလ်ကို စိစစ်ရွေးချယ်၍ လှူသင့်ကြောင်း၊ မြေသြဇာကောင်း၍ ပေါင်းမြက်ကင်းသော လယ်ယာ၌စိုက်ပျိုးသော ကောက်ပဲသီးနှံများသည် ပို၍ဖြစ်ထွန်းအောင်မြင်သကဲ့သို့ ရာဂ ဒေါသ စသော ကိလေသာ အညစ်အကြေးကင်းစင်သော ပုဂ္ဂိုလ်များ၌ လှူဒါန်းအပ်သော ဒါနသည် ပို၍ အကျိုးအာနိသင်ကြီးမားကြောင်း" ရှင်းလင်းဟောကြားတော်မူသည်။ ထိုတရားကို ကြားနာရလျှင် အင်္ကုရနှင့် ဣန္ဒကနတ်သားနှစ်ပါးလုံး သောတာပန် ဖြစ်သွားကြလေသည်။

(၂၄-တဗျာဝင်၊ ၁၂ - အင်္ကုရဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## ခမည်းတော်၏ဆန္ဒ

### သားကြီးအတွက် မျှော်လင့်ချက်

သက္ကတိုင်း ကပိလဝတ်ပြည်၌ သုဒ္ဓေါဒန အမည်ရှိသော ဘုရင်မင်းမြတ်သည် မဟာမာယာနှင့် ဂေါတမီဟူသော ညီအစ်မနှစ်ပါးကို မိဖုရားအရာမြှောက်၍ ထီးနန်းစိုးစံသည်။ မိဖုရားကြီး မဟာမာယာသည် ပျို့ရွယ်စဉ်အခါ၌ သားသမီးတစ်ပါးမျှ မထွန်းကားဘဲ သက်တော်ငါးဆယ်ကျော်တွင်မှ ထူးခြားစွာ သန္ဓေရရှိလာသည်။ ထိုသန္ဓေရင့်မာ၍ ဆယ်လပြည့်ခါနီး အချိန်တွင် မိဖုရားကြီးသည် ဆွေတော်မျိုးတော်တို့၏ နေရပ်ဌာနဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသောဆန္ဒ ဖြစ်ပေါ်လာသဖြင့် ဘုရင်မင်းမြတ်ထံ ခွင့်ပန်၍ များစွာသော နောက်ပါအခြွေအရံတို့ဖြင့် ကပိလဝတ်ပြည်မှ ထွက်ခဲ့သည်။ သို့သော် ဒေဝဒဟသို့မရောက်မီ နှစ်ပြည်ထောင်ကြားရှိ လုမ္ဗိနီ အင်ကြင်းတော၌ပင် ထူးမြတ်သောသားယောကျ်ားကို ဖွားမြင်သဖြင့် ရှေ့သို့ ခရီးမဆက်တော့ဘဲ ကပိလဝတ် နေပြည်တော်သို့ ပြန်ခဲ့လေသည်။

သုဒ္ဓေါဒနဘုရင်၏ ဆရာရင်းဖြစ်သော ကာဠဒေဝိလရသေ့သည် မိဖုရားကြီး မဟာမာယာမှ ထူးမြတ်သော သားတော်တစ်ပါး ဖွားမြင်ကြောင်း သတင်းကြားသိလျှင် ဝမ်းမြောက်ဝမ်းသာဖြင့် နန်းတော်သို့ ကြွလာသည်။ ဘုရင်သည် သားတော်လေးကို

www.burmeseclassic.com



မိမိရင်ခွင်၌ထားကာ ရသေ့အား ရှိခိုးစေရန် လက်နှစ်ဖက်ကို ယှက်ပေးသည်။ သို့သော် သားတော်လေးကား လက်ယှက်မခံဘဲ ရုတ်တရက် ပျံတက်ကာ ရှင်ရသေ့၏ ဦးထိပ်ပေါ်တွင် ရပ်နေလေသည်။ ထိုကဲ့သို့ အံ့ဖွယ်သရဲကိုမြင်လျှင် ရှင်ရသေ့နှင့် ဘုရင်ကြီးသည် မွေးဖွားခါစဖြစ်သော သားတော်လေးအား ရိုသေကျိုးနွံစွာ ထိုင်၍ ရှိခိုးကြလေသည်။ ထို့နောက် ဘုရင်သည် ပြုံးပြုံးရွှင်ရွှင်နေရာမှ ရုတ်တရက် မျက်ရည်ပေါက်ကြီးငယ် ကျလာသော ရှင်ရသေ့ကို မြင်လျှင် စိုးရိမ်ထိတ်လန့်၍ "အရှင်ရသေ့ … အဘယ်ကြောင့် ငိုကြွေးဘိသနည်း၊ တပည့်တော်၏ သားငယ်မှာ ဘေးအန္တရာယ် တစ်စုံတစ်ခု ကျရောက်မည်ကို မြင်၍ ငိုကြွေးပါသလော" ဟု မေးလျှောက်လေ၏။ ထိုအခါ ရသေ့က "မင်းမြတ် မစိုးရိမ်လင့်၊ သင့်သားမှာ ဘေးအန္တရာယ်မရှိ၊ ဘုရားဖြစ်မည့် သားထူး သားမြတ် ဖြစ်ပေသည်၊ သို့သော် ငါမူကား အိုမင်းပြီဖြစ်၍ ဤမင်းသား ဘုရားဖြစ်သည်ကို ဖူးမြင်ခွင့်ရတော့မည် မဟုတ်၊ ထို့ကြောင့် ဝမ်းနည်းမိခြင်း ဖြစ်ပေသည်" ဟု မိန့်ကြားလေသည်။

သားတော်လေး ဖွားမြင်ပြီးနောက် ငါးရက်မြောက်သောနေ့တွင် သုဒ္ဓေါဒန ဘုရင်သည် နေပြည်တော် အတွင်းရှိ ဗေဒင် လက္ခဏာ ကျွမ်းကျင် တတ်မြောက်သော ပုဏ္ဏား တစ်ရာ့ရှစ်ယောက်တို့ကို ဖိတ်ခေါ်၍ သားတော်လေး၏ အင်္ဂါလက္ခဏာတို့ကို စစ်ဆေး ကြည့်ရှုစေသည်။ ထိုအခါ တစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားများ အနက်မှ ထင်ရှားကျော်ကြားသော ပုဏ္ဏား ခုနစ်ယောက်တို့က မင်းသားငယ်၏ ထူးခြားသော အင်္ဂါလက္ခဏာတို့ကို ကြည့်ရှုပြီး လက်နှစ်ချောင်းကို ထောင်ပြကာ "အရှင်မင်းမြတ်၏ သားတော်သည် လူ့ဘောင်၌နေသော် စကြာမင်း ဖြစ်ပါလိမ့်မည်၊ ရဟန်းပြုသော် ဘုရားဖြစ်ပါလိမ့်မည်" ဟူ၍ လျှောက်တင်ကြသည်။ ကောဏ္ဍည အနွယ်ဝင်ဖြစ်သည့် သုဒတ္တ အမည်ရှိသော ပုဏ္ဏားလုလင်ကမူ လက်တစ်ချောင်းကိုသာ ထောင်ပြလျက် "အရှင့်သားတော်သည် ဘုရား ကေန်ဖြစ်ပါလိမ့်မည်" ဟု ယတိပြတ် လျှောက်တင်လေသည်။

ထို့နောက် သားတော်၏အမည်ကို ရွေးချယ်ကြရာ လူခပ်သိမ်းတို့၏ အကျိုးစီးပွားကို ပြီးမြောက်စေနိုင်မည့်သူဖြစ်၍ "သိဒ္ဓတ္ထ" ဟု အမည်ပေးကြသည်။ သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီး၍ ခုနစ်ရက်မြောက်တွင် မယ်တော် မဟာမာယာ နတ်ရွာစံလေသည်။ ထိုအချိန်တွင် မိဖုရားဂေါတမီမှလည်း သားတော်တစ်ပါးမွေးဖွားရာ



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒ" ဟု အမည်ပေးလေသည်။ ဂေါတမီ မိဖုရားသည် သားတော်ရင်း နန္ဒကို အထိန်းတော်များနှင့် လွှဲအပ်ထားပြီး သိဒ္ဓတ္ထမင်းသားလေးကို ကိုယ်တိုင် နို့ချိုတိုက်ကာ စောင့်ရှောက်ပြုစုလေသည်။

သိဒ္ဓတ္ထမင်းသား တစ်လအရွယ်သို့ ရောက်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် များစွာသော မှူးမတ်ဗိုလ်ပါ အခြံအရံဖြင့် မြို့တော်မှ ထွက်၍ လယ်ထွန် မင်္ဂလာပွဲကို ဆင်ယင် ကျင်းပသည်။ သားတော်ကို လယ်ကန်သင်းပေါ်ရှိ ဇမ္ဗုသပြေပင်ရင်း၌ နေရာခင်း၍ သိပ်ထားပြီး အထိန်းတော်များက စောင့်ရှောက်နေကြသည်။ ထိုအထိန်းတော်များသည် လယ်ထွန်ပွဲကို စိတ်ဝင်စားနေကြရာမှ သတိရ၍ မင်းသားလေးကို ပြန်ကြည့်ကြသောအခါ အိပ်ရာပေါ်၌ တင်ပျဉ်ခွေထိုင်လျက် ဈာန်ဝင်စားနေသော မင်းသားလေးကို တအံ့တသြ တွေ့မြင်ကြရသည်။ ထို့ပြင် သပြေပင်ရိပ်မှာလည်း နေမြင့်သည့်တိုင်အောင် မပြောင်းမရွေ့ဘဲ နံနက်စောစောကကဲ့သို့ပင် မင်းသားလေး၏ အပေါ်တည့်တည့်၌ အုပ်မိုးလျက်ရှိသည်ကို တွေ့မြင်ကြရသည်။ ဤသို့ ထူးခြားဆန်းကြယ်သော အခြင်းအရာကို သုဒ္ဓေါဒနမင်းကြီးထံ သွားရောက်လျှောက်တင်ကြသည်။ မင်းကြီးသည် ချက်ချင်း လာရောက်ကြည့်ရှုပြီး မင်းသားငယ်အား ရွှင်လန်းဝမ်းမြောက်စွာ လက်အုပ်ချီ၍ ရှိခိုးလေသည်။

မင်းကြီးသည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်မည်ကို မလိုလားဘဲ စကြာမင်းအဖြစ်ဖြင့် ထီးနန်းအုပ်ချုပ် မင်းလုပ်သည်ကိုသာ မြင်လိုသည်။ ထို့ကြောင့် မင်းသားငယ်အား အမျိုးမျိုးသော ပျော်ရွှင်မြူးထူးဖွယ်တို့ဖြင့် လိုလေသေးမရှိအောင် အစွမ်းကုန် ယုယပြုစုခဲ့သည်။ "သူအို၊ သူနာ စသော နိမိတ်ကြီး လေးပါးကိုမြင်လျှင် တောထွက်လိမ့်မည်" ဟု သုဒတ္တပုဏ္ဏားက နိမိတ်ဖတ်ခဲ့သောကြောင့် နေပြည်တော်အတွင်း၌ ထိုကဲ့သို့သော အနိဋ္ဌာရုံများကို မမြင်မတွေ့ရအောင်လည်း အစောင့်အရှောက်များ အထူးချထားလေသည်။ မင်းသားငယ် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါ ဆောင်း၊ နွေ၊ မိုး ဟူသော ဥတုသုံးပါး အလိုက် စံစားနေထိုင်ရန်အတွက် ရမ္မ၊ သုရမ္မ၊ သုဘ အမည်ရှိသော နန်းပြာသာဒ်သုံးဆောင်ကို ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်စေသည်။ ထို့နောက် ဒေဝဒဟပြည့်ရှင် ဘုရင် သုပ္ပဗုဒ္ဓ၏ သမီးတော် ယသောဓရာ မင်းသမီးနှင့် ထိမ်းမြား လက်ထပ်ပြီး ကြီးကျယ်သော ကာမဂုဏ်စည်းစိမ်ကို ခံစားစေသည်။

ယသောဓရာ မင်းသမီးနှင့်အတူ ကာမဂုဏ်စည်းစိမ်ကို ခံစားနေသော သိဒ္ဓတ္ထမင်းသားသည် တစ်နေ့တွင် မြို့ပြင်ရှိ မင်္ဂလာဥယျာဉ်သို့ သွားရန်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မြင်းရထားဖြင့် ထွက်လာရာ လမ်းတွင် အဘိုးအို တစ်ယောက်ကို တွေ့မြင်လေသည်။ ထိုအခါ "ငါသည်လည်း ဤအဘိုးအိုကဲ့သို့ပင် အိုရပေဦးမည်" ဟူ၍ သတိသံဝေဂ ဝင်လာ၍ ပျော်ရွှင်လိုစိတ် မရှိတော့သဖြင့် ဥယျာဉ်တော်သို့ ရောက်အောင်ပင် မသွားတော့ဘဲ နန်းတော်သို့ ပြန်လာလေသည်။ ဤအကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိလျှင် ထိုကဲ့သို့သော အနိဋ္ဌာရုံများကို မမြင်မတွေ့စေရန် အစောင့်အကြပ်များ ကို တိုး၍ ချထားလေသည်။

သို့သော် နောက်ထပ် ဥယျာဉ်တော်သို့ ထွက်သော အခါများ၌လည်း သူသေ တို့ကို အထက်ပါ နည်းအတိုင်းပင် တွေ့မြင်ပြန်သဖြင့် သိဒ္ဓတ္ထမင်းသား၏ သံဝေဂ စိတ်ဓာတ်မှာ ပို၍ ကြီးထွားလာသည်။ စတုတ္ထအကြိမ် ဥယျာဉ်တော်သို့ အထွက်တွင် မူ ပရိက္ခရာ ရှစ်သွယ်ဖြင့် ကြည်ညိုဖွယ်ကောင်းသော ရဟန်းတစ်ပါးကိုမြင်လျှင် "ငါသည်လည်း ရဟန်းပြုရသော် ကောင်းလေစွ" ဟု အကြံဖြစ်လေသည်။ ထိုနေ့ ဥယျာဉ်တော်ထဲ၌ ရှိနေစဉ် ယသောဓရာ မိဖုရားမှ သားတော်လေးတစ်ပါး ဖွားမြင် ကြောင်းသတင်းကို သိဒ္ဓတ္ထမင်းသား ကြားသိရလေ၏။ ထိုအခါ မင်းသားသည် "လကို ရာဟုဖမ်းသကဲ့သို့ ငါ့ကိုလည်း ဤသားဟူသော အနှောင်အဖွဲ့က ဖမ်းဆီး ပြန်လေပြီ" ဟူ၍ ညည်းညူလေသည်။ ထိုစကားကို အစွဲပြု၍ သားတော်လေးအား 'ရာဟုလာ' ဟု အမည်ပေးကြလေသည်။

ဥယျာဉ်တော်မှ ပြန်လာ၍ စိတ်လက်မကြည်မသာဖြင့် စောစီးစွာ အိပ်ပျော် သွားသော သိဒ္ဓတ္ထမင်းသားသည် ညသန်းခေါင်အချိန်တွင် အိပ်ရာမှ နိုးလာသည်။ ထိုအခါ ခြေလက် ကိုးရိုးကားရား အဝတ်အစား ဖရိုဖရဲဖြင့် နန်းပြာသာဒ် တစ်ဆောင် လုံးတွင် ပြန့်ကျဲ၍ အိပ်ပျော်နေကြသော နန်းတွင်းသူ မောင်းမများကို မြင်လျှင် အလွန်ပင် ရွံရှာစက်ဆုပ်လှသောကြောင့် ဆန္နအမတ်ကိုခေါ်၍ ကဏ္ဍကမြင်းကို စီးကာ ညတွင်းချင်း တောထွက်ခဲ့သည်။ ကပိလဝတ်ပြည်မှ ယူဇနာ သုံးဆယ်ဝေး သော အနောမာ မြစ်ကမ်းသို့ရောက်လျှင် ဆန္နအမတ်ကို ပြန်လွှတ်လိုက်ပြီး မိမိတစ်ပါးတည်း ရဟန်းအသွင်သို့ ကူးပြောင်းခဲ့သည်။ ဆန္နအမတ် ပြန်ရောက်လာ၍ သားတော် ရဟန်းပြုသွားပြီဖြစ်ကြောင်း ကြားသိရသော သုဒ္ဓေါဒနမင်းကြီးမှာ သားတော်ကို စကြာမင်းအဖြစ် မြင်ရတော့မည် မဟုတ်၍ များစွာ စိတ်အားငယ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ သို့သော် "ငါ့သားတော်သည် ဧကန် ဘုရားဖြစ်လိမ့်မည်၊ ဘုရားဖြစ်လျှင်လည်း ငါ့ထံသို့ ရှေးဦးစွာ ကြွလာလိမ့်မည်" ဟူသော မျှော်လင့်ချက်ဖြင့် သောကကို ဖြေဖျောက်ကာ စောင့်မျှော်နေလေသည်။

## မပေါ်လာ၍ မျှော်ပါရ

အနောမာ မြစ်ကမ်း၌ ရဟန်းအသွင်ကို ယူခဲ့သော သိဒ္ဓတ္ထ မင်းသားသည် ထိုမှတစ်ဆင့် ဥရုဝေလ တောသို့ ဆက်လက်ကြွသွားသည်။ ဥရုဝေလတော၌ အိုခြင်း၊ နာခြင်း၊ စသော ဆင်းရဲဒုက္ခ အပေါင်းမှ လွတ်မြောက်၍ စင်စစ် ငြိမ်းအေးချမ်းသာကြောင်း ဖြစ်သော တရားထူးကို ရရှိရန် ပြင်းထန်သော ကမ္မဋ္ဌာန်းအကျင့်တို့ကို မနေမနား အားထုတ်သည်။ တစ်နေ့သ၌ အစာ မစားဘဲ စင်္ကြံလျှောက်၍ တရားကို ဆင်ခြင်နေသော သိဒ္ဓတ္ထမှာ အားနည်းသဖြင့် မူးဝေလဲကျသွားလေသည်။ ဤသို့ လဲကျနေသည်ကို အချို့သော နတ်တို့က မြင်၍ သုဒ္ဓေါဒနမင်းကြီးအား "သင့်သားတော် သိဒ္ဓတ္ထသည် တရားကျင့်ရင်း သေဆုံးရှာလေပြီ" ဟု သွားရောက် ပြောကြားကြသည်။ သို့ရာတွင် မင်းကြီးက ထိုနတ်တို့၏စကားကို လုံးဝ မယုံကြည်။ "ငါ့သားတော်သည် ဘုရားမဖြစ်ဘဲ မသေနိုင်ပါ" ဟု ပြန်ပြောလိုက်လေသည်။

သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ ခြောက်နှစ်မျှ ကြာသောအခါ ဘုရားအဖြစ်သို့ ရောက်၍ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ရဟန်းငါးပါးတို့အား တရားဦး ဟောကြားတော်မူသည်။ ထို့နောက် ရဟန်းပေါင်း တစ်ထောင်နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူရာ ဗိမ္ဗိသာရမင်း အမှူးရှိသော ပြည်သူပြည်သားများက တစ်ခဲနက် ကြိုဆိုကြလေသည်။

ထိုသတင်းများကို ကပိလဝတ်ပြည်မှ သုဒ္ဓေါဒနမင်းကြီး ကြားလျှင် "သားတော်သည် ငါ့ထံသို့ မကြာမီ ရောက်လာတော့မည်" ဟု မျှော်လင့်လျက် နေ့ရက်များကို လက်ချိုးရေတွက်နေသည်။ သို့ရာတွင် ရက်လများသာ တစ်စတစ်စ ကုန်လွန်ခဲ့ပြီး သားတော်ဘုရားမှာမူ အရိပ်အရောင်မျှ ပေါ်မလာ၊ ထို့ကြောင့် သားတော်ဘုရားကိုပင့်ရန် အမတ်တစ်ယောက်ကို ရာဇဂြိုဟ်ပြည်သို့ စေလွှတ်လိုက်လေသည်။

"အချင်းအမတ် ... သင်သည် မင်းချင်းယောကျ်ား တစ်ထောင်နှင့်အတူ ရာဇဂြိုဟ်ပြည်သို့သွား၍ ငါ့သားတော်ကို ပင့်ဆောင်ချေလော့"

ထိုအမတ်သည် မင်းချင်းယောကျ်ား တစ်ထောင် ခြံရံလျက် ကပိလဝတ်ပြည်မှ ထွက်ခွာခဲ့သည်။ ယူဇနာ ခြောက်ဆယ် ဝေးသော ရာဇဂြိုဟ်ပြည်သို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဗုဒ္ဓရှင်တော်မြတ်က ပရိသတ်များအား တရားဟောနေခိုက်နှင့် ကြုံသဖြင့် ပရိသတ်စွန်၌ထိုင်ကာ တရားနာသည်။ တရားအဆုံး၌ ထိုသူအားလုံး အကျွတ်တရား ရရှိ၍ ရဟန္တာဖြစ်သွားကြသည်။ ဤသို့ ရဟန္တာ ဖြစ်သွားသောအခါ လောကီကိစ္စ ဖြစ်သော မင်းမှုတာဝန်ကို ဂရုမစိုက်တော့သဖြင့် သုဒ္ဓေါဒန မင်းကြီး၏ စကားကို ဗုဒ္ဓအား လျှောက်ကြားခြင်း မပြုတော့ချေ။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်အား ပင့်ရန် စေလွှတ်လိုက်သော အမတ် အချိန်တန်သော်လည်း ပြန်ရောက်မလာသဖြင့် နောက်ထပ် အမတ်တစ်ယောက်ကို အလားတူ စေလွှတ်ပြန်သည်။ ဤနည်းဖြင့် ကိုးကြိမ်တိုင် စေလွှတ်သော်လည်း တစ်ဦးမျှ ပေါ်မလာသည့်ပြင် သတင်းစကားမျှပင် ပြန်ကြားချက် ရောက်မလာချေ။ ထိုအခါ မင်းကြီးသည် "ဤအမတ်တို့ကား ငါ့အပေါ်၌ ချစ်ခင်မြတ်နိုးခြင်း မရှိကြ၍သာ ငါ့ထံ သတင်းမပို့ကြခြင်း ဖြစ်သည်။ ဤနန်းတော်၌ ငါ့စကားအတိုင်း မလွဲမသွေ ဆောင်ရွက်မည့်သူ မည်သူရှိသနည်း" ဟူ၍ ဆင်ခြင် စဉ်းစားလျှင် သားတော် သိဒ္ဓတ္ထ၏ ဖွားဖက်တော်ဖြစ်သော ကာဠုဒါယီ အမတ်ကို တွေ့မြင်လေသည်။

ထိုအခါ မင်းကြီးသည် ကာဠုဒါယီကိုခေါ်၍ "အချင်းဥဒါယီ၊ ငါသည် သားတော်ဘုရားကို ဖူးမြင်လို၍ အမတ်ကိုးယောက်တို့ကို မင်းချင်းယောကျ်ား တစ်ထောင်စီနှင့် အပင့်လွှတ်လိုက်သည်။ သို့သော် တစ်ယောက်မျှ ပေါ်မလာ၊ သတင်းစကားမျှလည်းမရ၊ ငါလည်း အသက်ကြီးပြီဖြစ်၍ သားတော်ကို ဖူးမြင်လို၏၊ သင် ဆောင်ကြဉ်းပေးနိုင်ပါမည်လော" ဟု မိန့်ကြားသည်။

ကာဠုဒါယီက "အရှင်မင်းကြီး၊ ကျွန်ုပ်သည် ရဟန်းပြုခွင့်ရပါမူတတ် နိုင်ပါ၏" ဟု လျှောက်သည်။ မင်းကြီးက "အချင်း ဥဒါယီ၊ သားတော်ကို ပင့်ဆောင်ပေးနိုင်ပါက သင့်အား ငါ ရဟန်းပြုခွင့်ပေး၏" ဟု မိန့်ကြားလေသည်။

ကာဠုဒါယီသည် မင်းချင်းယောကျ်ား တစ်ထောင် ခြံရံလျက် ကပိလ ဝတ်ပြည်မှ ထွက်ခဲ့သည်။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ ရောက်သော အခါ ဘုရားရှင် တရားဟောခိုက်နှင့် ကြုံကြိုက်နေ၍ ပရိသတ်စွန်မှထိုင်၍ တရားနာ သည်။ တရားအဆုံးတွင် မင်းချင်းတစ်ထောင်နှင့်တကွ ကာဠုဒါယီသည်လည်း ရဟန္တာ ဖြစ်သွားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကာဠုဒါယီကား လောကအနှောင်အဖွဲ့မှ ကင်းလွတ်သော ရဟန္တာအဖြစ်သို့ ရောက်သော်လည်း ယခင်က အမတ်များကဲ့သို့ ကြောင့်ကြမဲ့ မနေ။ သုဒ္ဓေါဒန မင်းကြီးထံ၌ ဝန်ခံချက် ပေးခဲ့သည့်အတိုင်း ရာဇဂြိုဟ်သို့ရောက်၍ ရက်အနည်းငယ်ရသောအခါ ဗုဒ္ဓရှင်တော်မြတ်အား ကပိလဝတ်ပြည်သို့ကြွရန် လျှောက်ကြား တောင်းပန်လေသည်။

အရှင်ကာဠုဒါယီ၏ တောင်းပန်ချက်အရ ဆောင်းရာသီကုန်၍ နွေရာသီရောက်စ၊ တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်သည် ရဟန္တာအပေါင်း နှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူသည်။ ယူဇနာခြောက်ဆယ် ကွာဝေးသော ခရီးကို တစ်နေ့လျှင် တစ်ယူဇနာမျှသာ ကြွချီတော်မူသဖြင့် ကပိလဝတ်ပြည်သို့ ကဆုန်လပြည့်နေ့တွင် ဆိုက်ရောက်တော်မူသည်။ ရာဇဂြိုဟ်ပြည်မှ ထွက်ခွာသည့်နေ့မှစ၍ ဗုဒ္ဓကြွလာသည့် သတင်းကို အရှင်ကာဠုဒါယီက ကြိုတင်ပေးပို့ခဲ့သဖြင့် သုဒ္ဓေါဒနမင်းကြီးမှာ အလွန်အကျူး ကြည်နူးဝမ်းမြောက်နေသည်။ ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာများ သီတင်းသုံးရန် မြို့အနီးရှိ နိဂြောဓ ဥယျာဉ်တွင် နေရာထိုင်ခင်းများ စီမံဆောက်လုပ်စေသည်။

## သုံးကြိမ်မြောက် ရှိခိုးခြင်း

ကပိလဝတ်ပြည်သို့ ဗုဒ္ဓမြတ်စွာ ဆိုက်ရောက်လာသည့် နေ့တွင် မင်းကြီးသည် ဆွေတော်မျိုးတော်အပေါင်း ခြံရံလျက် ခမ်းနားကြီးကျယ်စွာ ကြိုဆိုသည်။ ဗုဒ္ဓအား ကြိုဆိုရန် လိုက်ပါ လာကြသော ဆွေတော်မျိုးတော်များသည် အသက်ကြီးသူတို့က နောက်ပိုင်းမှနေကြပြီး ငယ်ရွယ်သူများကိုသာ ရှေ့တန်းသို့ ပို့ထားကြသည်။ ငယ်ရွယ်သူများက ဗုဒ္ဓအား ရှိခိုးကြသော်လည်း နောက်ပိုင်းမှနေသည့် အသက်ကြီးသူများကား ရှိခိုးခြင်း မပြုကြချေ။ အကြောင်းမှာ သာကီဝင်မင်းမျိုးတို့၏ ထုံးတမ်းစဉ်လာ၌ ငယ်ရွယ်သူကို ကြီးသူက ရှိခိုးခြင်းမရှိသောကြောင့် ဖြစ်သည်။

ဆွေတော်မျိုးတော်တို့က မိမိအား သာမန်ပုဂ္ဂိုလ် တစ်ပါးကဲ့သို့ ထင်မှတ်လျက် ရှိမခိုးဘဲ နေကြသောအခါ ဗုဒ္ဓက ကောင်းကင်သို့ ပျံတက်၍ ရေအစုံ မီးအစုံကို ဖြစ်စေခြင်းစသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်။ ထိုသို့ အံ့ဖွယ်သရဲ ထူးကဲသော တန်ခိုးပြာဋိဟာတို့ကို မြင်ရသောအခါ သုဒ္ဓေါဒနမင်းကြီးက ဗုဒ္ဓမြတ်စွာအား ဦးတိုက်ရှိခိုးပြီး ဤသို့ လျှောက်ကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတော်ဘုရား၊ ဖွားမြင်စက ဒေဝိလရသေ့၏ ထိပ်ပေါ်သို့ ပျံတက်၍ ရပ်သည်ကို မြင်ရသဖြင့် ဖခင် တစ်ကြိမ် ရှိခိုးခဲ့ပါပြီ"

"လယ်ထွန်မင်္ဂလာ ပြုစဉ်က သပြေပင်ရိပ်တွင် သိပ်ထားရာမှ ထ၍ တင်ပျဉ်ခွေထိုင်ပြီး ဈာန်ဝင်စားနေသည်ကို မြင်ခဲ့ရ၍လည်း ဖခင် တစ်ကြိမ် ရှိခိုးခဲ့ပါပြီ"

"ယခုတစ်ဖန် မကြုံစဖူး ထူးကဲသော တန်ခိုးပြာဋိဟာတို့ကို မြင်ရပြန်သောကြောင့် တတိယအကြိမ်မြောက် ဖခင် ရှိခိုးပါသည်ဘုရား"

ဤသို့ သုဒ္ဓေါဒနမင်းကြီး ရှိခိုးသည်ကို မြင်ကြရသော အခါ ကြွင်းသော ဆွေတော် မျိုးတော်များကလည်း တစ်ယောက်မကျန် ရှိခိုးကြလေသည်။ ထို့နောက် မင်းကြီးနှင့်တကွ ဆွေတော် မျိုးတော်များသည် အသီးသီး နေရာမှထကာ ပြန်သွားကြလေသည်။ နောက်တစ်နေ့ နံနက်တွင် ဆွမ်းဖိတ်ကြားခြင်းကိုမူ မည်သူမျှ မပြုလုပ်ခဲ့ကြချေ။

## မျိုးရိုးစဉ်လာ

ထိုနေ့ည လွန်မြောက်၍ နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် သားတော် ဘုရားနှင့်တကွ ရဟန္တာအပေါင်း နှစ်သောင်းအတွက် ဆွမ်းဘောဇဉ်များကို အဆင်သင့် စီမံချက်ပြုတ်ထားသည်။ အထူးတလည် ဖိတ်ကြားခြင်း မပြုခဲ့သော်လည်း သားတော်ဘုရားသည် မိမိနန်းတော်သို့ပင် တန်းတန်းမတ်မတ် ကြွလာလိမ့်မည်ဟု ယုံကြည်လျက် နန်းတော်မှ စောင့်မျှော်နေသည်။ သို့သော် ဗုဒ္ဓရှင်တော်မြတ်ကား နံနက်လင်းသောအခါ ရဟန္တာအပေါင်း နှစ်သောင်းခြံရံလျက် ကပိလဝတ်မြို့တွင်းသို့ ဝင်တော်မူပြီး အိမ်စဉ်အတိုင်း ဆွမ်းခံ လှည့်လည်တော်မူလေသည်။ မြို့သူမြို့သားများသည် အထူးအဆန်းအနေဖြင့် တအံ့တသြ ကြည့်ရှုကြလေသည်။

"သိဒ္ဓတ္ထ မင်းသားသည် ထမင်းတစ်နပ်စာအတွက် မြို့ထဲမှာ အိမ်စဉ်လျှောက်၍ တောင်းရမ်းနေသတဲ့"

ဤသတင်းသည် ကပိလဝတ် မြို့တွင်း၌ တစ်မုဟုတ်ချင်း ပျံ့နှံ့ပြီး သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့လည်း ရောက်သွားလေသည်။ ယသောဓရာ မင်းသမီးသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း စံနန်းဆောင် လေသာ ပြတင်းပေါက်မှ လှမ်း၍မြင်သဖြင့် သုဒ္ဓေါဒနမင်းကြီးထံ လျှင်မြန်စွာသွား၍ "အရှင်မင်းကြီး၊ အရှင့်သားသည် မိဘ ဆွေမျိုးတို့၏ မျက်နှာကိုမျှ မထောက်ထားဘဲ အိမ်စဉ်လျှောက်၍ စားစရာကိုတောင်းခံနေပါသည်" ဟု လျှောက်တင်လေသည်။

ထိုအခါ မင်းကြီးသည်နန်းတော်မှ ကပျာကယာ ဆင်းသွားပြီး ဗုဒ္ဓမြတ်စွာအား "အရှင်ဘုရား ... အဘယ်ကြောင့် ခမည်းတော်ကို အရှက်ခွဲဘိသနည်း၊ ဤနှစ်သောင်းမျှသော သံဃာကို ခမည်းတော်မကျွေးနိုင်ဟု ထင်မှတ်၍ အိမ်စဉ်လျှောက်ကာ တောင်းရမ်းနေပါသလော" ဟု လျှောက်ကြားလေသည်။

"ခမည်းတော် မင်းကြီး ... အိမ်စဉ်လျှောက်၍ ဆွမ်းခံခြင်းသည် ငါတို့၏ အစဉ်အဆက်မှ ဆင်းသက်လာသော အကျင့်မြတ်ဖြစ်ပေသည်"

"အရှင်ဘုရား ... မဟာသမ္မတ မင်းမှ စ၍ ဆင်းသက်လာသော တပည့်တော်တို့၏ သာကီဝင် မျိုးနွယ်၌ ဆွမ်းခံစားသည့်မင်း တစ်ပါးမျှ မရှိခဲ့ပါဘူး"

"ခမည်းတော် မင်းကြီး ... သာကီဝင် မျိုးနွယ်သည် သင် မင်းကြီးတို့၏ မျိုးနွယ်သာဖြစ်၏၊ ငါဘုရား၏ မျိုးနွယ်မဟုတ်၊ ငါ၏ မျိုးနွယ်ဖြစ်သော ရှေးဘုရားရှင်တို့ကား ဆွမ်းခံ၍စားခြင်း အစဉ်အလာ ရှိကြကုန်၏"

ဗုဒ္ဓသည် ဤသို့မိန့်ကြားပြီး လမ်းမှာပင်ရပ်လျက် မင်းကြီးအား တရားဂါထာ တစ်ပုဒ်ကို ဟောကြားတော်မူရာ မင်းကြီး သောတာပန်တည်လေ၏။ ထို့နောက် မင်းကြီးသည် ဗုဒ္ဓနှင့် တပည့်သံဃာတို့အား နန်းတော်သို့ ပင့်ဆောင်ပြီး ဆွမ်းကပ်လေသည်။ ဗုဒ္ဓက ထပ်၍ တရား ဟောကြားပြန်သဖြင့် မင်းကြီး သကဒါဂါမ်ဖြစ်ပြီး မိထွေးတော် ဂေါတမီလည်း သောတာပတ္တိဖိုလ်၌ တည်လေသည်။

## ယသောဓရာ၏ ကျေးဇူး

ဗုဒ္ဓရှင်တော်မြတ် ဆွမ်းဘုဉ်းပေးပြီးသောအခါ နန်းတွင်းသူ နန်းတွင်းသား အားလုံး ဗုဒ္ဓမြတ်စွာထံ လာရောက် ရှိခိုးကြသည်။ ယသောဓရာ မင်းသမီးကား ထွက်မလာဘဲ သူ့အခန်းမှာပင် နေလေသည်။ အခြွေအရံများက "အရှင်မ ... အဆောင်တော်မှထွက်၍ ဘုရားရှင်ကို ရှိခိုးကန်တော့ပါဦး" ဟု လျှောက်တင်ကြလျှင် "ရှင်မတို့ ... အရှင့်သားသည် ငါ့ကျေးဇူးကို သတိရပါက ငါ့အခန်းသို့ ကြွလာပါလိမ့်မည်" ဟု ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို နန်းတွင်းသူတို့က ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓသည် မင်းကြီးနှင့်တကွ အဂ္ဂသာဝက နှစ်ပါးကိုပါခေါ်၍ ယသောဓရာ မင်းသမီး၏ အဆောင်သို့ ကြွတော်မူသည်။ ယသောဓရာသည် ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ဦးတိုက်လျက် ရှိုက်ကြီးတငင် ငိုကြွေးကာ ရှိခိုးကန်တော့လေသည်။

ထိုအခါ သုဒ္ဓေါဒန မင်းကြီးက ချွေးမတော်၏ ဂုဏ်ကျေးဇူးများကို ချီးကျူး ထုတ်ဖော်၍ လျှောက်ကြားလေသည်။

"သားတော်ဘုရား ... ကျွန်ုပ်၏သမီးတော်သည် သားတော်အား အလွန်ပင် ချစ်ခင် မြတ်နိုးလှပါသည်၊ သားတော် တောထွက်သွားသော်လည်း ရှိစဉ်ကကဲ့သို့ပင် နေစဉ်ပြုမြဲ ဝတ်များကို မပျက်အောင် ပြုလုပ်ဆောင်ရွက်နေခဲ့ပါသည်၊ သားတော် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်သည်ဟု ကြားသောနေ့မှစ၍ သူမလည်း ဖန်ရည် ဆိုးသော အဝတ်ကိုသာ ဝတ်နေခဲ့ပါသည်၊ သားတော် ထမင်းတစ်ထပ်သာ စားသည် ဟု ကြားသည့်နေ့မှစ၍ သူမလည်း တစ်ထပ်သာ စားခဲ့ပါသည်။ သားတော်နှင့် ခြောက်နှစ်ကျော် ကင်းကွာနေခဲ့သော်လည်း မင်းသားတစ်ပါးတို့အား တဏှာပေမ ဖြင့် လှည့်၍ပင် မကြည့်ခဲ့ပါ"

"ခမည်းတော်မင်းကြီး ... ယသောဓရာသည် ယခုဘဝ၌သာ မိမိကိုယ်ကို စောင့်ထိန်းသည်မဟုတ်၊ ရှေးအခါက ကိန္နရီမ ဖြစ်စဉ်ကလည်း ဤသို့ပင် စောင့် ထိန်းခဲ့ပေ၏"

ဗုဒ္ဓသည် ဤသို့မိန့်ကြားကာ စန္ဒကိန္နရီဇာတ်ကို ဟောတော်မူပြီး ကျောင်း တော်သို့ ပြန်ကြွလေသည်။

## သားငယ်နှင့် မြေးကိုပါ လက်လွှတ်ခဲ့ရ

ဗုဒ္ဓမြတ်စွာ ကပိလဝတ်ပြည်သို့ ကြွရောက်၍ သုံးရက်မြောက်သောနေ့၌ ညီတော် နန္ဒမင်းသားနှင့် ဇနပဒကလျာဏီ မင်းသမီးတို့၏ ထိမ်းမြားလက်ထပ်ပွဲ ကို နန်းတော်၌ ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။ ထိုအခမ်းအနားသို့ ဗုဒ္ဓကြွ ရောက်၍ တရားဟောပြီး ပြန်ကြွသည့်အခါ နန္ဒမင်းသားအား သပိတ်ကို ထမ်းစေ ကာ ကျောင်းတော်သို့ ခေါ်ဆောင်သွားလေသည်။ ထို့နောက် မကြာမီပင် "နန္ဒ မင်းသားအား ဗုဒ္ဓက ရဟန်း ဝတ်ပေးလိုက်ပြီတဲ့" ဟူသော သတင်း ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ကပိလဝတ် နန်းတွင်း၌ ပွက်လောရိုက်သွားလေသည်။ သားကြီး သိဒ္ဓတ္ထအစား သားငယ် နန္ဒကို နန်းတင်မည်ဟု ကြံရွယ်ထားသော သုဒ္ဓေါဒန မင်းကြီးမှာလည်း တအားပျက်သွားရလေသည်။

ဗုဒ္ဓမြတ်စွာ ကြွရောက်လာ၍ ခုနစ်ရက်မြောက်သော နေ့၌ကား ယသောဓရာသည် ခုနစ်နှစ်အရွယ်မျှသာ ရှိသေးသော သားတော်လေး ရာဟုလာကို လှပတင့်တယ်စွာ ဝတ်စားဆင်ယင်ပေးပြီး အမွေတောင်းရန် ဗုဒ္ဓထံသို့ စေလွှတ်လိုက်သည်။ ရာဟုလာကလေးသည် သူ့မိခင် သင်ပေးလိုက်သည့်အတိုင်း ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ ကလေးတို့ဘာဝ တီတီတာတာ ချစ်စရာစကားများကို ပြောဆိုကာ အမွေတောင်းလေသည်။

"အို ... ဖခင်၊ ဖခင်တောမထွက်မီက ဤနန်းတော်တွင်း၌ ရတနာ ရွှေအိုးကြီး လေးလုံး ရှိခဲ့သည်ဟု ဆိုပါသည်၊ ယခု ထိုရွှေအိုးကြီးများကို ကျွန်ုပ်တို့ မတွေ့မမြင်ရပါ၊ ဘယ်နေရာမှာ ဖခင် ထားခဲ့ပါသလဲ၊ သားတော်အား ပြောကြားခဲ့ပါ"

ဗုဒ္ဓမြတ်စွာ ဆွမ်းဘုဉ်းပေးပြီး၍ ကျောင်းတော်သို့ ပြန်ကြွသောအခါ ရာဟုလာကလေးသည်လည်း သင်္ကန်းစကို ဆွဲကာ နောက်မှ တကောက်ကောက် လိုက်ပါသွားသည်။ ဗုဒ္ဓကလည်း "ချစ်သား ... ပြန်လှော့" ဟု မိန့်ကြားခြင်းမပြု။ ရဟန်းများကလည်း ဟန့်တားခြင်းမပြုဝံ့သောကြောင့် ရာဟုလာကလေးသည် ကျောင်းတော်အထိ ပါလာသည်။ ထိုအခါ ဗုဒ္ဓက ရှင်သာရိပုတ္တရာအား ရာဟုလာကို ရှင်ပြုပေးလိုက်ရန် မိန့်ကြားသဖြင့် ရာဟုလာကလေးသည် အသက် ခုနစ်နှစ်အရွယ် ကလေးငယ်ဘဝဖြင့်ပင် ရှင်သာမဏေကလေး တစ်ပါးအဖြစ်သို့ ရောက်သွားလေသည်။

ထိုသတင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိလျှင် လွန်စွာ တုန်လှုပ်ချောက်ချားသွားသည်။ ကျောင်းတော်သို့ ချက်ချင်းလိုက်သွားပြီး ဗုဒ္ဓမြတ်စွာအား ဤသို့ လျှောက်တင်ရှာလေသည်။

"သားတော်ဘုရား ... ဖခမည်းတော်သည် စကြာမင်း ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားသော သားတော်ကြီး တောထွက်သွားစဉ်က ပထမအကြိမ် စိတ်မချမ်းမသာခြင်း ဖြစ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတော်ကြီး မရှိတော့၍ သားတော်ငယ် နန္ဒကို ထီးနန်း လွှဲအပ်ရန် ကြံရွယ်ခဲ့ပါသည်။ သို့ရာတွင် ထိုသားတော်ငယ် နန္ဒကို ရဟန်းပြုပေးသောကြောင့် ဒုတိယအကြိမ် ခမည်းတော် စိတ်မချမ်းမသာ ဖြစ်ခဲ့ရပြန်ပါသည်။

"သားတော်များ မရှိတော့၍ မြေးတော်ကလေး ရာဟုလာကို အားကိုးမည် ကြံခဲ့ရာ ထိုမြေးတော်ကလေးကိုပါ ရှင်ပြုပေးလိုက်သောအခါ ခမည်းတော် ဘယ်မှာ စိတ်ချမ်းသာနိုင်ပါတော့မည်နည်း"

မင်းကြီးသည် ဤသို့ ဖွင့်ဟလျှောက်ကြားပြီး မိဘတို့ ခွင့်မပြုသော သားသမီး များကို ရှင်ရဟန်းပြုမပေးရန် တောင်းပန်သည်။ ထိုတောင်းပန်ချက်အရ ဗုဒ္ဓက ရဟန်းတို့အား "မိဘနှစ်ပါး ခွင့်မပြုသော သားသမီးများကို ရှင်ရဟန်း ပြုမပေးရ" ဟု ပညတ်ချက်တစ်ရပ် ထုတ်ပြန်တော်မူလေသည်။

ထို့နောက် တစ်နေ့တွင် နန်းတော်သို့ ဆွမ်းခံကြွလာသော ဗုဒ္ဓမြတ်စွာအား မင်းကြီးက ဤသို့ လျှောက်ကြားလေသည်။

"သားတော်ဘုရား တရားကျင့်နေစဉ်က နတ်သားတစ်ယောက်လာ၍ 'သင် မင်းကြီး၏ သားတော်သည် တရားအားထုတ်နေရင်း အားပြတ်၍ သေရှာပြီ' ဟု ပြောခဲ့ပါသည်။ ထိုစကားကို ခမည်းတော်မယုံကြည်ခဲ့ပါ။ 'ငါ့သားသည် ဘုရား မဖြစ်ဘဲ မသေနိုင်' ဟု ပြန်ပြောလိုက်ပါသည်။ ယခု ထိုသို့ ပြောလိုက်သည့်အတိုင်း မှန်ကန်နေသည်ကို တွေ့မြင်ရ၍ ခမည်းတော် အလွန် ဝမ်းမြောက်လှပါသည်"

"ခမည်းတော်မင်းကြီး ... ဤသို့သော စကားကို ယခုမှသာ သင် မယုံ ကြည်သည် မဟုတ်၊ မဟာဓမ္မပါလ သူဌေးဖြစ်စဉ်က တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီးကိုယ်တိုင် လာပြီး အရိုးများကိုပြ၍ သင့်သားသေပြီဟု ပြောသော်လည်း မယုံကြည်ခဲ့ပေ"

## စကြာမင်းဖြစ်သည်ကို မမြင်ရသော်လည်း

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားပြီး မဟာဓမ္မပါလဇာတ်ကို ဟောတော်မူရာ မင်းကြီး အနာဂါမိဖိုလ်၌ တည်လေသည်။ ထို့နောက် ဗုဒ္ဓသည် ဝါဆိုချိန် နီးလာ သဖြင့် ကပိလဝတ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် သူ အလွန် ချစ်မြတ်နိုး အားကိုးခဲ့သော သားတော် သိဒ္ဓတ္ထကို ဘုရားအဖြစ်နှင့် နှစ်ကြိမ်သာ ဖူးမြင်ခွင့်ရခဲ့သည်။ ပထမအကြိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘုရားဖြစ်ပြီး (၂)နှစ်မြောက်တွင် ရာဇဂြိုဟ်ပြည်မှ ကြွလာစဉ်က ဖြစ်၏။ ဒုတိယအကြိမ်ကား ကွယ်လွန်ခါနီးအချိန်တွင် ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် ဒုတိယဝါမှ စတုတ္ထဝါအထိ ရာဇဂြိုဟ်ပြည်၌ သုံးဝါတိုင်အောင် ဝါဆိုတော်မူပြီး ပဥ္စမဝါဆိုဦးတွင် ဝေသာလီပြည်သို့ ကြွသွားတော်မူသည်။ ဝေသာလီပြည် မဟာဝုန်တောအုပ်အတွင်းရှိ ကူဋာဂါရ ကျောင်း၌ ဗုဒ္ဓမြတ်စွာသီတင်းသုံးနေစဉ်က ကပိလဝတ်ပြည်မှ သာကီဝင်များနှင့် ကောလိယမြို့မှ ကောလိယမင်းမျိုးတို့သည် နှစ်နိုင်ငံနယ်စပ်ရှိ ရောဟိနီမြစ်ရေကို အကြောင်းပြု၍ အငြင်းပွားပြီး စစ်ခင်းရန် ပြင်ဆင်နေကြသည်။ ဗုဒ္ဓမြတ်စွာသည် ထိုအကြောင်းကို သိမြင်တော်မူပြီး ငြိမ်းချမ်းရေးတရား ဟောကြားတော်မူသည်။ သို့အားဖြင့် နှစ်ဖက်သော ဆွေတော်မျိုးတော်များ ပြန်လည်သင့်မြတ်သွားကြလေသည်။


မဟာဝုန်တော ကူဋာဂါရကျောင်း၌ ဗုဒ္ဓမြတ်စွာဝါဆိုတော်မူပြီးနောက် ဝါခေါင်လသို့ ရောက်သောအခါ ကပိလဝတ်ပြည်မှ အထောက်တော်တစ်ဦး ရောက်လာပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အသည်းအသန် မှာမကျန်းဖြစ်နေကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ကြားသည်။ ဗုဒ္ဓမြတ်စွာသည် ရဟန်းငါးရာနှင့်အတူ ကပိလဝတ်ပြည်သို့ လိုက်သွားပြီး ခမည်းတော်ကြီးအား အနီးကပ် စောင့်ရှောက်ပြုစုတော်မူသည်။ မဟာဓမ္မပါလဇာတ်ကို ကြားနာရစဉ်ကပင် အနာဂါမ်ဖြစ်ပြီးသော သုဒ္ဓေါဒနမင်းကြီးသည် ဝေဒနာကို ခံစားရင်းဖြင့်ပင် သင်္ခါရဓမ္မတို့ကို ဆင်ခြင်သုံးသပ်လျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာအား ရှိသေစွာ ရှိခိုးကန်တော့ပြီး ဝါခေါင်လပြည့် နေထွက်ချိန်တွင် ထီးဖြူတော်အောက်၌ပင် ပရိနိဗ္ဗာန် ပြုသွားလေသည်။

သို့အားဖြင့် သားတော် သိဒ္ဓတ္ထမင်းသားကို စကြာမင်းအဖြစ်ဖြင့် မြင်လိုလှသော သုဒ္ဓေါဒနမင်းကြီးမှာ စကြာမင်းအဖြစ်ဖြင့် မမြင်ရသော်လည်း သားတော်တိုက်ကျွေးသော လောကုတ္တရာ အမြိုက်တရားကိုမူ အပြည့်အဝ ခံစားသွားရလေသည်။

(၁၃။ လောကဝင်၊ ၂-သုဒ္ဓေါဒန ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# ရှောင့်ရဲခြင်း

(၁)

သာဝတ္ထိမြို့တော်အနီး ရွာကြီးတစ်ရွာ၌ တိဿ အမည်ရှိသော အမျိုးသား တစ်ယောက်ရှိသည်။ ထိုအမျိုးသားသည် မိဘနှစ်ပါးအား လုပ်ကျွေးပြုစုနေရာမှ တစ်နေ့တွင် ဗုဒ္ဓတရားကို ကြားနာရသဖြင့် လူ့ဘောင်ကို စွန့်ကာ ရဟန်းပြုလိုက်လေသည်။ သား၏ ထက်သန်ပြင်းပြသော စိတ်ဆန္ဒကို တားဆီးပိတ်ပင်ခြင်း မပြုလိုသောကြောင့် ရဟန်းပြုခွင့်ပေးလိုက်ရသော်လည်း သားနှင့် မကွဲမကွာ နေလိုသော မိဘများက ရှင်တိဿအား ထိုရွာ၌ပင် သီတင်းသုံးနေထိုင်ရန် တောင်းပန်ကြသည်။ ရှင်တိဿကလည်း မိဘများ၏ ဆန္ဒကို လိုက်လျောကာ ထိုရွာ၌ပင် သီတင်းသုံး နေထိုင်လေသည်။

တစ်နေ့သ၌ မြို့တော်မှ ရဟန်းသုံးကျိပ် ရှင်တိဿ၏ ကျောင်းသို့ ရောက်လာကြသည်။ ရှင်တိဿသည် အာဂန္တု ရဟန်းတို့အား ဧည့်ဝတ်ကျေအောင် ပြုစုပြီး ဆွမ်းခံချိန် ရောက်သောအခါ ထိုရဟန်းတို့နှင့် အတူပင် ရွာထဲသို့ ဆွမ်းခံဝင်လေသည်။ ထိုရွာရှိ လူတို့သည် အများအားဖြင့် ရှင်တိဿနှင့် ဆွေမျိုးညာတိ တော်စပ်သူများ ဖြစ်ကြသည်။ ထို့ကြောင့် အာဂန္တု ရဟန်းများ ပါလာသည်ကို တွေ့မြင်ကြရလျှင် ရွာသူရွာသားများသည် မိမိတို့ စွမ်းအားရှိသလောက် ကြိုးစားအားထုတ်ကာ ဆွမ်း လောင်းလှူကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုရွာသားများ လောင်းလှူကြသော ဆွမ်းသည် သာဝတ္ထိမြို့တော်မှ သူဌေးသူကြွယ် မင်းစိုးရာဇာတို့ လောင်းလှူသော ဆွမ်းနှင့်ကားမတူ၊ ကြမ်းတမ်းနီရဲသော မုယောဆန်ဆွမ်းနှင့် ထောပတ်ကင်းသော ဟင်းလျာများသာ ဖြစ်သည်။ ထို့ကြောင့် ရဟန်းပြုသည့် အချိန်မှ စ၍ ရသမျှနှင့်ရောင့်ရဲမည် ဟူသော စိတ်ဓာတ်ကို မွေးမြူခဲ့သော ရှင်တိဿအဖို့ မည်သို့မျှ မထူးခြားသော်လည်း မြို့တော်မှ ရဟန်းများမှာမူ တောဆွမ်းကို မြိန်ရှက်စွာ ဘုဉ်းပေးသုံးဆောင်ခြင်း မပြုနိုင်ကြချေ။

ထိုရဟန်းများသည် ရှင်တိဿ၏ ကျောင်း၌ ရက်အနည်းငယ်မျှသာ နေကြပြီးနောက် သာဝတ္ထိသို့ ပြန်သွားကြသည်။ မပြန်မီ မိမိတို့ မြို့တော်သို့ တစ်ခါတစ်ခေါက် အလည်အပတ်လာရန် ရှင်တိဿကို ဖိတ်ခေါ်ကြသည်။ မြို့တော်၌ ကောသလမင်းကြီးနှင့်တကွ ဝိသာခါ၊ အနာထပိဏ် စသော သူဌေးသူကြွယ်တို့က နေ့စဉ် ဒါန ပြုလုပ်နေကြသောကြောင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ပေါများပုံတို့ကိုလည်း အားပါးတရ ပြောကြားခဲ့ကြသည်။

အလားတူပင် ရှင်တိဿ ကျောင်းသို့ မြို့တော်မှ ရဟန်းများ မကြာခဏ လာရောက်တတ်ကြသည်။ ထိုရဟန်းများသည် တောဆွမ်း၊ တောဟင်းဖြင့် နွမ်းနွမ်းပါးပါး နေရရှာသော ရှင်တိဿကို စာနာထောက်ထားမှုအပြည့်ဖြင့် မြို့သို့တက်လာရန် ထပ်တလဲလဲ ဖိတ်ခေါ်ကြလေသည်။ မြို့တော်၌ ထူးထူးခြားခြား အလှူပွဲကြီးရှိသည့် အချိန်အခါများတွင်မူ ရှင်တိဿထံ တကူးတက လူလွှတ်၍ပင် ဖိတ်ခေါ်ကြလေသည်။

ဤသို့ ခင်မင် ရင်းနှီးသော ပုဂ္ဂိုလ်တို့က ကြိမ်ဖန်များစွာ ဖိတ်ခေါ်နေသည့်ကြားမှပင် ရှင်တိဿသည် သာဝတ္ထိသို့ တစ်ခါတစ်ခေါက်မျှ မရောက်ခဲ့။ စင်စစ် သူ့ရွာနှင့် သာဝတ္ထိသည် အလှမ်းဝေးလှသည်မဟုတ်။ တစ်နေ့ခရီးမျှသာ ရှိ၏။ သို့ပါလျက် မိမိတို့၏ ဖိတ်ခေါ်မှုကို လျစ်လျူရှု၍ တောရွာမှမခွာဘဲ နေသော ရှင်တိဿကို အချို့သောရဟန်းတို့က တစ်မျိုးတစ်မည် မြင်လာကြသည်။ ဤရဟန်းသည် ဆွေမျိုးညာတိတို့နှင့် ဆက်ဆံရောနှော၍ နေရသည်ကို ကျေနပ်နှစ်ခြိုက်နေသည်။ ဆွေမျိုးများကို မခွဲနိုင်သောကြောင့်သာ တောရွာ၌ ကပ်၍နေခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုလာကြသည်။

ထိုရဟန်းတို့၏ ဝေဖန် ပြောဆိုသံများသည် တဖြည်းဖြည်း ကျယ်ပြန့်လာရာ နောက်ဆုံးတွင် ဗုဒ္ဓ၏ နားတော်သို့ပင် ရောက်သွားလေသည်။ ထိုအခါ ဗုဒ္ဓက ရှင်တိဿကို ဇေတဝန်ကျောင်းတော်သို့ ခေါ်စေပြီး မေးမြန်းစုံစမ်းတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိဿ … သင်သည် ဆွေမျိုးဉာတိများနှင့် ဆက်ဆံရောနှော၍နေသည်ဟု ကြားရသည်၊ ကြားသည့်အတိုင်း မှန်ပါသလော"

"အရှင်ဘုရား … တပည့်တော်သည် ဆွေမျိုးဉာတိတို့၏ ရွာကို အမှီပြု၍ နေသော်လည်း မိမိ တစ်ပါးစာအတွက် ရသမျှသော ဆွမ်းဖြင့် ရောင့်ရဲတင်းတိမ်၍ နေခဲ့ပါသည်၊ အကောင်းအဆိုး ရွေးချယ်ခြင်း မပြုခဲ့ပါ၊ ဤသို့ ရသမျှနှင့် ရောင့်ရဲတင်းတိမ်သည့် အတွက်လည်း အရပ်တစ်ပါးသို့ လှည့်လည် သွားလာမှု မပြုခဲ့ခြင်း ဖြစ်ပါသည်၊ သို့သော် ရဟန်းတို့နှင့် မလျော်သော ရောနှောဆက်ဆံမှုကိုမူ လုံးဝပင် မပြုခဲ့ပါဘုရား"

ဤသို့ ရှင်တိဿက ရှင်းလင်း လျှောက်တင်သောအခါ ဗုဒ္ဓက "တိဿ … ကောင်းပေ၏၊ ကောင်းပေ၏၊ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်းသည် သူတော်သူမြတ်တို့၏ လမ်းစဉ်ပင်ဖြစ်၏" ဟူ၍ ချီးကျူးတော်မူသည်။ ထို့နောက် သူတော် သူမြတ်တို့၏ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ကြပုံကို အတိတ်ဆောင်၍ ဟောကြားရန် ရဟန်းတို့က တောင်းပန်တော်မူသဖြင့် အောက်ပါဇာတ်လမ်းကို ဟောကြားတော်မူလေသည်။

(၂)

ရှေးအခါက ဟိမဝန္တာတောအတွင်း ဂင်္ဂါမြစ်ကမ်း၌ ရေသဖန်းပင်ကြီးတစ်ပင် ရှိသည်။ ထိုရေသဖန်းပင်ကို အမှီပြု၍ များစွာသော ကျေးငှက်တို့ နေထိုင်ကြသည်။ ထိုကျေးငှက်တို့သည် ရေသဖန်းပင်ကြီး အသီးအပွင့်များဖြင့် စည်ကားနေသောအခါ ထို အသီးအပွင့်များကို စားသုံးကြသည်။ အသီးအပွင့်များ ကုန်ခမ်း၍ ရေသဖန်းပင်ကြီး ပင်လုံးမျှသာ ကျန်တော့သောအခါတွင်မူ အရပ်တစ်ပါးသို့ လှည့်လည်၍ အစာကို ရှာဖွေစားသောက်ကြသည်။

ကျေးငှက်အပေါင်းတွင် တစ်ကောင်သော ကျေးငှက်ကား အခြားငှက်များကဲ့သို့ အရပ်တစ်ပါးသို့ လှည့်လည် သွားလာခြင်း မပြု။ ရေသဖန်းပင်ကြီး၌သာ အမြဲတမ်း မှီတင်းနေထိုင်လေ၏။ ထိုကျေးငှက်သည် ရေသဖန်းပင်၌ အသီးအပွင့်များ ရှိသောအခါ အသီးအပွင့်များကို မှီဝဲစားသောက်၏။

အသီးအပွင့်များ မရှိသောအခါတွင်မူ အခေါက်အပွေးစသည်တို့ကို ဖြစ်သလို စားသောက်၍ ရောင့်ရဲတင်းတိမ် နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရေသဖန်းပင်၌ ဖြစ်သလို နေထိုင်သော ကျေးငှက်ကို တာဝတိံသာ နတ်ပြည်မှ သိကြားမင်းမြင်လျှင် ထိုငှက်၏ စိတ်ဓာတ်ကို စုံစမ်းလိုသောကြောင့် မိမိ၏အာနုဘော်ဖြင့် ရေသဖန်းပင်ကို ခြောက်သွေ့သွားစေသည်။ ရေသဖန်းပင်မှ အကိုင်းအရွက်များ ခြောက်သွားပြီး အငုတ်မျှသာကျန်လျက် ပင်လုံး၌လည်း အပေါက် အပေါက်များ ဖြစ်ပေါ်လာလေ၏။ ထိုအခါ တစ်ကောင်တည်း ကျန်ရှိနေသော ထိုကျေးငှက်သည် ပင်လုံး၏ အပေါက်များမှ ထွက်လာသော အမှုန့်များကိုပင် မြိန်ရှက်စွာ စား၍ နေလေသည်။

သိကြားမင်းသည် ထိုအခြင်းအရာကိုမြင်လျှင် မိဖုရားကြီး သုဇာဒေဝီကို ခေါ်ပြီး ဟင်္သာမောင်နှံ အသွင်ဖြင့် ရေသဖန်းပင်၏ အနီးရှိ သစ်ပင်တစ်ပင်၌ လာ ရောက် နားနေလေသည်။

ထို့နောက် ရေသဖန်းပင် ငုတ်တိုပေါ်၌ တစ်ကောင်တည်း နားနေသော ကျေးငှက်အား ဤသို့ မေးမြန်းလေသည်။

"အခွေကျေးငှက်၊ ဤတောကြီးထဲ၌ အသီးအရွက်နှင့် ပြည့်စုံ၍ စိမ်းလန်း စိုပြည်သော သစ်ပင်ကြီးငယ်တို့ များစွာပင် ရှိကြပါသည်။ သို့ပါလျက် တစ်ပင်လုံး ခြောက်သွေ့၍ ငုတ်တိုမျှသာ ကျန်တော့သော ဤရေသဖန်းပင်၌ အဘယ်ကြောင့် သင်ပျော်မွေ့နေပါသနည်း"

"အဆွေ ဟင်္သာငှက်၊ ငါတို့သည် ဤရေသဖန်းပင်၏ အသီးအပွင့်များကို နှစ်ပေါင်းများစွာ စားသုံးနေခဲ့ကြပါသည်။ အသီးအပွင့်များ ကင်း၍ ငုတ်တိုမျှသာ ကျန်တော့သော ယခုအခါ၌လည်း ဤရေသဖန်းပင်အပေါ်၌ ရှေးကကဲ့သို့ တွယ်တာ မြတ်နိုးလျက် ရှိပါသည်။ မိတ်ကောင်း ဆွေကောင်းတို့မည်သည် ချမ်းသာသော အခါ၌ဖြစ်စေ၊ ဆင်းရဲသောအခါ၌ဖြစ်စေ မိမိမိတ်ဆွေကို စွန့်ခွာရိုး မရှိပါ၊ ကျွန်ုပ် သည် ဤရေသဖန်းပင်အား ခင်ပွန်းမိတ်ဆွေတစ်ယောက်ကဲ့သို့ သဘောထားသဖြင့် ငုတ်တိုမျှသာ ကျန်သည့်တိုင်အောင် မစွန့်ခွာနိုင်ခြင်း ဖြစ်ပါသည်"

"အဆွေကျေးငှက် ... သင်၏ သဘောထားကာ မွန်မြတ်လှပါ၏၊ သင့်ကို ကျွန်ုပ်နှစ်သက်သဖြင့် ဆုတစ်ခု ပေးပါမည်၊ လိုသောဆုကို တောင်းပါ"

"အဆွေ ဟင်္သာငှက် ... အကယ်၍ သင်သည် ကျွန်ုပ်အား ဆုပေးမည် ဆိုလျှင် ဤရေသဖန်းပင်ကြီး ပြန်လည်ရှင်သန်၍ အသီးအပွင့်များ ဖြစ်လာသည်ကို ကျွန်ုပ် အလိုရှိပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သိကြားမင်းသည် ဟသာင်္ဂုက်အသွင်မှ သိကြားနတ်မင်းအသွင်သို့ ပြောင်းလဲပြီး၊ ဂင်္ဂါမြစ်ရေကို လက်ဝါးဖြင့် ယူဆောင်၍ ရေသဖန်းငုတ်တိုကို သွန်းလောင်းလေ၏။ ရေသဖန်းငုတ်တိုသည် တစ်ခဏချင်းပင် အသီးအပွင့်များ ဖုံးအုပ်လျက် စိမ်းလန်း စိုပြည်သော အပင်ကြီးအဖြစ်သို့ ရောက်သွားလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီး "ရဟန်းမည်သည် တိရစ္ဆာန်ကဲ့သို့ ရသမျှနှင့် တင်းတိမ်ရောင့်ရဲသူ၊ အလိုနည်းသူ ဖြစ်သင့်ကြောင်း" မိန့်ကြားတော်မူသည်။ ထို့နောက် "မမေ့မလျော့ခြင်း 'အပ္ပမာဒ' တရား၌မွေ့၍၊ မေ့လျော့ခြင်း 'ပမာဒ' တရား၌ ဘေးဟု ရှုမြင်လေ့ရှိသော ရဟန်းသည် သမထ ဝိပဿနာမဂ်ဖိုလ် စသော တရားတို့မှ ဆုတ်ယုတ်ခြင်းငှာမထိုက်၊ နိဗ္ဗာန်၏ အနီး၌သာလျှင် တည်ပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။ ထိုဒေသနာအဆုံး၌ အရှင်တိဿသည် ပဋိသမ္ဘိဒါ ဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်၌ တည်လေသည်။

(၂။ အပ္ပမာဒဂ်၊ ၉-နိဂမဝါသီ တိဿတ္ထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# စောင့်စည်းခြင်း

(၁)

သာဝတ္ထိပြည်မှ ဟတ္ထကနှင့် စေတက အမည်ရှိသော လုလင်နှစ်ယောက်တို့သည် ဗုဒ္ဓတရားကို ကြားနာရသဖြင့် ယုံကြည်သက်ဝင်မှု ဖြစ်ပေါ်လာပြီး သာသနာ့ဘောင်သို့ ဝင်၍ ရဟန်းပြုကြသည်။ ထိုရဟန်းနှစ်ပါးသည် ငယ်သူငယ်ချင်းများ ဖြစ်ကြသည့်အတိုင်း ရဟန်းဘဝတွင်လည်း အမြဲတမ်းလိုပင် သွားအတူလာအတူရှိကြသည်။ တစ်နေ့သ၌ သူတို့နှစ်ပါးသည် အစိရဝတီ မြစ်၌ ရေချိုးပြီး သာယာသော သဲသောင်ပြင်၌ နေပူဆာ လှုံနေကြသည်။

ထိုအချိန်တွင် ကောင်းကင်၌ ဟင်္သာငှက်နှစ်ကောင် ပျံသန်းလာသည်။ ထိုဟင်္သာနှစ်ကောင်ကို မြင်လျှင် ရှင်ဟတ္ထကသည် ကျောက်စရစ်ခဲတစ်လုံးကို ကောက်ယူပြီး ပျံသန်းနေသော ဟင်္သာတစ်ကောင်၏ မျက်စိကို ကျောက်စရစ်ခဲဖြင့် မှန်အောင် သူပစ်လိုက်နိုင်ကြောင်း ပြောဆိုလေသည်။

"ငါ့ရှင်ဟတ္ထက ...၊ ပျံနေတဲ့ငှက်ရဲ့ မျက်စိကိုမှန်အောင် ပစ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ အလုပ်တစ်ခုပဲ"

"ဖြစ်နိုင်ကြောင်း တပည့်တော် လက်တွေ့ပြပါမယ်၊ ပျံနေတဲ့ ငှက်ရဲ့ ဒီဘက်မျက်စိကို ထားပါတော့၊ ဟိုဘက်မျက်စိကိုတောင် မှန်အောင် ပစ်နိုင်ပါသေးတယ်"

"ကြည့်ရသေးတာပေါ့ ငါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရဟန်းငယ် ရှင်ဟတ္ထကသည် ပျံသန်းနေသော ဟင်္သာတစ်ကောင်၏ နောက်မြီးပိုင်းဆီသို့ ကျောက်စရစ်ခဲတစ်လုံးကို လှမ်းပစ်လိုက်၏။ ဟင်္သာငှက်သည် ကျောက်စရစ်ခဲသံကို ကြားသဖြင့် နောက်သို့ လှည့်ကြည့်သည်။ ထိုအခိုက်တွင် ရဟန်းငယ်က နောက်ထပ် ကျောက်ခဲတစ်လုံးဖြင့် ပစ်လိုက်ရာ ဟင်္သာငှက်၏ ဘယ်ဘက်မျက်စိကို ထိမှန်ပြီး ညာဘက်မျက်စိဖြင့် ဖောက်ထွက်သွားသည်။ ဟင်္သာငှက်သည် သနားစဖွယ် အော်မြည်လျက် မြေပြင်သို့ကျလာပြီး ချက်ချင်း သေဆုံးသွားရှာလေ၏။

ရဟန်းငယ်၏ လက်ချက်ဖြင့် ဟင်္သာငှက်ကလေး အသက်ဆုံးရှုံးသွားရပုံကို ထိုအချိန်တွင် မြစ်ဆိပ်၌ ရေချိုးနေကြသော အခြားရဟန်းများလည်း သိရှိသွားကြသည်။ ထိုရဟန်းတို့သည် ရဟန်းနှစ်ပါးရှိရာသို့ စုဝေးလာကြပြီး "ငါ့ရှင်တို့၊ ရဟန်းဖြစ်ပါလျက် သူ့အသက်ကို သတ်ခြင်းသည် မသင့်တော်ပါ" ဟု ကဲ့ရဲ့ ပြစ်တင်ကြသည်။ ကဲ့ရဲ့ပြစ်တင်ရုံသာမက ရဟန်းငယ်နှစ်ပါးကို ဗုဒ္ဓထံ ခေါ်ဆောင်ပြီး ထိုအကြောင်းကို လျှောက်ကြားကြသည်။

ဗုဒ္ဓရှင်တော်မြတ်က "ရဟန်းငယ် … သင်သည် သူတစ်ပါးအသက်ကို သတ်သည် ဆိုခြင်းမှာ မှန်ပေသလော" ဟု မေးမြန်းလျှင် ရဟန်းငယ်ကလည်း မှန်ကန်ကြောင်း ဝန်ခံသည်။ ထိုအခါ ဗုဒ္ဓက "ရဟန်းငယ် … သင်သည် သာသနာ့ ဝန်ထမ်း ရဟန်းဖြစ်ပါလျက် အဘယ့်ကြောင့် သူ့အသက်ကို သတ်ဘိသနည်း၊ ရှေးပညာရှိတို့သည် သူ့အသက်ကို သတ်ရန် မဆိုထားဘိ အသေးအဖွဲဖြစ်သော အမှုကလေးများကိုပင် ကြောင့်ကြတကြီး စောင့်စည်း ထိန်းသိမ်းခဲ့ကြကုန်၏" ဟူ၍ မိန့်ကြားတော်မူပြီး အတိတ်ကို ဆောင်တော်မူလေသည်။

(၂)

ရှေးအခါက ကုရုတိုင်း ဣန္ဒပတ္ထမြို့၌ ဓနဥ္စယ အမည်ရှိသော မင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြု၏။ ထိုမင်းသည် ငါးပါးသီလကို မိမိကိုယ်တိုင် အမြဲစောင့်ထိန်းပြီး တိုင်းသူပြည်သားများအားလည်း စောင့်ထိန်းရန် တိုက်တွန်း ညွှန်ကြားလေ့ရှိသည်။ အထူးအားဖြင့် ဘုရင်မင်းမြတ်နှင့်တကွ မယ်တော်၊ မိဖုရားကြီး၊ အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ ရထားထိန်း စသော ပုဂ္ဂိုလ် (၁၁) ယောက်တို့သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ အမြဲမကွာ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းသူများအဖြစ် ထင်ရှားလျက် ရှိကြသည်။ ဘုရင်မင်းမြတ်ကား သီလကို စောင့်ထိန်းရုံသာမက ပစ္စည်းဥစ္စာ အမြောက်အမြားကို စွန့်ကြဲပြီး အလှူပွဲကြီးများကိုလည်း နေ့စဉ်မပြတ် ပြုလုပ်နေလေသည်။ ဤသို့ ဘုရင်မင်းမြတ်မှစ၍ တစ်တိုင်းတစ်ပြည်လုံး အကျင့်သီလနှင့် ပြည့်စုံသော ကုရုတိုင်းမှာ မိုးလေဝသ ကောင်းမွန်၍ ဆန်ရေစပါး ပေါများကာ သာယာဝပြောလျက် ရှိလေသည်။

ထိုအချိန်တွင် ကလိင်္ဂတိုင်း ဒန္တပူရမြို့၌လည်း မင်းတစ်ပါး မင်းပြုလျက်ရှိသည်။ ထိုမင်းကား မင်းကျင့်တရားကို နားမလည်။ ဒါနကိုလည်း မပြု။ သီလကိုလည်း စောင့်ထိန်းခြင်း မရှိချေ။ ထို့ကြောင့် တိုင်းသူပြည်သားများမှာလည်း ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူ အလွန် နည်းပါးလျက် ရှိလေသည်။ တစ်နှစ်တွင် ကလိင်္ဂ တစ်တိုင်းလုံး၌ မိုး အကြီးအကျယ်ခေါင်၍ ဆန်ရေစပါး ရှားပါးမှုဘေးကြီး ဖြစ်ပေါ်လာလေသည်။

ဆန်ရေစပါး ရှားပါး၍ အငတ်ဘေးကြီးနှင့် ရင်ဆိုင် တွေ့ကြုံကြရသော တိုင်းသူပြည်သားတို့သည် ဘုရင့်နန်းတော် အနီး၌ စုဝေး၍ ကြွေးကြော်ကြသည်။ ဘုရင်မင်းမြတ်က မှူးမတ်တို့အား "ရှေးမင်းများလက်ထက်၌ ဤကဲ့သို့သော ဘေးအန္တရာယ် ဖြစ်ပေါ်လျှင် မည်ကဲ့သို့ ပြုလုပ်သနည်း" ဟု မေးမြန်းသည်။ မှူးမတ်တို့က "ဤကဲ့သို့သော ဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ရှေးမင်းများသည် အဓိဋ္ဌာန်ဥပုသ် ဆောက်တည်ကြပါသည်" ဟု လျှောက်တင်ကြသည်။ ထိုအခါ ဘုရင်သည် မှူးမတ်တို့ လျှောက်တင်သည့်အတိုင်း အဓိဋ္ဌာန်ဥပုသ် ဆောက်တည်သည်။ ပြည်သူပြည်သားများကိုလည်း ဆောက်တည်စေသည်။ သို့သော် မိုးကား မရွာ။ ပြည်သူပြည်သားများလည်း ငတ်မွတ်ခေါင်း ငတ်လျက်သာ ရှိလေသည်။

ထိုအခါ ဘုရင်သည် အမတ်တို့နှင့် ထပ်မံ တိုင်ပင်ပြန်သည်။ အမတ်တို့က ကုရုတိုင်း ဓနဉ္စယမင်းကြီး၌ 'အဉ္ဇနဝသဘ' အမည်ရှိသော မင်္ဂလာဆင်တော် တစ်စီး ရှိကြောင်း၊ ထိုမင်္ဂလာဆင်တော်ကို ရအောင် ဆောင်ယူနိုင်လျှင် မိုးရွာဖွယ်ရှိကြောင်း လျှောက်တင်ကြသည်။ "မင်္ဂလာဆင်တော်ကို ရရှိအောင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း" ဟု မေးမြန်းလျှင် ပုဏ္ဏားများကို စေလွှတ်၍ အလှူခံလျှင် ရနိုင်ဖွယ်ရှိကြောင်း အမတ်တို့က လျှောက်တင်ကြသည်။ မင်းကြီးက အလှူခံခြင်း၌ ရဲရင့်ကျွမ်းကျင်သော ပုဏ္ဏားရှစ်ယောက်ကို စေလွှတ်၍ အလှူခံစေရာ မင်္ဂလာဆင်တော်ကို ရရှိလာသည်။ သို့သော် မိုးမှာ ခေါင်မြဲတိုင်းပင် ခေါင်နေသဖြင့် အမတ်တို့နှင့် ထပ်မံ တိုင်ပင်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမတ်ဟိုက ကုရုတိုင်းရှင် ဓနဉ္စယမင်းကြီးသည် 'ကုရုဓမ္မ' ခေါ် အကျင့်သီလကို သူကိုယ်တိုင် အမြဲစောင့်ထိန်းသည့်ပြင် တိုင်းသူပြည်သားများကိုလည်း စောင့်ထိန်းစေကြောင်း၊ ထို့ကြောင့်ပင် သူ့တိုင်းပြည်၌ မိုးလေဝသ မှန်ကန် ကောင်းမွန်ခြင်း ဖြစ်သည်ဟု စုံစမ်းသိရှိရကြောင်း လျှောက်ကြားကြပြန်သည်။ မင်းကြီးသည် မင်္ဂလာဆင်တော်ကို ပြန်ပို့စေပြီး ဓနဉ္စယမင်းကြီး ကျင့်သုံးသော ကုရုဓမ္မကို လေ့လာမှတ်သားရန် ပုဏ္ဏားရှစ်ယောက်ကို ဣန္ဒပတ္ထမြို့သို့ စေလွှတ်လိုက်လေသည်။

(၃)

ကာလိင်္ဂတိုင်းမှ ပုဏ္ဏားရှစ်ယောက်တို့သည် ဣန္ဒပတ္ထမြို့သို့ ရောက်လျှင် ဓနဉ္စယမင်းကြီးထံ ဝင်၍ "အရှင်မင်းကြီး ကျင့်သုံးသော ကုရုဓမ္မကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါ" ဟု လျှောက်တင်ကြသည်။ ထိုအခါ မင်းကြီးက ပုဏ္ဏားတို့အား ဤသို့ မိန့်ကြားတော်မူသည်။

"အချင်းတို့ ... ကျွန်ုပ်၏သီလကို သင်တို့အား ပေးလိုက်ပါမည်၊ သို့သော် ထိုသီလနှင့် ပတ်သက်၍ ကျွန်ုပ်မှာ သံသယ မကင်းသောအချက် တစ်ခုရှိပါသည်။ တစ်ခါက ရေကန်ကြီးတစ်ခုအနီး၌ လေးပြိုင်ပွဲကြီး ကျင်းပရာ ကျွန်ုပ်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်၊ ထိုပြိုင်ပွဲတွင် ကျွန်ုပ် ပစ်လွှတ်လိုက်သော မြားလေးစင်းအနက် သုံးစင်းကိုသာ ပြန်တွေ့ပြီး တစ်စင်းကို ပြန်မတွေ့ပါ၊ ထိုမြားသည် ရေကန်ထဲကျ၍ ငါးတစ်ကောင်ကို ထိမှန်သွားနိုင်ပါသည်။ သို့အတွက် ကျွန်ုပ်၏ သီလမှာ လုံးဝ စင်ကြယ်သည်ဟု မထင်ပါ၊ ကျွန်ုပ်၏ မယ်တော်ကြီးမှာ သီလကို အထူးဂရုစိုက်သူ ဖြစ်ပါသည်၊ မယ်တော်ကြီးထံသို့လည်း သွား၍ မေးမြန်း မှတ်သားကြပါဦး"

ပုဏ္ဏားတို့သည် မင်းကြီး စောင့်ထိန်းသည့် သီလကို ရွှေပြားပေါ်တွင် ရေးယူမှတ်သားခဲ့ကြပြီး မယ်တော်ကြီးထံ သွားကြသည်။ မယ်တော်ကြီးကလည်း ပုဏ္ဏားတို့အား ဤသို့ ပြောဆိုလေသည်။

"အမောင်တို့ ...၊ ကျွန်ုပ်သည် သီလကို ကောင်းမွန်စွာ စောင့်ထိန်းသည်မှာ မှန်ပေ၏။ သို့သော် သံသယ မကင်းသော အချက်တစ်ခုကား ရှိပါသည်။ ကျွန်ုပ်မှာ ချွေးမနှစ်ယောက် ရှိသည့်အနက် တစ်ယောက်မှာ မင်း၏ မိဖုရားကြီး ဖြစ်ပြီး ကျန်တစ်ယောက်မှာမူ အိမ်ရှေ့မင်း၏ မိဖုရား ဖြစ်ပါသည်၊ တစ်ခါက



www.burmeseclassic.com

www.burmeseclassic.com



တိုင်းတစ်ပါးမှ လက်ဆောင်များ ရရှိရာ ဂုဏ်ငယ်သော အိမ်ရှေ့မိဖုရားငယ်အား ပို၍ အဖိုးတန်သော လက်ဆောင်ကို ရွေးချယ်ပေးခဲ့ပါသည်။ ဤသို့ ပေးခဲ့ခြင်းသည် 'အသက်အရွယ်ကြီးသူကို လေးစားရမည်' ဟူသော တရားသဘောနှင့် ဆန့်ကျင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ သီလမှာလည်း လုံးဝ စင်ကြယ်သည်ဟု မထင်ပါ"

ပုဏ္ဏားတို့သည် မယ်တော်ကြီး စောင့်ထိန်းသည့် သီလကို ရွှေပြားတွင် ရေးသားမှတ်ယူခဲ့ကြပြီး မယ်တော်ကြီး၏ ညွှန်ကြားချက်အရ မိဖုရားကြီးထံ သွားကြပြန်သည်။ မိဖုရားကြီးကလည်း မိမိသည် တစ်ခါက အိမ်ရှေ့မင်းသား အပေါ်တွင် စိတ်ဖြင့်ကြံစည် ပြစ်မှားခဲ့ဖူးသောကြောင့် သီလစင်ကြယ်သည်ဟု မထင်ကြောင်း ပြောကြားသည်။ ထို့ကြောင့် ပုဏ္ဏားတို့သည် အိမ်ရှေ့မင်းထံ သွားကြရပြန်သည်။

အိမ်ရှေ့မင်းကလည်း သူသည် တစ်ခါက ဘုရင့်ထံ အခစားဝင်ရာ တစ်ခဏချင်း ပြန်ထွက်လာရမည်ထင်၍ ရထားထိန်းကို ပြန်မလွှတ်ဘဲ ထားခဲ့ကြောင်း။ သို့သော် အရေးကြီးသော ကိစ္စရှိ၍ နန်းတော်ထဲတွင် ညအိပ်နေရရာ အပြင်တွင် တစ်ညလုံး စောင့်နေရသော ရထားထိန်းမှာ များစွာ ဒုက္ခ ရောက်ခဲ့ရကြောင်း။ ဤသို့ တစ်ဖက်သားအား ဒုက္ခရောက်စေခဲ့သည့် အတွက် မိမိသီလမှာလည်း ညစ်နွမ်းမှုနှင့် မကင်းဟု ယူဆကြောင်း ပြောကြားသည်။ အိမ်ရှေ့မင်း၏ ညွှန်ကြားချက်အရ ပုဏ္ဏားများသည် ပုရောဟိတ် ပုဏ္ဏားကြီးထံ သွားကြရပြန်သည်။

ပုရောဟိတ် ပုဏ္ဏားကြီးက သူသည် တစ်ခါက စနေဥယျ မင်းကြီးအား တိုင်းတစ်ပါးက လက်ဆောင်ပေးသည့် ရထားတစ်စင်းကို မြင်၍ "ဒီရထားကို ငါ ရရင် ကောင်းမှာပဲ" ဟု စိတ်ဖြင့် ကြံစည်တောင့်တမိကြောင်း။ ဤသို့တောင့်တမိသည့်အတိုင်းလည်း ထိုရထားကို မင်းကြီးက သူ့အား ပေးခဲ့ကြောင်း။ သို့သော် ယင်းသို့ သူတစ်ပါးပစ္စည်းကို လိုချင်လောဘဖြင့် ကြံစည်မိသည့်အတွက် မိမိသီလမှာလည်း မစင်ကြယ်ဟု ထင်ကြောင်း ပြောကြားသည်။ ပုဏ္ဏားတို့အား သူ့ထက် သီလစင်ကြယ်သည့် မြေတိုင်းအမတ်ထံ သွားရန် ညွှန်ကြားလိုက်သည်။

မြေတိုင်းအမတ်က သူသည် တစ်ခါက မြေကွက်တစ်ခုကို တိုင်းရာတွင် ကြိုးဆွဲပြီး တိုင်စိုက်ရမည့် နေရာတည့်တည့်၌ ပုစွန်တွင်း ရှိနေကြောင်း၊ အတွင်းဘက်သို့ ရွှေ့စိုက်လျှင် လယ်သမား နစ်နာပြီး အပြင်ဘက်သို့ ရွှေ့တိုင်းလျှင်လည်း မင်း၏ ဘဏ္ဍာတော် ဆုံးရှုံးနိုင်ကြောင်း၊ သို့အတွက် ပုစွန်တွင်း၌လည်း ပုစွန် မရှိတန်ရာ ဟူသော အမှတ်ဖြင့် တိုင်စိုက်လိုက်ရာ အထဲမှ 'ကရိ ကရိ' ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ပုစွန်မြည်သံကို ကြားရကြောင်း။ ထို့ကြောင့် မိမိသီလမှာ ညစ်နွမ်းသည်ဟု ထင်ကြောင်း ပြောကြားသည်။ မြေတိုင်းအမတ်၏ ညွှန်ကြားချက်အရ ပုဏ္ဏားတို့သည် ဘုရင် ရထားထိန်းထံ ရောက်ကြရပြန်သည်။

ရထားထိန်းက သူသည် တစ်နေ့တွင် ဘုရင်မင်းမြတ်ကို ရထားဖြင့် တင်ဆောင်၍ မင်္ဂလာဥယျာဉ်မှ ပြန်လာရာ နေကလည်း ဝင်ခါနီး၊ မိုးကလည်း ရွာတော့မယောင် ဖြစ်လာ၍ မြို့တံခါး ဝင်ခါနီးတွင် မြင်းများကို ကြိမ်တံဖြင့် ရိုက်နှက်၍ မောင်းခဲ့ကြောင်း။ မြင်းများသည် နောက်ရက်များတွင်လည်း အန္တရာယ်တစ်ခုခု ရှိသည်အထင်ဖြင့် မြို့တံခါးအနီးသို့ရောက်တိုင်း အမြန် ပြေးကြကြောင်း။ ဤသို့ဖြင့် မြင်းများကို ပင်ပန်းစေသည့်အတွက် မိမိသီလမှာ ညစ်နွမ်းသည်ဟု ထင်ကြောင်း ပြောကြားသည်။ ပုဏ္ဏားတို့အား သူ့ထက်ပို၍ သီလစင်ကြယ်သော သူဌေးကြီးထံ သွားကြရန်လည်း ညွှန်ကြားသည်။

သူဌေးကြီးက သူသည် တစ်ခါက စပါးခင်းသို့သွားရာ မှည့်ရင့်စပြုနေသော စပါးနှံ အချို့ကို ချူးယူပြီး ကျေးငှက်တို့အား ကျွေးခဲ့မိကြောင်း၊ နောက်မှ ဘုရင်မင်းမြတ်အား အခွန်ဘဏ္ဍာ မဆက်ရသေးမီ ကျွေးခဲ့မိသည်မှာလည်း လုံးဝ စင်ကြယ်သည်ဟု မထင်ကြောင်း ပြောကြားသည်။ သူ့ထက်ပို၍ သီလစင်ကြယ်သော တာလီစာရေးထံ သွားရန်လည်း ပုဏ္ဏားတို့ကို ညွှန်ကြားလိုက်သည်။

တာလီစာရေးကလည်း တစ်ခါက ဘုရင့်စပါးများကို ခြင်တွယ်သိမ်းယူရာတွင် မိုးရွာလာသဖြင့် ခြင်ပြီးသော စပါးနှင့် မခြင်ရသေးသော စပါးအချို့ ရောနှောသွားခဲ့ကြောင်း။ ဤအတွက် မိမိ သီလမှာ ညစ်နွမ်းမှု ရှိခဲ့ကြောင်း ပြောကြားသည်။ သူ့ထက်ပို၍ သီလ စင်ကြယ်သော တံခါးမှူးထံ သွားရန်လည်း ညွှန်ကြားသည်။

တံခါးမှူးက သူသည် တစ်ခါက မြို့တံခါး ပိတ်ခါနီးဆဲဆဲတွင် မိန်းမငယ် တစ်ဦးနှင့်အတူ ဒရောသောပါး ပြေးဝင်လာသော ဆင်းရဲသားတစ်ယောက်ကို တွေ့မြင်၍ "ကိုယ့်မယားနဲ့ တစ်နေ့လုံး ပျော်ပါးနေပြီး အချိန်မတော်ကျမှ ဘာကြောင့် ပြေးလာရသလဲ" ဟု ကြိမ်းမောင်းမိခဲ့ကြောင်း။ နောက်မှ မိန်းမငယ်မှာ သူ့မယား မဟုတ်၊ သူ့နှမဖြစ်သည်ဟု သိရကြောင်း။ ဤသို့ တစ်ဖက်သားအား မဆင်မခြင် စွပ်စွဲကြိမ်းမောင်းသည့်အတွက် မိမိ သီလ မစင်ကြယ်ဟု ထင်ကြောင်း ပြောကြားသည်။ ဝဏ္ဏဒါသီ အမည်ရှိသော ပြည့်တန်ဆာမ ထံသို့ သွားရန်လည်း ပုဏ္ဏားတို့အား ညွှန်ကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြည့်တန်ဆာမကလည်း သူမ၏ သီလနှင့်ပတ်သက်၍ သံသယဖြစ်စရာ အချက်တစ်ခု ရှိနေကြောင်း ဖွင့်ဟ ပြောကြားသည်။ တစ်ခါက လုလင်ပျို တစ်ယောက်သည် သူမအား ငွေတစ်ထောင်ပေးပြီး မကြာခင် ပြန်လာမည်ဟု ပြော၍ ထွက်သွားရာ သုံးနှစ် သုံးမိုး ကြာသည့်တိုင်အောင် ပေါ်မလာကြောင်း။ ထိုသုံးနှစ်အတွင်း အခြားအမျိုးသားများထံမှ တစ်ပြားတစ်ချပ်မျှ မယူဘဲ နေခဲ့ရသဖြင့် စားဝတ်နေရေး ကျပ်တည်း လာကြောင်း။ ထို့ကြောင့် တရားရုံးတော်သို့ တင်ပြ၍ အခြား လုလင် တစ်ယောက်ထံမှ ငွေတစ်ထောင် လက်ခံနေစဉ် ပထမလုလင်ပျို ပေါ်လာသဖြင့် ထိုငွေတစ်ထောင်ကို ပြန်ပေးခဲ့ရကြောင်း။ ထို့ကြောင့် မိမိသီလမှာ အနည်းနှင့်အများ ညစ်နွမ်းဖွယ်ရာရှိကြောင်း ပြောကြားသည်။

ကလိင်္ဂတိုင်းမှ ပုဏ္ဏားရှစ်ယောက်တို့သည် နေဥ္စယမင်းကြီးမှ စ၍ ဝဏ္ဏဒါသီပြည့်တန်ဆာမ အဆုံးရှိသော ပုဂ္ဂိုလ် ၁၁-ယောက်တို့မှာ မပြောပလောက်သည့် အသေးအဖွဲ ကိစ္စကလေးများ၌ပင် သံသယ ကြီးစွာထား၍ သီလစောင့်ထိန်းကြကြောင်း တွေ့ရှိရသဖြင့် လွန်စွာ ကျေနပ်နှစ်သက်သွားကြသည်။ ထို့ကြောင့် ထိုသူတို့စောင့်ထိန်းသည့် ကျင့်ဝတ်သီလများကို ရွှေပြားတွင် မှတ်သား ရေးယူကာ ကလိင်္ဂတိုင်းသို့ ပြန်လာကြသည်။

ကလိင်္ဂမင်းကြီးသည် ကုရုတိုင်းမှ ပုဏ္ဏားတို့ ရေးသား မှတ်ယူခဲ့သော ကိုယ်ကျင့်သီလများကို မိမိကိုယ်တိုင်လည်း ကျင့်သုံးဆောက်တည်သည်။ တိုင်းသူပြည်သားများကိုလည်း ကျင့်သုံးဆောက်တည်စေသည်။ ထိုအခါ ကလိင်္ဂ တစ်တိုင်းလုံးတွင် မိုးကောင်းစွာ ရွာသွန်းလာပြီး ကောက်ပဲသီးနှံများလည်း ဖြစ်ထွန်းအောင်မြင်လာသည်။ တိုင်းသူပြည်သားများမှာလည်း အစာရေစာ ငတ်မွတ် ခေါင်းပါးခြင်းဘေးမှ ကင်းလွတ်သွားကြလေသည်။

(၄)

ဗုဒ္ဓမြတ်စွာသည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီး ""ရဟန်းငယ် ...၊ ရှေးပညာရှိတို့သည် အသေးအဖွဲ့မျှသာ ဖြစ်သော ကိစ္စတို့၌ပင် သံသယကြီးစွာထား၍ သီလကို စောင့်ထိန်းခဲ့ကြကုန်၏၊ ရဟန်းဖြစ်ပါလျက် သူ့အသက်ကို သတ်သော သင်၏ အပြစ်မှာ ကြီးမားလှပေ၏၊ ရဟန်းမည်သည် ကိုယ် နှုတ် စိတ် သုံးပါးကို စောင့်စည်း သင့်လှပေသည်"" ဟု မိန့်ကြား ဆုံးမတော်မူသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com




"အကြင်သူသည် လက်ကို စောင့်စည်း၏၊ ခြေကို စောင့်စည်း၏၊ နှုတ်ကို စောင့်စည်း၏၊ တစ်ကိုယ်လုံးကိုလည်း စောင့်စည်း၏၊ ကမ္မဋ္ဌာန်းပွားများမှု၌ မွေ့လျော်သည် ဖြစ်၍ တည်ငြိမ်သော စိတ်ရှိ၏၊ တစ်ကိုယ်တည်းနေ၍ ရသမျှနှင့် ရောင့်ရဲ၏၊ ထိုသူကို ရဟန်းဟု ဆိုကြကုန်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၂၅။ ဘိက္ခုဝဂ်၊ ၂-ဟံသဃာတဘိက္ခု ဝတ္ထုနှင့် တိကနိပါတ် ကုရုဓမ္မဇာတ်)

www.burmeseclassic.com

www.burmeseclassic.com



# ရွှေငါးကြီး၏ မျက်ရည်

(၁)

သာဝတ္ထိမြို့အနီး တစ်ခုသော တံငါရွာကြီး၌ ရွာသူကြီး၏သား ခေါင်းဆောင်သည့် ငါးရှာသော လုလင်ငယ်တို့ ရှိကြလေသည်။ ကစားဖော် ကစားဖက် ဖြစ်ကြသော ထိုလုလင်ငယ်တို့သည် တစ်နေ့သ၌ အစိရဝတီ မြစ်အတွင်း၌ အပျော်တမ်း ငါးဖမ်းထွက်ကြရာ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ငါးကြီးတစ်ကောင်ကို ဖမ်းမိကြလေသည်။

အလွန်ကြီးမားပြီး ထူးခြားလှသော ထိုရွှေငါးကြီးကို လုလင်ငယ်တို့၏ မိဘများက ကောသလမင်းကြီးအား ဆက်သလိုကြသည်။ ထို့ကြောင့် ငါးကြီးကို လှေဖြင့်တင်၍ နန်းတော်သို့ ယူဆောင်သွားကြသည်။ ကောသလမင်းကြီးသည် ရွှေငါးကြီးကိုမြင်လျှင် "ဤငါးကြီးအကြောင်းကို မြတ်စွာဘုရားရှင် သိတော်မူလိမ့်မည်" ဟု ကြံ၍ ငါးကြီးကိုပါ ယူဆောင်လာစေပြီး ဇေတဝန် ကျောင်းတော်သို့ သွားလေသည်။ ဇေတဝန် ကျောင်းတော်သို့ ရောက်သည်နှင့် ငါးကြီးက ပါးစပ်ကို ဖွင့်လိုက်ရာ တစ်ကျောင်းလုံး အပုပ်နံ့လှိုင်သွားလေသည်။ "အရှင်ဘုရား၊ ဤငါးကြီးသည် အဘယ့်ကြောင့် ရွှေအဆင်း ရှိပါသနည်း၊ အဘယ့်ကြောင့် သူ့ပါးစပ်မှ အပုပ်နံ့ ထွက်ပါသနည်း"

ကောသလမင်းကြီးက ဤသို့ မေးလျှောက်ရာ ဗုဒ္ဓမြတ်စွာက အတိတ်ကို ဆောင်၍ ဟောကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကဿပမြတ်စွာဘုရား လက်ထက်၌ ဗာရာဏသီပြည်တွင် သာဂတနှင့် ကပိလမည်သော ညီအစ်ကိုနှစ်ယောက်ရှိ၏။ သူတို့မိခင်မှာ သာဓိနီဖြစ်ပြီး နှမငယ်၏ အမည်ကား တာပနာ ဖြစ်လေသည်။

ညီအစ်ကိုနှစ်ယောက် အရွယ်ရောက်သောအခါ လူ့ဘောင်ကို စွန့်ခွာ၍ ရဟန်းပြုကြလေသည်။ ထိုအခါ မိခင်နှင့် နှမငယ်တို့ကလည်း အားမကျမခံ ဘိက္ခုနီ ဝတ်ကြသည်။

သာသနာ့ဘောင်သို့ ရောက်လာသော မိသားစု လေးယောက်တို့တွင် အစ်ကို ကြီး သာဂတသည် ကမ္မဋ္ဌာန်း တရားကို ပွားများ အားထုတ်သဖြင့် မကြာမီ ရဟန္တာ ဖြစ်သွားလေ၏။

ညီဖြစ်သော ကပိလကား "ငါသည် ငယ်ရွယ်သေး၏၊ အသက်ကြီးမှ ကမ္မဋ္ဌာန်း အားထုတ်မည်" ဟု ကြံပြီး စာပေပရိယတ်ကို သင်ယူလေ့ကျက်လေ သည်။ ဉာဏ်ပညာ ထက်မြက်သူဖြစ်၍ မကြာမီပင် ကျမ်းတတ် ပုဂ္ဂိုလ်တစ်ပါး အဖြစ် ထင်ရှားကာ များစွာသော တပည့်တပန်းတို့အား ပိဋကတ်တော်များကို သင်ကြား ပို့ချ၍ နေလေသည်။

ရှင်ကပိလသည် ပရိယတ္တိဂုဏ်ကြောင့် အခြွေအရံနှင့် ပြည့်စုံ၍ လာဘ်လာဘ လည်း ပေါများလှပေရာ "ငါ့ထက် သာသူ မရှိ၊ ငါ့ထက်တတ်သူ မရှိ" ဟု ကိုယ့်ကိုယ်ကို အထင်ကြီးလာ၏။ ထေရ်ကြီး ဝါကြီးတို့၏စကားကို ပစ်ပယ်ပြီး သူထင်ရာ သူစိုး၍ နေလေသည်။ ဝိနည်းဥပဒေနှင့် မညီသော အမှုကို ပြုလုပ် သဖြင့် အခြားရဟန်းတို့က အကျိုးသင့် အကြောင်းသင့် ပြောဆို ဆုံးမသည့်အခါ မနာယူရုံသာမက ပြစ်တင်ရှုတ်ချ စကားများကိုပင် ပြောဆိုလွှတ်တတ်လေသည်။

နောင်တော်ဖြစ်သော သာဂတမထေရ်သည် ညီငယ်၏အကြောင်းကို ကြားသိ လျှင် ညီငယ်အား ဖျောင်းဖျ ပြောဆိုသည်။ သို့သော် ရှင်ကပိလသည် နောင်တော် ၏ စကားကိုလည်း အနည်းငယ်မျှ နာယူခြင်း မပြုချေ။ မိခင်နှင့် နှမငယ်တို့ကမူ လာဘ်လာဘ အလိုသို့ လိုက်ပါကာ ရှင်ကပိလအား အားပေးအားမြှောက်ပြု၍ နေကြလေသည်။

ရှင်ကပိလသည် စာပေပဋိယတ်ကို နှစ်ပေါင်းများစွာ သင်ကြားပို့ချခဲ့သော် လည်း မထေရ်ကြီးတို့အား ပြစ်မှား၍ ထင်သလို ကျင့်ကြံနေထိုင်ခဲ့ခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သေလွန်သည့်အခါ အဝီစိငရဲသို့ ကျရောက်လေ၏။ သူ့ကို အားပေးအားမြှောက် ပြုခဲ့သော မိခင်နှင့် နမတို့မှာလည်း သူနှင့် ကံတူအကျိုးပေး ဖြစ်လာကြလေသည်။

ရှင်ကပိလသည် အဝီစိငရဲ၌ နှစ်ပေါင်းများစွာ ခံစားပြီး ဗုဒ္ဓမြတ်စွာ လက်ထက်တွင် အစိရဝတီ မြစ်အတွင်း၌ ငါးကြီးတစ်ကောင်ဖြစ်လာ၏။ နှစ်ပေါင်းများစွာ ပရိယတ်ကို ပို့ချခဲ့သော ကောင်းမှုကြောင့် ထိုငါးကြီး၏ကိုယ်သည် ရွှေအဆင်းကဲ့သို့ လှပတင့်တယ်၏။ မထေရ်ကြီးများကို နှုတ်ဖြင့် စော်ကားခဲ့ခြင်းကြောင့် ပါးစပ်ကို ဟလိုက်လျှင် သူ့ပါးစပ်မှ မကောင်းသော အနံ့ဆိုးများ ထွက်လာလေသည်။

ဗုဒ္ဓမြတ်စွာသည် ဤသို့ အတိတ်ကိုဆောင်၍ ဟောကြားပြီး လူအများ သံသယ ကင်းရှင်းစေရန် ငါးကြီးကို မေးမြန်းတော်မူလေသည်။

"ငါးကြီး ... သင်သည် ကပိလရဟန်း ဟုတ်ပါသလော"

"ဟုတ်ပါသည် ဘုရား"

"ယခု သင် ဘယ်ဘဝက လာသလဲ"

"အဝီစိငရဲမှ လာပါသည်ဘုရား"

"သင့်နောင်တော် သာဂတက ဘယ်မှာလဲ"

"ပရိနိဗ္ဗာန် ပြုသွားပါပြီ ဘုရား"

"သင့်အမေနှင့် ညီမကော"

"အဝီစိငရဲမှာပင် ရှိနေကြပါသေးသည် ဘုရား"

ငါးကြီးသည် ဤသို့ ဖြေကြားပြီး မကြာမီမှာပင် သေလွန်၍ အဝီစိငရဲသို့ ပြန်ရောက်သွားလေသည်။

ဤအကြောင်းအရာကို တွေ့မြင် ကြားသိရသော လူများမှာ လွန်စွာ ထိတ်လန့်တုန်လှုပ်သွားကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ကျောင်းတော်သို့ စုဝေးရောက်ရှိနေသော ပရိသတ်အား ...

"မေ့မေ့ လျော့လျော့ နေသူမှာ တဏှာသည် တိုးပွား၏၊ တဏှာနှိပ်စက်ခြင်း ခံရသူမှာ စိုးရိမ်ပူပန်မှုများ တိုးပွားကုန်၏၊ တဏှာကို တွန်းလှန်နိုင်သူမှာ စိုးရိမ်ပူပန်မှုများ လျော့ကျသွားကုန်၏၊ ထို့ကြောင့် တဏှာကို အမြစ်မှ တူးနှုတ်ပစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရမည်” ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာကို ကြားနာရသောအခါ တံငါသည်သား လုလင်ငါးရာတို့သည် ထိတ်လန့်၍ ဗုဒ္ဓမြတ်စွာထံ၌ ရဟန်းပြုလိုက်ကြသည်။ ထို့နောက် ကမ္မဋ္ဌာန်းကို အားထုတ်၍ အရဟတ္တဖိုလ်ကို ရရှိသွားကြလေသည်။

(၂၄။ တဏှာဝဂ်၊ ၁-ကပိလမစ္ဆ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## ဘဝင်းရာ အထုံပါ

သာဝတ္ထိပြည်၌ အချင်းချင်း မိတ်ဆွေဖြစ်နေကြသော သူကြွယ်ငါးယောက်တို့သည် တစ်နေ့သ၌ စိတ်တူကိုယ်တူဖြင့် ဇေတဝန်ကျောင်းတော်သို့ တရားနာရန် သွားကြလေသည်။ ဗုဒ္ဓရှင်တော်မြတ်သည် တရားနာပရိသတ် နည်းသည် များသည်ကို အမှုမထားဘဲ ဟောကြားသင့် ဟောကြားထိုက်သော တရားဒေသနာကို ရေတံခွန်မှ ရေအလျဉ်များ စီးကျနေဘိသကဲ့သို့ အစဉ်မပြတ် ဟောကြားတော်မူလေသည်။

ဤသို့ အစဉ် မပြတ် ဟောကြားနေသော်လည်း အတူတကွ တရားနာလာကြသော သူကြွယ်ငါးယောက်တို့တွင် တစ်ယောက်သော သူကြွယ်သည် တရား၌ အာရုံမသက်ဝင်ဘဲ ထိုင်လျက်သား အိပ်ငိုက်နေ၏။ တစ်ယောက်သော သူကြွယ်မှာ လက်ချောင်းဖြင့် မြေကြီးကို ရေးခြစ်နေပြီး အခြားတစ်ယောက်ကမူ သစ်ပင်ငယ် တစ်ပင်ကို ကိုင်၍ လှုပ်ယမ်းနေသည်။ ကျန်သူကြွယ် နှစ်ယောက်တို့တွင် တစ်ယောက်က ကောင်းကင်ကို မော့ကြည့်ပြီးနောက် တစ်ယောက်ကသာ တရားကို စိတ်ဝင်စားစွာ နာကြားနေလေသည်။

ထိုသူကြွယ် ငါးယောက်တို့ကို ဗုဒ္ဓရှင်တော်မြတ်အား အပါးမှ နေ၍ ယပ်ခတ်ပေးနေသော ရှင်အာနန္ဒာကမြင်၍ ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ကြားလေသည်။ ထိုအခါ ဗုဒ္ဓက ...



www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ … တရားနာရင်း အိပ်ငိုက်နေသော သူကြွယ်သည် ဘဝ ငါးရာ တိုင်တိုင် မြွေနဂါးဖြစ်ခဲ့ဖူး၏။

"လက်ချောင်းဖြင့် မြေကြီးကို ရေးခြစ်နေသူသည် ဘဝငါးရာ တိုင်တိုင် တီကောင် ဖြစ်ခဲ့ဖူး၏။

"သစ်ပင်ငယ်ကို လှုပ်ယမ်းနေသူသည် ဘဝငါးရာ တိုင်တိုင် မျောက်ဖြစ်ခဲ့ဖူး၏။

"ကောင်းကင်ကို မော့ကြည့်နေသူသည် ဘဝငါးရာ တိုင်တိုင် နက္ခတ်ဗေဒင် ဆရာ ဖြစ်ခဲ့ဖူး၏။

"ရိုသေစွာ တရားနာနေသော သူကြွယ်ကား ဘဝငါးရာ တိုင်တိုင် ဗေဒင် သုံးပုံကို သင်ယူလေ့ကျက်သော ပုဏ္ဏား ဖြစ်ခဲ့ဖူး၏။

"အာနန္ဒာ … ၊ ဤသူကြွယ် ငါးယောက်တို့သည် ရှေးဘဝက မိမိ အထုံဝါသနာ အားလျော်စွာ အသီးသီး ပြုမူနေကြခြင်း ဖြစ်ပေသည်" ဟူ၍ မိန့်ကြားတော်မူလေသည်။

ထိုအခါ ရှင်အာနန္ဒာက တစ်ဖန် မေးလျှောက်ပြန်သည်။

"အရှင်ဘုရား … ရှေးဘဝက အထုံဝါသနာ ပါသည် ဖြစ်စေ၊ အရှင်မြတ်၏ တရားသည် ကြားနာရသူတို့၏ ရိုးတွင်းခြင်ဆီကို ဖောက်ထွင်း စိမ့်ဝင်နိုင်သော တရားဖြစ်ပါသည်၊ ဤသူကြွယ် ငါးယောက်တို့ကား အဘယ်ကြောင့် ထိုတရားကို မသက်ဝင်ဘဲ ရှိကြပါသနည်း"

"အာနန္ဒာ … သံသရာ ဘဝအဆက်ဆက်၌ လောကီအာရုံ ကာမဂုဏ်ဖြင့် မွေ့လျော်ပျော်ပိုက် နေခဲ့ကြသော ပုထုဇဉ် သတ္တဝါတို့အား ဘုရား၊ တရား၊ သံဃာ ဟူသော ဒေသနာကို ကြားရဖို့ လွန်စွာ ခဲယဉ်းလှပေသည်၊ ထို့ကြောင့်လည်း ဤသူကြွယ် ငါးယောက်တို့သည် ငါဘုရား၏ တရား၌ အာရုံ မသက်ဝင်နိုင်ကြခြင်း ဖြစ်ပေသည်"

"အရှင်ဘုရား … အဘယ်တရားများကို အကြောင်းပြု၍ ဤသို့ ဖြစ်ရပါ သနည်း"

"အာနန္ဒာ … ရာဂ ဒေါသ စသော တရားဆိုးများကို အကြောင်းပြု၍ ဤသို့ ဖြစ်ရပေသည်၊ အာနန္ဒာ … ဤလောက၌ ရာဂနှင့်တူသော မီးသည် မရှိ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့်သော ဖမ်းစားတတ်သည့် တရားလည်း မရှိ၊ မောဟနှင့် တူသော ကွန်ယက်လည်းမရှိ၊ တဏှာနှင့် တူသော မြစ်သည်လည်း မရှိပေ”

ဤတရားဒေသနာကို ကြားနာရသောအခါ ရှိသေစွာ တရားနာနေသော သူကြွယ်တစ်ဦး အပါအဝင် များစွာသောသူတို့ အကျွတ်တရား ရရှိကြလေသည်။

(၁၈။ မလဝဂ်၊ ၉-ပဉ္စဥပါသက ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# မီးနှင့်ရဲရဲ သံတွေခဲ

ဝဇ္ဇီတိုင်း ဝဂ္ဂုမုဒါ မြစ်ကမ်း၌ စိမ်းလန်းစိုပြည်သော တောအုပ်တစ်ခု ရှိသည်။ ထိုတောအုပ်အတွင်း၌ ငါးရာမျှသော ရဟန်းတို့သည် သစ်ရွက်မိုး တဲကျောင်းကလေးများ အသီးသီး ဆောက်ပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ကာ သီတင်းသုံးနေကြသည်။ ထိုတောအုပ်၏ အနီးပတ်ဝန်းကျင်၌ လူနေရွာများ အသင့် အတင့်ရှိရာ ထိုရွာများသည် တောကျောင်း ရဟန်းတို့၏ ဆွမ်းခံရွာများ ဖြစ်ပေသည်။

ရဟန်းငါးရာတို့ ထိုကျောင်းသို့ ရောက်လာသည်မှာ မိုးဦးကျစ ဝါဆိုဦး အချိန်က ဖြစ်သည်။ မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူသော ဗုဒ္ဓရှင်တော်မြတ်ထံမှ ကမ္မဋ္ဌာန်း အားထုတ်နည်းများကို သင်ယူ မှတ်သားပြီး တရားအားထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဤတောအုပ်သို့ ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။

ရဟန်းများ ရောက်လာစ အချိန်တွင် ဆွမ်းခံရွာမှ လူတို့သည် စေတနာ ထက်သန်စွာဖြင့် ဆွမ်းလောင်းလှူခြင်း ပြုကြသည်။ ဆွမ်းကွမ်းမျှတမှု ရှိသဖြင့် ထိုရဟန်းတို့၏ တရားအားထုတ်ခြင်း လုပ်ငန်းမှာလည်း တိုးတက်အောင်မြင်ခဲ့သည်။ သို့သော် ဝါဆိုလကုန်၍ ဝါခေါင်လဆန်းသည့် အချိန်မှ စ၍ မိုးရွာသွန်းခြင်း လုံးဝ မရှိတော့သဖြင့် လူတို့ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ ခြောက်သွေ့ ပျက်စီးကုန်ကြသည်။ လူများမှာလည်း စားနပ်ရိက္ခာ အခက်အခဲနှင့် ကောင်းကောင်းကြီး ရင်ဆိုင်ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခေါင်၍ စားနပ်ရိက္ခာ အကျပ်အတည်းနှင့် ရင်ဆိုင်နေကြရသော လူများမှာ မိမိတို့ ဝမ်းရေးအတွက်ပင် မဝတဝ ဖြစ်နေကြသဖြင့် ဆွမ်းခံကြွလာသော ရဟန်းတော်များအား ရောက်စကကဲ့သို့ နေ့စဉ်မှန်မှန် လောင်းလှူခြင်း မပြုနိုင်ကြတော့ချေ။ ဆွမ်းမှန်မှန် မလောင်းနိုင်သဖြင့် ရဟန်းများ ကြွလာလျှင် အချို့က မမြင်ဟန်ဆောင်ကာ ရှောင်ရှားသွားကြသည်။ အချို့ကလည်း အိမ်တံခါးကို ပိတ်ထားကြသည်။

တရားအားထုတ်သော ရဟန်းများသည် ဆွမ်းအခက်အခဲကြောင့် တရားအားထုတ်မှုကို ဖြောင့်ဖြူးစွာ မလုပ်နိုင်ကြတော့။ သူတို့၏ ကိုယ်ခန္ဓာများမှာလည်း တစ်နေ့တခြား ကြုံလှီ ညှိုးခြောက်၍ လာတော့သည်။ ထိုအခါ ရဟန်းတို့သည် ဆွမ်းပြဿနာ ပြေလည်ရေးအတွက် အချင်းချင်း တိုင်ပင် ဆွေးနွေးကြသည်။ တိုင်ပင်ဆွေးနွေးကြရာတွင် အချို့သော ရဟန်းများက မိမိတို့အား လူတို့ လှူချင်တန်းချင်လောက်အောင် လူတို့၏ အလုပ်ကိစ္စများကို ကူညီ လုပ်ဆောင်သင့်ကြောင်း အကြံပြုကြသည်။ အချို့ရဟန်းများကမူ ရဟန်းများကိုယ်တိုင် ကူးသန်းရောင်းဝယ်ခြင်းထွန်ယက် စိုက်ပျိုးခြင်းများကို ပြုလုပ်သင့်ကြောင်း ဆွေးနွေးကြသည်။ သို့သော် ထိုလုပ်ငန်းများမှာ ရဟန်းတို့နှင့်မလျော်သော လုပ်ငန်းများဖြစ်၍ အများစုက သဘောမတူကြ။ နောက်ဆုံးတွင် ရဟန်းတစ်ပါးက ထ၍ အဆိုပြုသော အချက်ကိုမူ ရဟန်းအားလုံး သဘောတူလက်ခံကြသည်။ ထိုရဟန်း၏ အဆိုမှာ ရဟန်းများသည် လူတို့၏ရှေ့တွင် "ဘယ်ကိုယ်တော်က တန်ခိုးကြီးတယ်၊ ဘယ်ကိုယ်တော်ကတော့ ရဟန္တာတောင် ဖြစ်နေပြီ" စသည်ဖြင့် တစ်ပါးနှင့်တစ်ပါး ချီးကျူးစကား ပြောဆိုကြရန်ဖြစ်သည်။ ဤသို့ပြောဆိုကြပါက လူများ ကြည်ညို သဒ္ဓါပွား၍ စားနပ်ရိက္ခာ ရှားပါးနေသည့် ကြားမှပင် မရှိ ရှိအောင် ကြံဆောင်ကာ ရဟန်းများအား ဆွမ်းလောင်းလှူလာဖွယ်ရှိကြောင်း တင်ပြလေသည်။

ထိုအဆိုကို သဘောတူ လက်ခံကြပြီးနောက် ရဟန်းများသည် လူတို့၏ ရှေ့တွင် တစ်ပါးနှင့်တစ်ပါး အမှန်တကယ်မရှိသော ဂုဏ်သိက္ခာဖြင့် ချီးကျူးပြောဆိုကြသည်။ လူတို့သည် ထိုရဟန်းတို့၏ စကားကို ယုံကြည်၍ "ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်များ၊ အရိယာပုဂ္ဂိုလ်များ" ဟု ထင်မှတ်ကြပြီး ဆွမ်း သင်္ကန်းစသော ပစ္စည်းများကို အလုအယက် လှူဒါန်း ကြသည်။ ရဟန်းများသည် လာဘ်လာဘ ပေါများ၍ စားကောင်းသောက်ဖွယ်တို့ကို စားသောက်ကြရသဖြင့် မကြာမီပင် ဝဖြိုးစိုပြည်၍ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီတင်းကျွတ်သောအခါ ထိုရဟန်းတို့သည် ဗုဒ္ဓရှင်တော်မြတ်အား ပူဇော်ကန်တော့ရန်အတွက် ဝေသာလီပြည် ကူဋာဂါရကျောင်းသို့ ရောက်လာကြသည်။ ဗုဒ္ဓသည် ရဟန်းတို့နှင့် တွေ့ဆုံ၍ အာလာပ သလ္လာပ စကားများကို မေးမြန်း ပြောဆိုတော်မူသည်။

"ရဟန်းတို့ ... သင်တို့သည် ဘယ်အရပ်မှ လာကြသနည်း"

"ဝဂ္ဂုမုဒါမြစ်ကမ်းမှ လာကြပါသည် ဘုရား"

"ဆွမ်း ကွမ်း မျှတကြပါ၏လော"

"မျှတကြပါသည် ဘုရား"

"အဘယ်သို့လျှင် ဆွမ်း ကွမ်း မျှတမှုကို ရရှိကြသနည်း"

ဗုဒ္ဓရှင်တော်မြတ်က ဤသို့မေးမြန်းသောအခါ ထိုရဟန်းတို့သည် ဆွမ်းကွမ်းမျှတမှု ရရှိရန်အတွက် လူတို့အား လှည့်ပတ်၍ ပြောဆိုခဲ့ကြရပုံကို ဖော်ထုတ်ဝန်ခံကြရတော့သည်။ ဗုဒ္ဓက ထိုရဟန်းတို့ကို များစွာ ကဲ့ရဲ့ ရှုတ်ချတော်မူလေသည်။

"အချည်းနှီးသော ယောကျ်ားတို့ ...၊ သင်တို့သည် ဝမ်းရေးဟူသော အကြောင်းကြောင့် မိမိတို့၌ အမှန်တကယ် မရှိသော ဈာန်မဂ်ဖိုလ်တရားဖြင့် လူတို့အား အဘယ်ကြောင့် လှည့်စား ပြောဆိုကြကုန်ဘိသနည်း။ အချည်းနှီးသော ယောကျ်ားတို့၊ ဈာန် မဂ်ဖိုလ်တရားဖြင့် လူတို့အား ဝါကြွားလှည့်ပတ်၍ ပြောဆိုသော ရဟန်းသည် ဤလောက၌ အကြီးမားဆုံးသော ခိုးသူဖြစ်၏"

ဗုဒ္ဓမြတ်စွာသည် ဝဂ္ဂုမုဒါ မြစ်ကမ်း၌ နေသော ရဟန်းတို့ကို ပြင်းထန်စွာ ကဲ့ရဲ့ရှုတ်ချတော်မူပြီး -

"ရဟန်းများသည် မိမိ၌မရှိသော ဈာန် မဂ်ဖိုလ်တရားဖြင့် လူတို့အပေါ် ဝါကြွား ပြောဆိုခြင်း မပြုရ" ဟူ၍လည်း သိက္ခာပုဒ်တစ်ရပ် ပညတ်တော်မူသည်။

"သီလမရှိသူ၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းသူ ဖြစ်ပါလျက် တိုင်းသူပြည်သူတို့က သဒ္ဓါကြည်ဖြူ ပေးလှူအပ်သောဆွမ်းကို စားသည်ထက် မီးတောက်မီးလျှံကဲ့သို့ ပြင်းပြစွာ ပူလောင်နေသော သံတွေခဲကို စားခြင်းသည်သာ၍ ကောင်းမြတ်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၂၂။ နိရယဝဂ်၊ ၃-ဝဂ္ဂုမုဒါ တီရိယ ဘိက္ခု ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# နွားသတ်သမား

သာဝတ္ထိပြည်၌ နန္ဒ အမည်ရှိသော နွားသတ်သမား တစ်ဦးရှိသည်။ သူသည် နေ့စဉ်မပြတ် နွားများကို သတ်ဖြတ်၍ အသားများကို ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလေသည်။ သူသည် မိမိကိုယ်တိုင်လည်း အမဲသားကို လွန်စွာကြိုက်နှစ်သက်သူဖြစ်၍ အမဲသားမပါဘဲ ထမင်းတစ်နပ်မျှ မစားချေ။

နန္ဒသည် အသက်နှစ်ဆယ် အရွယ်လောက်မှစ၍ နွားသတ်ခြင်းဖြင့် အသက်မွေးခဲ့ရာ အသက်ခုနစ်ဆယ်ကျော် အရွယ်သို့ ရောက်ရှိလာသည်။ ထိုမျှ ကြာညောင်းသည့် အချိန်ကာလအတွင်း ခေမက အမည်ရှိသော သားတစ်ယောက် ရရှိခဲ့သည်မှလွဲ၍ သူ့ဘဝသည် အပြောင်းအလဲ မရှိခဲ့။ နေ့စဉ် အနည်းဆုံး နွားတစ်ကောင်ကျသတ်ဖြတ်၍ အမဲသားကို ရောင်းချသည်။ သူကိုယ်တိုင်လည်း အမဲသား ဟင်းဖြင့်သာ ထမင်းနပ်မှန် စားခဲ့သည်။

ထိုအချိန် ကာလအတွင်း ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်သို့ ကြွရောက်လာပြီး အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန် ကျောင်းတော်၌ ၁၉ ဝါပတ်လုံး သီတင်းသုံးတော်မူသည်။ ဝိသာခါ ဆောက်လုပ် လှူဒါန်းသော ပုဗ္ဗာရုံ ကျောင်းတော်၌ ၆ ဝါပတ်လုံး သီတင်းသုံးတော်မူသည်။ ဤသို့ဖြင့် သာဝတ္ထိမြို့တော်၏ လမ်းများသည် ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာတို့၏ သင်္ကန်းရောင်ဖြင့် တပြောင်ပြောင် တောက်ပခဲ့သော်လည်း နန္ဒကား ဘုရားတရား အကြောင်းကို အနည်းငယ်မျှ စိတ်မဝင်စားခဲ့။ ဆွမ်းတစ်ဇွန်း၊ ဟင်းတစ်ခွက်မျှကိုလည်း လောင်းလှူခြင်း မပြုခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် နန္ဒသည် အမဲသားများကို ရောင်းချပြီးနောက် မောမောပန်းပန်း ဖြင့် မြစ်ဆိပ်သို့ ရေချိုးရန် ထွက်ခဲ့သည်။ ထိုအချိန်တွင် သူ့မိတ်ဆွေ တစ်ယောက် သည် သူ့အိမ်သို့ ရုတ်တရက် ဧည့်သည်များ ရောက်လာသောကြောင့် ဈေးသို့ သွား၍ အမဲသားဝယ်ရာ ဝယ်မရဘဲ ရှိလေသည်။ သို့ဖြစ်၍ ထိုသူသည် နန္ဒ၏ ဇနီးထံသို့ သွား၍ အမဲသား ကျန်ရှိပါက သူ့အား ရောင်းချရန် တောင်းပန်လေသည်။

နန္ဒ၏ဇနီးက အိမ်တွင် ချက်ရန်မှတစ်ပါး ရောင်းစရာ အမဲသား လုံးဝ မရှိတော့ကြောင်း ပြန်ပြောသည်။ သို့သော် ထိုမိတ်ဆွေက အိမ်တွင် ချက်ရန် ချန်ထားသော အမဲသားကိုပင် ဖွတ်အတင်း ဝယ်ယူသွားလေသည်။ ထို့ကြောင့် နန္ဒ၏ဇနီးမှာ ထိုနေ့ နေ့လယ်စာအတွက် ဟင်းသီးဟင်းရွက်များကိုသာ ချက်ပြုတ် ပြင်ဆင်ထားရတော့၏။

ရေချိုးရာမှ ပြန်လာသော နန္ဒသည် ထမင်းပွဲတွင် ထိုင်သည်နှင့် တစ်ပြိုင် နက် အမဲသားဟင်းကို မတွေ့ရသောကြောင့် အကြီးအကျယ် ဒေါသ ထွက်သွားလေ ၏။ ထို့ကြောင့် ဇနီးဖြစ်သူအား ချက်ချင်း လှမ်း၍ မေးလိုက်လေသည်။

"ဟေ့-ရှင်မ၊ ဒီနေ့ အမဲသားဟင်း ဘာ့ကြောင့် မချက်သလဲ"

"ကျွန်မတို့ ချက်ဖို့ထားတဲ့ အမဲသားကို ရှင့်မိတ်ဆွေတစ်ယောက်က အတင်း လာယူသွားလို့ပါ"

"အမဲသား မပါရင် ငါ ထမင်း မစားဘူးဆိုတာ မင်းမသိဘူးလား၊ ဒီအမဲ သားကို ရအောင်ပြန်တောင်းပါ"

ဇနီးဖြစ်သူက အကျိုးအကြောင်း ရှင်းပြ၍ တောင်းတောင်းပန်ပန် ပြောဆို ဖျောင်းဖျသော်လည်း နန္ဒကား နားမဝင်ချေ။ ထမင်းပွဲမှ ချက်ချင်း ထပြီး ဓား တစ်ချောင်းကို ဆွဲကာ အိမ်နောက်ဖေးသို့ တစ်ဟုန်ထိုး ဝင်သွားလေသည်။ ထို့နောက် မကြာမီအချိန်အတွင်း၌ပင် နွားလျှာတစ်ခုကို သွေးသံရဲရဲဖြင့် လက်ထဲ၌ ဆုပ်ကိုင် လာပြီး ဇနီးဖြစ်သူအား အမြန်ဆုံး ကင်ပေးရန် စေခိုင်းလေသည်။ ရသ်, တဏှာ လွှမ်းကဲသော နန္ဒသည် သနားကြင်နာစိတ် လုံးဝမရှိဘဲ အရှင်လတ်လတ် နွား တစ်ကောင်၏လျှာကို အရင်းမှ ရက်စက်စွာ ဖြတ်ယူခဲ့ခြင်း ဖြစ်ပေသည်။

ဇနီးဖြစ်သူသည် နွားလျှာကို မီး၌ ကျက်အောင်ကင်ပြီး နန္ဒ၏ ထမင်းပွဲ၌ ချပေးသည်။ နန္ဒသည် ပူပူနွေးနွေးဖြစ်သော နွားလျှာကို ချက်ချင်းကောက်၍ ပါးစပ် ထဲသို့ ထည့်လိုက်သည်။ ယင်းသို့ ထည့်လိုက်သည်နှင့် တစ်ပြိုင်နက် ပါးစပ်တစ်ခု လုံး ပြင်းပြစွာ ပူလောင်၍ နန္ဒ၏လျှာသည် အရင်းမှ ပြတ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒသည် ပါးစပ်မှ သွေးတသွင်သွင် ယိုစီးလျက် မခံမရပ်နိုင်လောက်အောင် ပြင်းပြသော ဆင်းရဲဝေဒနာကို ခံစားနေရသောကြောင့် အိမ်ဝင်းအတွင်း၌ မရပ်မနား ပြေးလွှားအော်ဟစ်၍ နေလေသည်။ သူ့ဇနီးနှင့် သားတို့မှာလည်း မည်သို့မျှ မတတ်နိုင်ကြသဖြင့် နန္ဒ၏အဖြစ်ကို မသက်မသာ ကြည့်ရှု၍ နေကြရသည်။

နန္ဒသည် နှစ်ပေါင်း ငါးဆယ်ကျော်ပတ်လုံး နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့သော မကောင်းမှုတို့၏ အကျိုးတရားကို ခုနစ်ရက်တိုင်တိုင် အရှင်လတ်လတ် ခံစားနေရလေသည်။ ထိုအခါ နန္ဒ၏ ဇနီးက သားဖြစ်သူ ခေမကအား ဤသို့ ပြောလေသည်။

"ချစ်သား ခေမက ... သင့်ဖခင်ရဲ့ အဖြစ်ကို သင် ကယ်နိုင်မည် မဟုတ်၊ လွတ်ရာကျွတ်ရာသို့ ပြေးပေတော့"

မိခင်တိုက်တွန်းသည့်အတိုင်း ခေမကသည် စိတ်မချမ်းမသာဖြင့် အိမ်မှထွက်ခဲ့ပြီး ခြေဦးတည့်ရာသို့ သွားခဲ့ရာ တက္ကသိုလ်ပြည်သို့ ရောက်သွားလေသည်။ နွားသတ်သမား နန္ဒကား ခုနစ်ရက်မြောက်သောနေ့တွင် သေလွန်၍ အဝီစိငရဲသို့ ကျရောက်လေသည်။

ခေမကသည် တက္ကသိုလ်ပြည်၌ ရွှေပန်းထိမ်သည် တစ်ဦးထံသို့ ချဉ်းကပ်၍ ပန်းထိမ်အတတ်ကို သင်ယူလေသည်။ ထိုအတတ်ကို တတ်မြောက်သောအခါ ရွှေပန်းထိမ်ဆရာက ခေမကကို သူ့သမီးနှင့် ထိမ်းမြားပေးလေသည်။

ခေမကသည် ရွှေပန်းထိမ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက် တက္ကသိုလ်ပြည်၌ပင် နေသည်။ နောင်အခါ၌ သူ့မှာ သားနှစ်ယောက်နှင့် သမီး တစ်ယောက် ရရှိလာသည်။ သားနှစ်ယောက်သည် အရွယ်ရောက်သောအခါ သာဝတ္ထိပြည်သို့ ပြန်သွားပြီး သာဝတ္ထိပြည်၌ပင် အိုးအိမ်ထူထောင်နေကြသည်။ ရတနာသုံးပါး၌ ကြည်ညိုသူများလည်း ဖြစ်လာကြသည်။

တက္ကသိုလ်ပြည်၌ သမီးနှင့် အတူနေခဲ့သော ခေမကမှာမူ တစ်သက်လုံး တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကိုမျှ မပြုဘဲ အဘိုးကြီးအဖြစ်သို့ ရောက်လာသည်။ ထိုအခါ သားနှစ်ယောက်က သူတို့အဖေကို သာဝတ္ထိပြည်သို့ ခေါ်လာပြီး "အဖေ့အတွက် အလှူလုပ်ကြမည်" ဟု ကြံ၍ ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ် ဆွမ်းကပ်ကြသည်။ ဆွမ်းကပ်ပြီးသောအခါ "တပည့်တော်တို့သည် ဤဆွမ်းကို ဖခင်အတွက် ကပ်လှူခြင်း ဖြစ်ပါသည်၊ တပည့်တော်တို့ ဖခင်အား အနုမောဒနာတရား ဟောကြားတော်မူပါ" ဟု ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာက အဘိုးကြီး ခေမကအား "ဥပါသကာ၊ သင်သည် ယခု ဖက်ရွက်ရော်ကဲ့သို့ အရေအသား ခြောက်ကပ်လာပြီ၊ သေမင်းတမန်တို့ကလည်း သင့်နားမှာ ရောက်နေကြပြီ၊ သင့်မှာ ကုသိုလ်ရိက္ခာလည်း မရှိသေး၊ မိမိ၏ မှီခို အားထားရာ ကုသိုလ်ကောင်းမှုကို ပြုလုပ် ဦးလော" စသည်ဖြင့် တရားဟော ကြားတော်မူသည်။ တရားအဆုံး၌ ခေမကသည် သောတာပတ္တိဖိုလ်၌ တည်လေ သည်။

ခေမက၏သားနှစ်ယောက်တို့သည် ဒုတိယနေ့တွင်လည်း ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်၍ ဆွမ်းကပ်ကြသည်။ ထိုနေ့တွင်လည်း ဗုဒ္ဓမြတ်စွာက ခေမက အား ရှေးနည်းတူ တရားဟောကြားတော်မူသည်။ ဤဒုတိယတရားကို ကြားနာရ သောအခါတွင်မူ ခေမကသည် အနာဂါမိဖိုလ်သို့ ရောက်သွားလေသည်။

(၁၈။ မလဝဂ်၊ ၁-ဂေါဃာတကပုတ္တ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# မိထွေးတော် ဂေါတမီ

## ရွှေတောင်ကြီး ပြိုလဲချိန်

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဘဝဇာတ်သိမ်း သွားသောအခါ ကပိလဝတ်ထီးနန်းကို ဆက်ခံမည့်သူ တစ်ပါးမျှ မရှိတော့ချေ။ သားတော်ကြီး သိဒ္ဓတ္ထမှာ ဘုရားအဖြစ်သို့ ရောက်ရှိ၍ သားတော်ငယ် နန္ဒနှင့် မြေးတော် ရာဟုလာတို့မှာလည်း သူ့နောက်သို့ပင် ပါသွားကြပြီဖြစ်၍ ရွှေနန်းတော်တွင်း၌ အထီးကျန် မိန်းမသားများချည်းသာ ရှိကြတော့သည်။ ထိုမိန်းမသားများတွင် မိထွေးတော် ဂေါတမီမှာ အကြီးအကဲ အရာ၌ တည်လျက် ချွေးမတော် ယသောဓရာနှင့် သမီးတော် ဇနပဒကလျာဏီ စသူတို့အား အားပေး ဖြေသိမ့်ခြင်းပြုကာ နေရလေသည်။

ယင်းသို့ နေရငြားသော်လည်း သားတော် ဘုရားနှင့် ပထမဦးဆုံး တွေ့စဉ်ကပင် အရိယာတို့၏အမြင်ကို တစ်စွန်းတစ်စ သိမြင်ထားပြီးဖြစ်သော မိထွေးတော်ကြီးသည် ရွှေနန်းတော်တွင်း၌ ပျော်မွေ့ခြင်း မရှိတော့။ သုဒ္ဓေါဒနမင်းကြီး အသက်ထင်ရှား ရှိစဉ်က မင်းကြီးကို အားကိုးပြု၍ နေခဲ့ရာ ယခုလို ရွှေတောင်ကြီး ပြိုလဲသွားချိန်တွင် မိန်းမသားတို့၏ သဘာဝအတိုင်း သူမကိုယ်တိုင်လည်း ဝမ်းနည်းကြေကွဲမှုကို မျိုသိပ်ခံစား နေရပေသည်။ ခမည်းတော်မင်းကြီး အသည်းအသန်ဖြစ်၍ သားတော်ဘုရား ကြွလာရာတွင် သားတော် နန္ဒနှင့် မြေးတော်ကလေး ရာဟုလာတို့ ပါမလာသည့်အတွက်လည်း စိတ်မကောင်း ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဝမ်းနည်း အားငယ် စိတ်ပျက်ဖွယ်ရာများကို ခံစားနေရသော မိထွေးတော်ကြီးသည် မင်းကြီး စျာပနကိစ္စ ပြီးစီးသောအခါ နောက်ပါ သာကီဝင် မင်းသမီး ငါးရာနှင့်အတူ နိဂြောဓာရုံ ကျောင်းတော်သို့ သွား၍ ဗုဒ္ဓရှင်တော်မြတ်အား ဤသို့ လျှောက်ကြားသည်။

"သားတော်မြတ်ဘုရား ...၊ အရှင်မြတ်၏ သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက် ထမ်းဆောင်ရန် ခွင့်ပြုတော်မူပါ ဘုရား"

"မယ်တော် ဂေါတမီ ...၊ သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက် ထမ်းဆောင်ရန် မတောင့်တပါလင့်"

မိမိက အားကိုးမျှော်လင့်ချက်ကြီးစွာဖြင့် တောင်းပန် လျှောက်ထားသော စကားကို သားတော်ဘုရားက နူးညံ့သိမ်မွေ့သော စကားလုံးများဖြင့် ငြင်းပယ်လိုက်သောကြောင့် မိထွေးတော် ဂေါတမီမှာ အခက်ကြုံရပြန်သည်။ မလျှော့သော စိတ်ဓာတ်ဖြင့် သုံးကြိမ်တိုင်အောင် ထပ်မံ လျှောက်ထားသော်လည်း ခွင့်ပြုချက် မရချေ။ သို့ဖြစ်၍ မပြည့်သောဆန္ဒ၊ မလှသော မျက်နှာဖြင့် နန်းတော်သို့သာ ပြန်ခဲ့ရလေသည်။

## ဘိက္ခုနီ သာသနာအစ

ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် ကပိလဝတ်ပြည်မှ ပြန်လည်ကြွသွားပြီး ဝေသာလီပြည် မဟာဝုန်တော်၌ သီတင်းသုံးနေတော်မူသည်။ ဗုဒ္ဓရှင်တော်မြတ် ဝေသာလီပြည်သို့ ပြန်ရောက်၍ မကြာမီမှာပင် သာကီဝင် အမျိုးသမီး ငါးရာနှင့် အတူ မိထွေးတော် ဂေါတမီသည်လည်း ဝေသာလီသို့ ရောက်လာသည်။ မိထွေးတော်တို့သည် မိမိတို့ ဘာသာဆံပင်များကို ရိတ်ဖြတ်ပြီး ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ကာ ဘိက္ခုနီ ရဟန်းမ အသွင်ဖြင့် ဗုဒ္ဓ နောက်တော်သို့ လိုက်လာကြခြင်း ဖြစ်လေသည်။

ဤသို့ ဘိက္ခုနီဘဝ အရယူရန် ပြင်းပြသော အားမာန်ဖြင့် လိုက်လာခဲ့ကြသော်လည်း ဝေသာလီသို့ ရောက်သောအခါ ဗုဒ္ဓရှေ့မှောက်သို့ ဝင်ရောက်ရန် မဝံ့မရဲ ဖြစ်နေကြသည်။ ထို့ကြောင့် ကျောင်းတော်၏ အဝင်အဝ တံခါးမုခ်တွင် စုတည်းချ၍ နေကြသည်။ မိထွေးတော်နှင့် အတူပါလာသော သာကီဝင် အမျိုးသမီး ငါးရာ



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ ကပိလနှင့် ကောလိယ နှစ်ပြည်ထောင်သားတို့ ရောဟိနီ မြစ်ရေကို အကြောင်းပြု၍ အငြင်းပွားသဖြင့် ဗုဒ္ဓကြွရောက် ဆုံးမစဉ်က ရဟန်း ပြုသွားကြသော သာကီဝင်မင်းသား ငါးရာတို့၏ ကြင်ရာသက်ထားများ ဖြစ်သည်။ သူမတို့သည် မိမိတို့၏ အားကိုးရာ ခင်ပွန်းယောက်ျားများ မရှိတော့သဖြင့် မိထွေးတော် ဂေါတမီနှင့် အတူ သာသနာ့ဘောင်သို့ ဝင်ရန် လိုက်ပါလာကြခြင်း ဖြစ်လေသည်။

မိထွေးတော်တို့ ရောက်လာသည့် သတင်းကို ကြားသိလျှင် ရှင်အာနန္ဒာသည် မိထွေးတော်ထံ ရောက်လာပြီး အကျိုးအကြောင်းကို မေးမြန်းလေသည်။ ယူဇနာ ငါးဆယ်ခန့်ဝေးသော ခရီးကြမ်းကို ဖြတ်သန်းလာခဲ့ရ၍ ခြေဖဝါးများ သွေးခြင်းခြင်းနီပြီး တစ်ကိုယ်လုံးတွင်လည်း မြူမှုန်များ လိမ်းကျံလျက်ရှိသော မိထွေးတော်ကို မြင်တွေ့ရလျှင် ရှင်အာနန္ဒာသည် လွန်စွာ သနားကရုဏာသက်ဝင်လျက် မိထွေးတော်ကိုယ်စား ဗုဒ္ဓထံ သွားရောက် တောင်းပန်လေသည်။

“အရှင်ဘုရား ...၊ မယ်တော် ဂေါတမီသည် သာကီဝင် အမျိုးသမီးငါးရာနှင့်အတူ ကျောင်းတော် တံခါးဝ၌ ရောက်နေပါသည်၊ ဘိက္ခုနီ ရဟန်းမဘဝကို ရယူလိုသဖြင့် ဆံပင်ကိုရိတ်ဖြတ်၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်လျက် ယူဇနာ ငါးဆယ်ခန့်ဝေးသော ခရီးကြမ်းကို ဖြတ်သန်းကာ တပင်တပန်းလိုက်လာခြင်း ဖြစ်ပါသည်။

“အရှင်ဘုရား ... ၊ တပည့်တော် တောင်းပန်ပါ၏၊ အမျိုးသမီးများအား သာသနာ့ဘောင်သို့ ဝင်ရောက်ခွင့် ပြုတော်မူပါဘုရား”

“အာနန္ဒာ ... သာသနာတော်၌ အမျိုးသမီးများ ဝင်ရောက်ထမ်းဆောင်ရန် မတောင့်တပါလင့်”

ဗုဒ္ဓသည် ရှေးနည်းတူပင် ရှင်အာနန္ဒာ၏ တောင်းပန်ချက်ကို ငြင်းပယ်တော်မူပြန်သည်။ သုံးကြိမ်တိုင် ထပ်၍ လျှောက်သော်လည်း အဖြေမှာ ထပ်တူထပ်မျှသာ ဖြစ်လေသည်။ သို့သော် ရှင်အာနန္ဒာက လက်မလျှော့ဘဲ စကားပရိယာယ် တစ်မျိုးပြောင်း၍ လေးကြိမ်မြောက် လျှောက်တင်ပြန်လေ၏။

“အရှင်ဘုရား ... မိန်းမသားတစ်ဦးသည် ဤသာသနာ့ဘောင်သို့ ဝင်ရောက်ရဟန်းပြုခြင်းဖြင့် မဂ်တရား ဖိုလ်တရားကို မျက်မှောက်ပြုခြင်းငှာ မထိုက်တန်ပါသလော”

“အာနန္ဒာ ... ထိုက်တန်ပေ၏”



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ...၊ ယင်းသို့ထိုက်တန်လျှင် မယ်တော်အား ရဟန်းပြုခွင့် ပေးသင့်ပါသည်၊ မယ်တော်သည် အရှင်မြတ်အား ငယ်စဉ်ကာလက နို့ချိုတိုက်၍ ကျွေးမွေးပြုစုခဲ့သူ ဖြစ်ပါသည်"

"အာနန္ဒာ ...၊ မယ်တော် ဂေါတမီသည် အကယ်၍ ဂရုဓံတရား ရှစ်ပါးကို ခံယူမည်ဆိုပါက ထိုသို့ခံယူခြင်းသည်ပင် ရဟန်းပြုခြင်း ဖြစ်ပါစေ"

## ဂရုဓံတရား ရှစ်ပါး

ဗုဒ္ဓမြတ်စွာ၏ နှုတ်တော်မှ လေးနက်စွာ မြွက်ကြားလိုက်သော စကားကို ကြားရသောအခါ ရှင်အာနန္ဒာသည် ဝမ်းမြောက်ဝမ်းသာဖြင့် မိထွေးတော် ရှိရာသို့ ဆောလျင်စွာ ပြန်လာခဲ့သည်။ ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားရသော မိထွေးတော်က ဂရုဓံတရား ရှစ်ပါးကို အကြွင်းမရှိ လက်ခံပါကြောင်း ဝန်ခံကတိ ပြုလေသည်။

"အရှင်ဘုရား အာနန္ဒာ ...၊ ဦးခေါင်း လျှော်ပြီး၍ လှပတင့်တယ်အောင် တန်ဆာဆင်ထားသော မိန်းမပျိုသည် မြတ်လေး စံပါယ် အစရှိသော ပန်းတစ်မျိုးမျိုး ကို ရရှိသောအခါ လက်နှစ်ဖက်ဖြင့် တရိုတသေ ခံယူ၍ ဦးခေါင်းထက်တွင် ပန်ဆင်ဘိသကဲ့သို့ ကျွန်ုပ်သည် ဤဂရုဓံတရား ရှစ်ပါးတို့ကို ရိုသေစွာ ခံယူ၍ တစ်သက်တာပတ်လုံး စောင့်ထိန်း လိုက်နာပါမည်"

ဤသို့ဖြင့် မိမိဘာသာ ဆံကေသာကို ရိတ်ဖြတ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ခဲ့သော မိထွေးတော် ဂေါတမီသည် တရားဝင်ဘိက္ခုနီရဟန်းမ အဖြစ်သို့ ရောက်သွားလေသည်။ ဤတွင် ဘိက္ခုနီများ လိုက်နာရန် ကြိုတင် ပညတ်ခဲ့သော ဂရုဓံတရား ရှစ်ပါးကား -

၁။ ဘိက္ခုနီသည် ဝါ,တစ်ရာပင် ရသည်ဖြစ်စေကာမူ ယနေ့မှ ရဟန်း ဖြစ်သော ဘိက္ခုအား အရိုအသေပေးရမည်။

၂။ ဘိက္ခု မရှိသော ကျောင်း၌ ဝါမဆိုရ။

၃။ လပြည့် လကွယ်နေ့တိုင်း ဘိက္ခုသံဃာထံ၌ ဥပုသ်နေ့ မေးလျှောက် ခြင်း၊ ဩဝါဒခံခြင်း ပြုရမည်။

၄။ ဝါကျွတ်သောအခါတိုင်း ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ နှစ်ရပ်လုံးထံ၌ မိမိအား ဆုံးမ ပြောဆိုရန် ဖိတ်ကြားတောင်းပန်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



၅။ ကြီးလေးသော အာပတ်သင့်လျှင် သံဃာနှစ်ရပ်လုံး ကျေနပ်အောင် ကျင့်ကြံ စောင့်ထိန်းရမည်။

၆။ ဘိက္ခုနီ ဖြစ်လိုလျှင် သိက္ခာပုဒ် ၆-ပါးကို နှစ်,နှစ် အစမ်းကျင့်ရမည်။

၇။ ဘိက္ခုတို့အား မည်သို့သော အကြောင်းကြောင့်မျှ ကြိမ်းမောင်း ဆဲဆိုခြင်း မပြုရ။

၈။ ဘိက္ခုတို့အား ပြောဆို ဆုံးမခြင်း မပြုရ ဟူ၍ ဖြစ်ပေသည်။

## ကန်ဘောင်ကို ကြိုတင်ဖို့ခြင်း

ရှင်အာနန္ဒာလည်း မိထွေးတော်ဂေါတမီက ဂရုဓံတရားရှစ်ပါးကို ခံယူလိုက်ပြီ ဖြစ်ကြောင်းကို ဗုဒ္ဓအား ပြန်ကြား လျှောက်တင်လေသည်။ ဗုဒ္ဓသည် အမျိုးသမီးများအား သာသနာ့ဘောင်သို့ ဝင်ရောက်ရန် တောင်းပန်ချက်ကို အကြိမ်များစွာ ငြင်းပယ်ခဲ့သည်မှာ လုံလောက်သော အကြောင်းရှိ၍သာ ဖြစ်သည်။ ထိုအကြောင်းများမှာလည်း လောကသဘာဝအရ ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စတစ်ရပ်ပင်ဖြစ်ပေသည်။ အမျိုးသားချည်းသက်သက်ရှိနေသော သာသနာ၌ အမျိုးသမီးများ ဝင်ရောက်လာလျှင် ရှုပ်ထွေးညစ်နွမ်းမှုများ ပေါ်ပေါက်လာပြီး သာသနာတည်တံ့ စည်ပင်ရေးကို ထိခိုက်လာနိုင်ပေသည်။ ထိုကဲ့သို့ မဖြစ်စေရန်အတွက် မိထွေးတော်ဂေါတမီအား ဂရုဓံတရားရှစ်ပါးကို ဝန်ခံစေပြီးမှ သာသနာဘောင်သို့ ဝင်ရောက်ရန် ခွင့်ပြုခဲ့ခြင်း ဖြစ်ပေသည်။ ဤအကြောင်းကို ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်ပင် ရှင်အာနန္ဒာအား ဖွင့်ဟမြွက်ကြားတော်မူခဲ့ပေသည်။

"အာနန္ဒာ ...၊ တစ်ဘက်ဆည် ကန်ကြီးမှ ရေများ ကျိုးပေါက်စီးထွက်ခြင်း မရှိသေးမီ ကန်ပေါင်ကို ကြိုတင်၍ ဆည်ဖို့ထားရာသကဲ့သို့ ထိုအတူပင် ငါဘုရားသည်လည်း သာသနာတော် ဆုတ်ယုတ်ပျက်စီးခြင်းမရှိစေရန် ဘိက္ခုနီ ရဟန်းမတို့အတွက် ဂရုဓံတရားရှစ်ပါးကို ကြိုတင်ပညတ်ထားရပေသည်"

ဗုဒ္ဓမြတ်စွာသည် မိထွေးတော် ဂေါတမီအား ဂရုဓံတရားရှစ်ပါးကို ဝန်ခံခြင်းဖြင့် ဘိက္ခုနီ ရဟန်းမ အဖြစ်ကို အသိအမှတ် ပြုခဲ့ရာ ထိုအရှင်မသည် ဤသာသနာတော်၌ ပထမဦးဆုံး တစ်ပါးတည်းသော ဘိက္ခုနီ ဖြစ်လာသည်။ သို့ရာတွင် မိထွေးတော်နှင့်အတူ လိုက်ပါလာသော သာကီဝင် မင်းသမီးငါးရာတို့အတွက် ဗုဒ္ဓက



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ မိန့်ကြားခြင်းမပြုသေး။ ထို့ကြောင့် ဂေါတမီက "ဤမင်းသမီး ငါးရာကို မည်သို့ ပြုလုပ်ရမည်နည်း" ဟု မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓက မင်းသမီး ငါးရာကို ဘိက္ခုသံဃာဖြင့် ကမ္မဝါဖတ်၍ ရဟန်း ပြုပေးရန် မိန့်ကြားတော်မူသည်။ ဤသို့ဖြင့် သူမတို့သည်လည်း ဘိက္ခုနီ ဘဝသို့ တရားဝင် ရောက်ရှိလာကြလေသည်။

ဂေါတမီ အရှင်မသည် မိမိ လိုလားတောင့်တသော ဘိက္ခုနီဘဝကို ရရှိပြီး နောက် ဗုဒ္ဓထံချဉ်းကပ်၍ ရာဂ ဒေါသ ကင်းကြောင်း၊ ဝဋ်ဆင်းရဲမှ လွတ်မြောက် ကြောင်း တရားကို ကြားနာ မှတ်သားသည်။ ဟောကြားသည့်အတိုင်းလည်း ကျင့်ကြံ အားထုတ်သည်။ သို့အားဖြင့် မကြာမီအချိန်ကာလအတွင်း၌ပင် ကိလေသာ ကင်းစင် သော ရဟန္တာအဖြစ်သို့ တက်လှမ်းလေတော့သည်။

## ဂေါတမီ၏ ဥပဇ္ဈာယ်ဆရာ

ဂေါတမီ အရှင်မကြီး ရဟန္တာမ ဖြစ်သွားသော်လည်း သူမနှင့် အတူ ဘိက္ခုနီ ပြုခဲ့သော သာကီဝင်အမျိုးသမီးငါးရာတို့မှာမူ တရားထူး မရကြသေးချေ။ စင်စစ် ထိုအမျိုးသမီးများ မိထွေးတော် ဂေါတမီနောက်သို့ လိုက်ခဲ့ကြခြင်းမှာ ဘိက္ခုနီ ပြုလိုခြင်း သက်သက်ကြောင့် မဟုတ်၊ မကြာမီက ရဟန်းပြုသွားခဲ့ကြသော မိမိတို့၏ 'မောင်တော်' များနှင့် တွေ့ဆုံလိုသော မျှော်လင့်ချက်ဖြင့် လိုက်ပါခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် ထိုအချိန်တွင် သူမတို့၏ မောင်တော်များမှာ အာသဝေါကင်းသော ရဟန္တာ များ ဖြစ်နေကြ၍ သူမတို့အပေါ် သံယောဇဉ်ပြတ်နေကြလေပြီ။ သို့ဖြင့် မျှော်လင့် ချက်လည်း မပြည့်ဝ၊ တရားထူးလည်း မရ ဖြစ်နေကြသော ထိုရဟန်းမ ငါးရာတို့ သည် တစ်နေ့တွင် ဂေါတမီ အရှင်မကြီးနှင့် ဝတ်သက်၍ သံသယမကင်းသော စကားကို ပြောဆိုနေကြလေသည်။

"အရှင်မတို့ ...၊ မယ်တော် ဂေါတမီသည် ငါတို့လို ဥပဇ္ဈာယ်ဆရာဖြင့် သိမ်တွင်း၌ ကမ္မဝါဖတ်၍ ဘိက္ခုနီပြုခဲ့ရသည် မဟုတ်၊ ထို့ကြောင့် ငါတို့သည် မယ်တော်ကြီးနှင့်အတူ ဥပုသ်ပြုရန် မသင့်"

ထိုဘိက္ခုနီမတို့၏ စကားမှာ တစ်စတစ်စ ကျယ်ပြန့်ကာ ဗုဒ္ဓမြတ်စွာထံသို့ ရောက်သွားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက "ဂေါတမီအား ဂရုဓမ်တရားရှစ်ပါးကို ငါဘုရားကိုယ်တိုင် ပေးခဲ့သည်၊ ထို့ကြောင့် ငါဘုရားသည်ပင် ဂေါတမီ၏ ဥပဇ္ဈာယ် ဆရာ ဖြစ်ပေသည်" ဟူ၍ ရှင်းလင်း မိန့်ကြားတော်မူသည်။ ထို့နောက် "အကြင်



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးဖြင့် တစ်စုံတစ်ခုသော မကောင်းမှုကို မပြုလုပ်မိအောင် စောင့်စည်း ထိန်းသိမ်း၏။ ထိုသူကို သူတော် သူမြတ်ဟု ဆိုအပ်ပေသည်'' ဟူသော တရားဒေသနာကိုလည်း ဟောကြားတော်မူလေသည်။ ယင်းဒေသနာမှာ မယ်တော်ကြီး ဂေါတမီသည် သာမန် ပုဂ္ဂိုလ်တစ်ပါး မဟုတ်တော့ဘဲ အရိယာနွယ်ဝင် သူတော်စင်ကြီးစင်စစ် ဖြစ်နေပြီဖြစ်ကြောင်း ဖော်ညွှန်းတော်မူလိုက်ခြင်းပင် ဖြစ်ပေသည်။

## ဘိက္ခုနီငါးရာ ကျွတ်တန်းဝင်

မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီးငါးရာတို့ ဘိက္ခုနီဖြစ်လာပြီးနောက် ဝါလကျွတ်သောအခါ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်မှ ထွက်ခွာ၍ သာဝတ္ထိပြည်သို့ ကြွချီတော်မူသည်။ ယင်းသို့ ကြွချီရာတွင် ဘိက္ခုနီများသည်လည်း တစ်ပါတည်း လိုက်ပါခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးစဉ် မထေရ်ကြီးများသည် ဘိက္ခုနီတို့အား တစ်လှည့်စီ ဆုံးမ ဩဝါဒ ပေးကြရသည်။ ယင်းသို့ မထေရ်ကြီးများ၏ တရားကို နေ့စဉ် ကြားနာနေရသော်လည်း ထိုဘိက္ခုနီတို့မှာ တရားဉာဏ် ပွင့်လင်းခြင်း မရှိကြသေးချေ။ အကြောင်းကား မိမိတို့၏ ခင်ပွန်းသည်ဟောင်းဖြစ်သော ရဟန်းများအပေါ်၌ သံယောဇဉ်နှောင်ကြိုးကို မပြတ်တောက်နိုင်ကြသောကြောင့်ဖြစ်ပေသည်။

တစ်နေ့သ၌ ဂေါတမီ အရှင်မကြီးသည် ဘိက္ခုနီ ငါးရာတို့ကို ဗုဒ္ဓထံ ခေါ်သွားပြီး တရားဓမ္မဟောပြရန် တောင်းပန်လေသည်။ ဗုဒ္ဓက ကိုယ်တော်တိုင် ဟောကြားခြင်းမပြုဘဲ အရှင်နန္ဒက မထေရ်ကို တာဝန်ပေးတော်မူသည်။ အရှင်နန္ဒကသည် ထိုဘိက္ခုနီတို့အား ရုပ်တရား၊ နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ သဘောကို ရှင်းလင်း ဟောပြတော်မူရာ ဘိက္ခုနီငါးရာလုံး အကျွတ်တရား ရရှိသွားကြလေသည်။

## သမီးတော် ဇနပဒ ကလျာဏီ

မယ်တော် ဂေါတမီ ရဟန်း ပြုသွားသောအခါ ကပိလဝတ်ပြည်၌ ကျန်ရစ်ခဲ့သော သမီးတော် ဇနပဒကလျာဏီသည် ခမည်းတော် မယ်တော်များနှင့် မောင်

www.burmeseclassic.com



တော် နန္ဒပါ မရှိတော့၍ ခြောက်သွေ့လှသော နန်းတော်၌ မပျော်မွေ့တော့ချေ။ ထို့ကြောင့် မိမိ၏ အခြွေအရံများနှင့်အတူ မယ်တော်ရှိရာသို့ လိုက်လာပြီး မယ်တော့်ထံ၌ လူဝတ်ကြောင်ဘဝဖြင့်ပင် နေထိုင်လေ၏။ ယင်းသို့ နေထိုင်၍ ခုနစ်ရက်ရှစ်ရက် ရှိသောအခါ မယ်တော်က ပြောဆိုဆုံးမ တရားပြသဖြင့် ဘိက္ခုနီဘဝသို့ ကူးပြောင်းလေသည်။ ထို့နောက် ရုပ်အဆင်းကို အကြောင်းပြု၍ ဟောကြားသော ဗုဒ္ဓ၏ တရားကို ကြားနာရသဖြင့် ရဟန္တာမ ဖြစ်သွားလေသည်။

## ယသောဓရာ လိုက်လာပြီ

ကပိလဝတ်ပြည်၌ နောက်ဆုံး ကျန်ရစ်သူမှာ ယသောဓရာ မင်းသမီး ဖြစ်၏။ သုဒ္ဓေါဒနမင်းကြီး နတ်ရွာစံ၍ ဂေါတမီ မိဖုရားကြီးနှင့်တကွ နန္ဒမင်းသား၊ သားတော် ရာဟုလာ စသူတို့လည်း ဗုဒ္ဓထံ ပါသွားကြလေပြီ။ သို့ရာတွင် သူမကား ထိုအချိန်တိုင်အောင် သာကီဝင်မျိုးတို့၏ စာတိမာန်ကို မလျှော့၊ "ဗုဒ္ဓထံမှ သားတော် ရာဟုလာကို ပြန်တောင်းပြီး ထီးနန်းဆက်ခံစေမည်၊ သို့မှသာ ဩက္ကာကမင်းကြီးမှ အစပြုခဲ့သော သာကီဝင်မင်းဆက် မပြတ်မည်၊ ပျားကောင်များ စွန့်ပစ်သွားသည့် ပျားအုံနှင့်တူသော ကပိလဝတ် ရွှေနန်းတော်သည်လည်း ပြန်လည် စည်ကားလာမည်" ဟု ကြံနေလေသည်။

သို့ဖြစ်၍ တစ်နေ့တွင် သူမသည် မူးမတ်ဗိုလ်ပါ အခြံအရံများဖြင့် ဗုဒ္ဓမြတ်စွာ ရှိရာ ရာဇဂြိုဟ်ပြည်သို့ ထွက်လာသည်။ ရာဇဂြိုဟ်ပြည်သို့ရောက်လျှင် ဗုဒ္ဓမြတ်စွာအား ဤသို့ လျှောက်ကြားလေသည်။

"ရှင်တော် မြတ်ဘုရားသည် မိမိ၏ အကျိုးစီးပွားကိုသာမကြည့်ဘဲ ဆွေတော်မျိုးတော်တို့၏ အကျိုးကိုလည်း ကြည့်သင့်ပါသည်၊ ယခုအခါ ကပိလဝတ်ပြည်သည် အရောင်အဝါ မရှိသော ကျောက်မျက်ရတနာကဲ့သို့ ထီးဆောင်းမင်း ကင်းမဲ့ကာ မျက်နှာငယ်လျက် ရှိပါသည်။ သားတော် ရာဟုလာကို သာသနာမှ ထွက်စေပြီး ထီးနန်းဆက်ခံစေမှသာ ဆွေတော်မျိုးတော်များလည်း အားကိုးရာ ရပါတော့မည်၊ ထို့ကြောင့် သားတော်ကို ကျွန်ုပ်တို့အား ပြန်ပေးတော်မူပါ"

"အချင်းယသောဓရာ ...၊ ငါသည် မိမိအကျိုးကိုသာ ကြည့်သည်မဟုတ်၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ အကျိုးကို အစဉ် ရှေ့ရှုခဲ့ပေသည်၊ သားတော်



www.burmeseclassic.com

www.burmeseclassic.com




ရာဟုလာအား ထိုးနှန်းတင်ခြင်းဖြင့် အကျိုးများမွယ် မရှိ၊ ဆင်းရဲဒုက္ခ တိုးပွားရုံသာ ရှိပေမည်''

ဗုဒ္ဓမြတ်စွာသည် ယသောဓရာအား ဤသို့ မိန့်ကြားပြီး လောကီအာရုံ ကာမဂုဏ်တို့၏ အပြစ်များကို ဟောကြားတော်မူသည်။ ထိုအခါ ယသောဓရာသည် တရားဉာဏ် သက်ဝင်၍ မောင်းမ အခြွေအရံတို့နှင့်အတူ ဓနပဒကလျာဏီ ထေရီမထံ၌ ဘိက္ခုနီ ပြုလုပ်လေသည်။ ထို့နောက် ကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်သဖြင့် မကြာမီ ရဟန္တာမ အဖြစ်သို့ ဆိုက်ရောက်လေ၏။

(၂၆။ ဗြာဟ္မဏဝဂ်၊ ၇-မဟာပဇာပတိ ဂေါတမီ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# ညီတော် အာနန္ဒာ

ဗုဒ္ဓမြတ်စွာ ကပိလဝတ်ပြည်သို့ ပထမအကြိမ် ကြွလာတော်မူပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်တော်မူသော အချိန်တွင် ရဟန်းပြုခဲ့သော သာကီဝင် မင်းသား များစွာတို့အနက် ရှင်အာနန္ဒာသည်လည်း တစ်ပါးအပါအဝင် ဖြစ်၏။ ရှင်အာနန္ဒာမှာ ဗုဒ္ဓ၏ ဘထွေးတော် အမိတောဒန မင်းကြီး၏ သားတော်ဖြစ်ပြီး ဗုဒ္ဓနှင့် တစ်နေ့ တစ်ရက်တည်းတွင် မွေးဖွားခဲ့သူလည်း ဖြစ်ပေသည်။ ထို့ကြောင့် ငယ်ရွယ်စဉ် ကာလမှစ၍ ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားအား နောင်တော်ရင်း တမျှ ချစ်ခင်လေးစားခဲ့သည်။ ရဟန်းဖြစ်လာသည့် အချိန်တွင်လည်း ဗုဒ္ဓထံပါး၌ နီးကပ်စွာနေ၍ ဝတ်ကြီး ဝတ်ငယ် အမျိုးမျိုးကို ပြုစုလုပ်ကျွေးခဲ့လေသည်။

## အလိုနည်းသော ဥပဇ္ဈာယ်ဆရာ

ရှင်အာနန္ဒာအား ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာမှာ အရှင်ဗေလဋ္ဌသီသ အမည်ရှိသော မထေရ် တစ်ပါးဖြစ်၏။ ထိုအရှင်သည် တောကျောင်း၌ နေထိုင်လျက် အချိန်ရှိသရွေ့ ဖလသမာပတ်ကို ဝင်စားခြင်းဖြင့် ပျော်မွေ့လေ့ရှိသည်။ ထိုအရှင်သည် အခြားရဟန်းများကဲ့သို့ နေ့စဉ် ဆွမ်းခံခြင်း မပြုဘဲ ငါးရက် ခြောက်ရက်ကြာမှ တစ်ခါ ဆွမ်းခံလေ့ရှိသည်။ ဆွမ်းခံသောနေ့တွင် ပိုလျှံသော ဆွမ်းများကို အခြောက်လှန်းထားပြီး နောက်နေ့များတွင် ထို ထမင်းခြောက်ဖြင့်သာ မျှတလေသည်။ ဤသို့ ပြုလုပ်ခြင်းမှာ ဆွမ်းကိစ္စအတွက် ဖလသမာပတ် ဝင်စားမှု မပျက်စေရန် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီတင်းသုံးဖော် ရဟန်းတို့သည် ၅-ရက်၊ ၆-ရက်ကြာမှ တစ်ကြိမ်သာ ဆွမ်းခံထွက်သော ရှင်ပေလဋ္ဌသီသကို တွေ့မြင်၍ မေးမြန်းကြသည်။

"ငါ့ရှင် ... သင်သည် အဘယ်ကြောင့် နေ့စဉ် ဆွမ်းခံ မထွက်ပါသလဲ"

အရှင် ပေလဋ္ဌသီသက ထိုရဟန်းတို့အား အမှန်အတိုင်း ထုတ်ဖော် ပြောကြားသည်။ ရဟန်းတို့က အရှင်ပေလဋ္ဌသီသကို "ရဟန်းဖြစ်လျက် ခဲဖွယ် ဘောဇဉ်တို့ကို သိုမှီးသိမ်းဆည်း၍ သုံးဆောင်ဘိသည်" ဟု ကဲ့ရဲ့ရှုတ်ချကြပြီး ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြလေသည်။ ထိုအခါ ဗုဒ္ဓက "ရဟန်းများသည် ခဲဖွယ် ဘောဇဉ်တို့ကို သိုမှီးသိမ်းဆည်း၍ သုံးဆောင်ခြင်း မပြုရ" ဟု ဝိနည်းဥပဒေတစ်ရပ် ပညတ်တော်မူသည်။ ထို့နောက် ရှင်ပေလဋ္ဌမှာ တရားကို သိမြင်ပြီးသူဖြစ်၍ ပစ္စည်းကို မက်မောတွယ်တာမှုဖြင့် သိုမှီး သိမ်းဆည်းခြင်း ပြုခဲ့သည် မဟုတ်ကြောင်း၊ ရဟန္တာတို့၌ ပစ္စည်းကို သိုမှီး သိမ်းဆည်းခြင်း မရှိတော့ကြောင်း ရှင်းလင်း မိန့်ကြားတော်မူသည်။

## မိတ်ကောင်း ဆွေကောင်း

အလိုရမ္မက် နည်းပါးလှသော ပုဂ္ဂိုလ်တစ်ဦးကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘဝသို့ ရောက်လာခဲ့သော ရှင်အာနန္ဒာသည် မိမိဘဝကို များစွာ ကျေနပ် အားရခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်၏ ဆုံးမဩဝါဒကို နာယူ၍ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြသော ရဟန်းများကိုလည်း ကြည်ညိုလေးစား တစိမ့်စိမ့် ပီတိပွားခဲ့ရသည်။ ထို့ကြောင့် တစ်နေ့တွင် ဗုဒ္ဓရှင်တော်မြတ်အား -

"အရှင်ဘုရား ... မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းရခြင်းသည် အကျင့်မြတ်၏ တစ်ဝက်ကို ပြီးစေပါသည်" ဟူ၍ လျှောက်ကြားလေသည်။ ဗုဒ္ဓရှင်တော်မြတ်ကမူ ရှင်အာနန္ဒာ၏ လျှောက်ကြားချက်ကို ထပ်ဆင့်တိုးမြှင့်ပြီး ဤသို့ မိန့်ကြားတော်မူသည်။

"အာနန္ဒာ ... ဤသို့ မဆိုလင့်၊ အာနန္ဒာ ဤသို့ မဆိုလင့်၊ မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်းမိခြင်းသည် အလုံးစုံသော အကျင့်မြတ်ကို ပြီးစေနိုင်၏။ သူတော်ကောင်းနှင့် ပေါင်းသင်းမိသော ရဟန်းသည်သာလျှင် မဂ္ဂင်ရှစ်ပါးကို ပွားများ ပေလိမ့်မည်။ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းနှင့် ပေါင်းသင်းမိခြင်းအား ဖြင့် များစွာသော သတ္တဝါတို့သည် အိုခြင်း နာခြင်း အစရှိသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြရပေသည်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်အာနန္ဒာသည် ရဟန်းဖြစ်လာသည့် အချိန်မှစ၍ ရဟန်းတရားကို ကြိုးစား အားထုတ်ခဲ့သည်။ တရားအားထုတ်၍ ဉာဏ်အမြင် ရင့်ကျက်လာသော အချိန်တွင် ဓမ္မကထိက ပုဂ္ဂိုလ်ကျော် တစ်ပါးဖြစ်သော ရှင်ပုဏ္ဏမထေရ်၏ ခန္ဓာငါးပါး တရားကို ကြားနာခဲ့ရသည်။ ထိုအရှင်မြတ်ကား ဗုဒ္ဓ၏တရားကို ပထမဦးဆုံး သိမြင်ခဲ့သော ရှင်ကောဏ္ဍည မထေရ်ကြီး၏ တူတော်ရင်းဖြစ်လေသည်။ ရှင်ကောဏ္ဍည မထေရ်ကြီးသည် သက်တော် ကြီးရင့်ပြီဖြစ်၍ ရဟန်းသံဃာတို့ အလယ်၌ မနေလိုသောကြောင့် ဟိမဝန္တာတောသို့ ကြွ၍ တစ်ပါးတည်း သီတင်း သုံးနေသည်။ မိမိကိုယ်တိုင်က သက်တော်ကြီးရင့်၍ ဗုဒ္ဓရှင်တော်မြတ်အား ဝတ်ကြီး ဝတ်ငယ် မပြုစုနိုင်သော်လည်း မိမိကိုယ်စား ပြုစုရန်အတွက် တူတော်ပုဏ္ဏလုလင်ကို ရဟန်းပြုပေးပြီး ဗုဒ္ဓထံပါး၌ ထားခဲ့သည်။ ထိုအရှင်ပုဏ္ဏသည် ကိုယ်တိုင် တရားကို သိမြင်ပြီး တစ်ပါးသူတို့ သိမြင်အောင်လည်း ဟောကြား ပြသနိုင်သဖြင့် ဓမ္မကထိက တေဒဂ် ဘွဲ့ထူးကိုပင် ရရှိခဲ့လေသည်။ ရှင်အာနန္ဒာသည် အရှင်ပုဏ္ဏ၏ တရားကို ကြားနာရသဖြင့် သောတာပန် အဖြစ်သို့ ရောက်ခဲ့လေသည်။

## ဗုဒ္ဓမြတ်စွာအား အမြဲ လုပ်ကျွေးခွင့်

ရှင်အာနန္ဒာသည် ရဟန်းပြုသည့် အချိန်မှစ၍ ဗုဒ္ဓမြတ်စွာ၏ ဝတ်ကြီးဝတ်ငယ် တို့ကို အခါအခွင့်ရတိုင်း ဆောင်ရွက်ခဲ့သည်။ ရှင်အာနန္ဒာမှတစ်ပါး ရှင်နာဂသမာလ၊ ရှင်နာဂိတ၊ ရှင်မေဃိယ စသော ရဟန်းများကလည်း ဗုဒ္ဓအား အခါအားလျော်စွာ လုပ်ကျွေးခဲ့ကြသည်။ ထိုအချိန်က ဗုဒ္ဓသည် ရှင်အာနန္ဒာကိုသော် လည်းကောင်း၊ အခြား ရဟန်းတစ်ပါးပါးကိုသော် လည်းကောင်း၊ အမြဲတမ်း အလုပ်အကျွေးအဖြစ် ဖြင့် သတ်မှတ်ခြင်း မပြုခဲ့။ သို့ရာတွင် ဝါတော်နှစ်ဆယ်ရ၍ သက်တော်ကြီးရင့်လာ သော အခါတွင်မူ အမြဲတမ်း လုပ်ကျွေးသော ရဟန်းတစ်ပါး သတ်မှတ်ထားရန် အကြောင်းကိစ္စများ ဖြစ်ပေါ်လာခဲ့သည်။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ကောသလတိုင်း အတွင်း၌ ဒေသစာရီ ကြွချီတော်မူရာ ရှင်နာဂသမာလ မထေရ်က အလုပ်အကျွေးအဖြစ်ဖြင့် နောက်တော်မှ လိုက်ပါသွားသည်။ လမ်းတစ်နေရာသို့ ရောက်သောအခါ လမ်းခွဲနှစ်ခုကို မြင်၍ ရှင်နာဂသမာလက "အရှင်ဘုရား၊ တပည့်တော်တို့ လက်ဝဲဘက်လမ်းခွဲဖြင့် သွား ကြပါစို့" ဟု လျှောက်ထားသည်။ ဗုဒ္ဓက "အချင်း နာဂသမာလ လက်ဝဲဘက် လမ်းကို သင် မနှစ်သက်လင့်၊ လက်ယာဘက် လမ်းဖြင့်သာ သွားကြအံ့" ဟု



www.burmeseclassic.com

www.burmeseclassic.com



မိန့်ကြားတော်မူသည်။ ဤသို့ သုံးကြိမ်တိုင် မိန့်ကြားသော်လည်း ရှင်နာဂသမာလက မနာယူဘဲ လက်ဝဲဘက်လမ်းဖြင့် သွားမည်ဟု ကြံလျက် ဗုဒ္ဓမြတ်စွာ၏ သပိတ် ပရိက္ခရာတို့ကို မြေပေါ်၌ ချထားခဲ့ရန် ပြင်လေသည်။ ထိုအခါ ဗုဒ္ဓက "အချင်း နာဂသမာလ ငါ့ဆီယူခဲ့ပါ" ဟု မိန့်ကြားပြီး သပိတ်ပရိက္ခရာတို့ကို ကိုယ်တိုင် သယ်ဆောင်ကာ တစ်ပါးတည်း ကြွသွားတော်မူခဲ့ရလေသည်။

လက်ဝဲဘက် လမ်းဖြင့်သွားသော ရှင်နာဂသမာလသည် တောအုပ်တစ်ခု အတွင်းသို့ ရောက်သောအခါ တောပုန်း လူဆိုးတို့နှင့် တွေ့၍ ရိုက်နှက် လုယက် ခြင်း ခံရလေသည်။ ထိုအခါ သူသည် သွေးသံရဲရဲဖြင့် ဗုဒ္ဓထံသို့ ပြန်လာပြီး အကြောင်းစုံကို လျှောက်ကြားလေသည်။ ဗုဒ္ဓက "အချင်း နာဂသမာလ၊ သတ္တဝါ တို့ အပေါ်၌ မေတ္တာတရားပွားပြီး သည်းခံစိတ် ထားပါလော့" ဟု မိန့်ကြားလျက် နှစ်သိမ့်အားပေးတော်မူခဲ့ရလေသည်။

အခါ တစ်ပါး၌လည်း ဗုဒ္ဓမြတ်စွာသည် စာလိက တောင်၌ သီတင်းသုံးတော် မူခဲ့ရာ ရှင်မေဃိယ မထေရ်က ဗုဒ္ဓအား လုပ်ကျွေးပြုစုနေလေသည်။ တစ်နေ့သ၌ ရှင်မေဃိယသည် ဗုဒ္ဓထံ၌ ခွင့်ပန်၍ ဇန္တုရွာသို့ ဆွမ်းခံကြွစဉ် ကိမိကာဠ မြစ်ကမ်း၌ စိမ်းလန်း စိုပြည်သော သရက် ဥယျာဉ်တစ်ခုကို တွေ့မြင်လေသည်။ ထိုအခါ ရှင်မေဃိယအား "ဤဥယျာဉ်သည် မွေ့လျော်ဖွယ်ရှိ၏၊ ဗုဒ္ဓအား ခွင့်ပန်ပြီး ဤဥယျာဉ်၌ တရားအားထုတ်ရသော် ကောင်းလေစွ" ဟု အကြံဖြစ်လေ၏။ ထို့နောက် သူသည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိအကြံဖြစ်ပုံကို လျှောက်ထားပြီး သရက် ဥယျာဉ်သို့ သွား၍ တရားအားထုတ်ခွင့် ပြုပါရန် တောင်းပန်သည်။ ဗုဒ္ဓက "အချင်း မေဃိယ၊ ယခု ငါဘုရားတစ်ပါးတည်း ဖြစ်နေ၏။ အခြား ရဟန်းတစ်ပါးပါး လာသည့်တိုင်အောင် စောင့်ပါဦးလော့" ဟု မိန့်ကြားတော်မူသည်။ ရှင်မေဃိယက "အရှင်ဘုရားမှာ တစ်ဆင့်တက်၍ အားထုတ်ပွားများရန် မရှိတော့သော်လည်း တပည့်တော်မှာမူ အားထုတ်ပွားများရန် ရှိနေပါသေးသည်၊ ထို့ကြောင့် သရက်ဥယျာဉ် သို့ တရားအားထုတ် သွားရန် ခွင့်ပြုတော်မူပါ" ဟု ထပ်မံ လျှောက်ပြန်သည်။

ဤသို့ သုံးကြိမ်တိုင် လျှောက်ထားသောအခါ ဗုဒ္ဓရှင်တော်မြတ်က "အချင်း မေဃိယ၊ တရားအားထုတ်ရန် ဆိုသောကြောင့် ငါဘုရား ဆက်တားမြစ်ရန် သင့် တော့မည် မဟုတ်၊ သင် သွားလိုက သွားပါတော့" ဟု မိန့်ကြားတော်မူလိုက် သည်။ ယင်းသို့ မိန့်ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ရှင်မေဃိယသည် ဗုဒ္ဓ၏ သပိတ် ပရိက္ခရာတို့ကို ထားခဲ့ပြီး သရက်ဥယျာဉ် ရှိရာသို့ ထွက်ခွာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာမှာ အလုပ်အကျွေး ရဟန်းတစ်ပါးမျှ မရှိတော့ဘဲ ကိုယ်တော် တစ်ပါး တည်း ကျန်ရစ်လေသည်။

သို့သော် ထိုနေ့ညနေ စောစောပိုင်းမှာပင် ရှင်မေဃိယသည် မျက်နှာ မသာမယာဖြင့် ပြန်ရောက်လာပြီး ဗုဒ္ဓအား ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် အရှင်မြတ်၏ တရားကို အမှန်တကယ် ယုံကြည်သက်ဝင်၍ ရဟန်းပြုခဲ့သူ ဖြစ်ပါသည်။ သို့ပါသော်လည်း ထိုသရက် ဥယျာဉ်၌နေ၍ တရားအားထုတ်သောအခါ မကောင်းသော ကြံစည်စိတ်ကူးမှု များကသာ တပည့်တော်၏စိတ်ကို လွှမ်းမိုး၍ လာပါသည်။ ထို့ကြောင့်ပင် ထိုသရက် ဥယျာဉ်၌ ဆက်လက် နေထိုင်ခြင်းမပြုဘဲ အရှင်ဘုရားထံသို့ နေ့ချင်းပြန်ရောက် လာခြင်း ဖြစ်ပါသည်ဘုရား"

ဗုဒ္ဓရှင်မြတ်စွာသည် ရှင်မေဃိယကို မည်သို့မျှ အပြစ်ဆိုတော်မမူ။ သမာဓိ မရင့်သန်သေးသူများမှာ ဤသို့ ဖြစ်တတ်ကြောင်း သိမြင်တော်မူပြီး ဖြစ်ပေသည်။ ထို့ကြောင့် မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းသင်း မှီဝဲနေသူများမှာသာ သီလ, သမာဓိ, ပညာ တိုးပွားနိုင်ကြောင်း၊ မိတ်ကောင်း ဆွေကောင်းနှင့် ကင်းကွာသူ များသည် ထိုတရားများ မတိုးပွားနိုင်ကြောင်း မိန့်ကြားတော်မူလေသည်။

အထက်ပါ ကိစ္စများ ဖြစ်ပေါ်ပြီး၍ သာဝတ္ထိပြည်သို့ ရောက်သောအခါ ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းသံဃာအပေါင်းကို စည်းဝေးစေပြီး ဤသို့ မိန့်ကြား တော်မူလေသည်။

"ရဟန်းတို့၊ ငါဘုရားသည် ယခုအခါ အသက်ကြီးရင့်ပြီ ဖြစ်၍ အမြဲ လုပ်ကျွေးသော ရဟန်းရှိမှ သင့်တော့မည်၊ ရဟန်းသံဃာ အများတွင် ငါဘုရားအား မကျိုးမန္တပြုသော ရဟန်းများလည်းရှိ၏၊ ထိုရဟန်းတို့သည် တစ်ခါတစ်ရံ ငါဘုရား ကို တစ်ပါးတည်း စွန့်သွားခဲ့ကြသည်၊ တပည့်သံဃာ အမြောက်အမြား ရှိပါလျက် သပိတ်သင်္ကန်းကို ငါကိုယ်တိုင် လွယ်သွားရလျှင် သင်တို့အပေါ် သူတော်ကောင်း တို့ ကဲ့ရဲ့ဖွယ်ဖြစ်လိမ့်မည်၊ ထို့ကြောင့် အမြဲ လုပ်ကျွေးနိုင်မည့် ရဟန်းတစ်ပါးကို ငါဘုရား အလိုရှိတော်မူ၏"

ထိုစကားကို ကြားလျှင် ရဟန်းသံဃာများ အလွန် ထိတ်လန့်တုန်လှုပ်သွား ကြသည်။ ရှင်သာရိပုတ္တရာ မထေရ်မှစ၍ အသီးသီးသော ရဟန်းတို့က ဗုဒ္ဓအား အမြဲ လုပ်ကျွေးခွင့်ရရှိရန် တောင်းပန်ကြသည်။ သို့သော် ရှင်အာနန္ဒာကမူ မည်သို့မျှ



www.burmeseclassic.com

www.burmeseclassic.com



မလျှောက်ဘဲ ဆိတ်ဆိတ်သာ နေလေသည်။ ဗုဒ္ဓရှင်တော်မြတ်သည် ရှင်သာရိပုတ္တရာစသော သာဝကကြီးများ၏ လျှောက်ကြားချက်ကို လက်မခံဘဲ "ရဟန်းတို့ ... အာနန္ဒာသည် ငါ့ဘုရားကို အလွန် ချစ်ခင်မြတ်နိုး၏။ လုံ့လ ဝီရိယနှင့်လည်း ပြည့်စုံ၏၊ အာနန္ဒာသည် ငါ့ကို အမြဲလုပ်ကျွေးလိမ့်မည်" ဟု မိန့်တော်မူလေသည်။

ထိုအခါ အရှင်အာနန္ဒာက နေရာမှ ထ၍ ဗုဒ္ဓအား ရှိသေစွာ ရှိခိုးပြီး -

"ဗုဒ္ဓမြတ်စွာသည် တပည့်တော်အား -

(၁) ဆွမ်းဖြင့် ချီးမြှောက်ခြင်း

(၂) သင်္ကန်းဖြင့် ချီးမြှောက်ခြင်း

(၃) ဂန္ဓကုဋိ တိုက်ခန်းထဲသို့ ဝင်၍ အိပ်စေခြင်း

(၄) ဆွမ်းစားပင့်သော ဒါယကာတို့အိမ်သို့ အမြဲတမ်း ခေါ်သွားခြင်း

ဟူသော အချက်လေးချက်ကို တပည့်တော် ငြင်းပယ်လိုပါသည်။

ထို့ပြင် -

(၁) တပည့်တော် လက်ခံထားသော ဆွမ်းဖိတ်ခြင်းကို ဗုဒ္ဓက လက်ခံတော်မူခြင်း

(၂) ပရိသတ်လေးပါးတို့က ဗုဒ္ဓမြတ်စွာကို ဖူးမြင်လို၍ တပည့်တော်မှတဆင့် ခွင့်တောင်းလျှင် ဗုဒ္ဓက လက်ခံတော်မူခြင်း

(၃) မေးလျှောက်ဖွယ် အကြောင်းကိစ္စရှိလျှင် ဗုဒ္ဓမြတ်စွာထံ အချိန်မရွေး တပည့်တော် ဝင်ရောက် မေးမြန်းခွင့်ရှိခြင်း

(၄) တပည့်တော်၏ မျက်ကွယ်၌ ဟောကြားခဲ့သော တရားများကို ဗုဒ္ဓမြတ်စွာက တပည့်တော်အား ပြန်၍ ဟောကြားခြင်း -

ဟူသော ဆုလေးပါးကိုလည်း တပည့်တော် တောင်းဆိုပါသည်။ ယခု လျှောက်ကြားခဲ့သည့် ပယ်အပ်သော ဆုလေးပါးနှင့် လိုအပ်သော ဆုလေးပါးကို ခွင့်ပြုတော်မူပါလျှင် တပည့်တော်သည် ဗုဒ္ဓရှင်တော်မြတ်ကို အမြဲတမ်း လုပ်ကျွေးလိုပါသည်" ဟူ၍ လျှောက်ကြားလေသည်။ ရှင်အာနန္ဒာ၏ တောင်းဆိုချက်များမှာ ရဟန်းရှင်လူတို့၏ ကဲ့ရဲ့မှုမှ ကင်းလွတ်၍ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် တောင်းဆိုခြင်းများ ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓက တောင်းဆိုသည့်အတိုင်း လိုက်လျော လက်ခံတော်မူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်အာနန္ဒာသည် ထိုနေ့မှစ၍ မျက်နှာသစ်ရေထည့်ခြင်း၊ သပိတ်သင်္ကန်း ပြင်ပေးခြင်း၊ အိပ်ရာနေရာ သန့်ရှင်းခြင်း စသော ဗုဒ္ဓမြတ်စွာ၏ ဝေယျာဝစ္စတို့ကို နေ့စဉ်မပျက် ရိုသေကျိုးနွံစွာ ဆောင်ရွက်သည်။ ထို့ကြောင့် နောင်အခါ၌ ဗုဒ္ဓမြတ်စွာက ရှင်အာနန္ဒာအား –

(၁) အကြားအမြင်များခြင်း

(၂) သတိရှိခြင်း

(၃) ပညာရှိခြင်း

(၄) ဝီရိယရှိခြင်း

(၅) မြတ်စွာဘုရားကို လုပ်ကျွေးပြုစုခြင်း

ဟူသော အရာ၌အနေ ငါးပါးတို့၌ ထူးကဲသာလွန်သူဖြစ်ကြောင်း ဧတဒဂ် ဘွဲ့ထူး ငါးပါးဖြင့် ချီးကျူးဂုဏ်ပြုတော်မူလေသည်။

ဓမ္မဘဏ္ဍာဂါရိက ရှင်အာနန္ဒာသည် အမြဲတမ်း လုပ်ကျွေးသူအဖြစ်ဖြင့် ဗုဒ္ဓ ကြွလေရာသို့ အရိပ်ပမာ လိုက်ပါခဲ့ရသည်။ ဗုဒ္ဓရှင်တော်မြတ်အားလည်း အသက်တမျှ ချစ်ခင်မြတ်နိုးခဲ့သည်။ တစ်ခါက ဒေဝဒတ်၏ တိုက်တွန်းချက်အရ ရာဇဂြိုဟ်ပြည် ရှင် ဘုရင်အဇာတသတ်က ဗုဒ္ဓဆွမ်းခံရာ လမ်းခရီး၌ နာဠာဂီရိဆင်ကို အရက်မူး အောင် တိုက်၍ လွှတ်စေသည်။ အရက်မူးနေသော ဆင်ကြီး ဗုဒ္ဓထံသို့ ရှေးရှု ပြေးလာသည်ကို နောက်တော် လိုက်ပါလာသော ရှင်အာနန္ဒာက မြင်၍ "ဆင်ကြီး ၏ အန္တရာယ်ကို ဗုဒ္ဓကိုယ်စား တပည့်တော် ရင်ဆိုင်ပါမည်" ဟု ဆိုကာ ရှေ့သို့ ဖွတ်အတင်း တက်လာသည်။ ဗုဒ္ဓက "အာနန္ဒာ ဖယ်ရှားလော့၊ ဖယ်ရှားလော့" ဟု မိန့်ကြားသော်လည်း မရသဖြင့် တန်ခိုးတော်ဖြင့် ဖယ်ရှားပစ်ခဲ့ရလေသည်။

ရှင်အာနန္ဒာသည် အမြဲတမ်း အလုပ်အကျွေး အဖြစ်ဖြင့် ဗုဒ္ဓဟောကြားသမျှ တရားဒေသနာတို့ကို ကြားနာ မှတ်သားခွင့် ရခြင်းသည် ထူးခြားသော အခွင့်အရေး တစ်ရပ်ဖြစ်၏။ သူ့မျက်မှောက်၌ ဟောကြားသော တရားဒေသနာတို့ကို တိုက်ရိုက် နာကြားခွင့်ရရှိပြီး မျက်ကွယ်၌ ဟောသော တရားများကိုမူ ဗုဒ္ဓကိုယ်တော်တိုင်က သူ့အား ပြန်လည် ဟောကြားတော်မူရလေသည်။ ဤအခွင့်အရေးကို တောင်းဆို ခြင်းမှာလည်း တစ်စုံတစ်ယောက်သော သူက "အရှင်အာနန္ဒာ ...၊ ဤသုတ် ဤဒေသနာကို ဘယ်မြို့ ဘယ်ဌာန၌ ဘယ်သူအား ဗုဒ္ဓ ဟောကြားခဲ့ပါသနည်း"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလျှင် ဖြေကြားနိုင်ရန် ဖြစ်ပေသည်။ ဤသို့သော မေးမြန်းချက်များကို မဖြေကြားနိုင်လျှင် ''ရှင်အာနန္ဒာသည် ဗုဒ္ဓနောက်တော်ပါးမှ အရိပ်ပမာ လိုက်နေသူ ဖြစ်ပါလျက် ဘယ်တရားကို ဘယ်မြို့မှာ ဟောကြောင်းကိုမျှ မှတ်သားခြင်းမပြု'' ဟု ရဟန်းရှင်လူတို့က ဝေဖန်ပြောဆိုကြပေလိမ့်မည်။ ဤသို့ ဗုဒ္ဓဟောကြားခဲ့သမျှ တရားတို့ကို မှတ်သား နာယူခဲ့ရသူ ဖြစ်ခြင်းကြောင့် ရှင်အာနန္ဒာအား ရဟန်းတို့က တရား ဘဏ္ဍာစိုး ''ဓမ္မဘဏ္ဍာဂါရိက'' ဟူ၍ အသိအမှတ် ပြုခဲ့ကြလေသည်။

## တိမ်ယောင်နှင့်နက်

ဗုဒ္ဓ ဟောကြားခဲ့သမျှ တရားတို့ကို ကြားနာ မှတ်သားခွင့် ရရှိသော ရှင်အာနန္ဒာသည် မိမိ ကြားနာ မှတ်သား ထားသော တရားဒေသနာတို့ကို အခါ အခွင့်သင့်တိုင်း ဆင်ခြင်သုံးသပ်ကြည့်လေ့ရှိသည်။ မိမိဉာဏ်အမြင်၌ မရှင်းလင်းသည့် အချက်များ တွေ့ပါကလည်း ဗုဒ္ဓထံ မဆိုင်းမတွ ချဉ်းကပ်၍ သံသယ ကင်းရှင်းအောင် မေးမြန်းလေ့ရှိသည်။ တစ်နေ့သ၌ ''ရှင်အာနန္ဒာသည် ''ပဋိစ္စ သမုပ္ပါဒ်'' ခေါ် ကြောင်းကျိုးဆက်တရားကို ဆင်ခြင် သုံးသပ်ကြည့်မိသည်။ ပဋိစ္စသမုပ္ပါဒ်တရား ဟူသည် အလွန်နက်နဲပြီး နက်နဲသော အသွင်အပြင်လည်း ရှိကြောင်း ရှင်အာနန္ဒာ သိရှိသည်။ သို့ရာတွင် ယခုမူ မိမိဉာဏ်အမြင်၌ ကြည်လင်ရှင်းလင်း၍ တိမ်တိမ်ကလေးကဲ့သို့ပင် ထင်လာသောကြောင့် များစွာ အံ့အားသင့်မိသည်။ ထို့ကြောင့် မဆိုင်းမတွပင် ဗုဒ္ဓထံ ချဉ်းကပ်၍ ထိုအကြောင်းကို ဖွင့်ဟလျှောက်ကြားလေသည်။

''အရှင်ဘုရား ... အံ့ဖွယ်ရှိပါပေစွ အရှင်ဘုရား၊ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ၊ ဤပဋိစ္စသမုပ္ပါဒ် တရားတော်သည် အလွန်လည်း နက်နဲပါ၏၊ အလွန်နက်နဲသော အသွင်လည်း ရှိပါ၏၊ သို့ဖြစ်ပါလျက် တပည့်တော်၏ ဉာဏ်တွင်မူ တိမ်တိမ် ကလေးကဲ့သို့ ထင်ပါသည်''

''အာနန္ဒာ ... ဤသို့ မဆိုလင့်၊ အာနန္ဒာ ... ဤသို့ မဆိုလင့်၊ ဤပဋိစ္စ သမုပ္ပါဒ် တရားသည် နက်လည်းနက်နဲ၏။ နက်နဲသောအသွင်လည်းရှိ၏။ အာနန္ဒာ ဤပဋိပစ္စသမုပ္ပါဒ် တရားကို မသိမြင်ခြင်းကြောင့်သာ သတ္တဝါအပေါင်းသည် သံသရာမှ မလွတ်မြောက်နိုင်ကြခြင်း ဖြစ်၏''



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသည် ဤသို့ မိန့်ကြားတော်မူပြီး ပဋိစ္စသမုပ္ပါဒ်တရား၏ နက်နဲပုံကို အကျယ်တဝင့် ရှင်းလင်း ဟောပြတော်မူသည်။ ထိုအခါတွင်မှ ရှင်အာနန္ဒာသည် ပဋိစ္စသမုပ္ပါဒ်တရား၏ နက်နဲပုံကို ကောင်းစွာ ဉာဏ်သက်ဝင်မိလေတော့သည်။

## နံ့သာ ပြဿနာ

အခါတစ်ပါး၌လည်း ရှင်အာနန္ဒာသည် ဆိတ်ငြိမ်ရာအရပ်၌ တစ်ပါးတည်း သီတင်းသုံးစဉ် ဤသို့ အကြံဖြစ်လေ၏။

"ဤလောက၌ 'အနှစ်နံ့သာ၊ အပွင့်နံ့သာ၊ အမြစ်နံ့သာ' ဟု နံ့သာသုံးမျိုး ရှိ၏။ ထိုနံ့သာ သုံးမျိုးတို့၏ မွှေးကြိုင်သော အနံ့တို့သည် လေအောက်သို့သာ သင်းပျံ့ကုန်၏။ လေအောက်သို့သာမက လေညာသို့ပါ သင်းပျံ့သော နံ့သာဟူ၍ ရှိကောင်းအံ့လော"

ယင်းသို့ အကြံဖြစ်ပြီးနောက် ရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ မိမိ ကြံစည် စိတ်ကူးမိပုံကို လျှောက်ကြားလေသည်။ ဗုဒ္ဓမြတ်စွာက "အာနန္ဒာ၊ လေကြောသို့သာမက လေညာသို့ပါ သင်းပျံ့မွှေးကြိုင်သော အနံ့သည် ဤလောက၌ အမှန်ပင် ရှိပေ၏" ဟု မိန့်ကြားတော်မူလျှင် ရှင်အာနန္ဒာက "ထိုအနံ့သည် အဘယ် ပါနည်း" ဟု မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓက အကျင့်သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ကောင်းသော ဂုဏ်သတင်းများသည် လေအောက် လေညာ နှစ်ဖြာ ဌာနသို့ မွှေးကြိုင်သင်းပျံ့ပုံကို ဤသို့ မိန့်ကြားတော်မူလေသည်။

"အာနန္ဒာ ...၊ ဤလောက၌ အကြင်သူသည် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စသော မကောင်းမှုတို့မှ ရှောင်ရှား၏။ ကိုယ်ကျင့်တရားကို စောင့်ထိန်းလျက် ဝန်တို မစ္ဆရိယ ကင်းသော စိတ်ဖြင့် မိမိအိမ်ထောင်ကို ကွပ်ကဲအုပ်ချုပ်နေ၏၊ ဆင်းရဲသူ ခိုးကိုးရာမဲ့သူတို့အား အချိန်အခါမရွေး ပေးကမ်း ထောက်ပံ့လေ့ရှိ၏။ သူတော်သူမြတ်တို့အားလည်း ရက်ရောစွာ လှူဒါန်းလေ့ရှိ၏၊ ထိုသူ၏ ဂုဏ်သတင်းကို အရပ်ဆယ်မျက်နှာ နေရာဌာနတိုင်းမှ ရဟန်းရှင်လူတို့က ချီးကျူးပြောဆိုကြကုန်၏၊ ထိုသူ၏ ဂုဏ်သတင်း သည် လေကြောသို့သာမက လေညာသို့ပါ သင်းပျံ့မွှေးကြိုင်လေ၏"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဗုဒ္ဓမြတ်စွာက သင်းပုံ့မွေးကြိုင်သော နံ့သာအမျိုးမျိုးတို့ထက် အကျင့်သီလတည်းဟူသော နံ့သာက သာလွန်ထူးမြတ်ပုံကို နှိုင်းယှဉ် ဟောကြားတော်မူသောအခါ ရှင်အာနန္ဒာမှာ လွန်စွာ နှစ်သက် ကျေနပ်သွားလေသည်။

ဥပုသ် ပြဿနာ

တစ်ရံရောအခါ ရှင်အာနန္ဒာအား ဗုဒ္ဓရှင်တော်မြတ်သည် ဝိပဿီ အစရှိသော ဘုရားခုနစ်ဆူတို့၏ မယ်တော်၊ ခမည်းတော်၊ သက်တော် အပိုင်းအခြား စသည်တို့ကို ဟောကြားတော်မူ၏။ ဥပုသ်ပြုပုံကိုကား ဟောကြားခြင်း မပြု၊ "ရှေးဘုရားရှင်တို့သည် အဘယ်သို့ ဥပုသ်ပြုကြလေသနည်း" ဟု အကြံဖြစ်လေ၏။ မိမိအကြံဖြစ်ပုံကို ဗုဒ္ဓမြတ်စွာထံ သွားရောက် လျှောက်ကြားသောအခါ ဗုဒ္ဓမြတ်စွာက ဘုရားရှင်တို့အနက် -

ဝိပဿီ မြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ် လည်းကောင်း၊

သိခီ မြတ်စွာဘုရားနှင့် ဝေဿဘူ မြတ်စွာဘုရားတို့သည် ခြောက်နှစ်တစ်ကြိမ် လည်းကောင်း၊

ကကုသန် မြတ်စွာဘုရားနှင့် ကောဏာဂုံ မြတ်စွာဘုရားတို့သည် တစ်နှစ်တစ်ကြိမ် လည်းကောင်း၊

ကဿပ မြတ်စွာဘုရားသည် ခြောက်နှစ်တစ်ကြိမ် လည်းကောင်း၊ ဥပုသ်ပြုတော်မူကြောင်း ဟောကြားတော်မူသည်။ ထိုဘုရားရှင်တို့ ဥပုသ်ပြုကြသည်ဆိုခြင်းမှာလည်း တပည့်သာဝကဖြစ်သော ရဟန်းသံဃာအပေါင်းကို စုဝေးစေပြီး -

"မကောင်းမှု ဟူသမျှကို မပြုခြင်း၊ ကောင်းမှုဟူသမျှကို ပြီးမြောက်စေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမပင်ဖြစ်ပေ၏"

စသော ဂါထာသုံးပုဒ်ဖြင့် ဆုံးမ ဩဝါဒပေးခြင်းပင် ဖြစ်ပေသည်။ ဘုရားရှင်တို့ ဥပုသ်ပြုရာတွင် ကာလအပိုင်းအခြားအားဖြင့် ကွဲပြားသော်လည်း တပည့်သာဝကတို့အား မြွက်ကြားသည့် ဩဝါဒမှာမူ ထပ်တူထပ်မျှပင်ဖြစ်ကြောင်း ဗုဒ္ဓရှင်တော်မြတ်က ရှင်အာနန္ဒာအား မိန့်ကြားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



## အာဓာနည် ပြဿနာ

အခါတစ်ပါး၌ကား ရှင်အာနန္ဒာသည် ''ဤလောက၌ ဆင်အာဇာနည်သည် ဆဒ္ဒန်ဆင်မျိုး၊ ဥပေါသထ ဆင်မျိုးတို့၌ ဖြစ်၏။ မြင်းအာဇာနည်သည် သိန္ဓောမြင်းမျိုး၊ ဝလာဟက မြင်းမျိုးတို့၌ဖြစ်၏။ နွားလား အာဇာနည်သည် ဒက္ခိဏာပထတိုင်း၌ ဖြစ်၏ဟုဆို၏။ ယောကျ်ားအာဇာနည်ကား အဘယ်အရပ်၌ ဖြစ်လေသနည်း'' ဟူ၍ ကြံစည်မိလေသည်။

ဤသို့ ကြံစည်မိပုံကို ဗုဒ္ဓမြတ်စွာထံ သွားရောက် လျှောက်ကြားသောအခါ ဗုဒ္ဓက ''ယောကျ်ားအာဇာနည်ဟူသည် အစွန်အဖျားကျသော ပစ္စန္တရစ် အရပ်တို့၌ မဖြစ်၊ ကမ္ဘာမြေပြင်၏ အချက်အချာကျသော 'မဇ္ဈိမဒေသ' တို့၌သာဖြစ်၏။ အကြင်အမျိုး၌ ယောကျ်ားအာဇာနည် ဖြစ်ပေါ်လာ၏၊ ထိုအမျိုးသည် ကြီးပွားချမ်းသာခြင်းသို့ ရောက်လေ၏'' ဟူ၍ မိန့်ကြားတော်မူသည်။

## ဗုဒ္ဓရောင်ဝါ

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဝိသာခါ ဒါယိကာမကြီး ဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ကောသလမင်းကြီးသည် သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းအချိန်တွင် မင်းဝတ်တန်ဆာငါးပါးကို တင့်တယ်စွာ ဝတ်ဆင်လျက် တရားနာယူရန် ဗုဒ္ဓရှင်တော်မြတ်ထံ ရောက်လာသည်။ ထိုအချိန်တွင် ရှင်ကာဠုဒါယီ မထေရ်သည်လည်း ဗုဒ္ဓမြတ်စွာ၏ ထံပါး၌ပင် ဈာန်သမာပတ် ဝင်စားနေတော်မူ၏။ ဝင်လုဆဲဆဲဖြစ်သော နေမင်းနှင့် ထွက်ပြူစဖြစ်သော လမင်းတို့၏ အရောင်အဝါများကလည်း အပြိုင်အဆိုင် ထွန်းလင်းတောက်ပလျက် ရှိကြသည်။

ထိုအခါ ဗုဒ္ဓထံပါး၌ ခစားလျက် ရှိသော ရှင်အာနန္ဒာသည် မင်းဝတ်တန်ဆာငါးပါးနှင့် ပြည့်စုံသော ပြည့်ရှင်မင်း၊ ဈာန်ဝင်စားသော ရဟန္တာနှင့် နေလတို့၏ အလယ်တွင် ဗုဒ္ဓရှင်တော်မြတ်၏ အရောင်အဝါတို့ကသာ ထူးကဲသာလွန်စွာ တင့်တယ်တောက်ပလျက်ရှိသည်ကို တွေ့မြင်မိလေသည်။ ဤအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ကြားရာ ဗုဒ္ဓက ဤသို့ မိန့်ကြားတော်မူလေသည်။

''အာနန္ဒာ ...၊ နေသည် နေ့အခါ၌သာ တောက်ပ၏။



www.burmeseclassic.com

www.burmeseclassic.com



လသည် ညအခါ၌သာ တောက်ပ၏။

ပြည့်ရှင်မင်းသည် မင်းဝတ်တန်ဆာ ဝတ်ဆင်ထားမှသာ တင့်တယ်၏။

အရိယာသူတော်စင်သည် ဈာန်သမာပတ် ဝင်စားနေမှသာ တင့်တယ်၏။

ဗုဒ္ဓမြတ်စွာသည်ကား နေ့ရောညပါ အချိန်အခါမရွေးပင် တင့်တယ် တောက်ပပေ၏''

## ဗုဒ္ဓ၏ အားပေးစကား

ဤသို့ဖြင့် ရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာအား လွန်စွာ ကြည်ညိုမြတ်နိုးလျက် သက်တော်ထင်ရှားရှိသော ကာလပတ်လုံး ဝတ်ကြီးဝတ်ငယ် အမျိုးမျိုးကို ပြုစုဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဟောကြားသည့် တရားဒေသနာ မှန်သမျှကိုလည်း နာယူမှတ်သားခဲ့သည်။ သို့သော်ငြားလည်း သူသည် ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်ကာလအတွင်း ရဟန်းကိစ္စ၏ အထွတ်အထိပ်သို့ မရောက်ခဲ့။ သောတာပန်အဆင့်မှ အထက်သို့ တက်လှမ်းခြင်း မပြုနိုင်ခဲ့။ ထို့ကြောင့် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း၌ ဗုဒ္ဓမြတ်စွာ နိဗ္ဗာန်စံဝင်တော့မည်ဟု ဆိုသောအချိန်တွင် ရှင်အာနန္ဒာသည် ဝမ်းပန်းတနည်း ငိုကြွေးခဲ့လေသည်။

ရှင်အာနန္ဒာ ငိုကြွေးနေကြောင်း ကြားသိလျှင် ဗုဒ္ဓမြတ်စွာက ခေါ်၍ နှစ်သိမ့်အားပေးစကား မိန့်ကြားတော်မူလေသည်။

''အာနန္ဒာ .... မငိုကြွေးလင့်၊ ပျက်စီးခြင်း သဘောရှိသော အရာတို့ကို မပျက်စီးပါစေနှင့်ဟု တောင့်တ၍မရ၊ သင်သည် ငါဘုရားကို အတိုင်းအဆမရှိသော မေတ္တာဖြင့် ကာလကြာမြင့်စွာ လုပ်ကျွေးပြုစုခဲ့၏။ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့သူဖြစ်၏။ ကမ္မဋ္ဌာန်းသာ အားထုတ်ပါ၊ လျင်မြန်စွာ ရဟန္တာ ဖြစ်ပါလိမ့်မည်''

## သံဂါယနာနှင့် နောက်ပိုင်း

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူသောအခါ ဗုဒ္ဓ ဟောကြားခဲ့သော တရားမွေအားလုံးကို မပျောက်ပျက်အောင်စုစည်း၍ သံဂါယနာတင်ရန် ရှင်မဟာကဿပ



www.burmeseclassic.com

www.burmeseclassic.com



မထေရ်ကြီးက စတင် ကြိုးပမ်းတော်မူသည်။ ဤကိစ္စကို သံဃာအလယ်၌ တင်ပြဆွေးနွေး၍ သံဃာအားလုံး၏ သဘောတူညီချက်ဖြင့် သံဂါယနာတင်ရာတွင် ပါဝင်မည့် ရဟန်းငါးရာကို ရွေးချယ်ကြရာ ရှင်အာနန္ဒာလည်း တစ်ပါးအပါအဝင် ဖြစ်ခဲ့သည်။ အမှန်စင်စစ် ထိုရဟန်းငါးရာတို့တွင် ရှင်အာနန္ဒာမှတစ်ပါး (၄၉၉)ပါးသော ရဟန်းတို့မှာ ကိလေသာ ကင်းစင်ပြီးသော ရဟန္တာအရှင်မြတ်ကြီးများသာ ဖြစ်ကြသည်။ ရှင်အာနန္ဒာကိုကား သောတာပန်မျှသာ ဖြစ်သော်လည်း ဗုဒ္ဓ၏ မုခပါဌ် တရားဒေသနာ ဟူသမျှကို ကြားနာ မှတ်သားခဲ့သူဖြစ်၍ အထူးဝိသေသပြုကာ ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။

သံဂါယနာတင်ပွဲကို ရာဇဂြိုဟ်ပြည် ဝေဘာရ တောင်စောင်းရှိ စရည်းပင်လိုဏ်ဂူ၌ ဝါခေါင်လပြည့်နေ့တွင် စတင်ကျင်းပသည်။ သံဂါယနာတင်ပွဲ မစမီ နှစ်ရက်သုံးရက်ကပင် ကြိုတင်၍ အချို့သော မထေရ်ကြီးတို့က ရှင်အာနန္ဒာအား သတိပေးကြသည်။

“ငါ့ရှင်အာနန္ဒာ ...၊ သံဂါယနာတင်ပွဲနီးပြီ၊ ရဟန္တာပရိသတ်သို့ ရဲရဲဝံ့ဝံ့ ဝင်နိုင်ရန် ရဟန်းတရားကို မမေ့မလျော့ အားထုတ်ပါလော့”

ထိုမထေရ်ကြီးတို့၏ သတိပေး တိုက်တွန်းချက်အရ ရှင်အာနန္ဒာသည် ဝါခေါင်လပြည့် အဖိတ်နေ့ညတွင် စောင့်တန်းအတွင်း၌ လူးလာခေါက်ပြန် စင်္ကြံသွားလျက် ကမ္မဋ္ဌာန်းတရားကို ပွားများလေသည်။ ဤသို့ ပွားများသော်လည်း သန်းခေါင်ယံ ကျော်လွန်သည့်တိုင်အောင် တရားထူး နိမိတ်ကား အရိပ်အယောင်မျှပင် မပေါ်ခဲ့။ ထိုအခါ ရှင်အာနန္ဒာသည် “ငါသည် ဝီရိယ လွန်ကဲ၍ စိတ်ပျံ့လွင့်နေဟန် ရှိ၏။ ဝီရိယနှင့် သမာဓိကို မျှတစေအံ့” ဟု ကြံ၍ စင်္ကြံမှဆင်းသက်ပြီး အနားယူရန်အတွက် မိမိအိပ်စက်ရာ ညောင်စောင်းထက်တွင် လဲလျောင်းလိုက်လေသည်။ ဤသို့ လျောင်းလိုက်စဉ် ခြေနှစ်ဖက် ကြမ်းပြင်မှ လွတ်၍ ဦးခေါင်းလည်း ခေါင်းဦးပေါ်သို့ မကျမီ အတွင်းမှာပင် ကိလေသာ အာသဝ လုံးဝကင်းစင်ပြီး ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။

ဤသို့ဖြင့် ရှင်အာနန္ဒာသည် သံဂါယနာတင် သံဃာ အစည်းအဝေးပွဲ၌ ရဟန္တာပုဂ္ဂိုလ် အဖြစ်ဖြင့် ပါဝင်နိုင်ခဲ့လေသည်။ သုတ္တန်နှင့် အဘိဓမ္မာတရားများကိုလည်း ရှင်အာနန္ဒာကိုပင် အဓိကနေရာ၌ထား၍ သံဂါယနာ တင်လေသည်။ ထိုသံဂါယနာတင်ပွဲကြီးသည် ခုနစ်လအကြာတွင် အောင်မြင်စွာ ပြီးဆုံးခဲ့လေသည်။ သံဂါယနာ



www.burmeseclassic.com

www.burmeseclassic.com



တင်ပွဲကြီး ပြီးဆုံးသောအခါ ရှင်အာနန္ဒာသည် ငါးရာသော ရဟန်းသံဃာတို့အား ပရိယတ် ပဋိပတ်တရားများကို သင်ကြားပို့ချလျက် ရာဇဂြိုဟ်၊ သာဝတ္ထိ စသော တိုင်းနိုင်ငံတို့၌ အခါအားလျော်စွာ လှည့်လည် သီတင်းသုံးတော်မူသည်။ အထူးအားဖြင့် မိမိ၏ ဇာတိဌာနဖြစ်သော ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်တို့ကြားရှိ ရောဟိနီမြစ်ကမ်း၌ အများဆုံး သီတင်းသုံးတော်မူလေသည်။ သက်တော် တစ်ရာ့နှစ်ဆယ် ပြည့်၍ ပရိနိဗ္ဗာန်စံသောအခါ၌လည်း ထိုမြစ်ကမ်းမှာပင် ပရိနိဗ္ဗာန် စံတော်မူခဲ့လေသည်။

(၄။ ပုပ္ဖဝဂ်၊ ၉-အာနန္ဒထေရ ပဉ္စဝတ္ထုနှင့် အခြား
သက်ဆိုင်ရာ ဝတ္ထုများကို ပေါင်းစပ်ရေးသားပါသည်)

www.burmeseclassic.com

www.burmeseclassic.com

# အတောင်ကျိုးသည့် ကြိုးကြာငှက်

ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်ဝသည့် မဟာဓနအမည်ရှိသော သူဌေးကြီးတစ်ဦး ရှိသည်။ ထိုသူဌေးကြီး၏ သူဌေးကတော်မှ သားတစ်ယောက်သာ မွေးဖွားသည်။ သူဌေးကြီး ဇနီးမောင်နှံတို့သည် သူတို့မှာ သုံးစွဲ၍ မကုန်နိုင်သော ပစ္စည်းဥစ္စာများ ရှိနေပြီဖြစ်၍ တစ်ဦးတည်းသော သားငယ်အား အသက်မွေးဝမ်းကျောင်းအတွက် တစ်စုံတစ်ခုသော အတတ်ပညာကိုမျှ သင်ကြားမပေးကြချေ။ အချိန်ရှိသမျှ ပျော်ပျော်ပါးပါးနေရန် အဆို အကများကိုသာ လေ့လာ လိုက်စားစေကြလေသည်။

ဗာရာဏသီပြည်၌ပင် ကုဋေရှစ်ဆယ် ကြွယ်ဝသည့် တခြား သူဌေးတစ်ယောက်လည်း ရှိသေး၏။ ထိုသူဌေးမှာမူ သမီးတစ်ယောက်သာ ထွန်းကားလေသည်။ ထိုသူဌေးသမီးကိုလည်း မိဘများက အတတ်ပညာ သင်ကြားပေးခြင်း မပြုဘဲ အဆိုအကများဖြင့်သာ ပျော်သလိုနေခွင့် ပြုထားကြလေသည်။

အရွယ်ရောက်လာသော သူဌေးသားနှင့် သူဌေးသမီးတို့ကို နှစ်ဖက်သော မိဘတို့က 'ရွှေနှင့် ရွှေကို ဂဟေဆက်' သည့် အနေဖြင့် ထိမ်းမြား လက်ထပ်ပေးလိုက်ကြသည်။ ရှေ့သွားနောက်လိုက် ညီညွတ်လှသော ထိုဇနီးမောင်နှံသည် အိမ်ထောင်သည်ဘဝသို့ ရောက်လာသော်လည်း စီးပွားရေးကိစ္စများကို စိတ်ဝင်စားခြင်း မရှိကြ။ နေ့ရှိသရွေ့ စားလိုက်သောက်လိုက် ပျော်လိုက်ပါးလိုက်ဖြင့်သာ အချိန်ကုန်၍ နေကြလေသည်။

ဇယ်ဦးဟာယ

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ နေကြစဉ် နှစ်ဖက်သော မိဘများသည် သက်ရှယ်ကြီးရင့်သဖြင့် တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်သွားကြလေသည်။ ထိန်းကျောင်းကွပ်ကဲမည့် မိဘများ မရှိတော့သောအခါ သူဌေးသား ဇနီးမောင်နှံတို့သည် အကွပ်မရှိသော ကြမ်းကဲ့သို့ ပရမ်းပတာ နေထိုင်လျက် ရှိသမျှပစ္စည်းဉစ္စာများကို ထင်သလို သုံးဖြုန်း နေကြလေသည်။

ထိုအခါ ဗာရာဏသီမြို့ပေါ်၌ လှည့်လည် သောက်စားနေသော သေသောက် ကြူး တစ်စုတို့သည် ထိုသူဌေးသားကိုမြင်လျှင် "ဒီသူဌေးသား တို့အဖွဲ့ထဲ ပါလာရင် တို့ထင်သလို သုံးဖြုန်းစားသောက်နိုင်မှာပဲ" ဟု စဉ်းစားမိကြသည်။

ထိုသို့ စဉ်းစားမိပြီးနောက် ထိုသေသောက်ကြူးတို့သည် နောက်တစ်နေ့တွင် သူဌေးသား သွားနေကျ လမ်းဘေး၌ ကြီးကျယ် ခမ်းနားသော သေသောက်ပွဲကြီး တစ်ခုကို တပျော်တပါး ဆင်နွဲကျင်းပနေကြသည်။ ဘုရင့်နန်းတော်သို့ အခစားဝင်ရန် လာသော သူဌေးသားကို မြင်သည်နှင့် တစ်ပြိုင်နက် သေသောက်ကြူးတို့က သေရည် ခွက်များကို မြှောက်၍ 'သူဌေးမင်း အသက်ရာကျော် ရှည်ပါစေ' ဟု ကြွေးကြော် နှုတ်ဆက်ကြလေသည်။

ထိုအခါ သူဌေးသားသည် သေသောက်ကြူးများ အပေါ်၌ စိတ်ဝင်စားလာ ပြီး သူ့နောက်မှ လိုက်လာသော တပည့်လုလင်ကို မေးလေသည်။

"အချင်း လုလင် ...၊ ဒီလူတွေ ဘာသောက်နေကြတာလဲ"

"သေအရက်ဖြစ်ပါတယ် သူဌေးမင်း"

"သေအရက်ဆိုတာ သောက်လို့ ကောင်းသလား"

"အလွန်ကောင်းပါတယ် သူဌေးမင်း၊ သေအရက်မှ မသောက်ဖူးတဲ့လူဟာ လူဖြစ်ကျိုး မနပ်ဘူးလို့ ထင်ပါတယ်"

အမှန်စင်စစ် သူဌေး၏ တပည့်လုလင်ကို သေသောက်ကြူးတို့က ကြိုတင် စည်းရုံးထားသဖြင့် ဤသို့ ပြောဆိုခြင်းဖြစ်၏။ သို့သော် အမြော်အမြင် နည်းပါး လှသော သူဌေးသည် ထိုလုလင်၏ စကားကို အဟုတ် ထင်မှတ်သွားသည်။ ထို့ကြောင့် အိမ်ပြန်ရောက်သောအခါ သေသောက်ကြူးတို့ထံမှ သေအရက် အနည်း ငယ်ကို တောင်းယူစေပြီး အစမ်းသဘောဖြင့် သောက်ကြည့်လေသည်။ ထိုနေ့မှစ၍ သေသောက်ကြူးတို့သည် စားသောက်ဖွယ် အမဲသားငါးများနှင့်တကွ သေအရက်



www.burmeseclassic.com

www.burmeseclassic.com



ကို သူဌေးအိမ်သို့ နေ့စဉ် ပို့ပေးကြသည်။ သူဌေးသားလည်း တစ်စတစ်စဖြင့် သေအရက်ကို စွဲလာပြီး သေသောက်ကြူးများကို သူ့အိမ်သို့ ဖိတ်၍ နေ့စဉ်မပြတ် သေသောက်ပွဲကြီး ကျင်းပလေသည်။

သို့အားဖြင့် သူဌေးအိမ်မှာ အသောက်သမားတို့၏ ပျော်ပွဲစားရုံ ဖြစ်လာသည်။ အသောက်သမားများမှာလည်း တစ်နေ့တခြား အရေအတွက် တိုးလာသည်။ ထို စားစရိတ် သောက်စရိတ် များကို သူဌေး တစ်ဦးတည်းကသာ ဒိုင်ခံ၍ ထုတ်ပေး နေရာ နေ့စဉ် ထောင်နှင့် ချီ၍ ကုန်ကျလေသည်။ သေသောက်ပွဲကြီးနှင့် တစ်ဆက် တည်းပင် ကပွဲ ဆိုပွဲနှင့် လောင်းကစားပွဲ အမျိုးမျိုး ပါလာသည်။ ထို့ကြောင့် သူဌေးအိမ်မှ ပစ္စည်းဥစ္စာများ နေ့စဉ် ဒလဟော ထွက်နေလေသည်။

ဤသို့ ရက်လကြာသောအခါ မကုန်နိုင် မခန်းနိုင်ဟု ထင်ရသော ပစ္စည်းဥစ္စာ များ မကျန်သလောက် ဖြစ်သွားသည်။ ထိုအခါ လယ်ယာဥယျာဉ်များနှင့် ကျွဲ၊ နွား၊ လှည်းစသော ပစ္စည်းများကို ရောင်းချ၍ သုံးဖြုန်းပြန်သည်။ နောက်ဆုံးတွင် နေအိမ်ကိုပင် ရောင်းချလိုက်ရသဖြင့် သူဌေး ဇနီးမောင်နှံမှာ အိုးမဲ့အိမ်မဲ့ ဖြစ်သွား တော့သည်။ ထိုအခါ ယခင်က စားဖော်သောက်ဖက် ဖြစ်သော သေသောက်ကြူး တို့လည်း အနားသို့ပင် မသီလာကြတော့ချေ။

နေစရာလည်းမရှိ စားစရာလည်း မရှိသော သူဌေး လင်မယားမှာ လမ်းဘေး ဇရပ်တစ်ခု၌ ခိုကပ်နေထိုင်ကြသည်။ ဝမ်းရေးအတွက်လည်း ခွက်လက်စွဲကာ တောင်းရမ်း စားသောက်ရသော ဘဝသို့ ရောက်သွားလေသည်။

တစ်နေ့သ၌ မယားဖြစ်သူ နေမကောင်းသဖြင့် တစ်ယောက်တည်း လှည့်လည် တောင်းရမ်းနေရသော သူဌေးသားသည် ရဟန်းများ ဆွမ်းဘုဉ်းပေးနေသော ဇရပ် တစ်ခု အနီးသို့ ရောက်သွားသည်။ ထိုအခိုက်မှာပင် ဗုဒ္ဓမြတ်စွာ ကြွရောက်လာပြီး ရဟန်းများထံမှ ဆွမ်းကျန် ဟင်းကျန်များကို စောင့်မျှော်နေသော ထိုသူဌေးသားကို မြင်တော်မူလျှင် မသိမသာ ပြုံးတော်မူလေသည်။ ဗုဒ္ဓပြုံးရယ်သည်ကို ရှင်အာနန္ဒာ က မြင်၍ အကြောင်းကို မေးလျှောက်သောအခါ ဗုဒ္ဓက ဤသို့ မိန့်ကြားတော် မူလေသည်။

"အာနန္ဒာ ... ဤသူကို ရှုစမ်းပါ၊ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေး ကြီး၏ သားဖြစ်ပါလျက် ခွက်လက်စွဲကာ တောင်းစားနေရရှာ၏၊ သူသည် မိဘ အမွေအနှစ်များကို ဖြုန်းတီးမပစ်ဘဲ ပထမအရွယ်ကပင် စီးပွားရေးကို လုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပါက ဤဗာရာဏသီပြည်၌ ပထမတန်းစား သူဌေးကြီးဖြစ်နိုင်၏၊ လူ့ဘောင်၌ မပျော်မွေ့၍ ရဟန်းပြုမည် ဆိုလျှင်လည်း ရဟန္တာ အဖြစ်သို့ပင် ရောက်နိုင်၏၊ ပထမအရွယ်၌ ထင်သလို ပျော်ပါးနေပြီး ဒုတိယအရွယ် တတိယအရွယ်တို့၌ စီးပွားရေးကို လုပ်ဆောင်ပါကလည်း ဒုတိယတန်းစား၊ တတိယတန်းစား သူဌေးကြီးဖြစ်နိုင်၏။ ရဟန်းပြုမည် ဆိုလျှင်လည်း အနာဂါမ်၊ သကဒါဂါမ် ဖြစ်နိုင်ပေသည်၊ ယခုမူ ဤသူဌေးသားသည် မိဘ အမွေအနှစ်များကို အကျိုးမဲ့ ဖြုန်းတီးပစ်ခဲ့သောကြောင့် လူ့စည်းစိမ်မှ လည်းကောင်း၊ ရဟန်းစည်းစိမ်မှ လည်းကောင်း ဆုံးရှုံးလျက် အတောင် ကျိုးသော ကြိုးကြာငှက်ကဲ့သို့ ဖြစ်ရှာချေပြီ''

ထို့နောက် ခိုးကိုးရာမဲ့ ဖြစ်နေသော သူဌေး လင်မယားတို့တွင် မယားသူမှာ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း ဒုက္ခများကို မခံနိုင်သဖြင့် မကြာမီ ကွယ်လွန်သွားလေသည်။ တစ်ယောက်တည်း ကျန်ရစ်သော သူဌေးသားသည် စိတ်လက်မကြည်မသာဖြင့် ဗာရာဏသီပြည်မှ ထွက်ခဲ့ပြီး ခြေဦးတည့်ရာသို့ လှည့်လည်သွားလာနေသည်။ သူသည် နောက်ဆုံး၌ ရာဇဂြိုဟ်ပြည်သို့ ရောက်သွားသည်။ ရာဇဂြိုဟ်ပြည်၌ ခိုးသားတစ်စုနှင့် ပေါင်းမိ၍ လုယက်မှုတစ်ခုကို ကျူးလွန်သောကြောင့် မြို့စောင့်တပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံရလေသည်။

ထိုသူဌေးသားကို မြို့ဝန်ကိုယ်တိုင် စစ်ဆေးပြီး ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ချမှတ်လိုက်သည်။ သေဒဏ်ပေးရန်အတွက် လက်မရှိ အာဏာသားတို့က သူဌေးသားကို လက်ပြန်ကြိုး တုပ်၍ သုသာန်သို့ခေါ်ဆောင်သွားကြသည်။ ဤသို့ ခေါ်ဆောင်သွားသည်ကို သုလသာ အမည်ရှိသော ပြည့်တန်ဆာမ မြင်လျှင် တစ်ချိန်က ထို သူဌေးသားနှင့် ပျော်ပါးဖူးသောကြောင့် သူဌေးသား အပေါ်၌ သနားကြင်နာလျက် စားသောက်ရန် ကတွတ်မုန့်နှင့် သောက်ရေတို့ကို ပို့ပေးလေသည်။

သူဌေးသားသည် ထိုကတွတ်မုန့်နှင့် သောက်ရေတို့ကို စားသောက်မည့်ဆဲဆဲတွင် မြို့ထဲသို့ ဆွမ်းခံဝင်လာသော ရှင်မောဂ္ဂလ္လာန်မထေရ်ကို လှမ်း၍ မြင်လိုက်လေသည်။ ထိုအခါ သူဌေးသားသည် ''ယနေ့ပင် သေတော့မည့် အတူတူ ဤမုန့်ကို ငါ စားသော်လည်း အကျိုးထူးတော့မည် မဟုတ်၊ မထေရ်အား လှူဒါန်းလိုက်တော့မည်'' ဟု ကြံ၍ ရှင်မောဂ္ဂလ္လာန်အား လှူဒါန်းလိုက်လေသည်။

လက်မရှိ အာဏာသားတို့သည် တောင်စွယ်တွင် နေကွယ်သည်နှင့် တစ်ပြိုင်နက် မြို့ဝန်၏ အမိန့်အတိုင်း စီရင်လိုက်ကြသည်။ သူဌေးသားသည် ရှင်မောဂ္ဂလ္လာန်



www.burmeseclassic.com

www.burmeseclassic.com



အား ကတွတ်မုန့်နှင့် သောက်ရေ လှူဒါန်းလိုက်သော ကောင်းမှုကြောင့် မြို့ပြင်ရှိ ညောင်ပင်တစ်ပင်၌ ရုက္ခစိုးနတ်အဖြစ်သို့ ရောက်သွားလေသည်။ ရုက္ခစိုးနတ်သည် မိမိအား မုန့်နှင့် သောက်ရေ ပို့ပေးသော သုလသာ အပေါ်၌ စွဲလမ်းကာ နတ်တို့၏ တန်ခိုးဖြင့် သုလသာကို မိမိ၏ ဘုံဗိမာန်ထဲသို့ ခေါ်ဆောင်သွားလေသည်။

သုလသာ၏ မိခင်သည် သမီးပျောက်သဖြင့် စိတ်သောက ပြင်းပြစွာ ရောက်လျက် ရှင်မောဂ္ဂလ္လာန်ထံ ချဉ်းကပ်မေးလျှောက်လေသည်။ ရှင်မောဂ္ဂလ္လာန်က "ဒကာမကြီး၏ သမီးကို ယနေ့မှ ခုနစ်ရက်မြောက်သောနေ့တွင် ဝေဠုဝန်ကျောင်းတော် တရားနာပရိသတ် အတွင်း၌ တွေ့ရလိမ့်မည်" ဟု မိန့်ကြားတော်မူသည်။ ထိုမိန့်ကြားချက်အတိုင်းပင် ရုက္ခစိုးနတ်သည် ခုနစ်ရက်မြောက်သောနေ့၌ သုလသာကို ဇေတဝန်ကျောင်းတော်သို့ လာရောက် ပို့ဆောင်သည်။ ယင်းသို့ လာရောက်ပို့ဆောင်စဉ် ဗုဒ္ဓမြတ်စွာ ဟောကြားသော တရားကို ကြားနာသဖြင့် ရုက္ခစိုးနတ်နှင့် သုလသာ နှစ်ဦးလုံး သောတာပန် ဖြစ်သွားကြလေသည်။

(၁၁။ ရာဇဝဂ်၊ ၉-မဟာနေ သေဋ္ဌိပုတ္တ ဝတ္ထုနှင့်
ပေတဝတ္ထု ပါဠိ ခေတ္တူပမပေတ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## သုံးဦး ပန်းဝင်

### အမြင်ချင်းမတူသော ညီအစ်ကိုနှစ်ဦး

အချိန်ကာလအားဖြင့် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေလျှင် ကမ္ဘာပေါင်း ၉၁ ကမ္ဘာ လွန်ခဲ့ပြီ ဖြစ်သည်။ ထိုအချိန်က ဗန္ဓုမတီပြည်ကို အုပ်ချုပ်သော ဗန္ဓုမ မင်းကြီးမှာ ဝိပဿီ အမည်ရှိသော သားတော်တစ်ပါး ထွန်းကားလာသည်။ ဝိပဿီ မင်းသားလေး အရွယ်ရောက်လာသောအခါ ထီးနန်းစည်းစိမ်ကို စွန့်၍ တောထွက် သွားသည်။ ထို့နောက် မြင့်မြတ်သော အကျင့်ကို ကျင့်ကြံ အားထုတ်သဖြင့် သဗ္ဗညုတဉာဏ်ကို ရရှိ၍ ဘုရားအဖြစ်သို့ ရောက်လေသည်။

ဝိပဿီမြတ်စွာဘုရားသည် ခမည်းတော် ဗန္ဓုမမင်းကြီး၏ ပင့်ဖိတ်ချက်အရ များစွာသော ရဟန်းသံဃာတို့နှင့်အတူ ဗန္ဓုမတီနေပြည်တော်သို့ ကြွလာတော်မူသည်။ နေပြည်တော်သို့ ရောက်သောအခါ မိမိသိမြင်အပ်သော အမြိုက်တရားကို ဟောကြား သဖြင့် ခမည်းတော် မင်းကြီးနှင့်တကွ များစွာသော မှူးမတ်ပြည်သူတို့ သစ္စာလေးပါး ကို သိမြင်သွားကြလေသည်။ ဗန္ဓုမတီပြည်သူတစ်ရပ်လုံးသည်လည်း ဝိပဿီ မြတ်စွာဘုရားကို နေ့စဉ်မပြတ် ဆည်းကပ် ကိုးကွယ်နေကြလေသည်။

ထိုအချိန်တွင် ဗန္ဓုမတီ နေပြည်တော်၏ ဆင်ခြေဖုံးဖြစ်သော မြို့ကလေး တစ်မြို့၌ မဟာကာဠနှင့် စူဠကာဠ အမည်ရှိသော ညီနောင် နှစ်ဦး ရှိလေသည်။ ထိုညီနောင် နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အလွန် ချစ်ခင်ကြင်နာကြသူများဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



မိဘများ ကွယ်လွန်သွားသည့် နောက်ပိုင်း၌လည်း စီးပွား မခွဲဘဲ တစ်အိမ်တည်း နေထိုင်လျက် မိဘလက်ငုတ်ဖြစ်သော လယ်ယာအလုပ်ကို လုပ်ကိုင်စားသောက် နေကြလေသည်။

သူတို့နှစ်ဦးတွင် အစ်ကိုကြီး မဟာကာဠသည် စီးပွားရေးဘက်၌ စိတ်အား ထက်သန်၍ အသုံးအစွဲ ခြိုးခြံချွေတာမှုရှိသည်။ ညီငယ်စူဠကာဠကား ဘာသာရေး၊ လူမှုရေး စသည်များ၌လည်း စိတ်ပါဝင်စား၍ လှူဒါန်းခြင်း၊ ပေးကမ်းချီးမြှင့်ခြင်း စသည်များကို ထိုက်တန်စွာ ပြုလုပ်လေ့ ရှိပေသည်။

နေပြည်တော်သို့ ဝိပဿီမြတ်စွာဘုရား ကြွရောက်လာသောအခါ စီးပွားရေး သမား သက်သက်လို ဖြစ်နေသော မဟာကာဠအဖို့ မည်သို့မျှ ထူးခြားမှု မရှိသော် လည်း ညီငယ် စူဠကာဠကား ဦးဦးဖျားဖျား သွားရောက် ဖူးမြော်သူများအနက် တစ်ဦးအပါအဝင် ဖြစ်လေသည်။

မြတ်စွာဘုရား၏ တရားကို ကြားနာရပြီးနောက် စူဠကာဠသည် အစ်ကိုကြီး မဟာကာဠအားလည်း တစ်ဆင့် ပြောပြသည်။ အများသော ပြည်သူတို့နည်းတူ မိမိ စွမ်းအား ရှိသလောက် အလှူအတန်း ပြုလုပ်ရန်လည်း ကြံရွယ်နေလေသည်။ သို့သော် အစ်ကိုကြီးဖြစ်သူက ကြည်ဖြူသည့် အမူအရာကို မပြသဖြင့် အထမမြောက် ဘဲ ရှိလေသည်။

တစ်နေ့သ၌ စူဠကာဠသည် စိုက်ပျိုးထားသော လယ်ခင်းများကို သွားရောက် ကြည့်ရှုရာ စပါးများ အဖုံးအလုံးတက်နေသည်ကို တွေ့ရသဖြင့် "ဤစပါးဖုံးများ ကို နှာ၍ မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့အား မုန့်ဆန်း ပြုလုပ်လှူဒါန်းရန် အကြံ ဖြစ်လေသည်။ အိမ်ပြန်ရောက်၍ အစ်ကိုဖြစ်သူအား မိမိအကြံကို ပြောဆိုသော အခါ အစ်ကိုက "ငါ့စပါးကို မဖျက်ဆီးပါနဲ့၊ စပါးဖုံးကို ဆွတ်ခူး၍ လှူသည်ဟု တစ်ရံတစ်ခါမျှ မကြားဖူးပါ" ဟု ပြောဆို ကန့်ကွက်လေသည်။

ယင်းသို့ ကန့်ကွက်သော်လည်း စူဠကာဠက သူ့အကြံကို မလျှော့၊ အကြိမ် ကြိမ် ထပ်၍ ပြောဆိုသည်။ နောက်ဆုံးတွင် အစ်ကိုကြီး မဟာကာဠက စိတ်ဆိုး မာန်ဆိုးဖြင့် "ငါ့ညီ ... မင်း ဒီလောက် စိတ်သန်နေရင် လယ်ခင်းကို ထက်ဝက် ပိုင်းပြီး မင်းအပိုင်းကို ကြိုက်သလိုလုပ်၊ ငါ့အပိုင်းကိုတော့ လက်ဖျားနဲ့တောင် မထိပါနဲ့" ဟု အပြတ်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စူဠကာဠသည် မိမိအပိုင်းမှ စပါးဖုံးများကို ဆွတ်ခူး၍ အခွံနွာစေပြီး နွားနို့၊ ထောပတ်၊ ပျားရည် စသည်တို့နှင့် ရော၍ အလွန် အရသာရှိသော မုန့်ဆန်းပြုလုပ်ကာ ဝိပဿီဘုရားရှင်နှင့် ရဟန်းသံဃာတို့အား ကပ်လှူလေသည်။ "တပည့်တော်သည် ဦးဦးဖျားဖျား စပါးဖုံးကို ဆွတ်ခူးလှူဒါန်းသော ကောင်းမှုကြောင့် နောင်ဘုရားရှင်တို့၏ လက်ထက်၌ တရားဦးကို ကြားနာရပါစေသော်" ဟူ၍လည်း ဆုတောင်းလေသည်။

စပါးဖုံးများကို ဆွတ်ခူး၍ လှူလိုက်သော်လည်း စူဠကာဠ၏ လယ်ခင်းမှာ လျော့နည်းရာမထင်ဘဲ ယခင်ကအတိုင်းပင် ဖြစ်ထွန်းလျက် ရှိလေသည်။ ထိုအခြင်းအရာကို မြင်တွေ့ရသောအခါ စူဠကာဠမှာ အတိုင်းထက်အလွန် ကြည်ရွှင်ဝမ်းမြောက်လျက် စပါးရိတ်သောအခါ၊ ကောက်လှိုင်းစည်းသောအခါ စသည်တို့၌လည်း စပါးသီးများကို အရသာရှိအောင်ပြု၍ လှူဒါန်းလေသည်။ ဤသို့ အကြိမ်ကြိမ် လှူဒါန်းပြားသော်လည်း စူဠကာဠ၏လယ်မှာ မဟာကာဠ၏ လယ်ထက်ပင် စပါးထွက် ပိုလေသည်။ ထိုကဲ့သို့ အံ့ဖွယ်သရဲများကို မြင်တွေ့ရသောအခါ မဟာကာဠသည်လည်း ဝိပဿီ ဘုရားရှင်အပေါ်၌ ယုံကြည်သက်ဝင်လာပြီး စူဠကာဠနည်းတူ ကုသိုလ်ကောင်းမှုများကို ပြုလုပ်လေသည်။

ဝိပဿီဘုရားရှင် နိဗ္ဗာန်ဝင်ပြီးနောက် ၉၁ ကမ္ဘာ ကျော်လွန်သောအခါ ဤဘဒ္ဒကမ္ဘာ၌ ဘုရားလေးဆူ ပွင့်တော်မူခဲ့သည်။ ထိုလေးဆူတွင် ဂေါတမ ဗုဒ္ဓသည် စတုတ္ထမြောက် ဗုဒ္ဓဖြစ်တော်မူ၏။ ဂေါတမ ဗုဒ္ဓသည် ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းအနီးရှိ ဗောဓိညောင်ပင်အောက်၌ အမြတ်ဆုံးဖြစ်သော သဗ္ဗညုတ ဉာဏ်တော်ကို ရရှိတော်မူပြီးနောက် "ငါသည် ဘယ်သူ့အား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု ကြံစည်စဉ်းစားတော်မူသည်။ ထိုအခါ မိမိ ဆီးနန်းကို စွန့်ခွာ၍ တောထွက်လာပြီးနောက် ဦးစွာပထမ ချဉ်းကပ်နည်းခံခဲ့သော အာဠာရ ရသေ့နှင့် ဥဒက ရသေ့ကြီးတို့မှာ သက်တမ်းစေ့၍ ဘဝတစ်ပါးသို့ ပြောင်းသွားကြပြီးဖြစ်ကြောင်း သိမြင်တော်မူသည်။ ထို့နောက် မိမိအား တစ်ချိန်က လုပ်ကျွေးပြုစုခဲ့ကြသည် ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂီငါးပါးကို သတိရတော်မူပြန်သည်။

ထိုပဉ္စဝဂ္ဂီငါးဦးတွင် အကြီးမှူးဖြစ်သော ရှင်ကောဏ္ဍညမှာ အလောင်းတော် သိဒ္ဓတ္ထ မင်းသားလေးအား 'ဘုရားစင်စစ် ဖြစ်လိမ့်မည်' ဟု နိမိတ်ဖတ်ခဲ့သော သုဒတ္တ ပုဏ္ဏားပင်ဖြစ်၏။ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနသည် သိဒ္ဓတ္ထ ဖွားမြင်ပြီးနောက် ငါးရက်မြောက်သောနေ့၌ လက္ခဏာဖေဒင် ကျွမ်းကျင်စွာသိ



www.burmeseclassic.com

www.burmeseclassic.com



မြှောက်သော ပုဏ္ဏားး (၁၀၈)ယောက်ကို ပင့်ဖိတ်၍ သားတော်လေး၏ နိမိတ် လက္ခဏာတို့ကို ဖတ်ကြားစေသည်။ ထိုအခါ ထင်ရှားသော ပုဏ္ဏား ၇-ယောက် တို့က "သိဒ္ဓတ္ထမင်းသားသည် စကြာမင်း သော်လည်းကောင်း၊ ဘုရားသော်လည်း ကောင်း၊ ဖြစ်လိမ့်မည်" ဟု နှစ်မျိုး နှစ်ထွေ ဟောကြားကြသည်။ အငယ်ဆုံး ဖြစ်သော သုဒတ္တ ပုဏ္ဏားလေးကမူ လက်ညှိုးတစ်ချောင်းသာထောင်၍ "သိဒ္ဓတ္ထ မင်းသားသည် မြေကြီးလက်ခတ်မလွဲ ဘုရားဖြစ်လိမ့်မည်" ဟု ယတိပြတ် ဟော ကြားလေသည်။

အလောင်းတော် သိဒ္ဓတ္ထ အသက် ၂၉ နှစ်အရွယ်သို့ ရောက်၍ တောထွက် သွားသောအခါ သုဒတ္တပုဏ္ဏားသည် ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဟူသော ပုဏ္ဏားလေးယောက်ကို ခေါ်ပြီး အလောင်းတော်၏ နောက်သို့ လိုက်ခဲ့သည်။ သူတို့သည် ဥရုဝေလတောသို့ ရောက်လျှင် ခက်ခဲပင်ပန်းသော "ဒုက္ကရ စရိယာ" အကျင့်ကို ကျင့်ကြံအားထုတ်နေသော သိဒ္ဓတ္ထမင်းသားအား ဝတ်ကြီး ဝတ်ငယ် ပြုစုနေကြသည်။

အလောင်းတော်သည် လက်ဦးပထမ၌ တရားထူးကို ရရှိရန်အတွက် အစာ အာဟာရကို တစ်စတစ်စဖြတ်၍ ပင်ပင်ပန်းပန်း အားထုတ်သည်။ ဤသို့ အားထုတ် သော်လည်း ကိုယ်ခန္ဓာသာ ကြုံလှီချည့်နဲ့လာပြီး တရားထူးကား အရိပ်အရောင်မျှပင် ပေါ်မလာချေ။ ထို့ကြောင့် လမ်းစဉ်တစ်မျိုးပြောင်းလျက် ခန္ဓာကိုယ် မျှတအောင် အာဟာရကို မှီဝဲသုံးဆောင်ပြီး တရားထူးကို ရှာကြံပြန်သည်။ ထိုအခါ သုဒတ္တ အမှူးပြုသော ရသေ့ငါးပါးတို့သည် သိဒ္ဓတ္ထကား အာဟာရကိုဖြတ်၍ အပြင်းအထန် အားထုတ်လျက်ပင် တရားထူးမရခဲ့။ ယခုကဲ့သို့ အာဟာရကို မှီဝဲကာ သာမန် အားထုတ်ရုံဖြင့်မူ ဘယ်မှာ မျှော်လင့်ချက် ရှိတော့မည်နည်း" ဟု ယူဆလျက် အလောင်းတော်ကို စွန့်ခွာပြီး ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ သွားရောက် နေထိုင်ကြလေသည်။

## ရင်ဆိုင်တွေ့လျက် ရှောင်သွားခဲ့သူ

ဗုဒ္ဓမြတ်စွာသည် ထိုပဥ္စဝဂ္ဂီ ရသေ့ငါးဦးတို့အား ကျေးဇူးတုံ့ပြန်သောအားဖြင့် တရားဦးဟောကြားရန် စိတ်ပိုင်းဖြတ်တော်မူလိုက်သည်။ ထို့ကြောင့် ဝါဆိုလပြည့် ခါနီး အချိန်တွင် ဥရုဝေလတောမှ ထွက်ခွာ၍ ပဥ္စဝဂ္ဂီတို့ နေထိုင်ရာ ဗာရာဏသီ မြို့နယ် မိဂဒါဝုန်တောသို့ တစ်ပါးတည်း ကြွတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ကြွလာစဉ် ဂယာသီသ အနီးသို့ ရောက်သောအခါ ဥပက အမည်ရှိသော အာဇီဝက ရဟန်းတစ်ပါးနှင့် တွေ့ဆုံမိလေသည်။ ဥပကသည် ဗုဒ္ဓကို တွေ့မြင်လျှင် မျက်တောင်မခတ် ကြည့်ရှုပြီး နှုတ်ဆက်စကား ပြောလေသည်။

"ငါ့ရှင် ... သင်၏ မျက်နှာသည် ကြည်လင်တင့်တယ် လှပပေ၏။ သင်သည် အဘယ်သူ၏ တပည့်ဖြစ်သနည်း၊ သင့်အမည်ကို မည်သို့ ခေါ်ပါသနည်း"

"အချင်း ဥပက ... ငါသည် အလုံးစုံကို အောင်မြင်ပြီးသူ ဖြစ်၍ ဇိနဟု အမည်တွင်၏၊ ငါ့မှာ ဆရာဟု ညွှန်ပြရမည့် ပုဂ္ဂိုလ်မရှိ၊ ငါသည် ယခု ပဉ္စဝဂ္ဂီငါးပါးတို့အား တရားဟောရန်အတွက် ဗာရာဏသီမြို့သို့ သွားဖို့ ထွက်လာခဲ့ခြင်းဖြစ်တယ်"

ဥပကသည် ဗုဒ္ဓ၏ အဖြေစကားကို ကြားသောအခါ "ငါ့ရှင် ... သင်သည် ဇိနဟု ခေါ်လောက်သူ ဖြစ်ပါပေ၏" ဟု ခေါင်းညိတ် ပြောဆိုပြီး သူ့ခရီးသူ ဆက်သွားလေသည်။

ဗုဒ္ဓမြတ်စွာသည်လည်း မိဂဒါဝုန်တောသို့ ဆက်လက် ကြွတော်မူရာ ဝါဆိုလပြည့်နေ့ ညနေခင်း အချိန်တွင် ပဉ္စဝဂ္ဂီငါးပါးတို့ နေထိုင်ရာ ကျောင်းသခ်မ်းသို့ ဆိုက်ရောက် သွားလေသည်။

ကျောင်းသခ်မ်းအနီး ညောင်ပင်ကြီး တစ်ပင်အောက်ရှိ စုဝေးနေကြသော ပဉ္စဝဂ္ဂီ ငါးပါးတို့သည် မိမိတို့ရှိရာသို့ ဦးတည်၍ လာနေသော ဗုဒ္ဓရှင်တော်မြတ်ကို အဝေးမှ လှမ်း၍ မြင်ကြသည်။ ထိုအခါ တစ်ဦးသော ပုဂ္ဂိုလ်က ဤသို့ အကြံပြုလေသည်။

"ငါ့ရှင်တို့ ... တရားအားထုတ်ခြင်း အလုပ်ကို ပစ်ပယ်၍ လာဘ်လာဘပေါများရန် လှည့်လည်နေဆဲ ရဟန်းဂေါတမတော် ငါတို့ဆီလာနေပြီ၊ သူ့ကို ခရီးဦး ကြိုဆိုခြင်း၊ အရိုအသေပေးခြင်း မပြုဘဲ နေကြမယ်"

ဤအဆိုကို ကျန်လေးပါးကပါ သဘောတူညီ ကြသော်လည်း ဗုဒ္ဓမြတ်စွာ သူတို့အနီးသို့ ရောက်လာသော အခါတွင်မူ မိမိတို့ ကတိအတိုင်း မတည်နိုင် ကြတော့ချေ။ သပိတ် သင်္ကန်းကို လှမ်းယူခြင်း၊ ခြေဆေးရေ တည်ပေးခြင်း၊ နေရာခင်းပေးခြင်း စသော အမှုများကို ကိုယ်စီကိုယ်င ထ၍ ပြုလုပ်ပေးကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီး "ရဟန်းတို့ ... ငါသည် ထူးမြတ်သောတရားကို သိမြင်ခဲ့ပြီ၊ သင်တို့အား ငါ တရားဟော



www.burmeseclassic.com

www.burmeseclassic.com



ကြားပေအံ့၊ နာကြကုန်လော့” ဟု မိန့်ကြားတော်မူသည်။ ပဥ္စဝဂ္ဂီတို့ကား ဗုဒ္ဓ၏ မိန့်ကြားချက်ကို မယုံကြည်ကြ။ “ဝါ့ရှင် ဂေါတမ ... သင်သည် ခြိုးခြံစွာ ကျင့်ကြံနေစဉ်ကပင် တရားထူး မရခဲ့၊ ယခုလို လာဘ်လာဘ ပေါများရန် လှည့်လည်နေသည့် အချိန်တွင်မူ ဘယ်မှာ တရားထူးရနိုင်ပါမည်နည်း” ဟု တုံ့ပြန်ပြောဆိုကြလေသည်။

သို့သော် ဗုဒ္ဓမြတ်စွာက ပဥ္စဝဂ္ဂီငါးပါးတို့ ယုံကြည်လာအောင် ထပ်မံ နားသွင်းပြီး ဓမ္မစကြာ တရားကို ဟောကြားတော်မူသည်။ ထိုအခါ ကောဏ္ဍညခေါ် သုဒ္ဓတ္တ ရသေ့ကြီးမှ စ၍ ပဥ္စဝဂ္ဂီငါးပါးတို့သည် တစ်ပါးပြီးတစ်ပါး သောတာပတ္တိ မဂ်ဉာဏ်ကို ရရှိသွားကြသည်။ ထို့နောက် ဗုဒ္ဓ အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူရာ ငါးပါးလုံး ရဟန္တာ ဖြစ်သွားကြလေသည်။

ဤသို့ ဗုဒ္ဓမြတ်စွာ၏ တရားဦး ဓမ္မစကြာကို ကြားနာရသဖြင့် လက်မှုန် ပထမ တရားထူး ရရှိသွားသော ကောဏ္ဍည အရှင်မြတ်မှာ အခြားသူမဟုတ်၊ ဝိပဿီဘုရားရှင်အား ကောက်သစ်ဦးအလှူ ပြုလုပ်၍ ဆုတောင်းပတ္ထနာ ပြုခဲ့သော စူဠကာဠ သူကြွယ်ပင် ဖြစ်ပေသည်။

## မုဆိုးသမီးကို နာကျည်း၍

ဂယာသီသ အနီး၌ ဗုဒ္ဓမြတ်စွာနှင့် အမှတ်မထင် ဆုံတွေ့ပြီးနောက် ခရီးဆက်ခဲ့သော ဥပက ရဟန်းကြီးသည် မိမိ၏ ဒကာရင်း တစ်ဦးဖြစ်သော စဏ္ဍာမိ မုဆိုးကြီး နေထိုင်ရာ ဝင်္ကဟာရရွာသို့ ရောက်သွားသည်။ မုဆိုးကြီးသည် ဆရာဥပက အတွက် ရွာအနီး၌ ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်ပေးပြီး နေ့စဉ် ဆွမ်းဝတ်၊ ကွမ်းဝတ်များကို မလစ်ဟင်းရအောင် ပြုစုလေသည်။

တစ်နေ့သ၌ စဏ္ဍာမိ မုဆိုးသည် သမီးဖြစ်သူ စာပါအား ဆရာဥပက အတွက် ဆွမ်းဝတ် မပျက်အောင် ဂရုစိုက်ရန် မှာထားပြီး တောလိုက် ထွက်သွားလေသည်။ အချိန်တန်သောအခါ ဆရာ ဥပက မုဆိုးအိမ်သို့ ဆွမ်းစား ကြွလာသည်။ ဖခင်ဖြစ်သူ၏ မှာထားချက်အရ စာပါကလည်း အချိန်မီ ချက်ပြုတ်ပြင်ဆင်၍ ဥပကအား ဆွမ်းဆက်ကပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဆင်းသွင်ပြင် တင့်တယ်ပြေပြစ်သော မုဆိုးကြီး၏ သမီးပျိုကို နီးနီးကပ်ကပ် တွေ့မြင်ရသောအခါ ဥပက ရဟန်းကြီး စိတ်ဖောက်ပြန်လာသည်။ အခြားနေ့များမှာကဲ့သို့ ဆွမ်းကို အိမ်၌ ဘုဉ်းပေးခြင်းမပြုနိုင်တော့ဘဲ သပိတ်၌ထည့်ကာ ကျောင်းသို့ ပြန်လာသည်။ ကျောင်းသို့ ရောက်သောအခါ ဆွမ်းသပိတ်ကို တော်ရာ၌ ချထားပြီး အိပ်ရာပေါ်တွင် တလူးလူး တလွန့်လွန့် ဖြစ်နေသည်။ သူ့နှုတ်မှလည်း "စာပါ ... စာပါ" ဟု တစာစာ ညည်းညူ၍ နေလေသည်။

ခုနစ်ရက်ခန့်ကြာ၍ မုဆိုးကြီး ပြန်လာသောအခါ သူ့ဆရာ၏ ဖြစ်အင်ကို တွေ့မြင်ရသဖြင့် ဆရာဥပကကို လူထွက်စေပြီး သမီးပျိုစာပါနှင့် ပေးစားလိုက်သည်။ ဥပကကား အသက်မွေး ဝမ်းကျောင်းပညာ တစ်စုံတစ်ခုကိုမျှ မတတ်ကျွမ်းသဖြင့် မုဆိုးကြီး ရှာဖွေရရှိသော အမဲသားများကို ထမ်း၍ ဈေး၌ ရောင်းရလေသည်။

ဤသို့ဖြင့် နှစ်ကာလ ကြာမြင့်သောအခါ စာပါသည် သားလေးတစ်ယောက်ကို မွေးဖွားလေသည်။ ထိုသားလေးအား သုဘဒ္ဒဟု နာမည်ပေးကြသည်။ စာပါသည် သားငယ် သုဘဒ္ဒ အိပ်ပျော်စေရန် ချော့သိပ်သောအခါ ဥပကကြီး မခံချင်စရာစကားလုံးများကို ဆို၍ သိပ်လေ့ရှိသည်။

"မုဆိုးနောက်လိုက် ကိုလူမိုက်ရဲ့သား အိပ်ပါတော့လား ..."

"အမဲသားထမ်း ရဟန်းလူထွက် ပေါ့ပျက်ပျက်ရဲ့သား အိပ်ပါတော့လား ..."

ဥပကကြီးသည် စာပါ၏ ပြက်ရယ်စကားများကို တတ်နိုင်သမျှ မကြားဟန်ဆောင်ကာ သည်းခံနေသည်။ ကြားရဖန်များသောအခါတွင်မူ နားလည်းငြီး၊ ရှက်လည်း ရှက်လာသည်။ ထို့ကြောင့် တစ်နေ့တွင် အိမ်မှ တိတ်တဆိတ် ထွက်လာပြီး ဗုဒ္ဓမြတ်စွာရှိရာ သာဝတ္ထိပြည်သို့ သွားလေသည်။ ဗုဒ္ဓမြတ်စွာက ဥပကကြီးကို တရင်းတနှီး လက်ခံတွေ့ဆုံပြီး ရဟန်းပြုရန် တိုက်တွန်းတော်မူသည်။ ဥပကကြီးသည် ဗုဒ္ဓမြတ်စွာထံ၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို အားထုတ်ရာ မကြာမီ အနာဂါမ်ဖိုလ်ကို ရရှိလေသည်။ ထို့နောက် သက်တမ်းအတိုင်း တည်နေပြီး ကွယ်လွန်သောအခါ အဝိဟာ မည်သော သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံသို့ ရောက်သွားသည်။ ထိုဗြဟ္မာ့ဘုံ၌ ဖြစ်သော ခဏမှာပင် အရဟတ္တဖိုလ်ကို ရရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးမှ ပန်းဝင်သူ

ဝက်န္တရွာမှ မုဆိုးသမီး စာပါကား လင်သားအပေါ် မထိမ့်မြင် ပြုခဲ့မိသဖြင့် သားတစ်ယောက်နှင့် ကျန်ရစ်ရှာလေသည်။ အမှန်စင်စစ် ဥပကကြီးသည် သူမအား ဤမျှ လွယ်လွယ်ကူကူ စွန့်ခွာသွားနိုင်လိမ့်မည်ဟု သူမ မထင်မိချေ။ သူမ အနေဖြင့်လည်း ဥပကကြီး မခံချင်မှန်းသိ၍ တမင် စ,ခဲ့မိခြင်းသာ ဖြစ်၏။

ဤကဲ့သို့ ဥပကကြီးက သူတို့သားအမိကို စွန့်ခွာသွားသောအခါ သားငယ်ကလေး သုဘဒ္ဒကို လူလားမြောက်အောင် ကျွေးမွေးပြုစုရန်မှာ သူမတာဝန် လုံးလုံးဖြစ်လာသည်။ ထို့ကြောင့် စာပါသည် ဖခင်ကြီး၏ အကူအညီဖြင့် သားကလေး သုဘဒ္ဒကို အစွမ်းကုန် ကျွေးမွေးပြုစုပြီး လိမ္မာရေးခြားရှိအောင် သင်ကြား ဆုံးမလေသည်။

သို့ရာတွင် သုဘဒ္ဒကလေးသည် လူလားမြောက်၍ အသက်နှစ်ဆယ်နီးပါး အရွယ်သို့ ရောက်သောအခါ သူ့ဖခင်၏ ခြေရာကို နင်းလာသည်။ မိခင်ဖြစ်သူက သင့်တော်သော မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ချထားပေးရန် စီစဉ်နေသည့်ကြားမှပင် သုဘဒ္ဒသည် ပရိဗိုဇ် ရဟန်းတစ်ပါးနှင့်တွေ့၍ ထိုရဟန်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

ပရိဗိုဇ် ရဟန်းတို့၏ ကျောင်းသို့ ရောက်သောအခါ သုဘဒ္ဒသည် ပရိဗိုဇ်ဘဝကို ခံယူပြီး ထိုသူတို့၏အယူဝါဒနှင့် ကျင့်စဉ်များကို စိတ်အားထက်သန်စွာ လေ့လာသည်။ ငယ်ရွယ်သည့်အပြင် ဉာဏ်ပညာ ထက်မြက်သူလည်း ဖြစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မကြာမီ အချိန်အတွင်းမှာပင် ထိုပရိဗိုဇ်တို့၏ အယူဝါဒအားလုံးကို သင်ကြား တတ်မြောက်လေသည်။

ဤသို့ ပရိဗိုဇ်တို့၏ အယူဝါဒအားလုံးကို တတ်မြောက်သော်လည်း သုဘဒ္ဒကား မကျေနပ်သော အကြောင်းမှာ ထိုအယူဝါဒတွင် မိမိလိုချင်သော အမှန်တရားကို ရှာဖွေ၍ မတွေ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သုဘဒ္ဒသည် အမြို့မြို့ အရွာရွာသို့ လှည့်လည်၍ ထိုအချိန်က ထင်ရှား ကျော်ကြားနေသော ပုရာဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော တိတ္ထိ ဆရာကြီးတို့၏ အယူဝါဒ များကိုလည်း လေ့လာသည်။ ထိုဝါဒတို့၌လည်း တစ်စုံတစ်ခုသော အနှစ်သာရကိုမျှ မတွေ့ရှိရသောအခါ သုဘဒ္ဒသည် ထိုတိတ္ထိဆရာကြီးများ အပေါ်၌ ယုံကြည်မှု လျော့ပါးသွားလေသည်။

အမြို့မြို့ အရွာရွာသို့ လှည့်လည်လျက် အယူဝါဒ အမျိုးမျိုးကို လေ့လာ ဆည်းပူးနေသော သုဘဒ္ဒပရိဗိုဇ်သည် ဗုဒ္ဓမြတ်စွာနှင့်မူ တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံမိခြင်း မရှိခဲ့ချေ။ သို့သော် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်သတင်းများကိုမူ သုဘဒ္ဒသည် မကြာခဏ ကြားနေခဲ့ရသည်။ သို့ပင် ဖြစ်လင့်ကစား အခြား ဂိုဏ်းဆရာကြီးများနှင့် စာလျှင် ဗုဒ္ဓမှာ နောက်ပေါ် ဂိုဏ်းဆရာတစ်ပါးဖြစ်နေသဖြင့် သုဘဒ္ဒက ဗုဒ္ဓအပေါ် များစွာ အထင်မကြီးခဲ့။ ထို့ပြင် အယူဝါဒအားဖြင့် မိမိတို့ဂိုဏ်းနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်နေသောကြောင့်လည်း ဗုဒ္ဓထံ ချဉ်းကပ် ဆွေးနွေးရန် ဝန်လေးနေခဲ့လေသည်။

ဤသို့ဖြင့် အချိန်ကုန်လွန်ခဲ့ပြီး နောက်ဆုံးတွင် သုဘဒ္ဒသည် ကုသိနာရုံပြည်သို့ ရောက်သွားလေသည်။ ထိုအချိန်တွင် "ဗုဒ္ဓဂေါတမသည် ရဟန်းငါးရာနှင့်အတူ ကုသိနာရုံပြည်သို့ ကြွရောက်လာပြီး မလ္လာမင်းသားတို့၏ အင်ကြင်းတောဥယျာဉ်၌ သီတင်းသုံးနေတော်မူသည်။ နောက်တစ်နေ့ နံနက်မှာပင် ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည်" ဟူသော သတင်းကို သုဘဒ္ဒ ကြားသိရလေသည်။

ထိုအခါ သုဘဒ္ဒ ထိတ်လန့် တုန်လှုပ်သွားလေသည်။ "ဗုဒ္ဓဂေါတမကဲ့သို့သော ပုဂ္ဂိုလ်တစ်ပါးနှင့် တစ်ကြိမ် တစ်ခါမျှ တွေ့ဆုံခွင့်မရလိုက်လျှင် သူ့အဖို့ကြီးမားသော ဆုံးရှုံးမှုတစ်ခု ဖြစ်လိမ့်မည်ဟု တွေးမိသည်။ ထို့ကြောင့် သုဘဒ္ဒသည် ဗုဒ္ဓမြတ်စွာနှင့် အချိန်မီ တွေ့ဆုံနိုင်ရန် မြို့တောင်ဘက်ရှိ အင်ကြင်းဥယျာဉ်သို့ ကပျာကသီ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းဥယျာဉ်ထဲသို့ သူ ရောက်လာသောအခါ သန်းခေါင်ကျော်အချိန် ရှိနေလေပြီ။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် အင်ကြင်းပင်ပျို နှစ်ပင်ကြားရှိ ညောင်စောင်းပေါ်၌ ပင်ပန်းနွမ်းနယ်စွာ လျောင်းစက်နေတော်မူသည်။ ထိုညောင် စောင်းနှင့် မလှမ်းမကမ်းတွင်မူ ရှင်အာနန္ဒာက မျက်နှာ ညှိုးငယ်စွာဖြင့် ထိုင်နေ သည်။ သုဘဒ္ဒက ရှင်အာနန္ဒာထံ ချဉ်းကပ်၍ ဗုဒ္ဓမြတ်စွာကို ဖူးမြင်လိုကြောင်း ပြောသည်။ ရှင်အာနန္ဒာက ဗုဒ္ဓမြတ်စွာ အလွန် ပင်ပန်းတော်မူနေသဖြင့် ဖူးမြင်ရန် မသင့်ကြောင်း ပြန်ပြောသည်။ သုဘဒ္ဒက သုံးကြိမ်အထိ တောင်းပန်သော်လည်း ရှင်အာနန္ဒာက လက်မခံ။

သုဘဒ္ဒပရိဗိုဇ်နှင့် ရှင်အာနန္ဒာတို့ အပြန်အလှန် ပြောဆိုနေကြသော စကားများ ကို ဗုဒ္ဓမြတ်စွာ ကြားတော်မူသည်။ "အာနန္ဒာ၊ သုဘဒ္ဒကို မတားပါနဲ့၊ သူ မေးချင် တာ မေးပါစေ" ဟု ရှင်အာနန္ဒာကို လှမ်း၍ မိန့်တော်မူသည်။ သုဘဒ္ဒသည် ဝမ်းမြောက်ဝမ်းသာဖြင့် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ပြဿနာသုံးရပ်ကို မေးလျှောက် သည်။

"အရှင်ဂေါတမ၊ ကောင်းကင်၌ ခြေရာ ရှိပါသလား။

တစ်ပါးသော သာသနာတို့၌ ရဟန်း ရှိပါသလား။

တည်မြဲသော သင်္ခါရတရားများ ရှိပါသလား"

ထိုအခါ ဗုဒ္ဓမြတ်စွာက သုဘဒ္ဒ ပရိဗိုဇ်အား -

"ကောင်းကင်၌ ခြေရာမရှိ၊ တစ်ပါးသော သာသနာတို့၌ (မဂ်ဉာဏ် ဖိုလ် ဉာဏ်ကို ရသော) ရဟန်း မရှိ၊ သတ္တဝါအပေါင်းသည် သံသရာကို ချဲ့ထွင်တတ် သော 'ပပဥ္စ' တရားတို့၌ မွေ့လျော်နေ၏။ မြတ်စွာဘုရားတို့သည် 'ပပဥ္စ' တရားတို့မှ ကင်းတော်မူကုန်၏။ ကောင်းကင်၌ ခြေရာမရှိ၊ တစ်ပါးသော သာသနာတို့၌ (မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရသော) ရဟန်းမရှိ။ တည်မြဲသော သင်္ခါရတရားမရှိ၊ ဘုရားရှင်တို့အား တဏှာမာန ဒိဋ္ဌိတို့ဖြင့် တုန်လှုပ်မှုသည် မရှိ"

ဟူသော တရားဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာ အဆုံး၌ သုဘဒ္ဒပရိဗိုဇ် အနာဂါမိဖိုလ်၌ တည်လေသည်။ ထို့နောက် သူ၏ တောင်းပန်ချက် အရ သုဘဒ္ဒပရိဗိုဇ်ကို ချက်ချင်း ရဟန်းပြုပေးရန် ဗုဒ္ဓက ရှင်အာနန္ဒာကို ညွှန်ကြား



www.burmeseclassic.com

www.burmeseclassic.com



တော်မူသည်။ သုဘဒ္ဒသည် ရဟန်းဖြစ်ပြီးနောက် ကမ္မဋ္ဌာန်းကို ပွားများ ဆင်ခြင်သဖြင့် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်မပြုမီ အချိန်တွင်းမှာပင် အရဟတ္တဖိုလ်ကို ရရှိသွားလေသည်။ သို့အားဖြင့် အရှင်သုဘဒ္ဒသည် သက်တော်ထင်ရှား မြတ်စွာဘုရား၏ မျက်မှောက်၌ ရဟန်းအဖြစ် နောက်ဆုံး ရရှိ၍ ရဟန္တာဖြစ်သွားသော 'ပစ္ဆိမသာဝက' ဖြစ်ခဲ့လေသည်။

ဤအရှင် သုဘဒ္ဒကား ဝိပဿီမြတ်စွာဘုရားလက်ထက်၌ ကောက်သစ်ဦး အလှူကို ပြုလုပ်ခဲ့သော စူဠကာဠ သူကြွယ်၏ အစ်ကို မဟာကာဠပင် ဖြစ်၏။ စူဠကာဠသည် ကောက်သစ်ဦးပေါ်စ အချိန်၌ စပါးဖုံးများကို ခွာ၍ မုန့်ဆန်းပြုလုပ်ပြီး ဘုရားအမှူးရှိသော သံဃာအား ဦးဦးဖျားဖျား လှူဒါန်းခဲ့သော ကောင်းမှုကြောင့် ဂေါတမဗုဒ္ဓသာသနာ၌ တရားဦးကို ကြားနာရပြီး ပထမဦးစွာ ရဟန်းအဖြစ်ကို ရရှိခဲ့လေသည်။ အစ်ကိုကြီး မဟာကာဠမှာမူ စောစောပိုင်း၌ ညီဖြစ်သူ လှူဒါန်းသည်ကို မကျေမနပ် ဖြစ်ခဲ့ပြီး နောက်ပိုင်းတွင်မှ ယုံကြည်မှု ရှိလာပြီး အလှူဒါနများကို ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ပရိနိဗ္ဗာန်စံခါနီးအချိန်ကျမှ ဗုဒ္ဓမြတ်စွာနှင့် တွေ့၍ တရားနာရပြီး ရဟန်းအဖြစ်ကို ရရှိခဲ့လေသည်။

မှတ်ချက်။ ။ ဤအခန်း၌ သုဘဒ္ဒပရိဗိုဇ် ပြဿနာ မေးလျှောက်ပုံကို ဓမ္မပဒ အဋ္ဌကထာ၌ ပါရှိသည့်အတိုင်း ရေးသားထားသဖြင့် မဟာပရိဗ္ဗာနသုတ်လာ အကြောင်းအရာနှင့် ကွဲပြားနေသည်ကို သတိပြုရန် ဖြစ်ပါသည်။

(၁၈။ မလဝဂ်၊ ၁၂-သုဘဒ္ဒပရိဗ္ဗာဇက ဝတ္ထု၊ ၂၄။ တဏှာဝဂ်၊ ၉-ဥပက၊ ဓီဝက ဝတ္ထုနှင့် အဲ့ဝတ္ထုံ၏ အဋ္ဌကထာ၊ အညာသိကောဏ္ဍညတ္ထေရ ဝတ္ထုတို့ကို ပေါင်းစပ် ရေးသားပါသည်)

www.burmeseclassic.com

www.burmeseclassic.com

# နီးလျက်နှင့် ဝေးသူ

## (၁)

တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ အတတ်ပညာ သင်ယူနေကြသော တပည့်လုလင် ငါးရာတို့အနက် သာဝတ္ထိပြည်မှ သုဒတ္တလုလင်နှင့် ဥဂ္ဂမြို့မှ ဥဂ္ဂလုလင်တို့လည်း ပါဝင်ကြသည်။ ထိုလုလင်နှစ်ဦးတို့သည် တက္ကသိုလ်ပြည်သို့ မရှေးမနှောင်း ရောက်လာကြသူများ ဖြစ်သည့်ပြင် အမျိုးဂုဏ်အားဖြင့်လည်း တူညီသူများ ဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး အထူး ချစ်ခင်ကြသည်။

သုံးနှစ်သုံးမိုးကြာမျှ ပညာသင်နေစဉ် ကာလအတွင်း သူတို့နှစ်ဦးသည် ညီရင်းအစ်ကိုကဲ့သို့ တစ်ပူးတွဲတွဲ နေခဲ့ကြသည်။ သင်တန်းကုန်ဆုံး၍ မိဘရပ်ထံ ပြန်ကြသည့် အခါတွင်လည်း နှစ်ဦးသား တိုင်ပင်၍ တစ်နေ့တည်း တစ်ချိန်တည်းတွင် တစ်ကြောင်းတည်းသော ခရီးဖြင့် ထွက်ခဲ့ကြလေသည်။

ယင်းသို့ ထွက်ခဲ့ကြ၍ နှစ်ခွသော ခရီးလမ်းဆုံသို့ ရောက်သောအခါ နှစ်ဦးသော မိတ်ဆွေတို့သည် နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် အချင်းချင်း နှုတ်ဆက်ကြသည်။ ရာသက်ပန် မမေ့နိုင်ဖွယ် စကားများကိုလည်း မှာကြား ပြောဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေနှစ်ဦး နောက်ဆုံး ပြောဆိုခဲ့ကြသော စကားများတွင် အရေးအကြီးဆုံးမှာ သားပေး သမီးယူ ကိစ္စပင်ဖြစ်၏။ သူတို့နှစ်ဦး အိမ်ထောင်ရက်သား ကျ၍ သားသမီးများ ရလာသောအခါ တစ်ဦးနှင့် တစ်ဦး သားပေး သမီးယူ ပြု၍ သားစဉ်မြေးဆက်အထိ မေတ္တာနှောင်ကြိုး ဆက်သွယ်ကြရန် သဘောတူခဲ့ကြလေသည်။

မိဘရပ်ထံသို့ အသီးသီး ပြန်ရောက်ကြသောအခါ သုဒတ္တလုလင်သည် ရာဇဂြိုဟ်ပြည်မှ ပုညလက္ခဏာဒေဝီ အမည်ရှိသော သူဌေးသမီးနှင့် ထိမ်းမြားလက်ထပ်၍ ဖခင်၏ အမွေကို ဆက်ဆံခဲ့သည်။ အထီးကျန် ဆင်းရဲသားများနှင့် ရသေ့ ရဟန်း စသူတို့အား ထမင်းရိက္ခာကို ရက်ရောစွာ ပေးလှူတတ်ခြင်းကြောင့် အနာထပိဏ်က (ခိုကိုးရာမဲ့သူတို့၏ ထမင်းရှင်) ဟူသော အမည်ဖြင့် ထင်ရှားလာသည်။

အနာထပိဏ် ခေါ် သုဒတ္တ သူဌေးသည် ကုန်ရောင်း ကုန်ဝယ် ကိစ္စဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားရောက်စဉ် ဗုဒ္ဓရှင်တော်မြတ်၏ တရားကို ကြားနာရသဖြင့် သောတာပန် အရိယာအဖြစ်သို့ ရောက်ခဲ့သည်။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်ကို သာဝတ္ထိပြည်သို့ ပင့်ဆောင်၍ ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

ဥဂ္ဂမြို့မှ ဥဂ္ဂလုလင်သည်လည်း တစ်ဦးသော သူဌေးသမီးနှင့် ထိမ်းမြားလက်ထပ်၍ မိဘရိုက်ရာကို ဆက်ခံကာ ဥဂ္ဂသူဌေး ဟူသော အမည်ဖြင့် ထင်ရှားခဲ့သည်။

ဥဂ္ဂသူဌေးသည် အိမ်ထောင်ရေး စီးပွားရေးကိစ္စများဖြင့် မအားမလပ် ရှိနေသည့်ကြားမှပင် ငယ်သူငယ်ချင်း သုဒတ္တကိုမူ မကြာခဏ သတိရသည်။ ခရီးယူနော တစ်ရာနှစ်ဆယ်မျှ ကွာလှမ်းနေသောကြောင့် လူကိုယ်တိုင် မရောက်နိုင်သော်လည်း သူငယ်ချင်း၏ သတင်းကိုမူ အမြဲ နားစွင့်နေခဲ့သည်။

တစ်နေ့တွင်မူ သာဝတ္ထိမှ ကုန်သည်အချို့ ဥဂ္ဂမြို့သို့ ရောက်လာသဖြင့် ဥဂ္ဂသူဌေးသည် ငယ်သူငယ်ချင်း သုဒတ္တ၏ သတင်းကို ကြားသိရလေသည်။ သုဒတ္တသည် အနာထပိဏ် သူဌေးဟူသော အမည်ဖြင့် သာဝတ္ထိ၌ အလွန်ကျော်ကြားထင်ရှားလျက်ရှိကြောင်း သိရသောကြောင့် ဝမ်းသာမဆုံး ရှိခဲ့သည်။ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ တစ်ခါတစ်ခေါက် အရောက်သွားလိုသော စိတ်ဆန္ဒမှာလည်း ပေါ်လာသည်။ သို့သော် ခရီးကွာလှမ်းလှသောကြောင့် စိတ်သွားတိုင်း ကိုယ်မပါခဲ့ချေ။

ဤသို့ဖြင့် ဥဂ္ဂသူဌေးသည် သားသမီးများ တစ်ယောက်ပြီးတစ်ယောက် ရရှိ၍ အသက်အရွယ်လည်း တဖြည်းဖြည်း ကြီးရင့်လာသည်။ ထိုအခါ သူသည် "ငါမသေမီ ငါ့သူငယ်ချင်းဆီကို တစ်ခေါက်တော့ အရောက်သွားဦးမည်" ဟု ကြံ၍ ခရီးထွက်ရန် ပြင်ဆင်လေသည်။

ရှေးဦးစွာ သူသည် သူ့ဒဿအား လက်ဆောင်ပေးရန်အတွက် အဝတ်အထည်၊ ကျောက်မျက်ရတနာ စသော အဖိုးတန် ပစ္စည်းများကို ရှာဖွေ စုဆောင်းသည်။ ထို့ပြင် ခရီးသွားဟန်လွှဲ သဘောဖြင့် သာဝတ္ထိနှင့် ခရီးလမ်းတစ်လျှောက်ရှိ မြို့ရွာများ၌ ရောင်းချရန် ကုန်ပစ္စည်းများကိုလည်း လှည်းပေါင်းများစွာဖြင့် တင်ဆောင်စေသည်။ ဥဂ္ဂသူဌေး သာဝတ္ထိသို့ သွားမည်သော သတင်းကို ကြားသိလျှင် အခြားသော ကုန်သည် တို့ကလည်း အတူလိုက်ပါခွင့်ပြုရန် တောင်းပန်ကြသည်။ သို့အားဖြင့် သူ့အဖွဲ့၌ လှည်းပေါင်းငါးရာမျှ ရှိလာလေသည်။

ပြင်ဆင်မှုများ ပြီးသောအခါ ဥဂ္ဂသူဌေးသည် လှည်းငါးရာကို ဦးဆောင်ပြီး ဥဂ္ဂမြို့မှ ထွက်ခဲ့သည်။ လှည်းငါးရာကို နိုင်နင်းအောင် ကြီးကြပ်ကွပ်ကဲနိုင်ရန် သားကြီးဖြစ်သော သုဒေဝကိုလည်း သူနှင့်အတူ ခေါ်လာသည်။

တစ်နေ့ဝင် တစ်နေ့ထွက်ဖြင့် ရက်ပေါင်းများစွာ ခရီးနှင်ခဲ့ကြပြီး ဥဂ္ဂသူဌေး၏ လှည်းတပ်ဖွဲ့ကြီးသည် သာဝတ္ထိသို့ ရောက်သွားလေသည်။ အနာထပိဏ် သူဌေးသည် ဥဂ္ဂသူဌေးကို ဝမ်းမြောက်စွာ ကြိုဆိုသည်။

ထိုအချိန်တွင် အနာထပိဏ် သူဌေး၌ သမီးသုံးယောက်နှင့် သားတစ်ယောက် ရရှိနေပြီဖြစ်သည်။ သမီးသုံးယောက်အနက် သမီးကြီး မဟာသုဘဒ္ဒါမှာ အိမ်ထောင်ကျသွားပြီဖြစ်၍ ဥဂ္ဂသူဌေးအား ဧည့်ခံကျွေးမွေးရေးကိစ္စများကို သမီးလတ် စူဠသုဘဒ္ဒါက တာဝန်ယူ၍ စီမံဆောင်ရွက်ရသည်။ နေရေးထိုင်ရေး စားရေး သောက်ရေး စသော ကိစ္စများကို အနည်းငယ်မျှ မလစ်ဟင်းစေဘဲ နိုင်နင်းချောမွေ့စွာ စီမံဆောင်ရွက်ပေးသော စူဠသုဘဒ္ဒါကို ဥဂ္ဂသူဌေးကြီး လွန်စွာနှစ်သက်သွားလေသည်။ ထို့ကြောင့် တက္ကသိုလ်ပြည်မှ ပြန်လာခဲ့ကြစဉ်က သူငယ်ချင်းနှစ်ယောက် ကတိ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ကြပုံကို ပြန်လည်သတိရလာပြီး စူဠသုဘဒ္ဒါကို မိမိ၏ သားကြီး သုဒေဝ နှင့် လက်ဆက်ရန် စိတ်ကူးမိလေသည်။

တစ်နေ့တွင် ရောင်းဝယ်ရေးကိစ္စများ ပြီးစီး၍ မိတ်ဆွေ နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တို့ကို လွတ်လပ်စွာ ပြောဆိုနေကြသည်။ ထိုအခါ ဥဂ္ဂသူဌေး က စတင်၍ သူ့ဆန္ဒကို ဖွင့်ဟ ပြောကြားလေသည်။

"အဆွေ သုဒတ္တ ...၊ သင်နှင့် ကျွန်ုပ်တို့သည် တက္ကသိုလ်ပြည်မှ ပြန်ခဲ့ ကြစဉ်က တစ်ဦးနှင့်တစ်ဦး သားပေး သမီးယူပြု၍ သားစဉ် မြေးဆက်အထိ မေတ္တာနှောင်ကြိုး သွယ်ကြရန် ကတိပြုခဲ့ကြပါသည်။ ယခု သင့်သမီး စူဠသုဘဒ္ဒါ နှင့် ကျွန်ုပ်၏သား သုဒေဝတို့မှာလည်း အချိန်တန် အရွယ်ရောက်၍ လူလားမြောက် သူများ ဖြစ်လာကြပါပြီ၊ ထို့ကြောင့် သူတို့နှစ်ဦးကို ထိမ်းမြားလက်ထပ်ပေးရန် ကျွန်ုပ်အကြံပြုပါသည်၊ အဆွေ၏ သဘော မည်သို့ရှိပါသလဲ"

ထိုစကားကို ကြားသော အနာထပိဏ် သူဌေးမှာ ရုတ်တရက် အဖြေမပေး နိုင်ဘဲ ဖြစ်သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် အလွန်ချစ်သော ငယ်သူငယ်ချင်း များပင် ဖြစ်လင့်ကစား ယခုအခါ သူတို့နှစ်ဦးကြား၌ ကြီးမားသော ကွဲပြားချက်တစ်ခု ရှိနေသည်ကို မြင်တွေ့ရသောကြောင့် ဖြစ်သည်။ ထိုကွဲပြားချက်မှာ အခြားမဟုတ်၊ အယူဝါဒ မတူညီကြခြင်းပင် ဖြစ်သည်။

အနာထပိဏ် သူဌေးသည် ဝေးလံသော ခရီးမှ မိမိထံ တစ်ကူးတက ရောက် လာသော မိတ်ဆွေချစ်အား အဖိုးထိုက်တန်သော လက်ဆောင်မွန်ဖြင့် တုံ့ပြန်၍ ဧည့်ဝတ်ပြုခဲ့သည်။ သို့ရာတွင် ထိုလက်ဆောင်မှာ လောကီလက်ဆောင်မဟုတ်၊ လောကုတ္တရာ လက်ဆောင်သာ ဖြစ်လေသည်။ ဗုဒ္ဓမြတ်စွာ ဟူသော ပုဂ္ဂိုလ်ထူး တစ်ပါး လောကဥ ပေါ်ထွန်းနေကြောင်း၊ ထိုပုဂ္ဂိုလ်ထူးကို မိမိကိုယ်တိုင် ကျောင်း ဆောက်လှူဒါန်း၍ ဆည်းကပ် ကိုးကွယ်နေကြောင်းများကို ဥဂ္ဂသူဌေးအား ဝမ်းမြောက်ဝမ်းသာ ပြောကြားခဲ့သည်။

သို့သော် ဥဂ္ဂသူဌေးကား ထိုစကားကို စိတ်မဝင်စားခဲ့။ မိမိတွင်လည်း အမြဲ ကိုးကွယ် ဆည်းကပ်နေသည့် ဆရာတက္ကတွန်းများ ရှိနေသောကြောင့် ဗုဒ္ဓ အား ဖူးမြော်ရန်သော်လည်းကောင်း၊ ဗုဒ္ဓတရားကို နာကြားရန်သော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒမရှိကြောင်း ပြန်ကြား ပြောဆိုခဲ့လေသည်။ ထိုအခါ အနာထပိဏ်သူဌေးမှာ မိတ်ဆွေရင်းဖြစ်သူ အယူလွဲမှားနေသည်ကိုသိရသဖြင့် များစွာ စိတ်မကောင်းဖြစ်မိသည်။ သို့သော် ယုံကြည်မှုနှင့် ပတ်သက်၍ အတင်းအကျပ် တိုက်တွန်းရန်လည်း မသင့်လျော်သောကြောင့် စကားလမ်းကြောင်းကို လွှဲပြောင်းပစ်ခဲ့ရလေသည်။

ယခုကဲ့သို့ သားရေး သမီးရေး ကိစ္စနှင့် ပတ်သက်လာသောအခါတွင်မူ အနာထပိဏ် သူဌေးအဖို့ အယူဝါဒရေး ပြဿနာကို မစဉ်းစားဘဲ နေ၍ မဖြစ်တော့။ သမီးဖြစ်သူအား တိတ္ထိ တက္ကတွန်းများကို ကိုးကွယ်သည့် အိမ်ထောင်အတွင်းသို့ ထည့်ပေးလိုက်ရန် တွန့်ဆုတ်နေသည်။ ဗုဒ္ဓမြတ်စွာ၏ ကျောင်းဒကာ အနေဖြင့်လည်း ထိုကိစ္စမှာ တော်မှ တော်ပါ့မည်လားဟု စဉ်းစားစရာ ဖြစ်နေသည်။

သို့ဖြစ်၍ သူသည် ဥဂ္ဂသူဌေးအား ချက်ချင်း အဖြေမပေးသေးဘဲ တစ်ရက် နှစ်ရက်မျှ အချိန်ဆွဲထားသည်။ ထို့နောက် သူဌေးကတော်နှင့် တိုင်ပင်၍ ဗုဒ္ဓရှင်တော်မြတ်အား သွားရောက် လျှောက်ကြားလေသည်။ ဗုဒ္ဓမြတ်စွာသည် စူဠသုဘဒ္ဒါကို အကြောင်းပြု၍ ဥဂ္ဂသူဌေး၏ မိသားစုတစ်စုလုံး ကျွတ်တမ်းဝင်မည့်အကြောင်းကို ကြိုတင် သိမြင်တော်မူသည်။ ထို့ကြောင့် အနာထပိဏ် သူဌေးအား ဥဂ္ဂသူဌေး၏ ဆန္ဒကို လိုက်လျောသင့်ကြောင်း မိန့်ကြားတော်မူလိုက်သည်။

ဥဂ္ဂသူဌေးသား သုဒေဝနှင့် အနာထပိဏ်သူဌေးသမီး စူဠသုဘဒ္ဒါတို့၏ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသည်။ မင်္ဂလာပွဲပြီးသောအခါ အနာထပိဏ် သူဌေးသည် သမီး စူဠသုဘဒ္ဒါကို ဆုံးမဩဝါဒပေးပြီး ဥဂ္ဂမြို့သို့ ထည့်လိုက်လေသည်။

ချွေးမချောကို ရရှိလာသော ဥဂ္ဂသူဌေးသည် ဥဂ္ဂမြို့သို့ ရောက်သောအခါ၌လည်း မင်္ဂလာပွဲကို တခမ်းတနား ကျင်းပပြန်သည်။ ထိုမင်္ဂလာပွဲ၌ သူ့ဆရာ တက္ကတွန်း ရဟန်းများကိုလည်း ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လေသည်။ တက္ကတွန်း ရဟန်းများကို ရှိခိုးကန်တော့ရန်အတွက် ချွေးမဖြစ်သူ စူဠသုဘဒ္ဒါကို အခေါ်ခိုင်းသောအခါ သုဘဒ္ဒါက "အဝတ်မစည်း အချည်းနှီးနေသော တက္ကတွန်းများကို ကျွန်မ ရှိမခိုးနိုင်ပါ" ဟု ပြန်ပြောလေသည်။

ထိုအခါ တက္ကတွန်းရဟန်းများကို ကိုးကွယ်နေသော ဥဂ္ဂသူဌေးက မခံမရပ်နိုင်ဖြစ်ပြီး သုဘဒ္ဒါကို အိမ်မှ နှင်ထုတ်သည်။ သို့သော် သုဘဒ္ဒါက အိမ်ပေါ်မှ ဆင်းမသွားဘဲ မိမိကိုးကွယ်သော ဗုဒ္ဓမြတ်စွာ၏ ဂုဏ်များကို ချီးကျူး ပြောဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုဘဒ္ဒါ၏ ချီးကျူးစကားများကို ကြားလျှင် သူဌေးကတော်ကြီး အနည်းငယ် စိတ်ဝင်စားလာသည်။ "ချစ်သမီး ... သို့ဖြစ်လျှင် သင်ရဲ့ ဆရာများကို ငါတို့လည်း မြင်တွေ့လိုပါသည်၊ ပင့်နိုင်လျှင် ပင့်ဖိတ်ပေးပါလော့" ဟု သုဘဒ္ဒါအား ပြောလေသည်။ သုဘဒ္ဒါက "ကောင်းပါပြီ" ဟု ဝန်ခံပြီး နေအိမ်ပြာသာဒ်၏ အထက်ထပ်သို့ တက်၍ သာဝတ္ထိပြည်ဘက်သို့ လက်အုပ်ချီကာ အဓိဋ္ဌာန်ပြုလေသည်။

"ဗုဒ္ဓရှင်တော်မြတ်နှင့် ရဟန်းသံဃာ ငါးရာတို့ကို နက်ဖြန်နံနက်အချိန်တွင် ဥဂ္ဂမြို့ ဥဂ္ဂသူဌေး၏ နေအိမ်သို့ ဆွမ်းခံကြွရန် တပည့်တော် စူဠသုဘဒ္ဒါက ပင့်ဖိတ်ပါသည် ဘုရား"

စူဠသုဘဒ္ဒါသည် ထိုသို့ အဓိဋ္ဌာန်ပြုပြီး မြတ်လေးပန်း ရှစ်ဆုပ်ကို ကောင်းကင်သို့ ပစ်မြှောက်လိုက်လေသည်။ ထိုပန်းများသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တရားဟောနေသော ဗုဒ္ဓမြတ်စွာ၏ အထက်၌ 'ပန်းမျက်နှာကြက်' ဖြစ်၍ တည်နေလေသည်။

တရားပွဲ ပြီးသောအခါ အနာထပိဏ်သူဌေးက ဗုဒ္ဓမြတ်စွာကို သူ့အိမ်သို့ ဆွမ်းခံကြွရန် ပင့်ဖိတ်သည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက "သူကြွယ်၊ နက်ဖြန် နံနက်ဆွမ်းကို စူဠသုဘဒ္ဒါက လောင်းလှူရန် ပင့်ဖိတ်ထားပြီး ဖြစ်၏" ဟု မိန့်ကြားတော်မူသည်။ ဗုဒ္ဓမြတ်စွာ၏ မိန့်ကြားချက်ကို ကြားရသဖြင့် အနာထပိဏ်သူဌေး အံ့အားသင့်သွားသည်။ "အရှင်ဘုရား၊ တပည့်တော်ရဲ့သမီး စူဠသုဘဒ္ဒါဟာ ဒီကနေ ယူဇနာ (၁၂၀)ဝေးတဲ့ ဥဂ္ဂမြို့ကို ရောက်နေပါတယ် ဘုရား" ဟု လျှောက်ကြားသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက အနာထပိဏ်သူဌေးအား -

"ဟိမဝန္တာတောင်သည် အဝေး၌ တည်သော်လည်း ထင်ရှားသကဲ့သို့၊ ထို့အတူ သူတော်ကောင်းတို့သည် အဝေး၌တည်သော်လည်း ထင်ရှားကုန်၏၊ ညအချိန် ပစ်လိုက်သော မြားတို့သည် မထင်ရှားကုန်သကဲ့သို့ ထို့အတူ သူယုတ်မာတို့သည် အနီး၌တည်သော်လည်း မထင်ရှားကုန်" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

နောက်နေ့နံနက်တွင် ဗုဒ္ဓမြတ်စွာသည် ရဟန္တာ ငါးရာတို့နှင့်အတူ ဝိသကြုံ နတ်သား ဖန်ဆင်းအပ်သော ကျောင်းဆောင်ငယ်တို့ဖြင့် ဥဂ္ဂမြို့သို့ ကြွသွားတော်မူသည်။ ဥဂ္ဂသူဌေးနှင့် မိသားစုတို့သည် တင့်တယ်သော အသရေဖြင့် ကြွတော်မူလာသော ဗုဒ္ဓမြတ်စွာနှင့် ရဟန်းတို့ကို ဖူးမြင်ရလျှင် အလွန် ကြည်ညိုသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com




ဘုရားအမှူးရှိသော သံဃာအား ခုနစ်ရက်ပတ်လုံး မွန်မြတ်သော ဆွမ်းခဲဖွယ်တို့ဖြင့် လုပ်ကျွေး ပြုစုကြသည်။ ဗုဒ္ဓမြတ်စွာ ဟောကြားသောတရားကို ကြားနာရသဖြင့် ဥဂ္ဂသူဌေးနှင့်တကွ ရှစ်သောင်းလေးထောင်သော မြို့သူမြို့သားများ အကျွတ်တရား ရရှိသွားကြသည်။ ဗုဒ္ဓမြတ်စွာသည် ခုနစ်ရက်မြောက်သောနေ့တွင် ရှင်အနုရုဒ္ဓါ အမှူးရှိသော ရဟန္တာငါးပါးကို ဥဂ္ဂမြို့၌ ထားခဲ့ပြီး သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလေသည်။

(၂၁။ ပကိဏ္ဏကဝဂ်၊ ၈-စူဠသုဘဒ္ဒါ ဝတ္ထု)

မှတ်ချက်။ ။ထေရဂါထာ အဋ္ဌကထာနှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌ ဥဂ္ဂသူဌေးသားနှင့် လက်ထပ်သူမှာ မဟာသုဘဒ္ဒါဖြစ်သည်ဟု ဆိုပါသည်။ စူဠသုဘဒ္ဒါမှာ သာကေတမြို့မှ ကာဠက သူဌေးသားနှင့် လက်ထပ်သည်ဟု ဆိုပါသည်။ ဇာတ်လမ်း နှစ်ခုလည်း ဆင်တူဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# မီးစတစ်ဖက် ရေမှုတ်တစ်ဖက်

## (၁)

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် ရှင်ဒေဝဒတ်သည် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန် စသော ပုဂ္ဂိုလ်များကဲ့သို့ ထင်ရှားကျော်ကြားမှု မရသဖြင့် ဗုဒ္ဓအား အန်တုကာ သံဃာ့ဂိုဏ်းတစ်ခုကို သီးခြားတည်ထောင်ရန် ကြိုးပမ်းလေသည်။ "ဂေါတမသည် လူတို့လျှုဒါန်းသည့် ဆွမ်း သင်္ကန်း ကျောင်းတို့ကို မှီဝဲ သုံးဆောင်လျက် မြို့ကျောင်း ရွာကျောင်းများ၌သာ အချောင်နိုနေ၏၊ တရားကို တကယ်မကျင့်၊ ငါကား သူကဲ့သို့ မြို့ကျောင်း ရွာကျောင်းမှာ မနေ၊ တောကျောင်းသို့ သွား၍ တရားကို တကယ် ကျင့်မည်" ဟု ကြေညာပြီး ဂယာသီသ တောအုပ်သို့ ထွက်ခွာသွားလေသည်။ အသိ အလိမ္မာ နည်းပါးသော ရဟန်းငယ်အချို့သည် ဒေဝဒတ်၏စကားကို နားယောင်ကာ သူ့နောက်သို့ လိုက်ပါသွားကြ၏။

ဒေဝဒတ်သည် ဂယာသီသသို့ မထွက်ခွာမီကပင်ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ သားတော် အဇာတသတ် မင်းသားအား ဈာန်အဘိညာဉ်တန်ခိုးဖြင့် မိမိကို ကြည်ညိုအောင် ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ အဇာတသတ် မင်းသားသည် သူ့ဆရာ ရှင်ဒေဝဒတ် ဂယာသီသ တောအုပ်၌ သီတင်းသုံးကြောင်း ကြားသိလျှင် ကျောင်းကန် အဆောက်အအုံများကို နေ့ချင်းညချင်း ဆောက်လုပ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဒေဝဒတ်နှင့် သူ့တပည့်များအတွက် ထမင်းအုပ် ငါးရာကိုလည်း နေ့စဉ်ပို့ပေးလေသည်။ ဤသို့ဖြင့် ရှင်ဒေဝဒတ်၏ နောက်လိုက်များမှာ လာဘ်လာဘ အလွန်ပေါများလျက် ရှိလေသည်။

ထိုအခါ ရာဇဂြိုဟ်ပြည်မှ အလွန်ခင်မင် ရင်းနှီးသော မိတ်ဆွေနှစ်ယောက် ရှိသည်။ သူတို့နှစ်ဦးတွင် တစ်ယောက်က မြတ်စွာဘုရားထံ၌လည်းကောင်း၊ ကျန်တစ်ယောက်က ဒေဝဒတ်ထံ၌ လည်းကောင်း အသီးသီး ရဟန်းပြုကြသည်။ ထိုရဟန်းငယ်နှစ်ပါးတို့သည် ဆွမ်းခံရင်း တွေ့ဆုံမိကြသောအခါ ဒေဝဒတ်၏ နောက်လိုက် ရဟန်းက သူတို့ကျောင်း၌ ဆွမ်း ကွမ်း ပေါများပုံကိုပြော၍ မိတ်ဆွေရဟန်းကို ဂယာသီသသို့ ခေါ်သွားလေသည်။ ဂယာသီသသို့ ရောက်သောအခါ ဆွမ်းကောင်း ဟင်းကောင်းများ ကျွေးပြီး သူတို့ဆီမှာပင်နေရန် တိုက်တွန်းသည်။ မိတ်ဆွေ ရဟန်းများသည် ရှင်ဒေဝဒတ်၏ အယူဝါဒကို မနှစ်သက်သော်လည်း သူ့မိတ်ဆွေကို အားနာသဖြင့် ဂယာသီသ၌ သုံးရက်မျှနေပြီး ဝေဠုဝန်ကျောင်းတော်သို့ ပြန်လာသည်။

ထိုအခါ ရဟန်းတို့က ဂယာသီသမှ ပြန်လာသော ရဟန်းငယ်ကို ဗုဒ္ဓမြတ်စွာထံ ခေါ်သွားကြပြီး "ဤရဟန်းသည် ဒေဝဒတ်အတွက် ဖြစ်ပေါ်လာသော လာဘ်လာဘကို သုံးဆောင်ပါသည်။ ဒေဝဒတ်၏ အသင်းအပင်း၌ ပါဝင်သူ ဖြစ်ပါသည်" ဟု လျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာက ထိုရဟန်းငယ်ကို မေးမြန်းစိစစ်တော်မူလေသည်။

"ရဟန်းငယ်၊ သင်သည် ဒေဝဒတ်၏ ကျောင်းသို့ သွား၍ စားသောက်နေတယ်ဆိုတာ မှန်သလား"

"မှန်ပါတယ် ဘုရား၊ မိတ်ဆွေ ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ဂယာသီသမှာ တပည့်တော် နှစ်ရက် သုံးရက် နေခဲ့ပါတယ်၊ ဒါပေမယ့် ဒေဝဒတ်ရဲ့ အယူဝါဒကိုတော့ တပည့်တော် မနှစ်သက်ပါ"

"ရဟန်းငယ်၊ မနှစ်သက်ပါလို့ ပါးစပ်က သင် ပြောပေမယ့် သင်လုပ်တာကတော့ နှစ်သက်သလို ဖြစ်နေတယ်၊ သင်သည် ယခု ဘဝ၌သာ ဤသို့ ပြုလုပ်သည် မဟုတ်၊ ရှေးဘဝကလဲ ဤသို့ပင် ပြုလုပ်ခဲ့၏"

ဗုဒ္ဓမြတ်စွာသည် ဤသို့ မိန့်ကြားပြီး ရဟန်းတို့က တောင်းပန်ကြသဖြင့် အတိတ်ကို ဆောင်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်။ ထိုမင်း၌ အလွန်လိမ္မာ ယဉ်ကျေးသည့် မဟိဠာမုခ အမည်ရှိသော မင်္ဂလာဆင်တော် တစ်စီး ရှိသည်။ တစ်နေ့သ၌ လူဆိုး ဓားပြ တစ်စုတို့သည် မင်္ဂလာ ဆင်တော်ထားရာ ဆင်တင်းကုပ်အနီး၌ ညအချိန်တွင် တိတ်တဆိတ် တွေ့ဆုံစည်းဝေး၍ ဖောက်ထွင်းလုယက်မှုများ ပြုလုပ်ရန် တိုင်ပင် ဆွေးနွေးကြသည်။ ယင်းသို့ ဆွေးနွေး တိုင်ပင်ကြရာတွင် အိမ်ကို မည်သို့ ဖောက်ထွင်းရမည်။ လူတွေ့လျှင် မည်သို့ ထိုးခုတ်သတ်ဖြတ်ရမည် စသည်တို့ကို ခေါင်းဆောင် ဖြစ်သူက အသေးစိတ် ညွှန်ကြားပြောဆိုလေသည်။ ထိုနေရာမှာ ချောင်ကျ၍ ညအချိန်တွင် လူပြတ်သော နေရာဖြစ်သဖြင့် လူဆိုးတို့သည် နောက်နေ့ နောက်နေ့များတွင်လည်း ထိုနေရာ၌ပင် တွေ့ဆုံဆွေးနွေးမှု ပြုကြသည်။ ဤသို့ ရက်ပေါင်းများစွာ ပြုလုပ်ကြသောအခါ လူဆိုးတို့၏ စကားကို နေ့စဉ်ရက်ဆက် ကြားနေရသော မင်္ဂလာဆင်တော်မှာ စိတ်ရိုင်းများဝင်လာသည်။ မိမိအား လူများက ထိုးခုတ်သတ်ဖြတ်ရန် သင်ကြားပေးနေသည်ဟု ထင်မှတ်လာသည်။

နောက်တစ်နေ့ နံနက်တွင် မင်္ဂလာဆင်တော်ကို ထိန်းကျောင်းစောင့်ရှောက်ရသော ဆင်ထိန်းသည် နေ့စဉ် တာဝန်ဝတ္တရားရှိသည့်အတိုင်း ဆင်တော်အား အစာကျွေးရန်အတွက် အနီးသို့ ချဉ်းကပ်လေသည်။ အခါတိုင်းနှင့် မတူဘဲ စိတ်ရိုင်းဝင်နေသော ဆင်ကြီးသည် မိမိအနီးသို့ ရောက်လာသော ဆင်ထိန်းကို ရုတ်တရက် အစွယ်ဖြင့် ထိုးသတ်လိုက်ရာ ဆင်ထိန်းမှာ တစ်ချက်ဖြင့် အသက်ကုန်သွားလေသည်။ ထိုဆင်ထိန်း သေဆုံးသွားသောအခါ အခြားသော ဆင်ထိန်းများသည် တစ်ယောက်ပြီးတစ်ယောက် ဆင်ကြီးအနီးသို့ ချဉ်းကပ်နိုင်ရန် ကြိုးစားကြပြန်သည်။ သို့သော် ဆင်ကြီးကား မည်သူ့ကိုမျှ အနားကပ်မခံဘဲ လာသမျှ ဆင်ထိန်းများကို ဆီး၍ အန္တရာယ် ပြုနေလေသည်။

ယခင်က အလွန်လိမ္မာ ယဉ်ကျေးပြီး လူကို လုံးဝ အန္တရာယ် မပြုခဲ့သော မင်္ဂလာဆင်တော်ကြီးသည် ယခု စိတ်ရိုင်းဝင်ကာ လာသမျှ ဆင်ထိန်းတို့ကို ရန်ပြုနေကြောင်း အမတ်တို့က ဘုရင်မင်းမြတ်အား လျှောက်တင်ကြသည်။ ဘုရင်က တတ်ကျွမ်းလိမ္မာသော ဆင်ဆရာများကို စေလွှတ်၍ ဆင်ကြီးကို ကြည့်ရှုစစ်ဆေးသည်။ ဆင်ဆရာတို့သည် အနီးသို့ မကပ်ဝံ့သဖြင့် ဆင်တင်းကုပ်၏ အပြင်မှနေ၍ လေ့လာစုံစမ်းကြသည်။ ဆင်ကြီးတွင် မည်သည့် ရောဂါဝေဒနာမျှ စွဲကပ်ဘျ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည့် လက္ခဏာ မတွေ့ရသဖြင့် ဘုရင်အား ထိုအကြောင်းကို လျှောက်တင်ကြသည်။ မင်္ဂလာဆင်တော်မှာ ဘုရင်မင်းမြတ်နှင့်တကွ နိုင်ငံတော်၏ ကျက်သရေဆောင်ဖြစ်သည့်ပြင် တိုင်းတစ်ပါးမင်းတို့၏ ရန်ကို ကာကွယ်တိုက်ခိုက်ရာတွင် ထူးခြားသော ရဲစွမ်းသတ္တိနှင့် ပြည့်စုံသောကြောင့် အလွန်ပင် အရေးကြီးလှပေသည်။ သို့ဖြစ်၍ ဘုရင်သည် မင်္ဂလာဆင်တော် ကိစ္စကို မှူးမတ် ပညာရှိတို့နှင့် အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးကာ အကြံဉာဏ် ယူနေရလေသည်။

ထိုအခါ ဘုရင်၏အတိုင်ပင်ခံ ပညာရှိ အမတ်ကြီး မဟာဒေဝက မင်္ဂလာဆင်တော်ကို မိမိကိုယ်တိုင် သွား၍ ကြည့်ရှု စစ်ဆေးလိုကြောင်း လျှောက်တင်ရာ ဘုရင်ကလည်း ယုံကြည် အားကိုးစွာဖြင့် ခွင့်ပြုလိုက်သည်။ ပညာ ဗဟုသုတနှင့် ပြည့်စုံသော အမတ်ကြီး မဟာဒေဝသည် ဆင်တင်းကုပ် ပြင်ပမှနေ၍ မင်္ဂလာဆင်တော်ကို ကြည့်ရှုစစ်ဆေးရာ မည်သည့် ရောဂါ ဝေဒနာမျှ စွဲကပ်ခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထို့နောက် အခြေအနေကို ဆင်ခြင်သုံးသပ် ကြည့်သောအခါ ဆင်တော်သည် တစ်စုံတစ်ယောက်သော သူတို့၏ ရက်စက် ကြမ်းကြုတ်သော စကားများကို မကြာခဏ ကြားနေရသောကြောင့် စိတ်ရှိင်းဝင်နေခြင်း ဖြစ်မည်ဟု စဉ်းစားမိလေသည်။ ယင်းသို့ စဉ်းစားမိသည့်အလျောက် ဆင်တင်းကုပ် အနီး၌ အထောက်တော်များကို နေ့ရောညပါ လျှို့ဝှက်စွာ ချထား၍ စုံစမ်းထောက်လှမ်းစေသည်။ ညအချိန်တွင် တာဝန်ကျသော အထောက်တော်တို့က လူဆိုးတို့ တိုင်ပင် ဆွေးနွေးကြသည်ကို ကြားရကြောင်း အစီရင်ခံကြသောအခါ အမတ်ကြီး မဟာဒေဝသည် အဖြေမှန်ကို ရရှိသွားလေသည်။

အမတ်ကြီးသည် ဘုရင်မင်းမြတ်ထံ ဝင်၍ မိမိစုံစမ်းတွေ့ရှိရသော အချက်များကို လျှောက်တင်လေသည်။

"အရှင်မင်းမြတ် ... မင်္ဂလာ ဆင်တော်မှာ ရောဂါ တစ်စုံတစ်ခု စွဲကပ်ခြင်း မရှိပါ။ လူဆိုးတို့၏ စကားကို ညစဉ် ကြားနေရ၍ စိတ်ရိုင်းဝင်နေခြင်းသာ ဖြစ်ပါသည်"

"သို့ဖြစ်လျှင် ယခင်ကကဲ့သို့ ပြန်၍ ယဉ်ကျေးအောင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း အမတ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးများကို ဖမ်းဆီးစေပြီး၊ ဆင်တင်းကုပ် အနီး၌ သူတော်သူမြတ်တို့ စုဝေး၍ တရားစကား ဟောပြောဆွေးနွေးကြရန် စီစဉ်ပေးသင့်ပါသည် မင်းမြတ်"

"ဤကိစ္စကို သင် အမတ်ကြီးကိုယ်တိုင် စီစဉ်ပါလော့"

ဘုရင်မင်းမြတ်၏ အမိန့်အရ အမတ်ကြီးသည် လူဆိုးများကို ဖမ်းဆီးစေပြီး ဆင်တင်းကုပ်အနီး၌ မဏ္ဍပ်တစ်ခုကို ဆောက်လုပ်စေသည်။ ထိုမဏ္ဍပ်၌ သူတော်သူမြတ်တို့အား ပင့်ဖိတ်ကျွေးမွေး၍ တရားဟောပြော ဆွေးနွေးပွဲများကို နေ့စဉ် ရက်ဆက် ပြုလုပ်လေသည်။ ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ တရားစကားများကိုသာ နေ့စဉ် ကြားနေရသော မဂ်လာဆင်တော်သည် စိတ်ကောင်းဝင်လာပြီး ယခင်ကကဲ့သို့ပင် ယဉ်ကျေးသိမ်မွေ့ခြင်းသို့ ရောက်လာလေသည်။ ဘုရင်မင်းမြတ်က လွန်စွာ ဝမ်းမြောက်လျက် အမတ်ကြီးအား ဆုလာဘ် များစွာပေးလေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး "ယခုအခါ ဂယာသီသသို့ သွားသော ရဟန်းသည် ထိုအခါ မဟိဠာမုခ ဆင်ဖြစ်ခဲ့၏။ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗြဟ္မဒတ်မင်း ဖြစ်ခဲ့၏၊ ယခုအခါ ငါဘုရားသည် ထိုအခါ မဟာဒေဝ အမတ်ကြီး ဖြစ်ခဲ့၏" ဟူ၍ ဇာတ်ကို ပေါင်းတော်မူသည်။ ထို့နောက် -

"ရဟန်းသည် တရားသဖြင့် ရရှိသော မိမိ၏ လာဘ်လာဘကို မထိမဲ့မြင် မပြုရာ၊ သူတစ်ပါးတို့၏ လာဘ်လာဘကို မတောင့်တရာ၊ သူတစ်ပါးတို့၏ လာဘ်လာဘကို တောင့်တသော ရဟန်းသည် တည်ကြည်မှု သမာဓိကို မရနိုင်ချေ" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၂၅။ ဘိက္ခုဝေ၊ ၅-ဝိပက္ခသေဝက ဘိက္ခု ဝတ္ထုနှင့် ဧကနိပါတ် မဟိဠာမုခဇာတ်)

www.burmeseclassic.com

www.burmeseclassic.com

## လယ်သမား၏သောက

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ခုသော နံနက်ခင်း၌ ဆွမ်းခံရာမှ အပြန်တွင် လယ်ကွင်းထဲ၌ ရိုးပြတ်များကို ရှင်းလင်းသုတ်သင်နေသော မဟာဒတ္တပုဏ္ဏားကြီးထံသို့ တစ်ပါးတည်း ကြွသွားတော်မူလေသည်။

"မဟာဒတ္တ ... ဘာတွေ လုပ်နေသလဲ"

"စပါးစိုက်ရန် ရိုးပြတ်များကို ရှင်းလင်းနေပါသည် ရှင်ဂေါတမ"

မဟာဒတ္တသည် ဗုဒ္ဓ၏တရားဓမ္မကို ယုံကြည်သူ မဟုတ်သော်လည်း ဗုဒ္ဓကိုမူ မကြာခဏ မြင်ဖူးတွေ့ဖူးနေသူဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓ၏အမေးကို ယဉ်ကျေးသိမ်မွေ့စွာ ဖြေကြားလေသည်။ ထို့နောက် ဗုဒ္ဓသည် ထူးထူးထွေထွေ မိန့်ကြားခြင်း မပြုဘဲ လယ်ကွင်းထဲမှ ထွက်လာတော်မူလေသည်။

ရိုးပြတ်များကို ရှင်းလင်းသုတ်သင်ခြင်းကိစ္စ ပြီးစီး၍ စတင် ထွန်ယက်သောနေ့တွင် နောက်တစ်ကြိမ် ဗုဒ္ဓ ကြွရောက်လာတော်မူသည်။

"မဟာဒတ္တ ... လယ်ထွန်နေပြီလား"

"ဟုတ်ပါတယ် ရှင်ဂေါတမ၊ လယ်ထွန်နေပါပြီ"

ဤတစ်ကြိမ်တွင်လည်း ဗုဒ္ဓသည် ဤမျှသာ မိန့်ကြားပြီး ပြန်ကြွသွားလေသည်။ ပျိုးကြဲချိန် ကောက်စိုက်ချိန် စသော အချိန်များသို့ ရောက်သောအခါ၌လည်း



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသည် မကြာခဏ ကြွလာ၍ မဟာဒတ္တနှင့် အာလာပ သလ္လာပ စကား ပြောကြား တော်မူသည်။ ဤနည်းအားဖြင့် မဟာဒတ္တက ဗုဒ္ဓကို ခင်မင်ရင်းနှီးသော မိတ်ဆွေ တစ်ဦးအဖြစ် မှတ်ယူခဲ့လေသည်။

မဟာဒတ္တ၏ လယ်ခင်းသည် မိုးဦးရော မိုးလယ်ပါ ကောင်းမွန်သဖြင့် အောင်မြင်ဖြစ်ထွန်းလာခဲ့သည်။ စိမ်းလန်းစိုပြေသော စပါးပင်တို့ကို တစိမ့်စိမ့် ကြည့်ကာ မဟာဒတ္တမှာ ဝမ်းသာ၍နေသည်။ အောင်မြင်ဖွံ့ထွားသော စပါးနှံတို့ဖြင့် ညွတ်ကျလျက် ရွှေဝါရောင်သမ်းစပြုနေသည့် လယ်ကွင်းပြင်ကြီးကို မြင်တွေ့ရသည့် အခါတွင်မူ သူ၏ ကြည်နူးမှုသည် အထွတ်အထိပ်သို့ ရောက်ရှိလာလေသည်။

ဗုဒ္ဓရှင်တော်မြတ်ကလည်း သူ့လယ်ခင်းသို့ မကြာခဏ ကြွလာသည်။ "မဟာဒတ္တ ... သင့်လယ်ခင်းသည် အောင်မြင်လှပေ၏" ဟူ၍ မိန့်ကြားလျှင် ပုဏ္ဏားကြီးမှာ ပို၍ ဝမ်းမြောက်ခဲ့ရသည်။ ထို့ကြောင့် -

"ရှင်ဂေါတမ ... စပါး သိမ်းပြီးလျှင် သင့်အားလည်း ကျွန်ုပ် လှူဒါန်း ပါမည်" ဟူ၍ပင် သူက နှုတ်ကတိ စကား ပြောကြားခဲ့လေသည်။

ဤသို့ဖြင့် စပါးရိတ်သိမ်းရန် တစ်ရက် နှစ်ရက်မျှသာ လိုတော့သော အချိန်သို့ ရောက်လာသည်။ ထိုအချိန်တွင် လေနှင့်တကွ သည်းထန်သောမိုးကြီး ရုတ်တရက် ရွာချလိုက်ရာ မဟာဒတ္တ၏ စပါးခင်းတစ်ခုလုံး ရေထဲသို့ မျောပါ နစ်မြုပ်သွား လေသည်။

မဟာဒတ္တသည် နံနက်လင်းလျှင် လင်းချင်း လယ်ကွင်းထဲသို့ ပြေးလာသည်။ တစ်ကွင်းလုံး ဘာမျှမကျန်အောင် ပျက်စီးသွားသော လယ်ခင်းကို တွေ့မြင်ရသဖြင့် "ငါ့ရဲ့ မျှော်မှန်းချက်များ တစ်စမကျန် ပျက်ပြားသွားလေပြီ" ဟူ၍ ယူကြုံးမရ ဖြစ်ကာ အိမ်သို့ လျှင်မြန်စွာ လှည့်ပြန်ခဲ့သည်။ အိမ်သို့ ရောက်သောအခါ ထမင်း လည်းမစား၊ မည်သူနှင့်မျှလည်း စကားမပြောဘဲ အိမ်ခန်းထဲတွင် စိတ်ပျက်စွာ အိပ်နေလေသည်။

ဗုဒ္ဓမြတ်စွာသည် မဟာဒတ္တ ပုဏ္ဏားကြီး အကြောင်းကို ကြားသိတော်မူ သဖြင့် သူ့အိမ်ရှေ့သို့ ကြွလာတော်မူသည်။ အိမ်သူ အိမ်သားများက ဗုဒ္ဓ ကြွလာ ကြောင်း ပုဏ္ဏားကြီးထံ သွားပြောကြသည်။ ပုဏ္ဏားကြီးက "ငါ့မိတ်ဆွေကို အိမ် ထဲသို့ ခေါ်ပြီး ထိုင်စရာနေရာ ပေးထားလိုက်ကြပါ" ဟု ပြန်ပြောသည်။ ဗုဒ္ဓမြတ်စွာ သည် အိမ်ထဲသို့ဝင်၍ ထိုင်နေတော်မူပြီး ပုဏ္ဏားကြီးကို အခေါ်ခိုင်းတော်မူသည်။ ပုဏ္ဏားကြီးသည် အိမ်ခန်းထဲမှ ထွက်လာပြီး ဗုဒ္ဓမြတ်စွာအနီး၌ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုဏ္ဏား ...၊ သင် ဘာဖြစ်နေသလဲ"

"ကျွန်ုပ် ရက်လများစွာ အားထုတ်စိုက်ပျိုးထားတဲ့ လယ်တစ်ကွင်းလုံး ပျက်စီးသွားလို့ စိတ်ဆင်းရဲနေရပါတယ် အရှင်ဂေါတမ"

"ပုဏ္ဏား၊ ခုလို စိတ်ဆင်းရဲမှု၊ စိတ်ပူပန်ရမှုသည် ဘာကို အကြောင်းပြု၍ ဖြစ်ပေါ်လာတယ်လို့ သင် ထင်သလဲ"

"ကျွန်ုပ်တော့ မသျှောက်တတ်ပါဘူး၊ အရှင်ဂေါတမပဲ အမိန့်ရှိပါ"


ထိုအခါ ဗုဒ္ဓမြတ်စွာက လိုချင်တပ်မက်မှု 'တဏှာ' ကို အမှီပြု၍ စိုးရိမ်ပူပန်မှု ဖြစ်ပေါ်လာရခြင်း ဖြစ်ကြောင်း မိန့်ကြားပြီး -

"တဏှာကြောင့် စိုးရိမ်ပူပန်မှုသည် ဖြစ်ပေါ်လာ၏၊ တဏှာကြောင့် ကြောက်ရွံ့မှုသည် ဖြစ်ပေါ်လာ၏၊ တဏှာမှ လွတ်မြောက်သူအား စိုးရိမ်ပူပန်မှုသည် မရှိ၊ ကြောက်ရွံ့မှုသည်လဲ မရှိ" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာအဆုံး၌ မဟာဒတ္တပုဏ္ဏားကြီး သောတာပန် ဖြစ်သွားလေသည်။

(၁၆။ ပိယဝဂ်၊ ၆-အညတရဗြာဟ္မဏ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



## နွားကျောင်းသားနှင့် နွားပိုင်ရှင်

သာဝတ္ထိပြည်၌ တစ်ဦးနှင့် တစ်ဦး အလွန်ချစ်ခင် ရင်းနှီးသည့် သုမိတ္တနှင့် သုစာတ အမည်ရှိသော မိတ်ဆွေနှစ်ယောက် ရှိသည်။ သူတို့နှစ်ဦးသည် ဇေတဝန်ကျောင်းတော်သို့ မကြာခဏ သွား၍ ဗုဒ္ဓတရားကို ကြားနာလေ့ရှိသည်။ တစ်နေ့သ၌ ထူးခြားလေးနက်သော တရားတစ်ပုဒ်ကို ကြားနာရသဖြင့် သဒ္ဓါတရားပေါက်ကာ နှစ်ဦးသဘောတူ ရဟန်း ပြုလိုက်ကြလေသည်။

ထိုမိတ်ဆွေ နှစ်ပါးသည် ရဟန်းဘဝသို့ ရောက်သောအခါ ရဟန်းတို့၏ ကျင့်ဝတ်သိက္ခာများကို တတ်ကျွမ်း နားလည်ရန် ဆရာဥပဇ္ဈာယ်တို့ထံ၌ ငါးဝါတိုင်အောင် နီးကပ်စွာနေ၍ ဝိနည်းသိက္ခာပုဒ်များကို သင်ယူလေ့လာကြသည်။ ငါးဝါရသောအခါ ရှင်သုမိတ္တသည် "ငါသည် အတန်ငယ် အရွယ်ထောက်ပေပြီ၊ ပရိယတ်ကို စွမ်းလွန်းတမံ အားထုတ်နိုင်တော့မည် မဟုတ်" ဟု စဉ်းစားမိသဖြင့် တောကျောင်းသို့ သွား၍ ကမ္မဋ္ဌာန်းကို အားထုတ်လေသည်။ ထက်သန်သော ဆန္ဒ၊ မှန်ကန်သော နည်းနိဿယတို့ဖြင့် အားထုတ်ခြင်းကြောင့် သုံးလမျှသော အချိန်ကာလအတွင်း၌ပင် ရဟန္တာအဖြစ်သို့ ရောက်ပြီး မြို့သို့ ပြန်မလာတော့ဘဲ တောကျောင်းမှာပင် ဆက်လက် သီတင်းသုံးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်သုမိတ္တ၏ မိတ်ဆွေဖြစ်သော ရှင်သုဇာတ မထေရ်မှာမူ ရှင်သုမိတ္တထက် အသက်ငယ်၍ တက်ကြွသော အားမာန်ရှိသူ ဖြစ်သဖြင့် "အသက်အရွယ်ကြီးမှသာ ကမ္မဋ္ဌာန်းကို အားထုတ်တော့မည်" ဟု ကြံ၍ ဗုဒ္ဓစကားတော် ဖြစ်သော ပိဋကတ်သုံးပုံကို သင်ယူ အားထုတ်လေသည်။ ပိဋကတ်သုံးပုံကို သင်၍ တတ်မြောက်သောအခါ ငါးရာသော ရဟန်းတို့အား ပရိယတ်ကို သင်ကြားပို့ချပေးခြင်း၊ လူတို့အား နေ့စဉ် တရားဟောခြင်းများ ပြုလုပ်လျက် ထင်ရှားသော မထေရ်တစ်ပါး အဖြစ်ဖြင့် ဇေတဝန်ကျောင်းတော်၌ပင် နေလေသည်။

ထိုအခါ ဇေတဝန်ကျောင်းတော်မှ ခြောက်ကျိပ်သော ရဟန်းတို့သည် ရှင်သုမိတ္တ၏ တောကျောင်းသို့ သွား၍ တရားအားထုတ်ကြသည်။ ထိုရဟန်းများ ရဟန်းကိစ္စပြီးမြောက်၍ သာဝတ္ထိပြည်သို့ ပြန်ကြသောအခါ ရှင်သုမိတ္တက သူ့မိတ်ဆွေဖြစ်သော ရှင်သုဇာတထံသို့ ကျန်းမာကြောင်း၊ သတိရကြောင်းများကို အမှာစကား ပါးလိုက်သည်။ ထိုရဟန်းတို့သည် သာဝတ္ထိပြည်သို့ ရောက်သောအခါ ရှင်သုဇာတထံသို့ ချဉ်းကပ်၍ "တပည့်တော်တို့ ဆရာက အရှင်ဘုရားထံ အမှာစကား ပါးလိုက်ပါသည်" ဟူ၍ လျှောက်တင်ကြလေသည်။

အထက်ပါ နည်းအတိုင်းပင် ရှင်သုမိတ္တ၏ တောကျောင်း၌ တရားအားထုတ်၍ ပြန်လာသော ရဟန်းများ ဇေတဝန်ကျောင်းတော်သို့ မကြာခဏ ရောက်လာကြသည်။ ရောက်လာတိုင်း လာတိုင်းသော ရဟန်းများကလည်း ရှင်သုဇာတထံ ဝင်၍ ရှင်သုမိတ္တ၏ အမှာစကားကို လျှောက်ကြားကြသည်။ ဤသို့ တောကျောင်းမှ ရဟန်းများ မကြာခဏ ရောက်လာပြီး "တပည့်တော်တို့ ဆရာက၊ တပည့်တော်တို့ ဆရာက" ဟု ပြောဆိုသည်ကို ကြားရသောအခါ ရှင်သုဇာတမှာ မခံချင်စိတ် ဖြစ်ပေါ်လာသည်။ "ဒီတောကျောင်းက ကိုယ်တော်ကြီးကို ဘာများ တတ်လို့ 'တပည့်တော်တို့ ဆရာ တပည့်တော်တို့ ဆရာ' လို့ ရဟန်းတွေက ပြောကြပါလိမ့်" ဟု မနာလိုဝန်တိုမှုများ တိုးပွားလာလေသည်။

အမှန်စင်စစ် ရှင်သုဇာတမှာ ရဟန်းများစွာတို့အား ပရိယတ်ကို သင်ကြားပို့ချပေးနေရသည့်အပြင် ထင်ရှားသော ဓမ္မကထိက တစ်ပါးလည်း ဖြစ်သည်။ ထို့ကြောင့် သူ့ကိုယ်သူ အထင်ကြီးပြီး ပညာမာန်တက်လျက် ရှိသည်။ တောကျောင်းဘုန်းကြီး ရှင်သုမိတ္တအပေါ်၌လည်း အထင်အမြင်သေးလျက်ရှိသည်။ ထို့ကြောင့် ရှင်သုမိတ္တနှင့် တွေ့လျှင် မိမိ၏ပညာကို အစွမ်းကုန် ပြလိုက်မည်ဟု ကြံထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားသောအခါ လူအုပ်ကြီးထဲမှ အချို့သူများက ''ဒီကိုယ်တော်လဲ ဓမ္မကထိက ရဟန်းတစ်ပါးပင် ဖြစ်ပေလိမ့်မည်'' ဟု ထင်မှတ်သွားကြသည်။ သို့ဖြစ်၍ နောက်နေ့ညနေတွင် ရှင်လာဠုဒါယီ၏ ကျောင်းသို့ သွား၍ တရားဟောရန် ပင့်လျှောက်ကြသည်။ ရှင်လာဠုဒါယီသည် တရားမဏ္ဍပ်သို့ လိုက်ပါလာပြီး ပလ္လင်ပေါ်၌ ခပ်တည်တည် ထိုင်နေသည်။

ပရိသတ်ကလည်း ရှင်လာဠုဒါယီ ဟောကြားမည့် တရားကို မျှော်လင့်တကြီးဖြင့် ငြိမ်သက်စွာ ထိုင်နေကြသည်။ သို့သော် တရားသံ ထွက်ပေါ်မလာဘဲ တိတ်ဆိတ်ခြင်းကသာ မဏ္ဍပ်တစ်ခုလုံးကို လွှမ်းမိုးနေသည်။ ပလ္လင်ပေါ်သို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ ယပ်တောင်ကို ကိုင်လျက် ချွေးဒီးဒီးကျနေသော ရှင်လာဠုဒါယီကို တအံ့တဩ တွေ့မြင်ကြရလေသည်။

စင်စစ် ရှင်လာဠုဒါယီမှာ တစ်ကြိမ်တစ်ခါမျှ တရားဟောပြောဖူးခြင်းမရှိ။ သို့သော် ကိုယ့်ကိုယ်ကို အထင်ကြီးသူဖြစ်၍ သူလည်း မထေရ်ကြီးများလိုပင် ဟောပြောတတ်လိမ့်မည်ဟု ထင်မှတ်နေသည်။ ပရိသတ်နှင့် တွေ့တွေ့ဆိုင်ဆိုင် တွေ့ကြုံရသည့်အခါတွင်မူ ထိုအထင်မှာ တက်တက်စင်အောင် လွဲနေလေသည်။ ကြားဖူးနားဝ ရှိသမျှကလေးများကို အပြန်ပြန်အလှန်လှန် စဉ်းစားသော်လည်း တစ်လုံးတစ်ပါဒမျှ ပေါ်မလာသောကြောင့် တရားပလ္လင်ပေါ်၌ ချွေးတဒီးဒီး ကျနေလေသည်။

ဤသို့ အကျပ်အတည်း တွေ့နေစဉ် အကြံတစ်ခု ပေါ်လာသည်။

''ဒကာတို့ ... အခု အခြား ဓမ္မကထိက ရဟန်းတစ်ပါးကို ပင့်ဖိတ်၍ ဟောပြောပါစေဦး၊ ကျုပ်က ညဥ့်ဦးယံအချိန်ရောက်မှ သုတ္တန်ဒေသနာတော်ကြီးများကို ရွတ်ဆို ဟောပြောပါမည်''

ဤသို့ ပြောဆိုပြီး တရားပလ္လင်ပေါ်မှ ဆင်းသွားလေသည်။ ပရိသတ်များလည်း မထေရ်ကြီးတစ်ပါးကို ပင့်ဖိတ်၍ တရားပွဲကို ဆက်လက် ကျင်းပကြသည်။ ထိုမထေရ်ကြီး ဟောကြားပြီးသောအခါ ရှင်လာဠုဒါယီသည် တရားပလ္လင်ပေါ်သို့ ဒုတိယအကြိမ် ရောက်လာပြန်လေသည်။

ပရိသတ်များသည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် အကဲခတ်နေကြသည်။ ရှင်လာဠုဒါယီလည်း ဘာပဲဖြစ်ဖြစ် ဒီအချီတော့ တရားတစ်ပုဒ်ဖြစ်အောင် ဟောလိုက်မည်ဟု အားတင်း၍လာရသည်။ သို့သော် ပထမအကြိမ်က နည်းအတိုင်းပင် သူ့နှုတ်မှ တစ်ပုဒ်တစ်ဂါထာမျှ ထွက်မလာသောကြောင့် ပလ္လင်ပေါ်မှဆင်း၍ ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com




တရားအတိုင်း မကျင့်ဘဲ မွှေမွှေလျှော့လျှော့နေသူသည် မဂ်ဖိုလ် အရသာကို မခံစားရချေ၊ အကျိုးရှိသော တရားစကားကို အနည်းငယ်မျှသာ ဟောပြောသော်လည်း တရားနှင့် လျော်သောအကျင့်ကို ကျင့်သူသည်ကား မဂ်ဖိုလ်အရသာကို ခံစားရပေ၏'' ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၁။ ယမကဝဂ်၊ ၁၄-ဒွေသဟာယကဘိက္ခု ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# ခန္တီဗလနှင့် ပြည့်စုံသူ

## (၁)

ရာဇဂြိုဟ်ပြည်၌ ဘာရဒွါဇနှင့် ဓနဉ္စာနီ အမည်ရှိသော ဗြာဟ္မဏအနွယ်ဝင် ဇနီးမောင်နှံ နှစ်ယောက်ရှိသည်။ ဘာရဒွါဇ ပုဏ္ဏားကြီးသည် ဗြာဟ္မဏဝါဒကို စွဲစွဲမြဲမြဲယုံကြည်ပြီး နောက်မှပေါ်လာသော ဗုဒ္ဓဝါဒကို အလွန်စက်ဆုပ်မုန်းတီးသူ ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်ဖူးမြော်ခြင်း၊ တရားဒေသနာ နာကြားခြင်းများကို တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ခဲ့ချေ။

ပုဏ္ဏေးမကြီး ဓနဉ္စာနီမှာမူ ပုဏ္ဏားကြီးထက်ပင် အမျိုးဇာတ်ကြီးသူ ဖြစ်သော်လည်း ပုဏ္ဏားကြီးလောက် အယူအစွဲ မသန်လှချေ။ မိန်းမသားပင်ဖြစ်လင့်ကစား စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်သူ ဖြစ်ပေသည်။ ထို့ကြောင့် ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓမြတ်စွာ ကြွလာ၍ တစ်တိုင်းလုံး တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေချိန်တွင် ပုဏ္ဏားကြီးက ဟန့်တား ကန့်ကွက်နေသည့်ကြားမှပင် ဗုဒ္ဓမြတ်စွာထံ အရောက်သွား၍ တရားနာယူခဲ့သည်။ ပါရမီ ဓာတ်ခံ ရင့်သန်သူ ဖြစ်သည့်အလျောက် တစ်ကြိမ်မျှ တရားနာယူရုံဖြင့်ပင် သောတာပန် အရိယာအဖြစ်သို့ ဆိုက်ရောက်ခဲ့သည်။

ပုဏ္ဏေးမကြီး ဓနဉ္စာနီ သောတာပန်ဖြစ်သည့် အချိန်မှစ၍ သူတို့ဇနီးမောင်နှံမှာ အယူဝါဒအားဖြင့် မြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်လာခဲ့သည်။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



လင်နှင့်မယား ဖြစ်သည့်ပြင် ပင်ကိုကလည်း စိတ်နေသဘောထား နူးညံ့သိမ်မွေ့မှု ရှိလှသော ပုဏ္ဏေးမကြီးသည် ခင်ပွန်းဖြစ်သူ ပုဏ္ဏားကြီး၏ အလိုအကြိုက်ကို တတ်နိုင်သမျှ လိုက်လျောခဲ့သည်။ ပုဏ္ဏားကြီးက သူ၏ ဗြာဟ္မဏဆရာများကို ပင့်ဖိတ် ကျွေးမွေးသည့်အခါ သူမကိုယ်တိုင်ပင် စီမံချက်ပြုတ်မှုများ ပြုလုပ်ပေးခဲ့သည်။ ပုဏ္ဏားကြီးမှာမူ 'ဗုဒ္ဓ' ဟု ဆိုလျှင် အသံပင် မကြားချင်လောက်အောင် ခါးခါးသီးသီး မုန်းတီးဆက်ဆုပ်နေသည်။ ပုဏ္ဏေးမကြီးက မိမိ ကြည်ညိုသော ရဟန်းသံဃာများအား အိမ်သို့ ပင့်ဖိတ်လှူဒါန်းသည့်အခါ အိမ်မှာမနေနိုင်။ တစ်ခုခု အကြောင်းရှာပြီး အပြင်သို့ထွက်ကာ ရှောင်ရှားနေလေ့ရှိသည်။

ပုဏ္ဏေးမကြီးက လိုက်လျော နားလည်မှုရှိသည်ဟု ဆိုစေကာမူ ပုဏ္ဏားကြီး အတွက် အခံရခက်စေသော အချက်တစ်ခုရှိသည်။ ထိုအချက်မှာ အခြားမဟုတ်။ ပုဏ္ဏေးမကြီးသည် ဗုဒ္ဓဂေါတမသို့ ရည်ညွှန်းလျက် "နမောတဿ" ကို မကြာခဏ ရွတ်ဆိုတတ်ခြင်းဖြစ်သည်။ သူမသည် ခလုတ်တိုက်မိသည့် အခါ၌ လည်းကောင်း၊ ပန်းကန် အိုးခွက်များ လွတ်ကျသည့်အခါ၌လည်းကောင်း၊ ချေဆတ်သည့် အခါ၌ လည်းကောင်း "နမောတဿ" ကို ကျယ်လောင်စွာ ရွတ်ဆိုလေ့ရှိရာ ထိုအသံ ကို ကြားရတိုင်း ပုဏ္ဏားကြီး စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ သူ့အတွက် အခံရခက် သလို သူ့ဆရာ ဗြာဟ္မဏကြီးများ ကြားသွားမည်ကိုလည်း သူ အလွန်စိုးရိမ်မိသည်။ သို့ဖြစ်သော်လည်း ထိုအချက်နှင့် ပတ်သက်၍ ပုဏ္ဏေးမကြီးကို ဝိတ်ပင်ကန့်ကွက် ၍ ရမည်မဟုတ်ကြောင်း သိသဖြင့် မကျေမနပ်နှင့်ပင် နှုတ်ပိတ်၍ နေရလေသည်။

(၂)

တစ်နေ့သ၌ ပုဏ္ဏားကြီးသည် ဗြာဟ္မဏ ဆရာ ငါးရာတို့အား အိမ်သို့ ပင့်ဖိတ်၍ ဧည့်ခံကျွေးမွေးရန် စီစဉ်သည်။ ပုဏ္ဏေးမကြီးအားလည်း ဗြာဟ္မဏ ဆရာတို့၏ ရှေ့တွင် 'နမောတဿ' ကို မရွတ်ဆိုမိအောင် သတိထားနေရန် ကြိုတင် ပြောဆိုထားသည်။ ပုဏ္ဏေးမကြီးက အလွယ်တကူ ကတိမပေးသဖြင့် ကြိမ်းလား မောင်းလားပင် ပြုလုပ်သေးသည်။ ဧည့်ခံကျွေးမွေးသည့်နေ့တွင် ပုဏ္ဏေးမကြီးသည် နို့ယနာခွက်ကို ကိုယ်တိုင်ကိုင်၍ ဗြာဟ္မဏ ဆရာတို့အား လုပ်ကျွေးပြုစုသည်။ ယင်းသို့ လုပ်ကျွေး ပြုစုနေစဉ် သစ်လုံးတစ်ခုကို ခလုတ်တိုက်မိ၍ ချော်လဲမလို ဖြစ်သွားရာ သူမ၏ နှုတ်မှ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားများ အလိုအလျောက် ထွက်ပေါ်လာလေသည်။ နို့ယံနာထမင်း စားနေကြသော ဗြာဟ္မဏဆရာတို့သည် "နမောတဿ" ဟူသော အသံကို ကြားသဖြင့် အထိတ်တလန့် လှမ်းကြည့်ကြရာ ဗုဒ္ဓဂေါတမ ရှိရာ ဝေဠုဝန်ကျောင်းဆီသို့ လက်အုပ်ချီနေသော ပုဏ္ဏေးမကြီး တွေ့မြင်ကြရသည်။

ထိုအခါ ဗြာဟ္မဏဆရာတို့သည် "ငါတို့တော့ ပျက်စီးပြီ၊ ဒီအိမ်ဟာ ဂေါတမကို ကိုးကွယ်နေတဲ့ အိမ်ပါလား" ဟု ဆိုကာ တစ်ယောက်ပြီးတစ်ယောက် အိမ်ပေါ်မှ ဆင်းသွားကြလေသည်။ ဤသို့ သူ့ဆရာများ ဆင်းသွားကြသော အခါ ဘာရဒ္ဒါဇ ပုဏ္ဏားကြီးသည် လွန်စွာ စိတ်ဆိုးလျက် "ဒီလိုဖြစ်မှာ မြင်လို့ နင့်ကို ငါ ကြိုတင် သတိပေးခဲ့တယ် မဟုတ်လား" ဟု ဆိုကာ ဓနဉ္စာနီ ပုဏ္ဏေးမကြီးကို များစွာ ဆဲဆို ကြိမ်းမောင်းလေသည်။ ထို့နောက် "နင်တို့ ဒီလောက် ရှိုးကျူးနေတဲ့ ဂေါတမ ဆီကို အခု ချက်ချင်းသွားပြီး သူ မဖြေနိုင်တဲ့ ပြဿနာတွေကို မေးလိုက်မည်" ဟု ဆိုကာ ဒေါကြီး မောကြီးဖြင့် အိမ်ပေါ်မှဆင်းသွားလေသည်။

ဘာရဒ္ဒါဇ ပုဏ္ဏားကြီးသည် သူ့ဆရာများရှေ့တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရ၍ ဒေါသတကြီးဖြင့် အိမ်မှ ထွက်ခဲ့သော်လည်း အေးချမ်းဆိတ်ငြိမ်သော ဝေဠုဝန်ကျောင်းတော်သို့ ရောက်သောအခါ သူ့ဒေါသများ အရှိန်လျော့သွားသည်။ တည်ငြိမ်သော ဣန္ဒြေသိက္ခာ၊ သပ္ပာယ်သော ရုပ်ကာယဖြင့် သူ့ကိုဆီးကြို နှုတ်ဆက်သော ဗုဒ္ဓမြတ်စွာကို တွေ့မြင်လိုက်သော အခါတွင်မူ မြတ်နိုးကြည်ညိုသော စိတ်များပင် တဖွားဖွားပေါ်လာလေသည်။ သို့ရာတွင် အယူဝါဒစွဲ ပြင်းထန်သည်နှင့်အမျှ မာန်မာနလည်း ကြီးမားလှသော ဘာရဒ္ဒါဇ ပုဏ္ဏားကြီးသည် ဗုဒ္ဓမြတ်စွာအား ဦးချ ခြင်း မပြုဘဲ တစ်နေရာ၌ ထိုင်လျက် ပြဿနာတစ်ခုကို မေးလျှောက်လေသည်။

"အရှင်ဂေါတမ ... ဤလောက၌ အဘယ်တရားကို သတ်ဖြတ်လျှင် ချမ်းချမ်းသာသာ နေရပါသနည်း၊ အဘယ်တရားကို သတ်ဖြတ်လျှင် စိုးရိမ်ကြောင့်ကြမှု ကင်းရှင်းနိုင်ပါသနည်း၊ အဘယ်တရားအား သတ်ဖြတ်ခြင်းကို အရှင်ဂေါတမ လိုလားနှစ်သက်ပါသနည်း"

ပုဏ္ဏားကြီးက ဤသို့ မေးလျှောက်ခြင်းမှာ အမှန်တကယ် သိမြင်ကျင့်သုံး လိုသော ရည်ရွယ်ချက်ဖြင့်မေးခြင်း မဟုတ်။ ဒေါသ မာန်မာနအခြေခံဖြင့် တစ်ဖက် သားအား ရှုတ်ချပြစ်တင်လို၍ မေးခြင်းသာ ဖြစ်ကြောင်း၊ အဖြေတွင် အစွန်းမလွတ် သော အချက်တစ်ခုခု ပါလာလျှင် ထိုအချက်ဖြင့် ရှုတ်ချကဲ့ရဲ့ရန် ကြံရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရှိကြောင်း ဗုဒ္ဓရှင်တော်မြတ်က ကောင်းစွာ သိမြင်တော်မူသည်။ သို့ဖြစ်၍ ပုဏ္ဏားကြီး၏ ဒေါသမာန်မာန အဆောက်အအုံကို တစ်ချက်တည်း ဖြိုခွဲ ဖျက်ဆီးနိုင်မည့် အဖြေကို ပေးတော်မူလိုက်လေသည်။

"အချင်း ဘာရဒွါဇ ... ဤလောက၌ အမျက်ဒေါသကို သတ်ဖြတ်လျှင် ချမ်းချမ်းသာသာ နေရ၏၊ အမျက်ဒေါသကို သတ်ဖြတ်လျှင် စိုးရိမ်ကြောင့်ကြခြင်း ကင်း၏၊ စိတ်နှလုံး ပူပန်မှုကို ဖြစ်စေ၍ လက်စားပြန်ချေရမှ ကျေနပ်လေ့ရှိသော အမျက်ဒေါသအား သတ်ဖြတ်ခြင်းကို သူတော်ကောင်းတို့ လိုလားနှစ်သက်ကြကုန်၏"

ဗုဒ္ဓမြတ်စွာ၏ အဖြေကို ကြားရသောအခါ ပုဏ္ဏားကြီးမှာ ဒေါသ မာန်မာန များ ကွာကျပြီး ရေတွေ့သော ကြာပန်းကဲ့သို့ လန်းဆန်း ကြည်လင်သွားသည်။ ထို့ကြောင့် ဗုဒ္ဓအပေါ် တစ်ဘက်သတ် အမြင်မှားခဲ့ခြင်းများကို ဝန်ချ တောင်းပန်ပြီး ရဟန်းဘောင်သို့ ကူးပြောင်းသွားရာ မကြာမီပင် ရဟန္တာ အဖြစ်သို့ ရောက်သွားလေသည်။

(၃)

ဘာရဒွါဇ ပုဏ္ဏားကြီးသည် ဗုဒ္ဓမြတ်စွာထံ၌ ရဟန်းပြုသွားပြီတဲ့ ဟူသော သတင်းကို ကြားရသောအခါ ဗြာဟ္မဏ ဘာသာဝင်တို့၏ လောက၌ အကြီးအကျယ် လှုပ်ရှားသွားသည်။ အထူးသဖြင့် ဘာရဒွါဇပုဏ္ဏားမှာ အက္ကောသက၊ သုန္ဒရိကနှင့် ဗိလင်္ဂက ဟူ၍ ညီသုံးယောက်ရှိရာ ထို ညီသုံးယောက်တို့မှာ မခံမရပ်နိုင် ဖြစ်လာကြသည်။ သူတို့သည် မိမိတို့ဘာသာအား သစ္စာဖောက်သွားသော အစ်ကိုနှင့် မရီးကို သာမက ဗုဒ္ဓမြတ်စွာအပေါ်၌လည်း မကျေနိုင် မချမ်းနိုင် ဖြစ်လာကြသည်။ ထို့ကြောင့် ထို သုံးယောက်သော ပုဏ္ဏားတို့သည် ဗုဒ္ဓထံသို့ သွား၍ မကြားကောင်း မနာသာသော စကားလုံးများဖြင့် ဆဲဆိုကြိမ်းမောင်းကြလေသည်။ ဗုဒ္ဓမြတ်စွာသည် ထိုပုဏ္ဏားတို့၏ ဆဲဆိုကြိမ်းမောင်းမှုများကို ဣန္ဒြေမပျက် ငြိမ်သက်စွာ ခံနေတော်မူသည်။ ဆဲဆိုမှုမျိုးစုံ၍ နောက်ထပ် ဆဲစရာ မကျန်တော့လောက်သည့်အခါတွင် အေးဆေးစွာ ပြန်လည် မိန့်ကြားတော်မူသည်။

"အချင်း ပုဏ္ဏားတို့ ... ဥပမာ တစ်ခုကို သင်တို့အား ငါပြောကြားအံ့၊ သင်တို့အိမ်သို့ ဆွေမျိုးသားချင်း မိတ်ဆွေများ တစ်ခါတစ်ရံ လာပါသလော"



www.burmeseclassic.com

www.burmeseclassic.com



"လာပါသည် အရှင်ဂေါတမ"

"ထို ဆွေမျိုးသားချင်း မိတ်ဆွေတို့ကို သင်တို့က စားကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံကျွေးမွေးခြင်း ပြုကြသည် မဟုတ်လော"

"ပြုကြပါသည် အရှင်ဂေါတမ"

"စားကောင်းသောက်ဖွယ်များကို ဧည့်သည်တို့က သုံးဆောင်ခြင်း မပြုလျှင် ထိုပစ္စည်းများသည် မည်သူ့အတွက် ဖြစ်သွားပါသလဲ"

"အိမ်ရှင်ဖြစ်သော ကျွန်ုပ်တို့အတွက်ပင် ဖြစ်ပါသည် အရှင်ဂေါတမ"

"မှန်ပေ၏ ပုဏ္ဏားတို့၊ ထိုနည်းတူစွာပင် သင်တို့ ဆဲသမျှ ဆိုသမျှကို ငါဘုရား လက်မခံပေ၊ သို့အတွက် ထိုဆဲဆိုမှုများသည် သင်တို့အတွက်ပင် ဖြစ်ပေလိမ့်မည်"

ဤသို့ ဆီလျော်သော ဥပမာဖြင့် ရှင်းလင်းမိန့်ကြားလိုက်သောအခါ ပုဏ္ဏားညီအစ်ကို သုံးယောက်တို့၏ ဒေါသများ ကွာကျသွားသည်။ ထို့နောက် ဗုဒ္ဓက သင့်လျော်သောတရားကို ဟောကြားတော်မူရာ သုံးယောက်လုံး အကျွတ်တရားရ၍ ရဟန်းဘဝကို ခံယူသွားကြလေသည်။

(၄)

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကုန်လျက် "ငါ့ရှင်တို့ ...၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့သည် အံ့ဩဖွယ်ကောင်းလှပေကုန်၏၊ မြတ်စွာဘုရားသည် မိမိအား ဆဲရေးသော ပုဏ္ဏားညီနောင် လေးယောက်တို့ကို မည်သို့မျှ တုံ့ပြန်ပြောဆိုခြင်း မပြုဘဲ သူတို့၏ ကိုးကွယ်အားထားရာ ဖြစ်တော်မူခဲ့ပေ၏" ဟု ဗုဒ္ဓမြတ်စွာကို ချီးကျူး ပြောဆိုနေကြလေသည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် တရားသဘင်သို့ ကြွလာပြီး "ရဟန်းတို့၊ ငါဘုရားသည် သည်းခံခြင်း 'ခန္တီဗလ' နှင့် ပြည့်စုံမှုကြောင့် မိမိအား စိတ်ဆိုးသူတို့အပေါ် ပြန်၍ စိတ်မဆိုးဘဲ ထိုသူတို့၏ ကိုးကွယ်အားထားရာသာ ဖြစ်ခဲ့ပေ၏" ဟု မိန့်ကြားပြီး -



www.burmeseclassic.com

www.burmeseclassic.com



"အကြင် ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ညှဉ်းဆဲ နှိပ်စက်ခြင်း၊ နှောင်ဖွဲ့ခြင်းတို့ကို အမျက်မထွက်ဘဲ သည်းခံ၏၊ သည်းခံခြင်း 'ခန္တီဗလ' ဟူသော စစ်သည်ဗိုလ်ပါ ရှိသော ထိုပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါဆို၏" ဟူသော တရားဒေသနာကို ဟောကြားတော်မူလေသည်။

(၂၆။ ဗြာဟ္မဏဝဂ်၊ ၁၆-အက္ကောသက ဘာရဒွါဇ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# အကြွားပိုသော ရဟန်း

ဟင်းမွှေယောက်မ

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အလွန်တရာ ထုံထိုင်းဖျင်းအသည့် လာဠုဒါယီ အမည်ရှိသော ရဟန်းတစ်ပါးရှိ၏။ ထိုရဟန်းသည် သာသနာ့ဘောင်သို့ ဝင်ရောက်သော်လည်း ရဟန်းတရားကို သင်ကြား အားထုတ်ခြင်း မပြု။ ဒကာ၊ ဒကာမတို့၏ အိမ်များသို့ လှည့်လည်၍ ရဟန်းတို့နှင့် မလျော်သော စကားများကို ပြောဆိုခြင်းဖြင့်သာ အချိန်ဖြုန်းလျက်ရှိသည်။

သို့ရာတွင် ရှင်လာဠုဒါယီသည် ဒကာ ဒကာမတို့၏ အထင်ကြီးမှုကို ခံယူလိုသူဖြစ်၍ တရားကို အလွန်ဟောချင်၏။ ဇေတဝန်ကျောင်းတော်၌ တရားပွဲများ နေ့စဉ် ကျင်းပ၍ မထေရ်ကြီးများ တစ်လှည့်စီ တရားဟောလေ့ ရှိကြသည်။ ထိုသို့ မထေရ်ကြီးများ တရားဟောကြသည်ကို ရှင်လာဠုဒါယီက အားကျလျက်ရှိသည်။ သို့သော်လည်း ပင့်ဖိတ်မည့်သူမရှိ၍ တစ်ကြိမ်တစ်ခါမျှ တရားဟောခွင့် မရခဲ့ပေ။

တစ်နေ့သ၌ တရားပွဲပြီး၍ မထေရ်ကြီးများ ပြန်ကြွသွားချိန်တွင် အလွန် တရား ဟောချင်နေသော ရှင်လာဠုဒါယီသည် တရား ပလ္လင်ပေါ်သို့ တက်၍ ထိုင်နေ၏။ ရပ်ဝေးမှ ကြွလာသော အာဂန္တု ရဟန်းတစ်စုတို့သည် တရားပလ္လင်ပေါ်၌ အခန့်သား ထိုင်နေသော ရှင်လာဠုဒါယီကိုမြင်လျှင် "ဤအရှင်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင် ဗဟုသုတများသော မထေရ်ကြီး တစ်ပါးပင် ဖြစ်ပေလိမ့်မည်'' ဟု ထင်မှတ်သွားကြသည်။ ထို့ကြောင့် သူ့ထံသို့ ချဉ်းကပ်၍ မိမိတို့ သိရှိလိုသော တရားပြဿနာများကို မေးလျှောက်ကြလေသည်။ သို့သော် ရှင်လာဠုဒါယီမှာ တစ်လုံး တစ်ပါဒမျှ မဖြေတတ်သဖြင့် ဘာမျှပြန်မပြောဘဲ တုဏှိဘော လုပ်၍ နေလေသည်။

ထိုအခါ အာဂန္တုရဟန်းတို့က ''ငါ့ရှင်တို့ ဤရဟန်းကြီးသည် ဘုရားရှင်နှင့် တစ်ကျောင်းတည်းတွင် နေပါလျက် တရားဓမ္မကို တစ်လုံးတစ်ပါဒမျှ နားမလည်'' ဟု ကဲ့ရဲ့ရှုတ်ချကြသည်။ ဗုဒ္ဓမြတ်စွာအားလည်း ဤအကြောင်းကို လျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက -

''ဟင်းမွှေယောက်မသည် ဟင်း၏အရသာကို မသိသကဲ့သို့၊ လူမိုက် လူအသည် ပညာရှိကို ရာသက်ပန် မှီဝဲဆည်းကပ်နေရစေကာမူ တရားကို မသိသည်သာတည်း'' ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာအဆုံး၌ အာဂန္တုရဟန်းများသည် ရဟန္တာဖြစ်သွားကြလေသည်။

(ဓ။ ဓမ္မပဒအဋ္ဌကထာ၊ ၅-ဗာလဝဂ်၊ ဥဒါယိတ္ထေရဝတ္ထု)

## ဝမရှိဘဲ ဝိလုပ်ခြင်း

တစ်ခုသောညနေခင်း၌ သာဝတ္ထိမြို့တွင်းမှ ပြန်လာသော ရှင်လာဠုဒါယီသည် ဇေတဝန် ကျောင်းတော်မှ တရားနာပြီး ပြန်လာသော လူအုပ်ကြီးနှင့် လမ်းတွင် ဆုံမိလေသည်။ ထိုလူအုပ်ကြီးသည် ရှင်သာရိပုတ္တရာ တရားဟောကောင်းပုံ၊ ရှင်မောဂ္ဂလ္လာန် တရားဟောကောင်းပုံများကို တစ်ယောက်တစ်မျိုး ချီးကျူး ပြောဆိုလာကြသည်။ ရှင်လာဠုဒါယီသည် သူကိုယ်တိုင် တရားစကား တစ်လုံးတလေမျှ ဟောပြောတတ်သူ မဟုတ်သော်လည်း ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့အား ချီးကျူးပြောဆိုကြသည်ကို ကြားရသည့်အခါတွင်မူ မနာလို မရှုဆိတ် ဖြစ်လာသည်။ ထို့ကြောင့် လူအုပ်ကြီးအား ဤသို့ ပြောဆိုလေသည်။

''ဒကာတို့ ... သင်တို့သည် သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့၏ တရားကို နာကြားကြသည်။ ငါ့တရားကိုမူ ဘာကြောင့် မနာကြသလဲ''



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားသောအခါ လူအုပ်ကြီးထဲမှ အချို့သူများက "ဒီကိုယ်တော်လဲ ဓမ္မကထိက ရဟန်းတစ်ပါးပင် ဖြစ်ပေလိမ့်မည်" ဟု ထင်မှတ်သွားကြသည်။ သို့ဖြစ်၍ နောက်နေ့ညနေတွင် ရှင်လာဋ္ဌုဒါယီ၏ ကျောင်းသို့ သွား၍ တရားဟော ရန် ပင့်လျှောက်ကြသည်။ ရှင်လာဋ္ဌုဒါယီသည် တရားမဏ္ဍပ်သို့ လိုက်ပါလာပြီး ပလ္လင်ပေါ်၌ ခပ်တည်တည် ထိုင်နေသည်။

ပရိသတ်ကလည်း ရှင်လာဋ္ဌုဒါယီ ဟောကြားမည့် တရားကို မျှော်လင့်တကြီး ဖြင့် ငြိမ်သက်စွာ ထိုင်နေကြသည်။ သို့သော် တရားသံ ထွက်ပေါ်မလာဘဲ တိတ်ဆိတ် ခြင်းကသာ မဏ္ဍပ်တစ်ခုလုံးကို လွှမ်းမိုးနေသည်။ ပလ္လင်ပေါ်သို့ လှမ်းမျှော်၍ ကြည့်လိုက်သောအခါ ယပ်တောင်ကို ကိုင်လျက် ချွေးဒီးဒီးကျနေသော ရှင်လာဋ္ဌု ဒါယီကို တအံ့တသြ တွေ့မြင်ကြရလေသည်။

စင်စစ် ရှင်လာဋ္ဌုဒါယီမှာ တစ်ကြိမ်တစ်ခါမျှ တရားဟောပြောဖူးခြင်းမရှိ။ သို့သော် ကိုယ့်ကိုယ်ကို အထင်ကြီးသူဖြစ်၍ သူလည်း မထေရ်ကြီးများလိုပင် ဟောပြောတတ်လိမ့်မည်ဟု ထင်မှတ်နေသည်။ ပရိသတ်နှင့် တော့တော့ဆိုင်ဆိုင် တွေ့ကြုံရသည့်အခါတွင်မူ ထိုအထင်မှာ တက်တက်စင်အောင် လွဲနေလေသည်။ ကြားဖူးနားဝ ရှိသမျှကလေးများကို အပြန်ပြန်အလှန်လှန် စဉ်းစားသော်လည်း တစ်လုံး တစ်ပါဒမျှ ပေါ်မလာသောကြောင့် တရားပလ္လင်ပေါ်၌ ချွေးတဒီးဒီး ကျနေလေသည်။

ဤသို့ အကျပ်အတည်း တွေ့နေစဉ် အကြံတစ်ခု ပေါ်လာသည်။

"ဒကာတို့ ... အခု အခြား ဓမ္မကထိက ရဟန်းတစ်ပါးကို ပင့်ဖိတ်၍ ဟောပြောပါစေဦး၊ ကျုပ်က ညဉ့်ဦးယံအချိန်ရောက်မှ သုတ္တန်ဒေသနာတော်ကြီးများ ကို ရွတ်ဆို ဟောပြောပါမည်"

ဤသို့ ပြောဆိုပြီး တရားပလ္လင်ပေါ်မှ ဆင်းသွားလေသည်။ ပရိသတ်များ လည်း မထေရ်ကြီးတစ်ပါးကို ပင့်ဖိတ်၍ တရားပွဲကို ဆက်လက် ကျင်းပကြသည်။ ထိုမထေရ်ကြီး ဟောကြားပြီးသောအခါ ရှင်လာဋ္ဌုဒါယီသည် တရားပလ္လင်ပေါ်သို့ ဒုတိယအကြိမ် ရောက်လာပြန်လေသည်။

ပရိသတ်များသည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် အကဲခတ်နေကြသည်။ ရှင်လာဋ္ဌုဒါယီလည်း ဘာပဲဖြစ်ဖြစ် ဒီအချီတော့ တရားတစ်ပုဒ်ဖြစ်အောင် ဟောလိုက် မည်ဟု အားတင်း၍လာရသည်။ သို့သော် ပထမအကြိမ်က နည်းအတိုင်းပင် သုတ္တန်မှ တစ်ပုဒ်တစ်ဂါထာမျှ ထွက်မလာသောကြောင့် ပလ္လင်ပေါ်မှဆင်း၍ ပြေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ထွက်ပြေးစဉ် မှောင်မိုက်နေသဖြင့် အိမ်သာကျင်း တစ်ခုထဲသို့ကျ၍ တစ်ကိုယ်လုံး မစင်များ ပေကျံ သွားလေသည်။

"ဝ" မရှိဘဲ "ဗ" လုပ်သဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရသော ရှင်လာဠုဒါယီ၏ သတင်းမှာ ဇေတဝန်ကျောင်းတိုက် တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။ တရားသဘင် စည်းဝေးသော ရဟန်းတို့သည် "ငါ့ရှင်တို့ ... လာဠုဒါယီသည် မိမိနှင့် မတူမတန်သော မထေရ်ကြီးများကို တုပြိုင်သောကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရသည်" ဟူ၍ ပြောဆိုနေကြသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွရောက်လာသဖြင့် ရဟန်းများက ထိုအကြောင်းကို လျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓက "ရဟန်းတို့ ... လာဠုဒါယီသည် မတူမတန်သော အမှုကိုပြုသဖြင့် မစင်တွင်း၌ နစ်မြုပ်ရသည်မှာ ယခုမှသာ မဟုတ်၊ ရှေးဘဝ၌လည်း အလားတူ ဖြစ်ခဲ့ဖူး၏" ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

## ခြင်္သေ့ကိုပြိုင်သော ဝက်

ရှေးအခါက ဟိမဝန္တာတော ဂူတစ်ခု အတွင်း၌ ခြင်္သေ့တစ်ကောင်နေလေသည်။ ထိုဂူအနီးရှိ ရေအိုင်ကို အမှီပြု၍ တောဝက်များနေကြသည်။ ရေအိုင်နှင့် မလှမ်းမကမ်း၌ တရားအားထုတ်နေသော ရသေ့တို့၏ ကျောင်းသခ်မ်းများလည်း ရှိသည်။

တစ်နေ့သ၌ ခြင်္သေ့သည် အစာရှာရာမှ အပြန်တွင် ဝက်တစ်ကောင်ကို မြင်၍ "ဤဝက်ကို နောက်မှ ငါစားမည်၊ ယနေ့ ငါ့ကိုမြင်သော် နောက်နေ့၌ ဤနေရာသို့ လာတော့မည် မဟုတ်" ဟု စဉ်းစားမိသောကြောင့် အခြားသော လမ်းဖြင့် ရှောင်ကွင်း၍ သွားလေသည်။

ခြင်္သေ့က သူ့အား ရှောင်သွားသည်ကို ဝက်မြင်လျှင် "ဤခြင်္သေ့သည် ငါ့ကို ကြောက်၍ ရှောင်ထွက်သွားသည်" ဟု ထင်သဖြင့် "အဆွေခြင်္သေ့ ... ငါသည် သင်လို ခြေလေးချောင်းသတ္တဝါ တစ်မျိုးပင် ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် အဘယ်ကြောင့် သင် ငါ့ကို ရှောင်ထွက်သွားသနည်း၊ ပြန်ခဲ့ပါ၊ သင်နှင့်ငါ စစ်ထိုးကြပါစို့" ဟု ပြောဆိုလေသည်။ ခြင်္သေ့က အပြုံးမပျက်ဘဲ "အဆွေဝက် ... သို့ဖြစ်လျှင် ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ သင်နှင့်ငါ စစ်ထိုးကြမည်" ဟု ဆိုကာ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝက်သည် "ခြင်္သေ့နှင့် ငါ စစ်ထိုးရတော့မည်" ဟု တွေးကာ ဝမ်းအသာကြီးသာလျက် သူ့ဆွေမျိုးဖြစ်သော ဝက်တို့အား ထိုအကြောင်းကို ပြောကြားလေသည်။ ဝက်တို့သည် သူ့စကားကို ကြားလျှင် ထိတ်လန့်ကြောက်ရွံ့ကြကုန်လျက် "သင်သည် မိမိအစွမ်းကိုမသိဘဲ ခြင်္သေ့နှင့် စစ်ထိုးမည်ဟု ဆိုဘိသည်။ သင့်ကို အကြောင်းပြု၍ ငါတို့တစ်မျိုးလုံး ပျက်စီးကြရတော့မည်" ဟု ပြစ်တင်ပြောဆိုကြလေသည်။

ထိုစကားကိုကြားလျှင် မိုက်မဲသော ဝက်သည် အလွန်ထိတ်လန့် တုန်လှုပ်လျက် "ယခု ဘယ်လိုလုပ်ရမလဲ" ဟု မေးမြန်းလေသည်။ ဝက်တို့က "သင်သည် ရသေ့တို့၏ ကျင်ကြီးစွန့်ရာအရပ်သို့သွား၍ မိမိကိုယ်ကို မစင်တွေနှင့် ပေကျံနေအောင်ပြုလုပ်ပါ။ ခြင်္သေ့လာသောအခါ လေညာအရပ်မှနေ၍ တိုက်ခိုက်ပါ" ဟု အကြံပေးကြလေသည်။

ချိန်းဆိုသည့် နေ့သို့ ရောက်သောအခါ ရေအိုင်အနီးသို့ ခြင်္သေ့ရောက်လာသည်။ ဝက်ကလည်း သူ့တစ်ကိုယ်လုံးကို မစင်အတီလူးကာ အဆင်သင့် စောင့်နေသည်။ ခြင်္သေ့သည် ဝက်ကိုမြင်လျှင် အံ့အားသင့်သွားသည်။ လေညာမှ ရပ်နေသော ဝက်ကိုယ်မှ မစင်အနံ့များ တသင်းသင်း ထွက်ပေါ်လာသော အခါတွင်မူ ဝက်၏အကြံကို ရိပ်မိသွားသည်။ ထို့ကြောင့် နှာခေါင်းကို ရှုံ့လျက် ဤသို့ ပြောဆိုလေသည်။

"အချင်းဝက် သင်သည် အကြံကောင်းလှပေ၏။ ယခု သင့်ကို ငါ ပါးစပ်ဖြင့် ကိုက်သတ်ရန် မဆိုထားဘိ၊ ခြေဖျားဖြင့်ပင် မထိလိုတော့ပြီ၊ သင်ပဲ အနိုင်ယူပါတော့"

ခြင်္သေ့က ဤသို့ဆို၍ ထွက်သွားသောအခါ ထိုဝက်သည် ဝမ်းမြောက်ဝမ်းသာဖြင့် သူ့ဆွေမျိုးများအား ဤအကြောင်းကို ပြောကြားလေသည်။ ဝက်တို့သည် "တစ်နေ့နေ့တွင် ခြင်္သေ့က ငါတို့ကို လာ၍ စားလိမ့်မည်" ဟု တွေးမိကြသဖြင့် အရပ်တစ်ပါးသို့ ပြောင်းရွှေ့ သွားကြလေသည်။

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး ခြင်္သေ့ကို တုပြိုင်သော ဝက်မှာ လာဠုဒါယီ အလောင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

ထို့နောက် တစ်ဖန် လာဠုဒါယီသည် အနည်းငယ်သော တရားမှေ့ကိုသာ သင်ယူခဲ့ကြောင်း၊ ထိုအနည်းငယ်သော တရားမှေ့မှာလည်း ရွတ်အံသရဇ္ဈာယ်ခြင်း မပြုသဖြင့် မေ့လျော့သွားခဲ့ကြောင်း မိန့်ကြားပြီး "အတတ်ပညာတို့သည် မရွတ်အံ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းလျှင် အညစ်အကြေး ရှိကုန်၏။ အိမ်တို့သည် လုံ့လစိုက်၍ မပြုပြင်ခြင်းလျှင် အညစ်အကြေး ရှိကုန်၏။ ပျင်းရိခြင်းသည် ရုပ်အဆင်း၏ အညစ်အကြေးဖြစ်၏။ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ အညစ်အကြေးဖြစ်၏'' ဟူသော ဒေသနာကို ဟောကြားတော်မူသည်။

(၁။ ဓမ္မပဒ အဋ္ဌကထာ၊ ၁၈-မလဝဂ်၊ ၄-လာဠုဒါယီထေရဝတ္ထု)

## အသုဘအိမ်၌ မင်္ဂလာတရားဟောခြင်း

တရားမဟောတတ်၍ အရှက်တကွဲ ဖြစ်ခဲ့ရသော ရှင်လာဠုဒါယီသည် နောက်နောင်တွင် ဤကဲ့သို့သောအဖြစ်မျိုးနှင့် မကြုံတွေ့ရန်အတွက် သုတ္တန်တရားများကို ကြိုးစား၍ သင်ယူကျက်မှတ်လေသည်။ ပင်ကိုက ဉာဏ်ထိုင်းသူဖြစ်၍ များများစားစား မရသော်လည်း သာမှု နာမှု ကိစ္စများနှင့်ကြုံလျှင် အထိုက်အလျောက် ဟောစရာ ပြောစရာများကိုမူ နှုတ်တက်သည်။ သို့အားဖြင့် သူသည် ဆွမ်းခံရင်း ထိမ်းမြားမင်္ဂလာ ပြုလုပ်သည့်အိမ်သို့ ရောက်သွားလျှင် တရားဟောသည်။ အသုဘကိစ္စ ပေါ်နေသည့်အိမ်သို့ ရောက်သွားလျှင်လည်း တရားဟောသည်။ သို့သော် သူဟောသည့် တရားမှာ အများအားဖြင့် တလွဲတချော် ဖြစ်၍နေသည်။ အသုဘအိမ်၌ မင်္ဂလာတရားကို ဟောမိပြီး ထိမ်းမြားမင်္ဂလာ ပြုသော အိမ်၌ အသုဘတရားကို ဟောမိနေတတ်လေသည်။

ဤသို့ တလွဲတချော် ဖြစ်မှုများကို သူကိုယ်တိုင်မူ မသိချေ။ သူ့ကိုယ်သူ ဟုတ်လှချေပြီဟူသော ထင်မှတ်နေသည်။ ကာယကံရှင်ဖြစ်သော လူဒါယကာတို့၏ ပြောကြားချက်အရ ရဟန်း သံဃာ လောက၌ကား ရှင်လာဠုဒါယီ၏သတင်းမှာ တောမီးကဲ့သို့ ပျံ့နှံ့သွားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ရှင်လာဠုဒါယီကို အကြောင်းပြုလျက် အတိတ်ဇာတ်လမ်းတစ်ပုဒ်ကို ဆောင်တော်မူရပြန်လေသည်။

## ဘုရင်အား နွားပေးသူ

ရှေးအခါက ဗာရာဏသီပြည်၌ အဂ္ဂိဒတ္တ အမည်ရှိသော လယ်သမား ပုဏ္ဏားတစ်ယောက်ရှိသည်။ ထိုပုဏ္ဏားမှာ သောမဒတ္တ အမည်ရှိသော သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရရှိလာသည်။ သောမဒတ္တသည် အရွယ်ရောက်ချိန်တွင် တက္ကသိုလ်ပြည်သို့ သွား၍ ပညာသင်ပြီး ပြန်လာသောအခါ ဗာရာဏသီမင်းထံ၌ ခစားလေသည်။

တစ်နေ့တွင် လယ်သမားကြီး အဂ္ဂိဒတ္တ၏ နွားနှစ်ကောင်အနက် တစ်ကောင်မှာ သေဆုံးသွားလေသည်။ နောက်ထပ် နွားတစ်ကောင်ကို ရုတ်တရက် မဝယ်နိုင်သောကြောင့် အဂ္ဂိဒတ္တသည် သားဖြစ်သူ သောမဒတ္တထံသို့သွား၍ ဘုရင့်ထံမှ နွားတစ်ကောင် တောင်းပေးရန် နားပူလေသည်။

"ချစ်သား သောမဒတ္တ ... ငါ့မှာ နွားတစ်ကောင် သေဆုံးသွားတဲ့အတွက် လယ်ထွန်ဖို့ အခက်အခဲ တွေ့နေပါသည်။ ဘုရင့်ထံမှ နွားတစ်ကောင် တောင်းပေးပါ"

"ဖခင် ... မင်းကြီးထံ၌ ကျွန်တော် အမှုထမ်းသည်မှာ အချိန်မကြာသေးပါ။ သို့အတွက် ကျွန်တော် တောင်းရန် သင့်မည် မဟုတ်၊ ဖခင်ကိုယ်တိုင်ပင် လိုက်၍ တောင်းပါ"

ထိုအခါ အဂ္ဂိဒတ္တက သူသည် လူစိမ်းများရှေ့၌ စကားကို သဲကွဲအောင် မပြောတတ်သူဖြစ်၍ ဘုရင့်အား အဆင်ပြေအောင် လျှောက်တင်တတ်မည် မဟုတ်ကြောင်း ပြောကြားလေသည်။ သောမဒတ္တက "ဒီကိစ္စကိုတော့ ကျွန်တော် သင်ပေးပါမည်" ဟု ဆိုပြီး ထိုနေ့မှစ၍ ဖခင်ကြီးအား ဘုရင့်ထံ၌ နွားတောင်းရန် ဂါထာတစ်ပုဒ်ကို အပူတပြင်း သင်ကြားပေးလေသည်။

"အရှင်မင်းကြီး ... ကျွန်ုပ်သည် နွားနှစ်ကောင်ဖြင့် ထွန်ယက်အသက်မွေးရသူ ဖြစ်ပါသည်။ ယခု နွားတစ်ကောင် သေဆုံးသွားခဲ့သဖြင့် တစ်ရှဉ်းပြည့်စေရန် နွားတစ်ကောင် ပေးသနားတော်မူပါ"

ဤသို့ အနက်အဓိပ္ပာယ်ရှိသော ဂါထာတစ်ပုဒ်ကို သောမဒတ္တက နေ့စဉ် သင်ကြားပေးခဲ့သော်လည်း ဖခင် ပုဏ္ဏားကြီးမှာ စော်တော်နှင့် မရနိုင်။ တစ်နှစ်ခန့်ကြာမှ နှုတ်တက်ရလေသည်။ ထိုအခါ သောမဒတ္တသည် ဖခင်အိုကြီးအား နန်းတော်သို့ ခေါ်သွားလေသည်။ ဘုရင်က အကြောင်းကိစ္စကို မေးမြန်းသောအခါ အဂ္ဂိဒတ္တက နေရာမှ ထ၍ -

"အရှင်မင်းကြီး၊ ကျွန်ုပ်သည် နွားနှစ်ကောင်ဖြင့် ထွန်ယက်အသက်မွေးရသူ ဖြစ်ပါသည်။ ယခု နွားတစ်ကောင် သေဆုံးသွားသဖြင့် ကျန်နွားတစ်ကောင်ကို အရှင်မင်းကြီး ယူတော်မူပါ" ဟု ရှိခိုး လျှောက်တင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် စကားမှား၍ ဆိုခြင်းဖြစ်ကြောင်း သိသဖြင့် ပြုံးရယ်လျက် "သောမဒတ္တ၊ သင်တို့အိမ်မှာ နွားတွေအများကြီးရှိသလား" ဟု မိန့်ကြားလေသည်။ သောမဒတ္တက "အရှင်မင်းကြီး၊ မင်းကြီးက ပေးသနားပါလျှင် နွားတွေ အများကြီး ရှိပါလိမ့်မည်" ဟု လျှောက်တင်လေသည်။

သောမဒတ္တ၏စကားကို နှစ်သက်သဖြင့် မင်းကြီးက အဂ္ဂိဒတ္တအား နွား ၁၆ ကောင်နှင့်တကွ သူ နေသော ရွာကိုပါ အပိုင်စား ပေးလိုက်လေသည်။

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး နွားတောင်းသော အဂ္ဂိဒတ္တ ပုဏ္ဏားမှာ လာဠုဒါယီ၏ အလောင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက် -

"အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းနှီး ကြီးထွားလာ၏၊ သူ့မှာ အသားများသာ တိုးပွားလာပြီး ပညာကား တိုးပွားမလာချေ" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၁၁။ ဓမ္မပဒ၊ ၇-လာဠုဒါယီထေရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# အပြစ်ရှာတတ်သော ရဟန်း

ကျေးတောသား စကားကျယ်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တိဿအမည်ရှိသော ရဟန်းငယ်တစ်ပါးသည် တစ်ပါးသူတို့၏ အပြုအမူ ဟူသမျှကို အမြဲ ပြစ်တင်ရှုတ်ချလေ့ရှိ၏။ မည်မျှ ကောင်းမွန်သောအမှုကို ပြုစေကာမူ ချီးကျူးခြင်း ပြုလေ့မရှိ။ ဆွမ်းခံလှည့်လည်ရာတွင် အေးသောဆွမ်းကိုရလျှင် ''အေးအေးကြီး'' ဟု ပြောပြီး ပူနွေးသောဆွမ်းကို ရပြန်လျှင်လည်း ''ပူပူကြီး'' ဟု မနှစ်မြို့ဟန် ပြောဆိုတတ်သည်။ မရှိနွမ်းပါးသော ဒကာ ဒကာမတို့က သူတို့ တတ်စွမ်းသလောက် အနည်းငယ်သောဆွမ်းဘောဇဉ်တို့ကို လောင်းလှူသောအခါ ''နည်းနည်းကလေး လှူသည်'' ဟု မကျေနပ်။ ချမ်းသာကြွယ်ဝသူများက အလျှံပယ် လောင်းလှူပြန်တော့လည်း ''မဆုံမပြဲ လောင်းသည်'' ဟု ရှုတ်ချပြန်လေသည်။

သာဝတ္ထိပြည်၌ နေ့စဉ် ထမင်းရည်ချောင်းစီး အလှူကြီးပေးနေသော ဝိသာခါ၊ အနာထပိဏ်နှင့် ကောသလမင်းကြီးတို့ကို လူခပ်သိမ်းတို့က ချီးကျူးကြသည်။ သို့သော် ရဟန်းငယ် ရှင်တိဿကမူ အများနည်းတူ ချီးကျူးခြင်းမပြုဘဲ ''သူတို့လှူနေကြတာက စေတနာရှိလို့ မဟုတ်ပါဘူး၊ အိမ်မှာ ထားစရာ နေရာမရှိလို့ပါ၊ နာမည်ကြီးချင်လို့ပါ'' စသည်ဖြင့် အပြစ်မရှိ အပြစ်ရှာ၍ ပြောနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ နေရာတကာတွင် အပြစ်ရှာ၍ ပြောလေ့ရှိသော ရဟန်းငယ်ကို အခြားသော သီတင်းသုံးဖော်တို့က မနှစ်သက်ကြချေ။ ထို့ကြောင့် ထိုရဟန်းငယ်၏ မျိုးရိုးဇာတိကို စုံစမ်းကြည့်ရာ တောရွာတစ်ရွာမှ ကင်းစောင့်သမားတစ်ဦး၏ သားမှုသာဖြစ်ကြောင်း သိရှိကြလေသည်။ ထိုအခါ ရဟန်းတို့က "ဤရဟန်းငယ်သည် ဘာမှုမဟုတ်ဘဲ လူတကာကို ပြစ်တင်ရှုတ်ချနေသည်" ဟု ဝေဖန် ပြောဆိုကြလေသည်။ ထိုစကားကို ဗုဒ္ဓမြတ်စွာ ကြားတော်မူလျှင် "ရဟန်းတို့ ... တိဿသည် ယခုဘဝ၌သာ လူတကာကို ပြစ်တင်ရှုတ်ချလေ့ရှိသည် မဟုတ်၊ ရှေးဘဝတို့၌လည်း ဤသို့ပင် ပြစ်တင်ရှုတ်ချခဲ့ဖူး၏" ဟု မိန့်ကြားပြီး၊ အတိတ်ကို ဆောင်တော်မူလေသည်။

## ကျွန်မသား ဉာဏ်ကြွယ်

ရှေးအခါက ဗာရာဏသီပြည်၌ မဟာဘောဂ အမည်ရှိသော သူဌေးတစ်ယောက်ရှိသည်။ ထိုသူဌေးကြီး၏ သူဌေးကတော်မှာ သားတစ်ယောက် မွေးဖွားသောနေ့တွင် အိမ်၌ ခိုင်းစေသော ကျွန်မမှာလည်း သားတစ်ယောက် မွေးဖွားလေသည်။ သူဌေးကြီးသည် ထို ကျွန်မသားကို မိမိသားရင်းနှင့် တန်းတူ ထားကာ ကျွေးမွေးပြုစု၍ ပညာသင်ကြား ပေးလေသည်။ ကျွန်မသားမှာ 'ကဋ္ဌာဟက' ဟု အမည်တွင်၍ လိမ္မာရေးခြား ရှိရုံသာမက ရုပ်ဆင်းအင်္ဂါနှင့်လည်း ပြည့်စုံလေသည်။

ကဋ္ဌာဟကသည် အရွယ်ရောက်သောအခါ "ဒီအိမ်မှာ ငါနေရင် ကျွန်အဖြစ်မှ လွတ်မည် မဟုတ်၊ အရပ်တစ်ပါးသို့ သွား၍ ကြီးပွားချမ်းသာအောင် ပြုမည်" ဟု စဉ်းစားမိသည်။ ထို့နောက် သူသည် ဇနပုဒ် တစ်ခုသို့ သွား၍ မဟာဘောဂ သူဌေးကြီး၏ မိတ်ဆွေဖြစ်သော သူဌေးအိမ်တွင် ဝင်ရောက် တည်းခိုလေသည်။ သူသည် ဗာရာဏသီပြည် မဟာဘောဂ သူဌေးကြီး၏ သားဖြစ်ကြောင်း ပြောကြား၍ သူ့ဖခင်ထံမှ ပေးလိုက်သော စာတစ်စောင်ကိုလည်း ထုတ်ပြသည်။ အမှန်စင်စစ် ထိုစာမှာ သူဌေးကြီးက ပေးလိုက်သောစာ မဟုတ်၊ သူ့ဘာသာသူ လုပ်ကြံရေးသားခဲ့သော စာသာ ဖြစ်ပေသည်။

ဇနပုဒ် သူဌေးသည် ထိုစာကို ဖတ်ရှုရသောအခါ မဟာဘောဂသူဌေးက သူ့သားကို မိမိသမီးနှင့် ထိမ်းမြားပေးရန် စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထို့ကြောင့် ဝမ်းမြောက်စွာ မင်္ဂလာပွဲကို စီစဉ်ကျင်းပလေသည်။ ဤသို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကဋ္ဌဟာကသည် ကျွန်မသား ဘဝမှ ဖနပုဒ် သူဌေးသားမက် ဘဝသို့ ရောက်သွားလေသည်။

သို့သော် ကဋ္ဌဟာကသည် သူဌေးသားမက် ဘဝဖြင့် အေးချမ်းစွာ မနေဘဲ ဖနပုဒ်သားတို့၏ ဝတ်စား နေထိုင်ပုံများကို အမျိုးမျိုးကဲ့ရဲ့ ရှုတ်ချလေသည်။ သူဌေးကတော်လေးအား "ဝတ်စားဆင်ယင်ပုံ တောဆန်သည်၊ ပြောပုံဆိုပုံ ရိုင်းစိုင်းသည်" စသည်ဖြင့် မကြာခဏ အပြစ်ဆိုသည်။ ထမင်းစားသည့် အခါတိုင်းလည်း "ဖနပုဒ်သူတွေ ဟင်းမချက်တတ်ဘူး၊ တယ်ညံ့တာပဲ" စသည်ဖြင့် ကဲ့ရဲ့သည်။ ဖနပုဒ်သားများမှာ ထိုစကားများကို မခံချင်ကြသော်လည်း သူ့ကို တကယ်ပင် ဗာရာဏသီ သူဌေးသားဟု ထင်မှတ်နေကြသောကြောင့် ခေါင်းငုံ့နေကြရသည်။

## နှုတ်ပိတ်ဂါထာ

ဗာရာဏသီပြည်မှ မဟာဘောဂ သူဌေးသည်လည်း ကျွန်မသား ကဋ္ဌဟာက အိမ်မှ ပျောက်သွား၍ စုံစမ်းရှာဖွေစေရာ သူ့အမည်ကို အလွဲသုံးစားလုပ်၍ ဖနပုဒ်တွင် သူဌေးသားမက် လုပ်နေကြောင်း သိရှိရသည်။ ထို့ကြောင့် ကျွန်မသားကို ဆုံးမရန် အခြံအရံများဖြင့် ဖနပုဒ်သို့ ခရီးထွက်လာလေသည်။ ကဋ္ဌဟာကသည် သူဌေးကြီး ရောက်လာလျှင် သူဌေးကြီးကို ကျိုးနွံစွာရိုသေစွာ ပြုစု၍ ကျွန်မသားဖြစ်ကြောင်း မဖော်ရန် တောင်းပန်သည်။ သူဌေးကြီးကလည်း ကျေနပ်၍ "ချစ်သား ... ကောင်းပြီ မစိုးရိမ်နဲ့၊ မင့်ဘဝကို ငါမဖျက်ဆီးပါဘူး" ဟု ပြောဆိုလေသည်။

တစ်နေ့သ၌ သူဌေးကြီးက သူ့ချွေးမကို "ချစ်သမီး ... ငါ့သားနဲ့ ချမ်းသာစွာ နေရပါရဲ့လား" ဟု မေးလေသည်။ ချွေးမက "ဖခင် ... ဖခင်သားမှာ အခြားအပြစ် မရှိပါ၊ သို့သော် အစားအစာနှင့် ပတ်သက်၍ အမြဲ ကဲ့ရဲ့ရှုတ်ချလေ့ရှိပါသည်" ဟု ပြန်ပြောလေသည်။ ထိုအခါ သူဌေးကြီးက "ချစ်သမီး ... သည်အတွက် မစိုးရိမ်ပါနဲ့၊ နှုတ်ပိတ်မန္တန်ပေးခဲ့မည်၊ သင့် ယောကျ်ား ထမင်းစားသောအခါ အနားမှနေ၍ ဤဂါထာကို ရွတ်ဆိုပါ" ဟု ပြောပြီး ဂါထာတစ်ပုဒ်ကို သင်ကြားပေးခဲ့လေသည်။

ကဋ္ဌဟာကသည် သူဌေးကြီး ရှိနေစဉ်တွင် အေးသည် ပူသည် တစ်လုံးတစ်ပါဒမျှ မပြောဘဲ ကျွေးသမျှကိုသာ ငုံ့၍ စားနေခဲ့သည်။ သူဌေးကြီးသည် ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်တွင်မူ ယခင်အတိုင်းပင် ထမင်း ဟင်းများကို အပြစ်မရှိ အပြစ်ရှာ၍ ကဲ့ရဲ့ရှုတ်ချလေသည်။ ထိုအခါ သူဌေးသမီးက သူဌေးကြီး သင်ကြားပေးခဲ့သော ဂါထာကို ရွတ်ဆိုလေသည်။ ထိုဂါထာမှာ -

"တောသို့ရောက်လာ၊ စားသောက်ရာ၌၊ လွန်စွာဝါကြွား၊ ချေးမများသင့်၊ ဝါကြွားလွန်းက၊ ဖခင်တစ်ခါ၊ ပြန်၍လာပြီး၊ ဖျက်ဆီးလိမ့်မည်၊ ရှိသမျှကို၊ အေးမြကြည်သာ၊ စားသောက်ပါလော့"

ဟူ၍ အဓိပ္ပာယ်ထွက်လေသည်။ သို့သော် သူဌေးသမီးမှာ ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်သည်မဟုတ်။ သင်ပေးသည့် အတိုင်းသာ ရွတ်ဆိုခြင်း ဖြစ်၏။ ကဋ္ဌဟာကမှာမူ "ငါ့အကြောင်းကို သူဌေးသမီးသိသွားပြီ" ဟု ထင်မှတ်လျက် ထိုနေ့မှစ၍ တစ်လုံး တစ်ပါဒမျှ ကဲ့ရဲ့ပြစ်တင်ခြင်း မပြုတော့ဘဲ ထမင်းကို အေးချမ်းစွာ စားလေသည်။

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး ထိုအခါ ကျွန်မသား ကဋ္ဌဟာကသည် ယခုအခါ နေရာတကာ၌ ကဲ့ရဲ့ရှုတ်ချလေ့ရှိသော ရဟန်းငယ် တိဿ ဖြစ်လာကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက် -

"အကြင် ရဟန်းသည် လူတို့က သဒ္ဓါတရားအလျှောက် တစ်ပါးသော ရဟန်းတို့အား စားဖွယ်သောက်ဖွယ်များ လှူဒါန်းရာ၌ စိတ်နှလုံး မသာမယာ ဖြစ်၏။ ထိုရဟန်းသည် နေ့အချိန်၌ လည်းကောင်း၊ ညချိန်၌ လည်းကောင်း၊ စိတ်တည်ကြည်မှုကို မရနိုင်၊ စိတ်နှလုံးမသာယာမှုကို အကြွင်းမဲ့ နုတ်ပယ်ပြီးသော ရဟန်းသည်သာလျှင် စိတ်တည်ကြည်မှုကို ရနိုင်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

(၁၈၊ မလဝဂ်၊ ၈-တိဿဒဟရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ကောသလနှင့် မလ္လိကာ

ကျောင်းနေဖက် စစ်သူကြီး

ကောသလတိုင်း သာဝတ္ထိပြည်ကို အစိုးရသော မဟာကောသလမင်းကြီးမှာ ပသေနဒီ အမည်ရှိသော သားတော် တစ်ယောက်နှင့် ဝေဒေဟီ အမည်ရှိသော သမီးတော်တစ်ယောက် ထွန်းကားခဲ့သည်။ သားတော် ပသေနဒီသည် အသက် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ တက္ကသိုလ်ပြည်သို့ သွားရောက်၍ မင်းသားတို့တတ်အပ်သည့် တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကို သင်ယူလေသည်။

ပညာစုံ၍ ရွှေဘုံသို့ပြန်လာသော သားတော် ပသေနဒီအား ခမည်းတော် မဟာကောသလမင်းကြီးက အိမ်ရှေ့ ဥပရာဇာ အဖြစ်ဖြင့် မြှောက်စားချီးမြှင့်သည်။ သမီးတော် ဝေဒေဟီမင်းသမီးကိုမူ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရနှင့် ထိမ်းမြားလက်ဆက်ပေးလေသည်။

ခမည်းတော် နတ်ရွာစံသောအခါ ပသေနဒီ မင်းသားသည် 'ပသေနဒီကောသလ' ဟူသော ဘွဲ့အမည်ဖြင့် သာဝတ္ထိထီးနန်းကို ဆက်ခံလေသည်။ ပသေဒနီ မင်းသား ထီးနန်း ရပြီးနောက် မကြာမြင့်သောအချိန်တွင် တက္ကသိုလ်ပြည်၌ အတူ ပညာသင်ကြားဖက်ဖြစ်သော ဗန္ဓုလသည် သာဝတ္ထိပြည်သို့ ဆိုက်ရောက်သည်။ ဗန္ဓုလသည် ကုသိနာရုံပြည်သား မလ္လာမင်းမျိုး တစ်ဦးဖြစ်ပြီး လေးအတတ်တွင် ထူးချွန်စွာ တတ်မြောက်သူ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာဝတ္ထိပြည်သို့ ဗန္ဓုလ ရောက်ရှိလာခြင်းမှာ သူ့ဇာတိမြေ ဖြစ်သော ကုသိနာရုံ၌ မနေလိုတော့သဖြင့် အပြီးတိုင် ထွက်ခွာခဲ့ခြင်းဖြစ်၏။ ဗန္ဓုလသည် တက္ကသိုလ်ပြည်မှ ပြန်ရောက်လာသည့်အချိန်မှစ၍ မင်းမျိုးတို့၏ အကျိုးစီးပွားကို စွမ်းလွန်းတမံ ဆောင်ရွက်ခဲ့သည်။ သို့သော်ငြားလည်း မလ္လာမင်းမျိုးတို့သည် ဗန္ဓုလ အား ထိုက်ထိုက်တန်တန် မြှောက်စားချီးမြှင့်ခြင်း မပြုခဲ့ကြ။ အချို့သော မလ္လာ မင်းသားတို့ကမူ ဗန္ဓုလ၏ စွမ်းရည်အပေါ် မနာလို ဝန်တိုစိတ်များပင် ပွားနေကြ သည်။ ထို့ကြောင့် ဗန္ဓုလသည် ဇနီးမလ္လိကာကိုခေါ်၍ သာဝတ္ထိသို့ ထွက်ခဲ့ခြင်း ဖြစ်ပေသည်။

ပသေနဒီ ကောသလမင်းသည် ကျောင်းနေဖက် သူငယ်ချင်းဖြစ်သော ဗန္ဓုလ အား ဝမ်းမြောက်ဝမ်းသာကြိုဆို၍ သေနာပတိရာထူးကို အပ်နှင်းလေသည်။ ဗန္ဓုလ၏ လက်ရုံး စွမ်းရည်ကြောင့် ကောသလဘုရင်၏ တန်ခိုးအာဏာသည် နိုင်ငံတကာ အလယ်၌ ပို၍ စူးရှထက်မြက်ခဲ့လေသည်။ သို့ရာတွင် လူရင်းများကိုကျော်ပြီး တစ်ပြည်သားတစ်ဦးအား စစ်သေနာပတိရာထူးကို ပေးအပ်ခဲ့သည့်အတွက် သာဝတ္ထိ မှူးမတ်များအတွင်း မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဤ မကျေနပ်မှုများကိုပင် အကြောင်းပြု၍ ဘုရင် ကောသလနှင့် စစ်သူကြီး ဗန္ဓုလတို့သည် နောက်ပိုင်းတွင် မရှုမလှသော အဖြစ်ဆိုးများနှင့် ကြုံတွေ့ကာ ဘဝဇာတ်သိမ်းခဲ့ကြရလေသည်။

## ဗုဒ္ဓနှင့် တွေ့ဆုံခြင်း

ပသေနဒီ ကောသလမင်း ထီးနန်းတက်စ အချိန်တွင် သာဝတ္ထိပြည်၌ ပူရဏကဿပ၊ မက္ခလိဂေါသာလ စသော ဘာသာရေးဂိုဏ်းဆရာကြီးများ ထင်ရှား လျက် ရှိကြသည်။ ကောသလဘုရင်သည် မင်းကောင်း မင်းမြတ်တို့၏ ကျင့်စဉ် အတိုင်း ပြည်သူပြည်သားတို့အား လွတ်လပ်စွာ ဆည်းကပ် ကိုးကွယ်ခွင့် ပြုထား သည်။ ထိုဂိုဏ်းဆရာကြီးများအားလည်း ထိုက်သင့်သမျှ ပူဇော် ချီးမြှောက်ခြင်း ပြုသည်။ သို့ရာတွင် သူကိုယ်တိုင်ကမူ မည်သည့်ဂိုဏ်း၏ တရားဓမ္မကိုမျှ ယုံကြည် လက်ခံခြင်း မရှိခဲ့ချေ။

ထိုအချိန်တွင် အနာထပိဏ် သူဌေး၏ ပင့်ဖိတ်ချက်အရ သာဝတ္ထိပြည်သို့ ဗုဒ္ဓမြတ်စွာ ကြွရောက်လာသည်။ အနာထပိဏ် သူဌေးသည် မိမိနှင့် ကျောင်းနေဖက် မိတ်ဆွေဖြစ်သော ကောသလဘုရင်ကို ဗုဒ္ဓမြတ်စွာထံ ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောသလဘုရင်သည် ကျောင်းတော်သို့ ရောက်လျှင် မိမိနှင့် အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းမျှ ရှိသေးသော ဗုဒ္ဓမြတ်စွာကို ဖူးတွေ့ရသဖြင့် အံ့အားသင့်သွားသည်။ ဘာသာရေးဂိုဏ်းဆရာဟူသည် အသက်အရွယ် ကြီးရင့်သော ပုဂ္ဂိုလ်ကြီးများသာ ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ပသေနဒီ ကောသလမင်းက ဗုဒ္ဓမြတ်စွာအား ဤသို့ မေးလျှောက်လေသည်။

"အရှင်ဂေါတမ၊ အရှင်သည် သိဖွယ်ရှိသမျှကို အကြွင်းမဲ့ မှန်ကန်စွာ သိမြင်သော 'သမ္မာသမ္ဗုဒ္ဓ' ဟူ၍ ဝန်ခံပါသလော"

"မင်းကြီး ငါသည် သမ္မာသမ္ဗုဒ္ဓ စင်စစ် ဖြစ်ပေ၏"

"အရှင်ဂေါတမ၊ ဂိုဏ်းဆရာကြီးများ အဖြစ်ဖြင့် ထင်ရှားကျော်ကြား လူသိများနေကြတဲ့ ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ပုဂ္ဂိုလ်တို့သည်ပင် သမ္မာသမ္ဗုဒ္ဓ ဟူ၍ ဝန်မခံကြပါ၊ အရှင်ဂေါတမ ကတော့ အသက်လဲ ငယ်ပါသေးတယ်၊ ရဟန်းပြုတာလဲ မကြာသေးပါဘူး၊ ဘာ့ကြောင့် သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံပါသလဲ"

ထိုအခါ ဗုဒ္ဓမြတ်စွာက "မင်းကြီး လောကမှာ မင်း၊ မြွေ၊ မီး၊ ရဟန်း ဟူသော အရာလေးပါးကို ငယ်သည်ဟူ၍ မထီမဲ့မြင် မပြုအပ်" စသည်ဖြင့် တရားစကား ဟောကြားတော်မူသည်။ ကောသလမင်းသည် ထိုဟောကြားချက်ကို အလွန်နှစ်သက်၍ ဥပါသကာ အဖြစ် ခံယူလိုက်လေသည်။[၁]

## ဥယျာဉ်မှူး၏ သမီးပျို

တစ်နေ့သ၌ ကောသလ ဘုရင်သည် ရာဇဂြိုဟ်ပြည်ရှင် ဘုရင် အဇာတသတ်ကို နှိမ်နင်းတိုက်ခိုက်ရန် များစွာသော စစ်သည် ဗိုလ်ပါတို့ဖြင့် နေပြည်တော်မှ ထွက်လေသည်။ အမှန်စင်စစ် အဇာတသတ်မှာ ကောသလဘုရင်၏ နှမတော် ဝေဒေဟီ မိဖုရားကြီးမှ မွေးဖွားသူဖြစ်၍ သူ့တူ အရင်းခေါက်ခေါက်ပင် ဖြစ်သည်။

၁။ သဂါထာဝဂ္ဂ၊ ကောသလသံယုတ်၊ ဒဟရသုတ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖခမည်းတော် မဟာကောသလမင်းကြီးသည် သမီးတော် ဝေဒေဟီ မင်းသမီးကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရနှင့် ထိမ်းမြားပေးခဲ့စဉ်က တစ်နှစ်လျှင် အခွန်ငွေ တစ်သိန်း ထွက်သော ကာသိ ရွာကြီးကို အပိုင်စားပေးခဲ့သည်။ အဇာတသတ်က ခမည်းတော် ဗိမ္ဗိသာရကို လုပ်ကြံလိုက်သောအခါ ဝေဒေဟီ မိဖုရားကြီးမှာလည်း မကြာမီပင် ကွယ်လွန်သွားလေသည်။

ထိုအခါ ကောသလ ဘုရင်က နှမတော်အတွက် အဇာတသတ်အပေါ်တွင် စိတ်အနာကြီးနာပြီး ကာသိရွာကို ပြန်တောင်းသည်။ အဇာတသတ်ကလည်း ထိုရွာကို ပြန်မပေးဘဲ တင်းခံနေသည်။ ဤသည်ကို အကြောင်းပြု၍ ကောသလ ဘုရင်သည် အဇာတသတ်နှင့် စစ်ခင်းရန် ထွက်လာခြင်း ဖြစ်ပေသည်။

ထိုစစ်ပွဲတွင် ကောသလဘုရင်သည် မရှုမလှ ရှုံးနိမ့်သဖြင့် စစ်သည်တော်တို့နှင့် တကွဲတပြားဖြစ်ကာ ဆုတ်ခွာခဲ့ရသည်။ နေပြည်တော်အနီးသို့ ပြန်ရောက်သောအခါ စစ်သည်တော်တို့ကို စောင့်ဆိုင်းရင်း မြို့ပြင်ရှိ ဥယျာဉ်တစ်ခုအတွင်း၌ အပန်းဖြေနေသည်။ ထိုစဉ်တွင် ဥယျာဉ်မှူး၏ သမီးပျို မလ္လိကာကို တွေ့မြင်၍ လွန်စွာ နှစ်သက်လှသောကြောင့် နန်းတွင်းသို့ ခေါ်ပြီး မိဖုရားမြှောက်လိုက်လေသည်။

မလ္လိကာသည် ဥယျာဉ်မှူး၏ သမီးဘဝမှ မိဖုရားအဖြစ်သို့ ရောက်ရှိလာသူ ဖြစ်သော်လည်း ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသည်။ ကောသလ ဘုရင်နှင့် သာဝတ္ထိ မြို့သူမြို့သားတို့ အလှူပြိုင်ပွဲ ကျင်းပရာတွင် ဘုရင်ဘက်က အနိုင်ရရှိခဲ့ခြင်းမှာ မလ္လိကာ၏ အကြံပေးချက်ကြောင့် ဖြစ်ပေသည်။

တစ်ကြိမ်တွင်လည်း ဘုရင်သည် ကြောက်မက်ဖွယ် အသံဆိုးကြီးများကို ကြား၍ ကြောက်လန့်ခြင်း ပြင်းစွာဖြစ်လျက် ပုရောဟိတ်ပုဏ္ဏား ညွှန်ကြား ပြောဆိုသည့်အတိုင်း လူနှင့် တိရစ္ဆာန်ပေါင်း မြောက်မြားစွာကို သတ်ဖြတ်၍ ယဇ်ပူဇော်ပွဲ ကြီးကို ကျင်းပရန် စီစဉ်လေသည်။ ဤအကြောင်းကို မလ္လိကာမိဖုရား သိရှိလျှင် ဘုရင်ကို ဗုဒ္ဓထံသို့ ခေါ်သွားပြီး အကြောင်းစုံကို လျှောက်ကြားသည်။ ဗုဒ္ဓက အကြောင်းရင်းမှန်ကို ရှင်းလင်းမိန့်ကြားသဖြင့် ယဇ်ပူဇော်ပွဲပျက်သွားပြီး စတေးခံရမည့် သတ္တဝါများလည်း အသက်ချမ်းသာရာ ရခဲ့ကြလေသည်။[၁]

---

၁။ ကောသလသံယုတ်၊ မလ္လိကာသုတ် အဋ္ဌကထာ။



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်မသမီး မာနကြီး

ကောသလ ဘုရင်သည် ဗုဒ္ဓမြတ်စွာနှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံသည့် အချိန်မှစ၍ ဗုဒ္ဓမြတ်စွာအား အလွန်အမင်း ကြည်ညိုလျက် ကျောင်းတော်သို့ နေ့စဉ် မပျက် သွားလေ့ရှိသည်။ မိမိနန်းတော်သို့လည်း ရဟန်းငါးရာကို ပင့်ဖိတ်၍ နေ့စဉ် ဆွမ်းဆက်ကပ်ခဲ့သည်။ သို့ရာတွင် ရဟန်းတို့သည် ဘုရင့်နန်းတော်သို့ ဆွမ်းခံကြွ ရသည်ကို ဝိသာခါ အနာထပိဏ် တို့၏ အိမ်များသို့ ကြွရသလို နှစ်ခြိုက်ခြင်း မရှိကြ။ ထို့ကြောင့် ဘုရင်သည် ရဟန်းတော်များနှင့် မင်ခင်ရင်းနှီးမှု ရှိစေရန် ရည်ရွယ်လျက် ကပိလဝတ်ပြည်မှ ဝါသဘခတ္တိယာ အမည်ရှိသော သာကီဝင် မင်းသမီးကို မိဖုရားမြှောက်လေသည်။

နောက်ပိုင်းတွင် ဝါသဘခတ္တိမှာ သာကီဝင် မင်းသမီး စင်စစ် မဟုတ်ဘဲ ကျွန်သွေးတစ်ဝက် ပါသူဖြစ်ကြောင်း သိရှိရသောကြောင့် မကျေမနပ်ဖြစ်ကာ သူမကို မိဖုရားအရာမှ ရုပ်သိမ်းခဲ့လေသည်။ ဗုဒ္ဓမြတ်စွာက ဖျောင်းဖျစကား မိန့်ကြားမှ မိဖုရားအရာကို ပြန်ပေးလေသည်။

ဝါသဘခတ္တိယာမှာ ကျွန်သွေး တစ်ဝက် ပါသော်လည်း မလ္လိကာ ကဲ့သို့ စိတ်နှလုံး၊ နူးညံ့သိမ်မွေ့ခြင်း မရှိ၊ မာနကြီးပြီး သဒ္ဓါတရားနည်းသူဖြစ်သည်။ တစ်ချိန်တွင် ကောသလမင်းကြီးသည် မိဖုရားနှစ်ပါးနှင့် နန်းတွင်းသူများ လိမ္မာ ယဉ်ကျေးမှု ရှိကြစေရန် ရည်ရွယ်လျက် နန်းတွင်း၌ တရားသင်တန်း တစ်ခုစီ ပေးခဲ့သည်။ ထို အစီအစဉ်အရ ရှင်အာနန္ဒာက နန်းတော်သို့ နေ့စဉ် ကြွလာပြီး နန်းတွင်းသူတို့အား တရားဒေသနာများ သင်ကြားပို့ချပေးသည်။ ရှင်အာနန္ဒာ ပို့ချ ပေးသော တရားများကို မလ္လိကာက ရိုသေစွာ နာယူမှတ်သားသော်လည်း ဝါသဘခတ္တိယာကမူ ဂရုမစိုက်ဘဲ ပေါ့ပေါ့တန်တန်သာ နာယူလေသည်။ ဤသည်ကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာက ဝါသဘခတ္တိယာကို အဆင်းလှသော်လည်း အနံ့မမွှေးသော ပန်းနှင့် ဥပမာ ပြုတော်မူခဲ့လေသည်။

ကောသလမင်းကြီး၏ မိဖုရားနှစ်ပါးတွင် ဝါသဘခတ္တိယာမှာ အသက်ငယ်ပြီး ရုပ်လည်း ပိုလှသည်။ မလ္လိကာက ရုပ်အသင့်အတင့်သာရှိပြီး အလိမ္မာပိုသည်။ သို့ရာတွင် ဝါသဘခတ္တိက ဝိဋ္ဋူဘ အမည်ရှိသော သားတစ်ယောက် ရရှိခဲ့ပြီး မလ္လိကာမှာမူ သမီးမိန်းကလေးတစ်ယောက်သာ မွေးဖွားခဲ့လေသည်။ ကောသလ



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် သူချစ်သော မလ္လိကာ မိဖုရားမှ သားယောကျ်ား မမွေးသဖြင့် စိတ်မချမ်းမသာ ဖြစ်ခဲ့လေသည်။[၁]

## အစားကြူးသော မင်း

ကောသလမင်းကြီးသည် အစားကြူးသူ ဖြစ်၏။ တစ်နေ့လျှင် ဆန် တစ်ပြည်ချက်လောက် ကုန်အောင် စားနိုင်သည်။ အလွန်ဝပြီး ဗိုက်ကြီးပူနေသောကြောင့် တောကစားပင် မထွက်နိုင်ဘဲ ရှိလေသည်။ တစ်နေ့တွင် နံနက်စာ စားပြီးစ အချိန်တွင် ဗုဒ္ဓမြတ်စွာထံ သွားရောက်ဖူးမြင်ရာ ဗုဒ္ဓမြတ်စွာရှေ့၌ ထိုင်နေစဉ် မအီမသာဖြစ်၍ နေလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက မင်းကြီးအား အစားအစာ စားသောက်ရာ၌ အတိုင်းအဆကို သိသင့်ကြောင်း ဂါထာတစ်ပုဒ်ဖြင့် ဟောကြားဆုံးမတော်မူသည်။ မင်းကြီးသည် ထိုဂါထာကို သက်တော်စောင့် သုဒဿနလုလင်အား သင်ယူစေခဲ့ပြီး သူ ပွဲတော်တည်တိုင်း အနားမှနေ၍ ရွတ်ဆိုစေသည်။ ထမင်းစားတိုင်းလည်း တစ်လုတ် တစ်လုတ် လျှော့၍သွားသည်။ သို့အားဖြင့် နောက်ပိုင်း၌ မင်းကြီးသည် ဆန်တစ်စလယ်မျှဖြင့် တင်းတိမ်လာသည်။ သူ့ခန္ဓာကိုယ်မှာလည်း အနေတော်ဖြစ်လာလေသည်။

ဗုဒ္ဓ၏ အဆုံးအမကြောင့် ကိုယ်ခန္ဓာ ပေါ့ပါးပြီး ယခင်ကထက် ပို၍ ကျန်းမာသွက်လက်လာသောအခါ ကောသလမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ကျေးဇူးကို ပို၍ သိမြင်လာသည်။ "ဗုဒ္ဓမြတ်စွာသည် ငါ့အား တမလွန် အကျိုးကိုသာမက ပစ္စုပ္ပန် အကျိုးကိုလည်း ညွှန်ပြတော်မူပေသည်" ဟူ၍ ကြည်ညိုစိတ် တိုးပွားလာခဲ့လေသည်။[၂]

## အရှုံးနှင့် အနိုင်

ကောသလမင်းကြီးသည် တစ်နေ့တွင် တူတော် အဇာတသတ်မင်းနှင့် စစ်တိုက်ရာမှ ရှုံးနိမ့်လာသဖြင့် "နို့မစင်သေးသော ကလေးကိုပင် ရှုံးခဲ့ရလေခြင်း"

၁။ ကောသလသံယုတ်၊ မလ္လိကာသုတ်။

၂။ ဓမ္မပဒအဋ္ဌကထာ၊ ၁၅-သုခဝဂ်၊ ၆-ပသေနဒီ ကောသလဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စိတ်မကျေနပ်ဖြစ်ကာ မစားနိုင်၊ မအိပ်နိုင်ဘဲ ရှိလေသည်။ ရဟန်းတို့သည် ထိုအကြောင်းကို ကြားသိကြရသဖြင့် ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြလေသည်။ ထိုအခါ ဗုဒ္ဓက -

"နိုင်သူသည် ရန်ကိုပွားစေ၏၊ ရှုံးသူသည် ဆင်းရဲစွာ နေရ၏။ ကိလေသာ ငြိမ်းအေးပြီး သူသည် အနိုင်အရှုံးကို စွန့်၍ ချမ်းသာစွာနေရ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။[၁]

ကောသလမင်းကြီးသည် ကာသိရွာကို အကြောင်းပြု၍ အဇာတသတ်မင်းနှင့် စစ်ခင်းရာတွင် အကြိမ်ကြိမ် ရှုံးနိမ့်ရသည်။ နောက်ဆုံးတွင် အမတ်တို့နှင့် ဇေတဝန် ကျောင်းတော်သို့ သူလျှိုများစေလွှတ်ပြီး ရဟန်းများ ပြောသံဆိုသံကို နားထောင်စေသည်။

ထိုအခါ ဇေတဝန်ကျောင်းတော်၏ အစွန်အဖျားၥ္ နေသော ရဟန်းကြီးနှစ်ပါးတို့သည် ကောသလနှင့် အဇာတသတ်တို့၏ စစ်ပွဲများအကြောင်းကို ဆွေးနွေးပြောဆိုနေကြသည်။ ထိုရဟန်းကြီးနှစ်ပါးအနက် တစ်ပါးမှာ စစ်မှုထမ်းဘဝမှ ရဟန်းပြုလာသူဖြစ်၍ စစ်မှုရေးရာ၌ အထူးကျွမ်းကျင်သူ ဖြစ်သည်။ ထို့ကြောင့် အဇာတသတ်ကို တောင်ကြားတစ်ခုမှ စောင့်၍ လှည်းဦးကင်း စစ်ဆင်နည်းဖြင့် ဖိညှပ် တိုက်ခိုက်ပါက နိုင်ဖွယ်ရှိကြောင်း အဖော်ရဟန်းကြီးအား ပြောဆိုနေလေသည်။

ယင်းပြောဆိုချက်ကို အထောက်တော်ကြီး တစ်ဦး ကြားသိ၍ မင်းကြီးအား လျှောက်တင်သည်။ ကောသလမင်းကြီးသည် ရဟန်းကြီးပြောဆိုသည့်အတိုင်း 'သကဋဗျူဟာ' ခေါ် လှည်းဦးကင်း စစ်ဆင်နည်းဖြင့် သွားရောက်တိုက်ခိုက်ရာ စစ်ပွဲကို အနိုင်ရရှိရုံသာမက အဇာတသတ်ကိုပါ လက်ရဖမ်းဆီးမိလေသည်။

ထိုအခါ မင်းကြီးသည် တူတော်မောင်ကို ကောင်းမွန်စွာပြောဆိုဆုံးမပြီး သမီးတော် ဝဇိရာ မင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်သည်။ အငြင်းပွားနေသော ကာသိရွာကိုလည်း သမီးတော်အား လက်ဖွဲ့သည့်အနေဖြင့် ပြန်ပေးလိုက်ရာ ထိုအချိန်မှစ၍ နှစ်နိုင်ငံရန်ပွဲ ငြိမ်းသွားလေသည်။[၂]

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ၁၅-သုခဝဂ်၊ ၃-ကောသလရညော ပရာဇယဝတ္ထု၊

၂။ တိကနိပါတ်၊ ဝဍ္ဍကီ သူကရဇာတ်နှင့် ကောသလသံယုတ်၊ ဒုတိယသင်္ဂါမသုတ် အဋ္ဌကထာ.



www.burmeseclassic.com

www.burmeseclassic.com



## နှမ်းစဉ်ပတ္တမြား ရှာပုံတော်

တစ်နေ့သ၌ ကောသလမင်းကြီး နှမ်းစဉ်သုံး ပတ္တမြားရတနာ ပျောက်ဆုံးသွားသဖြင့် တစ်နန်းတော်လုံး ဒေါင်းတောက်အောင် ရှာဖွေ နေကြသည်။ နန်းတွင်းမသက်ာသူ မှန်သမျှကိုလည်း ဖမ်းဆီး စစ်ဆေးနေကြသည်။

ထိုအချိန်တွင် မိဖုရားတို့အား တရားဒေသနာတော် သင်ကြားပို့ချပေးရန်အတွက် ရှင်အာနန္ဒာမထေရ် နန်းတွင်းသို့ ကြွရောက်လာသည်။ မထေရ်သည် မင်းကြီးအား အကျိုးအကြောင်း မေးမြန်းပြီး ပတ္တမြားရတနာ ပြန်လည်တွေ့ရှိစေနိုင်မည့် နည်းလမ်း တစ်ရပ်ကို မိန့်ကြားတော်မူလေသည်။

မင်းကြီးသည် ရှင်အာနန္ဒာ မိန့်ကြားသည့်အတိုင်း လုံခြုံစွာ ကာရံထားသော အခန်းတစ်ခုထဲ၌ ရေပြည့်သော အိုးစရည်းကြီးတစ်လုံးကို ထားရှိစေသည်။ ထို့နောက် "နန်းတွင်းသူ နန်းတွင်းသား အားလုံး ထိုအခန်းထဲသို့ တစ်ယောက်စီဝင်၍ ကြည့်ကြရမည်" ဟု အမိန့်ထုတ်လိုက်သည်။

ပတ္တမြားကို ခိုးယူထားသူသည် သူ့အလှည့်တွင် အဝတ်တွင်း၌ ဖွက်ယူလာသော ပတ္တမြားကို အိုးစရည်းထဲသို့ ထည့်ထားခဲ့လေသည်။ လူကုန်၍ မင်းချင်းယောကျ်ားများ ဝင်ရောက် ကြည့်ရှုကြသောအခါ အိုးစရည်းထဲ၌ ပတ္တမြားကို တွေ့ရှိကြရသည်။ သို့အားဖြင့် ထိုအမှုမှာ အေးချမ်းစွာ ပြီးဆုံးသွားလေသည်။[၁]

## အမြတ်ဆုံး ချမ်းသာ

ဤသို့ဖြင့် ကောသလမင်းကြီးသည် ဗုဒ္ဓမြတ်စွာနှင့် ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကများကို အကြောင်းပြု၍ အကျိုးစီးပွား များစွာရရှိခဲ့သည်။ အစားကြူး၍ မိုက်ပူနံကား ဖြစ်နေသည့် ဘဝမှ ကိုယ်ခန္ဓာ အနေတော်ဖြင့် ကျန်းမာဖျတ်လတ်သူ ဖြစ်လာခြင်းမှာ ဗုဒ္ဓ၏ အဆုံးအမကြောင့်ဖြစ်၏။ အဇာတသတ်အား စစ်နိုင်ခြင်း၊ နှမ်းစဉ်ပတ္တမြားကို ပြန်လည် ရရှိခြင်းတို့တွင်လည်း ဗုဒ္ဓသာဝကများ၏ ကျေးဇူးပြုမှု ထင်ရှားစွာ ပါဝင်ခဲ့သည်။ ဗုဒ္ဓ၏ ဆွေတော် မျိုးတော်ဖြစ်သော ဝါသဘခတ္တိယာ မင်းသမီးကို ရရှိသည့် အတွက်လည်း မင်းကြီးအား ကျေနပ်နှစ်သက်မှု များစွာ ဖြစ်ခဲ့သည်။

---

၁။ ကေကနိပါတ်၊ မဟာသာရဇာတ်နှင့် သံဂါထာဝဂ္ဂ ကောသလသံယုတ် ဗန္ဓနာဂါရသုတ် အဋ္ဌကထာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ မင်းကြီးသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ဗုဒ္ဓမြတ်စွာကြောင့် သူ့မှာ ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုများ ရရှိခဲ့ပုံတို့ကို ဝမ်းမြောက်စွာ လျှောက်ကြားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက -

"ကျန်းမာခြင်းသည် အကောင်းဆုံးလာဘ်ဖြစ်၏။ ရောင့်ရဲခြင်းသည် အကောင်းဆုံး ဥစ္စာဖြစ်၏။ ချစ်ကျွမ်းဝင်ခြင်းသည် အကောင်းဆုံး ဆွေမျိုးဖြစ်၏။ နိဗ္ဗာန်ကား အမြတ်ဆုံးချမ်းသာဖြစ်ပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။[၁]

## သူ့အမှား

ကောသလမင်းကြီးသည် ဗုဒ္ဓမြတ်စွာအား မပြတ်မလပ် ဆည်းကပ်၍ တရားဒေသနာကို ထာဝစဉ် နာကြားနေရသူ ဖြစ်သော်လည်း တစ်ခါတစ်ရံ မှားယွင်းသော အပြုအမူတို့ကို ပြုလုပ်မိခဲ့သည်။ တစ်ခါက တိတ္ထိတို့သည် ကောသလမင်းကြီးကို လာဘ်ထိုးပြီး ဇေတဝန်ကျောင်းတော်အနီး၌ သူတို့ ကျောင်းများကို ဆောက်လုပ်ရန် စီစဉ်ကြသည်။ ကောသလမင်းကြီးကလည်း ခွင့်ပေးသည်။ ဗုဒ္ဓမြတ်စွာက ရှင်မောဂ္ဂလ္လာန်မထေရ်ကို စေလွှတ်ပြီး တိတ္ထိကျောင်းတို့ကို တားမြစ်ပေးရန် မင်းကြီးအား ပြောစေသည်။ မင်းကြီးက အတွေ့မခံဘဲနေသည်။ ဗုဒ္ဓမြတ်စွာကိုယ်တိုင် ကြွသွားပြီး မိန့်ကြားမှ မင်းကြီးသည် တိတ္ထိကျောင်းများကို ဖျက်ရန် အမိန့်ပေးလေသည်။ ထို့နောက် မင်းကြီးသည် မိမိအမှားကို သတိတရားရ၍ တိတ္ထိတို့ ကျောင်းနေရာ၌ ရာဇိကာရုံမည်သော ကျောင်းတစ်ဆောင် ဆောက်လုပ်ပြီး ဗုဒ္ဓမြတ်စွာအား လှူဒါန်းလေသည်။

ကောသလမင်းကြီး၏ အကြီးဆုံးသော အမှားမှာ စစ်သူကြီးဗန္ဓုလကို လုပ်ကြံသတ်ဖြတ်စေခဲ့ခြင်းဖြစ်သည်။ "သားယောကျ်ား ၃၂ ယောက်တို့ဖြင့် အင်အားတောင့်တင်းနေသော ဗန္ဓုလသည် ထီးနန်းကို လုယူလိမ့်မည်" ဟူ၍ မလိုသူတို့က သွေးထိုးကြရာ မင်းကြီးက ယုံကြည်သွားသည်။ ထို့ကြောင့် ဗန္ဓုကို သား ၃၂ ယောက်နှင့်အတူ ပစ္စန္တရစ်အရပ်၌ ပုန်ကန်မှုကို သွားရောက် နှိမ်နင်းရန်စေလွှတ်ပြီး အပြန်လမ်းမှ ချောင်းမြောင်း တိုက်ခိုက်စေရာ ဗန္ဓုလတို့ သားအဖ တစ်တွေ အသက် ဆုံးရှုံးသွားကြလေသည်။

---

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ၁၅-သုခဝဂ်၊ ၆-ပသေနဒီ ကောသလ ဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေဖက် သူငယ်ချင်းဖြစ်သော ဗန္ဓုလအား အထင်မှား၍ သတ်ဖြတ်ခဲ့မိခြင်းအတွက် မင်းကြီးမှာ များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့သည်။ ဤသို့သော အခြေအနေတွင် ချစ်စွာသော မိဖုရား မလ္လိကာမှာလည်း ကွယ်လွန်သွားပြန်သော ကြောင့် မင်းကြီး၏ သောကဝေဒနာမှာ ပို၍ ထုထည် ကြီးမားလာလေသည်။

## မလ္လိကာမိဖုရား ကွယ်လွန်ခြင်း

မလ္လိကာ မိဖုရားသည် ကုသိုလ်ကောင်းမှုတို့ကို များစွာပြုလုပ်ခဲ့သူ ဖြစ်၏။ သို့သော် သေခါနီး အချိန်၌ တစ်သက်တာပတ်လုံး တစ်ကြိမ်တစ်ခါမျှသာ ပြုလုပ်ခဲ့မိသော မကောင်းမှု တစ်ခုကို သတိရနေသည်။ ထို့ကြောင့် သေလွန်သောအခါ အဝီစိငရဲသို့ ကျရောက်သွားလေသည်။ သူမ ပြုလုပ်ခဲ့မိသော မကောင်းမှုမှာ ကြီးကျယ်လှသည် မဟုတ်။ အသေးအဖွဲမျှသာ ဖြစ်သည်။ တစ်နေ့သ၌ သူမသည် ရေချိုးအိမ်သို့ဝင်၍ ခြေလက် ဆေးကြောစဉ် ခွေးတစ်ကောင် ဝင်လာပြီး သူမ၏ ကိုယ်အင်္ဂါများကို လျက်လေသည်။ မိဖုရားကလည်း ထိုအပြုအမူကို သာယာနေမိသည်။

ထိုအခြင်းအရာကို နန်းပြာသာဒ်၏ အထက်ထပ်မှနေ၍ ဘုရင်မြင်သော ကြောင့် မိဖုရားကို ပြစ်တင် ကြိမ်းမောင်းသည်။ သို့သော် မိဖုရားက မင်းကြီး ထင်သလို မဟုတ်။ မျက်စိအမြင် မှောက်မှားခြင်းသာဖြစ်ကြောင်း လှည့်စား ပြောဆိုခဲ့သည်။ ဤပြစ်မှုကလေးကို သေခါနီးတွင် ထင်မြင်သတိရနေသည့်အတွက် သူမမှာ အဝီစိငရဲသို့ ရောက်ရခြင်း ဖြစ်လေသည်။

ကောသလမင်းကြီးသည် မလ္လိကာမိဖုရား၏ ရုပ်ကလာပ်ကို ကျင်းပပြီးနောက် မိဖုရား၏ ဖြစ်ရာဘုံဘဝကို မေးလျှောက်ရန် ဗုဒ္ဓမြတ်စွာထံ သွားသည်။ သို့ရာတွင် ကျောင်းတော်သို့ ရောက်သောအခါ တရားကြားနာနေရသဖြင့် မိမိ လာရင်းကိစ္စကို မေ့လျော့နေသည်။ နောက်ထပ် နှစ်ကြိမ် သုံးကြိမ် သွားရောက်ရာတွင်လည်း ရှေးနည်းတူပင် မေ့လျော့နေပြန်သည်။ ခုနစ်ရက် လွန်၍ ရှစ်ရက်မြောက်သည့်နေ့တွင်မှ မလ္လိကာမိဖုရားမှာ အဝီစိငရဲမှ လွတ်မြောက်၍ တုသိတာနတ်ပြည်သို့ ရောက်နေပြီဖြစ်လေသည်။ ထိုနေ့တွင် ဗုဒ္ဓမြတ်စွာသည် နန်းတော်သို့ ဆွမ်းခံကြွတော်မူလေသည်။ မင်းကြီးက ဗုဒ္ဓမြတ်စွာအား နန်းတော်ဝင်း အတွင်းရှိ ရထား



www.burmeseclassic.com

www.burmeseclassic.com



ကင်းကုပ်၍ ဆွမ်းကပ်လေသည်။ ထို့နောက် "မလ္လိကာ မိဖုရားသည် အဘယ်ဘုံ၌ ဖြစ်နေပါသနည်း" ဟု မေးလျှောက်ရာ ဗုဒ္ဓက တုသိတာနတ်ပြည်၌ ဖြစ်နေကြောင်း မိန့်ကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာ၏ မိန့်ကြားချက်ကြောင့် ကောသလမင်းကြီး စိတ်သက်သာရာရသွားသည်။ မလ္လိကာမိဖုရားသည် အဝီစိငရဲ၌ ခုနစ်ရက်မျှ ဖြစ်ခဲ့ရသေးကြောင်းကို သူ မသိချေ။ ထိုအကြောင်းကို သိမည်ဆိုလျှင်လည်း မင်းကြီးသည် အယူလွဲမှားခြင်းသို့ပင် ရောက်သွားနိုင်ပေသည်။ ထို့ကြောင့်လည်း မလ္လိကာ၏ ဖြစ်ရာဘဝကို မေးလျှောက်ရန် ခုနစ်ရက်မျှ မေ့လျော့နေအောင် ကောသလမင်းကြီးအား ဗုဒ္ဓမြတ်စွာက တန်ခိုးဖြင့် ပြုလုပ်ထားခဲ့ခြင်း ဖြစ်ပေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ကောသလမင်းကြီးအား ရထားတင်းကုတ်ထဲ၌ ဆွေးမြေ့ပျက်စီးနေသော ရထားဟောင်းများကို ညွှန်ပြတော်မူပြီး –

"လှပဆန်းကြယ် အလွန်တင့်တယ်စွာ ပြုလုပ်ထားသော မင်းစီးရထားတို့သည် ဆွေးမြေ့ ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။ ထို့အတူ ကိုယ်ခန္ဓာသည်လည်း ဆွေးမြေ့ ပျက်စီးခြင်းသို့ ရောက်ရ၏။ သူတော်ကောင်းတို့၏ တရားမှာမူ ဆွေးမြေ့ ပျက်စီးခြင်းသို့ မရောက်ချေ။ ဤသို့လျှင် သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် ပြောဆိုကြကုန်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။[၁]

## အားကိုးရာမဲ့ချိန်

ကောသလမင်းကြီးသည် မိတ်ဆွေရင်း ဗန္ဓုလအတွက် မိမိအမှားကို ချေဖျက်သည့်အနေဖြင့် ဗန္ဓုလ၏ တူတော် ဒီဃကာရာယနကို စစ်သူကြီး ရာထူးဖြင့် ချီးမြှင့်ခဲ့သည်။ သို့သော် ဒီဃကာရာယနသည် ဦးရီးတော်အတွက် အခဲမကျေဘဲ လက်စားချေနိုင်ရန် အခွင့်အရေးကို စောင့်စား၍ နေလေသည်။ သားတော် ဝိဋူဍဘကလည်း ခမည်းတော် အပေါ်၌ ကြည်ကြည်သာသာ မရှိလှဘဲ ဖြစ်နေရာ ဘုရင်ကြီးမှာ အားကိုးရာမဲ့၍နေလေသည်။

တစ်နေ့သ၌ ဘုရင်ကြီးသည် ဇေပဒုပရမ အမည်ရှိသော ရွာနိဂုံး၌ သီတင်းသုံးနေသော ဗုဒ္ဓရှင်တော်မြတ်ထံသို့ သွားရောက် ဖူးမြင်လေသည်။ ယင်းသို့ ဖူးမြင်

၁။ ဓမ္မပဒအဋ္ဌကထာ၊ ၁၁-ဇရာဝဂ်၊ ၆-မလ္လိကာဒေဝီ ဝတ္ထု၊



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ကျောင်းပြင်၌ စောင့်နေသော စစ်သူကြီး ဒီဃကာရာယနက စစ်သည်ရဲမက်အားလုံးကို ခေါ်သွားပြီး ဝိဋူဍဘမင်းသားကို မင်းအဖြစ် တင်မြှောက်လိုက်လေသည်။

ကျောင်းတော်မှ ထွက်လာသော ဘုရင်ကြီးသည် ထိုအကြောင်းကို သိလျှင် တူတော် အဇာတသတ်မင်းထံမှ အကူအညီတောင်းရန်အတွက် မြင်းတစ်စီး မောင်းမတစ်ယောက်နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ထွက်လာသည်။ ရာဇဂြိုဟ်ပြည်သို့ ရောက်ချိန်တွင် နေဝင်၍ မြို့တံခါးပိတ်ထားပြီ ဖြစ်သောကြောင့် မြို့ပြင်ရှိ ဇရပ်တစ်ဆောင်၌ အိပ်နေရသည်။ ယင်းသို့ အိပ်နေစဉ်တွင်ပင် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ဒဏ်ချက်ကြောင့် ကောသလမင်းကြီး နတ်ရွာစံသွားရရှာလေသည်။

(၁၅။ သုခဝဂ်၊ ၃-ကောသလရညော ပရာဇယ ဝတ္ထုနှင့် အခြားသက်ဆိုင်ရာ ဝတ္ထုများကို ပေါင်းစပ် ရေးသားပါသည်)

www.burmeseclassic.com

www.burmeseclassic.com



# သားနှင့်တူ ပြဿနာ

## သားကြီး ကာလ

သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ် သူဌေးကြီးနှင့် သူဌေးကတော် ပုညလက္ခဏာတို့မှာ သားကြီး ကာလ၊ သမီးကြီး မဟာသုဘဒ္ဒါ၊ သမီးလတ် စူဠသုဘဒ္ဒါနှင့် သမီးထွေး သုမနာ ဟူ၍ သားသမီးလေးယောက် ထွန်းကားခဲ့သည်။ ထိုလေးယောက် တို့တွင် သမီး သုံးယောက်တို့သည် ဖခင်၏ ခြေရာကိုနင်းလျက် ဗုဒ္ဓမြတ်စွာ၌ သက်ဝင်ယုံကြည်ခဲ့ကြသောကြောင့် အရိယာနွယ်ဝင် သူတော်စင်များအဖြစ်သို့ စောစီးစွာ ရောက်ခဲ့ကြသည်။ သားကြီး ကာလမှာမူ ဖခင်နှင့် စရိုက်ဝါသနာမတူ၊ အမူအကျင့် ကွဲပြားပြီး ဘုရား တရားကို စိတ်မဝင်စားဘဲ အပျော်အပါးဖြင့်သာ အချိန်ကုန်နေခဲ့သည်။

သူဌေးကြီးအိမ်၌ ရဟန်းငါးရာအား နေ့စဉ် ဆွမ်းဆက်ကပ်သည့်ပြင် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန် စသော မထေရ်ကြီးများနှင့်တကွ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်လည်း မကြာခဏ ကြွလာတော်မူလေသည်။ ရဟန်းများအား နေ့စဉ် ဆွမ်းလုပ်ကျွေးရာတွင် သူဌေးကတော်ကြီးနှင့် သမီးများက စီမံချက်ပြုတ်၍ ဝေယျာဝစ္စအမှုကို ဆောင်ရွက်ကြသည်။ ဆွမ်းလုပ်ကျွေးပြီးနောက် တစ်အိမ်သားလုံး ပါဝင်၍ တရားနာခြင်း၊ သီလဆောက်တည်ခြင်း ပြုလုပ်လေ့ရှိကြသည်။ သို့သော် ယင်းသို့ ပြုလုပ်ရာတွင် သားကြီး ကာလကား ဘယ်အခါမျှ ပါဝင်ခြင်းမရှိခဲ့။ အပေါင်းအဖော် များနှင့် လှည့်လည်သောက်စား ပျော်ပါး၍သာ နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဒကာကြီး၏သား ဖြစ်ပါလျက် ဘုရားတရားကို မျက်ကွယ်ပြုကာ သောက်စား ပျော်ပါးနေသော သူဌေးသား ကာလကို အနာထပိဏ် သူဌေးကြီးနှင့် သူဌေးကတော်တို့က လက်ပိုက်ကြည့်နေကြသည် မဟုတ်။ အခါအခွင့်သင့်တိုင်း ပြောဆို ဆုံးမကြပေသည်။ ချိုချိုသာသာနှင့် ပြောမရသဖြင့် တစ်ခါတရံ ခြိမ်းခြောက် မောင်းမဲမှုများကိုပင် ပြုခဲ့ကြပေသည်။ သို့သော် ကာလကား မိဘစကားကို အနည်းငယ်မျှ နားမဝင်၊ သူထင်သလိုသာ နေခဲ့လေသည်။

သူဌေးကြီးသည် အနုနည်း အကြမ်းနည်းများဖြင့် မည်သို့မျှ ပြောဆို၍မရ ဖြစ်နေသော သူ့သားကြီးအတွက် များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ ကောသလ မင်းကြီးနှင့်တကွ မြို့မျက်နှာဖုံးဖြစ်သော မူးမတ် သူဌေး သူကြွယ်တို့ အလယ်တွင် မျက်နှာပျက်ခဲ့ရသည်။ ထို့ကြောင့် မိမိ၏ ဂုဏ်သိက္ခာကို ဖျက်ဆီးနေသော သားအား ဆုံးမချေချွတ်နိုင်မည့် နည်းလမ်းများကို လက်မလျှော့တမ်း ရှာဖွေကြံဆနေရာ တစ်နေ့ တွင် အကြံတစ်ခုကို စဉ်းစားမိလေသည်။ ထိုအကြံကား အခြားမဟုတ်၊ ကာလအား ငွေအသပြာဖြင့် ဖြားယောင်း သွေးဆောင်၍ ဘုရားတရားနှင့် နီးစပ်အောင် လုပ်ရန် ပင် ဖြစ်ပေသည်။ မှန်၏။ ကာလသည် သူဌေးသားပင် ဖြစ်သော်လည်း အပျော် အပါးကို လိုက်စား၍ အသုံးအဖြုန်း ကြီးလှသောကြောင့် ငွေကို အမြဲလိုနေသူဖြစ် ၏။ မိဘများက တစ်ရာပေးလည်း မလောက်၊ တစ်ထောင်ပေးလည်း မလောက် သဖြင့် မကြာမကြာ လက်ဖြန့်၍ တောင်းခံလေ့ရှိပေသည်။

သား၏အကြိုက်ကို စဉ်းစားမိသော သူဌေးကြီးသည် တစ်ခုသော လပြည့်နေ့ နံနက်တွင် ကာလကို ခေါ်၍ "ချစ်သားကာလ ... ယနေ့ လပြည့်နေ့ဖြစ်သည်။ ဇေတဝန်ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့်ရင်း တရားနာချေပါ။ ကျောင်းတော်က ပြန်လာရင် သားကြီးသုံးချင်ရာ သုံးရအောင် ဖခင် ငွေတစ်ရာ ပေးပါမည်" ဟု ပြောဆိုလေသည်။ ကာလသည် ဥပုသ် ဟူသော စကားကြောင့် အနည်းငယ် မျက်နှာပျက်သွားသော်လည်း 'ငွေတစ်ရာပေးမည်' ဟု ကြားလိုက်ရသည့်အခါတွင်မှ စိတ်ပါဝင်စား၍ လာသည်။ ထို့ကြောင့် 'ကောင်းပါပြီဖခင်' ဟု ဝန်ခံကာ သူ့မိတ်ဆွေ အချို့နှင့်အတူ ကျောင်းတော်သို့ ထွက်သွားလေသည်။

နောက်တစ်နေ့ နံနက်တွင် ကျောင်းတော်မှ စောစောစီးစီး ပြန်ပြန်လာသော ကာလအား မိဘများက စားဖွယ် သောက်ဖွယ်များကို အသင့်ပြင်ဆင်၍ ကျွေးမွေး ကြသည်။ သို့သော် ကာလက စားသောက်ဖွယ်များကို မစားမီ ငွေတစ်ရာကို အရင်ပေးရမည်ဟု တောင်းဆိုပြီး ထိုငွေတစ်ရာရရှိမှသာ စားသောက်ခြင်း ပြု လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ကာလသည် ယမန်နေ့က ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့်ခဲ့သော်လည်း ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ တရားနာယူခြင်း မပြုခဲ့ချေ။ ချောင်ကျကျနေရာ၌ တစ်နေကုန် အိပ်စက်၍ အချိန်ဖြုန်းခဲ့ခြင်း ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ အနာထပိဏ် သူဌေးကြီးမှာ ကျောင်းတော်သို့ သွားဖော်ရသည်ဟု ဆိုရုံဖြင့်ပင် သားကြီးအပေါ်တွင် အတော်ကျေနပ်သွားခဲ့သည်။ ထို့ထက် တိုးတက်လာရန် ဆက်လက်၍ ကြံပြန်လေသည်။

နောက်တစ်ပတ် ဥပုသ်နေ့တွင် သူဌေးကြီးသည် ကာလကို ခေါ်ပြီး ယခင်နေ့က နည်းတူ ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့် တရားနာရန် တိုက်တွန်းပြန်သည်။ "သားကြီးကာလ ဒီတစ်ပတ်တော့ ဖခင်က ငွေတစ်ရာမက တစ်ထောင်အထိ ပေးပါမည်။ သားကြီးကလဲ ဗုဒ္ဓရှင်တော်မြတ်ထံက တရားဂါထာတစ်ပုဒ်ကို ရအောင်မှတ်သား နာယူခဲ့ပြီး ဖခင်အား ပြန်ဟောပြပါ"

ငွေတစ်ထောင်ကို လွယ်လွယ်နှင့် ရမည်ဖြစ်၍ ကာလသည် မဆိုင်းမတွပင် ကျောင်းတော်သို့ ထွက်ခဲ့ပြန်သည်။ မိမိတို့ နေအိမ်သို့ မကြာခဏ ကြွလာသော ဗုဒ္ဓထံသို့ တစ်ခါတစ်ရံမျှ ချဉ်းကပ်ခြင်း မပြုခဲ့သော်လည်း ယနေ့မှာ ရှောင်ရှားနေ၍ မဖြစ်တော့။ ဗုဒ္ဓထံမှ တရားဂါထာတစ်ပုဒ်ကို နာယူမှတ်သားနိုင်မှသာ ဖခင်ထံမှ ငွေတစ်ထောင် ရနိုင်မည် မဟုတ်ပါလော။

ကာလသည် ဇေတဝန်ကျောင်းတော်သို့ ရောက်လျှင် ဗုဒ္ဓထံပါးတွင် တရားနာယူနေသော ပရိသတ်စွန်၌ အမှတ်မထင် ဝင်၍ထိုင်ကာ တရားနာလေသည်။ ဗုဒ္ဓရှင်တော်မြတ်ကလည်း ဒါန၊ သီလ၊ ဘာဝနာ စသည်တို့နှင့် စပ်ဆိုင်သော တရားဒေသနာကို အစဉ်အတိုင်း ဟောကြားတော်မူသည်။ ကာလသည် ဗုဒ္ဓ၏ တရားဒေသနာကို အဆုံးတိုင် နာကြားရန် ရည်ရွယ်ချက်မရှိ။ တစ်ပုဒ်တစ်ဂါထာမျှ မှတ်သားမိလျှင်ပင် ထ၍ပြန်သွားပြီး ဖခင်ထံမှ ငွေတစ်ထောင် တောင်းယူရန် ကြံရွယ်ထားသည်။ သို့သော် လက်တွေ့တွင်မူ ထိုတစ်ပုဒ် တစ်ဂါထာမျှကို မှတ်သားမိရန်မှာ ထင်သလောက် မလွယ်ဘဲ ဖြစ်နေသည်။ ဗုဒ္ဓက ပထမ တရားတစ်ပုဒ်ပြီး၍ နောက်တရားတစ်ပုဒ်သို့ ကူးပြောင်းဟောကြားသည်နှင့် တစ်ပြိုင်နက် ကာလ၏ စိတ်တွင် ထိုပထမ တရားပုဒ်မှာ ပျောက်ပျက်သွားလေသည်။

ဤသို့ဖြင့် ကာလသည် မိမိကြံရွယ်ထားသလို ရုတ်တရက် ထ,မပြန်နိုင်တော့ဘဲ တရားဒေသနာကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်၍ နာနေရလေသည်။ ယင်းသို့



www.burmeseclassic.com

www.burmeseclassic.com



နာရင်းဖြင့်ပင် သူ၏ စိတ်အစဉ်သည် တရားသဘောသို့ သက်ဝင် နှစ်မြုပ်လျက် ထူးခြားသော 'သောတာပတ္တိမဂ်ဉာဏ်' အလင်းရောင် ပေါ်ပေါက်လာလေသည်။ ထိုအခါ အိမ်ပြန်၍ ငွေတစ်ထောင်ရယူလိုသော ဆန္ဒ ပျောက်သွားပြီး ကျောင်းတော်၌ပင် ညအိပ်နေလေသည်။

နောက်တစ်နေ့ နံနက်တွင် ဗုဒ္ဓမြတ်စွာသည် ရဟန်း ငါးရာနှင့်အတူ အနာထပိဏ် သူဌေးကြီးအိမ်သို့ ဆွမ်းခံကြွတော်မူသည်။ ထိုအခါ ကာလသည် ထိုရဟန်းများ နောက်မှ တည်ငြိမ်အေးချမ်းစွာ လိုက်ပါလာသည်။ ဤသို့ ရဟန်းများ နောက်မှ လူနွေ့ရစ္စာ လိုက်ပါလာသော ကာလကို အနာထပိဏ် သူဌေးကြီးမြင်လျှင် များစွာ ဝမ်းမြောက်သွားသည်။ ထူးခြား တိုးတက်ပြောင်းလဲမှု တစ်ရပ်ကို ရရှိခဲ့ပြီ ဟုလည်း အကဲခတ်လိုက်မိသည်။ သို့သော် မည်သို့မျှ မေးမြန်း ပြောဆိုခြင်း မပြုဘဲ ဗုဒ္ဓမြတ်စွာနှင့် ရဟန်းတို့အား ဆွမ်းလုပ်ကျွေးခြင်း အမှုကိုသာ ဂရုတစိုက် ပြုလုပ်နေလေသည်။

ဆွမ်းလုပ်ကျွေးပြီးသောအခါ သူဌေးကြီးနှင့် မိသားစုသည် ဗုဒ္ဓမြတ်စွာ ရှေ့၌ ရိုသေစွာ ထိုင်နေကြသည်။ ထိုအခါ သားကြီး ကာလကလည်း ဝင်၍ ထိုင်နေသည်။ ထိုအချိန်တွင် သူဌေးကြီးက ကာလ၏ရှေ့၌ အသပြာထုပ်ချပေးပြီး "ချစ်သား ကာလ၊ မနေ့က ဥပုသ်စောင့် တရားနာခဲ့တဲ့အတွက် ဖေဖေက ငွေတစ်ထောင် ဆုချပါတယ်" ဟု ပြောလေသည်။ မြတ်စွာဘုရား၏ ရှေ့မှောက်၌ ထိုသို့ ပြုလိုက်သဖြင့် ကာလမှာ အနေရခက်သွားသည်။ ထိုငွေကိုလည်း မလိုချင်တော့ပေ။ ထို့ကြောင့် "ဖေဖေ ... ဒီငွေကို ကျွန်တော် မလိုချင်တော့ပါဘူး" ဟု မပွင့်တပွင့် ပြန်ပြောလေသည်။ ထိုအခါ အနာထပိဏ် သူဌေးကြီးက ဗုဒ္ဓမြတ်စွာပြန်ပြောလေသည်။ ထိုအခါ နာထပိဏ် သူဌေးကြီးက ဗုဒ္ဓမြတ်စွာအား "ဒီနေ့ သားကြီးကာလရဲ့ အမူအရာကို တပည့်တော် နှစ်သက်လှပါသည် ဘုရား" ဟု လျှောက်ကြားသည်။ "ဘာ့ကြောင့် နှစ်သက်ပါသလဲ" ဟု မေးသောအခါ ကာလအား ငွေပေး၍ ဥပုသ်စောင့်ခိုင်းခဲ့ပုံ အကြောင်းစုံကို လျှောက်ကြားသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက "သူကြွယ် ယနေ့ သင့်သားကြီး ကာလသည် အသပြာတစ်ထောင်ကို မဆိုထားနဲ့ စကြဝတေးမင်း စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကိုပင် တောင့်တတော့မည် မဟုတ်" ဟု မိန့်ကြားပြီး သောတာပတ္တိဖိုလ်သည် တစ်မြေပြင်လုံး၌ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်း ကေရာဇ်မင်း ဖြစ်ရခြင်းထက် လည်းကောင်း၊ နတ်ပြည်သို့ ရောက်ရခြင်းထက် လည်းကောင်း၊ တစ်လောကလုံးကို အစိုးရခြင်းထက် လည်းကောင်း သာလွန်မြင့်မြတ်ပေ၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

## မြာပွေသောတူ

အနာထပိဏ် သူဌေးကြီးသည် သားကြီး ကာလအတွက် စိတ်အေးသွားရပြီးနောက် သူ့အား တစ်မျိုးတစ်ဖုံ စိတ်အနှောင့်အယှက်ပေးသူတစ်ယောက်ကို ကြုံတွေ့ရပြန်သည်။ ထိုသူမှာ အခြားမဟုတ်၊ ခေမက အမည်ရှိသော တူတော်မောင်တစ်ယောက်ဖြစ်သည်။ ခေမကသည် ရုပ်ရည်လွန်စွာ ချောမောပြီး အပြောချိုသော လုလင်ပျို တစ်ယောက်ဖြစ်၍ သာဝတ္ထိမြို့တော်၏ 'ပျိုတိုင်းကြိုက်သော နှင်းဆီနိုင်' ဖြစ်သည်။ မြင်မြင်သမျှ မိန်းမတို့၏ စွဲလမ်းတပ်မက်မှုကို ခံရသည်။ တစ်နည်းဆိုသော် ခေမကသည် မိန်းမနှင့်ပတ်သက်၍ အကျိုးပေး ကောင်းသူ တစ်ယောက်ဖြစ်ပေသည်။

ဤသို့ အကျိုးပေး ကောင်းသည်နှင့်အမျှ ခေမက လုလင်သည် မိန်းမများနှင့် ပတ်သက်၍ ရှုပ်ထွေးပွေလီမှု အမျိုးမျိုးကို ပြုလုပ်ခဲ့သည်။ သူတစ်ပါး သမီးပျိုများကိုသာမက လင်ရှိမယားကိုပင် ပြစ်မှားကျူးလွန်ခဲ့သည်။ ခံရသူ ကာယကံရှင်များမှာ အချို့က ရှက်၍ လည်းကောင်း၊ အချို့က သူဌေးကြီး မျက်နှာကို ထောက်ထား၍ လည်းကောင်း ကျိတ်မှိတ်နေကြရသည်။ ကာယကံရှင်တို့က မခံနိုင်၍ သက်ဆိုင်ရာသို့ တိုင်ကြားမှုကြောင့် မင်းအိမ် စိုးပေါက် ရောက်သည့် အမှုများလည်း မကြာခဏ ရှိခဲ့သည်။

တစ်နေ့သ၌ ခေမကလုလင်သည် ညအချိန်တွင် သူကြွယ် တစ်ယောက်၏ ခြံဝင်းထဲသို့ ကျူးကျော်ဝင်ရောက်ရာ အိမ်ရှင်များနိုး၍ လက်ရဖမ်းဆီးခြင်း ခံရသည်။ အမှန်စင်စစ်က ခေမကသည် အိမ်ရှင်သူကြွယ်ကတော်နှင့် အဆက်အသွယ်ပြုကာ တိတ်တခိတ် တွေ့ဆုံရန် လာခဲ့ခြင်းဖြစ်သည်။ လက်ရဖမ်းဆီးရမိသော သူဌေးသားကို မင်းချင်းယောကျ်ားတို့က ကောသလမင်းကြီးထံ ပို့ကြသည်။ မင်းကြီးက အနာထပိဏ်သူဌေး၏ မျက်နှာကို ထောက်လျက် အပြစ်မယူဘဲ လွှတ်ပေးလိုက်သည်။

ခေမက၏ သတင်းဆိုးမှာ တစ်မြို့လုံး ပျံ့နှံ့သွားရာ အနာထပိဏ်သူဌေးကြီးအပါအဝင် တစ်ဆွေ တစ်မျိုးလုံး နာမည်ပျက်ကြရတော့သည်။ အထူးအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးမှာ ကောသလမင်းကြီးအား မျက်နှာ မပြရဲအောင် ရှိလေသည်။ 'ဤလုလင်ကို အချိန်မီ ဆုံးမတားဆီးခြင်း မပြုနိုင်ပါက နောက်တစ်ခါ ပို၍ဆိုးသော အဖြစ်နှင့် ကြုံရချေတော့မည်' ဟူ၍လည်း စဉ်းစားမိသည်။ ထို့ကြောင့် သူဌေးကြီးသည် ခေမကကိုခေါ်၍ ဇေတဝန်ကျောင်းတော်သို့ သွားလေသည်။

ကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာအား အကြောင်းစုံကို ဖွင့်ဟလျှောက်ကြားသည်။ ခေမကအား သင့်လျော်သော တရားဒေသနာကို ဟောကြားရန်လည်း တောင်းပန်သည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက ခေမကအား သူတစ်ပါး သားမယားကို ပြစ်မှားခြင်း၏ အပြစ်ကို ညွှန်ပြလျက် အောက်ပါဒေသနာကို ဟောကြားတော်မူသည်။

"သူတစ်ပါး သားမယားကို မှီဝဲသူသည် မကောင်းမှုကိုရခြင်း၊ ချမ်းသာစွာ မအိပ်ရခြင်း၊ အကဲ့ရဲ့ ခံရခြင်း၊ ငရဲသို့ ကျခြင်း ဟူသော ဆင်းရဲခြင်း၏ အကြောင်း လေးပါးသို့ ရောက်ရ၏။ တို့ပြင် မိန်းမနှင့် ယောက်ျား နှစ်ဦးလုံး ကြောက်ကြောက်လန့်လန့်ဖြင့် ပျော်ပါးလျှင် အနည်းငယ်သော မွေ့လျော်မှုကိုသာ ရနိုင်၏။ ကြီးလေးသော မင်းပြစ်မင်းဒဏ်သို့လည်း ရောက်နိုင်၏။ ထို့ကြောင့် ယောက်ျားများသည် သူတစ်ပါး သားမယားကို မှီဝဲခြင်း မပြုသင့်ကြပေ"

ထိုဒေသနာ အဆုံး၌ သူဌေးသားခေမက သောတာပန် ဖြစ်သွားသည်။ သို့အားဖြင့် အနာထပိဏ်သူဌေးကြီးနှင့်တကွ လူအများလည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်သွားကြသည်။ ခေမကသည် ကဿပဘုရားရှင်လက်ထက်၌ လက်ဖွဲ့သမားတစ်ယောက် ဖြစ်ခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ ဘုရားရှင်၏ ဓာတ်တော်များဖြင့် ရွှေစေတီကြီး တည်သောအခါ ထိုလက်ဖွဲ့သမားသည် ရွှေစေတီကြီး၌ ရွှေကုက္ကားနှစ်ခု တင်လှူပူဇော်ပြီး "ဆွေမျိုးတော်သာ မိန်းမတို့မှ တစ်ပါး အခြားသော မိန်းမတို့သည် ငါ့ကိုမြင်လျှင် နှစ်သက်စုံမက်ကြပါစေ" ဟု ဆုတောင်းခဲ့သည်။ ထိုသို့ ဆုတောင်းခဲ့သည့်အတိုင်း သူသည် ဖြစ်လေရာ ဘဝတိုင်း၌ မိန်းမတို့၏ နှစ်သက်စုံမက်ခြင်းကို ခံရလေသည်။

(၁၃။ လောကဝဂ်၊ ၁၁-ကာလဝတ္ထုနှင့်
၂၂-နိရယဝဂ်၊ ၄-ခေမကသေဋ္ဌိပုတ္တ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# အခိုင်ဆုံး နှောင်ကြိုး

## (၁)

အခါတစ်ပါး၌ တစ်ခုသော ဇနပုဒ် တောကျောင်းမှ သုံးကျိပ်သော ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရန် သာဝတ္ထိပြည်သို့ ရောက်လာကြသည်။ ထိုရဟန်းတို့သည် နံနက်အချိန်တွင် မြို့တွင်းသို့ ဆွမ်းခံဝင်ကြရာ အချုပ်ထောင်အနီးသို့ ရောက်ရှိ၍ ထောင်တွင်း၌ ဖမ်းဆီးချုပ်နှောင်ထားသည့် များစွာသော အကျဉ်းသားတို့ကို တွေ့မြင်ကြလေသည်။ အကျဉ်းသားများအနက် အချို့ကို ထိပ်တုံးဖြင့်လည်းကောင်း၊ အချို့ကို ကြိုးဖြင့်လည်းကောင်း၊ အချို့ကို သံခြေချင်းဖြင့်လည်းကောင်း ဖွဲ့နှောင်ထားလေသည်။

ထိုအချိန်က သာဝတ္ထိပြည် တစ်ဝိုက်၌ ခိုးသား ဓားမြများ အလွန်သောင်းကျန်းခဲ့သည်။ လူပြတ်သော တောလမ်းမှ စောင့်၍ ခရီးသွားများကို လုယက်မှုများ မကြာခဏ ဖြစ်ပေါ်ခဲ့သည်။ ညအချိန်တွင် မြို့တွင်းသို့ ဝင်၍ နေအိမ်ကို ဖောက်ထွင်းခိုးယူမှုများလည်း နေ့စဉ်လို ကြားနေခဲ့ရသည်။ ဤသို့သော သောင်းကျန်းမှုများကြောင့် ပြည်သူတို့က စုဝေး၍ ကောသလမင်းကြီးကို တိုင်တန်းကြသည်။

ထိုအခါ မင်းကြီးသည် ကြောင့်ကြမဲ့ မနေသာတော့ဘဲ လုယက်သောင်းကျန်းမှုများကို အမြန်ဆုံး နှိမ်နင်းရန် အမိန့်တစ်ရပ် ထုတ်ပြန်ရလေသည်။ ယင်းအမိန့်အရ မင်းကြီး၏ ရဲမက် စစ်သည်တို့သည် လူဆိုးများကို ဝိုက်စိပ်တိုက်၍ ရှာဖွေဖမ်းဆီး

www.burmeseclassic.com



ကြရာ လူဆိုး အမြောက်အမြားကို ဖမ်းဆီးရမိလေသည်။ ထို့ကြောင့် အကျဉ်းထောင်၌ အကျဉ်းသားများ ပြည့်ကျပ်၍နေခြင်း ဖြစ်ပေသည်။

ထိုအကျဉ်းသားများကို မြင်တွေ့ခဲ့ရသော ရဟန်းသုံးကျိပ်တို့သည် ညချမ်းအချိန်တွင် ဗုဒ္ဓမြတ်စွာထံ ရောက်သွားကြပြီး ဗုဒ္ဓမြတ်စွာအား ထိုအကြောင်းကို လျှောက်ကြားကြသည်။

"အရှင်ဘုရား ... တပည့်တော်တို့ ယနေ့နံနက် မြို့ထဲသို့ ဆွမ်းခံသွားတဲ့အခါ အချုပ်ထောင်ထဲမှာ ချုပ်နှောင်ထားတဲ့ အကျဉ်းသားများကို မြင်တွေ့ခဲ့ကြပါတယ်၊ ဒီအကျဉ်းသားများဟာ ထိပ်တုံးများ၊ သံခြေချင်းများနဲ့ ခတ်ထားတဲ့အတွက် အလွန်ပင် သနားဖွယ် ကောင်းလှပါတယ် ဘုရား"

"ရဟန်းတို့ ... ဤ ထိပ်တုံး သံခြေချင်း စသည်တို့ထက် ပို၍ခိုင်မြဲသော နှောင်ကြိုးကို သင်တို့ သိကုန်၏လော"

"မသိကြပါ ဘုရား"

"ရဟန်းတို့ ... ထိပ်တုံး၊ သံခြေချင်း စသည်တို့ထက် ပို၍ ခိုင်မြဲသော နှောင်ကြိုးကား အခြားမဟုတ်၊ ဥစ္စာ စပါး သားမယား စသည်တို့၌ တွယ်တာခြင်း တဏှာပင် ဖြစ်ပေသည်။ ရဟန်းတို့ ... ရှေးရှေးနှောင်ကြိုးတို့ထက် အဆပေါင်းထောင်သောင်းမက ပို၍ ခိုင်မြဲသော ဤတဏှာနှောင်ကြိုးကိုပင် ရှေးပညာရှိတို့သည် ဖြတ်တောက်နိုင်ခဲ့ကြပေသည်"

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား ဤသို့ မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

(၂)

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် တစ်ယောက်သော သူဆင်းရဲအိမ်၌ ဖြစ်လေသည်။ ဘုရားလောင်း အရွယ်ရောက်သောအခါ သူ့ဖခင် ကွယ်လွန်သွားသည်။ ဘုရားလောင်းသည် သူတစ်ပါးအိမ်၌ အခစား အလုပ်လုပ်၍ မိခင်ကို ကျွေးမွေးနေရသည်။

မိခင်က တစ်ဦးတည်းသောသားကို အိမ်ထောင်ပြုရန် တိုက်တွန်းသည်။ အကြိမ်ကြိမ် တိုက်တွန်းသော်လည်း သားဖြစ်သူက လက်မခံချေ။ မိခင် အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



သရွေ့ သူတစ်ယောက်တည်းပင် လုပ်ကျွေး ပြုစု၍ နေပါမည်ဟု ပြောဆိုပြီး မိခင် တိုက်တွန်းချက်ကို ငြင်းပယ်၍ နေလေသည်။ ထိုအခါ မိခင်သည် သင့်တော်သော အမျိုးသမီး တစ်ယောက်ကို အိမ်ပေါ်သို့ ခေါ်တင်ပြီး သားဖြစ်သူနှင့် ပေးစားလိုက်လေသည်။ သားအား နေရာချပေးထားပြီးနောက် မကြာမီပင် မိခင်ကြီး ဘဝ တစ်ပါးသို့ ပြောင်းသွားလေသည်။

ဘုရားလောင်းသည် မိခင်ကြီးမရှိလျှင် တောထွက်၍ ရဟန်းပြုရန် ကြံရွယ်ချက်ရှိခဲ့သည်။ သို့ရာတွင် ယခု အိမ်ထောင်ဖက် အနှောင်အဖွဲ့ရှိနေသောကြောင့် ယင်းကြံရွယ်ချက်ကို အကောင်အထည်ဖော်ရန် မလွယ်ကူဘဲ ဖြစ်နေသည်။ ထို့ကြောင့် သူ့ဆန္ဒကို ရက်လ အတန်ကြာအောင် အောင့်အည်းမျိုသိပ်၍ နေရလေသည်။ အမှန်စင်စစ် သူသည် လူ့ဘဝတွင် တစ်နေ့တစ်ရက်မျှ ပျော်ပိုက်ခြင်း မရှိချေ။

မိခင်ကြီး ကွယ်လွန်၍ ခြောက်လခန့်ကြာသောအခါတွင်မူ ဘုရားလောင်းသည် သူ့ဆန္ဒကို ဆက်လက်မျိုသိပ်၍ မထားနိုင်တော့ချေ။ ထို့ကြောင့် ဇနီးဖြစ်သူအား ဖွင့်ဟပြောဆိုပြီး ရဟန်းပြုခွင့်ပေးရန် တောင်းဆိုလေသည်။ ထိုအခါ ဇနီးဖြစ်သူက "မောင်ရယ် ... ကျွန်မမှာ ကိုယ်ဝန်ရှိနေပါပြီ၊ မွေးဖွားပြီးမှ သွားပါ" ဟု မျက်ရည်စက်လက်နှင့် တောင်းပန်သည်။ ဘုရားလောင်းသည် မငြင်းသာသဖြင့် ဆက်လက်စောင့်ဆိုင်းနေရသည်။

ဇနီးဖြစ်သူသည် နေ့ လစေ့လျှင် သားယောကျ်ားကလေးကို ချောမောစွာ မွေးဖွားသည်။ ဘုရားလောင်းကား သား တည်းဟူသော နှောင်ကြိုးတစ်မျှင် တိုးလာသော်လည်း ရဟန်းပြုရန် အကြံကို မလျှော့ချေ။ တောထွက်လိုကြောင်း ဇနီးအား ဒုတိယအကြိမ် ပြောကြားပြန်သည်။

"မောင်ရယ်၊ ရှင့်သားလေး လူလားမြောက်အောင် စောင့်ပါဦး"

ဤသို့ ဇနီးဖြစ်သူက သားနှင့်မျှား၍ တားပြန်သောအခါ ဘုရားလောင်းခမျာ မလှုပ်သာပြန်တော့။ သို့နှင့်ပင် ဇနီးဖြစ်သူမှာ ဒုတိယကိုယ်ဝန် ရရှိလာပြန်သည်။

ထိုအခါ ဘုရားလောင်းသည် ဇနီးသည်အား အသိမပေးတော့ဘဲ တိတ်တဆိတ် တောထွက်သွားလေသည်။ တောထဲသို့ရောက်လျှင် ရသေ့ရဟန်းအသွင်ကို ယူ၍ သမထ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ရာ မကြာမီ ဈာန်အဘိညာဉ်တို့ကို ရရှိလေသည်။ ထိုအခါ သူသည် 'ဖြတ်ရန် မလွယ်သော သားမယား အနှောင်အဖွဲ့ကို ငါဖြတ်နိုင်ပေပြီ' ဟု တွေးလျက် ဝမ်းမြောက်စွာ ဥဒါန်းကျူးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)


ဗုဒ္ဓမြတ်စွာသည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီး ဓနပုဒ်မှ လာသော ရဟန်း သုံးကျိပ်တို့အား ဘုရားလောင်းရသေ့ ကျူးရင့်ခဲ့သော ဥဒါန်းဂါထာနှစ်ပုဒ်ကို ပြန်လည် ဟောကြားတော်မူလေသည်။

"သံဖြင့် ပြုလုပ်အပ်သော အနှောင်အဖွဲ့၊ သစ်သားဖြင့် ပြုလုပ်အပ်သော အနှောင်အဖွဲ့၊ မြက်လျှော်ဖြင့် ပြုလုပ်အပ်သော အနှောင်အဖွဲ့တို့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကြကုန်။ ပတ္တမြားနားတောင်း စသော ပစ္စည်းဥစ္စာ သားမယားတို့အပေါ် တွယ်တာငဲ့ကွက်နေမှု 'တဏှာ' ကိုသာ ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကြကုန်၏။ ပညာရှိတို့သည် လျော့ရဲရဲဟု ထင်ရသော်လည်း ဖြေချွတ်ရန် ခက်ခဲလှသော ထိုတဏှာအနှောင်အဖွဲ့ကို ဖြတ်တောက်ပြီး ကာမဂုဏ်ချမ်းသာကို မငဲ့မကွက် စွန့်လျက် တောက်ထွက်သွားကြလေသည်။

(၂၄။ တဏှာဝဂ်၊ ၄-ဗန္ဓနာဂါရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# သာကီဝင်မင်းသား ရဟန်းတစ်ပါး

(၁)

ဗုဒ္ဓမြတ်စွာ အမျိုးအနွယ်ဖြစ်သော သာကီဝင် မင်းမျိုးမှ ရဟန်းပြုခဲ့ကြသော ပုဂ္ဂိုလ်ပေါင်း ရှစ်သောင်းကျော် ရှိသည့်အနက် ရှင်ဥပနန္ဒသည် တစ်ပါး အပါအဝင် ဖြစ်သည်။ ရှင်ဥပနန္ဒသည် ရုပ်ရည်ရူပကာ တင့်တယ် ခန့်ညား သည်သာမက အသံသြဇာနှင့်လည်း ပြည့်စုံသည်။ တရားဟောကောင်းသော ဓမ္မကထိက တစ်ပါး လည်း ဖြစ်ပေသည်။ ထို့ကြောင့် ရှင်ဥပနန္ဒသည် ကြည်ညိုသူ အလှူနံပေါ်များခဲ့ရာ ထိုအထဲတွင် မာတုဂါမများက ပို၍ များလေသည်။

တစ်နေ့သ၌ ရှင်ဥပနန္ဒ၏ တရားကို ကြားနာရသော သူဌေးသားတစ်ယောက် သည် အလွန်ကြည်ညိုလှသဖြင့် ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားလေသည်။

"အရှင်ဘုရား အလိုရှိတဲ့ပစ္စည်းကို အချိန်မရွေးအမိန့်ရှိပါ၊ တပည့်တော် လှူပါမည်"

ထိုအခါ ရှင်ဥပနန္ဒက အကြွေးမထားဘဲ ချက်ချင်း အလှူခံလေသည်။

"ဒါယကာ ... သို့ဖြစ်လျှင် သင့်ကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်နှစ်ထည် ထဲက တစ်ထည်ကို ငါ့အား လှူခဲ့ပါ"

"အရှင်ဘုရား ... တပည့်တော် အိမ်ပြန်ပါရစေဦး၊ အိမ်ပြန်ရောက်တဲ့အခါ သည့်ထက်ကောင်းတဲ့ အထည်ကို တပည့်တော် ပို့လိုက်ပါမည်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာ ... သည့်ထက်ကောင်းတဲ့ အထည်ကို ငါ မလိုချင်၊ သည့် အထည်ကိုသာ ငါ လိုချင်တယ်"

"တပည့်တော်လို သူဌေးသား တစ်ယောက်ဟာ အဝတ်တစ်ထည်တည်းနဲ့ သွားရန် မသင့်တော်ပါ၊ လူအများ ကဲ့ရဲ့ကြပါလိမ့်မည်၊ အရှင်ဘုရား လိုချင်တဲ့ အဝတ်ကို အိမ်ရောက်မှ တပည့်တော် ပို့လိုက်ပါမည်"

ဤသို့ သူဌေးသားက တောင်းပန်သော်လည်း ရှင်ဥပနန္ဒက အလျှော့မပေး။ "မလှူချင်လျှင် ဘာကြောင့် ဖိတ်သလဲ" ဟု ဆိုပြီး ဖွတ်အလှူခံ၍ နေလေသည်။ ထိုအခါ သူဌေးသားမှာ မတတ်သာတော့သဖြင့် သူ့ကိုယ်မှ အပေါ်ဝတ်ရုံ ချွတ်၍ လှူခဲ့ရလေသည်။

အဝတ်တစ်ထည်တည်းဖြင့် ပြန်လာသော သူဌေးသားကို တွေ့မြင်သော လူများက "အရှင်သူဌေးအား ... ဘယ်လို ဖြစ်လာသလဲ" ဟု မေးမြန်းကြ၏။ သူဌေးသားက အကျိုးအကြောင်းကို ပြောပြသောအခါ ထိုလူတို့က ရဟန်းများကို ကဲ့ရဲ့ကြလေသည်။

"ရဟန်းတွေဟာ တယ် ကြောက်စရာကောင်းပါလား၊ ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်ကိုတောင် ချွတ်ပြီး အလှူခိုင်းသတဲ့"

ဤသို့ လူတို့က ကဲ့ရဲ့ကြပုံကို ရဟန်းများက ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ရှင်ဥပနန္ဒကို ခေါ်၍ ကဲ့ရဲ့ ရှုတ်ချတော်မူသည်။ "ရဟန်းများသည် ဆွေမျိုးမတော်သော ဒကာ ဒကာမတို့ထံမှ အဝတ်သင်္ကန်း တောင်းရမ်းခြင်းမပြုရ" ဟူ၍လည်း စိနည်း ဥပဒေတစ်ရပ်ကို ပညတ်တော်မူလေသည်။[၁]

(၂)

ရာဇဂြိုဟ်မြို့မှ ဒကာတစ်ဦးသည် ရှင်ဥပနန္ဒကို အလွန်ကြည်ညိုသည်။ သူ့အိမ်သို့ အမြဲ ဆွမ်းစားကြွရန် ပင့်ဖိတ်ထားသည်။ ဟင်းလျာကောင်းချက်သည့် အခါတိုင်းလည်း ရှင်ဥပနန္ဒာအတွက် ချန်ထားလေ့ရှိသည်။

---

၁။ ပါရာဇိကပါဠိ၊ နိဿဂ္ဂိယ အညာတကဝိညတ္တိ သိက္ခာပဒ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ထိုဒကာအိမ်တွင် အမဲသားဟင်းချက်ရာ ရှင်ဥပနန္ဒအတွက် ဟင်းတစ်ခွက် ခပ်၍ ချန်ထားလေသည်။ ထိုဒကာ၏ သားငယ်သည် နံနက်စောစော အိပ်ရာမှ ထလျှင် အမဲသားဟင်း စားချင်သောကြောင့် တငိုငို ဖြစ်၍နေသည်။ အမျိုးမျိုး ချော့သော်လည်း မရသည့်အဆုံးတွင် ချန်ထားသည့် အမဲသားဟင်းကို ကလေးအား ကျွေးလိုက်ရလေသည်။

ရှင်ဥပနန္ဒ ဆွမ်းခံကြွလာသောအခါ ထိုဒကာက အကြောင်းစုံကို ဖွင့်ဟ လျှောက်ထားပြီး "ယခု အရှင်ဘုရား နှစ်သက်တဲ့ ဟင်းလျာကို မိန့်ကြားတော်မူပါ၊ တပည့်တော် ဝယ်ယူ ဆက်ကပ်ပါမည်" ဟု လျှောက်လေသည်။

ထိုအခါ ရှင်ဥပနန္ဒက "ဒါယကာ သို့ဖြစ်လျှင် တစ်စုံတစ်ရာ ဝယ်မနေပါနဲ့၊ ဟင်းလျာဝယ်မည့် ငွေကိုသာ ငါ့အား လှူလိုက်ပါ" ဟု မိန့်ကြားပြီး ငွေကို အလှူခံသွားလေသည်။

ဤသို့ ငွေကို အလှူခံသွားသောအခါ ထိုဒကာသည် ရှင်ဥပနန်(နန္ဒ)အပေါ် အကြည်ညို ပျက်သွားလေသည်။ "အရှင်ဥပနန်သည် ရဟန်းဖြစ်လျက် အဘယ့် ကြောင့် ငွေကို ကိုင်တွယ်ဘိသနည်း" ဟု ရှုတ်ချလေသည်။ ဤအကြောင်းကို ဗုဒ္ဓ ကြားသိတော်မူလျှင် "ရဟန်းများသည် ရွှေငွေကို ကိုင်တွယ်ခြင်း၊ ခံယူခြင်း မပြုရ" ဟု ပညတ်တော်မူလေသည်။[၁]

(၃)

တစ်ခါသော် ရှင်ဥပနန်သည် ခရီးသွားရန် ရှိနေသည်။ ခရီးသွားရာတွင် သူ့ထီးဖိနပ်များကို ကိုင်ဆောင်ရန်အတွက် ရဟန်းငယ် တစ်ပါးကို နောက်လိုက်အဖြစ် ခေါ်သွားလိုက်သည်။ ရဟန်းငယ်က သူ့တွင် ဝတ်ဆင်ရန် သင်္ကန်းမလုံလောက်သော ကြောင့် မလိုက်လိုကြောင်း ငြင်းပယ်သည်။ ထိုအခါ ရှင်ဥပနန်က ရဟန်းငယ်အား သင်္ကန်းတစ်ထည်ပေးပြီး လိုက်ရန် အတင်းခေါ်သည်။ ရဟန်းငယ်သည် သင်္ကန်း ရသဖြင့် "လိုက်ပါမည်" ဟု ကတိပေးလိုက်ရလေသည်။

သို့သော် ရှင်ဥပနန် ခရီးမထွက်ဖြစ်သေးမီ အချိန်တွင်းမှာပင် "ဗုဒ္ဓမြတ်စွာ ဒေသစာရီ ကြွချီတော်မူမည်" ဟူသော သတင်းတစ်ရပ်ထွက်ပေါ်လာသည်။ ထိုအခါ

---

၁။ ပါရာဇိကပါဠိ၊ နိဿဂ္ဂိယ ရူပိယ သိက္ခာပဒ။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းငယ်သည် ဗုဒ္ဓနှင့်အတူ လိုက်ပါလိုစိတ် ဖြစ်ပေါ်လာသဖြင့် "အရှင်ဘုရား နောက် တပည့်တော် မလိုက်လိုတော့ပါ" ဟု ရှင်ဥပနန္ဒအား လျှောက်ကြား လေသည်။

ရဟန်းငယ်၏ စကားကို ကြားလျှင် ရှင်ဥပနန္ဒသည် စိတ်ဆိုးမာန်ဆိုးဖြင့် "ဒီလိုဆို ငါ့သင်္ကန်းကို ပြန်ပေး" ဟု ဆိုကာ သူပေးထားသော သင်္ကန်းကို လုယူရလေသည်။

ဤအကြောင်းကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် "ရဟန်းများသည် မိမိက သူတစ်ပါးအား ပေးထားသော သင်္ကန်းကို စိတ်ဆိုးပြီး လုမယူရ" ဟု ပညတ်ချက် ထုတ်ရပြန်လေသည်။[၁]

(၄)

တစ်ခါကလည်း ရှင်ဥပနန္ဒအား ကြည်ညိုနေသော သာဝတ္ထိမြို့သား ဒကာ တစ်ဦးသည် ခရီးသွားခါနီးတွင် အိမ်ရှင်မအား ဤသို့ မှာကြားခဲ့လေသည်။

"ရှင်မ ... အိမ်မှာရှိတဲ့ ချည်တွေကို ရက်ကန်းသည်ထံ အပ်ပြီး သင်္ကန်း တစ်ထည် အရက်ခိုင်းပါ၊ ငါပြန်ရောက်တဲ့အခါ ရှင်ဥပနန္ဒကို လှူကြရအောင်"

ဤသို့ လင်ဖြစ်သူက မယားအား မှာကြားနေသည်ကို ဆွမ်းခံကိုယ်တော် တစ်ပါးက ကြားသဖြင့် ဆွမ်းခံရာမှ အပြန်တွင် ရှင်ဥပနန္ဒထံ သွား၍ သတင်းပို့ လေသည်။

ထိုရက်ကန်းသည်မှာလည်း ရှင်ဥပနန္ဒနှင့် ရင်းနှီးသော ဒကာဖြစ်သည်။ သို့ဖြစ်၍ ရှင်ဥပနန္ဒသည် ထိုရက်ကန်းသည်ထံ သွား၍ သူ့သင်္ကန်းကို ကောင်းကောင်း ရက်ပေးရန် တိုက်တွန်းပြောဆိုလေသည်။

"ဒကာ ... ဒီသင်္ကန်းဟာ ငါ့အတွက် အရက်ခိုင်းတဲ့ သင်္ကန်းဖြစ်တယ်၊ ဒါကြောင့် အလျားအနံ ကောင်းကောင်း၊ အသားလဲကျစ်ကျစ်လျစ်လျစ် ထူထူထဲထဲ ဖြစ်အောင် ရက်ပေးပါ"

ရှင်ဥပနန္ဒ ပြောကြားသည့်အတိုင်း ရက်သောအခါ ပေးထားသော ချည်ဖြင့် မလုံလောက်တော့ချေ။ ထို့ကြောင့် ရက်ကန်းသည်က အလှူရှင်မထံ သွား၍

၁။ ပါရာဇိကပါဠိ၊ နိဿဂ္ဂိယ စီဝရအစ္ဆိန္နန သိက္ခာပုဒ်။



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းကို ပြောပြကာ ချည်ထပ်ပေးရန်တောင်းလေသည်။ အလှူရှင်မကလည်း လုံလောက်အောင် ချည်ထပ်ပေးလိုက်သည်။

ရှင်ဥပနန္ဒသည် သင်္ကန်းဒါယကာ ပြန်လာမည့်သတင်းကို နားစွင့်နေသည်။ တစ်နေ့သ၌ ထိုဒကာ ပြန်ရောက်ပြီဟု ကြားလျှင် ချက်ချင်း ထိုဒကာအိမ်သို့ သွားလေသည်။

ထိုဒကာလည်း ရှင်ဥပနန္ဒကို မြင်လျှင် သင်္ကန်းကို သတိရ၍ အိမ်ရှင်မအား "သင်္ကန်း ရက်ပြီးပြီလား" ဟု မေးသည်။ သင်္ကန်းပြီးကြောင်း သိရလျှင် ချက်ချင်း အယူနိုင်းပြီး ရှင်ဥပနန္ဒအား လှူဒါန်းလိုက်လေသည်။

ရှင်ဥပနန္ဒ ပြန်ကြွသွားသောအခါ မယားဖြစ်သူက ရှင်ဥပနန္ဒ၏ အစီအမံကြောင့် သင်္ကန်းအတွက်ချည်ပို၍ ကုန်ခဲ့ရပုံများကို သူ့ယောက်ျားအား ပြောကြားလေသည်။ ထိုအခါ ထိုဒသကာသည် ရှင်ဥပနန္ဒအပေါ်၌ သဒ္ဓါတရား ပျက်ပြားကာ ကဲ့ရဲ့ ပြစ်တင်စကား ပြောဆိုလေသည်။

"ရဟန်းတို့သည် လောဘရမ္မက် ကြီးကုန်၏။ သူတို့အား တစ်စုံတစ်ခု လှူရန်မဖင်မလွယ်၊ ရှင်ဥပနန္ဒသည် သူ့ကို ဖိတ်မန္တက ပြုထားခြင်း မရှိပါဘဲလျက် သင်္ကန်းရက်ရာတွင် ဝင်ရောက်ခြယ်လှယ်ခဲ့၏"

ဤအကြောင်းကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူသဖြင့် ရှင်ဥပနန္ဒကို ရှုတ်ချပြီး "ရဟန်းများသည် မိမိအား ဖိတ်မန္တက ပြုထားခြင်းမရှိဘဲ သင်္ကန်းရက်ရာတွင် ဝင်ရောက် စွက်ဖက်ခြင်းမပြုရ" ဟူ၍ သိက္ခာပုဒ် ပညတ်တော်မူရ ပြန်လေသည်။[၁]

(၅)

တစ်နေ့သ၌ ရှင်ဥပနန္ဒသည် ရဟန်းငယ်တစ်ပါးကို နောက်လိုက်အဖြစ် ခေါ်၍ မြို့ထဲသို့ ဆွမ်းခံသွားသည်။ မြို့ထဲသို့ ရောက်သောအခါ သူ အကြံတစ်မျိုး ပေါက်လာသည်။ မာတုဂါမများနှင့် တွေ့လျှင် ထိကပါး ရိကပါး ပြောတတ်သော ဝသီရှိသူဖြစ်သည့်အတိုင်း အဖော်ရဟန်းပါနေလျှင် သူပြောချင်ရာ ပြောရတော့မည် မဟုတ်ဟု စဉ်းစားမိလာသည်။ ထို့ကြောင့် ရဟန်းငယ်ကို "ငါ့ရှင် ... သင် ဒီကပဲ ပြန်ပေ

၁။ ပါရာဇိကပါဠိ၊ နိဿဂ္ဂိယ မဟာပေသကာရ သိက္ခာပုဒ်။





www.burmeseclassic.com

www.burmeseclassic.com



တော့၊ သင်ပါနေရင် ငါ့မှာ စကားပြောရတာ အဆင်မပြေလှဘူး'' ဟု ဆို၍ ပြန်လွှတ်လိုက်လေသည်။ ရဟန်းငယ်စားရန် ဆွမ်းလည်း အနည်းငယ်မျှ မပေးလိုက်ချေ။

ရဟန်းငယ်သည် အခြားနေရာသို့ သွား၍ ဆွမ်းခံရန်လည်း အချိန်မရှိတော့သဖြင့် ကျောင်းသို့ ပြန်သွားရာ ကျောင်းတွင်လည်း ဆွမ်းစား မမီတော့ချေ။ ထို့ကြောင့် ဆွမ်းတစ်နပ် အချောင်ငတ်ရလေသည်။

ဤအကြောင်းကို ရဟန်းငယ်က အခြားရဟန်းများအား ပြောကြားသည်။ ထိုရဟန်းများကလည်း ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ရဟန်းများသည် အခြား ရဟန်းတစ်ပါးကို ဆွမ်းခံ ခေါ်သွားပြီး သင့်လျော်သော အကြောင်းမရှိဘဲ ပြန်မလွှတ်ရဟု ပညတ်တော်မူရလေသည်။[၁]

(၆)

ရှင်ဥပနန္ဒသည် မာတုဂါမများနှင့် အကျွမ်းတဝင် ဆက်ဆံနေထိုင်လေ့ ရှိသည်။ မာတုဂါမများကလည်း သူ့ကို တရင်းတနှီး ကိုးကွယ် ဆည်းကပ်တတ်ကြသည်။ ထို့ကြောင့် မာတုဂါမများနှင့် ပတ်သက်သော ပညတ်ချက် အတော်များများမှာ ရှင်ဥပနန္ဒကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့ရလေသည်။

တစ်ခါက ရှင်ဥပနန္ဒသည် လူ့ဘဝက မိတ်ဆွေ ဖြစ်ခဲ့သော သူကြွယ်တစ်ဦး အိမ်သို့ ဆွမ်းခံကြွသွားသည်။ ထိုအိမ်မှာ သူ မကြာခဏ ဝင်ထွက်နေကျဖြစ်၍ လင်ရော မယားပါ သူနှင့် ရင်းနှီးနေကြသည်။ လင်ယောကျ်ားမှာ အပြင်တွင် အလုပ်တစ်ခု လုပ်နေပြီး မယားမှာမူ အိမ်ခန်းထဲ၌ ရှိနေသည်။ ရှင်ဥပနန္ဒသည် အိမ်ခန်းထဲသို့ ဝင်သွားပြီး သူကြွယ်မနှင့် နှစ်ကိုယ်ကြား စကားပြော၍နေလေသည်။

ထိုစဉ်တွင် သူကြွယ်သည် အိမ်ထဲသို့ ဝင်လာရာ ရဟန်းနှင့် မိန်းမ နှစ်ကိုယ်ကြား စကားပြောနေသည်ကို တွေ့ရသဖြင့် မကျေမနပ်ဖြစ်နေသည်။ ထို့ကြောင့် ရှင်ဥပနန္ဒ အမြန် ပြန်ကြွစေရန် သူ့သပိတ်ထဲသို့ ဆွမ်းလောင်းစေပြီး ''အရှင်ဘုရား ဆွမ်းစားချိန် နီးပါပြီ၊ ကြွပါတော့ ... '' ဟု လျှောက်ကြားသည်။ သို့သော် သူကြွယ်မက ရှင်ဥပနန္ဒ ပြန်မကြွစေရန် ကာဆီး ကာဆီး လုပ်နေသည်။ စင်စစ်

---

၁။ ပါစိတ္တိယံပါဠိ၊ ဥယျောဇန သိက္ခာပုဒ်။



www.burmeseclassic.com

www.burmeseclassic.com



သူကြွယ်သည် သူကြွယ်မနှင့် လင်မယားတို့ဘာဝ လွှတ်လွှတ်လပ်လပ် နေလိုသောဆန္ဒကြောင့် ရှင်ဥပနန္ဒကို အမြန်ပြန်စေလိုခြင်း ဖြစ်သည်။ သို့ရာတွင် မယားဖြစ်သူက ကာဆီးကာဆီးလုပ်နေသည့်အတွက် ရှင်ဥပနန္ဒက အခွင့်အရေးယူကာ မပြန်ဘဲ နေလေသည်။ ထိုအခါ သူကြွယ်က ရှင်ဥပနန္ဒကို ကဲ့ရဲ့ရှုတ်ချလေသည်။

ဤအကြောင်းကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် "ရဟန်းများသည် လင်ကိုယ်မယား နှစ်ဦး၏ အိပ်ခန်းထဲသို့ ဝင်၍ မနေရ" ဟု တားမြစ်တော်မူလေသည်။[၁]

ဤသို့ ဖြစ်ပျက်ပြီး နောက်ပိုင်း၌လည်း ရှင်ဥပနန္ဒနှင့် ထိုသူကြွယ်မ၏ ဆက်ဆံရေးမှာ ရပ်စဲမသွားချေ။ အခွင့်အခါရတိုင်း နှစ်ဦးချင်း ပူးပူးကပ်ကပ် နေထိုင် ပြောဆိုနေကြသည်သာ ဖြစ်၏။ ရှင်ဥပနန္ဒသည် ဝိနည်းပညတ်ချက်ကြောင့် အိပ်ခန်းထဲသို့ မဝင်တော့သော်လည်း အိမ်ရှေ့ခန်း၌သော်လည်းကောင်း၊ အိမ်ခြံဝင်း အတွင်း၌သော်လည်းကောင်း ထိုသူကြွယ်မနှင့် နှစ်ယောက်ချင်း နေထိုင်ပြောဆိုမှုများကို ဆက်လက် ပြုလုပ်နေလေသည်။ ဤသို့ နေထိုင်ကြသည်ကို မြင်ရလျှင် သူတို့နှစ်ဦးအပေါ်၌ သူကြွယ်၏ သံသယစိတ်များ ပိုမို ကြီးမားလာလေသည်။ ထိုအခါ သူ့မယားကို သူ မနိုင်သဖြင့် ရှင်ဥပနန္ဒကိုသာ တစ်ဖက်သတ်မဲ၍ ပြစ်တင် ရှုတ်ချနေလေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက "ရဟန်းများသည် ဆိတ်ကွယ်ရာ အရပ်၌ မာတုဂါမနှင့် နှစ်ဦးချင်း အတူထိုင်မနေရ" ဟူ၍ ပညတ်တော်မူရပြန် လေသည်။[၂]

(၇)

ရှင်ဥပနန္ဒသည် မင်းမျိုးမင်းနွယ်မှ ထွက်လာသူဖြစ်၍ အဝတ်ကောင်း အစားကောင်းကို ခုံမင်နှစ်သက်သည်။ သန့်ပြန့်ခန့်ညားသော နေရာထိုင်ခင်းဖြင့် နေထိုင်လေ့ရှိသည်။ သူ၏ အိပ်ရာကိုလည်း မြင့်သော ခြေတံရှည် ညောင်စောင်းဖြင့် ပြုလုပ်ထားလေသည်။

တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာသည် ဇေတဝန် ကျောင်းတိုက်အတွင်း လှည့်လည်

၁။ ပါစိတ္တိယပါဠိ၊ သဟသေယျ သိက္ခာပဒ။
၂။ ပါစိတ္တိယပါဠိ၊ ရဟောပဋိစ္ဆန္န သိက္ခာပဒ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုတော်မူရာမှ ရှင်ဥပနန္ဒ၏ ကျောင်းရှေ့သို့ ရောက်သွားလေသည်။ ထိုအချိန်တွင် ရှင်ဥပနန္ဒသည် သူ၏ ညောင်စောင်းပေါ်၌ အခန့်သား လဲလျောင်း၍နေလေသည်။ သူ၏ညောင်စောင်းမှာ ကျောင်းတံခါးပေါက်တည့်တည့်တွင် ရှိသောကြောင့် ကျောင်းရှေ့မှ ကောင်းစွာ မြင်ရလေသည်။

ရှင်ဥပနန္ဒသည် ညောင်စောင်းပေါ်၌ လှဲနေရာမှ ဗုဒ္ဓမြတ်စွာကို လှမ်း၍ မြင်သဖြင့် အိပ်ရာမှ ကပျာကယာထပြီး "အရှင်ဘုရား ... တပည့်တော်၏ ညောင်စောင်း ကြည့်တော်မူပါဦး" ဟု လျှောက်ကြားလေသည်။

ဗုဒ္ဓမြတ်စွာသည် ရှင်ဥပနန္ဒ၏ ညောင်စောင်းကို တစ်ချက်မျှ စူးစိုက်စွာ ကြည့်တော်မူပြီး မည်သို့မျှ မိန့်ကြားခြင်းမပြုဘဲ နောက်သို့ လှည့်၍ ပြန်သွားတော်မူလေသည်။

ဂန္ဓကုဋီ ကျောင်းတော်သို့ ပြန်ရောက်သောအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား -

"ရဟန်းတို့ ... မင်္ဂိုလ်မှ အချည်းနှီးဖြစ်သော ပုဂ္ဂိုလ်ကို သူ၏ အနေအထိုင်ဖြင့်ပင် သိနိုင်ပေ၏" ဟု မိန့်ကြားတော်မူပြီး ရှင်ဥပနန္ဒကို ကဲ့ရဲ့ ရှုတ်ချတော်မူသည်။ ခြေထောက် လက်ရှစ်သစ်ထက် ပို၍မြင့်သော ညောင်စောင်း အင်ပျဉ်ကို မပြုလုပ်ရဟူ၍လည်း ရဟန်းတို့အား သိက္ခာပုဒ် ပညတ်တော်မူလေသည်။[၁]

(၈)

ရှင်ဥပနန္ဒသည် အဟောအပြော ကောင်းလှသောကြောင့် အခြားရဟန်းများက သူ့ကို အထင်ကြီးကြ၏။ "ရဟန်းဆိုတာ အလိုနည်းရမယ်၊ ရောင့်ရဲလွယ်ရမယ်" စသဖြင့် ဟောပြောသော သူ့တရားကို နာယူရသော အချို့ရဟန်းများသည် မိမိတို့၏ သင်္ကန်းပရိက္ခရာများကို စွန့်ပစ်ပြီး တောရ ဆောက်တည်ခြင်း၊ ဓုတင်ကျင့်ခြင်းများကို ပြုလုပ်ကြသည်။ ရှင်ဥပနန္ဒကား ထိုရဟန်းများ စွန့်ပစ်သွားသော သင်္ကန်းပရိက္ခရာတို့ကို ကောက်ယူ သိမ်းဆည်းလေသည်။

ဤသို့ဖြင့် ရှင်ဥပနန္ဒသည် သူတစ်ပါးကိုသာ ဟောပြောပြီး သူကိုယ်တိုင်ကား မယ်မယ်ရရ မကျင့်သူဖြစ်၏။ အလိုရမ္မက်ကြီးပြီး သူတစ်ပါး ပစ္စည်းကို ခေါင်းပုံဖြတ်၍ ယူတတ်သော အကျင့်ဆိုးရှိသူ ဖြစ်လေသည်။

---

၁။ ပါစိတ္တိယပါဠိ၊ မဉ္စပီဌ သိက္ခာပဒ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော ဝါဆိုဦးကာလဝယ် ရှင်ဥပနန္ဒသည် ပစ္စည်းလေးပါး ပေါများသော ကျောင်း၌ ဝါကပ်လိုသဖြင့် မြို့ကျောင်းမှ ထွက်လာပြီး တောရွာများသို့ လှည့်လည်လေသည်။ ရွာကျောင်းတစ်ကျောင်းသို့ ရောက်သောအခါ တရားဟော ကောင်းသော ရှင်ဥပနန္ဒကို ကျောင်းခံရဟန်းတို့က ကြည်ညိုသဖြင့် "အရှင်ဘုရား တပည့်တော်တို့ ကျောင်းမှာ ဝါဆိုပါ ... " ဟု တောင်းပန်ကြလေသည်။

ထိုအခါ ရှင်ဥပနန္ဒက ထိုရဟန်းများကို မေးလေသည်။

"ငါ့ရှင်တို့ ကျောင်းမှာ ဝါဆိုရင် ဝါဆိုသင်္ကန်း ဘယ်လောက်ရမလဲ"

"တစ်ပါး တစ်ထည်စီ ရပါတယ် ဘုရား"

ထိုကျောင်းမှ ရဟန်းများက ဤသို့ ပြောသောခါ ရှင်ဥပနန္ဒသည် ထိုကျောင်း၌ မိမိဖိနပ်တစ်ရံကို ထားခဲ့ပြီး နောက်တစ်ကျောင်းသို့ သွားလေသည်။ ထိုဒုတိယ ကျောင်းမှ ရဟန်းများကလည်း ရှင်ဥပနန္ဒကို သူတို့ကျောင်း၌ ဝါဆိုရန် တောင်းပန်ကြသည်။ ထိုကျောင်း၌ ဝါဆိုလျှင် သင်္ကန်းတစ်စုံစီရမည်ဟု သိရှိရသောအခါ ရှင်ဥပနန္ဒသည် ယင်းကျောင်း၌ သူ့တောင်ဝှေးကို ထားခဲ့ပြီး နောက်တစ်ကျောင်းသို့ သွားလေသည်။ တတိယ ကျောင်း၌ သင်္ကန်းသုံးထည်ရမည်ဟု သိရလျှင် ရေဗူးကို ထားခဲ့ပြီး စတုတ္ထကျောင်းသို့ သွားပြန်လေသည်။

ထိုစတုတ္ထကျောင်း၌ ဝါဆိုသင်္ကန်း လေးထည်ရမည်ဟု သိရသည်။ ထို့ကြောင့် ယင်းကျောင်း၌ ရှင်ဥပနန္ဒ ဝါဆိုလေသည်။

ဝါကျွတ်သောအခါ ထိုရွာမှ လူတို့သည် ရှင်ဥပနန္ဒအား သင်္ကန်းလေးထည် နှင့်တကွ များစွာသော လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြလေသည်။ သို့သော် ရှင်ဥပနန္ဒမှာ ထိုမျှဖြင့် ရောင့်ရဲခြင်းမရှိ၊ ဖိနပ်၊ တောင်ဝှေးနှင့် ရေဗူးထားခဲ့သော ကျောင်းများမှလည်း မိမိဝေစုဖြစ်သော ဝါဆိုသင်္ကန်းများကို တောင်းယူပြီး လှည်း တစ်စီးဖြင့် သင်္ကန်းပရိက္ခရာများ အပြည့်တင်ဆောင်ကာ သာဝတ္ထိပြည်သို့ ပြန်လာ လေသည်။

လမ်းခရီးအကြားရှိ ရွာကျောင်းတစ်ကျောင်းသို့ ရောက်သောအခါ ထိုကျောင်း၌နေသော ရဟန်းငယ် နှစ်ပါးတို့က အငြင်းပွားမှုတစ်ရပ်ကို ဆုံးဖြတ်ပေးရန် ရှင်ဥပနန္ဒကို တောင်းပန်ကြလေသည်။ ထိုရဟန်းငယ် နှစ်ပါး၏ အငြင်းပွားမှုမှာ အခြား မဟုတ်။ ဝါဆိုသင်္ကန်း ခွဲဝေရေးပင်ဖြစ်၏။ သူတို့နှစ်ပါး နေသော ကျောင်းအတွက် ဝါဆိုသင်္ကန်း သုံးထည် ရရှိရာ နှစ်ထည်မှာ အကြမ်းထည်များဖြစ်ပြီး ကျန်တစ်ထည်



www.burmeseclassic.com

www.burmeseclassic.com



မှာ သိုးမွေးထည် ဖြစ်လေသည်။ ယင်း သိုးထည်ကို မိမိတို့ နှစ်ပါး အညီအမျှ ဖြစ်အောင် မည်သို့ ခွဲဝေရမည် မသိသောကြောင့် ရှင်ဥပနန္ဒကို အကူအညီ တောင်းကြခြင်း ဖြစ်လေသည်။

ထိုအခါ ရှင်ဥပနန္ဒက ရဟန်းငယ်နှစ်ပါးအား "ငါ့ရှင်တို့၊ နှစ်ပါးစလုံး ငါ့စကားကို နာယူကြမည်လော" ဟု မေးမြန်းသည်။ "နာယူပါမည်" ဟု ဝန်ခံလျှင် ကြမ်းသော အဝတ်နှစ်ထည်ကို တစ်ပါးလျှင် တစ်ထည်စီ ခွဲဝေပေးလေသည်။ သိုးမွေးထည်ကိုမူ တရားဆုံးဖြတ်သူ ရထိုက်ပေသည်ဟုဆိုကာ သူက ယူလိုက်လေသည်။

ရှင်ဥပနန္ဒ၏ ဆုံးဖြတ်ချက် ခံလိုက်ကြရသော ရဟန်းငယ်နှစ်ပါးတို့သည် မကျေမနပ်ဖြစ်ကာ ဇေတဝန်ကျောင်းတော်သို့ သွား၍ ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာက "ဥပနန္ဒသည် ယခု ဘဝ၌သာ ဤသို့ မတရား ပြုသည် မဟုတ်၊ ရှေးဘဝတို့၌လည်း ပြုခဲ့သည်သာ ဖြစ်၏" ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

(၉)

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသောအခါ ဘုရားလောင်းသည် ဂင်္ဂါမြစ်အနီး တစ်ခုသောသစ်ပင်၌ ရုက္ခစိုးနတ် ဖြစ်လေသည်။ တစ်နေ့သ၌ မြေခွေး တစ်ကောင်သည် မြေခွေးမက လတ်ဆတ်သော ငါးကြင်းသားကို စားလိုသည်ဟု ဆိုသောကြောင့် ငါးကြင်းသားကို ရှာဖွေရင်း မြစ်ကမ်းနား၌ လှည့်လည်နေသည်။ ထိုအခိုက်တွင် ရေတိမ်တွင် ကျက်စားသော ဖျံနှင့် ရေနက်တွင် ကျက်စားသော ဖျံတို့သည် ကြီးသော ငါးကြင်းတစ်ကောင်ကို ဖမ်းဆီးရမိပြီး အဝေမတည့်ဖြစ်နေကြသည်။ ထို ငါးကြင်းကို ရေနက်တွင် ကျက်စားသော ဖျံက ဦးစွာ ဖမ်းမိပြီး သူတစ်ကောင်တည်း မနိုင်မနင်းဖြစ်နေစဉ် ရေတိမ်တွင် ကျက်စားသော ဖျံက ဝင်ရောက်ကူညီခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ငါးကြင်းကိုခွဲဝေရာတွင် ရေနက်တွင် ကျက်စားသော ဖျံက သူသည် ဦးစွာ ဖမ်းမိသူဖြစ်၍ ငါးကြင်း၏ ခေါင်းပိုင်းကို သူသာရထိုက်ကြောင်း ပြောဆိုသည်။ ရေတိမ်တွင် ကျက်စားသော ဖျံကလည်း သူ မကူညီလျှင် ထိုငါးကို ရနိုင်မည် မဟုတ်သောကြောင့် ခေါင်းပိုင်းကို သူသာ ရထိုက်ပေသည်ဟု ဆိုလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသို့ အဝေမတည့် ဖြစ်နေစဉ် မြေခွေးကို မြင်သောကြောင့် ငါးကြင်းကို ခွဲဝေပေးရန် တောင်းပန်ကြလေသည်။ မြေခွေးက ''သင်တို့နှစ်ဦးစလုံး ငါ့စကား၌ တည်ကြမည်လော'' ဟု မေးရာ ဖျံနှစ်ကောင်က ''တည်ပါမည်'' ဟု ကတိပေး ကြသည်။

ထိုအခါ မြေခွေးသည် ငါးကြင်းကို သုံးပိုင်းပိုင်းပြီး အမြီးပိုင်းကို ရေတိမ် တွင် ကျက်စားသော ဖျံအား ပေးသည်။ ခေါင်းပိုင်းကို ရေနက်တွင် ကျက်စားသော ဖျံအား ပေးသည်။ အလယ်ပိုင်းကိုမူ တရားဆုံးဖြတ်သူ ရထိုက်သည်ဟု ဆိုကာ သူက ကိုက်ချီပြေးလေသည်။ ဤသို့ ငါးကြင်းသား အလယ်ပိုင်းကို မြေခွေးက ကိုက်ချီ ပြေးသောအခါ ဖျံနှစ်ကောင်တို့သည် ''ငါတို့နှစ်ဦး အချင်းချင်း အငြင်း ပွားနေကြသည့်အတွက် ငါးကြင်း အလယ်ပိုင်းကို ဆုံးရှုံးကြရလေပြီ'' ဟု စိတ်နှလုံး မသာမယာဖြစ်ကာ ကျန်ရစ်ခဲ့ကြလေသည်။

(၁၀)

ဗုဒ္ဓမြတ်စွာသည် ဤသို့ အတိတ်ကို ဆောင်တော်မူပြီး ''ဥပနန္ဒသည် အတိတ် ဘဝ၌လည်း သင်တို့ကို စိတ်မချမ်းသာအောင် ပြုခဲ့ဖူး၏'' ဟု မိန့်ကြားတော်မူ သည်။ ထို့နောက် သူတစ်ပါးကို ဆုံးမလိုသူသည် ရှေးဦးစွာ မိမိကိုယ် မိမိ ယဉ်ကျေးအောင် ဆုံးမ သင့်ကြောင်း မိန့်ကြားပြီး -

''ပညာရှိသောသူသည် ရှေးဦးစွာ မိမိကိုယ်မိမိ သင့်လျော်သော အကျင့်၌ တည်စေရာ၏၊ ထို့နောက်မှ သူတစ်ပါးကို ဆုံးမရာ၏၊ မိမိကိုယ်မိမိ မညစ်နွမ်း စေသင့်ပေ'' ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။ ထိုဒေသနာအဆုံး ၌ သက်န်းလျာအဝတ်ကို အကြောင်းပြု၍ အငြင်းပွားခဲ့သော ရဟန်းနှစ်ပါးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

(၁၂။ အတ္တဝဂ်၊ ၂-ဥပနန္ဒထေရဝတ္ထုနှင့် သတ္တကနိပါတ် ဒဗ္ဗပုပ္ဖဇာတ်)

www.burmeseclassic.com

www.burmeseclassic.com



## ထိတ်လန့်ဖွယ်ရာ ဘဝသံသရာ

### ဝက်မလေးကိုမြင်၍ ပြုံးတော်မူ

တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူရာ လမ်းတွင် ဝက်မလေးတစ်ကောင်ကို မြင်တော်မူသဖြင့် ပြုံးတော်မူလေသည်။ ရှင်အာနန္ဒာက ပြုံးရယ်ခြင်း၏ အကြောင်းကို မေးလျှောက်လျှင် ဝက်မလေးကို လက်ညှိုး ညွှန်ပြတော်မူပြီး ထိုဝက်မကလေး၏ ဇာတ်လမ်းကို ထုတ်ဖော် ဟောကြားတော်မူလေသည်။

"ရဟန်းတို့ ... ဤဝက်မကလေးသည် ကကုသန် မြတ်စွာဘုရားလက်ထက်တွင် လူ့ဘဝမှ စုတေပြီး ဆွမ်းစားကျောင်း တစ်ခု အနီး၌ ကြက်မကလေး ဖြစ်ခဲ့သည်။ ထိုကြက်မကလေးသည် ကမ္မဋ္ဌာန်းတရားကို ပွားများရွတ်ဆိုသော ရဟန်းတစ်ပါး၏ တရားသံကို နားထောင်နေစဉ် သိမ်းငှက်တစ်ကောင်၏ ထိုးသုတ်ခြင်း ခံရသဖြင့် သေဆုံးလေရာ ဥဗ္ဗရီ အမည်ရှိသော မင်းသမီး ဘဝသို့ ရောက်ခဲ့သည်။ ထိုမင်းသမီးသည် အရွယ်ရောက်သောအခါ ပရိဗိုဇ်မ ပြုလုပ်၍ အသုဘ ကမ္မဋ္ဌာန်းကို ပွားများရာ ပထမဈာန်ကို ရရှိခဲ့သည်။ သူမ သေလွန်သောအခါ ဗြဟ္မာ့ပြည်၌ဖြစ်ပြီး ဗြဟ္မာ့ပြည်မှစုတေသော် လူ့ပြည်တွင် သူဌေးသမီး ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီး ဘဝမှ စုတေ၍ ဤဝက်မကလေး ဘဝသို့ ရောက်လာခြင်း ဖြစ်ပေသည်။ ဤအကြောင်းများကို သိမြင်သဖြင့် ငါဘုရား ပြုံးရယ်ခြင်း ဖြစ်ပေသည်''

ဗုဒ္ဓမြတ်စွာသည် ဤသို့ ဝက်မကလေး၏ ဘဝ ဖြစ်စဉ်များကို ဟောကြား၍ ဘဝတဏှာ၏ အပြစ်ကို ပြတော်မူပြီး ရဟန်းတို့အား ''သစ်ပင်တစ်ပင်၏ ရေသောက်မြစ်ကို မဖျက်ဆီးဘဲ ပင်စည်ကို ခုတ်ဖြတ်ပစ်လျှင် ထိုသစ်ပင်သည် နောက်ထပ်တစ်ဖန် ပြန်၍ စည်ပင်ရှင်သန်လာသကဲ့သို့ ထို့အတူ တဏှာနုသယကို မဖျက်ဆီးလျှင် ဤဘဝဆင်းရဲသည် အဖန်တလဲလဲ ဖြစ်ပေါ်နေ၏'' စသော ဒေသနာကို ဟောကြားတော်မူလေသည်။

## အမတ်ကတော်မှ ဘိက္ခုနီ ဘဝသို့

ရာဇဂြိုဟ်ပြည်မှ ဝက်မကလေးသည် ထိုဘဝမှ သေလွန်၍ ကံအားလျော်စွာ ထိုထိုဘဝတို့၌ ကျင်လည်ခဲ့ပြီး ဒုဋ္ဌဂါမဏိမင်း လက်ထက်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့၏ တောင်ဘက် ဘောက္ကန္တရွာ၌ သုမနာ အမည်ရှိသော သူကြွယ်သမီး ဖြစ်လာလေသည်။

ထိုအချိန်တွင် အနုရာဓမြို့တော် တစ်ဝိုက်၌ ဒမိဠခေါ် ကျေးကုလားများ သောင်းကျန်းနေသောကြောင့် သုမနာတို့ မိသားစုသည် ဒီဃဝါပိနယ်သို့ ပြောင်းရွှေ့၍ မဟာမုနိရွာ၌ နေကြရသည်။ ယင်းသို့ နေခိုက်တွင် မဟာမုနိရွာမှ အတိမ္ဗရ အမည်ရှိသော အမတ်သည် ထိုရွာသို့ ရောက်လာသည်။ ထိုအမတ်သည် သုမနာကို မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင်လာဖြင့် ခမ်းနားကြီးကျယ်စွာ လက်ထပ်ပွဲကျင်းပပြီး မဟာပုဏ္ဏရွာသို့ ခေါ်သွားလေသည်။

တစ်နေ့သ၌ ထိုအမတ်ကြီးအိမ်သို့ ဓောင်စွန်း ကျောင်းတိုက်မှ မဟာအနုရုဒ္ဓ အမည်ရှိသော မထေရ် ဆွမ်းခံကြွလာသည်။ ထိုမထေရ်သည် ဆွမ်းထွက်လောင်းသော အမတ်ကတော် သုမနာကို မြင်လျှင် နောက်ပါ ရဟန်းတို့အား ဤသို့ မိန့်ကြားလေသည်။

''ငါ့ရှင်တို့ ... ဝက်မကလေးသည် အမတ်ကတော်ဘဝသို့ ရောက်လာ၏၊ အံ့သြဖွယ်ကောင်းလေစွ''

မထေရ်၏ စကားကို ကြားရသောအခါ သုမနာအား အတိတ်ဘဝကို ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့နိုင်သော ဇာတိဿရဉာဏ် ဖြစ်ပေါ်လာသည်။ ထိုအခါ သူမသည် ထိတ်လန့်၍ ခင်ပွန်းထံမှ ခွင့်တောင်းပြီး ဘိက္ခုနီ ဝတ်လိုက်လေသည်။

ထို့နောက် သူမသည် သတိပဋ္ဌာနသုတ်ကိုကြားနာပြီး အာနာပါန ကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများရာ မကြာမီ သောတာပန်အဖြစ်သို့ ရောက်လေသည်။ ထိုအချိန်တွင် ဒုဋ္ဌဂါမဏိမင်းက ကျေးကုလားတို့ကို အောင်မြင်စွာ နှိမ်နင်းလိုက်သဖြင့် အနုရာဓ နယ်တစ်ဝိုက်မှာ အေးချမ်း၍ လာသည်။ ထို့ကြောင့် သူမနာ ဘိက္ခုနီမသည် မိမိဇာတိဖြစ်သော ဘောက္ကန္တရွာသို့ ပြန်၍ သီတင်းသုံးနေလေသည်။ ယင်းသို့ နေစဉ် ကလ္လကျောင်းတိုက်၌ အာသီဝိသောပမသုတ်ကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

## ဆယ့်သုံးဘဝအကြောင်း ပြန်ပြောင်းပြောကြား

သုမနာ ထေရီမသည် ဘောက္ကန္တရွာ ကျောင်း၌ သက်တမ်းဆုံးအောင် နေထိုင်ပြီး ပရိနိဗ္ဗာန်ပြုခါနီးဆဲဆဲအချိန်တွင် မိမိဘဝဟောင်းက အဖြစ်အပျက်များကို ပရိသတ် အလယ်၌ ပြန်ပြောင်း ပြောကြားလေသည်။

သူမသည် ကကုသန် ဘုရားလက်ထက် လူ့ဘဝမှစ၍ ကြက်မ၊ မင်းသမီး၊ ဖြုတ္တာ၊ သူဌေးသမီးဟူ၍ ငါးဘဝ ကျင်လည်ခဲ့သည်။ ဝက်မကလေးဘဝမှ သေသောအခါ သုဝဏ္ဏဘူမိတိုင်း၌ မင်းသမီး ဖြစ်သည်။

ထို့နောက် ဗာရာဏသီပြည်၌ လည်းကောင်း၊ ဝနဝါတိုင်း၌လည်းကောင်း၊ တစ်ကြိမ်စီ အမျိုးသမီး ဖြစ်ပြန်လေသည်။ ထိုမှတစ်ဖန် သုပ္ပါရက ဆိပ်ကမ်းမြို့၌ မြင်းကုန်သည်၏ သမီး တစ်ကြိမ်နှင့် ကာဝီရဆိပ်ကမ်းမြို့၌ သင်္ဘောသူကြီး၏ သမီး တစ်ကြိမ်ဖြစ်လေသည်။

ထို့နောက် သီဟိုဠ်ကျွန်း အနုရာဓမြို့တွင် မင်းမျိုး၌ တစ်ကြိမ်ဖြစ်ပြီး ယခု နောက်ဆုံးဘဝတွင် ဘောက္ကန္တရွာ၌ သူကြွယ်သမီးအဖြစ်သို့ ရောက်လာခဲ့လေသည်။

ဤသို့ဖြင့် သုမနာထေရီမသည် မိမိ၏ တစ်ဆယ့်သုံးဘဝဖြစ်စဉ်ကို အစဉ် အတိုင်း ပြန်လည် ပြောကြားလေသည်။ ထို့နောက် စုဝေးရောက်ရှိလာသော ရဟန်းရှင်လူတို့အား ကုသိုလ်တရား၌ မမေ့မလျော့ကြရန် တိုက်တွန်းနှိုးဆော်ပြီး ပရိနိဗ္ဗာန် ပြုသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com




ထေရီမ၏ ပြောကြားချက်များကို ကြားနာရသော ရဟန်းရှင်လူတို့သည် ကံတရား၏ ပစ်ချမှုကြောင့် အကောင်းအဆိုး အမျိုးမျိုးသော ဘဝတို့၌ ကျင်လည်ရပုံကို ဆင်ခြင်ကြကုန်လျက် များစွာ သတိတရား ရရှိသွားကြလေသည်။

(၂၄။ တဏှာဝဂ်၊ သုခရပေါတိကာ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# ရေစစ်ပွဲ

ဟိမဝန္တာတောင်ခြေရှိ ဒေဝဒဟ ကောလိယနှင့် ကပိလဝတ္ထုဟူသော သုံးပြည်ထောင်၌ သာကီယ အနွယ်ဝင်ဖြစ်သော လူမျိုးစုများ နေထိုင်ခဲ့ကြသည်။ သာကီဝင်တို့သည် ခတ္တိယမျိုးနွယ်များဖြစ်၍ ယင်းသုံးပြည်ထောင်ကို အုပ်စိုးသူများမှာလည်း သာကီဝင် အဆက်အနွယ်များသာ ဖြစ်ကြပေသည်။ သို့ရာတွင် သာကီဝင်တို့၏ အုပ်ချုပ်ရေး စနစ်မှာ တစ်ဦးတည်းသဘောဖြင့် အုပ်ချုပ်သော သက်ဦးဆံပိုင်ဘုရင်စနစ်မဟုတ်၊ မျိုးနွယ်စုကိုယ်စားလှယ်များ ပါဝင်သော ဂဏ အုပ်ချုပ်ရေးစနစ် ဖြစ်ပေသည်။

သာကီဝင်တို့သည် တစ်မြို့တစ်ရွာစီ နေကြသော်လည်း အနွယ်တူလူမျိုးစု ဖြစ်၍ တစ်ပြည်နှင့် တစ်ပြည် ရင်းရင်းနှီးနှီး ကူးလူးဆက်ဆံမှု ပြုခဲ့ကြသည်။ မိမိတို့ မျိုးနွယ်ဆက်ကို မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်၍ သာကီဝင် အချင်းချင်းသာ ထိမ်းမြားလက်ထပ်ခြင်း ပြုကြသည်။ ထို့ကြောင့် တစ်ပြည်ထောင်စီ ကွဲပြားနေကြလင့်ကစား၊ ဒေဝဒဟ ကောလိယနှင့် ကပိလဝတ္ထု ပြည်သူတို့သည် အများအားဖြင့် တစ်စည်းတစ်လုံးတည်း ရှိခဲ့ကြပေသည်။

တစ်စည်းတစ်လုံးတည်း ရှိခဲ့သည်ဟု ဆိုသော်ငြားလည်း တစ်ခါတရံတွင်မူ ဒေသစွဲစိတ်တတ်များကြောင့် အချင်းချင်း စိတ်ဝမ်းကွဲပြားခိုက်ရန် များခဲ့ရသည့် အရေးအခင်းများလည်း ပေါ်ပေါက်ခဲ့လေသည်။ ကောလိယနှင့် ကပိလဝတ္ထုတို့ကြား၌ ရောဟိဏီ အမည်ရှိသော မြစ်တစ်စင်း ဖြတ်သန်းစီးဆင်း လျက်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုမြစ်ကို အကြောင်းပြု၍ နှစ်ပြည်ထောင် အချင်းများမှုတစ်ရပ် တစ်ခါက ဖြစ်ပေါ်ခဲ့လေသည်။

ကောလိယနှင့် ကပိလဝတ် ပြည်သူတို့သည် ရောဟိဏီမြစ်မှ မြစ်ရေကို အမှီပြု၍ ကောက်ပဲသီးနှံများ စိုက်ပျိုးကြသည်။ တစ်နှစ်တွင် စပါးပင်များ မှည့်ခါနီးအချိန်၌ မြစ်ရေမှာ တစ်နေ့တခြား လျော့နည်းလာသည်။ အနည်းငယ်မျှသာ ကျန်ရှိနေသော မြစ်ရေမှာ နှစ်ဘက်သော လယ်ခင်းများအတွက် လုံလောက်တော့မည် မဟုတ်ကြောင်း တဖြည်းဖြည်း ထင်ရှားလာသည်။

ထိုအခါ နှစ်ပြည်ထောင်မှ လယ်သမားကြီးများ တွေ့ဆုံ စည်းဝေး၍ ဆွေးနွေးညှိနှိုင်းကြသည်။ အစည်းအဝေးတွင် ကောလိယပြည်ဘက်မှ လယ်သမားကြီးများက သူတို့လိုလားချက်ကို ရှေးဦးစွာ တင်ပြကြသည်။

“ခုရှိနေတဲ့ မြစ်ရေကို နှစ်ဘက်လုံးက ထုတ်ယူသုံးစွဲမယ်ဆိုရင် လုံလောက်မှာ မဟုတ်တော့ဘူး၊ ကျုပ်တို့ လယ်တွေရော ခင်ဗျားတို့ လယ်တွေပါ ရေပြတ်ပြီး ပျက်စီးကုန်ကြမှာပဲ၊ ဒီတော့ ကျုပ်တို့ မေတ္တာရပ်ခံချင်တာက ကျန်တဲ့ရေကလေးကို ကျုပ်တို့ဘက် ပေးလိုက်ကြပါ၊ ကျုပ်တို့ စပါးခင်းဟာ မှည့်ခါနီးနေပါပြီ၊ ဒီတစ်ရေ ရလိုက်ရင် မုချအောင်မှာပါပဲ”

ထိုအဆိုကို ကပိလဝတ်ပြည်သား လယ်သမားကြီးများက လက်မခံနိုင်ကြချေ။ သူတို့လယ်များသည်လည်း တစ်ရေရလျှင် အောင်မြင်ရန် အလားအလာ ရှိနေသည်။ ထို့ကြောင့် “ခင်ဗျားတို့ ပြောတဲ့အတိုင်းဆိုရင် ကျုပ်တို့က ကိုယ့်လယ်တွေကို အပျက်ခံပြီး ခင်ဗျားတို့ဆီမှာ သူတောင်းစားလို လာတောင်းရမှာလား” ဟူ၍ ပြန်လည်ချေပကြသည်။

ဤသို့ဖြင့် ဆွေးနွေးပွဲမှာ အပေးအယူ မတည့်ဘဲ အခြေအနေ တင်းမာလာသည်။ တစ်ဘက်နှင့် တစ်ဘက် ထိခိုက်ပုတ်ခတ်၍ ပြောဆိုလာကြပြီး အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်လာလေသည်။ “တိရစ္ဆာန်တွေလို မောင်နှမချင်း ပေါင်းသင်းတဲ့ မင်းတို့ ကပိလဝတ်ပြည်သားတွေကို တို့က ကြောက်ရမှာလား” ဟု ကောလိယပြည်ဘက်က ထိုးနှက်ပြောဆိုကြရာ ကပိလဝတ်ပြည်သားများကလည်း မခံနိုင်ကြတော့ချေ။ “နွားအစွဲလို့ သစ်ခေါင်းထဲမှာ ဝင်နေရသူတွေကို တို့က ကြောက်ရမှာလား” ဟု ပြန်ပြောကြသည်။ သို့အားဖြင့် လယ်သမားချင်း အချင်းများကြရာမှစ၍ နှစ်ဘက်လုံးမှ မှူးမတ်များ၊ မင်းမျိုးချားပါ ပါလာကြပြီး စစ်ပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ခင်းရန် ပြင်ကြလေသည်။ သို့သော် စစ်သည်ဗိုလ်ပါ မြောက်မြားစွာတို့ဖြင့် ချီတက်လာသော မင်းသားတို့သည် ရောဟိဏီမြစ်ကမ်းသို့ ရောက်သောအခါ မြစ်ရေပြင်အထက် ကောင်းကင်းယံ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဗုဒ္ဓမြတ်စွာကို တွေ့မြင်လိုက်ကြရသောကြောင့် အလွန်အံ့ဩသွားကြသည်။ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကပိလဝတ်နှင့် ကောလိယမှ ဆွေတော်မျိုးတော်များ စစ်ခင်းရန် ပြင်နေကြသည်ကို မြင်တော်မူ၍ ကြွလာတော်မူခြင်းဖြစ်၏။ လက်နက်ကိုယ်စီ စွဲကိုင်လာသည့် နှစ်ဘက်သော မင်းသားတို့သည် ဗုဒ္ဓမြတ်စွာကို တွေ့မြင်သောအခါ လက်နက်များကို ပစ်ချပြီး ဗုဒ္ဓမြတ်စွာကို ရှိသေစွာ ရှိခိုးကြသည်။ ဗုဒ္ဓမြတ်စွာသည် ကောင်းကင်မှ ဆင်းလာပြီး ဖြူဖွေးသော သဲသောင်ပြင်ပေါ်တွင် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူလျက် နှစ်ဘက်သော မင်းသားတို့ကို မေးတော်မူလေသည်။

"မင်းသားတို့ ဘယ်အတွက် ဒီနေရာကို သင်တို့ ရောက်လာကြသလဲ"

"စစ်တိုက်ရန် ရောက်လာကြပါသည် ဘုရား"

"ဘာအတွက် စစ်တိုက်ကြမှာလဲ"

"ရောဟိဏီ မြစ်ရေကို ရယူလိုသောကြောင့် ဖြစ်ပါသည်ဘုရား"

"ရောဟိဏီမြစ်ရေက ဘယ်မျှ အဖိုးတန်သလဲ"

"အနည်းငယ်မျှသာ အဖိုးထိုက်တန်ပါသည် ဘုရား"

"သင်တို့ မင်းမျိုးများသည် အဘယ်မျှ အဖိုးထိုက်တန်ကြသလဲ"

"အဖိုးမဖြတ်နိုင်အောင် ထိုက်တန်ကြပါသည် ဘုရား"

"မင်းအပေါင်းတို့ သင်တို့သည် အဖိုး ဘာမျှမတန်သော ရေကို အကြောင်းပြု၍ အဖိုးအနဂ္ဃ ထိုက်တန်သော မိမိတို့ ကိုယ်ကို အဘယ်ကြောင့် ဖျက်ဆီးလိုဘိကြသနည်း"

ဗုဒ္ဓမြတ်စွာသည် နှစ်ပြည်ထောင် မင်းမျိုးတို့အား ဖန္ဒနဇာတ်၊ လဋုကိကောပမဇာတ်တို့ဖြင့် ခိုက်ရန်ပြုခြင်း၏ အပြစ်များကို ဟောကြားတော်မူသည်။ ရုက္ခဓမ္မဇာတ်၊ ဝဋ္ဋကဇာတ်တို့ဖြင့် ညီညွတ်ခြင်း၏ အကျိုးများကိုလည်း ဟောကြားတော်မူသည်။ ဒုဒ္ဒုဘဇာတ်ဖြင့် သူတစ်ပါးတို့ ပြောစကားကို အရမ်း မယုံကြည်သင့်ကြောင်းကို ဆုံးမတော်မူသည်။ အတ္တဒဏ္ဍသုတ်ဖြင့် ခိုက်ရန် ငြိုးခုန်မှုကြောင့် ဘေးရန်အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတတ်ပုံကို ဟောကြားတော်မူသည်။ ထို့နောက် "ရန့်ပြုတတ်သူတို့အလယ်၌ ရန့်မပြုဘဲနေသူ၊ ထိလေသာ နှိပ်စက်ခံနေရသူတို့ အလယ်၌ ကိလေသာနှိပ်စက်မှု မခံရဘဲနေသူ၊ ကာမဂုဏ်ငါးပါးကို ကြောင့်ကြမစိုက်ဘဲ နေသူတို့သည် ချမ်းသာစွာ နေကြရကုန်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

ထိုအခါ နှစ်ပြည်ထောင် မင်းတို့သည် အချင်းချင်း ပြန်လည် သင့်မြတ်သွားကြပြီး ဗုဒ္ဓမြတ်စွာအား ကျေးဇူးဆပ်သည့် အနေဖြင့် တစ်ဖက် တစ်ဖက်မှ (၂၅၀)စီသော မင်းသားတို့ကို ဗုဒ္ဓမြတ်စွာအား အပ်နှံကြသည်။ ဗုဒ္ဓမြတ်စွာသည် ထို(၅၀၀) သော မင်းသားတို့ကို ရဟန်းပြုပေးပြီး မဟာဝန်တောသို့ ခေါ်သွားမူလေသည်။

၁၅။ သုခဝဂ်၊ ဉာတိကလဟ ရှုပသမ္မနှ ဝတ္ထုနှင့်
ဒီဃနိကာယ် မဟာသမယသုတ် အဋ္ဌကထာ)



www.burmeseclassic.com

www.burmeseclassic.com

# အာကာပြင်မှ ငွေလမင်းပမာ

## မဖြစ်ချင့်သော အကြင်လင်မယား

မဂဓတိုင်း မဟာတိတ္ထ မည်သော ဗြာဟ္မဏရွာကြီး၌ ကပိလ မည်သော သူဌေးကြီးတစ်ဦး နေထိုင်သည်။ ထိုသူဌေးကြီးနှင့် သူဌေးကတော်တို့မှ သား တစ်ယောက် မွေးဖွားသည်။ တစ်ဦးတည်းသော သားကို မိဘများက ပိပ္ပလိဟု နာမည်မှည့်ထားကြသည်။ ပိပ္ပလိလုလင် အရွယ်ရောက်လာသောအခါ မိဘတို့က သင့်လျော်သော မိန်းကလေးနှင့် နေရာချထားပေးရန် စီစဉ်ကြသည်။ ပိပ္ပလိက အိမ်ထောင်မပြုလိုကြောင်း ငြင်းသည်။ မိဘများက အကြိမ်ကြိမ် အခါခါ တိုက်တွန်း သောအခါ ပိပ္ပလိက လုလင်က အလွန်လှပသော မိန်းမပျိုရုပ် တစ်ခုကို ရွှေသားဖြင့် ပြုလုပ်ပြီး "ဤရွှေစင်ရုပ်လိုလှသော မိန်းမပျိုကိုရလျှင် ကျွန်တော် အိမ်ထောင် ပြုပါတော့မည်" ဟု ပြောလေသည်။

မိဘတို့သည် လက္ခဏာဗေဒင် ကျွမ်းကျင်သော ပုဏ္ဏားရှစ်ယောက်တို့အား ထိုရွှေစင်ရုပ်ကို အပ်နှံ၍ သတို့သမီးလောင်းကိုရှာရန် တာဝန်ပေးလိုက်ကြသည်။ ပုဏ္ဏားတို့သည် မဒ္ဒတိုင်း သာဂလမြို့၌ ရွှေစင်ရုပ်တမျှ လှပသော မိန်းမပျိုတစ်ယောက် ကို တွေ့ရှိကြသည်။ မိန်းမပျို၏ အမည်မှာ ဘဒ္ဒါကာပိလာနီ ဖြစ်လေသည်။ ပုဏ္ဏား တို့သည် ဘဒ္ဒါ၏ မိဘများထံ ချဉ်းကပ် ဆွေးနွေးပြီး၍ သဘောတူညီချက် ရယူ ခဲ့ကြပြီး မဟာတိတ္ထရွာသို့ ပြန်လာကြလေသည်။

စယ်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးလောင်း ရရှိခဲ့ကြောင်း သိရှိရသောအခါ တကယ် အိမ်ထောင် မပြုလိုသော ပိပ္ပလိလုလင်မှာ ဝမ်းမသာနိုင်ဘဲ စိတ်အိုက်သွားတော့သည်။ ထို့ကြောင့် စာတစ်စောင်ကို လျှို့ဝှက်စွာ ရေးသားပြီး သတို့သမီးလောင်းထံပို့ရန် တမန် တစ်ယောက်ကို စေလွှတ်လိုက်သည်။ ထိုတမန်သည် လမ်းခရီးတွင် သာဂလမြို့မှ လာသော စေတမန်တစ်ယောက်နှင့် တွေ့ဆုံ၍ မေးမြန်းစုံစမ်းရာ သတို့သမီးထံမှ လည်း စာတစ်စောင်ပါလာကြောင်း သိရှိရသည်။ ထူးခြားသော စာများကို မသင်္ကာ သဖြင့် စေတမန်နှစ်ဦး သဘောတူ ဖောက်၍ ဖတ်ကြည့်ကြသည်။

"နှမဘဒ္ဒါ ... မောင်ကြီး ကြိုတင် သတိပေးလိုက်ပါသည်။ မောင်ကြီး သည် လောကီလူ့ဘောင်တွင် ကြာရှည်လေးမြင့် နေမည့်သူ မဟုတ်၊ မကြာမီပင် ရဟန်းပြုရန် ကြံရွယ်ချက် ရှိပါသည်၊ သို့ဖြစ်၍ နှမဘဒ္ဒါသည် မိမိနှင့် စည်းစိမ် အမျိုးအနွယ် တူမျှသည့် အခြား အမျိုးသားတစ်ယောက်ကိုသာ အိမ်ထောင်ဘက် အဖြစ် ရွေးချယ်ပါ"

သတို့သမီးထံမှ စာမှာလည်း အထက်ပါ သဘောအတိုင်းပင် ရေးသားထား ကြောင်း တွေ့ရှိကြရသဖြင့် စာပို့သူ စေတမန်များ အံ့အားသင့် သွားကြသည်။ သို့သော် မိမိတို့ အရှင်သခင်များအပေါ် ချစ်ခင်ကြည်ညိုသူများဖြစ်၍ စည်းစိမ် ဂုဏ်ရည်တူညီမျှတသူ နှစ်ဦးကို လွဲချော်မသွားစေလိုကြပေ။ ထို့ကြောင့် မူရင်း စာနှစ်စောင်ကို ဖျောက်ဖျက်ပြီး မိမိတို့ဘာသာ မေတ္တာစာလွှာများရေး၍ ဆက်လက် ပေးပို့ကြလေသည်။ ဤသို့ဖြင့် ပိပ္ပလုလင်နှင့် ဘဒ္ဒါကာပိလာနီတို့သည် မဖြစ်ချင်ဘဲ အကြင်လင်မယား ဖြစ်လာကြရပေသည်။

## စိတ်တူသဘောတူ

လင်မယား ဖြစ်လာကြသော်လည်း သူတို့နှစ်ဦးလုံးမှာ တဏှာပေမနှင့် ယှဉ် သောစိတ် ဖြစ်ပေါ်မလာချေ။ ညတွင် တစ်အိပ်ရာထဲ၌ အိပ်ကြသော်လည်း အလယ် တွင် ပန်းကုံးခြား၍ အိပ်ကြသည်။ တစ်ဦးနှင့်တစ်ဦး လွန်ကျူးဖောက်ပြန်လိုသော စိတ်မရှိဘဲ မောင်နှမကဲ့သို့ သန့်ရှင်းဖြူစင်စွာ နေထိုင်ကြသည်။ ယင်းသို့ နေထိုင်၍ ကာလအတန်ကြာသောအခါ မိဘနှစ်ပါး ကွယ်လွန်သွားကြသဖြင့် ပစ္စည်းဥစ္စာ အားလုံးနှင့် လုပ်ငန်းဆောင်တာ အရပ်ရပ်တို့ကို ပိပ္ပလိတို့ ဇနီးမောင်နှံကပင် လုံးဝ တာဝန်ယူကာ စီမံအုပ်ချုပ်ကြရလေသည်။ သူတို့ပိုင်သော ပစ္စည်းများတွင် ကျယ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



သော လယ်ယာမြေများ၊ များပြားသော ကျွဲနွားများနှင့် ကျေးကျွန် အမှုလုပ်များ ပါဝင်လေသည်။

တစ်နေ့သ၌ ပိပ္ပလိသည် ကျွန်အမှုလုပ်တို့အား ညွှန်ကြား ဆော်ဩရန်အတွက် လယ်ယာသို့ သွားရောက်ကြည့်ရှုရာ ထွန်ရေးကြောင်းများမှ ပေါ်လာသော ပိုးကောင်များကို ကျီးငှက်များက ထိုးသုတ်စားနေသည်ကို တွေ့မြင်ရလေသည်။ ဤသို့ ကျီးငှက်များက ပိုးကောင်များကို သတ်ဖြတ်စားရာတွင် မည်သူ၌ အပြစ်ရှိသနည်းဟု မေးမြန်းရာ ''အရှင့်သားအတွက် လုပ်ဆောင်ရသော ကိစ္စဖြစ်၍ အရှင့်သားတွင်သာ အပြစ်ရှိပါသည်'' ဟု အမှုလုပ်တို့က ပြောဆိုကြသည်။ ထိုအခါ ပိပ္ပလိကား ''ငါ့ကိုမှီ၍ သတ္တဝါများ ပျက်စီးကြရရှာလေသည်'' ဟူ၍ စိတ်နှလုံး မသာယာခြင်း များစွာ ဖြစ်လေသည်။

လယ်လုပ်သားတို့၏ စကားဖြင့် သံဝေဂကြီးစွာ ရလာသော ပိပ္ပလုလင်သည် အိမ်သို့ပြန်ရောက်သောအခါ ဇနီးဖြစ်သူ ဘဒ္ဒါကာပိလာနီအား ''နှမဘဒ္ဒါ ... ငါသည် လူ့ဘောင်၌ မနေလိုတော့ပြီ၊ ယနေ့ပင် ရဟန်းပြုတော့မည်'' ဟု ပြောဆိုသည်။ ဘဒ္ဒါမှာလည်း ထိုနေ့နံနက်က အိုးကြီးများထဲတွင် ထည့်ထားသော နှမ်းများကို ထုတ်၍ နေလှမ်းလေရာ နှမ်းပိုးများကို ကျီးငှက်တို့ စားသည်ကို မြင်တွေ့ခဲ့ရသဖြင့် အလားတူ သံဝေဂစိတ် ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် သူမက ''အရှင့်သား ... နှမလဲ မောင်ကြီးကဲ့သို့ပင် ရဟန်းပြုလိုပါသည်'' ဟု ပြန်ပြောလေသည်။ ဤသို့ဖြင့် ဇနီးမောင်နှံ နှစ်ဦးတို့သည် တစ်ဦး၏ဆံပင်ကို တစ်ဦးက ရိတ်ပေးပြီး စိတ်တူသဘောတူ ရဟန်းပြုကာ သူတော်သူမြတ်တို့ သီတင်းသုံးရာ ဥရုဝေလ တောအုပ်ဆီသို့ ရှေးရှုထွက်ခဲ့ကြလေသည်။

## လမ်းခွဲကြပြီ

လမ်းဆုံ လမ်းခွ တစ်ခုသို့ ရောက်သောအခါ ရှေ့မှသွားသော ပိပ္ပလိက ရပ်နေပြီး ''နှမဘဒ္ဒါ ... ငါတို့သည် ရဟန်းဘဝ ရောက်လာကြပေပြီ၊ နှစ်ဦး အတူသွားရန် မသင့်တော့ပါ၊ ဤလမ်းကြောင်း နှစ်ခုအနက် သင်ကြိုက်ရာလမ်းကို ရွေးပါ'' ဟု ပြောသည်။

''အရှင်သည် ယောကျ်ားသားဖြစ်၍ လက်ယာလမ်းကို ယူပါ၊ မိန်းမသား ဖြစ်သော နှမက လက်ဝဲလမ်းဖြင့် သွားပါမည်''



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒါကာပိလာနီက တည်ငြိမ်သော အသံဖြင့် လက်အုပ်ချီကာ ဤသို့ ပြောလေသည်။ တဏှာပေမ မဖက်သော်လည်း ဖြူစင်သောမေတ္တာဖြင့် တွယ်တာ မြတ်နိုးခဲ့ကြသော ဇနီးမောင်နှံနှစ်ဦးတို့သည် ဤနည်းအားဖြင့် အပြီးသတ် လမ်းခွဲ လိုက်ကြလေသည်။ လက်ယာဘက်လမ်းဖြင့် ဆက်သွားသော ပိပ္ပလိသည် မကြာမီ ရာဇဂြိုဟ်နှင့် နာလန္ဒ မြို့ကြားရှိ ဗဟုပုတ္တက မည်သော ညောင်ပင်ကြီး အနီးသို့ ရောက်လာသည်။ ညောင်ပင်အောက်သို့ လှမ်းကြည့်လိုက်သောအခါ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်စွာ ထိုင်နေတော်မူသော ဗုဒ္ဓမြတ်စွာကို တွေ့မြင်ရလေ သည်။ ဗုဒ္ဓမြတ်စွာသည် မိမိကို ရည်မှန်းလျက် ပိပ္ပလိ ထွက်လာသည်ကို သိမြင် တော်မူသဖြင့် ဝေဠုဝန်ကျောင်းတောမှ သုံးဂါဝုတ်မျှ ဝေးသော ဤဗဟုပုတ္တက ညောင်ပင်ကြီးအထိ ကြွလာပြီး ကြိုဆိုနေတော်မူခြင်း ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ပိပ္ပလိအား "ဤပုဂ္ဂိုလ် သည် ငါတို့ မှီဝဲဆည်းကပ်ရမည့် ဆရာမြတ်ပင် ဖြစ်ပေလိမ့်မည်" ဟု အကြံ ဖြစ်ပေါ်လာသည်။ သို့ကြောင့် သူသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ရိုသေစွာရှိခိုး ပြီး "အရှင်မြတ်သည် တပည့်တော်တို့ ဆရာဖြစ်ပါသည်၊ တပည့်တော်သည် အရှင်မြတ်၏ တပည့် ဖြစ်ပါသည်" ဟူ၍ လျှောက်ကြားပြီး တပည့်အဖြစ် ခံယူ လေသည်။ ဗုဒ္ဓမြတ်စွာကလည်း "ကဿပ လာခဲ့ပါ၊ သင့်ကို ငါ အမွေ ပေးပါ မည်" ဟု မိန့်ကြားပြီး ကြိုဆိုလက်ခံတော်မူလိုက်သည်။

ဗုဒ္ဓမြတ်စွာက ပိပ္ပလိကို 'ကဿပ' ဟု ခေါ်တော်မူခြင်းမှာ မျိုးရိုးအမည် အားဖြင့် ခေါ်တော်မူခြင်း ဖြစ်၏။ ထိုအချိန်မှစ၍ပင် ပိပ္ပလိအမည် ပျောက်သွား ပြီး ကဿပ ဆိုမဟုတ် မဟာကဿပ ဟူသော အမည် ထင်ရှားလာလေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရှင်မဟာကဿပအား သုံးခွန်းသော သြဝါဒ စကားများကို မိန့်ကြားတော်မူသည်။

"ကဿပ၊ သင်သည် အမျိုးဇာတ်အားဖြင့် မြင့်မြတ်သူဖြစ်၏။ ထို့ကြောင့် သီတင်းသုံးဖော်တို့ အပေါ်၌ ထက်သန်သော ရှက်ခြင်းကြောက်ခြင်းကို ဖြစ်စေရန် အားထုတ်ရမည်။ ကဿပ သင်သည် များသော အကြားအမြင်ရှိသူဖြစ်၏။ ထို့ကြောင့် ကုသိုလ်နှင့် စပ်သော တရားတို့ကို ရိုသေစွာ နာယူရန် အားထုတ်ရမည်။ ကဿပ သင်သည်ရုပ်အဆင်းတင့်တယ်သူဖြစ်၏၊ ထို့ကြောင့် ကာယဂတာ သတိကို စွဲစွဲမြဲမြဲ ပွားများရမည်"



www.burmeseclassic.com

www.burmeseclassic.com



## သင်္ကန်းလဲလှယ်ခြင်း

ဗုဒ္ဓမြတ်စွာ၏ ဩဝါဒ သုံးရပ်ကို အရှင်မဟာကဿပက ဝမ်းမြောက်စွာ ခံယူသည်။ ဤဩဝါဒ သုံးရပ်ကို ခံယူခြင်းဖြင့်ပင် ဗုဒ္ဓက သူ့ကို ရဟန်းအဖြစ် အသိအမှတ် ပြုတော်မူလိုက်သည်။ ထို့နောက် ဗုဒ္ဓရှင်တော်မြတ်သည် နေရာမှထ၍ ရာဇဂြိုဟ်ပြည်ဘက်သို့ ပြန်ကြွတော်မူရာ အရှင်ကဿပက နောက်တော်မှ ထက်ကြပ်မကွာ လိုက်ပါလာသည်။ ခရီးအတန်ငယ်ပေါက်၍ အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာက ထိုင်လိုသော အမူအရာကို ပြတော်မူသည်။ အရှင်ကဿပက မိမိ ပခုံးတွင် တင်လာသော ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးသည်။ ဗုဒ္ဓမြတ်စွာသည် ထိုအခင်းပေါ်၌ ထိုင်တော်မူပြီး ခင်းထားသော ဒုကုဋ် သင်္ကန်းကို လက်ဖြင့် သုံးသပ်တော်မူလျက် "ကဿပ၊ သင်၏သင်္ကန်းသည် နူးညံ့လှပေ၏" ဟု မိန့်ကြားတော်မူသည်။ ထိုအခါ အရှင်မဟာကဿပက ဝမ်းမြောက်ဝမ်းသာဖြင့် "အရှင်ဘုရား ... တပည့်တော်ကို ချီးမြှောက်သောအားဖြင့် ဤသင်္ကန်းကို အလှူခံတော်မူပါ" ဟု လျှောက်ကြားလေသည်။

"ကဿပ ... သင့်သင်္ကန်းကို ငါ အလှူခံလျှင် သင်က ဘယ်သင်္ကန်းကို ဝတ်ရုံမလဲ"

"အရှင်ဘုရား၏ ပခုံးထက်မှ သင်္ကန်းကြီးကို သနားတော်မူလျှင် တပည့်တော် ဝတ်ရုံပါမည် ဘုရား"

ဤသို့ဖြင့် ဗုဒ္ဓမြတ်စွာသည် မိမိ၏ ပခုံးထက်မှ ဒုကုဋ် သင်္ကန်းဟောင်းကြီးကို ရှင်မဟာကဿပအား ပေး၍ သင်္ကန်း အလဲအလှယ်ပြုတော်မူသည်။ ထိုသင်္ကန်းဟောင်းကြီးမှာ ပုဏ္ဏာမည်သော ကျွန်မ၏ အလောင်းကောင်မှ လောက်ကောင်များကို ဖယ်ရှား၍ ကိုယ်တိုင် ကောက်ယူခဲ့သော ပိုက်ဆံလျှော် သင်္ကန်းကြီးဖြစ်သည်။ အမြင်အားဖြင့် ကြမ်းတမ်းလှသော်လည်း ဂုဏ်အားဖြင့် ကြီးမြတ်လှသောကြောင့် သာမန်ပုဂ္ဂိုလ်တို့နှင့် ထိုက်တန်သော သင်္ကန်း မဟုတ်ပေ။ ဤသင်္ကန်းကြီးကို ရှင်မဟာကဿပအား ပေးခြင်းမှာ အကျင့်သိက္ခာအရာတွင် စံပြဖြစ်ပြီး သာသနာတော်၏ အကျိုးကို စွမ်းလွန်းတမံ ဆောင်ရွက်မည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သိမြင်တော်မူသောကြောင့် ဖြစ်ပေသည်။

စာယဉ်ဦးစာပေ



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ သင်္ကန်းချင်းလဲလှယ်ပြီးနောက် ဗုဒ္ဓရှင်တော်မြတ်စွာသည် ရှင်မဟာကဿပကို ဝေဠုဝန်ကျောင်းတော်သို့ ခေါ်သွားတော်မူလေသည်။

ရှင်မဟာကဿပသည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာထံ၌ ဓုတင်အကျင့် (၁၃)ပါးကို ဆောက်တည်ပြီး ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်တော်မူသည်။ သို့အားဖြင့် ခုနစ်ရက်မျှသာ ပုထုဇဉ်အဖြစ်၌ တည်ပြီး ရှစ်ရက်မြောက်နေ့ အရုဏ်တက်ချိန်တွင် ပဋိသံဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ရှင်မဟာကဿပသည် ဓုတင်အကျင့် (၁၃)ပါးကို ကိုယ်တိုင်ကျင့်ရုံသာမက ဓုတင်အကျင့်ကို ကျင့်ခြင်း၏ ဂုဏ်ကျေးဇူးကို အမြဲမပြတ် ဟောကြားလေ့ရှိသည်။ တစ်ပါးသော ရဟန်းများအား ဓုတင်အကျင့်ကို ကျင့်ရန် တိုက်တွန်းလေ့ရှိသည်။ အသက်အရွယ် ကြီးရင့်လာသဖြင့် လေးလံသော ပံသုကူ သင်္ကန်းကြီးများကို မဆောင်ဘဲ ဒါယကာတို့ လှူဒါန်းသည့် ပေါ့ပါးသော သင်္ကန်းများကို ဆောင်ရန် ဗုဒ္ဓမြတ်စွာက ရှင်မဟာကဿပကို တိုက်တွန်းတော်မူဖူးသည်။ သို့သော် အရှင်မဟာကဿပက ပံသုကူဓုတင် စသော ဓုတင်(၁၃)ပါးကို ရှာသက်ပန် ဆောင်သွားလိုပါကြောင်း ပြန်ကြားလျှောက်တင်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် နောင်အခါ၌ ရှင်မဟာကဿပအား 'ဓုတင်အကျင့်ကို ကျင့်ကြံ ဟောကြားသော ရဟန်းတို့တွင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်၏' ဟူသော 'ဓုတင်္ဂဧတဒဂ်' ကို ပေးတော်မူခဲ့လေသည်။[၁]

## တွယ်တာခြင်းမရှိ

ရှင်မဟာကဿပသည် ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ရသမျှနှင့် တင်းတိမ်ရောင့်ရဲလေ့ရှိသည်။ ပစ္စည်းလေးပါး၌သော်လည်းကောင်း၊ ထိုပစ္စည်းလေးပါးကို ပေးလှူသူ ဒါယကာဒါယိကာမတို့အပေါ်၌သော်လည်းကောင်း သံယောဇဉ် ထားလေ့မရှိ။ သို့ရာတွင် အရှင်မြတ်သည် ဤကိစ္စနှင့် ပတ်သက်၍ အချို့သော ရဟန်းတို့၏ ကွဲရဲ့ပြစ်တင် အထင်မှားခြင်းကို တစ်ခါက ခံခဲ့ရဖူး၏။ ထိုအချိန်က ဗုဒ္ဓမြတ်စွာ

၁။ နိဒါနဝဂ်၊ ကဿပသံယုတ် အဋ္ဌကထာနှင့် အင်္ဂုတ္တရ နိကာယ ဧတဒဂ္ဂဝဂ် အဋ္ဌကထာ။

www.burmeseclassic.com



သည် ရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူပြီးနောက် ဒေသစာရီ ကြွချီတော်မူမည်ဖြစ်ကြောင်း ရဟန်းတို့အား ကြိုတင်မိန့်ကြားတော်မူသည်။ ရဟန်းတို့သည် ခရီးမထွက်မီ သပိတ်ဖုတ်ခြင်း၊ သင်္ကန်းချုပ်ခြင်း စသော ပြဖွယ်ကိစ္စများကို အသီးသီး ပြုလုပ်ကြသည်။ ထိုအခါ ရှင်မဟာကဿပသည်လည်း သင်္ကန်းဖွပ်လျှော်ခြင်းအမှုကို ပြုလုပ်လေသည်။

ရှင်မဟာကဿပ သင်္ကန်းဖွပ်သည်ကိုမြင်လျှင် အချို့သော ရဟန်းတို့က "ရာဇဂြိုဟ်ပြည်မှာ ဆွေမျိုးတွေ တပည့်တွေ အလွန်ပေါတဲ့ ရှင်မဟာကဿပ မထေရ်ဟာ သင်္ကန်းဖွပ်နေပေမယ့် ဒီပြည်ကတော့ ဘယ်ကိုမှ ထွက်နိုင်မှာ မဟုတ်ပါဘူး" ဟူ၍ ဝေဖန်ပြောဆိုကြသည်။ ဗုဒ္ဓမြတ်စွာ ခရီးထွက်တော်မူသောအခါ ဝေဠုဝန်ကျောင်းတော်၌ ရဟန်းတစ်ပါးမျှ မကျန်ဘဲ အချည်းနှီး ဖြစ်မနေစေရန် "ကဿပ ... သင်သည် ဤရာဇဂြိုဟ်ပြည်မှာပင် နေခဲ့ပါ" ဟု ဗုဒ္ဓက မိန့်ကြားတော်မူသည်။ ဤသို့ဖြင့် ရှင်မဟာကဿပသည် ဒေသစာရီ ကြွချီရာသို့ လိုက်ပါခွင့်မရဘဲ ဗုဒ္ဓ၏ အမိန့်တော်အရ ဝေဠုဝန်ကျောင်း၌ပင် တပည့် ပရိသတ်နှင့်အတူ နေခဲ့ရသည်။

ထိုအခါ စောစောက ဝေဖန်ပြောဆိုခဲ့ကြသော ရဟန်းများက သူတို့ ထင်မြင်ချက် မှန်နေပြီဟု တစ်ထစ်ချ မှတ်ယူသွားကြသည်။ "ရှင်မဟာကဿပသည် မိမိ၏ ဆွေမျိုးများ၊ တပည့် ဒါယကာများကို မခွဲခွာနိုင်၍ ရာဇဂြိုဟ်ပြည်တွင် နေရစ်ခဲ့သည်" ဟု စကားကို ဖြစ်စေကြသည်။ ထိုစကားကို ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် အထင်အမြင် လွဲမှားနေသော ရဟန်းများ အမြင်မှန်ရစေရန် ရှင်းလင်း မိန့်ကြားတော်မူရသည်။

"ရဟန်းတို့ ... ကောင်းကင်၌ ထွန်းပသော လမင်းသည် တစ်စုံတစ်ခုသော အရာ၌ ကပ်ငြိခြင်း မရှိဘိသကဲ့သို့ ကဿပသည်လည်း ပစ္စည်းလေးပါးတို့၌ လည်းကောင်း၊ ထိုပစ္စည်းလေးပါးကို ပေးလှူသော ဒါယကာတို့၌ လည်းကောင်း ကပ်ငြိတွယ်တာခြင်း စိုးစဉ်းမျှမရှိပေ"[၁]

---

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ၇-အရဟန္တဝဂ်၊ မဟာကဿပတ္ထေရ ဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



## နတ်တို့ကြည်ညို

ရှင်မဟာကဿပသည် ပစ္စည်းလေးပါးကို ရသမျှနှင့် ရောင့်ရဲတင်းတိမ်ပြီး ဈာန်သမာပတ် ချမ်းသာဖြင့် အခါမလပ် နေတော်မူလေ့ရှိသည်။ ထို့ကြောင့် "ရဟန်းတို့ ... ငါဘုရားသည် အကြင်မျှလောက် ဈာန်သမာပတ်ကို ဝင်စား၍ နေနိုင်၏၊ ကဿပသည်လည်း ထိုမျှလောက်ပင် ဈာန်သမာပတ်ကို ဝင်စား၍ နေနိုင်ပေ၏" ဟူ၍ ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်က ထုတ်ဖော် ချီးကျူးတော်မူခဲ့သည်။[၁] ခုတင် တစ်ဆယ့်သုံးပါးကိုလည်း ရာသက်ပန် ကျင့်သုံး ဆောက်တည်ခဲ့သည်။ ဤသို့ ခေါင်းပါးသော အကျင့်ဖြင့် ဈာန်သမာပတ်ကို မပြတ်မလပ် ဝင်စားနေလေ့ရှိသော အရှင်မြတ်အား လူသားများသာမက နတ်သား နတ်သမီးတို့ကပင် ကြည်ညိုမြတ်နိုးကြသည်။ တာဝတိံသာမှ နတ်သမီးတစ်ပါးသည် အရှင်မြတ်၏ ကျောင်းသို့ လာ၍ တံမြက်လှည်း၊ သောက်ရေ သုံးရေ တည်ခြင်း စသော ဝတ်ကြီးဝတ်ငယ်များကို ပြုစုပေးခဲ့သည်။ မထေရ်က ယင်းသို့ မပြုလုပ်ရန် ပိတ်ပင်တားဆီးသော အခါ ဝမ်းနည်း ကြေကွဲစွာဖြင့် ပြန်သွားရရှာသည်။[၂] သိကြားမင်းနှင့် နတ်သမီးငါးရာတို့သည်လည်း နိရောဓသမာပတ်မှ ထလာသော ရှင်မဟာကဿပအား ဆွမ်းလောင်းလှူခွင့်ရရန် အားထုတ်ခဲ့ကြသည်။[၃]

## ဆုံးမသင့်သူကို ဆုံးမ

"ကဿပ ... သင်သည် ရဟန်းတို့အား ဆုံးမပါ၊ တရားစကားကို ဟောကြားပါ" ဤသို့ ဗုဒ္ဓကိုယ်တိုင်က တိုက်တွန်းခြင်းခံရသော ရှင်မဟာကဿပသည် သွန်သင် ဆုံးမသင့်သူများကို မထောက်မညာ ဆုံးမတော်မူခဲ့သည်။ မထေရ်၏ အတွင်းနေ တပည့်ဖြစ်သော ရဟန်းငယ်တစ်ပါးသည် ဝတ်ကြီးဝတ်ငယ်များကို သူကိုယ်တိုင် မဆောင်ရွက်ဘဲ ဆောင်ရွက်ဘိ သကဲ့သို့ လှည့်စားဟန်ဆောင်ခဲ့သည်။ မထေရ်က ယင်းသို့ မပြုရန် သတိပေး ဆုံးမသောအခါ မခံမရပ်နိုင်ဖြစ်ပြီး မထေရ်၏ ကျောင်းကို မီးရှို့ထွက်ပြေးသည်။ သူတော်ကောင်းတို့၏ ကျေးဇူးဂုဏ်ကို မသိနားမလည်သော ထိုရဟန်းငယ်သည် သေလွန်သောအခါ အဝီစိငရဲသို့ ကျရောက်လေသည်။[၄]

---

၁။ ကဿပသံယုတ်၊ ဈာနာဘိညသုတ်။

၂။ ဓမ္မပဒ အဋ္ဌကထာ၊ ၉-ပါပဝဂ်၊ လာဇဒေဝဓီတာ ဝတ္ထု။

၃။ ဓမ္မပဒ အဋ္ဌကထာ၊ ၄-ပုပ္ဖဝဂ်၊ ၁၀-မဟာကဿပတ္ထေရ ပိဏ္ဍပါတဒိန္နဝတ္ထု။

၄။ ဓမ္မပဒ အဋ္ဌကထာ၊ ၅-ဗာလဝဂ်၊ ၂-မဟာကဿပတ္ထေရ သဒ္ဓိဝိဟာရိက ဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ရှင်အာနန္ဒာ၏တပည့် ရဟန်းတစ်ပါးနှင့် ရှင်အနုရုဒ္ဓါ၏ တပည့် ရဟန်းတစ်ပါးတို့သည် ပညာပြိုင်နေသည်ကို ရှင်မဟာကဿပ တွေ့မြင်သည်။ ထိုရဟန်းများသည် မိမိ၏စကားကို နာယူကြမည်မဟုတ်ကြောင်း သိရှိသဖြင့် ဗုဒ္ဓထံ သွားရောက် လျှောက်ကြားသည်။ ဗုဒ္ဓက ချက်ချင်း ခေါ်၍ ဆုံးမတော်မူရာ ထိုရဟန်း နှစ်ပါးသည် မိမိတို့ အမှားကို ဝန်ခံ၍ တောင်းပန် ကန်တော့သွားကြသည်။

## ဆင်ကောင်ကြီးကို ထန်းလက်ဖြင့် ဖုံးသူ

ရှင်မဟာကဿပသည် ရဟန်းငယ်များကိုသာ ပြောဆို ဆုံးမလေ့ရှိသည် မဟုတ်။ ရှင်အာနန္ဒာကဲ့သို့သော မထေရ်များကိုပင် ဆုံးမသင့်က ဆုံးမသည်။ တစ်ခါက ရှင်အာနန္ဒာသည် နောက်လိုက် ရဟန်းများစွာတို့နှင့်အတူ ဒက္ခိဏာဂီရိ ဇနပုဒ်သို့ ကြွသွားသည်။ နောက်လိုက် ရဟန်းများတွင် ပဉ္စင်းဖြစ်စ ရဟန်းငယ် သုံးဆယ်တို့လည်း ပါဝင်ကြသည်။ ဣန္ဒြေကို စောင့်စည်းထိန်းသိမ်းမှုမရှိသော ရဟန်းငယ်တို့သည် လမ်းခရီးတွင် ဝိသဘာဂ အာရုံနှင့် တွေ့ကြုံသဖြင့် တစ်ပါးမကျန် လူထွက်သွားကြသည်။

ဤအကြောင်းကို ရှင်မဟာကဿပ ကြားသိလျှင် ရှင်အာနန္ဒာကို "ဒီကောင် ကလေးဟာ ဘာမျှ မသိတတ်သေးပါကလား" ဟူ၍ ပြောဆို ဆုံးမတော်မူသည်။ အမှန်စင်စစ် ထိုအချိန်တွင် ရှင်အာနန္ဒာမှာ ခေါင်းမှဆံပင်များ ဖွေးဖွေးဖြူနေသော ရဟန်းအိုကြီးပင် ဖြစ်နေပြီ။ အကျွမ်းတဝင် ခင်မင်ရင်းနှီးသူဖြစ်၍သာ ရဟန်းငယ် ကလေး တစ်ပါးကဲ့သို့ "ဒီကောင်ကလေး" ဟူ၍ သုံးနှုန်းပြောဆိုလိုက်ခြင်း ဖြစ်ပေသည်။ ဤသို့ ပြောဆိုခြင်းကို ရှင်အာနန္ဒာကလည်း ကျေကျေနပ်နပ်ပင် ခံယူခဲ့သည်။ "တပည့်တော်ကတော့ ခေါင်းက ဆံပင်ဖြူတဲ့အထိ 'ဒီကောင် ကလေး' လို့ အပြောခံရတဲ့ဘဝက မလွတ်သေးပါ ဘုရား" ဟူ၍ ပြန်လည် လျှောက် ကြားခဲ့လေသည်။

သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ "မြင်းကမလှုပ် ခုံကလှုပ်" သည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ ရှင်အာနန္ဒာအား ရှင်မဟာကဿပက "ကောင် ကလေး" ဟု ပြောဆို ဆုံးမခဲ့သည့် သတင်းသည် ဘိက္ခုနီမများ အတွင်းသို့ ပျံ့နှံ့သွားသည်။ ဘိက္ခုနီမများ အတွင်း၌ ရှင်အာနန္ဒာအား ပုဂ္ဂိုလ်စွဲ ကြည်ညိုနေသူ



www.burmeseclassic.com

www.burmeseclassic.com



အချို့ရှိရာ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "တိတ္ထိဂိုဏ်းဝင်ဖြစ်ဖူးသော ရှင်မဟာကဿပက ရှင်အာနန္ဒာကို ကောင်ကလေးဟု ဆိုဆုံးမလေဘိ၏" ဟူ၍ ပြစ်တင်ရှုတ်ချလေသည်။

ထိုစကားကို ရှင်မဟာကဿပ ကြားသိလျှင် ထုလ္လနန္ဒာ ဘိက္ခုနီမအား တိုက်ရိုက်ဆိုဆုံးမရန် မသင့်လျော်သဖြင့် ရှင်အာနန္ဒာကို ခေါ်၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

"အာနန္ဒာ ... သင်၏ တပည့်ဖြစ်သော ထုလ္လနန္ဒာ ဘိက္ခုနီမသည် စကားကို မဆင်မခြင် ပြောဘိ။

"အာနန္ဒာ ... ငါသည် ရဟန်းပြုသည့်အချိန်မှစ၍ ဗုဒ္ဓမြတ်စွာမှ တစ်ပါး အခြားသူကို ဆရာဟူ၍ မရည်ညွှန်းခဲ့ဘူးပေ၊ ငါသည် ရဟန်းပြုပြီးနောက် ခုနစ်ရက်မျှသာ ပုထုဇဉ်အဖြစ်ဖြင့် ပြည်သူတို့၏ ဆွမ်းကို သုံးဆောင်ခဲ့၏၊ ရှစ်ရက်မြောက်သောနေ့၌ အရဟတ္တဖိုလ်ကို ရရှိခဲ့၏၊ ငါ၏ အသိထူးအမြင်ထူးကို ဖုံးကွယ်သူသည် ခုနစ်တောင် ရှစ်တောင်ခန့် မြင့်သော ဆင်ကောင်ကြီးကို ထန်းလက်ဖြင့် ဖုံးဖိရန် ကြိုးစားသူကဲ့သို့ ဖြစ်ချေသည်"[၁]

ထုလ္လနန္ဒာ ဘိက္ခုနီမသည် ယခုတစ်ကြိမ်သာ မဟုတ်။ ယခင်ကလည်း ရှင်မဟာကဿပအား ကဲ့ရဲ့စကား ဆိုခဲ့ဖူးသည်။ တစ်နေ့တွင် ရှင်အာနန္ဒာ၏ ပင့်ဖိတ်ချက်အရ ရှင်မဟာကဿပသည် ဘိက္ခုနီမများ ကျောင်းတိုက်သို့ လိုက်၍ ဘိက္ခုနီများအား တရားစကား ဟောပြောခဲ့သည်။ ထိုအခါ ထုလ္လနန္ဒာက "ရှင်အာနန္ဒာလို ပုဂ္ဂိုလ်ကြီးရှေ့မှာ ရှင်မဟာကဿပက တရားဟောတယ်ဆိုတော့ အပ်လုပ်သူကို အပ်ပြန် ရောင်းသလိုဖြစ်နေပြီ" ဟူ၍ ကဲ့ရဲ့ ပြောဆိုခဲ့သည်။ ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်က သိမြင်ကျင့်သုံးမှုအရာတွင် မိမိနှင့် တန်းတူရည်တူပြုကာ ချီးကျူးခြင်းခံရသော ပုဂ္ဂိုလ်ကြီးအား စော်ကားမော်ကားပြောဆိုသော ထုလ္လနန္ဒာ ဘိက္ခုနီမကား မိုက်မဲလှ၏။ သို့သော် သူမသည် သာသနာတော်၌ သက်ဆိုးမရှည်ချေ။ ကြီးလေးသော ဝိနည်း ဥပဒေတစ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် ဘိက္ခုနီဘဝမှ လျှောကျသွားလေသည်။[၂]

---

၁။ ကဿပယုယုတ်၊ စီဝရသုတ်။

၂။ ကဿပသံယုတ်၊ ဥပဿယသုတ်။

www.burmeseclassic.com



## ရာသက်ပန် ကျင့်သုံးရေး

တောကျောင်း၌ အမြဲနေခြင်း၊ ပင့်ဖိတ်သောဆွမ်းကို လက်မခံဘဲ ဆွမ်းခံ၍ ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်း၊ သုံးထည်သော သင်္ကန်းကိုသာ သုံးဆောင်ခြင်း စသည့် ဓုတင်ကျင့်ဝတ်များကို ရာသက်ပန် ကျင့်သုံးဆောက်တည်နေသော ရှင်မဟာကဿပအား ဗုဒ္ဓမြတ်စွာက တစ်ချိန်တွင် ဤသို့ မိန့်ကြားတော်မူခဲ့သည်။

"ကဿပ … သင်သည် ယခု အသက်အရွယ်ကြီး၍ အိုမင်းပြီ၊ သင်၏ ပံသုကူသင်္ကန်းများသည် လေးလံကုန်၏၊ ဒါယကာတို့လှူသော သင်္ကန်းကို ဝတ်ဆင်ပါ၊ ပင့်ဖိတ်သော ဆွမ်းများကိုလည်း သုံးဆောင်ပါ၊ ငါဘုရား၏ အနီးအနားမှာပင် နေပါ"

ထိုအခါ ရှင်မဟာကဿပက သူသည် တောကျောင်း၌နေခြင်း၊ ဆွမ်းခံ၍သာ စားခြင်း စသော ကျင့်ဝတ်များကို ကာလကြာမြင့်စွာ ကျင့်သုံးခဲ့ပြီး ယင်းသို့ ကျင့်သုံးခြင်း၏ အကျိုးကျေးဇူးကိုလည်း ချီးကျူးပြောဆိုလေ့ရှိသူ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤကျင့်ဝတ်များကို ရာသက်ပန် ကျင့်သုံးသွားလိုပါကြောင်း လျှောက်တင်သည်။

"ကဿပ … သင်သည် မည်ကဲ့သို့သော အကျိုးကျေးဇူးကို မြော်မြင်၍ ထိုအကျင့်များကို ကျင့်သုံးသနည်း"

"အရှင်ဘုရား … တပည့်တော်သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေလိုခြင်း၊ နောင်သား နောင်လာများလည်း အတုယူကြစေလိုခြင်းဟူသော အကျိုးနှစ်ပါးကို မြော်မြင်၍ ထိုအကျင့်များကို ကျင့်သုံးခြင်းဖြစ်ပါသည် ဘုရား"

"ကဿပ … ကောင်းပေစွ၊ ကောင်းပေစွ၊ သင်သည် လူအများ၏ အကျိုးစီးပွားကို ကျင့်ဆောင်သူဖြစ်ပေ၏၊ သင်သည် အသက်ထက်ဆုံး ထိုကျင့်ဝတ်တို့ကို ကျင့်သုံးပါလော့"[၁]

## နောက်ဆုံးတာဝန်

ဤသို့ဖြင့် ရှင်မဟာကဿပသည် ဓုတင်တစ်ဆယ့်သုံးပါးကို အသက်ထက်ဆုံး ကျင့်ဆောင်ကာ ဗုဒ္ဓမြတ်စွာ၏ စံပြတပည့် သာဝကကြီးအဖြစ် ရပ်တည်ခဲ့သည်။

---

၁။ ကဿပသံယုတ်၊ ဇိဏ္ဏသုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် စံဝင်သော အချိန်တွင်မူ ရှင်မဟာကဿပသည် ရဟန်းငါးရာနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွသွားတော်မူသည်။ လမ်းခရီးတွင် သစ်ပင်ရိပ်တစ်ခု၌ အနားယူနေစဉ် ကုသိနာရုံပြည်ဘက်မှလာသော တက္ကတွန်းတစ်ယောက်ကို တွေ့မြင်၍ သတင်းမေးမြန်းရာ ထိုတက္ကတွန်းက ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်စံသည်မှာ ခုနစ်ရက်ရှိပြီဖြစ်ကြောင်း ပြောကြားလေသည်။

ထိုအခါ များစွာသော ရဟန်းတို့သည် ဝမ်းပန်းတနည်း ငိုကြွေးကြသည်။ သုဘဒ္ဒ အမည်ရှိသော တောထွက် ရဟန်းကြီးကမူ ''ငါ့ရှင်တို့ ... မငိုကြပါနဲ့၊ ရဟန်းဂေါတမသည် ငါတို့ကို ဘာမလုပ်ရ ညာမလုပ်ရ စသည်ဖြင့် ဖိနှိပ်ချုပ်ချယ်နေသူဖြစ်၏၊ ယခု သူ မရှိလျှင် ငါတို့ လွတ်လပ်ပြီ၊ လုပ်ချင်ရာ လုပ်ကြရတော့မည်'' ဟု ပြောဆိုလေသည်။ ထိုစကားကို ရှင်မဟာကဿပ ကြားလျှင် ပြင်းစွာ ထိတ်လန့်တုန်လှုပ်သွားလေသည်။ ဗုဒ္ဓမြတ်စွာ၏အလောင်းတော် မြေသို့မကျမီမှာပင် ဤကဲ့သို့ ပြောဆိုသူ ရှိလာသဖြင့် သာသနာတော်၏ နောင်ရေးမှာ ရင်လေးဖွယ် ကောင်းလှကြောင်း စဉ်းစား ဆင်ခြင်မိသည်။ ထို့ကြောင့် ''ထိုကဲ့သို့သော ဘေးအန္တရာယ်များကို ကာကွယ် တားဆီးနိုင်ရေးအတွက် ဗုဒ္ဓတရားတော်များကို အခိုင်အမာ စုစည်းထားမှ ဖြစ်လိမ့်မည်'' ဟူ၍ သန္နိဋ္ဌာန် ချမှတ်ခဲ့လေသည်။

ယင်းသို့ သန္နိဋ္ဌာန်ချမှတ်ပြီး ခရီးဆက်ခဲ့ရာ ဗုဒ္ဓအလောင်းတော်အား မီးသင်္ဂြိုဟ်ခြင်းမပြုမီ ကုသိနာရုံပြည်သို့ ရောက်သွားသည်။ အလောင်းတော်အား မီးသင်္ဂြိုဟ်ခြင်းကိစ္စ ပြီးစီးသောအခါ ရှင်မဟာကဿပသည် သံဃာအစည်းအဝေး၌ မိမိတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို တင်ပြပြီး ဗုဒ္ဓတရားတော်များကို အခိုင်အမာ စုစည်းထားရန် လိုအပ်ကြောင်း အကြံပြုလေသည်။ ထိုအကြံပြုချက်အရ သံဃာ အစည်းအဝေးကြီးမှ ရဟန္တာငါးရာကို ရွေးချယ်၍ ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓတရားတော်များကို စုစည်းမှတ်တမ်းတင်ပွဲကြီး ကျင်းပရန် ဆုံးဖြတ်လိုက်ကြသည်။ ပထမ သံဂါယနာဟု ခေါ်သော ထိုမွေသဘင်ပွဲကြီး၏ အကြီးအမှူး ဦးစီးနာယကကား ရှင်မဟာကဿပ မထေရ်ကြီးပင် ဖြစ်ပေသတည်း။

(၇။ အရဟန္တဝဂ်၊ ၂-မဟာကဿပတ္ထေရ ဝတ္ထုနှင့် အခြား သက်ဆိုင်ရာ ဝတ္ထုများကို ပေါင်းစပ် ရေးသားပါသည်)

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသော မန္တန်ရှင်

ရာဇဂြိုဟ်ပြည်မှ ဝံဂီသ အမည်ရှိသော ပုဏ္ဏားပျိုသည် ထူးဆန်းသော မန္တန်တစ်ခုကို တတ်မြောက်သည်။ ထိုမန္တန်ကို ရွတ်ဆို၍ သေလွန်သူတို့၏ ဦးခေါင်းခွံကို လက်ဖြင့် ခေါက်ကြည့်ပါက "ဤသူသည် နတ်ပြည်သို့ ရောက်နေ၏၊ ဤသူကား ငရဲပြည်သို့ ရောက်နေ၏" စသည်ဖြင့် ပြောနိုင်သည်။

ရပ်နီး ရပ်ဝေးမှ များစွာသော လူတို့သည် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့၏ ဦးခေါင်းခွံများကို ယူဆောင်၍ ဝံဂီသထံသို့ နေ့စဉ်မပြတ် လာရောက်မေးမြန်းကြလေသည်။ ဝံဂီသ၏ မိခင်မှာ ဝေဒငါးရာကို တတ်မြောက်သော ပရိဗိုဇ်မတစ်ပါးဖြစ်သည်။ သူမသည် ဇမ္ဗူဒီပ်ကျွန်း၌ လှည့်လည်၍ မိမိနှင့် ဝါဒပြိုင်ဝံ့သူကို ရှာဖွေစဉ် ရာဇဂြိုဟ်ပြည်၌ ပရိဗိုဇ် ရဟန်းတစ်ပါးနှင့် တွေ့ဆုံ၍ ဝါဒပြိုင်ပွဲကျင်းပကြရာ ထိုပရိဗိုဇ်က အနိုင်ရရှိခဲ့သည်။

ထိုခေတ်က ဓလေ့ထုံးစံအတိုင်း ပရိဗိုဇ်မသည် အနိုင်ရရှိသော ပရိဗိုဇ်၏ ခြေရင်း အလုပ်အကျွေးဘဝကို ခံယူရလေသည်။ ဤသို့ ပညာရှင် ပရိဗိုဇ်နှစ်ပါး ပေါင်းသင်းနေထိုင်ရာမှ ဝံဂီသကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ ဝံဂီသသည် ငယ်ရွယ်စဉ် အချိန်မှစ၍ မိခင်ဘက်မှ ဝေဒငါးရာနှင့် ဖခင်ဘက်မှ ဝေဒငါးရာကို သင်ယူလေ့လာခဲ့သဖြင့် ဝေဒ တစ်ထောင်ကိုလည်း တတ်မြောက်ခဲ့လေသည်။ ထိုအခါ ပုဏ္ဏားတို့သည် 'ဤလုလင်ကို မှီ၍ အသက်မွေးကြကုန်အံ့' ဟု ကြံ၍ ဝံဂီအား အနီရောင်အဝတ်နှစ်ထည်ကို ဝတ်စေပြီး လှည်းယာဉ်ငယ်၌ တင်ဆောင်ကာ ထိုထိုမြို့ရွာများ



www.burmeseclassic.com

www.burmeseclassic.com



သို့ လှည့်လည်ကြသည်။ ရောက်ရာအရပ်၌ "ဝံဂီသ မည်သော ဤလုလင်သည် သေလွန်သွားသူတို့၏ ဦးခေါင်းခွံကို ခေါက်ကြည့်ပြီး ထိုသူတို့၏ ဖြစ်ရာအရပ်ကို သိ၏၊ သေလွန်သွားသော မိမိဆွေမျိုးတို့၏ ဖြစ်ရာအရပ်ကို သိလိုလျှင် လာမေးလှည့်ပါ" ဟု ကြေညာလိုက်ကြသည်။ မြို့ခံလူတို့သည် အသပြာငွေနှစ်ဆယ်၊ သုံးဆယ် စသည် ပေးပြီး မိမိတို့ ဆွေမျိုးများ၏ ဖြစ်ရာအရပ်ကို လာမေးကြလေသည်။

သို့အားဖြင့် ဝံဂီသတို့ အဖွဲ့သည် သာဝတ္ထိပြည်သို့ ရောက်လာပြီး ဇေတဝန်ကျောင်းတော် အနီး၌ တည်းခိုနေကြသည်။ သာဝတ္ထိ မြို့သူမြို့သားတို့သည် နံနက်စာ စားပြီးချိန်တွင် ပန်းနံ့သာ စသည် လက်စွဲကုန်လျက် တရားနာရန် ဇေတဝန်ကျောင်းတော်သို့ ထွက်လာကြသည်။ ထိုလူတို့ကို ရာဇဂြိုဟ်မှ လာသော ပုဏ္ဏားတို့က "မိတ်ဆွေတို့ လာကြပါ၊ ဝံဂီသဆိုတဲ့ လုလင်ဟာ သေလွန် သွားသူတွေရဲ့ ဖြစ်ရာအရပ်ကို ပြောပြနိုင်ပါတယ်၊ မိတ်ဆွေတို့ရဲ့ မိဘဆွေမျိုးတွေထဲက သေလွန်သွားသူများရဲ့ ဖြစ်ရာအရပ်ကို မေးလှည့်ကြပါ" ဟု ဖိတ်ခေါ်ကြသည်။

သို့သော် မြို့သူမြို့သားများက ထိုသူတို့၏ ဖိတ်ခေါ်ချက်ကို စိတ်မဝင်စားကြ။ "မိတ်တွေတို့ရဲ့ ဝံဂီသ လုလင်ဟာ ကျွန်ုပ်တို့ရဲ့ မြတ်စွာဘုရား လောက်တော့ ဉာဏ်ပညာရှိမှာ မဟုတ်ပါဘူး" ဟု ပြန်ပြောကြသည်။ ထိုအခါ ဝံဂီသ လုလင်နှင့် အဖော်ပုဏ္ဏားတို့သည် မြတ်စွာဘုရားအကြောင်းကို သိလိုကြသဖြင့် မြို့သူမြို့သားတို့နှင့်အတူ ဇေတဝန်ကျောင်းတော်သို့ လိုက်သွားကြလေသည်။

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာက ဝံဂီသကို "သင်သည် သေလွန်သွားသူတို့၏ ဦးခေါင်းခွံကို ခေါက်ကြည့်ပြီး ထိုသူတို့၏ ဖြစ်ရာဘဝကို သိ၏ဟု ဆိုသည်မှာ မှန်ပါသလော" ဟု မေးတော်မူသည်။ ဝံဂီသက "မှန်ပါသည်" ဟု ဝန်ခံသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ဦးခေါင်းခွံလေးခုကို ပြပြီး ထိုသူတို့၏ ဖြစ်ရာဘဝများကို မေးတော်မူသည်။ ဝံဂီသသည် မန္တန်ကို ရွတ်၍ ဦးခေါင်းခွံတစ်ခုစီကို ခေါက်ကြည့်ပြီး ထိုဦးခေါင်းခွံများသည် လူ့ပြည်၊ နတ်ပြည်၊ ငရဲဘုံနှင့် တိရစ္ဆာန်ဘုံတို့၌ ဖြစ်နေကြသော သူတို့၏ ဦးခေါင်းခွံများ ဖြစ်ကြောင်း အသီးအသီး ဖြေကြားလေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဝံဂီသအား ပဉ္စမမြောက် ဦးခေါင်းခွံကို ပြတော်မူသည်။ ဝံဂီသက ရှေးနည်းတူ မန္တန်ကိုရွတ်၍ ထိုဦးခေါင်းခွံကို ခေါက်ကြည့်သည်။ သို့သော် သူ ဘာမျှမပြောနိုင်၊ မကျေမနပ်ဖြင့် မန္တန်ကို အခေါက်ခေါက် အပြန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ပြီး ဦးခေါင်းခွံကို လက်ဖြင့် အကြိမ်ကြိမ် ခေါက်သည်။ အဖြေကား ထွက်မလာ။ သူ့နဖူးမှ ချွေးသီး ချွေးပေါက်များသာ တဖြိုင်ဖြိုင် ကျလာလေသည်။ ထို့ကြောင့် ထိုဦးခေါင်းခွံ ပိုင်ရှင်၏ ဖြစ်ရာဘဝကို သူ မသိပါကြောင်း ဝန်ခံရလေတော့သည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ထိုဦးခေါင်းခွံ ပိုင်ရှင်သည် ဘဝသုံးပါးမှ လွတ်မြောက်၍ ပရိနိဗ္ဗာန် ပြုသွားပြီဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာ၏ မိန့်ကြားချက်ကို ကြားရသောအခါ ဝင်္ဂီသ လုလင်သည် ပရိနိဗ္ဗာန် စံသွားသော ပုဂ္ဂိုလ်၏ ဦးခေါင်းခွံကို သိနိုင်သော မန္တန်ကို လိုချင်လာသည်။ ထိုမန္တန်ကို သူ့အား သင်ပေးရန် ဗုဒ္ဓမြတ်စွာကို တောင်းပန်လေသည်။ "ရဟန်းပြုမှ သင်ပေးနိုင်မယ်" ဟု ဗုဒ္ဓက မိန့်ကြားတော်မူသည်။ ထိုအခါ ဝင်္ဂီသသည် အဖော် ပုဏ္ဏားများအား တည်းခိုစခန်း၌ သူ ပြန်လာသည်အထိ စောင့်နေကြရန် မှာကြားပြီး ဗုဒ္ဓမြတ်စွာထံ၌ ရဟန်းပြုလိုက်လေသည်။

ဗုဒ္ဓမြတ်စွာသည် ဝင်္ဂီသအား ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သင်ကြားပေးတော်မူသည်။ ထိုကမ္မဋ္ဌာန်းကို လေ့လာအားထုတ်နေစဉ် သူ့အဖော်များက ဝင်္ဂီသကို မကြာခဏ လာခေါ်ကြသည်။ "စောင့်ကြပါဦး၊ မကြာခင် လာခဲ့ပါ့မယ်" ဟု သူက ပြန်ပြောလိုက်သည်။ သုံးလေးရက်ခန့် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို လေ့လာအားထုတ်သောအခါ ဝင်္ဂီသသည် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် အရဟတ္တဖိုလ်ကို ရရှိသွားလေသည်။

အရှင်ဝင်္ဂီသ၏ အဖော်ဖြစ်သော ပုဏ္ဏားတို့သည် ရက်အတော်ကြာသည့်တိုင်အောင် ဝင်္ဂီသ ပြန်မလာသဖြင့် နောက်တစ်ကြိမ် လာခေါ်ကြပြန်သည်။ ထိုအခါတွင်မှ အရှင်ဝင်္ဂီသက "ငါသည် သင်တို့ထံ ပြန်လာထိုက်သူ မဟုတ်တော့ပါ" ဟု ပြောလိုက်လေသည်။ အရှင်ဝင်္ဂီသက ထိုသို့ ပြောလိုက်ကြောင်း သီတင်းသုံးဖော် ရဟန်းများသိကြလျှင် ဗုဒ္ဓမြတ်စွာအား ထိုအကြောင်းကို လျှောက်ကြားကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက -

"အကြင်ပုဂ္ဂိုလ်သည် သတ္တဝါတို့၏ သေခြင်းကိုလည်းကောင်း၊ ပဋိသန္ဓေနေခြင်းကိုလည်းကောင်း အလုံးစုံ သိမြင်၏။ ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာမှု မရှိတော့သော ထိုပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါဆို၏။

"အကြင်ပုဂ္ဂိုလ်၏ လားရာဂတိကို နတ်ရော လူပါ မသိနိုင်ကြကုန်၊ အာသဝေါ ကုန်ခန်းပြီးသော ထိုပုဂ္ဂိုလ်ကို သူတော်စင် ဗြာဟ္မဏဟု ငါဆို၏"

ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဝင်္ဂီသည် ရဟန္တာဖြစ်သည့်အချိန်မှစ၍ ဗုဒ္ဓမြတ်စွာကို အလွန်ကြည်ညို ခဲ့သည်။ ဗုဒ္ဓမြတ်စွာနှင့် အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ စသော မထေရ်ကြီး များကို ဆန်းကြယ်သော ဂါထာအဖွဲ့အနွဲ့တို့ဖြင့် ချီးကျူးပူဇော်လေ့ရှိသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် နောင်အခါ၌ အရှင်ဝင်္ဂီသအား "ဆန်းကြယ်သော စိတ်ကူးဉာဏ် ရှိသော ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်၏" ဟူသော 'ပဋိဘာန ဧတဒဂ်' ဖြင့် ချီးမြှောက်တော်မူလေသည်။

(၂၆။ မြာဟ္မဏဝဂ်၊ ၃၇-ဝင်္ဂီသတ္ထေရ ဝတ္ထု။
သခါထာဒဂ္ဂ ဝင်္ဂီသသံယုတ် ပါဠိအဋ္ဌကထာ၊
အင်္ဂုတ္တရဧတဒဂ္ဂဝဂ် အဋ္ဌကထာနှင့်
ဝင်္ဂီသတ္ထေရ အဋ္ဌကထာတို့ကိုလည်း ရှုနိုင်ပါသည်)

www.burmeseclassic.com

www.burmeseclassic.com

# လေထဲမှ ပန်းဆိုင်းများ

## (၁)

သုမနသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရအား နေ့စဉ် အသပြာငွေ ရှစ်ကျပ်ဖိုးမျှ မြတ်လေးပန်းများကို ဆက်သရသော ပန်းသည်တစ်ဦး ဖြစ်သည်။ တစ်ခုသော နံနက်ခင်း၌ သူသည် ပန်းခြံမှ မြတ်လေးပန်းများကို ခူးယူပြီး မြို့ထဲသို့ ပြန်လာသည်။

မြို့လယ် မင်းလမ်းမကြီးပေါ်သို့ ရောက်သောအခါ ရဟန်းသံဃာပေါင်းများစွာ ခြံရံလျက် ဆွမ်းခံ ကြွလာသော ဗုဒ္ဓမြတ်စွာကို သုမန တွေ့မြင်ရလေသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ၏ကိုယ်မှ ရောင်ခြည်တော်ခြောက်သွယ် ယှက်သွယ် ကွန့်မြူးလျက်ရှိသည်။ နံနက်ခင်းကာလ နေမင်း၏ အလင်းရောင် လွှမ်းမိုး ကွန့်မြူးနေသော ရောင်ခြည်တော်များကြောင့် ဖူးမြင်ရသူတိုင်း ကြည်ညိုသဒ္ဓါပွားၡ၍ မဆုံးအောင် ရှိကြသည်။

ကြည်ညိုဖွယ်ကောင်းလှသော ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရသော သုမနအား တစ်စုံတစ်ခုသော ပစ္စည်းဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ရန် စိတ်ဆန္ဒဖြစ်ပေါ်လာသည်။ သို့ရာတွင် သူ့လက်၌ ဘုရင့်အား ဆက်သမည့် 'ပန်းတော်' များမှ တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



အခြား မည်သည့်ပစ္စည်းမျှ အဆင်သင့်မပါရှိချေ။ ထို 'ပန်းတော်' များဖြင့် ပူဇော်လိုက်ပါကလည်း ပန်းဆက်ရန် တာဝန်ပျက်ကွက်သည့်အတွက် ဘုရင်မင်းမြတ်၏ အပြစ်ပေးခြင်းခံရမည်ကို သူ စိုးရိမ်သည်။ မင်းကေရာဇ်တို့မည်သည် တိုင်းသူပြည်သားတို့၏ အသက်စည်းစိမ် အိုးအိမ်များကို ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ သူတို့ စိတ်မရလျှင် ဘာမဟုတ်သော အပြစ်ကလေးဖြင့်ပင် သေဒဏ် သို့မဟုတ် ပြည်နှင်ဒဏ် ပေးတတ်ကြလေသည်။ ထို့ကြောင့် သူ့လက်ထဲမှ ပန်းများဖြင့် ဗုဒ္ဓမြတ်စွာအား ပူဇော်ရန် သူ မဝံ့မရဲ ဖြစ်နေသည်။ သို့ရာတွင် သဒ္ဓါဇာတ်က ပို၍ပြင်းပြလာသောကြောင့် 'ဘုရင်က ပေးချင်တဲ့အပြစ်ပေးပါစေ၊ ငါခံမည်' ဟု ဆုံးဖြတ်ပြီး ပန်းတောင်းထဲမှ မြတ်လေးပန်းများကို လက်နှစ်ဘက်ဖြင့် ဆုပ်ယူကာ ဗုဒ္ဓမြတ်စွာ၏အပေါ်သို့ ပစ်ကြဲလိုက်သည်။ ထိုပန်းများသည် ဗုဒ္ဓမြတ်စွာ၏ အထက်၌ မျက်နှာကျက်ကဲ့သို့ ဖြစ်၍ တည်လေသည်။ နောက်ထပ် ပန်းနှစ်ဆုပ် ပစ်ကြဲလိုက်ရာ ထိုပန်းတို့သည် ဗုဒ္ဓမြတ်စွာ၏ လက်ယာဘက်၌ ပန်းအမိုးအကာအဖြစ်ဖြင့် တည်နေကြသည်။ ထို့အတူပင် တတိယအကြိမ် ပစ်ကြဲလိုက်သော ပန်းများသည် လက်ဝဲဘက်၌လည်းကောင်း၊ စတုတ္ထအကြိမ် ပစ်လိုက်သော ပန်းများသည် နောက်ဘက်၌လည်းကောင်း၊ အမိုးအကာအဖြစ်ဖြင့် အသီးသီး တည်ရှိနေကြလေသည်။ ဤသို့လျှင် ရှစ်ဆုပ်သော မြတ်လေးပန်းများသည် လေးဘက် လေးတန်တို့မှ ဗုဒ္ဓမြတ်စွာကို ခြံရံလျက် တည်နေကြလေသည်။ ထိုသို့ တည်နေရာတွင် ပန်းပွင့်တို့၏ အညှာများမှာ အတွင်းဘက်သို့ လှည့်နေကြပြီး ပွင့်ချပ်တို့မှာမူ အပြင်ဘက်သို့ လှည့်နေကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ငွေပြားကဲ့သို့ ဖြူဖွေးသော ပန်းဆိုင်းများကို ရှေ့နောက်ဝဲယာ ခြံရံအပ်သည်ဖြစ်၍ မင်းလမ်းမအတိုင်း ကြွသွားတော်မူသည်။ ဗုဒ္ဓမြတ်စွာ၏ ကိုယ်တော်မှလည်း လျှပ်စီးလက်သကဲ့သို့ ပြိုးပြိုးပြက်သော ရောင်ခြည်တော်များ တစ်ခဲနက် ထွက်ပေါ်ကွန့်မြူးနေကြလေသည်။ ရာဇဂြိုဟ်တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကာ အိမ်တိုင်း အိမ်တိုင်းမှ လူကုန်ထွက်လာကြသည်။ ဝမ်းမြောက်ဝမ်းသာ ကောင်းချီး ဩဘာပေးကြသည်။ ဗုဒ္ဓမြတ်စွာသည် ပန်းသည် သုမန၏ ဂုဏ်သတင်း ထင်ရှားစေရန် သုံးဂါဝုတ်မျှရှည်သော မြို့တွင်း၌ မင်းလမ်းမကြီးအတိုင်းပင် ဆက်လက် ကြွသွားတော်မူသည်။ ပန်းသည် သုမနမှာ သူ့တစ်ကိုယ်လုံး နှစ်သက်မှု ပီတိဖြင့် ပြည့်လျှံ၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

သုမနသည် ဗုဒ္ဓမြတ်စွာနောက်သို့ ခဏမျှသာ လိုက်သွားပြီး ဝမ်းမြောက်ဝမ်းသာဖြင့် အိမ်သို့ ပြန်လာသည်။ ထူးခြားသော အဖြစ်အပျက်ကို ဇနီးဖြစ်သူအား ပြောပြရန်ဖြစ်သည်။ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေသော်လည်း သူ့ဇနီးမှာ အိမ်ထဲ၌ပင် ရှိနေသည်။ "ဒီနေ့ ပန်းတွေလဲ မပါပါလား၊ ဘယ်လို ဖြစ်တာလဲ" ဟု သူမက ဆီးမေးသည်။ သုမနက ဗုဒ္ဓမြတ်စွာအား ပန်းများဖြင့် ပူဇော်ခဲ့ပုံမှစ၍ အကြောင်းစုံကို ဝမ်းသာအားရ ပြောပြသည်။ သို့သော် ထိုမိန်းမမှာ အလွန်မိုက်မဲသူဖြစ်၍ ဝမ်းမသာချေ။ ပန်းဆက်ရန် ပျက်ကွက်သည့်အတွက် ဘုရင်က အပြစ်ဒဏ်ခတ်တော့မှာပဲဟု ဆိုကာ သုမနကို အပြစ်တင်သည်။ ဘုရင်က အပြစ်ဒဏ်ခတ်လျှင် သူမ ပါ ပါနေလိမ့်မည်ဟု ဆိုကာ ကလေးငယ်များကိုပါ ခေါ်ပြီး အိမ်မှ ထွက်သွားလေသည်။

ထိုမိန်းမသည် အိမ်မှ ထွက်လာခဲ့ပြီး ဘုရင့်နန်းတော်သို့ သွား၍ သုမနသည် ဘုရင့်ထံ ဆက်ရမည့် ပန်းများကို ဗုဒ္ဓဂေါတမအား လှူဒါန်းခဲ့ကြောင်း၊ ထိုကိစ္စ၌ သူမ၏ သဘောဆန္ဒ ပါဝင်ခြင်း မရှိသဖြင့် သူမအား အပြစ်မှကင်းလွတ်ခွင့်ပြုပါမည့်အကြောင်း လျှောက်တင်လေသည်။ ဘုရင် ဗိမ္ဗိသာရကား ဗုဒ္ဓမြတ်စွာကို ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်နေသော အရိယာ သာဝက တစ်ဦးဖြစ်၍ 'ဤမိန်းမသည် မိုက်မဲလှဘိသည်' ဟု စဉ်းစားမိသည်။ သို့သော် စိတ်ဆိုးဟန် ဆောင်လျက် "ကောင်းပြီ၊ ဒီကိစ္စအတွက် သုမနကိုပဲ အရေးယူမယ်၊ သင့်ကို အရေးမယူဘူး" ဟု ပြောလွှတ်လိုက်လေသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာသည် လူထုပရိသတ်ကြီး ခြံရံလျက် နန်းတော်ရှေ့သို့ ရောက်လာသည်။ မင်းကြီးသည် ရဟန်းအပေါင်းနှင့်တကွ ဗုဒ္ဓမြတ်စွာကို နန်းရင်ပြင်သို့ ပင့်ဆောင်ပြီး မွန်မြတ်သော ဆွမ်းခဲဖွယ်တို့ဖြင့် လုပ်ကျွေးပြုစုသည်။ ဆွမ်းကိစ္စ ပြီးသောအခါ ဗုဒ္ဓမြတ်စွာသည် ဆွမ်းအနုမောဒနာတရား ဟောကြားပြီး ပန်းဆိုင်းများမိုးကာ ကာရံလျက်ဖြင့်သာ ဝေဠုဝန်ကျောင်းသို့ ပြန်ကြွတော်မူသည်။ ပန်းဆိုင်းများသည် ဝေဠုဝန်ကျောင်းတော်သို့ ရောက်၍ ဂန္ဓကုဋိတိုက်ထဲသို့ ဝင်သွားမှသာ အလိုအလျောက် ပျောက်ကွယ်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

မိဗ္ဗိသာရုံမင်းကြီးသည် ဗုဒ္ဓမြတ်စွာ ပြန်ကြွသွားသောအခါ ပန်းသည် သုမနကို ခေါ်၍ ''သင်သည် ယောကျ်ားမြတ် ဖြစ်ပေ၏'' ဟု ချီးကျူးပြီး ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်ယောကျ်ား ရှစ်ယောက်၊ ကျွန်မိန်းမ ရှစ်ယောက်၊ အဖိုးတန် အဆင်တန်ဆာ ရှစ်မျိုး၊ အသပြာငွေ ရှစ်ထောင်၊ တန်ဆာဆင်ထားလော သမီးကညာ ရှစ်ယောက်နှင့် ရွာရှစ်ရွာအားဖြင့် ရှစ်မျိုးရှစ်လီ ပါဝင်သော 'သဗ္ဗဋ္ဌက' ဆုကို ပေးလိုက်လေသည်။

ဝေဠုဝန်ကျောင်းတော်၌လည်း ရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ''ပန်းလှူသော ကောင်းမှုကြောင့် ပန်းသည် သုမနသည် အဘယ်သို့သော အကျိုးကို ခံစားရပါမည်နည်း'' ဟု မေးလျှောက်သည်။ ဗုဒ္ဓမြတ်စွာက ''သုမနသည် ကမ္ဘာ တစ်သိန်းပတ်လုံး အပါယ်လေးပါးသို့ မကျရောက်ဘဲ လူ့ပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်ရလိမ့်မည်၊ ထို့နောက် သုမနဟူသော အမည်ဖြင့် ပစ္စေကဗုဒ္ဓ ဖြစ်လိမ့် မည်'' ဟု မိန့်ကြားတော်မူသည်။

(၄)

ထိုနေ့ ညနေချမ်းအချိန်တွင် ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကုန် လျက် ပန်းသည် သုမန အကြောင်းကို ချီးကျူး ပြောဆိုနေကြသည်။ ဗုဒ္ဓမြတ်စွာ သည် ထိုတရားသဘင်သို့ ကြွလာပြီး ရဟန်းတို့အား ''အကြင်အမှုကို ပြုလုပ်လျှင် နောင်တ တစ်ဖန် မပူပန်ရ၊ နှစ်သက်ဝမ်းမြောက်စွာဖြင့် အကျိုးတရားကို ခံစားရ၏၊ ထိုအမှုကို ပြုလုပ်ခြင်းသည် ကောင်းမြတ်ပေ၏'' ဟူသော ဒေသနာကို ဟောကြား တော်မူသည်။ ထိုဒေသနာ အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ အကျွတ်တရား ရရှိသွားကြလေသည်။

(၅။ ဗာလဝဂ်၊ ၉-သုမန မာလာကာရ ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# သူခိုးအား ခါးရိုးကမ်းသူ

(၁)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သုနေတ္တ အမည်ရှိသော ရဟန်းငယ် တစ်ပါး ရှိသည်။ ရှင်သုနေတ္တသည် တစ်ခုသော နံနက်ခင်း၌ စာရေးတံကျသော ယာဂုကို ခံယူပြီး ဆွမ်းစားရန် ဇရပ်တစ်ဆောင်သို့ သွား၍ ယာဂုသောက်သည်။

ယာဂုသောက်ပြီးသောအခါ ရှင်သုနေတ္တသည် ဆွမ်းစားဇရပ်၌ သောက်ရေ မရှိသောကြောင့် အနီးရှိ အိမ်တစ်အိမ်သို့ ဝင်၍ သောက်ရေ အလှူခံလေသည်။ ထိုအိမ်၌ ယောကျ်ားသနားမရှိဘဲ မိခင် မုဆိုးမကြီးနှင့် သမီးပျို တစ်ယောက်သာ ရှိသည်။ အိမ်ရှင်သမီးပျိုသည် ရဟန်းငယ်ကို မြင်လျှင် ခင်မင်မြတ်နိုးစွာဖြင့် သောက်ရေကို ဆက်ကပ်လိုက်သည်။ နောက်နောင်တွင် သောက်ရေ အလိုရှိပါက လည်း အချိန်မရွေး ကြွရောက်ရန် ချိုသာသောအသံဖြင့် ဖိတ်ကြားလိုက်လေသည်။

ရှင်သုနေတ္တသည် ကျောင်းသို့ ပြန်ရောက်သည့်တိုင်အောင် သူ့အား ရေလှူ လိုက်သော အိမ်ကြီးရှင် သမီးပျို၏ လှပသော ရုပ်သွင်ကို မြင်ယောင်နေသည်။ ချိုသာသော အသံကိုလည်း ကြားယောင်နေသည်။ ထို့ကြောင့် နောက်နေ့များတွင် လည်း ဆွမ်းစားဇရပ်၌ ရေလိုသည့်အခါတိုင်း ထိုအိမ်သို့ပင် သွား၍ ရေအလှူခံ သည်။ ဤသို့ဖြင့် သုံးလေးရက်ကြာသောအခါ ရဟန်းငယ်နှင့် မိန်းမပျိုတို့ ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးသွားကြသည်။ မိန်းမပျိုသည် ရဟန်းငယ်အား သောက်ရေမြှုသာမကတော့ဘဲ ယာဂုလည်း ကပ်သည်။ ဆွမ်းလည်း လောင်းသည်။

တစ်နေ့သ၌ မိန်းမပျိုသည် ဆွမ်းကပ်ပြီး ရဟန်းငယ် အနီးတွင် ထိုင်လျက် အာလာပ သလ္လာပ ပြောရင်း ရေလာမြောင်းပေး စကားကို ဆိုလေသည်။ "တပည့်တော်တို့ အိမ်မှာ သားအမိနှစ်ယောက်တည်းဆိုတော့ နေရေး စားရေး အားလုံး ပြည့်စုံပါတယ်၊ ဘာမှ လိုလေသေးမရှိပါဘူး၊ ဒါပေမယ့် ဦးစီးဦးရွက် ပြုနိုင်မယ့် ယောကျ်ားတစ်ယောက်ရှိဖို့တော့ လိုတာပေါ့"

မိန်းမပျို၏စကားမှာ ရဟန်းငယ်၏ နှလုံးသားထဲသို့ တည့်တည့်ကြီး စူးဝင်သွားသည်။

'ဟုတ်သားပဲ၊ သူတို့သားအမိမှာ အားကိုးစရာ မရှိကြရှာဘူး၊ သနားစရာပဲ' ဟူသော အတွေးဖြင့် လူထွက်လိုစိတ် တစ်နေ့တခြား တိုးပွားလာလေသည်။ သို့အားဖြင့် ရှင်သုန္ဒရနေတ္တသည့် ရဟန်းတရားလည်း အားမထုတ်နိုင်၊ ရုတ်တရက်လည်း လူမထွက်ဝံ့သဖြင့် တပိန်ပိန် တလိမ်လိမ် ဖြစ်နေလေသည်။

တစ်နေ့တွင် ရှင်သုနေတ္တနှင့် ခင်မင်ရင်းနှီးသော အာဂန္တုရဟန်းအချို့ နယ်မှ ရောက်လာကြသည်။ ထိုရဟန်းတို့က "ငါ့ရှင် သုနေတ္တ ... ပိန်လှချည်လား၊ ဘာဖြစ်နေသလဲ၊ နေမကောင်းဘူးလား" စသည်ဖြင့် မေးမြန်းကြသည်။ ရှင်သုနေတ္တကလည်း သာသနာတော်၌ မပျော်ပိုက်သဖြင့် ယခုကဲ့သို့ ဖြစ်နေကြောင်း ရင်းနှီးစွာ ဖွင့်ဟ ပြောကြားသည်။ ထိုအခါ အာဂန္တုရဟန်းတို့သည် ရှင်သုနေတ္တကို ဗုဒ္ဓမြတ်စွာထံ ခေါ်သွားပြီး အကြောင်းစုံကို လျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာက ရှင်သုနေတ္တအား သာသနာတော်၌ မပျော်ပိုက်ခြင်းအကြောင်းကို မေးတော်မူလေသည်။

"ရဟန်း၊ ဘာ့ကြောင့် သာသနာတော်မှာ သင် မပျော်သလဲ"

"ဆွမ်းခံအိမ်က မာတုဂါမလေးတစ်ယောက်ကို စွဲလမ်းနေလို့ပါဘုရား"

"ရဟန်း၊ ဒီမာတုဂါမကို သင် မစွဲလမ်းပါနဲ့၊ ဒီမာတုဂါမဟာ ကမ္ဘာပေါ်မှာ အတော်ဆုံးဖြစ်တဲ့ ယောကျ်ားကို စွန့်ပြီး သူစိမ်းယောကျ်ားနောက်သို့ လိုက်သွားခဲ့ဖူးတယ်"

ဗုဒ္ဓမြတ်စွာသည် ဤသို့ မိန့်ကြားတော်မူပြီး ရဟန်းများက တောင်းပန်ကြသဖြင့် အတိတ်ကို ဆောင်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ဗာရာဏသီပြည်သား လုလင်ပျိုတစ်ယောက်သည် တက္ကသိုလ်ပြည်သို့ သွား၍ အတတ်ပညာ သင်ယူလေသည်။ သူသည် လေးအတတ်၌ ထူးချွန်စွာ တတ်မြောက်သဖြင့် "စူဠဓနုဂ္ဂဟ" ဟူ၍ ထင်ရှားလာလေသည်။ ဒိသာပါမောက္ခဆရာကြီးသည် စူဠဓနုဂ္ဂဟကို နှစ်သက်သောကြောင့် စာလိနီ မည်သော သမီးပျိုနှင့် ပေးစားလိုက်သည်။ စူဠဓနုဂ္ဂဟသည် ပညာ ပြည့်စုံ၍ ဗာရာဏသီသို့ ပြန်သောအခါ စာလိနီကို ခေါ်လာခဲ့လေသည်။

လမ်းခရီးအကြားရှိ တောအုပ်တစ်ခုသို့ ရောက်သောအခါ ဆင်ရိုင်းကြီးတစ်ကောင်က စူဠဓနုဂ္ဂဟတို့ လင်မယားကို ရန်ပြုရန် လိုက်လေသည်။ သို့သော် စူဠဓနုဂ္ဂဟက လေးဖြင့် ပစ်လိုက်ရာ ဦးကင်း၌ မြားတံမှန်သဖြင့် ဆင်ရိုင်းကြီးမှာ တစ်ချက်တည်းဖြင့် လဲကျသွားလေသည်။

စူဠဓနုဂ္ဂဟတို့ လင်မယားသည် ရှေ့သို့ ခရီးဆက်ကြသောအခါ ခိုးသားဓားပြများ သောင်းကျန်းသော တောအုပ်တစ်ခုသို့ ရောက်သွားကြပြန်သည်။ ထိုတောအုပ်၌ ခိုးသားဓားပြ အဖွဲ့တစ်ဖွဲ့သည် သမင်တစ်ကောင်ကိုသတ်ပြီး အသားကို မီးကင်စားနေကြသည်။ သူတို့သည် စူဠဓနုဂ္ဂဟတို့ လင်မယားကိုမြင်လျှင် လင်ကို ဖမ်းသတ်ပြီး မယားကို ဗလက္ကာရပြုရန် ကြံကြသည်။ သို့သော် ခေါင်းဆောင်ဖြစ်သူမှာ ရုပလက္ခဏာ၌ ကျွမ်းကျင်သဖြင့် စူဠဓနုဂ္ဂဟသည် ရဲရင့်သော ယောကျ်ားအာဇာနည်ဖြစ်ကြောင်းသိသည်။ ထို့ကြောင့် ထိုလင်မယားကို သွားမထိကြရန် သူ့လူများကို တားဆီးထားလေသည်။

စူဠဓနုဂ္ဂသည် ဓားပြတို့အနီးရှိ သစ်ပင်တစ်ပင်အောက်၌ နားနေပြီး ဓားပြများထံမှ သမင်သားကင် သွား၍ တောင်းရန် သူ့မယားကို လွှတ်လိုက်သည်။ ဓားပြများကလည်း သမင်သားကင် တစ်ပိုင်းကို ပေးလိုက်ကြသည်။ သို့သော် သူတို့ ပေးလိုက်သော သမင်သားကင်မှာ ကောင်းစွာ မကျက်သေးကြောင်း တွေ့ရသဖြင့် စူဠဓနုဂ္ဂဟက ဓားပြတို့ကို ကြိမ်းမောင်းသည်။ ဓားပြများကလည်း "ဒီလူဟာ တစ်ယောက်တည်းနဲ့ တို့ကို လာပြီး စော်ကားနေတယ်"ဟုဆိုကာ စူဠဓနုဂ္ဂဟကို ဝိုင်းတိုက်ရန် ပြင်ဆင်ကြသည်။ ထိုအခါ စူဠဓနုဂ္ဂဟက သူ့လက်စွဲတော် လေးဖြင့် ပစ်ရာ ဓားပြ(၄၉)ယောက်တို့ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြသည်။ ဓားပြ ခေါင်းဆောင် တစ်ယောက်သာ ကျန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စူဠဓနုဂ္ဂသည် တက္ကသိုလ်ပြည်မှ ထွက်လာစဉ်က မြားတံ(၅၀)ယူခဲ့ရာ လမ်းတွင် ဆင်ရိုင်းကြီးကို ပစ်လိုက်ရသဖြင့် မြားတံတစ်ချောင်း ကုန်ခဲ့ရသည်။ သို့ကြောင့် ယခု မြားတံတစ်ချောင်းမျှ မကျန်တော့ချေ။ သို့ဖြစ်၍ သူသည် လက်မှ လေးကို ပစ်ချပြီး ဓားပြခေါင်းဆောင်ကို လူချင်းဝင်၍ လုံးလေသည်။ နှစ်ဦးသား သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်နေကြရာမှ သူအပေါ်စီးရနေစဉ် စူဠဓနုဂ္ဂဟာက ဓားပြ၏ ခေါင်းကို ဖြတ်ရန် စာလိနီထံမှ သန်လျက်ကို တောင်းလေသည်။ သို့သော် စာလိနီက သန်လျက်ကို ပေးရာတွင် အသွားဘက်ကို သူ့လင်ဘက်၌ ထားပြီး အရိုးဘက်ကို ဓားပြဗိုလ် လက်ထဲသို့ ထည့်ပေးလိုက်သည်။ သို့အားဖြင့် စူဠဓနုဂ္ဂဟမှာ ဓားပြဗိုလ်၏ လက်ချက်ဖြင့် အသက်ဆုံးသွားလေသည်။

အောင်ပွဲရ ဓားပြဗိုလ်သည် စာလိနီကိုခေါ်၍ ထိုတောအုပ်မှ ထွက်လေသည်။ လမ်းသွားရင်း စာလိနီက သူ့ကို မြင်လျှင်မြင်ချင်း ချစ်မိသောကြောင့် ဖခင်က ပေးစားလိုက်သော လင်ယောကျ်ား စူဠဓနုဂ္ဂဟကို သေကြောင်းကြံခဲ့ရခြင်း ဖြစ်ကြောင်း ဖွင့်ပြောလေသည်။ ထိုအခါ ဓားပြဗိုလ်သည် ''မိဘ ပေးစားလိုက်တဲ့ လင်ကို သေကြောင်းကြံတဲ့ မိန်းမဟာ မိန်းမယုတ်ပဲ၊ နောက်တစ်ယောက်တွေ့ရင် ငါ့ကိုလဲ သတ်ဦးမှာပဲ'' ဟု စဉ်းစားမိသည်။

ထို့နောက် သူတို့နှစ်ဦးသည် ရေပြည့်သော ချောင်းငယ်တစ်ခုကို ရောက်သွားကြသည်။ ထိုအခါ ဓားပြဗိုလ်က ပါလာသော ပစ္စည်းများကို အဝတ်တစ်ထည်ဖြင့် ထုပ်ပြီး ''မင်း ရေမကူးဝံ့ရင် ဒီမှာခဏနေခဲ့ပါ၊ ဒီအထုပ်ကို ဟိုဘက်ကမ်း သွားပို့လိုက်ပါဦးမည်'' ဟု ဆို၍ ချောင်းတစ်ဘက်ကမ်းသို့ ကူးသွားသည်။ ချောင်းတစ်ဘက်ကမ်းသို့ ရောက်သောအခါ နောက်သို့ ပြန်မလှည့်တော့ဘဲ ရှေ့သို့သာ ဆက်သွားလေသည်။ စာလိနီက တစ်ဘက်ကမ်းမှ လှမ်းမြင်သဖြင့် သူ့ကို ပြန်ခေါ်ရန် လှမ်းပြောသည်။ သို့သော် သူက ''ကိုယ့်လင်ကို သေကြောင်းကြံတဲ့ မိန်းမနဲ့ ငါ မပေါင်းဝံ့ဘူး၊ နောက်တစ်ယောက်တွေ့ရင် ငါ့ကိုလဲ မင်းသတ်ဦးမှာပဲ'' ဟု ပြန်ပြောပြီး လျှင်မြန်စွာ ထွက်သွားလေသည်။

စာလိနီမှာ အားကိုးစရာ မရှိတော့သဖြင့် ချုံရိပ်တစ်ခု အောက်၌ ဝမ်းနည်းစွာ ငိုကြွေးနေလေသည်။ ထိုစဉ်တွင် အမဲသားတုံး တစ်ခုကို ကိုက်ချီလျက် မြေခွေး တစ်ကောင် သူ့အနားသို့ ရောက်လာသည်။ မကြာမီ ရေထဲမှ ခုန်တက်လာသော ငါးတစ်ကောင်လည်း မြေခွေးရှေ့သို့ ကျလာသည်။ ထိုအခါ မြေခွေးသည် သူ့ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ အမဲတုံးကို လွှတ်ချလိုက်ပြီး ငါးကို ဖမ်းရန် ပြေးလေသည်။ သို့သော် ငါးက ရေထဲသို့ လျင်မြန်စွာ ခုန်ဆင်းသွားသည်။ သူ ပစ်ချခဲ့သော အမဲသားတုံးကိုလည်း ငှက်တစ်ကောင်က သုတ်ချီသွားသည်။ မြေခွေးမှာ သို့အားဖြင့် ငါးလည်းမရ၊ အမဲသားတုံးလည်း လက်လွှတ်သွားသဖြင့် စိတ်နှလုံး မသာမယာဖြစ်ကာ ကြံ့မှိုင်၍ နေလေသည်။

ချုံရိပ်တွင် ငိုကြွေးနေသော စာလိနီသည် မြေခွေး၏ အဖြစ်ကို မြင်၍ သည်းစွာ ရယ်လိုက်လေသည်။ မြေခွေးက "သင် ဘာ့ကြောင့်ရယ်တာလဲ" ဟု မေးရာ "ငါးလဲ မရ၊ အမဲသားတုံးလဲ ဆုံးရသော သင့်အဖြစ်ကို မြင်ရ၍ ငါ ရယ်ရတာပေါ့" ဟု စာလိနီက ဖြေသည်။ ထိုအခါ မြေခွေးက "သင်ဟာ သူများ အပြစ်ကိုတော့ မြင်တတ်ပေတယ်၊ ကိုယ့်အပြစ်ကိုတော့ မမြင်ဘူး၊ သင်လဲပဲ အလိုရမ္မက်ကြီးတဲ့အတွက် လင်ကြီးရော လင်ငယ်ပါ နှစ်ယောက်လုံးကို ဆုံးရှုံးခဲ့ ရတယ်မဟုတ်ပါလား" ဟု ပြန်ပြောလေသည်။ မြေခွေး၏စကားကို ကြားရသော အခါ စာလိနီသည် မိမိအပြစ်ကို ပြန်မြင်လာပြီး "သင်ပြောတဲ့စကား မှန်ပေတယ်၊ နောက်ထပ် လင်တစ်ယောက် ရရင်တော့ အဲဒီလင်နဲ့ပဲ ရာသက်ပန် ပေါင်းသင်းသွား ပါတော့မယ်" ဟု ပြောလေသည်။ သို့သော် မြေခွေးကမူ သူ့စကားကို မယုံကြည် ဟန်ဖြင့် "မြေခွက်ကို ခိုးတဲ့သူဟာ ရွှေခွက်ကိုတွေ့ရင်လဲ ခိုးမှာပါပဲ၊ ထို့အတူ မကောင်းမှုကို တစ်ခါပြုဖူးတဲ့ သင်ဟာလဲ နောက်ထပ် အခွင့်အရေးရရင် ပြုဦးမှာ ပဲ" ဟု ဆိုပြီး ပျောက်ကွယ်သွားလေသည်။ အမှန်အားဖြင့် ထိုမြေခွေးမှာ တကယ့် မြေခွေးမဟုတ်။ မိန်းမယုတ်ကို ဆုံးမလိုသဖြင့် သိကြားမင်းက မြေခွေးယောင်ဆောင် လာခြင်း ဖြစ်ပေသည်။

(၃)

ဗုဒ္ဓမြတ်စွာသည် အတိတ်ကိုဆောင်တော်မူပြီး "ထိုအခါက စူဠဓနုဂ္ဂဟသည် ယခုသာသနာတော်၌ ငြီးငွေ့သောရဟန်းငယ် (သုနေတ္တ)ဖြစ်လာ၏။ ထိုအခါ ဒိသာပါမောက္ခကြီး၏ သမီး (စာလိနီ)သည် ယခု ရဟန်းငယ် ဖွဲ့လမ်းနေသော မာတုဂါမ ဖြစ်လာ၏။ ထိုအခါ သိကြားမင်းကား ယခု ငါဘုရား ဖြစ်လာ၏" ဟု ဇာတ်ကို ပေါင်းတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရဟန်းငယ်အား ထိုမှာတုဂါမဥ္စ ဓွဲလမ်းတပ်မက်မှုကို ဖြတ်တောက်ရန် ဆုံးမပြီး ''ကာမဝိတက်ဖြင့် သုဘဟု ရှုသူမှာ တဏှာ တိုးပွား၏။ ကာမဝိတက်ကို ဖျောက်ဖျက်ပြီး အသုဘဟု ရှုလေ့ရှိသူမှာ တဏှာ ကင်းကွာ၏'' ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာတော်အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းငယ် သောတာပန် တည်သွားလေသည်။

(၂၄။ တဏှာဝဂ်၊ ၇-စူဠဓနုဂ္ဂဟ ပဏ္ဍိတ ဝတ္ထုနှင့်
ပဉ္စကနိပါတ် စူဠဓနုဂ္ဂဟဇာတ်)

www.burmeseclassic.com

www.burmeseclassic.com

# သားကောင်းမိခင်

## (၁)

ဗုဒ္ဓမြတ်စွာ၏ မဟာသာဝက တစ်ပါးဖြစ်သော ရှင်မဟာကစ္စည်းမထေရ်သည် အဝန္တိ ဒက္ခိဏာပထတိုင်း ဥဇ္ဇေနီပြည်သား ဖြစ်သည်။ ဗုဒ္ဓမြတ်စွာထံ ခွင့်ပန်၍ မိမိ၏ နေရင်း ဇာတိဖြစ်သော အဝန္တိတိုင်းသို့ မကြာခဏ ကြွရောက် သီတင်းသုံး လေ့ရှိသည်။ အဝန္တိတိုင်းမှာ ဘုရားပွင့်ရာ မဇ္ဈိမဒေသနှင့် ခရီးကွာလှမ်းသောကြောင့် ရဟန်းများ အရောက်အပေါက် နည်းလှသည်။ ရှင်မဟာကစ္စည်းကလည်း တစ်ပါးတည်း ဆိတ်ငြိမ်စွာ နေလိုသဖြင့် ရဟန်းများမပါဘဲ သူတစ်ပါးတည်းသာ ကြွရောက် လာတတ်လေသည်။

အခါတစ်ပါး၌ ရှင်မဟာကစ္စည်း မထေရ်သည် ဥဇ္ဇေနီပြည် ကုရ ရဃရမြို့၌ သီတင်းသုံးနေသည်။ ထိုအခါ သောဏ အမည်ရှိသော လုလင်ပျိုသည် ရှင်မဟာကစ္စည်းထံလာ၍ မကြာခဏ တရားနာလေ့ရှိသည်။ တရားနာရဖန် များသောအခါ လူ့ဘဝ၌ အပြစ်မြင်၍ ရဟန်းပြုလိုကြောင်း မထေရ်အား လျှောက်ကြားသည်။ မထေရ်က ရဟန်းဘဝဟူသည် ဆင်းရဲ ပင်ပန်းလှကြောင်း မိန့်ကြားတော်မူသည်။ သို့သော် သောဏက ရဟန်းပြုလိုကြောင်း နှစ်ကြိမ် သုံးကြိမ် ထပ်၍ လျှောက်ကြား သည်။ ထိုအခါ မထေရ်က သူ့ကို ရှင်သာမဏေ ပြုပေးလိုက်သည်။ သောဏ သာမဏေသည် မထေရ်၏ ဆုံးမဩဝါဒကို ရိုသေစွာ လိုက်နာသည်။ သာမဏေ



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဝတ်များကို လေးလေးစားစား ကျင့်သည်။ ထို့ကြောင့် မထေရ်က ကျေနပ်၍ အသက်နှစ်ဆယ် ပြည့်သောအခါ သူ့ကို ရဟန်းခံပေးရန် စီစဉ်သည်။

သို့ရာတွင် အဝန္တိတိုင်း၌ 'ဥပသမ္ပဒကံ' ခေါ် ရဟန်းခံပွဲ ပြုလုပ်ရန် အခက်အခဲရှိနေသည်။ ဝိနည်း ဥပဒေအရ အနည်းဆုံး ရဟန်းဆယ်ပါးရှိမှ ဥပသမ္ပဒကံကို ဆောင်ရွက်နိုင်သည်။ အဝန္တိတိုင်း၌ ရဟန်းသံဃာဆယ်ပါး စုဝေးမိရန် မလွယ်ချေ။ ထို့ကြောင့် ရှင်မဟာကစ္စည်းသည် သုံးနှစ်ကြာမှ သောဏသာမဏေကို ရဟန်းခံပေးနိုင်လေသည်။

(၂)

အရှင်သောဏသည် ရဟန်းခံပြီး တစ်ဝါရသောအခါ ရှင်မဟာကစ္စည်းထံ ချဉ်းကပ်၍ "တပည့်တော်သည် သာဝတ္ထိပြည်သို့ သွား၍ မြတ်စွာဘုရားကို ဖူးမြင်လိုပါသည်" ဟု လျှောက်ကြားသည်။ ရှင်မဟာကစ္စည်းကလည်း မှာကြားစရာရှိသည်များကို မှာကြားပြီး ရှင်သောဏကို သာဝတ္ထိပြည်သို့ လွှတ်လိုက်သည်။ ရှင်သောဏသည် ယူဇနာ(၁၂၀) ဝေးသော သာဝတ္ထိပြည်သို့ ခြေလျင်ခရီးဖြင့် တစ်ပါးတည်း ကြွလာသည်။ သာဝတ္ထိပြည်သို့ ရောက်သောအခါ ဇေတဝန်ကျောင်းတော်သို့ ဝင်၍ ဗုဒ္ဓမြတ်စွာအား ရှိသေစွာ ရှိခိုးသည်။ ဗုဒ္ဓမြတ်စွာသည် ရှင်သောဏအား ပဋိသန္ထာရ စကားများကို မိန့်ကြားတော်မူသည်။ ထို့နောက် ရှင်သောဏအတွက် အိပ်ရာနေရာကို မိမိ သီတင်းသုံးရာ ကျောင်းထဲ၌ပင် ခင်းကျင်းပေးရန် ရှင်အာနန္ဒာအား ညွှန်ကြားတော်မူလေသည်။

ရှင်သောဏသည် ညဦးယံတွင် ကျောင်းပြင်၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းနေပြီး သန်းခေါင်ယံ အချိန်သို့ ရောက်သောအခါ မိမိအား ပေးထားသော အိပ်ရာသို့ ဝင်၍ အိပ်စက်သည်။ နံနက်တွင်လည်း စောစောစီးစီး အိပ်ရာမှ ထနေသည်။ ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာက ရှင်သောဏအား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

"သောဏ၊ သင်သည် အဘယ်တရား ဒေသနာတို့ကို သင်ကြား လေ့ကျက်ဖူး ပါသလဲ"

"အဋ္ဌကထာဝဂ်လာ သုတ္တန် ဒေသနာတို့ကို သင်ကြားလေ့ကျက်ဖူးပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"သောဏ၊ သို့ဖြစ်လျှင် ထိုသုတ္တန် ဒေသနာတို့ကို ရွတ်ပြစမ်းပါ"

ဗုဒ္ဓမြတ်စွာက ထိုသို့ တိုက်တွန်းသောအခါ အရှင်သောဏသည် သုတ္တနိပါတ် အဋ္ဌကထာဝဂ်၌ ပါသော သုတ္တန်ဒေသနာ (၁၆)ပုဒ်တို့ကို ပီပြင် ပြတ်သားသော အသံဖြင့် ရွတ်ဆိုလေသည်။ ပြီးဆုံးသောအခါ ဗုဒ္ဓမြတ်စွာက "သာဓု၊ သာဓု" ဟု ကောင်းချီးပေးတော်မူသည်။ ဗုဒ္ဓမြတ်စွာ၏ ကောင်းချီးပေးသံကို ကြားလျှင် ဘုမ္မစိုးနတ်မှစ၍ နတ်ပြည်ခြောက်ထပ်မှ နတ်များနှင့်တကွ ဗြဟ္မာများကပါ အဆင့်ဆင့် ကောင်းချီးပေးကြသည်။ ကောင်းချီးသော နတ်များတွင် သာဝတ္ထိပြည်မှ ယူဇနာ(၁၂၀)ဝေးသော ကုရရ ရဃရမြို့မှ ရှင်သောဏ၏ မယ်တော်ကြီးအိမ်ကို စောင့်သော အိမ်စောင့်နတ်လည်း တစ်ဦး အပါအဝင်ဖြစ်သည်။

ရှင်သောဏ၏ မယ်တော်ကြီးသည် အိမ်စောင့်နတ်၏ ကောင်းချီးပေးသံကို ကြားလျှင် "သင် ဘယ်သူလဲ၊ ဘာကို ကောင်းချီးပေးတာလဲ" ဟု မေးမြန်းသည်။ အိမ်စောင့်နတ်က သူသည် မယ်တော်ကြီး၏ အိမ်ကို စောင့်သော အိမ်စောင့်နတ် ဖြစ်ကြောင်း သာဝတ္ထိပြည်၌ ရှင်သောဏတရားဟောကြားသည်ကို မြတ်စွာဘုရားက ကောင်းချီးပေးတော်မူသဖြင့် သူလည်း ကောင်းချီး ပေးခြင်းဖြစ်ကြောင်း ရှင်းပြသည်။ အိမ်စောင့်နတ် ပြောသော စကားကို ကြားရသောအခါ မယ်တော်ကြီး အလွန် ဝမ်းသာသွားသည်။ တစ်ကိုယ်လုံး နှစ်သက်မှု ပီတိဖြင့် ပြည့်လျှံသွားသည်။ ရှင်သောဏ ပြန်လာလျှင် တရားဟောခိုင်းရန်လည်း စိတ်ကူးထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ရှင်သောဏအား ကောင်းချီးပေးတော်မူပြီးနောက် 'သောဏ၊ သင် ဘယ်နှစ်ဝါ ရပြီလဲ" ဟု မေးတော်မူသည်။ ရှင်သောဏက တစ်ဝါသာ ရသေးကြောင်းဖြေရာ "ဘာ့ကြောင့် ရဟန်းပြုရန် နှောင့်နှေးနေခဲ့ပါသလဲ" ဟု ဆက်၍ မေးတော်မူသည်။ ထိုအခါ ရှင်သောဏက သူသည် ငယ်ရွယ်စဉ်ကပင် ရဟန်းပြုလိုသော်လည်း အဝန္တိဒက္ခိဏာပထတိုင်း၌ ဥပသမ္ပဒကံ ဆောင်ရန် ရဟန်းဆယ်ပါးကို စုဝေး၍ မရခဲ့သဖြင့် နှောင့်နှေး ကြန့်ကြာခဲ့ရကြောင်း ရှင်းလင်း လျှောက်ကြားလေသည်။ ထို့နောက် ရှင်မဟာကစ္စည်း မှာကြားလိုက်သော တောင်းဆိုချက် ငါးချက်ကိုလည်း ဗုဒ္ဓမြတ်စွာအား လျှောက်ကြားသည်။ တောင်းဆိုချက် ငါးချက်မှာ -

(၁) အဝန္တိ ဒက္ခိဏာပထတိုင်း၌ ရဟန်းနည်းပါးလှသောကြောင့် ဆယ်ပါး အောက် လျော့သော သံဃာဖြင့် ရဟန်းခံခွင့်ပြုရန်၊



www.burmeseclassic.com

www.burmeseclassic.com



(၂) အဝန္တိ ဒက္ခိဏာပထတိုင်း၌ မြေပြင်မှာ ကြမ်းတမ်း မာကျောလှသော ကြောင့် အထပ်အလွှာများစွာရှိသော ဖိနပ်ကို စီးခွင့်ပြုရန်၊

(၃) အဝန္တိ ဒက္ခိဏာပထတိုင်း၌ လူအများ နေ့စဉ် ရေချိုးလေ့ရှိကြသော ကြောင့် ရဟန်းများအားလည်း နေ့စဉ် ရေချိုးခွင့်ပြုရန်၊

(၄) အဝန္တိ ဒိက္ခဏာပထတိုင်း၌ နေသော ရဟန်းတို့အား ဆိတ်ရေ၊ သမင် ရေ စသော သားရေများဖြင့် ပြုလုပ်သော အခင်းများကို သုံးစွဲခွင့် ပြုရန်၊

(၅) ရဟန်းတစ်ပါးအတွက် တစ်ဆင့် လှူဒါန်းလိုက်သော သင်္ကန်းသည် ထိုရဟန်းလက်သို့ မရောက်သေးသမျှ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားရှိခွင့် ပြုရန်တို့ ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာသည် ရှင်သောဏမှတစ်ဆင့် ရှင်မဟာကစ္စည်း တောင်းဆိုလိုက် သော အချက်များကို လိုက်လျှောတော်မူလျက် မဇ္ဈိမဒေသမှ တစ်ပါးသော ပစ္စန္တရာဇ် အရပ်တို့၌ ငါးပါးအစုရှိသော သံဃာဖြင့် ရဟန်းခံရန် စသော အချက် ငါးချက်ကို ခွင့်ပြုတော်မူလေသည်။

(၃)

ရှင်သောဏသည် သာဝတ္ထိပြည်၌ ရက်အနည်းငယ်နေခဲ့ပြီး ကုရ ရဃရမြို့သို့ ပြန်လာသည်။ ဗုဒ္ဓမြတ်စွာအား ဖူးမြင်ခဲ့ရပုံနှင့် မှာကြားလိုက်သော ဆုငါးပါးရရှိ ခဲ့ပုံတို့ကို ရှင်မဟာကစ္စည်းအား ဝမ်းမြောက်စွာ လျှောက်ကြားသည်။ နောက်တစ်နေ့ နံနက်တွင် ရှင်သောဏသည် ရှင်မဟာကစ္စည်း၊ မထေရ်နှင့်အတူ မယ်တော်ကြီး အိမ်သို့ ဆွမ်းခံလိုက်သွားသည်။ မယ်တော်ကြီးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီး ဗုဒ္ဓမြတ်စွာအား တရားဟောခဲ့ပုံကို မေးလျှောက်သည်။ ကုရ ရဃရမြို့၌လည်း တရားဟောရန် တောင်းပန်သည်။

ထို့နောက် မယ်တော်ကြီးသည် မြို့လယ်၌ တရားမဏ္ဍပ်တစ်ခု ဆောက်လုပ်စေ ပြီး ရှင်သောဏ တရားဟောမည်ဖြစ်ကြောင်း မြို့ထဲ၌ လှည့်လည် ကြေညာစေသည်။ တရားပွဲ ကျင်းပသောည၌ မဏ္ဍပ်ထဲတွင် ပရိသတ်များ ပြည့်လျှံနေသည်။ မယ်တော်ကြီးသည် အိမ်စောင့်ရန် ကျွန်မ တစ်ယောက်သာထားခဲ့ပြီး တစ်အိမ်လုံး ကို တရားမဏ္ဍပ်သို့ ခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က အဖွဲ့ဝင်(၉၀၀)ပါရှိသော ခိုးသားအဖွဲ့ကြီး တစ်ဖွဲ့သည် မယ်တော်ကြီး၏အိမ်ကို ဝင်ရောက်ခိုးယူရန် ကြံနေကြသည်။ အရံအတား အစောင့်အရှောက် ထူထပ်လှသောကြောင့် မဝင်နိုင်ဘဲရှိနေကြသည်။ တရားပွဲကျင်းပသောနေ့တွင်မူ တစ်အိမ်လုံး တရားနာ သွားနေကြကြောင်း သိရှိကြသဖြင့် မြေအောက်၌ လိုဏ်ခေါင်းတူးကာ အိမ်ထဲသို့ ဝင်ကြလေသည်။ အိမ်စောင့်ကျွန်နေသော ကျွန်မသည် ခိုးသားများ ဝင်လာကြောင်း သိလျှင် အိမ်နောက်ဖေးပေါက်မှ ထွက်ပြေးလာပြီး မယ်တော်ကြီးအား အကြောင်းကြားသည်။ မယ်တော်ကြီးက ဂရုမစိုက်ဘဲ တရားကိုသာ ဆက်နာနေသည်။ ကျွန်မသည် နောက်ထပ် နှစ်ကြိမ် သုံးကြိမ် ပြေးလာပြီး ခိုးသားများက ရွှေတိုက် ငွေတိုက်များကိုပင် ဖောက်ယူနေကြပြီ ဖြစ်ကြောင်း ပြောသည်။ မယ်တော်ကြီးကမူ "သူတို့ယူချင်သမျှ ယူကြပါစေ၊ ငါတရားနာနေတာကို လာမနှောင့်ယှက်နဲ့" ဟု ကျွန်မကို ကြိမ်းမောင်းလွှတ်လေသည်။

ထိုသို့ ကြိမ်းမောင်းလွှတ်လိုက်သည်ကို မယ်တော်ကြီး မဏ္ဍပ်ထဲမှ ထွက်လာလျှင် ဖမ်းဆီးသတ်ဖြတ်ရန် မဏ္ဍပ်ပြင်ဘက်မှ မှောင်ရိပ်ခို စောင့်နေသော ခိုးသားခေါင်းဆောင်ကြီး ကြားသွားသည်။ ထိုအခါ 'ဒီလို သူတော်ကောင်းမကြီးရဲ့ ပစ္စည်းကို ယူရင် ငါတို့ခေါင်းကို မိုးကြိုးပစ်တော့မှာပဲ' ဟု တွေးမိ၍ ထိတ်လန့်သွားသည်။ ထို့ကြောင့် မယ်တော်ကြီးအိမ်ဘက်သို့ အမြန်သွားပြီး သူ့အဖွဲ့ဝင်များအား အကျိုးအကြောင်းကို ပြောပြသည်။ အဖွဲ့သားများက မယ်တော်ကြီးအိမ်မှ ပစ္စည်းအားလုံးကို နေရာတကျ ပြန်ထားလိုက်ကြသည်။ ထို့နောက် သူတို့အားလုံး တရားမဏ္ဍပ်သို့ သွား၍ မဏ္ဍပ်အပြင်ဘက်၌ရပ်ကာ တရားနာနေကြသည်။

ရှင်သောဏမထေရ်သည် နံနက်မိုးလင်းမှ တရားကို အဆုံးသတ်ပြီး ပလ္လင်ပေါ်မှ ဆင်းသွားသည်။ ထိုအခါ ခိုးသားများသည် မယ်တော်ကြီး၏ခြေရင်း၌ ဝပ်စင်းကြကုန်လျက် အကြောင်းစုံကိုပြောပြကာ သူတို့အပြစ်များကို ခွင့်လွှတ်ပါရန် တောင်းပန်ကြသည်။ သူတို့အားလုံး ရှင်သောဏမထေရ်ထံ၌ ရဟန်းပြုလိုကြပါကြောင်းလည်း ပြောကြားကြသည်။ သို့အားဖြင့် ရှင်သောဏမထေရ်သည် ခိုးသားတို့ကို ရှေးဦးစွာ သာမဏေအဖြစ်၌ တည်စေပြီး မကြာမီ ရဟန်း ပြုပေးလိုက်သည်။ ထို့နောက် ထိုရဟန်း ကိုးရာတို့သည် ရှင်သောဏထံမှ ကမ္မဋ္ဌာန်းကို ယူပြီး တောင်တစ်လုံးပေါ်သို့တက်၍ တရားအားထုတ်နေကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်းတော်မှနေ၍ ထိုရဟန်းများထံသို့ ရောင်ခြည်တော်ခြောက်သွယ်ကို ဖြန့်လွှတ်တော်မူပြီး -



www.burmeseclassic.com

www.burmeseclassic.com



"အကြင်ရဟန်းသည် ငါဘုရား ဟောကြားဆုံးမသည့် တရား၌ ယုံကြည်၍ မေတ္တာတရားကို ပွားများလေ့ရှိ၏။ ထိုရဟန်းသည် သင်္ခါရငြိမ်းရာ ချုပ်ငြိမ်းရာဖြစ်၍ ချမ်းသာခြင်း စင်စစ်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုလေရာ၏"

အစရှိသော ဒေသနာတော်ကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ရဟန်းကိုးရာလုံး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်သွားကြသည်။ ထို့နောက် ထိုရဟန္တာတို့သည် ကောင်းကင်ခရီးဖြင့် ယူဇနာ တစ်ရာ့နှစ်ဆယ်ဝေးသော ဇေတဝန် ကျောင်းတော်သို့ သွား၍ ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ဦးခိုက်ကြလေသည်။

(၂၅-ဘိက္ခုဝဂ်၊ ၇-သမ္ဗဟုလ ဘိက္ခုဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# နွားကျောင်းသား

(၁)

သာဝတ္ထိပြည်၌ အနာထပိဏ် သူဌေးကြီး၏ နွားများကို ထိန်းကျောင်းရသည့် နန္ဒ အမည်ရှိသော နွားကျောင်းသား တစ်ယောက်ရှိသည်။ နွားကျောင်းသားဟု ဆိုသော်လည်း နန္ဒသည် ဆင်းရဲနွမ်းပါးသူတစ်ဦးမဟုတ်။ ကိုယ်ပိုင်နွားပေါင်းများစွာဖြင့် ချမ်းသာကြွယ်ဝသူတစ်ဦး ဖြစ်ပေသည်။ ဤသို့ ချမ်းသာကြွယ်ဝသူ ဖြစ်လင့်ကစား မိဘ ဘိုးဘွားများ လက်ထက်မှ စ၍ နွားကျောင်းခြင်း အလုပ်ကို စဉ်ဆက်မပြတ် လုပ်ကိုင်လာခဲ့ကြသဖြင့် နန္ဒသည် ထိုအလုပ်ကို ဂုဏ်ယူဝင့်ကြွားစွာ လုပ်ကိုင်နေခြင်း ဖြစ်ပေသည်။

ထို့ပြင် အနာထပိဏ် သူဌေးကြီးမှာ နွားထီး နွားမပေါင်း ထောင်နှင့်ချီ၍ ရှိပေရာ ထိုနွားများ အားလုံးကို နန္ဒအား ယုံကြည်စိတ်ချစွာ အပ်နှံထားသည်။ မိမိအား ယုံကြည်စိတ်ချစွာ အပ်နှံထားသော နွားများကို နန္ဒကလည်း သစ္စာရှိစွာဖြင့် ထိန်းကျောင်း စောင့်ရှောက်ပေးခဲ့သည်။ ဤအတွက် ထိုက်တန်သော အဖိုးအခ ရရှိသာမက သူဌေးကြီး၏ ယုံကြည်အားကိုးခြင်းကိုလည်း အထူးခံခဲ့ရပေသည်။

နန္ဒသည် သူ ထိန်းကျောင်းရသော နွားများမှ ရရှိသော နွားနို့တို့ကို သူဌေးကြီးအိမ်သို့ နေ့စဉ် ပို့ပေးရသည်။ အချို့ကိုမူ ထောပတ် ဒိန်ခဲ စသည် ပြုလုပ်ပြီးမှ ပို့လေ့ရှိသည်။ နွားနို့ ထောပတ် စသည်တို့ကို သူဌေးကြီးအိမ်သို့ နေ့စဉ် ပေးပို့ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် အများအားဖြင့် သူ၏ လက်အောက်ငယ်သားများကို ခိုင်းစေလေ့ရှိသော်လည်း တစ်ခါတရံတွင် နန္ဒကိုယ်တိုင် သွားလေ့ သွားထ ရှိပေသည်။

(၂)

အနာထပိဏ် သူဌေးကြီးသည် ကုန်ရောင်းဝယ်ရေး ကိစ္စဖြင့် ရာဇဂြိုဟ်ပြည်သို့သွားရာ ဗုဒ္ဓမြတ်စွာကို ဖူးတွေ့ခဲ့ရသဖြင့် သာဝတ္ထိပြည်သို့ ကြွချီရန် ပင့်ဖိတ်ခဲ့သည်။ ဗုဒ္ဓကြွရောက်လာသောအခါ ၅၄-ကုဋေသော အသပြာတို့ကို စွန့်လွှတ်၍ ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုအချိန်မှစ၍ သူ့အိမ်တွင် ငါးရာသော ရဟန်းတို့အား နေ့စဉ် ဆွမ်းလောင်းလှူခဲ့သည်။ ဗုဒ္ဓမြတ်စွာကိုယ်တိုင်လည်း သူ့အိမ်သို့ မကြာခဏ ကြွရောက်မြဲ ဖြစ်ပေသည်။ ဤသို့ဖြင့် နွားကျောင်းသား နန္ဒသည် သူဌေးကြီးအိမ်၌ ဗုဒ္ဓမြတ်စွာကို စတင် ဖူးတွေ့ရပြီး ဗုဒ္ဓတရားကိုလည်း ကြားနာခွင့်ရခဲ့လေသည်။

သူဌေးကြီးထံ နွားနို့ပို့ရင်း ဗုဒ္ဓမြတ်စွာကို မကြာခဏ ဖူးတွေ့ခွင့်ရခဲ့သော နန္ဒသည် ဗုဒ္ဓမြတ်စွာနှင့် အကျွမ်းတဝင် ဖြစ်လာခဲ့သည်။ ထို့ကြောင့် သူနေထိုင်ရာ နွားစားကျက်စခန်းသို့ တစ်ခါတစ်ခေါက် ကြွရောက်လာရန် ဗုဒ္ဓအား ဖိတ်ကြားခဲ့သည်။ သူ၏ စားကျက်စခန်းမှာ သာဝတ္ထိမြို့တော်နှင့် အတော်အတန် ကွာလှမ်းသော်လည်း ရွာကြီးတစ်ရွာမျှ ကြီးမား၍ စည်ကားကျယ်ဝန်းလှလေသည်။ နွားများအတွက် စားကျက်ကောင်းသော မြက်ခင်းကြီးကို ဗဟိုပြုလျက် နွားခြံနှင့် နွားကျောင်းသားတဲများကို အစီရရီ ဆောက်လုပ်ထားလေသည်။ ထိုစခန်း၌ နွားကျောင်းသားကြီး နန္ဒသည် သားမယား၊ လက်အောက်ငယ်သားများနှင့်အတူ ခမ်းနားသိုက်မြိုက်စွာ နေထိုင်လေသည်။

နန္ဒလုလင်က တစ်ကြိမ်မက ဖိတ်ကြားခဲ့သော်လည်း ဗုဒ္ဓမြတ်စွာသည် သူ့စခန်းသို့ တစ်ကြိမ်မျှ မကြွရောက်ခဲ့။ ယင်းသို့ မကြွရောက်ခြင်းမှာ ခရီးလမ်းပန်း မကြုံကြိုက်၍သော်လည်းကောင်း၊ နန္ဒ၏ အသက်အရွယ်နှင့် အသိဉာဏ် အတွေးအခေါ် ရင့်ကျက်လာခြင်းကို စောင့်ဆိုင်းလို၍သော်လည်းကောင်း ဖြစ်တန်ရာ၏။ ယင်းသို့ဖြင့် နှစ်ကာလများ ကုန်လွန်ခဲ့ရာ နန္ဒသည် အသက်အရွယ်ကြီးရင့်သူတစ်ဦး အဖြစ်သို့ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ဆောင်းရာသီကုန်၍ နွေရာသီပြောင်းစ တပေါင်းလ၏ သာယာသော နံနက်ခင်းတစ်ခုတွင်မူ ဗုဒ္ဓမြတ်စွာသည် နောက်လိုက်နောက်ပါ ရဟန်းသံဃာအချို့နှင့်အတူ နန္ဒ၏ နွားကျောင်းသားစခန်းသို့ ကြွသွားတော်မူသည်။ မိမိတဲစခန်းအနီး ညောင်ပင်ကြီး တစ်ပင်အောက်၌ ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာများ အနားယူနေကြသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသောကြောင့် နန္ဒ ဝမ်းအသာကြီး သာသွားသည်။ ထို့ကြောင့် ဗုဒ္ဓနှင့် ရဟန်းသံဃာများကို မိမိ တဲအိမ်သို့ ဝမ်းပန်းတသာ ပင့်ဖိတ်၍ ဆွမ်းလောင်းလှူသည်။ ကြိုတင်ပြင်ဆင်ရန် အချိန်မရဘဲ ရုတ်တရက် ဆွမ်းလောင်း လှူရသည်ကို မကျေနပ်သောကြောင့် နောက်ထပ် ခုနစ်ရက်ဆက်၍ မိမိတို့စခန်းသို့ ဆွမ်းအလှူခံကြွရန် နန္ဒက ဖိတ်ကြားရာ ဗုဒ္ဓမြတ်စွာကလည်း လက်ခံတော်မူသည်။

ဤသို့ဖြင့် နန္ဒသည် သူ့တဲစခန်း၌ ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာတို့အား ခုနစ်ရက်တိုင်တိုင် ဆွမ်းအလှူပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပလေသည်။ ထိုအလှူပွဲကြီး၌ နွားနို့၊ ထောပတ်၊ ဒိန်ခဲ စသည်တို့ဖြင့် မွမ်းမံအပ်သော ဆွမ်းဘောဇဉ်များကို အားပါးတရ လောင်းလှူသည်။ ခုနစ်ရက်မြောက်သောနေ့၌ ဗုဒ္ဓမြတ်စွာသည် နန္ဒအမှူးရှိသော ပရိသတ်အား သင့်လျော်လျောက်ပတ်သော ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူသည်။ တရားအဆုံး၌ နန္ဒသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ဗုဒ္ဓမြတ်စွာ ပြန်ကြွတော်မူသောအခါ နန္ဒက သပိတ်ကို ထမ်းကာ နောက်တော်မှ လိုက်ပါပို့ဆောင်လေသည်။

တဲစခန်းမှ အတန်ငယ်ကွာလှမ်းသောနေရာသို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာက နန္ဒထံမှ သပိတ်ကို လှမ်းယူပြီး "အချင်းနန္ဒ … ပြန်ပါတော့" ဟု မိန့်ကြားတော်မူသည်။ နန္ဒသည် မိမိပြုလိုက်သော ကုသိုလ်အစု အားရပြုံးလျက် တစ်လှမ်းချင်းလှမ်းကာ စခန်းသို့ ပြန်လာသည်။ ထိုအချိန်တွင် လမ်းဘေးရှိ ချုံကြားမှ မြားတစ်စင်း ရုတ်တရက် ထွက်လာပြီး နန္ဒ၏ကိုယ်ကို ထိမှန်ဖောက်ထွင်းသွားရာ နန္ဒမှာ ချက်ချင်းပင် မြေပေါ်သို့ လဲကျသွားလေသည်။ သားလိုက်မုဆိုး တစ်ဦးက သားကောင်ကို ချိန်၍ ပစ်လိုက်သော မြားသည် ပစ်မှတ်မှ လွဲချော်သွားပြီး နန္ဒကို ထိမှန်သွားခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဗုဒ္ဓမြတ်စွာနှင့်အတူ လိုက်ပါလာသော ရဟန်းများအနက်မှ ရဟန်းနှစ်ပါး သုံးပါးမှာ အကြောင်းကိစ္စတစ်ခုဖြင့် နောက်ကျ ကျန်ရစ်ခဲ့ကြသည်။ ထိုရဟန်းတို့သည် လမ်းပေါ်တွင် လဲကျသေဆုံးနေသော နန္ဒ၏ အလောင်းကို တွေ့မြင်ခဲ့ကြရသဖြင့် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ကြားကြသည်။ အချို့သော ရဟန်းတို့ကမူ "နန္ဒသည် သူ့ထံသို့ ကြွလာသော ဗုဒ္ဓမြတ်စွာကို လိုက်၍ ပို့ခဲ့ခြင်းကြောင့်သာ ဤသို့ သေရခြင်း ဖြစ်သည်" ဟူ၍ ဝေဖန် ပြောဆိုကြလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက မိမိ ကြွသွားသည် ဖြစ်စေ၊ မကြွသွားသည်ဖြစ်စေ နန္ဒအဖို့ သေဘေးမှ လွတ်ရန်အကြောင်း မရှိကြောင်း မိန့်ကြားပြီး -

"မကောင်းသဖြင့် ထားအပ်သော စိတ်သည် ခိုးသူတစ်ယောက်က အခြား ခိုးသူတစ်ယောက်ကို ပျက်စီးအောင်ပြုသည်ထက် ပို၍ ပျက်စီးအောင် ပြုလုပ်နိုင်၏။ ရန်သူတစ်ယောက်က အခြား ရန်သူတစ်ယောက်ကို ပျက်စီးအောင် ပြုသည်ထက်လည်း ပို၍ ပျက်စီးအောင် ပြုနိုင်၏" ဟူသော ဒေသနာကို ဟောကြားတော်မူလေသည်။

မှတ်ချက်။ ။ နန္ဒသည် အတိတ်ဘဝက သူပြုလုပ်ခဲ့သော မကောင်းမှုကံရှိသောကြောင့်သာ ထိုသို့ သေရခြင်းသည်ဟု ဆိုလိုပါသည်။

(၃။ စိတ္တဝဂ်၊ ၈-နန္ဒ ဂေါပါလက ဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com



# အာရုံငါးပါး

(၁)

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေတော်မူစဉ် ကျောင်းတစ်ကျောင်း၌ ရဟန်းငါးပါး တရားအားထုတ်နေကြသည်။ ထိုရဟန်းငါးပါးအနက် တစ်ပါးသော ရဟန်းသော "မျက်စိဖြင့် အဆင်းရူပါရုံများကို မြင်တွေ့ရခြင်းကြောင့်သာ အကုသိုလ်စိတ် ဖြစ်ပေါ်လာသည်။ အဆင်းရူပါရုံတို့ကို မမြင်မတွေ့ရလျှင် အကုသိုလ်စိတ် ဖြစ်ပေါ်လာမည် မဟုတ်" ဟူ၍ စဉ်းစားမိသဖြင့် အဆင်းရူပါရုံများကို မမြင်မတွေ့စေရန် စက္ခုဣန္ဒြေကို အထူးဂရုစိုက်၍ စောင့်စည်းသည်။ နား၊ နှာခေါင်း စသော ဣန္ဒြေများကိုမူ ဂရုမစိုက်ချေ။

ထို့အတူ ကျန် ရဟန်းလေးပါးတွင်လည်း တစ်ပါးက အသံ သဒ္ဒါရုံ၊ တစ်ပါးက အနံ့ ဂန္ဓာရုံ၊ တစ်ပါးက ရသာရုံ၊ တစ်ပါးက အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကြောင့်သာ အကုသိုလ်စိတ် ဖြစ်ပေါ်လာသည်ဟု ယူဆလျက် ထိုအာရုံများကို မခံစားနိုင်ရန် နား၊ နှာခေါင်း၊ လျှာနှင့် ကာယဣန္ဒြေတို့ကို အသီးသီး အထူးပြုကာ စောင့်ထိန်းကြလေသည်။

ထိုအခါ စက္ခုဣန္ဒြေကိုသာ စောင့်ထိန်းသော ရဟန်းအား နား၊ နှာခေါင်း စသော ဣန္ဒြေတို့မှ တစ်ဆင့် အကုသိုလ်စိတ်များ ဖြစ်ပေါ်လာသည်။ ထို့အတူ သောတဣန္ဒြေ၊ ဃာန ဣန္ဒြေ စသည်တို့ကို စောင့်ထိန်းသော ရဟန်းများအား



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျန်ဣန္ဒြေများမှ တစ်ဆင့် အကုသိုလ်စိတ် ဖြစ်ပေါ်လာလေသည်။ ဤသို့ ဣန္ဒြေ တစ်ခုချင်းကိုသာ စောင့်ထိန်းကြသောကြောင့် ထိုရဟန်းများသည် တရားထူးကို မရနိုင်ဘဲ ရှိကြလေသည်။

တစ်နေ့သ၌ ထိုရဟန်းငါးပါး စုဝေး၍ တရားဆွေးနွေးကြစဉ် တစ်ပါးက "စက္ခုဣန္ဒြေကို စောင့်စည်းရခြင်းသည် အခက်ခဲဆုံး ဖြစ်သည်" ဟု ပြောဆိုလေသည်။ ထိုအခါ ကျန်ရဟန်းများကလည်း မိမိတို့ စောင့်ထိန်းသည့် ဣန္ဒြေတို့ကိုသာ အခက်ခဲဆုံး ဖြစ်သည်ဟု အမွှမ်းတင်ပြောဆိုလေသည်။

ထိုရဟန်းတို့သည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ မိမိတို့ ပြဿနာကို မေးလျှောက်ကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက "ရဟန်းတို့၊ ဣန္ဒြေငါးပါးတို့တွင် ဤဣန္ဒြေကို စောင့်စည်းရန်ခက်၏။ ထိုဣန္ဒြေကိုမူ စောင့်စည်းရန် လွယ်၏ဟူ၍ မဆိုအပ်၊ ဣန္ဒြေငါးပါးလုံးကိုပင် စောင့်စည်းရန် ခက်လှပေ၏" ဟု မိန့်ကြားတော်မူသည်။ ထို့နောက် "သင်တို့သည် ရှေးအခါက ဣန္ဒြေငါးပါးကို မစောင့်စည်းနိုင်ခဲ့ကြသဖြင့် အသက်ဆုံးရှုံးခြင်းသို့ ရောက်ခဲ့ကြရသည်" ဟု မိန့်ကြားပြီး အတိတ်ကို ဆောင်တော်မူလေသည်။

(၂)

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ သားတော်ပေါင်း တစ်ထောင်တို့တွင် အငယ်ဆုံး သားတော် ဖြစ်လေသည်။ အဘယ မင်းသားဟု အမည်တွင်လေသည်။ ထိုအချိန်က ဗာရာဏသီ နန်းတော်သို့ ပစ္စေကဗုဒ္ဓါများ နေ့စဉ်ကြွ၍ ဆွမ်းဘုဉ်းပေးလေ့ရှိကြသည်။ တစ်နေ့တွင် အဘယ မင်းသားက ဗာရာဏသီထီးနန်းကို သူဆက်ခံနိုင်ခွင့် ရှိမရှိ ပစ္စေကဗုဒ္ဓါတို့အား မေးလျှောက်သည်။ ပစ္စေကဗုဒ္ဓါတို့က "သင် မင်းသားသည် ဤဗာရာဏသီပြည်၌ ထီးနန်းကို ဆက်ခံနိုင်ခွင့်မရှိ၊ သို့သော် ဤမှ ယူဇနာ တစ်ရာ နှစ်ဆယ်ဝေးသော တက္ကသိုလ်ပြည် သွားနိုင်လျှင်မူ ခုနစ်ရက်မြောက်သောနေ့တွင် မင်းအဖြစ်သို့ ရောက်လိမ့်မည်၊ သို့ရာတွင် ခရီးအကြားရှိ တောအုပ်ထဲမှ ဘီလူးမတို့သည် ရောက်လာသူတိုင်းကို အာရုံငါးပါးဖြင့် ဖြားယောင်း၍ ဖမ်းယူစားတတ်သည်၊ ထိုဘီလူးမတို့၏ ဖြားယောင်းသွေးဆောင်မှုကို တွန်းလှန်နိုင်မှသာ တက္ကသိုလ်ပြည်သို့ ရောက်လိမ့်မည်" ဟု မိန့်ကြားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အဘယ မင်းသားက "ဘီလူးမတွေကို တပည့်တော် မကြည့်ဘဲ သွားပါမည်" ဟု ဆို၍ ပစ္စေကဗုဒ္ဓါတို့ထံမှ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေများကို တောင်းယူခဲ့ပြီး တက္ကသိုလ်ပြည်သို့ ထွက်လာသည်။ သူ့ သူငယ်ချင်း ငါးယောက်တို့သည်လည်း မင်းသားနှင့်အတူ လိုက်ပါလာသည်။ သူတို့ ခြောက်ဦး ယူဇနာငါးဆယ်ကျယ်သော ကန္တာရ တောအုပ်ထဲသို့ ဝင်မိကြသည်ဆိုလျှင်ပင် နတ်မိမယ်တမျှ လှပအောင် ဖန်ဆင်းထားသော ဘီလူးမတစ်သိုက်နှင့် တွေ့ကြရသည်။ ဤတွင် ရုပ်ပါရုံကို တပ်နှစ်သက်သော သူတစ်ယောက်သည် နောက်ချန် နေရစ်သည်။

ထို့နောက် ဘီလူးမတို့က သာယာသောအသံ၊ မွှေးကြိုင်သော အနံ့၊ အရသာရှိသော စားစရာ၊ နူးညံ့သော အတွေ့အထိတို့ဖြင့် တစ်မျိုးစီပြောင်း၍ ဖြားယောင်းသွေးဆောင်ကြသည်။ ထိုအခါ သဒ္ဒါရုံကို တပ်မက်သူ၊ ဂန္ဓာရုံကို တပ်မက်သူ၊ ရသာရုံကို တပ်မက်သူ၊ ဖောဋ္ဌဗ္ဗာရုံကို တပ်မက်သူများ တစ်ယောက်ပြီး တစ်ယောက် ကျန်ခဲ့ကြသည်။ အဘယ မင်းသားမှာ သူတစ်ယောက်တည်းသာ ကျန်လေတော့သည်။ နောက်ချန်နေခဲ့သော သူငယ်ချင်း ငါးယောက်ကား မကြာမီ ဘီလူးစာ ဖြစ်သွားကြလေသည်။

(၃)

အဘယမင်းသားသည် တစ်ဦးတည်းသာ ကျန်တော့သော်လည်း ကြောက်ရွံ့ခြင်း အလျှဉ်းမရှိ၊ ဘီလူးမတို့၏ အမျိုးမျိုး ဖြားယောင်းသွေးဆောင်မှုကိုလည်း လုံးဝဂရုမစိုက်ဘဲ သူသွားရမည့် ခရီးကို ဆက်သွားလေသည်။ ထိုအခါ ဘီလူးမတစ်ယောက်က "ဤယောကျ်ားသည် အလွန် ရဲရင့် ထက်မြက်၏။ သူ့ကို ငါ ရအောင် ဖမ်း၍စားမည်" ဟု ကြံ၍ အဘယမင်းသားနောက်မှ တကောက်ကောက် လိုက်လာသည်။

ဤသို့ လိုက်လာသော ဘီလူးမကို လမ်းသွား လမ်းလာများက မြင်လျှင် "ရှေ့က ယောကျ်ားက သင်နဲ့ ဘာတော်သလဲ" ဟု မေးကြသည်။ "ကျွန်မလင်ပါ၊ သူ စိတ်ဆိုးနေလို့ ကျွန်မကို မစောင့်ဘဲ သွားတာပါ" ဟု ဘီလူးမက ဖြေလေသည်။ အဘယ မင်းသားကမူ "ဒီမိန်းမဟာ လူသားအစစ် မဟုတ်ဘူး၊ ဘီလူးမပဲ" ဟု ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယမင်းသားသည် ဗာရာဏသီမှ ထွက်လာပြီးနောက် ခြောက်ရက်မြောက်နေ့တွင် တက္ကသိုလ်ပြည်သို့ရောက်၍ မြို့ပြင်ရှိ ဇရပ်တစ်ခု၌ တည်းခိုနေသည်။ နောက်မှ လိုက်လာသော ဘီလူးမမှာမူ အထဲသို့ မဝင်ဝံ့သဖြင့် နတ်မိမယ်တမျှ လှပသော မိန်းမပျိုအသွင်ဖြင့် ဇရပ်တံခါးဝ၌ ရပ်နေသည်။ ထိုစဉ်တွင် ဥယျာဉ်တော်သို့ ထွက်လာသော တက္ကသိုလ်ပြည့်ရှင်မင်းကြီးသည် ထိုမိန်းမကို တွေ့မြင်သွားသည်။ မြင်လျှင်မြင်ချင်း အလွန် တပ်မက်မိသဖြင့် လင် ရှိမရှိ စုံစမ်းစေသည်။ "ဇရပ်ပေါ်မှ ယောကျ်ားသည် သူ့လင်ဖြစ်ပါသည်" ဟု ဘီလူးမက ဆိုသော်လည်း အဘယမင်းသားက မဟုတ်ကြောင်း ငြင်းသည်။ ထို့ကြောင့် မင်းကြီးက ထိုမိန်းမကို နန်းတော်သို့ ခေါ်ယူသွားပြီး မိဖုရား အရာ၌ ထားလိုက်လေသည်။

(၄)

မင်းကြီးနှင့် မိဖုရားသစ်တို့ သလွန်ပေါ်၌ အတူတကွ အိပ်စက်နေကြစဉ် ညသန်းခေါင်ယံအချိန်၌ မိဖုရားထံမှ တရှုံ့ရှုံ့ငိုသံထွက်လာသည်။ မင်းကြီးက အကြောင်းကို မေးသောအခါ မိဖုရားက "အရှင်မင်းကြီးသည် ကျွန်မကို ဇရပ်ပေါ်မှ ကောက်ယူ၍ မိဖုရားမြှောက်ခဲ့ပြုပါသည်။ အမျိုးအမည် မထင်ရှားသော ကျွန်မကို အခြားမိဖုရားများက ချိုးချိုးနှိမ်နှိမ် ပြောကြပါလိမ့်မည်၊ ကျွန်မမှာ အာဏာရှိလျှင် သူတို့ ပြောဝံ့ကြမည် မဟုတ်ပါ၊ ထို့ကြောင့် ကျွန်မအား တက္ကသိုလ် တစ်ပြည်လုံးကို အပ်နှင်းထားစေချင်ပါသည်" ဟု လျှောက်သည်။ ထိုအခါ မင်းကြီးက တိုင်းသူပြည်သားတွေကို သူ မပိုင်သဖြင့် တစ်ပြည်လုံးကို မအပ်နိုင်ကြောင်း ပြောသည်။ ဤတွင် မိဖုရားက နန်းတွင်းမှ လူများအပေါ် စိုးပိုင်ခွင့်ကို စွဲမက်နေသော မင်းကြီးက သူမ၏ တောင်းဆိုချက်များကို လက်ခံလိုက်လေသည်။

မိဖုရားဟန်ဆောင်နေသော ဘီလူးမသည် မင်းကြီး အိပ်ပျော်သွားသောအခါ ကန္တာရ တောအုပ်ထဲမှ ဘီလူးများကို သွားခေါ်ခဲ့ပြီး နန်းတွင်းရှိ လူအားလုံးကို စားပစ်လိုက်လေသည်။ နံနက်မိုးလင်းချိန်တွင် နန်းတော်တံခါးများ မဖွင့်သဖြင့် ပြည်သူများသည် နန်းတော်တံခါးကို အပြင်မှ ရိုက်ချိုးပြီး နန်းတော်ထဲသို့ ဝင်ကြည့်ကြသည်။ ထိုအခါ နန်းတော်ဆောင်တစ်ခုလုံး လူအရိုးများဖြင့် ပြန့်ကျဲနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရသည်။ ထို့နောက် ထိုလူတို့သည် အကြောင်းစုံကို မေးမြန်းစုံစမ်းကြရာ မင်းကြီးသည် ယမန်နေ့က ဇရပ်ပေါ်မှ မိန်းမတစ်ယောက်ကို ကောက်ယူ၍ မိဖုရား မြှောက်ခဲ့ကြောင်း၊ ထိုမိန်းမမှာ လူ မဟုတ်၊ ဘီလူးမ ဖြစ်သည်ဟု ဇရပ်ပေါ်မှ ယောကျ်ားက ပြောခဲ့ကြောင်းများကို ကြားသိကြရသည်။

ထို့ကြောင့် "ဇရပ်ပေါ်မှ ယောကျ်ားသည် ရဲရင့် တည်ကြည်၍ ဉာဏ်ပညာ နှင့် ပြည့်စုံသော ယောကျ်ားမြတ် ဖြစ်လိမ့်မည်၊ သူ့ကိုပင် မင်းအဖြစ် တင်မြှောက် ကြစို့" ဟု တိုင်ပင်ကြပြီး အာဘယမင်းသားအား တက္ကသိုလ် ထီးနန်းကို အပ်နှင်း လိုက်ကြလေသည်။

(၅)

ဗုဒ္ဓမြတ်စွာသည် အတိတ်ကို ဆောင်တော်မူပြီး "ထိုအခါက အာရုံငါးပါး ဖြင့် ဘီလူးမတို့ ဆွဲဆောင်ရာသို့ လိုက်ပါမိသဖြင့် အသက် ဆုံးရှုံးခဲ့ရသူ ငါးဦးမှာ ယခု ဤကျွန်ုပ်ငါးပါးကို မစောင့်စည်းနိုင်သော ရဟန်းငါးပါး ဖြစ်လာသည်၊ ထိုအခါက ဘီလူးမတို့ ဆွဲဆောင်ရာသို့ မပါသဖြင့် မင်းအဖြစ်သို့ ရောက်ခဲ့သော (အာဘယ) မင်းသားသည် ယခု ငါဘုရားဖြစ်လာ၏" ဟူ၍ ဇာတ်ကို ပေါင်းတော်မူသည်

ထို့နောက် ပြဿနာ မေးလျှောက်လာသော ရဟန်းငါးပါးတို့အား ရဟန်း မည်သည် ဤကျွန်ုပ်ငါးပါးလုံးကို စောင့်စည်းသင့်ကြောင်း ဆုံးမတော်မူပြီး ...

"မျက်စိဖြင့် အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းသည် ကောင်း၏။ နား၊ နှာခေါင်း၊ လျှာ အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းသည် ကောင်း၏။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးဖြင့် အကုသိုလ် မဖြစ်အောင် စောင့်စည်းခြင်းသည် ကောင်း၏။ စက္ခု စသော ဒွါရ ခြောက်ပါးလုံး၌ အကုသိုလ် မဖြစ်အောင် စောင့် စည်းသော ရဟန်းသည် ဆင်းရဲဒုက္ခအားလုံးမှ လွတ်မြောက်၏" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာ အဆုံး၌ ပြဿနာ မေးလျှောက် လာသော ရဟန်းငါးပါး သောတာပန် တည်သွားကြလေသည်။

(၂၅။ ဘိက္ခုဝဂ်၊ ၁-ပဉ္စဘိက္ခုဝတ္ထုနှင့် ဧကကနိပါတ် တေလပတ္တဇာတ်)

www.burmeseclassic.com

www.burmeseclassic.com

# အသွင်မတူသော အိမ်သူ

ဗာရာဏသီမြို့၌ နန္ဒိယ အမည်ရှိသော လုလင်ပျို တစ်ယောက်ရှိသည်။ ထိုလုလင်သည် မိဘနှစ်ပါးကို ရိုသေစွာ လုပ်ကျွေးပြုစု၍ ရတနာသုံးပါးကိုလည်း ကိုးကွယ်ဆည်းကပ်သူ ဖြစ်သည်။ အရွယ်ရောက်လာသော နန္ဒိယကို မိဘများက သူနှင့် မောင်နှမ ဝမ်းကွဲတော်သည့် ရေဝတီ အမည်ရှိသော မိန်းကလေးနှင့် ထိမ်းမြား လက်ထပ်ပေးရန် စီစဉ်ကြသည်။

ရေဝတီမှာ ရုပ်ရည်လှပ ချောမောသော်လည်း စရိုက်ကြမ်းသည်။ လူကြီး မိဘများကို ရိုသေလေးစားရမှန်းမသိ။ အလှူ်လည်း နှမြောတွန့်တိုတတ်သူဖြစ်သည်။ ထို့ကြောင့် သူမကို နန္ဒိယက လိုလား နှစ်သက်ခြင်းမရှိ။ သို့သော် လူကြီးမိဘတို့၏ စကားကို မလွန်ဆန်သာသဖြင့် ရေဝတီကို သူ လက်ထပ်လိုက်ရလေသည်။

ရေဝတီသည် ယောက္ခမအိမ်သို့ ရောက်စ၌ လင်နှင့် ယောက္ခမတို့၏ အကြိုက်ကိုလိုက်၍ နေသည်။ နန္ဒိယသည် ရဟန်းသံဃာတို့အား ဆွမ်းလောင်း လှူခြင်း၊ ခရီးသွား ဧည့်သည်များအား ထမင်းရိက္ခာပေးခြင်း စသော ကောင်းမှု တို့ကို နေ့စဉ် ပြုလုပ်သည်။ ရေဝတီမှာ စိတ်မပါသော်လည်း လင့်အလိုသို့လိုက်ကာ ထိုအလုပ်များကို လုပ်နေရလေသည်။

နောက်ပိုင်းတွင် နန္ဒိယ၏ မိဘများ ကွယ်လွန်သွားကြရာ အိမ်ရှိ ပစ္စည်းဥစ္စာ အားလုံးကို ရေဝတီက စီမံ ခန့်ခွဲရလေသည်။ နန္ဒိယသည် ကုန်ရောင်းကုန်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဖြင့် ခရီးထွက်ရသောအခါ အိမ်၌ နေ့စဉ် ပြုလုပ်မြဲ အလှူဝတ်များကို မပျက်မကွက် ပြုလုပ်ရန် ရေဝတီအား မှာထားခဲ့လေသည်။

နန္ဒိယက မှာထားခဲ့သော်လည်း ရေဝတီသည် ခရီးသွားဧည့်သည်များအား စားနပ်ရိက္ခာ ပေးဝေခြင်းကို မှန်မှန်မလုပ်။ ရဟန်းသံဃာတို့အားလည်း နန္ဒိယရှိစဉ်ကဲ့သို့ ကောင်းမွန်စွာ ဆွမ်းလောင်းလှူခြင်းမပြု။ ဆန်ကွဲထမင်း ပုန်းရည်ဟင်းများကိုသာ ဖြစ်ကတတ်ဆန်း လောင်းလှူလေသည်။ ထို့ပြင် ရဟန်းသံဃာတို့၏ မကောင်းသတင်းကိုလည်း အိမ်နီးချင်းများအား ပြောကြားတတ်လေသည်။

ထိုအကြောင်းများကို ခရီးသွားရာမှ ပြန်လာသော နန္ဒိယ ကြားသိလျှင် စိတ်ဆိုး၍ ရေဝတီကို အိမ်မှ နှင်ထုတ်သည်။ သို့သော် ဆွေမျိုးများက ပိုင်း၍ တောင်းပန်ကြသောကြောင့် နှစ်ရက် သုံးရက် အတွင်းမှာပင် ပြန်၍ လက်ခံလိုက်ရပြန်သည်။ ဤသို့ဖြင့် နန္ဒိယသည် အသွင်မတူသူကို အိမ်သူလုပ်ခဲ့မိခြင်းကြောင့် အိမ်ထောင်ရေးအဆင်မပြေမှုကို တွေ့ကြုံခံစားနေရလေသည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီမြို့သို့ ကြွရောက်လာပြီး ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူသည်။ နန္ဒိယသည် ဗုဒ္ဓမြတ်စွာ၏ တရားကို ကြားနာရလျှင် သဒ္ဓါထက်သန်လာသောကြောင့် ဗုဒ္ဓမြတ်စွာနှင့် ရဟန်းသံဃာများ သီတင်းသုံးရန် ကျောင်းကြီးတစ်ဆောင်ကို မိဂဒါဝုန်တော၌ ဆောက်လုပ်လှူဒါန်းလေသည်။ ထိုကျောင်းကြီးကို လှူဒါန်းပြီးသည်နှင့် တစ်ပြိုင်နက်မှာပင် တာဝတိံသာ နတ်ပြည်၌ လွန်စွာကြီးကျယ်ခန့်ညားသော ရတနာဗိမာန်ကြီးတစ်ဆောင် ပေါ်ပေါက်လာသည်။

တာဝတိံသာ နတ်ပြည်သို့ မကြာခဏ ခရီး ကြွချီလေ့ရှိသော ရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် ထိုဗိမာန်ကြီးကို တွေ့မြင်လျှင် အနီးအနားမှ နတ်များအား မေးမြန်းလေသည်။

"အချင်းတို့ ... ဤဗိမာန်က မည်သူ့ ဗိမာန်ပါလဲ"

"အရှင်ဘုရား ... ဤဗိမာန်သည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ ဗုဒ္ဓမြတ်စွာအား ကျောင်းဆောက် လှူဒါန်းသော နန္ဒိယသူကြွယ်အတွက် ပေါ်ပေါက်နေသော ဗိမာန်ဖြစ်ပါသည်ဘုရား"

ရှင်မောဂ္ဂလ္လာန် ကြွရောက်လာကြောင်း ကြားသိကြလျှင် ထိုရတနာ ဗိမာန်အတွင်းမှ နတ်သမီးများ ထွက်လာပြီး မထေရ်ကို ရိုသေစွာ ရှိခိုးကြသည်။ ထိုနတ်သမီးများက ရှင်မောဂ္ဂလ္လာန်အား ဤသို့ မှာကြားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်ဘုရား ... တပည့်တော်တို့သည် ဗိမာန်ရှင်ဖြစ်သော နန္ဒိယ သူကြွယ်ကို စောင့်မျှော်နေပါသည်။ နန္ဒိယ သူကြွယ်အား နတ်ပြည်သို့ အမြန်လာ ရောက်ရန် မိန့်ကြားတော်မူလိုက်ပါဘုရား"

ရှင်မောဂ္ဂလ္လာန်သည် တာဝတိံသာနတ်ပြည်မှ ပြန်ကြွလာသောအခါ ဗုဒ္ဓ မြတ်စွာထံ ချဉ်းကပ်၍ မိမိ တွေ့မြင်ခဲ့သော အကြောင်းခြင်းရာတို့ကို လျှောက် ကြားသည်။

"အရှင်ဘုရား ... ဤလူ့ပြည်၌ ရှိနေသူအတွက် နတ်ပြည်တွင် ဘုံဗိမာန် များ ကြိုတင်ပေါ်ပေါက်နိုင်ပါသလော" ဟူ၍လည်း မေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ရှင်မောဂ္ဂလ္လာန်အား အောက်ပါ ဒေသနာကို ဟောကြားတော်မူသည်။

"အရပ်တစ်ပါးသို့ အချိန်ကြာမြင့်စွာ ခရီးသွားနေသူ တစ်ဦးသည် ကျန်းကျန်း မာမာဖြင့် မိမိရပ်ရွာသို့ ပြန်ရောက်လျှင် ထိုသူကို ဆွေမျိုးသားချင်းနှင့် မိတ်ဆွေ အပေါင်းတို့က ဝမ်းပန်းတသာ ကြိုဆိုကြကုန်၏။ ထို့အတူပင် ဤဘဝ၌ ကောင်းမှု ကုသိုလ်များကို ပြုလုပ်ပြီး တမလွန်သို့ ပြောင်းသွားသူကိုလည်း ထိုကုသိုလ်ကောင်းမှု တို့၏ အကျိုးတရားများက အဆင်သင့် စောင့်ကြိုနေကြပေသည်"

နန္ဒိယသူကြွယ်သည် အထက်ပါ အကြောင်းခြင်းရာတို့ကို ကြားသိရလျှင် ယခင်ကထက်တိုး၍ ကုသိုလ်ကောင်းမှုများကို ပြုလုပ်သည်။ သက်တမ်းကုန်ဆုံး ၍ သေလွန်သောအခါတွင်လည်း တာဝတိံသာနတ်ပြည်တွင် ကြိုတင်ပေါ်ပေါက်နေ သော ရတနာဗိမာန်ထဲ၌ နတ်သားဖြစ်လာပြီး ကြီးကျယ်သော နတ်စည်းစိမ်များကို ခံစားရလေသည်။

BURMESE CLASSIC .com

နန္ဒိယ ကွယ်လွန်သောအခါ ရေဝတီသည် ပြုလုပ်နေကျ အလှူဝတ်များကို လုံးဝရပ်စဲပစ်လိုက်သည်။ နေအိမ်သို့ အမှတ်မထင် ကြွရောက်လာသော ရဟန်း သံဃာများကို ဆဲဆိုကြိမ်းမောင်း၍ လွှတ်သည်။ ဤသို့ ရဟန်းသံဃာများကို ဆဲဆို ကြိမ်းမောင်းခြင်းမှာ နန္ဒိယရှိစဉ်က ပစ္စည်းဥစ္စာများ ကုန်ခန်းခဲ့ရခြင်းသည် ဤရဟန်း သံဃာများကြောင့်သာ ဖြစ်သည်ဟု ယူဆခြင်းကြောင့် ဖြစ်ပေသည်။

လင်ဖြစ်သူ နန္ဒိယ၏ ကုသိုလ်ကောင်းမှုများကို ဖျက်ဆီး၍ မကောင်းမှု အကုသိုလ်များကို နေ့စဉ်နှင့်အမျှ ပြုလုပ်နေသော ရေဝတီကို တစ်နေ့သ၌ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးနှစ်ယောက်တို့က လာရောက်ခေါ်ဆောင်သွား ကြသည်။ ထိုဘီလူးများသည် ရေဝတီကို ရှေးဦးစွာ တာဝတိံသာနတ်ပြည်သို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်၍ နန္ဒိယနတ်သား၏ ဗိမာန်ကို ပြကြကုန်သည်။ သူ့လင်ယောကျ်ား နန္ဒိယမှာ ရတနာဗိမာန်ကြီးထဲ၌ ကြီးကျယ်သော နတ်စည်းစိမ် ခံစားနေရကြောင်း သိရှိရလျှင် ရေဝတီက သူ့ကိုလည်း နန္ဒိယနှင့်အတူ ထားခဲ့ရန် ဘီလူးများကို တောင်းပန်သည်။ သို့သော် ဘီလူးများသည် ရေဝတီကို တာဝတိံသာနတ်ပြည်မှ တစ်ဆင့် ငရဲပြည်သို့ ဆက်ခေါ်သွားပြီး ကျင်ကြီးကျင်ငယ်များဖြင့် ပြည့်လျှံနေသော မစင်ပုပ် ငရဲအတွင်းသို့ အရှင်လတ်လတ် ပစ်ချလိုက်ကြသည်။

(၁၆။ ဝိမာနဝတ္ထု၊ ၉-နန္ဒိယ ဝတ္ထုနှင့် ရေဝတီ ပေတဝတ္ထု)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဝက်သတ်သမား

ရာဇဗြိုဟ်ပြည်၌ စုန္နအမည်ရှိသော ဝက်သတ်သမား တစ်ယောက်ရှိသည်။ သူသည် ဝက်များကို နေ့စဉ်သတ်ဖြတ်၍ အသားများကို ရောင်းချ အသက်မွေးသည်။ ဆန်စပါး ရှားပါးသော အချိန်များ၌ စုန္နသည် သူ အဆင်သင့် ဝယ်ယူ စုဆောင်းထားသော ဆန်စပါးများကို လှည်းဖြင့် တင်ဆောင်ပြီး ကျေးရွာများသို့ လှည့်လည်ကာ ဝက်ငယ်ကလေးများကို ဆန်စပါးဖြင့် အလဲအလှယ်ပြုလေသည်။ ဆန်တစ်ပြည် တစ်ခွက် ပေးရုံမျှဖြင့်ပင် ဝက်တစ်ကောင် ရနိုင်သောကြောင့် လှည်းတစ်စီးတိုက်စာ ဝက်ကလေးများကို အလွယ်တကူ ရရှိလေသည်။

စုန္နသည် ထိုသို့ ဝယ်ယူရရှိခဲ့သော ဝက်ကလေးများကို အိမ်နောက်ဖေး၌ ဝက်ခြံ ပြုလုပ်၍ မွေးထားသည်။ ထိုဝက်ကလေးများ ကြီးပြင်းလာသောအခါ သတ်လိုသော ဝက်ကို ရွေးချယ်၍ တိုင်တစ်တိုင်၌ ကြိုးဖြင့် မလှုပ်နိုင်အောင် ချည်နှောင်သည်။ အသား တိုးပွားလာစေရန်အတွက် ထိုဝက်ကို တင်းပုတ်ဖြင့်လည်း ကြိမ်ဖန်များစွာ ရိုက်နှက်သည်။

ထို့နောက် ဝက်၏ ပါးစပ်ကို ဖွင့်၍ အာခေါင်ကို ထုတ်ဖြင့် ထောက်ထားပြီး ကျိုက်ကျိုက်ဆူသော ရေနွေးကို ဝက်ပါးစပ်ထဲသို့ လောင်းထည့်သည်။ ထိုအခါ ဝက်၏ ဝမ်းထဲ၌ရှိသော အညစ်အကြေးများသည် ရေနွေးနှင့်အတူ မျောပါ၍ စအိုဝမှ ထွက်သွားကြလေသည်။ ဤနည်းဖြင့် ဝက်၏ ဝမ်းတွင်းကို သန့်ရှင်းစေပြီး ကိုယ်ပေါ်မှ အမွေးများ ကျွတ်စေရန် ရေနွေးဖြင့် လောင်းသည်။ မီးဖြင့်လည်း ရှို့မြှိုက်သည်။

www.burmeseclassic.com



ဤသို့ ပြုလုပ်ပြီးနောက် အလွန်ထက်သော ဓားဖြင့် ဝက်၏ ခေါင်းကို တစ်ချက်တည်း ဖြတ်သည်။ ခေါင်းမှ စီးကျသော သွေးများကို ခွက်ဖြင့် ခံထားပြီး အသားနှင့်ရော၍ ချက်စေသည်။ ကျက်သောအခါ သူတစ်ယောက်တည်း မြိန်ရှက်စွာ စားသည်။ ကျန်သော အသားများကိုမူ ဈေးသို့သွား၍ အရောင်းခိုင်းသည်။

စုန္ဒသည် ဤသို့ နေ့စဉ် ပြုလုပ်၍ အသက်မွေးလာခဲ့ရာ အသက်(၅၅)နှစ် အရွယ်သို့ ရောက်လာသည်။ ထိုကာလအတွင်း ဝေဠုဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူသော ဗုဒ္ဓမြတ်စွာအား ပန်းတစ်ဆုပ်မျှဖြင့်ပင် မပူဇော်ခဲ့ဖူးချေ။ ရဟန်း သံဃာတို့အားလည်း ဆွမ်းတစ်ဖွန်းမျှပင် မလောင်းခဲ့ဖူးချေ။

တစ်နေ့သ၌ ထိုဝက်သတ်သမား စုန္ဒမှာ ထူးဆန်းသော ရောဂါတစ်ခု စွဲကပ် လာသည်။ သူ၏ကိုယ်သည် တစ်စတစ်စ ပူလာရာမှ တစ်ကိုယ်လုံး မခံမရပ်နိုင် အောင် ပြင်းပြစွာ ပူလောင်လာသောကြောင့် မအိပ်နိုင် မထိုင်နိုင် ဖြစ်လာသည်။ ဝက်ကဲ့သို့ အော်မြည်လျက် လေးဘက်ထောက်ကာ ပြေးလွှားနေရသည်။ ဘေးမှ လူများက သူ့ပါးစပ်ကို လက်ဖြင့် ဝိုင်း၍ပိတ်ထားကြသော်လည်း မနိုင်ကြချေ။ အသံမစဲအောင် အမြဲအော်၍ နေလေသည်။ အိမ်ပြင်ဘက်သို့ ထွက်မသွားစေရန် ဝင်းခြံတံခါးကို ပိတ်ထားပြီး လူများကလည်း အမြဲမပြတ် စောင့်ကြပ်နေကြရသည်။

အိမ်ပြင်ဘက်မှ လူများကမူ စုန္ဒသည် အိမ်တံခါးကိုပိတ်၍ ဝက်များကို သတ်နေသည်ဟုသာ မှတ်ထင်ကြသည်။ စုန္ဒသည် ဤသို့သော နည်းဖြင့် ခုနစ်ရက် တိုင်အောင် ပြင်းပြသော ဝေဒနာကို မချိမဆန့် ခံစားပြီး ခုနစ်ရက်မြောက်သော နေ့တွင် သေလွန်၍ အဝီစိငရဲသို့ ကျရောက်လေ၏။

ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံရင်း စုန္ဒ၏ အိမ်အနီးသို့ ရောက်ခဲ့ကြသော ရဟန်းတို့သည် ဝေဠုဝန် ကျောင်းတော်သို့ ပြန်ရောက်သောအခါ ဗုဒ္ဓမြတ်စွာအား ဤအကြောင်းကို လျှောက်ကြားကြသည်။

"အရှင်ဘုရား ... ဝက်သတ်သမား စုန္ဒ၏အိမ်မှ ဝက်များ အဆက်မပြတ် အော်မြည်နေသည်ကို ကြားကြရပါသည်၊ စုန္ဒသည် ဝက်များကို ကြမ်းတမ်း ရက်စက် စွာ သတ်ဖြတ်နေဟန်ရှိပါသည်"

"ရဟန်းတို့ ... စုန္ဒ၏အိမ်၌ ဝက်များကို သတ်ဖြတ်နေသည်မဟုတ်၊ စုန္ဒ ကိုယ်တိုင် သူပြုလုပ်ခဲ့သော အကုသိုလ်ကံတို့၏ အကျိုးကို ခံစားလျက် ဝက်ကဲ့သို့ အော်မြည်နေရခြင်း ဖြစ်ပေသည်"



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာသည် ဤသို့ မိန့်ကြားတော်မူပြီး ထိုရဟန်းတို့အား ...

"မကောင်းမှုကို ပြုလုပ်သူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏၊ နောင်ဘဝ၌လည်း စိုးရိမ်ရ၏၊ ပစ္စုပ္ပန် တမလွန် နှစ်ဘဝလုံး၌ စိုးရိမ်ရ၏၊ မိမိ၏ ညစ်နွမ်းသော ကံကို သိမြင်၍ ထိုသူသည် စိုးရိမ်ခြင်း ဆင်းရဲ ပင်ပန်းခြင်းသို့ ရောက်ရ၏" ဟူသော ဒေသနာကို ဟောကြားတော်မူသည်။ ထိုဒေသနာ အဆုံး၌ များစွာသော ရဟန်းရှင်လူတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရှိသွားကြလေသည်။

(၁။ ယမကဝဂ်၊ ၁၀-စုန္ဒ သူကရိက ဝတ္ထု)

ဓမ္မာစရိယ ဦးမောင်မောင်လေး

BURMESE CLASSIC .com

www.burmeseclassic.com